www.burmeseclassic.com

သိန်းမင်းစာပေ

ဝဏ္ဏသစ်

# မြပုလဲသွယ်

## ချစ်နှင်းဝေတဲ့ချစ်နယ်မြေ




www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

"နှောင့်ဗိန်နှောင် . . . နှောင် . . . . နှောင်"

"နှောင် . . . နှောင်"

တောင်ပေါ်မြို့လေး၏ ချမ်းအေးသည့်ရာသီဥတု။ မြူနှင်းမှုန်မှုန်၊ မြူခြေဆိုင်းဆိုင်း မှိုင်းဝေစိမ့်အေးနေသည့် ဆောင်းချမ်းညလေးတစ်ည။

ရေခဲငွေ့လို စိမ့်အေးနေသည့် အချမ်းဒဏ်ကိုပင် အာရုံမပြုနိုင်အောင် ရှမ်းအိုးစည်သံ ကြေးမောင်းသံများနှင့် မြူးကြွလှုပနေသည့် အဆိုအကများအကိုင်း စည်းချက်ညီညီ လှုပစွာ ယိမ်းနွဲ့ကခုန်နေသူတစ်စုကတော့ ကြီးမားကျယ်ဝန်းသည့် ခြံကျယ်ကြီးတစ်ခုအတွင်းမှာ လှပသော ရောင်စုံမီးများကြား အပြုံးမျက်နှာကိုယ်စီဖြင့် ပျော်ရွှင်လျက် ရှိနေကြပါသည်။

မြို့မျက်နှာဖုံး ခြံသူဌေးကြီး ဦးအိုက်မုန်း၏ ဧည့်ခံပွဲမို့ ခြံ



www.burmeseclassic.com

www.burmeseclassic.com



ဝန်းခြံပြင် ကားရောင်စုံများဖြင့် ပြည့်နှက်နေသလို ညှော်သည်များ အချင်းချင်း စကားပြောသံ ရယ်မောနှုတ်ဆက်သံများက သာယာ ငြိမ့်ညောင်းသော တေးဂီတသံများကြားမှ ထိုးဖောက်လွင့်မျောလာ တတ်ပြန်ပါသည်။

စည်ကားရှုပ်ထွေးနေသည့် ညှော်သည်အများစုနှင့် အလှမ်းကွာ ဝေးလျက်ရှိသည့် ခြံထောင့်ဘက်စွန်းစွန်းကျသော နေရာတစ်ခုမှာ တော့ လူရင်းမိတ်ဆွေတစ်စု အတူဝိုင်းဖွဲ့ပြီး စားသောက်နေကြရာမှ

"ဘယ်လိုလဲဗျ ကိုစိုင်းရွက်ခမ်း၊ ဒီလိုပဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝနဲ့ အရိုးထုတ်သွားတော့မှာလား"

"အပြောချိုတဲ့ အပျိုချောလေးတစ်ယောက်တော့ ခင်ဗျား အတွက် အမြန်ဆုံး ရှာသင့်ပြီထင်တယ်ဗျာ"

"ဟုတ်တယ်ဗျို့ ဟုတ်တယ်၊ ကိုအိုက်ပီးစကားကို ကျွန်တော် တို့လဲ ထောက်ခံတယ်"

"အခုလို တစ်ကိုယ်တည်း လူပျိုကြီးဘဝကို ကျွန်တော်တို့ လည်း မကြည့်ချင်တော့ဘူးဗျာ၊ ဒီတော့ ကိုအိုက်ပီး ပြောသလို အပြောချိုတဲ့ အပျိုချောလေးတစ်ယောက်တော့ အမြန်ဆုံးရှာဗျာ"

ထုံးစံအတိုင်း အရက်ကလေးတွေ ခပ်ထွေထွေဖြစ်လာပြီဆို တော့ စိုင်းရွက်ခမ်း၏အားနည်းချက်ကို ထောက်ပြီး ပြဿနာမရှိ ပြဿနာရှာကြခြင်း ဖြစ်သည်။

"ဒီမှာ ကိုရွက်ခမ်း"

"ပြောပါဗျာ"





"ခင်ဗျား စိတ်ကြိုက် အပြောချိုတဲ့ အပျိုချောလေး ရှာလို့ တွေ့လို့ကတော့ ခင်ဗျားကို ကျုပ်ခယ်မ အနန်းနဲ့ကို ပေးစားပစ် ယ်ဗျာ"

"ဝါး... ဟား... ဟား"

ကိုဆိုင်နန်၏ အလွန်ဝဲ၍ မပီသသော စကားသံအဆုံးမှာ အားလုံးက ရယ်စရာအကောင်းဆုံး ပြက်လုံးတစ်ပုဒ်ကို ကြားလိုက် ရသလို ကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်ကြခြင်း ဖြစ်သည်။

စိုင်းရွက်ခမ်းမှာလည်း လူပျော်လူနောက် သူ၏သူငယ်ချင်း မိတ်ဆွေများနှင့်အတူ ပြုံးရယ်လိုက်မိပါသည်။ မိတ်ဆွေသူငယ်ချင်း များဟု ဆိုသော်လည်း အသက်အရွယ်ခြင်း တူညီသူတွေရှိသလို သူ့ထက် အသက်ကြီးသူတွေလည်း ပါဝင်ပါသည်။

အားလုံးက အိမ်ထောင်သည်တွေချည်းမို့ စိုင်းရွက်ခမ်းထက် တော့ ဝါကြီးသူတွေချည်း ဖြစ်သည့်အတိုင်း လူစုမိသည်နှင့် တစ် ကိုယ်တည်းသမားဖြစ်သော စိုင်းရွက်ခမ်းကို အခုလို စနောက်ပြောဆို နေကြဖြစ်သည်။

အခုလည်း ရှာရှာပေါက်ပေါက် အတွေးကို သူတို့ပဲ တွေးမိ ကြသည်။

ကိုဆိုင်နန်၏ခယ်မလေး အနန်းဆိုသူက ရုပ်ကလေး မဆိုး လှသော်လည်း အရပ်ပုပု အသားဖြူဖြူ အလွန်အမင်း အဝလွန်နေသူ တစ်ယောက်ဖြစ်ကာ သူမဘဝမှာ အစားအသောက်ကလွဲပြီး ဘာမှ စိတ်မဝင်စားနိုင်အောင် ပါးစပ်နှင့် အစားမပြတ်သူလည်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ လှုပ်ရှားသွားလာလိုက်တိုင်း ဘဲဥလေးတစ်လုံး လိမ့်လာသလို ပုပုလုံးလုံးအနန်းနှင့် ခြောက်ပေနီးပါး အရပ်အမောင်းနှင့် လိုက်ဖက်ညီစွာ အဆီပိုမရှိသော တောင့်တင်းကြံ့ခိုင်သန်စွမ်းသည့် ခန္ဓာကိုယ် ရင်အုပ်ကျယ်ကျယ် အသားဖြူဖြူ ခိုင်မာသည့် ခမေးရိုးနှင့် ပါးပြင်တစ်လျှောက်မှာ မြစိမ်းရောင်သန်းလျက် မျက်ခုံးထူထူ စူးရှတောက်ပသည့် မျက်ဝန်းအစုံ၊ နှာတံပေါ်ပေါ် လေးကိုင်သဏ္ဍာန်တင်းတင်းစေ့နေသည့် နှုတ်ခမ်းလွှာပိုင်ရှင် စိုင်းရွက်ခမ်း လို ပျိုဇော်ကြိုက် နှင်းဆီခိုင်ကို တမင်ယှဉ်တွဲ၍ စနောက်လိုက်ခြင်းက အရှေ့နှင့် အနောက်ပမာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်နေသည့်အတိုင်း အားလုံးအတွက် ရယ်စရာအကောင်းဆုံး ပြက်လုံးတစ်ခု ဖြစ်စေပါသည်။

"ဘယ်နှယ့်လဲ ကိုစိုင်းရွက်ခမ်း၊ ကိုဆိုင်နန် ပြောသလို သူ့ခယ်မကိုပဲ ယူမလား ကိုယ့်ဘာသာပဲ စိတ်ကြိုက်ရှာယူမလားဆိုတာ ကြိုက်ရာရွေးပေတော့ဗျို့"

"ဟုတ်တယ်ဗျာ ဟုတ်တယ်"

အားလုံး၏ မျက်နှာတွေက ပြုံးစိစိ။ စိုင်းရွက်ခမ်းကို လေးစားမှုနှင့် 'ကို' တတ်ခေါ်နေကြသူများ ဖြစ်သော်လည်း အားလုံးကဲ့သို့ စိုင်းရွက်ခမ်းက အငယ်ဆုံးဟူ၍ပင် ဆိုရပါမည်။

"ခင်ဗျာ.တို့ကလဲဗျာ၊ လူကိုတွေ့တာနဲ့ ဒါပဲ ပြောနေတော့တာပဲ၊ ကျွန်တော်တစ်ယောက်တည်း ဘယ်မှာဟုတ်လို့လဲဗျာ၊ ကျွန်တော့် ညီတစ်ယောက်လုံး ရှိပါသေးတယ်၊ မဟုတ်ဘူးလား"





"နိုး နိုး ဒီကိစ္စက ခင်ဗျားညီနဲ့ ဘာမှမဆိုင်ဘူး၊ ဒီအသက်အရွယ် ဒီရုပ်ရည်နဲ့ ခင်ဗျားမှာ ကြင်သူသက်ထား ဇနီးမယားဆိုတာ ရှိကိုရှိသင့်ပြီဗျာ"

"ကျုပ်တို့ ပြောချင်တာ အဲဒါပဲ"

"အဲဒါကတော့ဗျာ..."

"တော်ပြီ တော်ပြီ ခင်ဗျားဆီက ဘာအကြောင်းပြချက်မှ မလိုချင်ဘူး၊ ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက်အတွက် ခင်ဗျားတို့ပိုင်ဆိုင်သမျှတွေကလဲ ဒီတစ်သက် စားမကုန်ပါဘူးဗျာ"

"ဟုတ်တယ်ဗျာ၊ ကျုပ်တို့လို သားကျွေးမှု၊ မယားကျွေးမှု ဘာတစ်ခုမှမရှိဘဲ ငွေတွေချည်း ကျုံးရှာနေတာ၊ ကျုပ်တို့မှာ ကြည့်မရအောင် မျက်စမွေးစူးလှပြီ"

တစ်ယောက်စကားကို တစ်ယောက်က ဝင်၍ထောက်ခံနေသဖြင့် စိုင်းရွက်ခမ်း ဘာတစ်ခုမှ ဝင်မပြောသာအောင် ဖြစ်နေသည်။

"ကိုရွက်ခမ်း ရာ တော်ရုံလဲ လောဘကြီးစမ်းပါဗျာ၊ ကျွန်တော်တို့အပေါ်ကိုလဲ ချန်စမ်းပါဦး"

"ဟာ... အဲဒါတော့ လုံးဝမဟုတ်ဘူးဗျာ၊ ခင်ဗျားတို့ ပြောသလို ကျွန်တော် အဲဒီလောက် လောဘကြီးတဲ့သူ မဟုတ်ရပါဘူးဗျာ"

"ခင်ဗျား ရှာဖွေလို့ ...ဘယ်ပြန်းမယ့်သူဆိုလို့ ခင်ဗျားညီ တစ်ယောက်...ရှိ...ဗျာ၊ ဒီတော့ 'ကျုပ်တို့ ပြောတာမခံချင်ရင် မိန်းမ မြန်မြန်ယူဗျို့"

"ဒါမှ ခင်ဗျား ...ယ်လောဘမကြီးဘူးဆိုတာ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ယုံမယ်၊ ဟုတ်တယ် မဟုတ်လား အပေါင်းအသင်းတို့"

"ဟုတ်ပါတယ်ဗျို့၊ မှန်ပါတယ်ဗျို့၊ ပြောမရရင် ကိုဆိုင်နှန်ခယ်မနဲ့ မြန်မြန်ညားပါစေဗျာ"

ရယ်သံတွေ ဆူညံစွာ ထွက်လာပြန်သည်။

"တော်တော်ဆိုးတဲ့ လူတွေပဲဗျာ"

"အဟွန်း... ဟွန်း... ဟွန်း"

စိုင်းရွက်ခမ်းကလွဲပြီး အားလုံး အိမ်ထောင်သည်တွေဖြစ်သည့်အတိုင်း လူပျိုကြီးဘဝမှ အမြန်ကျွတ်လွတ်စေရန် ချက်ကျ လက်ကျ အပြတ်ဝိုင်းတွယ်နေကြခြင်း ဖြစ်သည်။

အရင်းအနှီးဆုံး မိတ်ဆွေအပေါင်းအသင်းတွေမို့ ပြောမနာဆိုမနာ ဖြစ်ရသည့်အထဲ အခုလို အများနှင့် တစ်ယောက်ဖြစ်နေကြသည့် အချိန်မှာတော့ သူကပဲ အားလုံးကို လက်မြှောက်အရှုံးပေးလိုက်ရပါသည်။

"ကိုရွက်ခမ်း"

"ဗျာ..."

"ကျွန်တော်တို့အားလုံး စိတ်ချမ်းသာအောင် ကတိပေးလိုက်စမ်းပါဗျာ"

ခေါင်းမထောင်ချင်လောက်အောင် ဖြစ်နေသူ ကိုအားတိုက ထပြောလိုက်သဖြင့် သူပြုံးလိုက်မိပါသည်။

"ကဲပါဗျာ အားလုံးစိတ်ချမ်းသာအောင် ကျွန်တော် ကတိပေးပါတယ်"





"မကြာခင်မှာပဲ ခင်ဗျားတို့အားလုံး ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရပါစေမယ်လို့ ကျေနပ်ကြတော့ဗျာ"

"ဟေး..."

"ကဲ အားလုံးပဲ ကိုစိုင်းရွက်ခမ်းကို ဂုဏ်ပြုလိုက်ကြစို့"

"ဒီနှစ်အတွင်းမှာ ကိုရွက်ခမ်း အမြန်ဆုံး ဇနီးချောလေး ရပါစေဗျာ"

"ချွင်"

အရက်ခွက်များ တိုက်မိသံ ဆူညံသွားသည်။ အားလုံးက အတော်လေး ရေချိန်ကိုက်နေကြတာမို့ နှုတ်သွက်လျှာသွက် ဖြစ်နေကြသည်။

"ကိုရွက်ခမ်း"

"ဆိုဗျာ"

"ဆိုတော့ ဆိုချင်တယ်ဗျာ သိချင်းကမရဘူး"

ရယ်သံတွေ ခပ်အုပ်အုပ်ထွက်လာသည်။

"ဒီလိုပါဗျာ"

"ဟိုလိုမဟုတ်ဘူးလား"

"ကျုပ် အကြောင်းပြောနေတာဗျာ"

"ဘယ်သူကရော အဆိုးပြောနေလို့တုန်းဗျ"

"တော်ဗျာ တော်ဗျာ၊ ခင်ဗျားတို့ကလဲ ကလေးဆိုးကြီးတွေ ကြနေတာပဲ၊ ကိုအိုက်ပိုး ဘာပြောမှာလဲ ပြောဗျာ"

စိုင်းရွက်ခမ်းကို မစရတော့ သူတို့အချင်းချင်း ပြဿနာ ရှာ

www.burmeseclassic.com



နေတာကို ကြည့်ပြီး သူတစ်ချက်ပြုံးလိုက်သည်။

"ဒီလိုဗျာ..."

"ကျွန်တော်တို့အဖွဲ့တွေ စုပြီး အမဲလိုက်မထွက်ရတာ ကြာပြီဗျာ၊ နောက်တစ်ပတ်မှာ စုပြီးသွားကြရင် မကောင်းဘူးလား"

"ဟုတ်တယ်ဗျာ၊ အဲဒါတော့ ကျုပ်လဲ သဘောတူတယ်"

"အားလုံး သဘောတူရင် သွားကြတာပေါ့ဗျာ"

စကားလမ်းကြောင်း ပြောင်းသွားသလို စိတ်ဝင်စားမှုကလည်း ပြောင်းသွားပါသည်။

"ကျွန်တော်တို့ ဘယ်နေ့သွားကြမလဲ ကိုရွက်ခမ်း"

"ကျွန်တော်က တစ်ယောက်တည်းသမားဆိုတော့ ကိစ္စမရှိဘူးဗျာ၊ ဘယ်နေ့ပဲဖြစ်ဖြစ်,အဆင်ပြေပါတယ်၊ ခင်ဗျားတို့ အချင်းချင်းသာ အဆင်ပြေမယ့် ရက်တစ်ရက်ကို ညှိပြီး ချိန်းကြပါ"

"ဟာ... ဒီနေရာမှာတော့ ကျုပ်တို့ကို တည့်တည့်ထိတာပဲဗျို့၊ သူက တစ်ကိုယ်တည်းသမားဆိုတော့ စိတ်သွားတိုင်း ကိုယ်ပါတယ်ဆိုတာ ဒီနေရာမှာ သက်သေပြတာပဲဗျ"

"ဟုတ်တယ်ဗျာ"

လာပြန်ပြီ နောက်တစ်မျိုး။ ပြဿနာ တစ်ခုအေးသွားတော့ နောက်ထပ်ပြဿနာကို ရှာကြပြန်သည်။ ဘာစကားပဲပြောပြော စိုင်းရွက်ခမ်း၏ တစ်ကိုယ်တည်း လူပျိုကြီးဘဝက မပါရင် မပြီးစီးနိုင်တော့တာမို့ ဒီတစ်ခါ သူ ဘာမျှမပြောဘဲ သူတို့အချင်းချင်း ပြောဆိုတာမျှကိုသာ အပြုံးဖြင့် နားထောင်နေလိုက်ပါသည်။





"အင်း တစ်ခါတလေတော့လည်း ကိုစိုင်းရွက်ခမ်းလို နေတာလဲ ခပ်ကောင်းကောင်းဗျာ၊ ကြည့်လေ သူ့မှာ ကျွန်တော်တို့လို သားပူ မယားပူမရှိတော့ ဘယ်လောက်အေးချမ်းလဲ"

"အခု ခင်ဗျာ ဘဝက မအေးချမ်းဘူးလို့ ဆိုလိုတာလား"

"အဲဒီလိုတော့လဲ မဟုတ်ပါဘူး၊ ကိုယ့်ဘာသာ စားချင်တာစား၊ သွားချင်တာသွား၊ ဘယ်သူကိုမှ ပြောဆို တိုင်ပင်နေစရာလဲ မလိုဘူး၊ ဆူပူရန်ဖြစ်မဲ့သူလဲမရှိတော့ အားလုံး ကိုယ့်စိတ် ကိုယ့်သဘောချည်းပဲလို့ ပြောတာပါ"

"အဲဒါတော့ ဟုတ်တယ်ဗျာ၊ တစ်ခါတစ်ခါ အိမ်ကမိန်းမနဲ့ ဘယ်လိုမှ အဆင်မပြေတဲ့ နေ့တွေဆိုရင် တစ်ကိုယ်တည်း နေခဲ့မိရင် ကောင်းမှာပဲလို့ တွေးမိတာမျိုးလဲ ရှိတယ်ဗျာ"

အမျိုးမျိုးပါပဲလား။ သူတို့ပဲ စိုင်းရွက်ခမ်းမှ မိန်းမမယူတော့ရင် ဘဝပျက်ရတော့မလိုလို၊ လူစဉ်မမီတော့သလိုလို ပြောဆိုနေကြပြီး အခုတော့လည်း စိုင်းရွက်ခမ်းလို တစ်ကိုယ်တည်း မနေမိတာကိုပဲ နောင်တရချင်မနေသလိုလိုနှင့် တတ်ပဲတတ်နိုင်ကြသည့် လူတွေဟု တွေးမနေမိသည်။

"ဒါဆိုလဲ ခင်ဗျားတို့က ကိုရွက်ခမ်းလို မနေမိလို့ နောင်တရနေပါသလားဆိုတဲ့ အကြောင်း ခင်ဗျားတို့မိန်းမတွေဆီကို အခုပဲ ဖုန်းဆက်လိုက်မယ်ဗျာ"

"ဟာ... အဲဒါတော့ မလုပ်နဲ့ဗျို့၊ ဒီည တော်တော်အေးတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ ကျုပ်တို့က တစ်ခါတလေလို့ပဲ ပြောတာပါ"

ရယ်သံတွေ ဆူညံသွားကြပြန်သည်။

အမဲပစ်ရန် အားလုံး အားမံညှိရက်ကို ညှိနှိုင်းရွေးချယ် သတ်မှတ်လိုက်ကြသည်။

"ကဲ... အားလုံးရဲ့သဘောဆန္ဒအတိုင်း နောက်တစ်ပတ် တနင်္ဂနွေနေ့မှာ ကိုရွက်ခမ်းအိမ်က စုသွားကြမယ်ဗျာ"

"အားလုံး သဘောတူကြရဲ့လား"

"တူပါတယ်"

ကလေးငယ်တွေလို အားလုံး သံပြိုင်ရေရွတ်လိုက်ပြီးနောက် အရက်ခွက်များကို ကိုယ်စီကိုင်မြှောက်ကာ မော့သောက်လိုက်ကြသည်။

စိုင်းရွက်ခမ်း ဦးအိုက်မုန်းတို့ ဧည့်ခံပွဲက ပြန်လာတော့ ညဉ့် အတော်နက်နေပြီ ဖြစ်သည်။ အရက်ကလေး ခပ်ထွေထွေဖြစ်နေသော်လည်း အိပ်ရာပေါ်ရောက်သည့်အထိ သူ ရတ်တရက် အိပ်၍ မပျော်။

မဆုံးနိုင်သော အဲတွေးများက ပြန့်လွင့်နေသည်။ သူတို့ ညီအစ်ကိုနှစ်ယောက်၏ဘဝမှာ မိဘနှစ်ပါးမရှိတော့သည်မှ လွဲ၍ ဘာတစ်ခုမှ ပူပင်ကြောင့်ကြစရာမရှိအောင် များပြားလှသော အမွေအနှစ်များဖြင့် ကျန်ရစ်ခဲ့သူများ ဖြစ်ပါသည်။

ညီဖြစ်သူက ဆေးတက္ကသိုလ်မှာ ပညာသင်ကြားနေသလို စိုင်းရွက်ခမ်းကလည်း ဘွဲ့ရပြီး သူဝါသနာပါသည့် ခြံလုပ်ငန်းကို ဦးစီးလုပ်ကိုင်ရင်း စီးပွားရေးလောကမှာ တရှိန်ထိုး အောင်မြင်





ကျော်ကြားသူတစ်ယောက် ဖြစ်လာခဲ့သည်။

တည်ခန့်ချောမောသောရုပ်ရည်၊ အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်၊ ပြီးတော့ အမွေအနှစ်အများအပြားကို ပိုင်ဆိုင်ထားသူ တစ်ယောက်အဖြစ် စိုင်းရွက်ခမ်းကို သမီးရှင်တိုင်းက မျက်စိကျကြသည် မှာ သိပ်တော့ မဆန်းပါ။

ဆန်းကြယ်သည်က သူ့နှလုံးသား ဖြစ်သည်။ သူ့အနားမှာ မဆွတ်ခင်က ညွတ်ချင်နေကြသူ အချောအလှလေးပေါင်းများစွာ ရှိသော်လည်း မည်သူကိုမျှ သူ့အသည်းနှလုံးက လှိုက်လှဲစွာ တောင်း ဆိုခြင်းမပြုခဲ့ပါ။ ချောတိုင်းလှတိုင်းလည်း ချစ်တတ်ကြသည်ဟု မထင်ပါ။

ချောတာလှတာလေးတွေ မြင်တော့ စိတ်ဝင်စားသည်။ အသစ် အဆန်းတစ်ခုကို ကြည့်ရှုရသော ကလေးငယ်တစ်ယောက်လို ကြည့်မိ တာလည်း ရှိသည်။

ဒါကိုလည်း သူ မငြင်းပါ။

ရင်ထဲအသည်းထဲက လှိုက်လှဲစွာ မြတ်နိုးစွဲလမ်းရသော အချစ်စစ် အဲချစ်မှန် ဖြစ်လာဖို့ကြတော့ တကယ့်လက်တွေ့မှာ ထင်သလောက် မလွယ်ကူပါ။

အခုချိန်ထိ မေတ္တာစစ်နှင့် လှိုက်လှဲစွာ ချစ်ရမည့်ချစ်သူမျိုး ကိုလည်း ရှာမတွေ့သေး။ ရှာတွေ့ပါဦးမည်လားလည်း မသိတော့ပါ။

အခု အသက်သုံးဆယ်ကျော်ပြီ။ အားလုံးက သူ့အသက်အရွယ် မှာ ချစ်စရာမြတ်နိုးစရာ ဇနီးမယား သမီးသားနှင့် ပျော်ရွှင်စရာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မိသားစုဘဝလေးကို ကိုယ်စီပိုင်ဆိုင်နေကြပြီ။

ခက်နေသည်က သူ့ဘဝ သူ့အသည်းနှလုံးကို မြတ်မြတ်နိုးနိုး ပေးဆက်ရမည့် ချစ်ရသူကို ခုအချိန်ထိ ရှာမတွေ့နိုင်သေးခြင်း ဖြစ်သည်။

သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းအားလုံးကလည်း ရုပ်ချောဥစ္စာပေါ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် အနေနှင့်ပါ သူ့ကို အိမ်ထောင်ပြုစေချင်နေကြသည်။

ဘာအပူအပင်မှမရှိဘဲ တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့် အေးစက်စက် လုပ်နေသည့် သူ့ကိုကြည့်ပြီး အားမလိုအားမရ ဖြစ်ကာ တွေ့သည့်လူက ကြုံသည့်အချိန်မှာ အမြန်ဆုံးအိမ်ထောင်ပြုရန် တိုက်တွန်းပြောဆိုနေကြသည့် အဖြစ်နှင့် ကြုံနေရသည်။

သူ ဘာလုပ်ရမည်နည်း။

အားလုံး၏အပြောအဆိုက လွတ်အောင် အနီးအနားမှာရှိနေကြသူများထဲက တစ်ယောက်ယောက်ကို ရွေးပြီး အမြန်ဆုံးလက်ထပ်လိုက်ရမည်လား။

ဒါတော့ ဘယ်လိုနည်းနှင့်မှ မဖြစ်မှု ။ အိမ်ထောင်ပြုရန် သင့်တော်သည်ဟု ထင်ရရုံနှင့် မည်သည့်မိန်း လေးကိုမှ လက်မထပ်နိုင်ပါ။

သူ တကယ်လက်ထပ်ယူမည့် မိန်းကလေးက သူကိုယ်တိုင်ရင်ထဲ အသည်းထဲက လှိုက်လှဲမြတ်နိုးစွာ ချစ်ခင်စွဲလမ်းရသူမှတစ်ပါး တခြားမဖြစ်နိုင်တာကို သူပဲ သိရှိနားလည်ပါသည်။





မောင့်ရဲ့ ဖူးစာရှင်ရေ... ။

အခုချိန် မင်းလေး ဘယ်ဆီကို ရောက်နေတယ်ဆိုတာကို သိခွင့်ရမယ်ဆိုရင် သိလိုက်ချင်ပါရဲ့ဗျာ. ။

စိတ်ကူးထဲက မမြင်သည့် ချစ်သူလှလှလေးကို စိတ်ကူးဖြင့် ရမ်းသန်းပုံဖော်ကြည့်ရင်း သူတစ်ယောက်တည်း စကားတွေဆိုနေမိပါသည်။

ပြီးတော့ ကိုယ့်အဖြစ်ကိုယ် သဘောကျစွာ ပြုံးရယ်လိုက်မိသည်။ ရွှန်းစက်သော လမင်းကြီးကို နှုတ်ဆက်ပြီး အိပ်ရာဝင်ခဲ့သည်။

အပြင်မှာတော့ မြူနှင်းတို့ ထူထပ်သိပ်သည်းစွာ ကျနေဆဲ...။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

ကျယ်လောင်သော ယမ်းပေါက်ကွဲသံက တိတ်ဆိတ်ငြိမ်သက်နေသည့် ပတ်ဝန်းကျင်တစ်ခုလုံးကို တသိမ့်သိမ့်တုန်ခါသွားစေရုံမျှမက တောတောင်အနံ့ကိုပါ ပွဲတင်ထပ် ရိုက်ခတ်သွားစေပါသည်။

တုန်းခနဲ လဲကျသွားသော တောကောင်ရှိရာသို့ သူတို့နှင့်အတူ ပါလာသော အလုပ်သမားလေးများက အပြေးအလွှား သွားရောက်နေကြတာကို တစ်ချက်ကြည့်ပြီးနောက် ကိုဆိုင်နန်နှင့်အတူနေရာမှ လှည့်ထွက်ခဲ့လိုက်ပါသည်။

"ကိုရွက်ခမ်းကတော့ဗျာ၊ တကယ် လက်ဖြောင့်တဲ့လူပဲ၊ တစ်ချက်ဆို ဆိုသလောက်ပဲ"

"ကျုပ်တို့ကတော့ တစ်ချက်တည်းနဲ့ ချက်ကောင်းထိအောင် မပစ်နိုင်ဘူးဗျာ"

"ကျွန်တော်လဲ ကံကောင်းလို့ပါဗျာ၊ အခုလို တစ်ချက်တည်း





ထိမယ်လို့တောင် မထင်ပါဘူး"

"ခင်ဗျားကတော့ဗျာ၊ တစ်ဖက်သား စိတ်ကျေနပ်အောင် သိပ်ပြောတတ်တဲ့လူပဲ၊ ဘက်စုံ ထောင့်စုံ တော်လွန်းလို့လဲ သမီးရှင်တိုင်းက ခင်ဗျားကို သမက်တော်ချင်နေကြတာ ဖြစ်မယ်ဗျာ"

ထုံးစံအတိုင်း စကားအဆုံး၏ ဦးတည်ချက်က ဒီဘူတာပဲ ဆိုက်တာမို့ စိုင်းရွက်ခမ်း ပြုံးလိုက်ပါသည်။ အဖွဲ့တွေ တစ်ဖွဲ့ဖွဲ့ ရောက်လာကြပါပြီ။ ကိုအိုက်ပီးတို့ လူစု၏ အရိပ်အယောင်ကိုပင် မတွေ့ရသေးပါ။

"ကိုအိုက်ပီးတို့အဖွဲ့လည်း မလာသေးဘူးဗျာ၊ ကျွန်တော် သူတို့နောက်ကို လိုက်သွားဦးမယ်"

စိုင်းရွက်ခမ်းစကားကြောင့် ကိုဆိုင်နန်းက လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ သူတို့အဖွဲ့မှာ လူအားလုံးစုံနေပြီဖြစ်သလို ရသည့်အမဲကောင်တွေလည်း ရောက်နေပါပြီ။

အခုအချိန်ထိ ကိုအိုက်ပီးတို့အဖွဲ့က ပြန်မရောက်ကြသေးသည့်အပြင် ချိန်းဆိုထားသည့် အချိန်ထက် နာရီဝက်မက နောက်ကျလျက်ရှိနေပြီမို့ စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာဖြစ်ပါသည်။

"ကျုပ်လဲ လိုက်မယ်ဗျာ"

"ကိုဆိုင်နန် ခြေထောက်မှာလဲ ဒဏ်ရာနဲ့ဆိုတော့ မလိုက်ပါနဲ့ဗျာ၊ လမ်းမှာတင် တွေ့ချင်တွေ့မှာဆိုတော့ ကျွန်တော်တစ်ယောက်တည်းပဲ သွားလိုက်ပါ့မယ်"

"ကိုအားတီတို့ကိုလဲ ကျွန်တော့်အတွက် စိတ်ချဖို့ ပြောထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ”

“စိတ်ချ၊ ကျုပ် ပြောထားလိုက်မယ်”

အမဲကောင်များနားတွင် အလုပ်သမားတွေကို လက်ညှိုး တထိုးထိုးနှင့် ဘာတွေညွှန်ကြားခိုင်းစေနေမှန်း မသိသော ကိုအားတီကို တစ်ချက်လှမ်းကြည့်ပြီး စိုင်းရွက်ခမ်းနေရာမှ ထွက်ခဲ့သည်။

ခပ်လှမ်းလှမ်းရောက်မှ တစ်စုံတစ်ခုကို သတိရကာ... ။

“ဗျို့ ကိုဆိုင်နန်း၊ ကိုအိုက်ပီးတို့ ပြန်ရောက်နေရင်လဲ ကျွန်တော့်အတွက် စိတ်မပူဖို့ ပြောထားလိုက်ပါ”

“အိုကေ... အိုကေ”

သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ကို ခြေပစ်လက်ပစ် ကျောမှီထိုင်နေရာမှ ကိုဆိုင်နန်းက သူ့ကို လက်တစ်ဖက် မြှောက်ပြရင်း စိတ်ချဖို့ ပြောလိုက်ခြင်း ဖြစ်သည်။

ကိုဆိုင်နန်းမှာ စိုင်းရွက်ခမ်းထက် အသက်သုံးနှစ်ခန့်သာ ပိုကြီးသော်လည်း ခန္ဓာကိုယ်မှာ ဝဖိုင်းလွန်းသူဖြစ်သည့်အတိုင်း အမောမခံနိုင်ရုံမက လမ်းမှာ ခြေချော်ကျခြင်းကြောင့် ခြေထောက်မှာ ဒဏ်ရာရလာသူ ဖြစ်သည်။

အမဲလိုက်အဖွဲ့နှစ်ဖွဲ့ ခွဲလိုက်ရာ ကိုအိုက်ပီးနှင့် ဦးလောက်ဆိုင်နှင့် တခြားတစ်ယောက်က တစ်ဖွဲ့ဖြစ်သွားပြီး သူနှင့် ကိုဆိုင်နန်းကိုအားတီတို့က တစ်ဖွဲ့ဖြစ်သွားခဲ့သည်။

သူ လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ ချိန်းဆိုထားသည့်အချိန်ထက် တစ်နာရီနောက်ကျနေပြီဆိုတော့ သူ ခြေလှမ်း





တွေကို ပိုသွက်လိုက်သည်။

ကိုအားတီတို့ သွားမည့်ခရီးလမ်းအတိုင်း ခြေရာခံပြီး လိုက်ခဲ့သည်။ မကြာခဏ တောပစ်ထွက်နေကြမို့ ကျွန်လူတွေထက် နှိုင်းဆလျှင် သူက တော၏အထာကို ပိုသိသည်ဟု ဆိုရမည်။

“ဖလပ်... ဖလပ်”

ရုတ်တရက် ကြားလိုက်ရသော အသံနှင့် ရိပ်ခနဲမြင်တွေ့လိုက်ရသည့် သားကောင်တစ်ကောင်ကြောင့် စိုင်းရွက်ခမ်း မျက်ဝန်းအစုံက ပို၍ စူးရှတောက်ပသွားသည်။

ချေပေါက်လေးတစ်ကောင် ချုံအကွယ်တစ်ခုကို အကာအကွယ်ပြုလျက် အစာစားနေပုံရသည်။

သူ ဘာမှစဉ်းစားမနေတော့။ သားကောင်တွေ့ပြီဆိုသော အသိဖြင့် လက်ထဲက သေနတ်ပြောင်းဝကို သားကောင်ရှိရာသို့ ထိုးချိန်လိုက်သည်။

စခန်းသိမ်းပွဲကို ဂျီသားကင်နှင့် အရက်မြည်းရမည်ဟု တွေးလျက် သေနတ်မောင်းခလုတ်ပေါ် လက်တင်လိုက်စဉ်မှာပင်... ။

“ဝုစ်”

“ဝုစ်”

“ဝရော”

“ဟာ...”

အဖြစ်အပျက်က မြန်ဆန်လှသည်။ သူ့မျက်စိရှေ့မှာပင် သားကောင် ရှိနေသည့် ခြုံပေါ်သို့ တစ်စုံတစ်ဦးက ခဲဖြင့် ပစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းကြောင့် သားကောင်မှာ သူ့အပေါ်ကို ကျရောက်လာတော့မည့် အန္တရာယ်ကြားမှာ လွတ်မြောက်ထွက်ပြေးသွားပေပြီ။

ဒါက ဘယ်လိုဖြစ်တာလဲ... ။

စိုင်းရွက်ခမ်း မျက်ခုံးထူထူများ စိတ်အလိုမကျစွာ တွန့်ကွေးသွားပြီး စူးရဲတောက်ပသည့် မျက်ဝန်းအစုံက သိမ်းငှက်တစ်ကောင်လို ရန်သူရှိနိုင်မည့်နေရာကို သွက်လက်မြန်ဆန်စွာ ရှာဖွေလိုက်သည်။

ရုတ်တရက် ဘာကိုမှ ရှာမတွေ့ပါ။ ပတ်ဝန်းကျင်တစ်ခုလုံး မည်သည့်လှုပ်ရှားမှုမှ မရှိဘဲ ငြိမ်သက်တိတ်ဆိတ်နေပုံကို ကြည့်ကာ စိုင်းရွက်ခမ်း နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသည်။

သူ့ကို နှောင့်ယှက်သူ တစ်ဦးဦး ရှိနေတာကိုသိသိနှင့် သူ့ဘက်က အလွယ်တစ်ကူ အလျှော့ပေးရန် စိတ်ကူးမရှိပါ။

စိုင်းရွက်ခမ်းဆိုတာ ပုန်းအောင်းနေသည့် သားကောင်ကို ရှာဖွေရန် အင်မတန် စိတ်ဝင်စားသူတစ်ယောက်ဆိုတာ တစ်ဖက်က သိပုံမရပါ။

"ဖျောက်"

စူးရှတောက်ပသော စိုင်းရွက်ခမ်း၏ မျက်ဝန်းအစုံမှာ ပို၍ အရောင်တောက်ပသွားကာ လူ၏သေနတ်ပြောင်းဝကလည်း အသံလာရာကို ထိုးချိန်ပြီးသား ဖြစ်သွားသည်။

"ကျုပ်ကို နှောင့်ယှက်တာ ဘယ်သူလဲ၊ အခုထွက်ခဲ့ပါ"

ဒေါသမြင်ခန့်ညားသော အသံက တိုးတိတ်ညင်သာသလောက်





တင်းမာခက်ထန်လှသည်။

"ကျုပ် ပြောနေတယ်နော်၊ ကျုပ်ခိုင်းတဲ့အတိုင်း မလုပ်ရင် ကျုပ်အဆိုး မဆိုပါနဲ့"

အသံထွက်လာရာ ချုံနွယ်စုရှိရာကို တည့်မတ်စူးစိုက်စွာ ကြည့်ရင်း သူဆိုလိုက်သည်။

သို့ပါလျက် တစ်ဖက်က မည်သည့်လှုပ်ရှားမှုကိုမှ မမြင်တွေ့ရဘဲ ငြိမ်မြဲတိုင်း ငြိမ်သက်နေဆဲမို့ စိုင်းရွက်ခမ်းမျက်ခုံးအစုံက စိတ်အလို မကျခြင်းဖြင့် ပို၍ တွန့်ကွေးသွားသည်။

"ခင်ဗျားရှိနေတဲ့ နေရာကို ကျုပ် သိတယ်နော်၊ တစ်နှစ်သုံး ရေလို့မှ ထွက်မလာရင်တော့ ကျုပ်ကလဲ အပစ်ပဲ"

"တစ်၊ နှစ်... "

"ဝါရော၊ ဖလပ်... ဖလပ်"

"ဟိတ်... မပြေးနဲ့"

"ရပ်စမ်း"

ချုံနွယ်အုပ်အုပ်မှာ သူ့ထံမှ ရေတွက်သံမဆုံးမီ ခဏအတွင်း လှုပ်ရှားယိမ်းနွဲ့သွားကာ ချုံကွယ်နောက်မှ တစ်စုံတစ်ယောက်မှာ ဒရောသော ပါး ထွက်ပြေးသွားတာကို ရိပ်ခနဲ လှမ်းမြင်တွေ့လိုက်ရသည်။

စိုင်းရွက်ခမ်းမှာ ထိုသူ ထွက်ပြေးသွားရာနောက်သို့ ခြေလှမ်းကျဲကြီးများဖြင့် အပြေးလိုက်ပါသွားရင်း ပါးစပ်မှလည်း ရပ်တန့်ရန် အော်ဟစ်ပြောဆိုနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရယ်လို့ ပြောနေတာ မရဘူးလားကွ၊ ဟင်… "

မီလုမီခင် အနေအထားအရောက်မှ သူ ထပ်ပြောလိုက်ခြင်း ဖြစ်ရာ သူ့အသံကြားလေ တစ်ဖက်က ပို၍ပြေးရန် ကြိုးစားလေ ဖြစ်နေသောကြောင့် ကြာတော့စိုင်းရွက်ခမ်း စိတ်မရှည်နိုင်တော့ပါ။

ခြေလှမ်းကို ပိုကျဲ၍ ပိုသွက်ပြီး ရှေ့ကပြေးနေသူကို နောက်မှ ခုန်အုပ်ဖမ်းဆီးလိုက်သည်။

"ဒီလောက်တောင် ဖြစ်လှတာ ကဲကွာ"

"ဝုန်း"

"အား… "

စိုင်းရွက်ခမ်းနှင့် သူ့ရှေ့မှ ပြေးလွှားနေသူတို့ တခဏအတွင်း လုံးထွေးသွားကြပြီး တောင်စောင်းလေးတစ်ခုအတိုင်း အရှိန်ဖြင့် လိမ့်ဆင်းသွားကြသည်။

တစ်ဖက်လူထံမှ ကြောက်လန့်တကြား အော်ဟစ်သံကို ကြားလိုက်ရပြီးနောက် လိမ့်ဆင်းသည့်အရှိန်က ကျောက်တုံးတစ်ခု နားအရောက်မှာ သူ့အလိုလို ရပ်တန့်အဆုံးသတ်သွားသည့်အတွက် သူ့ရင်ခွင်အောက်မှ မည်သည့်လှုပ်ရှားမှုမှ မရှိဘဲ ငြိမ်သက်နေသူကို တစ်ချက်ငုံ့ကြည့်လိုက်သည်နှင့်… ။

"ဟင်… "

စိုင်းရွက်ခမ်း မျက်ဝန်းအစုံ ပြူးခနဲ ဖြစ်သွားသည်အထိ သူ့မျက်စိရှေ့မှောက်ရှိ မြင်ကွင်းကို အံ့သြမယုံကြည်နိုင်သော မျက်ဝန်းများဖြင့် စူးစူးစိုက်စိုက်ကြီး ကြည့်လျက် တွေဝေငြိမ်သက်နေမိပါ





သည်။

သူ့မျက်ဝန်းအစုံအောက်မှာ ရှိနေသူက သူထင်မြင်ယူဆထားသလို ယောက်ျားလေးတစ်ယောက်မဟုတ်ဘဲ သိပ်လှပလွန်းသည့် မိန်းကလေးတစ်ယောက် ဖြစ်နေခဲ့ရုံမက ကြောက်လန့်သည့်စိတ်ဖြင့် သတိမေ့မြောလျက် ရှိနေခြင်းကြောင့် ရုတ်တရက် သူ ဘာလုပ်ရမှန်း မသိဘဲ ဖြစ်သွားပါသည်။

ရှမ်းဘောင်းဘီညိုနက်နက်နှင့် ရှမ်းဘိုက်ပုံအင်္ကျီဝတ်လျက် ခမောက်တစ်ခုကို ဆောင်းထားသူကို မျက်နှာချင်းဆိုင် မြင်တွေ့ခွင့် မရခြင်းကြောင့် မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မည်ဟု မထင်ခဲ့မိပါ။

အခုတော့ ဘေးသို့ လွင့်ကျနေသော ခမောက်နှင့်အတူ ပိသားလို နူးညံ့နက်မှောင်နေသည့် ကျောလယ်ခန့်ရှိမည့် ဆံပင်တို့က ဖြူနုဝင်းနှစ်နေသော မျက်နှာလှလှလေးထက် ကပိုကယို ဝဲကျလျက် ရှိရာ သူ ညင်သာစွာ ဖယ်ရှားပေးလိုက်မိပါသည်။

"ကျွတ်… "

"ဒုက္ခပါပဲကွာ"

လှပသောမျက်နှာလေးကို ကြည့်ပြီး သူ အသံထွက်၍ သည်းညည်းလိုက်ခြင်း ဖြစ်ပါသည်။ တစ်သက်နှင့်တစ်ကိုယ် ဒီလိုအဖြစ်မျိုးနှင့် ကြုံရလိမ့်မည်ဟု သူ တစ်ခါမျှ တွေးမကြည့်ဘူးပါ။

အရှိန်ဖြင့် လိမ့်ကျလာသည့်ဒဏ်ကြောင့် သတိလစ်မေ့မြောသွားခြင်း ဖြစ်သည့်အတိုင်း သူမကိုယ်လေးကို အညင်သာအနူးညံ့ဆုံး ပွေ့ယူပြီး ဒဏ်ရာရမရ အပြေးအလွှား ရှာကြည့်ရပြန်ပါသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

မည်သည့်ဒဏ်ရာကိုမှ မတွေ့ရသဖြင့် သက်ပြင်းရှိုက်လိုက်သည်။ နူးညံ့အိထွေးသည့် အတွေ့ထူးက သူ့ရင်ကို တုန်ယင်လှုပ်ရှားစေသလို သွယ်မယောင်နှင့် ဝိုင်းသည့် မျက်နှာလှလှလေးထက် ပန်းချီဆရာ စိတ်ကြိုက်ပုံဖော်ရေး ဆွဲပေးထားသလို ရှိနေသည့် အလှအပများကြောင့်လည်း ရင်ခုန် ရင်တုန်နေရပါသည်။

စင်ရော်တောင် မျက်ခုံးအောက်မှာ ထူထဲမည်းနက်၍ ကော့ပျံနေသည့် မျက်တောင်များ၊ လှပဖြောင့်စင်း၍ လုံးဝန်းလှပသည့် နှာတံလေးနှင့် မည်သည့်ဆေးမှ မကူဘဲ သဘာဝသွေးရောင်လွှမ်းလျက် ရဲရဲစို နီမြန်းထူအမ်းနေသည့် နှုတ်ခမ်းလေးက နှင်းဆီဖူးလေးလို မပွင့်တစ်ပွင့် ဖြစ်နေပုံအဆုံး စိုင်းရွက်ခမ်း အသည်းနှလုံးကို ထုတ်ချင်းပေါက် ဝင်ရောက်ထိုးစိုက်သွားသလို ရှိနေပါသည်။

မြင်မြင်ချင်း ချစ်မိတယ်ဆိုတာ ဒါပဲလား။ နုနယ်လှပလွန်းသည့် မျက်နှာလေးကို စေ့စေ့ရှုရှု ငုံ့မိုးရှုစိုက်ကြည့်ရင်း စိုင်းရွက်ခမ်း၏ ထာဝရ မာကျောအေးစက်နေခဲ့သော အသည်းနှလုံးတွေ တခဏအတွင်းမှာ ပုန္နေး၍ရှိန်းမြစွာ အရည်ပျော်စီးဆင်းသွားပြီဟု သိလိုက်ရပါပြီ။

နုနယ်ရှင်းသန့်သော မျက်နှာလှလှလေးကြောင့် ချာတိတ်လေးက သူ့ထက် ငယ်ရွယ်သူလေးမှန်း နားလည်သဘောပေါက်လိုက်ပေမဲ့ လှပလွန်းသည့် သူမပုံရိပ်လေးက သူ့နှလုံးသားကို စက္ကန့်မိနစ်လေးအတွင်းမှာပင် အနိုင်ယူစိုးမိုးသွားခဲ့ပါသည်။





"ချာတိတ်"

"ချာတိတ်"

နုနယ်လှပလွန်းသည့် ချစ်သူလှလှလေးကို သူ့ရင်ခွင်မှာ အခုလို ထာဝရနွေးထွေးလုံခြုံစွာ တယုတယ ပိုက်ထွေးထားလိုက်ချင်ပါသော်လည်း အကြောက်လွန်ပြီး သတိလစ်မေ့မြောနေသော ချစ်ရသူလေးကို သတိပြန်ရလာအောင် သူ ကြိုးစားရပါဦးမည်။

ထို့ကြောင့် ချာတိတ်၏ မျက်နှာလှလှလေးကို သူ့လက်ချောင်းများဖြင့် ဖွဖွထိ ပုတ်နှိုးနေမိခြင်း ဖြစ်သည်။

"ချာတိတ်"

"ချာတိတ်"

"အင်း... ဟင်း... ဟင်း"

"ဟော... ချာတိတ် သတိရလာပြီ"

သူမထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသဖြင့် စိုင်းရွက်ခမ်း ဝမ်းသာသွားသည်။

"ချာတိတ်"

"သတိရပြီနော်"

မျက်ဝန်းအစုံကို ရုတ်တရက် မဖွင့်နိုင်သေးသော်လည်း လုံမေနားထဲတွင် ကြည်လင်ပြတ်သားသော ယောကျ်ားတစ်ယောက်၏ အသံကို ကြားနေရသည်။

လုံမေ ဘာဖြစ်သွားတာလဲ... ။

အခု ခေါ်နေတဲ့သူကရော ဘယ်သူလဲ... ။



www.burmeseclassic.com

www.burmeseclassic.com



ချေပေါက်ကလေးကို သေနတ်ဖြင့် ပစ်ရန် ချိန်ရွယ်နေသူကို ဖျတ်ခနဲ သတိရလိုက်သည်။

ပြီးတော့ လုံမေနောက်ကို အပြေးအလွှားလိုက်လာပြီး သူမကို ဖမ်းဆီးချုပ်နှောင်ရန် ကြိုးစားနေသည့် လူကြီးတစ်ယောက်...။

ထိုသူက လုံမေကို နောက်ကခုန်အုပ်ဖမ်းဆီးဖို့ ကြိုးစားရာမှ နှစ်ယောက်သား တောင်စောင်းအတိုင်း ထွေးလုံးလိမ့်ဆင်းသွားတာကို နောက်ဆုံး အမှတ်ရလိုက်သည်။

"ချာတိတ်"

"ကိုယ်ခေါ်နေတာ ကြားရဲ့လားဟင်၊ ကိုယ့်ကို မျက်လုံးဖွင့် ကြည့်ပါဦး"

နူးညံ့ညင်သာသည့် အသံပိုင်ရှင်က ဘယ်သူလဲ...။

ဟိုလူကြီးကတော့ ချေပေါက်လေးကို ပစ်ခွင့်မရလိုက်သဖြင့် တင်းမာခက်ထန်စွာ လုံမေကို ခြိမ်းခြောက်စကားဆိုခဲ့တာကို လုံမေ ဘယ်တော့မှ မေ့မည်မထင်ပါ။

ဒါဖြင့် အခု လုံမေနားမှာ အတူရှိနေသည့်လူက ဘယ်သူလဲ။

ဟိုလူကြီးရော ဘယ်ရောက်သွားပြီလဲ။

ခေါင်းထဲမှာ ရှိဝေဝေမှုးနောက်နေသည့်ကြားမှ အသံပိုင်ရှင် ဘယ်သူလဲဆိုတာ သိချင်သည့်စိတ်ဖြင့် သူမ၏ မျက်ဝန်းအစုံကို ဇွတ်အားတင်း၍ ဖွင့်ကြည့်လိုက်သည်။

"ဟင်..."

"ခင်ဗျား... ခင်ဗျား"





"သတိရလာပြီနော်၊ ချာတိတ်"

ဝမ်းသာပျော်ရွှင်သွားသူ၏ မျက်နှာနှင့် အံ့ဩထိတ်လန့်သွားသူ၏ အကြည့်တို့ ပေါင်းစုံသွားပြီး နောက်မှာတော့...

"ကဲကွာ"

"ဝိုး"

"ခွပ်"

"အ..."

"ဟော့ မပြေးနဲ့လေ"

လုံမေ တွေးထင်ထားသည့်အတိုင်း လုံမေကို ဇွတ်အတင်း လိုက်ဖမ်းရန် ကြိုးစားခဲ့သည့်လူကြီးပဲ ဖြစ်နေခြင်းကြောင့် ဘာတစ်ခုမှ စဉ်းစားတွေးတောမနေတော့ဘဲ နေရာမှ ဝုန်းခနဲ ကျုံးရုန်းထကာ ထိုသူ၏ မျက်နှာကို အားကုန်သုံးပြီး လက်သီးတစ်လုံး ရုတ်တရက် ပစ်သွင်းလိုက်ရာ ထင်မှတ်မထားသည့် အနေအထားကြောင့် လုံမေထံမှ တိုက်စစ်ကို ကာကွယ်ရန် အချိန်မရဘဲ ထိထိမိမိကြီး ထိသွားချိန်မှာ လုံမေက အန္တရာယ်မှ လွတ်မြောက်ခွင့်ရသည့် သမင်ပျိုမလေး ထိုနေရာမှ လှစ်လှစ်ပါအောင် ထွက်ပြေးခဲ့လိုက်ပါသည်။

"ဟိတ်..."

"နေဦးလေ၊ ဘာလို့ ထွက်ပြေးရတာလဲ"

အလစ်အငိုက်ဖြစ်သဖြင့် ချာတိတ်၏ လက်သီးကို မရှောင်နိုင်ဘဲ ယှပယှပကြီး ထိသွားခြင်းကြောင့် နှုတ်ခမ်းမှာ ပူခနဲ ဖြစ်သွားပြီး သွေးထွက်လာတာကို သိပေမဲ့ သူ ဂရုမစိုက်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပါးမှ လစ်လစ်ပါအောင် ပြေးထွက်သွားသူလေး နောက်ကို အော်ရင်း၊ ဟစ်ရင်း သူ အပြေးအလွှား လိုက်ပါနေမိပြန်ပါသည်။

ဘယ်လိုအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်၊ သိပ်လှသည့် ချာတိတ်လေးကို သူ့မျက်ဝန်းရှေ့က ရုတ်တရက် ပျောက်ဆုံးသွားတာမျိုး ဘယ်လိုမှ အဖြစ်မခံနိုင်တာကို စိုင်းရွှက်ခမ်းသာလျှင် အသိဆုံးဖြစ်ပါသည်။

"ချာတိတ်"

"ကိုယ်က လူဆိုးမဟုတ်ပါဘူး၊ ခဏလေးနေပါဦး"

"ကိုယ် ချာတိတ်နဲ့ စကားပြောချင်လို့ပါ"

နောက်ပါးဆီက အော်ဟစ်တားမြစ်သံနှင့်အတူ အပြေးအလွှား လိုက်ပါလာသည့် ခြေသံကို ကြားရလေ လုံမေက ပို၍ အားစိုက်ကာ ပြေးလေ ဖြစ်နေပါသည်။

သူ့ဘာသာ လူဆိုးဖြစ်ဖြစ် လူတော်ပဲဖြစ်ဖြစ် လုံမေ နည်းနည်းလေးမှ စိတ်မဝင်စားပါ။

သေနတ်ကြီးတကားကားနှင့် အပြစ်မဲ့ပြီး သနားစရာကောင်းလှသော တိရစ္ဆာန်လေးတွေကို အပျော်သဘောသက်သက် ရက်စက်စွာ လိုက်လံသတ်ဖြတ်နေသူမျိုးမို့ လုံမေ ကြည့်မရအောင် မုန်းနေမိပါသည်။

ချေပေါက်ကလေးကို ပစ်ခွင့်မရတော့၍ လုံမေ ပုန်းနေသည့်နေရာကို သေနတ်နှင့် ပစ်တော့မလို ခြိမ်းခြောက်စကားဆိုရုံမက





စိတ်ကြမ်းကိုယ်ကြမ်းနှင့် လုံမေကိုပင် လက်ရဖမ်းဆီးရန် ကြိုးစားခဲ့သူ ဖြစ်၍ သူ့စကားကို လုံမေ နည်းနည်းမှ အယုံအကြည်မရှိပါ။

လုံမေကို အချောသတ်နေတာပဲ အတပ်တွေးကာ သူ့မရှေ့မှ ဖြတ်စီးနေသော ချောင်းပေါက်စလေးကို ခွတ်အတင်း ဖြတ်ပြေးမိသည်။

"ဗွမ်း"

"ဗွမ်း"

"ချာတိတ် မပြေးနဲ့၊ လဲလိမ့်မယ်"

"အို... အမေ့"

"အား... "

"ဟိတ်"

"ဗွမ်း"

ချောင်းလယ်အရောက် မညီမညာရှိနေသည့် ခဲလုံးများကြောင့် ဟန်ချက်ပျက်ပြီး လုံမေ လဲပြိုတော့မလို ဖြစ်သွားသည့်အခိုက်မှာပင် နောက်ပါးဆီက ထက်ကြပ်မကွာ အပြေးလိုက်ပါလာသည့် စိုင်းရွှက်ခမ်းက သူမကို ဖမ်းမိသွားကာ နှစ်ယောက်သား ရေထဲကို လဲပြိုသွားကြခြင်းသည်။

ချက်ချင်းလိုပင် လုံမေက လဲပြိုသွားရာမှ ကျုံးထပြီး ထွက်ပြေးရန် ကြိုးစားသော်လည်း စိုင်းရွှက်ခမ်းက သူမလက်ကလေးတစ်ဖက်ကို သူ့လက်များဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်းကြောင့် လုံမေမှာ မပြေးနိုင်တော့ဘဲ သူ့ကို ဆောင့်ဆွဲလိုက်သည့်အရှိန်ဖြင့် တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



လူ၏ ရင်ခွင်ပေါ်သို့ ထွေးခနဲ လဲကျသွားရပါသည်။

"အမယ်လေး"

"ဗွမ်း"

"အင့်..."

"ခင်ဗျား... ခင်ဗျား ဒါဘာလုပ်တာလဲ၊ အခုချက်ချင်း လုံမေ့လက်ကို လွှတ်ပါ"

"ဘယ်သူ လုံမီဟုတ်လား"

မမျှော်လင့်ဘဲ သူမနာမည်လေးကို ကြားလိုက်ရသည့်အတွက် စိုင်းရွက်ခမ်း မျက်ဝန်းအစုံ လက်ခနဲ တောက်ပသွားသည်။

"မသိဘူး... မသိဘူး၊ ကျွန်တော့်လက်ကို လွှတ်ဆို လွှတ်နော်"

သူမ၏အမည်ကို ထည့်မပြောတော့ဘဲ ချက်ချင်း တခြားနာမ်စားတစ်ခုကို ပြောင်းသုံးသွားသော ချစ်သူမျက်နှာလှလှလေးကို ကြည့်ပြီး သူ့ရင် မောသွားသည်။

"ခင်ဗျား ပြောနေတာ မရဘူးလား"

"မရဘူး"

"ဟင်..."

လုံမေက သူမလက်ကလေးတစ်ဖက်ကို စိုင်းရွက်ခမ်းလက်ထဲက နှုတ်အတင်း ရုန်းယူဖို့ ကြိုးစားလျက်ရှိရာမှ စိုင်းရွက်ခမ်းထံမှ ခမျှော်လင့်သော စကားကြောင့် အံ့ဩထိတ်လန့်သော မျက်ဝန်းရွဲကြီးများဖြင့် သူ့မျက်နှာချောချောကို ဖျတ်ခနဲ မော့ကြည့်လျက် အရုန်းရပ်သွားပါသည်။





စိုင်းရွက်ခမ်းကတော့ လှပသော မျက်ဝန်းရွဲကြီးများနှင့် အဆုံမှာ ရင်တစ်ခုလုံး သိမ့်ခနဲ လှုပ်ခတ်နွေးထွေးသွားကာ သူ့ရင်မှာ တစ်ခါမှ ဖြစ်ပေါ်ခံစားဖူးခြင်း မရှိသော ဝေဒနာတစ်မျိုး ညင်သာလျင်မြန်စွာ ဖြတ်သန်းစီးဆင်းသွားတာကို ခံစားသိရှိလိုက်ပါသည်။

"ခင်ဗျား... ခင်ဗျား ကျွန်တော့်ကို ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ဘူး၊ စကားပြောချင်လို့၊ ခင်မင်ချင်လို့ပါ"

စိုင်းရွက်ခမ်း၏ စကားကို မယုံကြည်ဟန်ဖြင့် တစ်ချက်မော့ကြည့်ပြီး သူမလက်ကို နှုတ်အတင်း ဆောင့်ရုန်းလိုက်သည့်အတွက် စိုင်းရွက်ခမ်းက သူမလက်လေးကို ပိုတိုး၍ ဆုပ်ကိုင်ထားလိုက်ပါသည်။

"လွှတ်"

"ကိုယ် လွှတ်ပေးလိုက်ရင် ချာတိတ်က ထွက်ပြေးဦးမှာပဲ မဟုတ်လား"

လုံမေထံမှ ဘာသံမှ ထွက်မလာသဖြင့် သူ ပြုံးလိုက်သည်။

"ကိုယ့်နာမည် စိုင်းရွက်ခမ်း၊ ချာတိတ်ကို မြင်မြင်ချင်း ခင်မိလို့ ချာတိတ်နဲ့ မိတ်ဆွေဖြစ်ပါရစေ၊ ခွင့်ပြုမယ်မဟုတ်လားဟင်"

ဘယ်မိန်းကလေးကိုမှ မပြောဖူးသောစကားကို စိုင်းရွက်ခမ်း ကိုယ်တိုင် လိုလားနှစ်ခြိုက်စွာ အလျှော့ပေးတောင်းဆိုနေမိသည့် အဖြစ်ကို သူ့မိတ်ဆွေအပေါင်းအသင်းတွေ ကြားလျှင် လှောင်ပြောင်ရယ်မောကြမည်ဆိုလျှင်တောင် သူ ဂရုစိုက်မည်မဟုတ်ပါ။

"ချာတိတ်"

www.burmeseclassic.com



"ကျွန်တော့်လက်ကို လွှတ်ပါ"

"လွှတ်ပေးရင် ချာတိတ်နဲ့ ကိုယ်က မိတ်ဆွေဖြစ်ခွင့်ရမှာလား"

သူလိုချင်တာကို တောင်းဆိုလိုက်သည်။

"ကျွန်တော် ခင်ဗျားနဲ့ မခင်ချင်ဘူး"

"ဟင်... "

ပွင့်လင်းပြတ်သားသည့်စကားက စိုင်းရွက်ခမ်းဘဝမှာ တစ်ခါမှ မကြားဖူးသည့် စကားဖြစ်နေသည်။ စိုင်းရွက်ခမ်းလို လူတစ်ယောက်ကို ခင်မင်ပတ်သက်လိုသူ မိန်းမချောလေးပေါင်း မြောက်မြားစွာ ရှိနေသည့်ကြားမှ သူမကတော့ သူ့လိုလူတစ်ယောက်နှင့် မခင်ချင်ဘူးဆိုပါလား။

စိုင်းရွက်ခမ်း ချာတိတ်၏ မျက်နှာလှလှလေးကို စူးစိုက်ကြည့်လိုက်သည်။

"ချာတိတ်က ဘာလို့ ကိုယ်နဲ့ မခင်ချင်ရတာလဲ"

"မုန်းလို့ပေါ့"

"ဟာ... "

"ဗလအားကိုးနဲ့ လူကို အနိုင်ကျင့်လို့ ဗိုလ်ကျနေတာ ခင်ဗျား မရှက်ဘူးလား"

"ချာတိတ် ကိုယ့်ကို အထင်လွဲနေပြီ"

"အထင်မလွဲစေချင်ရင် ကျွန်တော့်လက်ကို အခုလွှတ်ပါ"

သူ ဘာမှမတတ်နိုင်တော့ပါ။ ချာတိတ်အလိုကျ သူမလက်ကလေးကို ညင်သာစွာ ဖြေလွှတ်ပေးလိုက်သည်နှင့်...





"ကဲဟယ်... "

"အွပ်... "

"ဝုန်း... "

"ဖွမ်း... ဖွမ်း"

"ဟေး... ချာတိတ်... "

လုံမေက သူမလက်ကလေး လွှတ်သည်နှင့် တပြိုင်နက် တင်စဉ်းစားထားသည့် အကြံအစည်တိုင်း စိုင်းရွက်ခမ်း၏ ရင်ဘတ်ကို သူမ၏လက်ကလေးနှစ်ဖက်နှင့် အားကုန် ဆောင့်တွန်းပစ်လိုက်ခြင်းဖြစ်သည်။

ထင်မှတ်မထားသည့် အနေအထားကြောင့် စိုင်းရွက်ခမ်း ထိုသို့ လဲပြိုသွားချိန်မှာ သူမကတော့ ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ အားကုန်ပြေးထွက်သွားခဲ့ပြီ ဖြစ်သည်။

သူ နေရာမှ လူးလဲထပြီး ချာတိတ်နောက်ကို ပြေးလိုက်ရန် ပြင်ဆင်လိုက်စဉ်မှာပင် ကိုအိုက်ပီးတို့လူစုကို တွေ့လိုက်ရသဖြင့် ဘာမှမတတ်နိုင်ဘဲ ဖြစ်သွားရပါသည်။

ချာတိတ်လေးရယ်... ။

မင်းလေး ဘယ်သူလဲကွယ်... ။

သူ့မျက်စိရှေ့မှာပင် သစ်ပင်များကြား ဝင်ရောက်ပျောက်ကွယ်သွားသူလေးကို ကြည့်ကာ သူ လိုက်လံ့စွာ ညည်းညူလိုက်မိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့… ကိုရွက်ခမ်း၊ ဒါက ဘယ်လိုဖြစ်တာလဲဗျာ၊ လူတ
ကိုယ်လုံးလဲ ရေတွေရွှဲလို့ပါလား"

"ဟုတ်တယ်ဗျာ၊ ခင်ဗျားနှုတ်ခမ်းကို ဘာနဲ့ခိုက်မိတာ
နှုတ်ခမ်းကွဲပြီး သွေးထွက်နေတယ်ဗျာ"

ကိုလောက်ဆိုင်၏စကားကြောင့် စိုင်းရွက်ခမ်း သူ့နှုတ်ခမ်း
လက်ချောင်းများဖြင့် ဖွဖွတို့ထိ စမ်းသပ်ကြည့်လိုက်တော့ သွေ
တချို့ သူ့လက်မှာ စွန်းပေလာတာကို ကြည့်ပြီး သူ ပြုံးလိုက်သ

"အဟွန်း"

သူ့အတွက် ချာတိတ်ပေးခဲ့ကဲ့ အမှတ်တရဒဏ်ရာလေးတ
မဟုတ်ပါလား။

အပေါ်ယံဒဏ်ရာက ဆေးဝါးကုသ၍ ပျောက်ကင်းသွား
ပေမဲ့ အသည်းနှလုံးက ဒဏ်ရာကိုတော့ ချာတိတ်မှလွဲ၍ တ
ဘယ်သူမှ ဝင်ရောက်အစားထိုးလို့မရနိုင်တာကို စိုင်းရွက်ခမ်းအ
သူမကိုပါ သိစေချင်မိပါသည်။

"ဘာမှမဖြစ်ပါဘူးဗျာ၊ စမ်းချောင်းကို အဖြတ်မှာ ခြေ
လဲရင်း ခိုက်မိတာပါ"

"ခင်ဗျားတို့ရော ဘာလို့ နောက်ကျနေတာလဲဗျာ"

"ဟာ… ကျုပ်တို့အဖွဲ့ ကံကောင်းလို့ အသက်မသေဘဲ
ရောက်လာတာဗျို့၊ မုဆိုးက သားကောင်ပြန်ဖြစ်ရတာ ဒီတစ်
ကြုံဖူးသေးတယ်"

"တစ်ခါဆို ဆိုသလောက်ပဲ ကိုရွက်ခမ်းရေ၊ အဖြ





ဒီလိုဗျာ… "

ကိုအိုက်ပီးက သူတို့အဖွဲ့ အမဲတောင်ကိုရှာရင်း အမဲကောင်က
သူတို့နောက်ကို ခြေရာခံပြီး ပြန်အလိုက်ခံရကြောင်း အာပေါင်အာရင်း
သန်သန် စိတ်ပါဝင်စားစွာ အားပါးတရ ပြောနေသည့်စကားများက
စိုင်းရွက်ခမ်း၏ နားထဲမှာ မကြားတစ်ချက် ကြားတစ်ချက် ရှိနေပါ
သည်။

သူ့အတွေး သူ့အာရုံထဲမှာ စိုးမိုးနေရာယူသူက လုံမေလား…
လုံမီလား ကွဲပြားစွာ သိခွင့်မရလိုက်ရဘဲ ရင်မှာ မြတ်နိုးစွာ စွဲလမ်း
သွားမိသည့် ချစ်သူလှလှလေးအကြောင်းပဲ ဖြစ်သည်။

ချာတိတ်ရယ်… ။

မင်းလေးကို ကိုယ် သိပ်ချစ်မိပြီကွယ်… ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ရှုးတယ်လို့ပဲ ဆိုဆို... ။

စိုင်းရွက်ခမ်းကတော့ လုံမေနှင့် ဆုံတွေ့ခဲ့သည့်နေရာကို နောက်တစ်နေ့မှာ ချက်ချင်းပြန်လည်ရောက်ရှိလာကာ သူတွေ့မြင်လိုလှသော ချစ်သူမျက်နှာလှလှလေးကို ခြေရာခြင်းထပ်အောင် မမောတမ်း ရှာဖွေနေမိပါသည်။

တစ်ရက်၊ နှစ်ရက်၊ ရက်ကလေးတွေသာ ကြာသွားသည်။ သူတွေ့လိုမြင်လို၍ ရှာဖွေလိုသူလေးကတော့ အရိပ်အယောင်ပင် မြင်တွေ့ခင်မရအောင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့လေပြီ။

ချာတိတ်ရယ်... ။

ချစ်သူ၏ အမည်လေးကိုပင် သေချာရေရာစွာ သိခွင့်မရလိုက်သည့်အဖြစ်ပါလား။ လှပနုနယ်လွန်းသော သူမက တောထဲတောင်ထဲမှာ နေထိုင်သူတစ်ယောက် လုံးဝမဖြစ်နိုင်တာကို သူသိပါသည်။





ဒါဖြင့် သူမ ဘယ်သူလဲ။

ဘယ်ကလဲ... ။

ဘာကိစ္စနှင့် တောထဲတောင်ထဲကို ရောက်နေရတာလဲဆိုသည့် မေးခွန်းတွေ တစ်သိကြီးမေးနေမိသော်လည်း ထိုမေးခွန်း၏ အဖြေကို ဖြေဆိုမည့် ချစ်သူလေးကဖြင့် သူ့အနားမှာ အတွေ့ရှိ၍မနေခဲ့ပါ။

ဆေးမြစ်၊ ဆေးဥ ရှာဖွေရန် လာကြသူများကို သူ အမဲပစ်ထွက်ရင်း တောထဲမှာ မကြာခဏ ဆုံဖူးပါသည်။

ချာတိတ်ကလည်း ထိုအဖွဲ့ထဲက တစ်ယောက်များ ဖြစ်နေမည်လားဟု အနီးစပ်ဆုံး အဖြေကို သူ့ဘာသာ ရှာကြည့်နေမိသည်။

လူ့စိတ်ဆိုတာကလည်း ဆန်းကြယ်သည်။ မတွေ့ရလေ ပိုတွေ့ချင်လေ။ သူ့လိုလူတစ်ယောက်ကို ကြည့်မရအောင် မုန်းပါသည်ဟု ဆိုသူလေးကိုမှ စိုင်းရွက်ခမ်း၏ အသည်းနှလုံးထဲကနေ လှိုက်လှဲစွာ မြတ်နိုးချစ်ခင်စွဲလမ်းနေခဲ့သည့်အဖြစ်... ။

သိပ်ချစ်တယ် ချာတိတ်ရယ်... ။

ကိုယ်ချစ်တဲ့ မြတ်နိုးရတဲ့ ချစ်သူကို မတွေ့တွေ့အောင်ရှာဖို့ ကိုယ် ဆုံးဖြတ်လိုက်ပါပြီ။

ကိုယ်ရဲ့ စစ်မှန်လေးနက်တဲ့ ချစ်ချင်းမေတ္တာကြောင့် သိပ်မကြာခင်မှာ ကိုယ်တို့ ချစ်သူနှစ်ယောက် အမြန်ဆုံး ဆုံခွင့်ရကြမှာပါ။

ဆုံးဖြတ်ချက်ချပြီးလျှင် မဖြစ်ဖြစ်အောင် လုပ်တတ်သူ စိုင်းရွက်ခမ်းတစ်ယောက် သူမနှင့် ဆုံတွေ့ရာ တောအနှံ့ကို ရှာဖွေ၍ မရသည့်အခါ အနီးစပ်ဆုံး ရွာနီးပတ်ဝန်းကျင်များကို စတင်ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com



ရန် ဆုံးဖြတ်လိုက်ပါသည်။

ဟိုးတုန်းက စီးပွားရေးလုပ်ငန်းခွင်မှလွဲ၍ ဘာကိုမှ စိတ်ဝင်စားခြင်းမရှိသည့် စိုင်းရွက်ခမ်းတစ်ယောက် အခုတော့ မည်သည့်စီးပွားရေးလုပ်ငန်းကိုမှ အာရုံစူးစိုက်နိုင်ခြင်းမရှိတော့ဘဲ ချစ်သူပျောက်ရှာပုံတော်ဖွင့်နေမိပါသည်။

ရှာလို့သာ ရှာနေရသည်။

ချာတိတ်၏အမည်ကို သေချာတိကျစွာ သိသူမဟုတ်တော့ ထင်သလောက် မလွယ်ကူပါ။

ပထမရွာမှာ လုံမီဆိုသည့်အမည်ကို မည်သူမှ မကြားဖူးကြသလို သူ့ကိုလည်း အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကျတာကိုပါ မသိဟန်ဆောင်နေလိုက်ရပါသည်။

စိုင်းရွက်ခမ်းတစ်ယောက် သူချစ်မြတ်နိုးစွာ စွဲလမ်းမိပြီဖြစ်သော မိန်းမလှလေးကို မတွေ့တွေ့အောင် ရှာဖွေနေသည့်အချိန်မှာ လုံမေတစ်ယောက်ကတော့ အိပ်ရာထဲမှာ အဖျားရောဂါဖြင့် လဲလျက်ရှိနေပါသည်။

"လုံမေ... "

"လုံမေ... "

"အင်း... "

"ဒီမှာ ဆေးသောက်ရအောင် မျက်လုံးဖွင့်ဦးလေ"

မာဆေး၏အသံကို ကြားသော်လည်း လုံမေမျက်လုံး မဖွင့်ဘဲ ပေကပ်ငြိမ်သက်နေလိုက်ပါသည်။ အဘကိုယ်တိုင် ရှာဖွေဖော်စပ်





...သည့် ဆေးတွေဖြစ်ပေမဲ့ ဆေးသောက်ရမှာ ကြောက်သော ...မေက ဆေးတစ်ခွက်ကို ဖြောင့်အောင် ဘယ်တော့မှ သောက်လေ့ ...တော်ပါ။

အနာမှာ လူရှိနေလျှင် တစ်မျိုးမဟုတ်တစ်မျိုး ညည်းညူ ...ပြီးမှ ဆေးတစ်ခွက်ကို မနည်းမျိုချတတ်သူမျိုး ဖြစ်သလို ...စ်သည့်အချိန်မျိုးကျပြန်တော့လည်း ဆေးကို သောက်ချင်ဟန် ...င်ကာ သွန်ပစ်တတ်သူပါသည်။

အခုလည်း အဖျားရောဂါက မရှည်ကြာသင့်ဘဲ ရှည်ကြာနေရ ...သည်။

အကြောင်းက လုံမေတစ်ယောက် သူမ သောက်ရမည့်ဆေးတွေ ...လူအလစ်မှာ မကြာခဏ သွန်ပစ်တတ်ခြင်းကြောင့် ဖြစ်သည်။

အခုလည်း ဆေးသောက်ချိန်ရောက်လာပြန်ပြီမို့ လုံမေ အကြို ...က်ထုတ်၍ ငြိမ်သက်နေခြင်း ဖြစ်သည်။

"လုံမေ"

"ထားခဲ့ပါ၊ လုံမေဘာသာ သောက်ပါမယ်"

"မရဘူး... မရဘူး၊ လုံမေကို မာဆေးကိုယ်တိုင် ဆေးတိုက် ...ို့မဟုတ်ရင် လုံမေက ဆေးတွေမသောက်ဘဲ သွန်ပစ်မှာ ... သိတယ်"

"သွန်ပါဘူးဆို မာဆေးကလဲ"

"ယပါကွယ်၊ လုံမေက လိမ္မာပါကယ်၊ အဖျားတာရှည်နေမှာ ... ကလေးရယ်"

www.burmeseclassic.com



လုံမေအကြောင်းကို သိနေသည့် မားဆေးက ကလေးတ
ယောက်ကို ချော့မော့သလိုမျိုး ချော့မော့၍ လုံမေကို သူ့မျက်စိရှေ့မှ
ပင် ဆေးတစ်ခွက်မဝင် ဝင်အောင် ကြိုးစား၍ တိုက်နေခြင်း ဖြစ်
သည်။

မာဆေးကို သနား၍ မာဆေး အလိုကျ လုံမေ ဆေးခွက်
ယူသောက်လိုက်ရပါသည်။

"အိး... ခါးလိုက်တာ"

"ခါးရင် ဒီအချိုလေး နည်းနည်းစားပြီး ရေနွေးပူပူလေး
သောက်လိုက်၊ ဟုတ်လား"

"အင်း... အင်း"

မာဆေးက လုံမေကို ကလေးပေါက်စလေးတစ်ယောက်
ပြုစုသလို ပါးစပ်ထဲ ပျားရည်စက်အနည်းငယ်ချပေးပြီး ရေနွေးပူ
ကို အနည်းငယ်သောက်စေလျက် အိပ်ရာထက်မှာ နွေးထွေးစွာ
လှဲနေစေပါသည်။

"အိပ်ပျော်အောင် အိပ်နေနော် ကလေး၊ မာဆေး အဘပြန်လာ
ရင် အသင့်စားနိုင်အောင် ချက်ပြုတ်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

လုံမေ ခေါင်းကလေးညိတ်ပြပြီး မျက်လုံးလေးကို ပိတ်ထား
လိုက်သည်။ အိပ်ရာထဲမှာ နေရသည့်အဖြစ်ကို လုံမေ သဘောမတွေ့
နိုင်တော့ပါ။

ထို့ကြောင့် မာဆေး၏ ခြေသံပျောက်သွားသည့်အထိ





နားထောင်ပြီး ငြိမ်နေရာမှ ခြေသံပျောက်သွားသည်နှင့် အိပ်ရာမှ
အသာထလိုက်ပါသည်။

ထို့နောက် ဘောင်းဘီရှည်ပွပွနှင့် အနွေးအင်္ကျီထူကို လဲလှယ်
ဝတ်ဆင်လိုက်ပြီးနောက် အောက်ထပ်မီးဖိုချောင်ထဲမှ ထမင်းဟင်းချက်
နေသည့် မာဆေးမသိအောင် အိမ်ထဲမှ အသာလစ်ထွက်ခဲ့သည်။

ငယ်စဉ်က လုံမေတွင် မိဘနှစ်ပါးစလုံး မရှိခဲ့ပါ။

လုံမေမိဘများမှာ စီးပွားရှာဖွေရင်း ရုတ်တရက် နှစ်ယောက်
စလုံး ကွယ်လွန်သွားသည်အခါ လုံမေကို အဘိုးဖြစ်သူနှင့် အဒေါ်ဖြစ်သူ
မာဆေးကိုက ယုယစွာ ကျွေးမွေးစောင့်ရှောက်လာခဲ့ကြခြင်း ဖြစ်သည်။

မာဆေးရော အဘိုးကပါ လုံမေကို သိပ်ချစ်ကြသူများ
ဖြစ်သည့်အတိုင်း လုံမေမျက်နှာလှလှလေးကို တစ်ချက် အညိုမ
တတ်ကြသူများလည်း ဖြစ်ပါသည်။

ဘာကိစ္စပဲဖြစ်ဖြစ် လုံမေ ခေါင်းငဲ့၍ ဆိုးနွဲ့လိုက်သည်နှင့်
အားလုံး လုံမေသဘောအတိုင်း လိုက်လျောခွင့်ပြုတတ်ကြသူများ
ဖြစ်သည့်အတိုင်း ဆေးမြစ်ရှာသည့်အဖွဲ့နှင့် လုံမေ မကြာခဏ
လိုက်ပါခွင့်ရခဲ့သည်။

ထိုသို့ အလိုက်ကောင်း၍လည်း ဟိုလူကြီးနှင့် ဆုံရ
အခုလို ဖျားနာသည့်အထိ ဖြစ်ရခြင်းဖြစ်သည်။

ဟွန်း... ရုပ်ကြီးကိုက မုန်းစရာ... ။

သူ့ကြောင့် လုံမေ တစ်ကိုယ်လုံး ရေတွေရွှဲရွှဲစိုခဲ့ရသည်
တောထဲတောင်ထဲလာတာ လဲစရာဝတ်စုံပို ပါလာတာ မဟုတ်တော့



www.burmeseclassic.com

www.burmeseclassic.com



သူထွက်သွားသည့်အချိန်ကို စောင့်နေပြီးမှ ကိုယ့်အဖွဲ့ရှိရာကို ပြန်ခဲ့ရသည့်အဖြစ်။

အားလုံးက လုံမေ ပျောက်ကွယ်သွားတာကို မသိလိုက်ကြ။ တစ်ကိုယ်လုံး ရေတွေစိုပြီး ပြန်ရောက်လာမှ မျက်လုံးပြူးသွားကြပြီး ဘယ်လိုဖြစ်လာတာလဲဟု အလန့်တကြား ဝိုင်းမေးကြသည်။

ကျားကြီးတွေ့လို့ဟု လုံမေဖြေတော့လည်း အဟုတ်ထင်ကြကာ ချက်ချင်း အိမ်ပြန်ဖို့ ပြင်ကြသည်။ တာဝန်ခံခေါ်လာသော ဦးအဒီးဆိုသည့် အဘိုး၏မိတ်ဆွေကတော့ သူ့မြေးများနှင့်အတူ လုံမေကို ခေါ်လာခဲ့ပြီးမှ လုံမေသာ တစ်ခုခုဖြစ်သွားခဲ့လျှင် ဆိုသည့် အတွေးနှင့် ထိတ်လန့်နေရှာပါသည်။

ခြံကိုပြန်ရောက်တော့ အဘိုးကမရှိ။ ထုံးစံအတိုင်း ခြံထဲကို ရောက်နေသဖြင့် မာဆေးကပဲ လုံမေကို ဆေးတစ်ခွက်တိုက်ပြီး နွေးထွေးစွာ အိပ်ငိုက်အနားယူစေသည်။

ထိုညက လုံမေ အပြင်းဖျားနေပါသည်။

မာဆေးရော အဘိုးပါ ပျာယာခတ်ကုန်ကြသည်။ နောက်ရက်ကျတော့လည်း အဖျားကမကျသဖြင့် မာဆေးက လုံမေအနားမှ မခွာတော့ပါ။

ဒီကြားထဲ လုံမေက သူမအတွက် အဘိုးပေးထားသည့် ဆေးတွေကို မစားဘဲ စားချင်ဟန်ဆောင်ပြီး ဝှက်ထားတော့ ပိုဆိုးပါသည်။ သုံးလေးရက် အိပ်ရာထဲမှာ ဆက်လဲနေပြီးမှ မာဆေးက လုံမေ အခြေအနေကို ရိပ်မိသွားကာ သူကိုယ်တိုင် သူ့မျက်စိရှေ့မှာ





လုံမေကို ဆေးသောက်စေခြင်း ဖြစ်သည်။

လုံမေ လိမ်ညာ၍မရတော့... ။

မာဆေးတိုက်သည့် ဆေးတွေကို ဖွတ်အတင်းမျိုချရသည်။ ခါးလိုက်သည်မှာ ပြောစရာမရှိ။

ဆေးဝင်တော့ အဖျားက သိသိသာသာ ကျသွားသည်။ လုံးဝ ကင်းပြတ်စွာ ပျောက်မသွားသေးသည်ကလွဲ၍ လုံမေအတွက် နေရထိုင်ရတာ ကြည်လင်လန်းဆန်းလျက် ရှိပါသည်။

ဒီတော့လည်း အမြဲအငြိမ်မနေတတ်သည့် လုံမေတစ်ယောက် အိပ်ရာတက်မှာ ငြိမ်ငြိမ်လေး မနေနိုင်၍ အဒေါ်ဖြစ်သူ မသိအောင် အိမ်က အသာလေးလစ်ထွက်လာခဲ့မိသည်။

ရုတ်တရက် ဘယ်ကိုသွားရမှန်းမသိ... ။

ကျောင်းပိတ်ရက်မို့ အားလုံးက အလုပ်ကိုယ်စီလုပ်ကာ ကျောင်းခိုးရအောင် ရှာကြဖွေကြသဖြင့် မည်သူမျှ အိမ်ကပ်သည့်သူ မရှိပါ။

ငွေရှိသူရော မရှိသူရော ဘယ်သူမှ အငြိမ်မနေကြပါ။ ကိုယ်နှင့် သင့်တော်သည့်အလုပ်တစ်ခုကို လုပ်ရင်း အချိန်ကို တန်ဖိုးရှိရှိ အသုံးချနေကြသူများ ဖြစ်သည့်အတိုင်း လုံမေလည်း တက္ကသိုလ်မတက်ခင် သူငယ်ချင်းများနှင့်အတူတူ အလုပ်လုပ်ချင်ပေမဲ့ အဘိုးက လုံးဝခွင့်မပြုတော့ စိတ်ညစ်ခဲ့ရသည်။

ဒီနေတော့ အဘိုးက ခြံထဲကို အစောကြီးထွက်သွားသည်။ ခြံပိုင်ရှင်သူဌေးလာမည်ဟု ပြောနေသံကို တစ်စွန်းတစ်စတော့ ကြားလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော့ စိတ်မဝင်စားပါ။

ခြံပိုင်ရှင်သူဌေးဆိုသူတွေကို လုံမေ မကြာခဏ မြင်ဖူးတွေ့ဖူးပါသည်။ အသက်ကြီးကြီး၊ ဗိုက်ရွဲ့ရွဲ့ကြီးများ ဖြစ်ကာ ပုံမလာ ပန်းမလာ စိတ်ပျက်စရာကောင်းရသည့်အထဲ ကပ်စေးကလည်း နှဲကျပြန်ပါသေးသည်။ ယခင်ခြံပိုင်ရှင် သူဌေး ဦးဇာနန်ဆိုလျှင် ခြံကိုလာတိုင်း အလုပ်သမားတွေကို လက်ညှိုးတစ်ထိုးထိုးနှင့် အနားမရအောင် ခိုင်းစေတတ်လွန်းသဖြင့် သူ့နှုတ်ခမ်းမွေးကြီးကို ဆောင့်ဆွဲပစ်ချင်စိတ်ပင် ပေါက်မိသည့်အကြောင်း ခြံအလုပ်သမားတစ်ယောက် ပြောဖူး ပြန်ကြားခဲ့ရဖူးပါသည်။

အခုတော့ ဦးဇာနန်လည်း မလာတော့ပါ။ သူ့ခြံကို တခြားသူဌေးတစ်ဦးအား လက်လွှဲရောင်းချသွားသဖြင့် သူဌေးအသစ်ကို အဘိုးကိုယ်တိုင် သွားကြိုဟန် တူပါသည်။

လုံမေတို့မှာလည်း သိပ်မများသော်လည်း ကိုယ်ပိုင်ခြံ ရှိပါသည်။ ထိုခြံထဲမှာပဲ လုံမေတို့ မြေးအဘိုး အိမ်ဆောက်နေကြခြင်း ဖြစ်သည်။ လုံမေတို့ခြံက ရွာနှင့် အလှမ်းမဝေးဘဲ တစ်ဆက်တည်းနီးပါးလောက် ဖြစ်သော်လည်း သူဌေးပိုင်သည့် ခြံမြေကတော့ ကျယ်ပြန့်များပြားလှသဖြင့် အဘိုးက ခြံကိုသွားတိုင်း မြင်းလှည်းမှာညိုကြီးကို စီးပြီး သွားလေ့ရှိပါသည်။

လုံမေတို့မှာ မြင်းလှည်းမှာမိဖြူနှင့် ညိုကြီးရှိရာ မိဖြူက လုံမေ အချစ်တော်ဖြစ်သည်။

"ဟေး... လုံမေ"





"အားရှန်ပါလား၊ နင် အလုပ်မသွားဘူးလား"

ချင်းပလိုင်းတစ်ခုကို ခေါင်းမှာချိတ်ထားသည့် အားရှန်က သွားတက်ကလေးများပေါ်သည့်အထိ ပြုံးရယ်၍ ခေါင်းယမ်းပါသည်။

"အေးဟော့၊ အိမ်မှာ အမေနေမကောင်းဘူးလေ၊ အမေ့ကို ပြုစုနေရတာပေါ့၊ နင်ရော နေကောင်းပြီလား"

"အင်း... အဖျားနည်းနည်းကျန်သေးတယ်၊ နောက်တစ်ရက်နှစ်ရက်ဆို ပျောက်မှာပါ၊ ဒါနဲ့ နင် အခု ဘယ်ကပြန်လာတာလဲ"

"ဟိုဘက်ရွာကလေ"

"အဲ... အခုမှ သတိရတယ်၊ နင့်ကို လူတစ်ယောက် လိုက်ရှာနေတယ်လို့ ဟိုဘက်ရွာက ငါ့အဒေါ်က ပြောလိုက်တယ်"

"ဟမ်... လူတစ်ယောက်က လုံမေကို လိုက်ရှာနေတယ် ဟုတ်ရဲ့လားဟယ်"

လုံမေ ကိုယ့်နားကိုယ် မယုံသလို ပြောလိုက်သည်။

"ကားအကောင်းစားကြီးနဲ့လေ၊ အရပ်မြင့်မြင့် ရုပ်ချောချောလို့တော့ ပြောတယ်၊ နင် မသိဘူးလား"

"ဟင့်အင်း"

"မသိပါဘူး၊ လုံမေအသိထဲမှာ အဲ့ဒီလိုလူမျိုးတစ်ယောက်မှ မရှိပါဘူး အားရှန်ရယ်၊ လုံမေကို လိုက်ရှာနေတယ်ဆိုတာ ဟုတ်ရောဟုတ်ရဲ့လား"

"လူမှားနေတာ နေမှာပါဟယ်"

အားရှန်က မျက်လုံးကျဉ်းလေးနှင့် လုံမေမျက်နှာလှလှလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်ရင်း စဉ်းစားသလိုလေး ငြိမ်နေပါသည်။

"ငါ့အဒေါ်ပြောတာတော့ နင်ပဲ၊ နင့်အသိမိတ်ဆွေထဲက တစ်ယောက်ယောက်များ ဖြစ်နေမလား စဉ်းစားဦးလေ"

"အသိမိတ်ဆွေ"

လုံမေ အသိမိတ်ဆွေမှာ အားရှန် အဒေါ်ပြောသလို ကား အကောင်းစားကြီးနှင့် အရပ်မြင့်မြင့် ရုပ်ချောချောယောကျ်ားလေး အသိမိတ်ဆွေမျိုးမရှိပါ။

"အသက်အရွယ်က လုံမေတို့လောက်ပဲတဲ့လား"

"ဟင့်အင်း၊ အသက်သုံးဆယ်လောက်ရှိပြီတဲ့"

"ဟင်..."

"ဒါဆို လုံမေ မိတ်ဆွေ ဘယ်ဖြစ်နိုင်တော့မှာလဲ၊ ဖြစ်ခြင်းဖြစ် မာဆေးနဲ့ အဘိုးမိတ်ဆွေပဲ ဖြစ်မှာပေါ့"

"အဘိုးနဲ့ မာဆေး မိတ်ဆွေဆိုရင် နင့်နာမည်မေးပြီး လိုက်ရှာနေပါ့မလား လုံမေရဲ့၊ နင်တို့အိမ်ကိုပဲ တည့်တည့်လာမှာပေါ့"

အားရှန်စကားကြောင့် လုံမေ မျက်ခုံးလေးတွန့်သွားသည်။

"အဲဒါလဲ ဟုတ်တာပဲ အားရှန်ရဲ့၊ လုံမေအသိမိတ်ဆွေထဲမှာလဲ အဲဒီလိုလူမျိုးမရှိပါဘူးဟယ်"

"ဘယ်သူများပါလိမ့်နော်"

"ခစ်... ခစ်"

စိတ်ရှုပ်ထွေးသွားသည့် လုံမေအမူအရာလေးကိုကြည့်ပြီး အားရှန်က သဘောကျသလို တခစ်ခစ်ထရယ်လိုက်သဖြင့် လုံမေ





နှုတ်ခမ်းလေး စူသွားရပါသည်။

"စိတ်ညစ်ပါတယ်ဆိုမှ အားရှန်က လူကို ဘာရယ်တာလဲ

"ငါ့အထင်ပြောရမလား"

"ပြောပေါ့"

အားရှန်မျက်နှာလေးက ပြုံးစိစိ...။

"နင့်အသိမိတ်ဆွေထဲမှာ အဲဒီလူမရှိတာ သေချာတယ်နော်

"သေချာပါတယ် အားရှန်ရဲ့"

"ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"အဲဒီလူက တခြားသူမဟုတ်ဘူး"

"နင်က သိတယ်လား"

အပြုံးဖြင့် အားရှန်က ခေါင်းညိတ်သည်။

"ဒါဖြင့် အဲဒီလူက ဘယ်သူလဲဟင်"

"နင့်ကိုကြိုက်တဲ့လူပေါ့"

"ဟာ..."

မျှော်လင့်ထားသည့်အဖြေနှင့် တခြားစီဖြစ်နေသဖြင့် လုံ စိတ်ညစ်သွားချိန်မှာ အားရှန်ကတော့ သူ့အဖြေစကားကို ကျေ သဘောကျသလို တခစ်ခစ်ရယ်မောမဆုံး ရှိနေပါသည်။

"အရေးထဲမှာဟယ်၊ နင်ကလဲ လူကို လာနောက်နေ တယ်"

"နောက်တာမဟုတ်ဘူးနော်၊ ငါ တကယ်ပြောနေတာ စဉ်းစားကြည့်လေ၊ သူက နင့်နာမည်မေးပြီး လိုက်ရှာနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက နှင်းနေတဲ့နေရာကို မသိလို့ပဲ မဟုတ်ဘူးလား"

"အေးလေ၊ အဲ့ဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ နှင်းက သိပ်ချောသိပ်လှတော့ သူက နှင့်ကို တစ်နေနေရာမြင်ဖူးလို့ ချစ်လို့ကြိုက်လို့ လိုက်ရှာနေတာပဲ နေမှာပေါ့"

"မဖြစ်နိုင်တာဟယ်"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ ဖြစ်နိုင်လို့ပဲ ရှာတဲ့သူက နှင့်ကို လိုက်ရှာနေပြီပဲ၊ လုံအောင် ပုန်းဖို့သာ ကိုယ့်ဘာသာ စဉ်းစားထား"

"ငါ သွားတော့မယ်သိလား၊ အခြေအနေထူးရင်လဲ ငါ့ကို ပြောပြဦး"

"အေးပါဟယ်"

လုံမေ စိတ်ရှုပ်ထွေးစွာ ခေါင်းညိတ်ပြလိုက်ပါသည်။

သူ ဘယ်သူလဲဆိုတာ လုံမေလည်း စဉ်းစားလို့မရပါ။ ရှေ့ဆက်မသွားတော့ဘဲ အိမ်ကိုပြန်ခဲ့သည်။ မီးဖိုထဲမှာ အလုပ်ရှုပ်နေသည့် မာဆေးတစ်ယောက် လုံမေ အိမ်ကထွက်သွားတာကို သိပုံမရသလို အိမ်ပြန်လာတာကိုလည်း မသိလိုက်ပါ။

အိပ်ရာထက်မှာ လူက ငြိမ်ငြိမ်လေး မျက်စိမှိတ်ငြိမ်သက်နေသောလည်း လုံမေစိတ်တွေကတော့ မဆုံးနိုင်အောင် ပျံ့လွင့်လျက်ရှိပါသည်။

* * *





# အခန်း (၄)

လုံမေကို လူတစ်ယောက်လိုက်ရှာနေသည်ဆိုသော စကားက အားလုံးအတွက် စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတစ်ပုဒ် ဖြစ်သွားကာ လုံမေကို လိုက်ရှာနေသည့် လူချောကြီး ဘယ်သူ ဘယ်ဝါလဲဆိုတာကိုပါ တိုးတိုးကျိတ်ကျိတ် စိတ်ဝင်စားလျက် ရှိနေကြပါသည်။

ထိုသူတွေထဲမှာ လုံမေကို ပြိုင်ဘက်တစ်ယောက်လို သဘောထားနေသည့် ခမ်းဝါတစ်ယောက်လည်း အပါအဝင်ဖြစ်ရာ လုံမေ အပေါ်မှာ ကျိတ်ပြီး မနာလိုမုန်းထားနေမိသူပီသစွာ လုံမေကွယ်ရာတွင် မဲ့ကာရွဲ့ကာနှင့် အတင်းပြောမဆုံးအောင် ဖြစ်နေပါသည်။

"အလကားပါဟယ်၊ သူ့ကိုလိုက်ရှာနေတယ်ဆိုတဲ့လူကို သူ သိကိုသိမှာပါ၊ သူတို့အချင်းချင်း တစ်နေရာမှာ တွေ့ဖူးဆုံဖူးကြသူ သာ ဟိုက သူ့ကို လိုက်ရှာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေး… အဲ့ဒါလဲ ဖြစ်နိုင်တာပဲနော်၊ ဟိုလူက လုံမေ သူမသိဘဲ လိုက်ရှာရဲပါ့မလား"

"ငါတို့ရှေ့မှို့ မသိဟန်ဆောင်ပြီး ပြောနေတာနေမှာ သူတို့အချင်းချင်းတော့ သိပြီးသားနေမှာပါ"

"မိန်းမကိုက သူ့ကိုယ်သူ သိပ်လှတယ်ဆိုပြီး ဟိုလူရှေ့ ဘာတွေသွားလုပ်ပြနေမှန်းမှ မသိတာ၊ ဟိုက တမ်းတမ်းစွဲဖြစ် လိုက်ရှာနေရတာကိုသာ စဉ်းစားကြည့်တော့"

"ဟယ်… ခမ်းဝါကလဲ လုံမေက အဲ့ဒီလိုမိန်းကလေး မဟုတ်ပါဘူး၊ ဟိုလူ့ဘာသာ သူ့သဘောနဲ့သူ လိုက်ရှာတာ နေမှာပါ"

သူငယ်ချင်းအချင်းချင်း အားမနာဘဲ ပိုးစိုးပက်စက် ပြောလျှ ရက်သော ခမ်းဝါကိုကြည့်ပြီး အားရှုန်စိတ်ထဲမှာ နည်းနည်း သဘောမတွေ့မိပါ။

ခမ်းဝါလည်း လှတော့လှပါသည်။ သို့ပါသော်လည်း သူ့အ က လုံမေနှင့် နှိုင်းယှဉ်လိုက်တော့ လမင်းနှင့် ပိုးစုန်းကြူ ကွာခြားနေသူဖြစ်သည်။

လုံမေနှင့် ပတ်သက်တိုင်းလည်း ခမ်းဝါက ဘယ်တော့ အကောင်းမြင်လေ့မရှိသူပီပီ အခုကိစ္စမှာလည်း လုံမေ ဂုဏ်သိက္ခာ ထိခိုက်စေမည့် စကားကို တမင်ရွေးပြီး သုံးလိုက်ခြ [illegible]ဖြစ်သည်။

"ငါ ပြန်တော့မယ်နော် အားရှုန်"

"အေးပါ၊ ညနေဘက်ကျမှ ငါ နင်တို့အိမ်ဘက်ကို [illegible]





ဦးမယ်"

"လာခဲ့လေ ဒီညနေ ငါ ဘယ်မှမသွားဘူး၊ အိမ်မှာရှိတယ် သိလား"

အားရှုန် ခေါင်းညိတ်ပြလိုက်သည်။

ခမ်းဝါ ထွက်သွားရာကို လိုက်ကြည့်ရင်း သူမ သက်ပြင်းချ လိုက်သည်။

ခမ်းဝါနှင့် လုံမေတို့မှာ တစ်ယောက်တစ်မျိုး လှကြသလို စိတ်တွေကလည်း မတူပါ။ လုံမေစိတ်က ကလေးတစ်ယောက်လို ပကတိဖြူစင်ရိုးသားသူ ဖြစ်ပြီး ခမ်းဝါလို ဘယ်သူငယ်ချင်းအပေါ်မှာမှ ထိခိုက်နစ်နာအောင် ပြောဆိုတတ်သူလည်း မဟုတ်ပါ။

ခမ်းဝါကတော့ လုံမေလို့မဟုတ်။

သူ့စိ[illegible]မ်ကြောက်[illegible]ဝိုင်း တစ်ဖက်သားအပေါ်မှာ မညှာမတာ ပြောဆိုတတ်[illegible] တွေ[illegible] လုံမေအပေါ် ချစ်ခင်တွယ်တာမိ သလောက် ခမ်းဝါ[illegible] [illegible]ကျက်ရွံ့သလိုကြီး ဖြစ်မိသည်။

"သွားစမ်း… အ[illegible] တွေ"

"ဝုန်း"

"ဒုန်း"

မှန်တင်ခုံပေါ်က ပေါင်ဒါဘူးကို ဆွဲပြီး အခန်းထောင့်ကို လွှင့်ပစ်လိုက်သူက ခမ်းဝါဖြစ်သည်။ အားရှုန်ရှေ့မှာ ဘာမှမဖြစ်သလို ဟန်ဆောင်ခဲ့ရပေမဲ့ အခုတော့ တင်းမာခက်ထန်သည့်မျက်နှာ ဒေါသမျက်လုံးများဖြင့် မှန်ထဲက သူမပုံရိပ်ကို စူးစိုက်ကြည့်နေမိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကားအကောင်းစားကြီးနှင့် လူချောလူလှတစ်ယောက်က လုံမေကို လိုက်ရှာနေသည်ဟု ကြားစတုန်းက ခမ်းဝါတစ်ကိုယ်လုံး မီးလို ပူလောင်သွားခဲ့သည့်အထိ မနာလိုစိတ်တွေ ပြင်းထန်ဆိုးရွားခဲ့သည်။

သူဌေးလူချောတစ်ယောက်က လုံမေကိုရှာပြီး သူမကိုတော့ ဘာကြောင့် လိုက်မရှာရသနည်းဟု အကြောင်းကြောင်း တွေးလို တွေးမိပြန်ပါသေးသည်။

ခမ်းဝါကို လူတိုင်းက လှသည်ဟု ပြောကြသည်။ လုံမေ အလှကို မြင်မြင်ခြင်း စွဲလမ်းသွားအောင် သူမအလှအပတွေက မစွမ်းဆောင်နိုင်တော့ဘူးတဲ့လား။

မှန်ထဲမှာ မြင်ရ[illegible]ရှေသောပုံရိပ်ကို ကြည့်ကာ ခ[illegible]နှုတ်ခမ်း လေးတွေ တင်းတင်[illegible]ကြည့်ပြီး အားရ[illegible]လူကြီးက လုံမေထက် အသ[illegible]ပါ။ [illegible] သူမ ခပ်မဲ့မဲ့ တစ်ချက်ပြုံးလိုက်[illegible]သည်။

ပိုက်ဆံရှိသူ[illegible]ကြီး[illegible] ထိုလူ့မှာ သေချာ ပေါက် အိမ်ထောင်ရှိ[illegible]

"အဟင်း... ဟင်း... ဟင်း"

အိမ်ထောင်ရှိပြီးသား ယောကျာ်းတစ်ယောက်က လုံမေကို လိုက်တာ၊ ကြိုက်တာ ဘာများ မနာလိုစရာရှိသနည်း။ သူမကတောင် ကျိတ်ဝမ်းသာရဦးမည် မဟုတ်လား။

ကောင်းတယ်... ကောင်းတယ်။ သူ့ကိုယ်သူ သိပ်လှတယ်





ဆိုပြီး ဘဝင်မြင့်ချင်နေတဲ့မိန်းမ။ အခုလိုထိတာပဲ ကောင်းတယ်။

"ငါ့အလှည့်ကျမှ လူပျိုလူလွတ် သူဌေးသားတစ်ယောက်ကို ခေါင်းခေါက်ယူပြလိုက်မယ်။ ဒါမှ ဒင်းကို တစ်သက်လုံး ရှုံးနေခဲ့ ရသမျှ တစ်ချက်ဖာသည်းနဲ့ ပြန်နိုင်မှာ"

ကိုယ့်အတွေး ကိုယ်ကျိတ်ပြီး ကျေနပ်သဘောကျသွားမိသူက ခမ်းဝါဖြစ်သည်။ လုံမေကတော့ သူမအပေါ် ဘယ်သူတွေ ဘယ်လို စိတ်ထား၍ မနာလိုရန်လိုနေဖြစ်နေသည်ကို သိလည်းမသိ။ စိတ်လည်း မဝင်စားနိုင်အောင် စိတ်ညစ်၊ စိတ်ရှုပ်လျက်ရှိပါသည်။

လူတစ်ယောက် လုံမေအမည်ကို မေးကာ လိုက်ရှာနေသည် ဆိုသောသတင်းကို တစ်ယောက်တစ်ပေါက်[illegible]အဘိုးနှင့် မာဆေးတို့ သိသွားမှာကို စိုးရိမ်ကြောက်[illegible]ဘယ်လိုလူကများ လိုက်ရှာနေပါလိမ့်ဟု တွေး[illegible] လုံမေ[illegible]ရှိသည်။

အဘိုးက ကျန်[illegible]ကောင်း အလို လိုက်မည်။ ယောကျ[illegible]မှ[illegible]လျှင်တော့ အချော ဆုံးအလှဆုံး မြေးမ[illegible]တွက် [illegible]ဖြင့် တင်းကျပ်စွာ အုပ်ချုပ်ခဲ့သူ ဖြစ်သည်။

ကျောင်းပညာရေး မပြီးမဆုံးချင်း လုံမေကို အချစ်ရေးအိမ် ထောင်ရေး လုံးဝမစဉ်းရဟု ပြတ်သားစွာ အမိန့်ထုတ်ထားခဲ့သလို ဘတ္တသိုလ်တက်နေစဉ်မှာလည်း ချစ်သူရည်းစားမထားရဟု ဆိုပါ သည်။

အဘိုးထုတ်ပြန်ထားသည့် အမိန့်ကို ချိုးဖောက်ခဲ့လျှင် လုံမေ



www.burmeseclassic.com

www.burmeseclassic.com



ကို ချက်ချင်းအိမ်ပြန်ခေါ်ယူပြီး ကျောင်းဆက်တက်ခွင့်ပြုတော့မည် မဟုတ်ပါ။

လုံမေ ကျောင်းပြီးမှ အချစ်ရေးအိမ်ထောင်ရေးကို စဉ်းစားပါမည်ဆိုသောကတိကြောင့် လုံမေ ကျောင်းသွားတက်ရန် ခွင့်ပြုထားသူဖြစ်သည်။

လုံမေကိုယ်တိုင်ကလည်း အဘိုးမကြိုက်သည့်အလုပ်ကို မလုပ်ချင်သလို ယောကျ်ားလေးသူငယ်ချင်း အပေါင်းအသင်းပင် မထားသည့်ကြားမှ ပြဿနာဖြစ်ချင်တော့ ကြံဖန်ဖြစ်ရပါသေးသည်။

လူတစ်ယောက်က လုံမေကို ရှာနေသည်ဆိုသော သတင်း။

ဟူး... စိတ်ညစ်ဖို့ကောင်းလိုက်တာနော်။ ဘယ်လိုလူကများ လုံမေကို လိုက်ရှာနေတာပါလိမ့်။ သူ့ဘာသာ ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးလှပေမဲ့ ထိုကိစ္စကို အဘိုးသာ သိသွားလို့ကတော့ လုံမေအတွက် ရရှိထားသည့် အခွင့်အရေးလေး လက်လွတ်ဆုံးရှုံးသွားတာမျိုး လုံးဝအဖြစ်မခံနိုင်သော လုံမေအတွက်ကတော့ သေချင်အောင်ပင် စိတ်ရှုပ်စိတ်ဆင်းရဲနေမိပါသည်။

ဖြစ်နိုင်လျှင် ထိုလူက လုံမေကို လိုက်ရှာနေတာမျိုး မဟုတ်ဘဲ လုံမေက ထိုလူကို အမြန်ဆုံး ပြန်ရှာကာ လုံမေနှင့် ဘာတစ်ခုမျှ ပတ်သက်ဘဲ ဝေးဝေးမှာ သွားနေပါဟု အပြတ်ပြောပစ်လိုက်ချင်ပါသည်။

သူ့ကြောင့် လုံမေတို့ မြေးအဘိုးကြား စိတ်ဝမ်းကွဲတာမျိုးလည်း အဖြစ်မခံနိုင်ပါ။





ဘယ်သူ ဘယ်ဝါမှန်းမသိနှင့် လုံမေကိုမှရွေးပြီး ဘာလို့ ဒုက္ခပေးရတာပါလိမ့်ဟု တွေးရင်း လုံမေတစ်ယောက် စိတ်ရှုပ်ခေါင်းနှင့် အော်ငိုချင်စိတ် ပေါက်လာပါသည်။

ထို့ကြောင့် လုံမေ စိတ်ညစ်၊ စိတ်ရှုပ်တိုင်း သွားနေကျ ကာလေးဖြစ်သည့် ရေတံခွန်လေးရှိရာသို့ သွားရန် မြင်းလိမ္မာမိဖြူ ာသို့ ထွက်ခဲ့သည်။

"မာဆေး လုံမေ ရေတံခွန်ဘက်ကို ခဏသွားဦးမယ်နော်"

"အကြာကြီး မနေနဲ့နော်၊ လုံမေ"

"ဟုတ်ကဲ့ပါ"

"သွားပြီနော် မာဆေး"

အဖြူရောင် မြင်းလိမ္မာကြီးပေါ် လုံမေ လွှားခနဲ ရောက်သွားသည်။ ပင်နီရောင် ရှမ်းဘောင်းဘီဖွာနှင့် ရှမ်းတိုက်ပုံကို ဝတ်ထားသည့် မေအသွင်သဏ္ဌာန်လှလှလေးက မည်သည့်အခြယ်အသမှ မရှိဘဲ ဘာဝအတိုင်း ပန်းနုသွေးရောင် လွှမ်းလျက် လှချင်တိုင်း လှလျက် ပါသည်။

သို့ပါသော်လည်း ထိုမျက်နှာလှလှလေးကို မြင်ခွင့်မသာအောင် မေက သူမဦးခေါင်းထက်မှာ ခမောက်လှလှလေးကို ဆောင်းထား ကျောလယ်ခန့်ရှိ ဆံပင်များအားလုံး ခမောက်အောက်တွင် ဖွဲ့ရောက်ရှိနေခြင်းကြောင့် အကြောင်းမသိသူများအတွက် ယောကျ်ားလေးတစ်ယောက်ဟုသာ ထင်မှတ်ကြပေလိမ့်မည်။

လတ်ဆတ်သန့်ရှင်းသော လေနုအေးများကို အားပါးတရ



www.burmeseclassic.com

www.burmeseclassic.com



ရှုရှိုက်ခွင့်ရလိုက်သဖြင့် လုံမေ၏စိတ်များ ကြည်လင်ပေါ့ပါးသွားသလို စိမ်းစိုလှပသော မြင်ကွင်းများကို ကြည့်ငေးရင်း မြင်းလိမ္မာကြီးကို အသားကျစီးကာ မွန်းကျပ်နေသော စိတ်များကို ဖြေလျှော့လိုက်ပါသည်။

တိတ်ဆိတ်နေသော ပတ်ဝန်းကျင်မှာ မြင်းလိမ္မာကြီး၏ ခွာသံက ပဲ့တင်ထပ်သွားသည်။ ဟိုးအဝေးမှ ရေကျသံသဲ့သဲ့က လေနှင့်အတူ လွင့်လာသည်။

"ဟိတ်... "

လုံမေ မြင်းကြီးကို ပို၍ခပ်သွက်သွက် ပြေးခိုင်းလိုက်သည်။ ကျောက်တုံးကျောက်ခဲများကို ဖြတ်ကျော်ရခြင်းကြောင့် မြင်းခွာသံက တဖြောင်းဖြောင်း အော်မြည်နေသည်။

ရေတံခွန်ကြီးကို အခါပွာယ်မဲ့ ငေးမောကြည့်ရင်း ပျောက်ဆုံးသွားသော ချစ်သူလှလှလေးအကြောင်း တိတ်ဆိတ်ငြိမ်သက်စွာ တွေးတောစဉ်းစားနေမိရာမှ ရုတ်တရက် ကြားလိုက်ရသည့် မြင်းခွာသံကြောင့် စိုင်းရွက်ခမ်း အတွေးစများ လွင့်ပျယ်ပြတ်တောက်သွားသည်။

အသံလာရာဘက်သို့ သစ်ပင်ကို ကျောမှီလျက် ရပ်တန့်နေသည့် အနေအထားအတိုင်း လှမ်းကြည့်လိုက်တော့ အဖြူရောင်မြင်းတစ်ကောင်နှင့် ပင်နီရောင်ရှမ်းဘောင်းဘီ ရှမ်းတိုက်ပုံဝတ်လူတစ်ယောက်ကို ခမောက်ဆောင်းလျက် တွေ့လိုက်ရသည့်ခဏ သူ့ရင်ထဲမှာ ကျင်ခနဲဖြစ်အောင် ချစ်သူလေးကို သတိရသွားမိပြန်သည်။





သူမကို တွေ့တုန်းကလည်း ဒီလိုမျိုး ဝတ်စားပြင်ဆင်ထားသည့်အဖြစ်ကို သူ မမေ့ပါ။ အဝတ်အစားအရောင်အသွေး ကွဲပြားသွားသည်မှလွဲ၍ ခမောက်ကို ခပ်ငိုက်ငိုက်ဆောင်းထားပုံကအစ အတူတူ... ။

တစ်ခုပဲ ကွာခြားသည်က အခုလာသည့်လူမှာ အဖြူရောင်မြင်းကြီးတစ်ကောင် ပါပြီး ချာတိတ်မှာတော့ ဘာမှမပါပါ။

ချာတိတ်ရယ်... ။

တို့ကို ဝေဒနာတွေပေးပြီး မင်းလေး ဘယ်မှာရှောင်ပုန်းနေသလဲ အချစ်ရယ်။

ချစ်ရသူလေးကို စုံစမ်းမေးမြန်းရှာဖွေရင်း စိုင်းရွက်ခမ်း သူ့ပိုင်ခြံတွေဆီကိုလည်း ရောက်ခဲ့ရပါသည်။ ဦးဇာနန်း စီးပွားပျက်ပြီး အကြွေးတွေ ပတ်လည်ဝိုင်းနေချိန်မှာ သူပိုင်ခြံတွေကို စိုင်းရွက်ခမ်း လက်ထဲ တောင်းတောင်းပန်ပန်နှင့် ဇွတ်အတင်း ရောင်းချခဲ့ရာ...

စိုင်းရွက်ခမ်းမှာ ဝယ်ယူလိုသည့်စိတ် ဆန္ဒလုံးဝမရှိသော်လည်း မိတ်ဆွေတစ်ယောက်၏ ဒုက္ခကို ကူညီပေးသည့်အနေဖြင့် အခု ရောက်ရှိနေသည့် ဥယျာဉ်ခြံမြေများကို ဝယ်ယူခဲ့ရခြင်း ဖြစ်ပါသည်။

ခြံများကို ပိုင်ဆိုင်သူအမည်ပြောင်းသွားရုံမျှသာ ဖြစ်ပြီး ထိုခြံကို စီမံအုပ်ချုပ်သူ အလုပ်သမားအားလုံး ဦးဇာနန်လက်ထက်က လူများအတိုင်း ထားရှိခဲ့သဖြင့် မည်သူမှ သူ့ကြောင့် ဒုက္ခ မရောက်ခဲ့ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားပိုင်ဥယျာဉ်ခြံမြေများစွာ ရှိသူဖြစ်သည့်အတိုင်း များပြား
သောသော လုပ်ငန်းကိစ္စများကြောင့် သူ့မသွားရောက်နိုင်သည့် နေရာများ
ကို သူ့ကိုယ်စား လူယုံတစ်ဦးဦးကို စေလွှတ်ကြည့်ရှုစေခဲ့သည်။

ထို့အတူ ဦးဖာနန်၏ ခြံကို လုံးဝမရောက်ဖူးဘဲ ချစ်သော
ချစ်သူလေးကို တွေ့ရန်နှင့် အနီးစပ်ဆုံး လိုက်လံရှာဖွေရာမှ အခုလို
ရောက်ခဲ့ခြင်း ဖြစ်သည်။

သက်ပြင်းတစ်ချက်ရှိုက်ရင်း လက်ထဲက စီးကရက်ကို တောက်
ထုတ်လိုက်သည့်အချိန်မှာပင် မြင်းစီးသမားလူငယ်က သူရှိနေသည့်
အနားသို့ရောက်လာကာ ရပ်တန့်သွားသည်။

“ စိုင်းရွက်ခမ်းရှိနေတာကို မြင်းပေါ်က လူက မြင်တွေ့ပုံ
မရပါ။ ရေတံခွန်ကြီးကို မြင်းပေါ်မဆင်းသေးဘဲ ငေးကြည့်နေပြီးမှ
အဖြူရောင်မြင်းကြီးပေါ်က လွှားခနဲခုန်ဆင်းလိုက်တာကို မြင်လိုက်
ရသည်။

မြင်းဖြူကြီးကို ဒီအတိုင်း ထားခဲ့ပြီး ရေတံခွန်နား တိုးကပ်
သွားကာ ဦးခေါင်းပေါ်က ခမောက်ကို ဆွဲချွတ်လိုက်သည်နှင့်
ါးသားလို မည်းနက်သော ကျောလယ်ခန့် ဆံပင်တွေက ဝဲခနဲဖြာ
ကျလာသောကြောင့် စိုင်းရွက်ခမ်းရင်တွေ တဒိတ်ဒိတ် ခောင့်ခုန်
သွားသည်။

“ချာတိတ်”

ချာတိတ် စစ်စစ်ပါပဲလား… ။

စိုင်းရွက်ခမ်း ရင်ထဲက ဝမ်းသာပျော်ရွှင်မှုက နှင်းယှဉ်ဖော်





ပြန်ပင် ခက်ခဲလှပါသည်။ သူမမျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်
လွန်းလို့ သူ့အသက်အရွယ် သူ့ဂုဏ်သိက္ခာကိုပင် မစောင့်စည်းနိုင်
အောင် ပျောက်ဆုံးသွားသော ချစ်သူလေးကို အရူးအမူးရှာဖွေခဲ့မိ
သည်။

တစ်စွန်းတစ်စ ကြားခဲ့ရသော အမည်လေးမှလွဲ၍ သူမ
ဘယ်မှာနေမှန်းမသိသော ချစ်သူလေးကို ရှာဖွေရသည်မှာ ဘယ်လိုမှ
မလွယ်ပါ။

ဘယ်မှာသွားရှာရမှန်းမသိ၍ စိတ်ညစ်ညစ်နှင့် ရေတံခွန်မှာ
လာထိုင်နေမိတုန်း မမျှော်လင့်ဘဲ ချစ်သူလေးရောက်လာခြင်းဖြစ်ရာ
သူမနှင့် သူ့မှာ ဖူးစာရှင်စစ်စစ်များမို့ အခုလို ကြံဖန်တိုက်ဆိုင်
ဆုံတွေ့ကြရခြင်းပဲဟု ခံစားနားလည်လိုက်ပါသည်။

လုံမေကတော့ စိုင်းရွက်ခမ်းဆိုသည့် လူကြီးနှင့် သူမ နောက်
တစ်ကြိမ် ပြန်တွေ့ရလိမ့်မည်ဟု ထင်မှတ်မထားသူလေးပီပီ အနားက
ကျောက်တုံးလေးမှာ ထိုင်ချရင်း လျှင်မြန်ကွေ့ဝိုက်စွာ ဖြတ်သန်းစီး
ဆင်းသွားသည့် ရေများကို ငေးငေးလေးကြည့်နေမိပါသည်။

“ချာတိတ်”

နောက်ပါးဆီမှ ပီသကြည်မြစွာ ထွက်ပေါ်လာသည့် ယောကျ်ား
တစ်ယောက်၏အသံကြောင့် လုံမေကိုယ်လေး ဆတ်ခနဲ တုန်ယင်
သွားရကာ အသံကြားရာဘက်ဆီသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်
နှင့်… ။

“ဟင်…”



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူကြီး စိုင်းရွက်ခမ်းဆိုတဲ့ လူကြီးပါလား။ ဘယ်လိုလုပ်ပြီး ဒီနေရာကို သူရောက်နေတာပါလိမ့်ဟု တွေးရင်း သူမရှေ့တည့်တည့်မှ လူချောကြီးကို အံ့ဩမယုံကြည်နိုင်သော မျက်ဝန်းအစုံဖြင့် ပြူးကြောင်ကြောင်လေး ပြန်ကြည့်နေမိပါသည်။

"ခင်ဗျားကြီး... "

"ဟုတ်ပါတယ်၊ ကိုယ်ပါ စိုင်းရွက်ခမ်းလေ၊ ချာတိတ် မှတ်မိတယ်မဟုတ်လား"

မမှတ်မိဘူးဟု စိတ်ထဲက ပြန်ပြောလိုက်ပေမဲ့ အပြင်မှာတော့ ထိုသို့ပြော၍မဖြစ်တာ သူမသိပါသည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီလူကြီးနှင့်မှ လာဆုံနေရသည့် အဖြစ်။

"မှတ်မိတော့ ဘာလုပ်ရမှာလဲ"

"မိတ်ဆွေဖြစ်ရတာပေါ့ဗျာ"

"ဟွန်း... "

လုံမေ နှုတ်ခမ်းလေးကို တစ်ချက်မဲ့လိုက်သည်။

မိတ်ဆွေဖြစ်ရတာပေါ့တဲ့... ။

သူ့ကို ဘယ်သူကများ ခင်မင်ခွင့်ပြုနေလို့လဲ မသိပါ။

"ချာတိတ်တို့ အိမ်က ဘယ်မှာလဲ"

အံမယ်၊ မေးပုံက ပိုင်စိုးပိုင်နင်းပါလား... ။

သူနဲ့လုံမေ ဟိုတုန်းကတည်းက သိထားတဲ့အတိုင်းမို့ လုံမေ နှုတ်ခမ်းလေး စူသွားသည်။

"ဘယ်နေရာဖြစ်ဖြစ်ပေါ့၊ ခင်ဗျားကြီးအပူမပါပါဘူး"





လုံမေ ဘုတောလိုက်သည်။

"ဆိုင်တာပေါ့၊ ကိုယ်တို့က မိတ်ဆွေတွေဖြစ်သွားကြပြီပဲ"

"ခင်ဗျားကို ဘယ်သူကပြောလဲ"

"ကိုယ်က ပြောတာလေ၊ ချာတိတ်နဲ့ကိုယ် နှစ်ခါတောင် ဆုံနေပြီပဲ၊ မိတ်ဆွေဖြစ်ပြီပေါ့၊ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ခင်ဗျားကို လုံမေမှ မခင်ဘဲ"

"လုံမေ"

သူ့ထံမှ လုံမေအမည်ကို ခပ်တိုးတိုး ရေရွတ်လိုက်သံကြောင့် လုံမေ စိတ်ညစ်သွားသည်။ ကိုယ့်ကိုယ်ကို သတိလက်လွှတ်နှင့် လုံမေဟု ထည့်ပြောမိတာနှင့် သူက လုံမေအမည်ကို တိကျသေချာစွာ မှတ်မိသွားပြီ ဖြစ်သည်။

"လုံမေနော်၊ ကိုယ်က လုံမိလို ထင်နေတာ လုံမေက ကိုယ့်ကို မခင်ပေမဲ့ ကိုယ်ကတော့ လုံမေကို သိပ်ခင်နေမိပြီ"

ရွှန်းလဲ့တောက်ပသော မျက်ဝန်းစိုစိုများနှင့် အဆုံမှာ လုံမေ ရင်တွေ တဒိတ်ဒိတ်ခုန်သွားသည့်အတွက် ချက်ချင်း မျက်နှာလွှဲလိုက်သည်။

"လုံမေ ပြန်တော့မယ်"

"ပြန်လေ၊ လုံမေ အိမ်ကို ကိုယ်လိုက်ခဲ့မယ်"

"ဟင်... "

လှမ်းလက်စ ခြေလှမ်းလေး ရပ်တန့်သွားပြီး ဦးစိုင်းရွက်ခမ်း ဆိုသည့် လူကြီး၏ မျက်နှာချောချောကို ထိတ်လန့်တကြီးလေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိသည်။

အရယ်မပြုံးမရှိ လုံမေကို ခပ်တည်တည်စူးစိုက်ကြည့်နေ နေသည့် လူကြီး၏ မျက်နှာက ပြောလျှင် ပြောသည့်အတိုင်း လုပ်မည့်ပုံစံမျိုးဖြစ်သည့်အတွက် လုံမေ အောင့်ချင်စိတ်ပေါက်သွားသည်။

လုံမေနောက်ကို ထိုလူကြီး ဘယ်နည်းနှင့်မှ လိုက်လာခွင့် မဖြစ်ပါ။ မာဆေးနှင့် အဘိုးတို့သိလျှင် လုံမေအဖြစ်ကို မတွေးရဲပါ။

"ဒီမှာ"

"ကိုယ့်နာမည် စိုင်းရွက်ခမ်း"

"အင်... "

အရေးထဲ သူ့နာမည်ကို ခေါ်စေချင်နေသေးသည်။

"လုံမေနောက်ကို ခင်ဗျားကြီး လုံးဝမလိုက်ခဲ့ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ်ပေါ့၊ မလိုက်နဲ့ဆိုရင် မလိုက်ရုံပဲ"

"ကိုယ်က လုံမေစကားကို နားမထောင်ဘဲ လိုက်ခဲ့မယ်ဆိုရင်ရော"

ရုတ်တရက် လုံမေ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည့်အတွက် သူ့ကို လုံမေ ဒေါသဖြစ်လာသည်။

"လုံမေက မြင်းနဲ့ပြန်မှာ လိုက်ချင်ရင် ပြေးလိုက်ခဲ့ပေါ့"

"တကယ်နော်၊ ပြီးမှ ကိုယ့်ကို ဒေါသမဖြစ်နဲ့၊ လုံမေက မြင်းနဲ့သွားရင် ကိုယ်က ကားနဲ့လိုက်မှာပေါ့"

"ဟင်... "





ကားဆိုပါလား....။

လုံမေ မျက်ဝန်းလေး ချာချာလည်သွားကာ ဦးစိုင်းရွက်ခမ်း၏ ကားဆိုတာကို အခုမှ အပြေးအလွှားရှာကြည့်မိသည်။

"အို... "

ခပ်လှမ်းလှမ်းတစ်နေရာမှာ ရပ်ထားသည့် ကားအကောင်းစားကြီးကြောင့် လုံမေ တစ်ကိုယ်လုံး ထူထူပူပူကြီး ဖြစ်သွားသည်။

ချက်ချင်းလိုပင် နားထဲမှာလည်း အားရှန်ပြောသည့် စကားများကို ချက်ချင်းအမှတ်ရလာသည်။

လုံမေကို ကားအကောင်းစားကြီးနဲ့ အရပ်မြင့်မြင့် ခပ်ချောချော လူတစ်ယောက် လိုက်ရှာနေဘည်ဆိုသည့်စကားနှင့် ဦးစိုင်းရွက်ခမ်းမှာ ရှိသည့်အချက်အလက်တွေအားလုံးကို ကိုက်ညီနေသည့်အဖြစ်။

ဒါဖြင့် လုံမေကို လိုက်ရှာနေတဲ့လူဆိုတာ ဦးစိုင်းရွက်ခမ်းပေါ့။

"ခင်ဗျားပဲ မဟုတ်လား၊ လုံမေကို လိုက်ရှာနေတဲ့လူဆိုတာ"

"လုံမေလဲ သိနေတယ်၊ ဟုတ်လား"

"အိုး... "

ဝင်းလက်သွားသည့် မျက်နှာနှင့် အရောင်တောက်ပသွားသည့် မျက်ဝန်းအကြည့်များက လုံမေ အသည်းပြင်ကို ကျဉ်ခဲအေးစက်သွားစေပါသည်။

"ဟုတ်တယ်၊ ကိုယ် လုံမေကို တွေ့ပြီးတဲ့နေ့ကစပြီး ရှာနေတာ၊ အခုတော့ ကိုယ်ဆုတောင်းတဲ့အတိုင်း လုံမေနဲ့ ပြန်တွေ့ရလို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် သိပ်ပျော်နေတာ လုံမေ သိလား"

လုံမေနဲ့တွေ့ဖို့ သူ ဘာတွေဆုတောင်းသလဲဆိုတာ လုံမေ မသိပါ။ လုံမေသိတာက အဘိုး၏မျက်နှာနှင့် စကားများပဲ ဖြစ်ပါသည်။

ဘာမှမဟုတ်သည့် လူတစ်ယောက်ကြောင့် လုံမေ ကျောင်းမတက်ရတော့မည့်အရေးကို တွေးပြီး ကြောက်လှပါသည်။

သူက လုံမေကို ပြန်တွေ့ရလို့ ဝမ်းသာနေသည့် အချိန်မှာ လုံမေကတော့ သူနှင့် ပြန်ဆုံရခြင်းအပေါ်မှာ ထိတ်လန့်ကြောက်ရွံ့နေမိသည်။

"အို... မဖြစ်ဘူး... မဖြစ်ဘူး၊ ခင်ဗျား လုံမေကို ဒုက္ခမပေးပါနဲ့၊ လုံမေ့ဘာသာ အေးအေးဆေးဆေး နေပါရစေ"

သူ့မျက်နှာချောချောကိုကြည့်ပြီး ထိတ်လန့်စိုးရိမ်ခြင်း ဖြစ်နေသည့် လုံမေပုံစံလေးကိုကြည့်ပြီး စိုင်းရွက်ခမ်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

သူ့လို လူတစ်ယောက်နဲ့ ခင်မင်ရင်းနှီးရမှာ လုံမေအတွက် ဒီလောက်တောင် ကြောက်စရာကောင်းနေလို့လား။

"လုံမေ ပြောတာကို ကိုယ်နားမလည်ဘူး၊ ကိုယ်နဲ့ ခင်မင်ရမှာ လုံမေ ဘာလို့ ဒီလောက်တောင် ကြောက်နေရတာလဲ..."

"ကိုယ့်ပုံစံက လုံမေကို ဒုက္ခပေးမယ့်ပုံမျိုး ဖြစ်နေလို့လား"

"မသိဘူး... မသိဘူး၊ ခင်ဗျားဘာသာ တခြားတစ်ယောက်ယောက်ကို သွားပြီးခင်ပါ"





"လုံမေ သွားတော့မယ်"

"လုံမေ"

သူခေါ်သံကို ကြားသောလည်း လုံမေ လှည့်မကြည့်တော့ဘဲ သူမစီးလာသည့် မြင်းဖြူရှိရာသို့ တအားပြေးသွားသဖြင့် သူ လုံမေနောက်က အပြေးလိုက်ခဲ့ပြီး သူမရှေ့က ပိတ်ရပ်လိုက်သည်။

"လုံမေ"

"ခင်ဗျားနော်၊ ဒါ ဘာလုပ်တာလဲ၊ လုံမေ့ရှေ့က အခုဖယ်ပါ"

သူ နှုတ်ခမ်းတွေ တင်းတင်းစေ့သွားပြီး မျက်နှာလှလှလေးကို စိုက်ကြည့်လိုက်သည်။

"ဖယ်မှာပါ။ ဒါပေမဲ့ လုံမေသိအောင် ပြောစရာတစ်ခုတော့ ရှိတယ်၊ အဲ့ဒါက ဘာလဲဆိုတော့ လုံမေ ကိုယ့်ကို အခုလို ခါးခါးသီးသီးဖြစ်နေလေ ကိုယ်က ပိုစိတ်ဝင်စားလေပဲဆိုတာ ချာတိတ် သိရဲ့လား"

လုံမေက သူ့ကိုမကြည့်ဘဲ အကြည့်လွှဲနေရာမှ သူ့စကားကြောင့် မျက်ဝန်းရွဲကြီးများဖြင့် သူ့ကို ဖျတ်ခနဲမော့ကြည့်လာပါသည်။

"ခင်ဗျား စိတ်ဝင်စားနေအောင် လုံမေ ဘာမှမလုပ်ဘူး သိလား"

လုံမေစကားကြောင့် သူ ပြုံးလိုက်ချင်ပေမဲ့ မပြုံးပါ။ သူ့ရင်ထဲမှာ လုံမေ အပြုအမူလေးများကြောင့် အခံရခက် နာကျင်နေသလို လုံမေ့ပုံစံလေးကို ကြည့်လိုက်ပြန်တော့လည်း သူ့အပြုအမူနှင့် စကားများကြောင့် ခံပြင်းဒေါသထွက်နေပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုံမေ ဘာမှမလုပ်ဘူးဆိုတာကို ကိုယ်သိပါတယ်၊ ဒါပေမဲ့ အဲဒီလို ဘာမှမလုပ်ဘဲ နေတာလေးကို ကိုယ်က စိတ်ဝင်စားတာပါ"

"ဘာတွေလဲ၊ ခင်ဗျားပြောတာကို လုံမေ တစ်ခုမှ စိတ်မဝင်စားဘူး၊ အရေးကြီးတာက ခင်ဗျား လုံမေနောက်ကို မလိုက်ခဲ့ပါနဲ့"

"မလိုက်စေချင်ရင် လုံမေ ကိုယ့်ကို ကောင်းကောင်းမွန်မွန် လက်ခံစကားပြောပေါ့၊ အဲဒီလိုမှမဟုတ်ရင် ကိုယ်က လုံမေ ဘယ်သွားသွား၊ ဘာလုပ်လုပ် နောက်က တကောက်ကောက် လျှောက်လိုက်နေမှာပဲ"

"ဟင်… "

"ခင်ဗျား လုံမေကို ခြိမ်းခြောက်နေတာလား"

"မယုံရင် လက်တွေ့စမ်းကြည့်လေ"

"အို… "

လုံမေ မျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားသည်။ ဘယ်လိုလူကြီးနဲ့ လာတွေ့နေရတာလည်း မသိပါ။ သူ့အသက်အရွယ် သူ့ဂုဏ်သိက္ခာကိုမှ မထောက် လုံမေလို ချာတိတ်မလေးတစ်ယောက်အပေါ်မှာ ခြိမ်းလားခြောက်လားနှင့် အနိုင်ကျင့်နေတာပါလား။

ရင်ထဲမှာ ဒေါသတွေ အလိပ်လိုက်ထွက်နေပေမဲ့ အခြေအနေက လုံမေဘက်ကပဲ ရှုံးနိမ့်နစ်နာရမည့်အရေးမို့ စိတ်ရှိတိုင်း ထုရိုက်ထိုးနှက်ပစ်ချင်စိတ်ကို မနည်းမျိုသိပ်နေရပါသည်။

"ခင်ဗျား၊ ဘာပြောမှာလဲ၊ ပြော"

အခုရှုပ်မှ နောင်ရှင်းမို့ လုံမေ စကားကို အပြတ်ပြောလိုက်





သည်။

"ကိုယ်ပြောချင်တာက အများကြီးပဲ၊ ဒီနေ့တစ်ရက်တည်းနဲ့ ပြီးမှာမဟုတ်ဘူး"

"ခင်ဗျား ဒါတော့ လုံမေကို သက်သက်မယ့် အကျပ်ကိုင်တာပဲ၊ ခင်ဗျားပြောမယ့်စကားတွေ မဆုံးမချင်း လုံမေက တစ်သက်လုံး လိုက်နားထောင်နေရမှာလား"

လုံမေစကားကြောင့် သူ ပြုံးလိုက်သည်။ လိုက်နားထောင်စရာမလိုပါဘူး၊ ကိုယ်ကပဲ လုံမေရှိနေတဲ့ နေရာနားကို လိုက်ပြောမှာပါဆိုသည့်စကားကိုတော့ သူ့ရင်ထဲကပဲ ပြောလိုက်ပါသည်။

သူ လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ ဒီနေ့တော့ သူနှင့်လုံမေ စကားကြာကြာပြောဖို့ အချိန်မရှိတော့ပါ။

"မနက်ဖြန် ကိုယ် ဒီနေရာက စောင့်နေမယ်၊ လုံမေ ကိုယ့်ကို လာတွေ့နိုင်မလား"

"လုံမေ ကိုယ့်ကို လာမတွေ့နိုင်ရင်လဲ ကိုယ်ပဲ လုံမေ့အိမ်ကို လာတွေ့ပါရစေကွာ၊ အဲဒီလောက်တော့ ကိုယ့်ကို လုံမေ ခွင့်ပြုနိုင်မယ် ထင်ပါတယ်"

"ခင်ဗျား လာလို့မဖြစ်လို့ပေါ့"

"ဘာဖြစ်လို့လဲ၊ လုံမေမိဘတွေက လုံမေ့ကို ဆူမှာစိုးလို့လား"

"ဟုတ်တယ်"

တည်တည်တင်းတင်း မျက်နှာထားနှင့် ဖြေလိုက်သည့် လုံမေ မျက်နှာလေးက စိတ်ရှုပ်ထွေးနေဟန် အထင်းသား ပေါ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေးကို သူ့ကြောင့် စိတ်မညစ်စေချင်ပေမဲ့ ကိုယ့်ကိုတိုင်က လုံမေ မျက်နှာလှလှလေးကို တစ်နေ့မတွေ့ရရင် မနေနိုင်လောက်အောင် ဖြစ်နေတော့ သူမ မကြည်ဖြူသည့်ကြားမှ သူဖြစ်သည့်ဆန္ဒကို ဖွင့်တိုးတောင်းဆိုရန်သာ ရှိပါတော့သည်။

"ခင်ဗျားကြောင့် လုံမေကို အိမ်က ချုပ်ချယ်မှာမျိုး အဖြစ်မခံနိုင်ဘူး သိလား"

"ဒါဖြင့် ကိုယ်က ဘာဆက်လုပ်ရမှာလဲ လုံမေ၊ လုံမေ့မျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်လို့ ကိုယ် ဂုဏ်သိက္ခာတွေ အသက်အရွယ်တွေကိုတောင် မထိန်းဘဲ လုံမေကို အရူးတစ်ယောက်လိုလိုက်ရှာနေမိတာကိုရော လုံမေဘက်က ထည့်တွက်မစဉ်းစားပေးတော့ဘူးလား"

"အို... "

စိုင်းရွက်ခမ်းဆိုသည့် လူကြီးထံမှ ထင်မှတ်မထားဘဲ ထွက်လာသည့်စကားနှင့် အကြည့်အပြောများက ဘာလိုလိုမို့ လုံမေ့မျက်နှာလှလှလေး ထူပူနီရဲသွားကာ သူ့မျက်နှာချောချောကြီးကိုပါ မကြည့်ရဲအောင် ဖြစ်သွားရပါသည်။

စိုင်းရွက်ခမ်းမှာလည်း ရင်ထဲက ပြင်းထန်သည့် ခံစားချက်ကြောင့် ရင်နာနာနှင့် ပြောလိုက်မိပြီးမှာ ပန်းနုရောင် နီရဲသွားသည့် ချစ်ရသူလေး၏ ရှက်မွှန်နေသည့် မျက်နှာလှလှလေးကိုကြည့်ကာ ရင်နှင့်အပြည့် အချစ်စိတ်တွေ ဖြစ်ထွန်းလာရပါသည်။

"လုံမေ"





လုံမေ မထူးသလို မော်လည်း မကြည့်တော့ပါ။ သူ့ရှေ့မှာ ကျောက်ရုပ်ကလေးလို ငြိမ်သက်တိတ်ဆိတ်သွားသူလေးကို ကြည့်ပြီး သူပဲ စကားဆက်လိုက်ရပါသည်။

"မနက်ဖြန် ကိုးနာရီ ကိုယ် ဒီနေရာက စောင့်နေမယ်၊ လုံမေ ကိုယ့်ကို လာမတွေ့ဘူးဆိုရင် လုံမေရှိတဲ့နေရာကို ကိုယ် လိုက်လာရလိမ့်မယ်"

"ဟင်... "

လုံမေနှင့် ဘာမှမဆိုင်သည့်လူက လုံမေကို အကျပ်ကိုင်ခြိမ်းခြောက်လာတော့ လုံမေ ရင်မှာ အခံရခက်ခက်နှင့် ဒေါသဖြင့် တုန်ယင်လာသည်။

"ကိုယ်နဲ့မတွေ့ချင်လို့ လုံမေ ပုန်းနေမယ်ဆိုရင်လဲ တွေ့အောင်ရှာရမှာက ကိုယ့်တာဝန်ပဲ... "

"လုံမေ သွားနိုင်ပါပြီ"

လုံမေရှေ့က သူ ဖယ်ပေးလိုက်သည့်တိုင် လုံမေက နေရာက မရွေ့ဘဲ သူ့မျက်နှာကို ဒေါသဖြင့် စိမ်းလက်သော မျက်ဝန်းများဖြင့် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသဖြင့် စိုင်းရွက်ခမ်းရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

"ခင်ဗျားကြီးကို လုံမေ သိပ်မုန်းတယ်၊ သိလား"

"လုံမေ"

သူခေါ်သံကို ကြားသော်လည်း လုံမေ နောက်ကို လုံးဝလှည့်မကြည့်တော့ဘဲ သူမ မြင်းဖြူကြီးရှိရာကို တအား ပြေးထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သူ လုံမေနောက်ကို အပြေးအလွှား လိုက်ပါသွားလိုသည့် စိတ်ဆန္ဒကို မျိုသိပ်ချုပ်တည်းကာ မြင်းဖြူကြီးကို အပြင်းစီးသွားသည့် ချစ်သူလေးကို ငေးမောစူးစိုက်ကြည့်ရင်း နေရာမှာ ခေါင်းငိုက်စိုက်ကျသွားပါသည်။

သူလိုချင်တာ လုံမေဆီက ချစ်ခြင်းမေတ္တာဖြစ်ပေမဲ့ သူ့ တကယ်လက်တွေ့ရရှိလိုက်သည်က လုံမေထံမှ စိမ်းကားသည့်အကြည့်နှင့် အမုန်းဆု ဖြစ်နေပါသည်။

လုံမေဆိုတဲ့ ကိုယ့်အချစ်ရယ်. . . ။

ကိုယ် ဘာလုပ်ရမလဲကွယ်။

လုံမေပုံစံလေးက သူ့အတွက် တစ်မျိုးထူးခြားဆန်းကြယ်ရုံမက စိုင်းရွက်ခမ်း၏ အသည်းနှလုံးကိုပင် တခဏလေးအတွင်းမှာ ပျော်ရွှင်စေသူ၊ နာကျင်ခံစားစေသူလေး ဖြစ်သည်။

လုံမေလို မိန်းကလေးတစ်ယောက်ကို သူ့ဘက်က အလျှော့ပေးခဲ့မည်ဆိုလျှင် သူမစိတ်မျိုးနှင့် ဒီတစ်သက် ဘယ်လိုမှ နီးစပ်နိုင်စရာမရှိတော့သည်မှာလည်း သေချာပါသည်။

ထို့ကြောင့် စိုင်းရွက်ခမ်းကလည်း သူမကြိုက်နှစ်သက်ခြင်းမရှိသော ခြိမ်းခြောက်အကျပ်ကိုင်စကားကို ဆိုမိသလို ဖြစ်ရသည်။

တကယ်တော့ သူပြောနေသည့်စကားများက လုံမေအတွက် ခြိမ်းခြောက်လို၍ ပြောသောစကားများ မဟုတ်တာကို သူသာလျှင် အသိဆုံးဖြစ်ပါသည်။





သိပ်ချစ်မိပြီ ကလေးရယ်. . . ။ မင်းလေးကို ကိုယ် အမြန်ဆုံး ပိုင်ဆိုင်ပါရစေ အချစ်ရယ်. . . ။

*  *  *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

နာရီကိုကြည့်ပြီး လုံမေတစ်ယောက် ထိုင်ရတော့မလို ထရတော့မလိုနှင့် တစ်ယောက်တည်း ဗျာများနေမိပါသည်။

ဦးစိုင်းရွက်ခမ်းဆိုသည့် လူကြီးသူမကို အကျုပ်ကိုင်ချိန်းဆိုထားသည့် အချိန်က နီးသထက် နီးလာပါပြီ။ အခုချိန်ထိ လုံမေကိုယ်တိုင် သွားရန်မသွားရန် စိတ်ပိုင်းဖြတ်၍ မရတော့ဘဲ ရှိနေပါသည်။

ယုံမေ သူရှိရာကို မသွားရင် သူက လုံမေရှိရာကို လိုက်လာမည်တဲ့။ တကယ်ပဲ သူလိုက်လာခဲ့ရင်တော့ သူ့ကြောင့် လုံမေ ကျောင်းတက်ရတော့မည် မထင်ပါ။

ဒါဆို လုံမေကပဲ သူလိုက်မလာအောင် သူ့ဆီကို သွားတွေ့မှာလား။ ဒီလိုဆိုပြန်တော့လည်း လုံမေကိုယ်တိုင်ကိုက သူ့ဆီကို သွားမတွေ့ချင်ပြန်။





အချိန်နီးလာလေ လူတစ်ကိုယ်လုံး ထူထူပူပူကြီးဖြစ်ကာ ရင်ဘတ်ထဲမှာလည်း မွန်းမွန်းကျပ်ကျပ်ကြီး ဖြစ်လာသည်။

လုံမေ ဘာလုပ်ရမည်နည်း။ ကူကယ်ရာမဲ့သော ကလေး‹ ယောက်လို အော်ဟာစ်ငိုယိုလိုက်ချင်ပေမဲ့ လုံမေ မလုပ်ရဲပါ။ ။ချိန်

အောက်ထပ်မှာ အဘိုးမရှိပေမဲ့ မာဆေးက ရှိနေသေး

ဖြစ်ချင်ရာဖြစ် လုံမေ သူနှင့် သွားမတွေ့တော့ဟု စဉ်းစား‹ ပြန်သောအခါ ဘာမဟုတ်သည့် လူတစ်ယောက်ကြောင့် လုံမေဘဝ်ခဲ့ အနာဂတ်လှလှလေးကို စွန့်လွှတ်ဆုံးရှုံးလိုက်ရမည့်အရေးကို တွေး‹ သည်နှင့် ရင်ထဲမှာ ဒေါသတွေနှင့် မခံမရပ်နိုင်အောင် ခံပြင်းလာရပြန်သည်။

မသွားလို့မဖြစ်ဘူးထင်တယ်။ သူ့ရုပ်ကြီးက ပြောရင် ပြောတဲ့ အတိုင်းလုပ်မယ့်ရုပ်ကြီး။

တော်ကြာ သူပြောသလို အိမ်အရောက်လိုက်လာမှ၊ ဟူး…။

လုံမေ နာရီကို တစ်ချက်လှမ်းကြည့်လိုက်ပြန်သည်။

"ဟင်… အို"

လုံမေ မျက်လုံးလေး ပြူးသွားသည်။

ကြည့်စမ်းပါဦး၊ ဟိုလူကြီးချိန်းထားတဲ့ အချိန်ကိုတောင် ကျော်လွန်သွားပါရော့လား။

ချိန်းဆိုထားသည့်နေရာကို လုံမေ မလာလို့ သူလိုက်လာမှဖြင့်…

အို… ။



www.burmeseclassic.com

www.burmeseclassic.com



လုံမေမျက်နှာလေး ငိုမဲ့မဲ့ဖြစ်လာသည်။ အခုမှ သူရှိရာကို သွားလို့ရော မီဦးမှာတဲ့လား။

"ဟော့"

အိမ်ရှေ့မှာ ဂျစ်ကားတစ်စီး ဖြတ်သွားသဖြင့် လုံမေ အမှတ် င် လှမ်းအကြည့်လိုက်မှာ သူမရှိရာ အပေါ်ထပ်သို့ ဖျတ်ခနဲ မ်းကြည့်လာသည့် မျက်ဝန်းတောက်တောက်များဖြင့် ရှောင်တိမ်း န့် အချိန်မရဘဲ ဆုံစည်းသွားရာ လုံမေ့အသည်းနှလုံးထဲမှာ အေးခနဲ နွေးခနဲ လှိုက်ဖိုတုန်ယင်သွားသည်။

ကားမောင်းလာသူက တခြားသူမဟုတ်ပါ။

ဦးစိုင်းရွက်ခမ်းဆိုသည့် လူကြီးကိုယ်တိုင် ဖြစ်နေသည် မဟုတ်ပါလား။ သူ လုံမေအိမ်ကို သိနေရုံမက လုံမေကိုပင် ကိုယ်တိုင် တွေ့မြင်သွားခဲ့ပြီမို့ သူ့လက်က လွတ်အောင် ရှောင်ပုန်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ကြောင်း လုံမေ ကောင်းစွာ သဘောပေါက် နားလည်လိုက်ရပါပြီ။

ကားကို ခြံရှေ့တည့်တည့်မရပ်ဘဲ ဖြည်းဖြည်းချင်း မောင်းသွားတာကိုပင် ကျိတ်ပြီး ကျေးဇူးတင်နေရပါသေးသည်။

လုံမေ ဒီအတိုင်းဆက်နေလို့ မဖြစ်တော့မှန်း သိလိုက်ရပြီမို့ အပေါ်ထပ်က ကမန်းကတန်းလေး ပြေးဆင်းခဲ့သည်။

"မာဆေး၊ လုံမေ အပြင်ခဏသွားဦးမယ်နော်"

"မြင်းကြီးက ဘာလုပ်ဖို့လဲ ကလေးရဲ့"

အပြင်ခဏသွားဦးမယ်ပြောပြီး မြင်းကြီး မိဖြူပေါ် လွှားခနဲ





ရောက်သွားသည့် တူမချောလေးကို ကြည့်ပြီး မာဆေးက မေးလိုက်ခြင်းဖြစ်သည်။

"လုံမေ ပျင်းလို့ မြင်းလျှောက်စီးမလို့ပါ"

"အဝေးကြီးလျှောက်မသွားနဲ့နော်ကလေး၊ ထမင်းစားချိန် အမီပြန်လာခဲ့ ကြားလား"

"ဟုတ်ကဲ့ပါ၊ လုံမေ သွားပြီနော်"

မာဆေးကို နှုတ်ဆက်ပြီး ခြင်းဖြူကြီးစီးကာ ခြံထဲမှ ထွက်ခဲ့သည်။

အဟွန်း... ။

သူရှိရာကို တစ်ချက်လှည့်မကြည့်ဘဲ မြင်းဖြူကြီးကို စီးသွားသည့် ချစ်သူလှလှလေးကို ကြည့်၍ စိုင်းရွက်ခမ်း ကျေနပ်ကြည်နူးစွာ ပြုံးလိုက်ခြင်း ဖြစ်သည်။

စိုင်းရွက်ခမ်းဆိုတာ ကိုယ်လိုချင်တာကို ရအောင်ယူတတ်တဲ့ လူစားမျိုးဆိုတာ ချစ်သူလှလှလေး မသိသေးလို့ပါဗျာ။

လုံမေဆိုတဲ့ ချစ်သူလေးကို သိပ်ချစ်မိနေမှတော့ ချစ်သူလေးနဲ့အပြိုင် မိုက်မဲဖို့ ဝန်မလေးဘူးဆိုတာ ကိုယ့်ရဲ့ချစ်သူလေး သိစေချင်ပါတယ် အချစ်ရယ်... ။

လုံမေ ထွက်သွားရာနောက်ကို သူ့ကားဖြင့် လိုက်ခဲ့သည်။ လုံမေက သူလိုက်လာမှန်းသိလျက်နှင့် တစ်ချက်လှည့်ကြည့်ဖော် မရခြင်းကြောင့် သူမ သူ့ကို ဘယ်လောက်ဒေါသဖြစ် စိတ်ဆိုးနေမှာကို သူနားလည်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်မိနေပြီဆိုတော့လည်း သူလည်း မတတ်နိုင်တော့ပါ။ ချစ်ရသူ၏ မျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်စိတ်က ဘယ်လိုမှ ချုပ်တည်းမျိုသိပ်လို့မရ။

ဒီတော့လည်း နှလုံးသား၏ အလိုဆန္ဒကို သူ လိုက်လျောရသည်ပေါ့။

"လုံမေ"

သူ လုံမေ၏ မြင်းဖြူကြီးနှင့်အတူ ကားကို ယှဉ်မောင်းရင်း ချစ်သူ၏ အမည်လေးကို လှမ်းလှမ်းခေါ်ပြန်သောရင်ဖြင့် ခေါ်လိုက်ခြင်းဖြစ်သော်လည်း လုံမေကတော့ စိုင်းရွက်ခမ်းခေါ်သံကို ကြားရက်နှင့် မကြားသလို တည်တင်းသော မျက်နှာလေးနှင့် ရှိနေပါသည်။

ချစ်သူ၏ အသွင်သဏ္ဍာန်လှလှလေးကို ကြည့်ပြီး စိုင်းရွက်ခမ်းရင်မှာ ချစ်ခြင်းတွေ ဖြစ်ထွန်းပြည့်သိပ်လာရသလို သူ့အပေါ် ဒေါသဖြစ်စိတ်ဆိုးနေသော ချစ်သူကြောင့် ရင်မောနေရပါသည်။

ဒီလိုပုံစံမျိုးလေးနှင့် လုံမေဆီက အချစ်ကို ရယူပိုင်ဆိုင်ခွင့်ရအောင် သူ့ဘက်က အတော်ကြိုးစားရဦးမှာပါလားဟု သိလိုက်သည်။

ချိန်းဆိုထားသည့် နေရာအရောက်မှာ လုံမေ့ မြင်းလိမ္မာကြီး ရပ်တန့်သွားသလို စိမ်းရွက်ခမ်း၏ ကားလေးလည်း ရပ်တန့်သွားသည်။

"လုံမေ"

"ခင်ဗျား လုံမေနာမည်ကို မခေါ်ပါနဲ့"





"ဟောဗျာ"

"အဟွန်း... ဟွန်း... ဟွန်း"

သူနှင့် မျက်နှာချင်းဆိုင်မိသည့်နှင့် ရန်စွာလိုက်သော ချစ်သူလှလှလေးကို ကြည့်ကာ စိုင်းရွက်ခမ်း ချစ်မြတ်နိုးစွာ ရယ်မောလိုက်မိပါသည်။

"လုံမေ့နာမည်ကို ကိုယ်က မခေါ်ရဘူးဆိုတော့ လုံမေကို ဘယ်လိုခေါ်ရမလဲ၊ ချာတိတ်လေးလို့ ခေါ်ရမလား၊ ကလေးလို့ ခေါ်ရမလား"

"ဘယ်လိုမှ ခေါ်စရာမလိုဘူး၊ လုံမေနဲ့လဲ လာပြီး မပတ်သက်ပါနဲ့"

"အဲဒါတော့ မဖြစ်ဘူးထင်တယ်၊ လုံမေကို ကိုယ်က သိပ်တွေ့ချင်မြင်ချင်နေတော့ ဘယ်လိုလုပ်မလဲ"

စိုင်းရွက်ခမ်း၏ အရည်လဲ့နေသော မျက်ဝန်းတောက်တောက်များ၏အကြည့် နူးညံ့လှိုက်လှဲသော အပြောများကြောင့် လုံမေ ပါးလေးနှစ်ဖက် ဖြန်းခနဲ ပူနွေးလျက် ရဲရဲနီသွားပါသည်။

"ရှင်းရှင်းပဲပြောမယ်ကွာ၊ ကိုယ် လုံမေကို သိပ်ချစ်တယ်၊ မြင်မြင်ချင်းကို ချစ်မိသွားတာ"

"အို..."

လုံမေမှာ မထင်မှတ်ဘဲ ချစ်ရေးဆိုခံလိုက်ရသဖြင့် လူတစ်ကိုယ်လုံး ရှက်စိတ်ဖြင့် ထူပူပြာဝေသွားကာ သူ့ရှေ့က အဝေးဆုံးတစ်နေရာ ထွက်ပြေးသွားချင်စိတ် ပေါက်လာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း လုံမေ စိတ်ထဲကရှိသည့်အတိုင်း လုပ်၍မဖြစ်ပါ။

လုံမေ သူ့ရှေ့က ထွက်ပြေးပြီး အိမ်ကိုပြန်သွားမည်ဆိုလျှင် စိုင်းရွက်ခမ်းဆိုသည့် လူကြီးကလည်း လုံမေနောက်က ထက်ကြပ်မကွာ လိုက်ပါလာမှာ သေချာပါသည်။

"လုံမေ"

"ခင်ဗျားကြီး အဓိပ္ပာယ်မရှိတဲ့ စကားတွေ မပြောနဲ့ဗျာ၊ ဒီစကားတွေ ဆက်ပြောမယ်ဆိုရင် လုံမေ ပြန်မယ်"

"ပြန်လေ"

"လုံမေ ဘယ်သွားသွား ကိုယ်လိုက်ရုံပဲ"

"ဟင်... "

လုံမေ ရှက်ဒေါသများဖြင့် သူ့မျက်နှာချောချောကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

အို... ။

လုံမေ မျက်နှာလှလှလေးကို တစ်ခါမှမမြင်ဖူးသူ တစ်ယောက်လို တစိမ့်စိမ့် စူးစိုက်ကြည့်ငေးနေသည့် စိုင်းရွက်ခမ်း၏ မျက်ဝန်းအကြည့် စိုစိုလက်လက်များကြောင့် လုံမေ ရင်မှာ နွေးခနဲလှပ်ဖို တုန်ယင်သွားနေခြင်းကြောင့် ချက်ချင်း အကြည့်လွှဲလိုက်ရပါသည်။

"သိပ်ချစ်ပါတယ် လုံမေရယ်၊ ကိုယ်တော့ ချာတိတ်ကြောင့် ရူးတော့မယ်ထင်တယ် သိလား... "

"အို... "





တိုးဖွဲ့ညင်သာသောစကားမှာ ချစ်ခြင်းတွေ ပျော်ဝင်စီးဆင်းလျက် လုံမေဆိုတာ သူ့ရဲ့ တရားဝင်ချစ်သူတစ်ယောက်လိုများ ထင်နေသလား မပြောတတ်ပါ။

"လုံမေ"

လုံမေ မထူးပါ"

"ချာတိတ်"

"ကိုယ် လုံမေကို လက်ထပ်ပါရစေ၊ လက်ထပ်ခွင့်ပြုပါ အချစ်ရယ်"

"ဟာ... "

လုံမေ့ပါးပြင်တင်မက တစ်ကိုယ်လုံးပင် ရှက်ခြင်းကြောက်လန့်ခြင်းကြောင့် ထူပူနီရဲသွားမည် ထင်ပါသည်။ လူကို စေ့စေ့ကြည့်ပြီး အချစ်တွေ ဘာတွေ အဆင့်အထိ လျှောက်ခေါ်နေတော့ ရှက်သည့်စိတ်ဖြင့် သူ့ရှေ့က အငွေ့ပျံသွားချင်မိသည်။

"ကိုယ့်ကို ပြန်ချစ်ပါလားကွာ၊ ချစ်မယ်မဟုတ်လားဟင်"

"ခင်ဗျား ရူးနေပြီထင်တယ်"

"ဟုတ်တယ်၊ ကိုယ်လဲ အဲဒီလိုထင်တယ်"

"အွန်... "

လုံမေက သူ့ကို နာကြည်းအောင်ပြောတာကို သူက နာကျင်ခြင်းမရှိတော့ လုံမေပဲ အခက်တွေ့သွားသည်။

"ချာတိတ် သိလား၊ ကိုယ်လေ ချာတိတ်နဲ့ ဆုံပြီးကတည်းက တစ်နေ့မှ ချာတိတ်ကို မေလို့မရခဲ့ဘူး... "



www.burmeseclassic.com

www.burmeseclassic.com



"အချိန်တိုင်းမှာ လုံမေဆိုတဲ့ ချာတိတ်ကိုပဲ သတိရနေတယ်၊ မျက်နှာလှလှလေးကိုပဲ မြင်ချင်တွေ့ချင်နေတယ်... "

"အဲ့ဒါ ဘာကြောင့်လို့ လုံမေ ထင်လဲဟင်"

"ခင်ဗျားပြောတဲ့အတိုင်း ခင်ဗျားကို လုံမေ လာတွေ့ပြီးပြီနော်၊ နောက်ဆို လုံမေကို လုံးဝမနှောင့်ယှက်ပါနဲ့"

လုံမေက သူမဖြစ်ချင်သည့်ဆန္ဒကို ဆိုလိုက်သည်။

စိုင်းရွက်ခမ်း လုံမေ့မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။ သူကတော့ ချစ်ရသူလေးကို သူ့ရင်ထဲကခံစားချက်တွေကို လှိုက်လှဲစွာ သူမသိအောင် ရင်ဖွင့်ပြောဆိုနေမိသမျှ သူမက လုံးဝစိတ်မဝင်စားမှန်း သိလိုက်သည်။

စိုင်းရွက်ခမ်းက သူပြောချင်တာကို ပြောနေသလို လုံမေဆိုသည့် ချစ်ရသူလေးကလည်း သူ့စကားကို စိတ်ဝင်စားခြင်းမရှိဘဲ သူမပြောချင်ရာကို ပြောလျက်ရှိသည့် အဖြစ်။

"လုံမေ"

"ဟင်... "

"ကိုယ့်ကို ပြန်ချစ်ဖို့ မစဉ်းစားတော့ဘူးလား"

"စဉ်းစားစရာမှမလိုဘဲ"

"ဟာ... "

ဒီတစ်ခါ အံ့ဩရသူက စိုင်းရွက်ခမ်း... ။

နုနယ်လှပလွန်းသော ချစ်သူလှလှလေး၏ အသည်းနှလုံးက မာကျောပြတ်သားလှချည်လား။





စိုင်းရွက်ခမ်းကိုယ်တိုင်လည်း မချစ်တတ်ခင်တုန်းက ကျောက်ခဲ အသည်းနှလုံးပိုင်ရှင်ရယ်လို့တောင် အပေါင်းအသင်းတွေက နာမည် ပေးခဲ့ကြတာကို သူ မမေ့ပါ။

အခုတော့ စိုင်းရွက်ခမ်းကိုယ်တိုင် သိပ်ချစ်တတ်လာပါပြီ ဆိုမှ ကျောက်ခဲအသည်းပိုင်ရှင်နှင့် တွေ့နေရသည့်အဖြစ်။

ဝဋ်လည်တယ်ဆိုတာ ဒါပဲလားမသိပါ။

"ကိုယ့်အချစ်က လုံမေအတွက် စဉ်းစားစရာ မလိုဘူး ဟုတ်လား"

"ဟုတ်တယ်လေ"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်လို့ပေါ့"

ပြဿနာပါလား... ။

သူ့လိုလူတစ်ယောက်က လုံမေလို သိဝ်လှသည့် ချစ်သူလေး၏ အသည်းနှလုံးကို ဘာခံစားချက်မှမပေးနိုင်တော့ဘူးလား။

"ကိုယ့်အချစ်ကို လုံမေ မယုံဘူးလား"

"ယုံချင်စရာမှ မရှိဘဲ"

"ဟင်... "

"ဒီမှာ"

"ဗျာ... "

"ခင်ဗျားကိုယ် ခင်ဗျား ငါ သူဌေးပဲဆိုပြီး ပြောတိုင်းရမယ်၊ လုပ်တိုင်း ဖြစ်မယ်များ ထင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို သူဌေးလို့ ဘယ်သူပြောလဲ"

"ပြောနေစရာလိုသေးလို့လား၊ ခင်ဗျားစီးလာတဲ့ ကားကြီးနဲ့ ခင်ဗျားပုံစံကို ကြည့်ပြီး သိတာပေါ့"

"ဪ. . . "

လုံမေ အဖြေစကားကို နားထောင်ပြီး သူ ပြုံးလိုက်သည်။

"လုံမေထင်တာ မှားနေပြီဗျာ"

"ဘာမှားလို့လဲ"

"ကိုယ်က လုံမေထင်သလို သူဌေးမဟုတ်ဘူးဗျာ၊ သူဌေးကားကို မောင်းနေရတဲ့ ကားဒရိုင်ဘာပါ၊ သူဌေးစွန့်ကျဲထားတဲ့ ပစ္စည်းတွေနဲ့ သားနားနေတာလေ"

စိုင်းရွက်ခမ်းစကားကြောင့် လုံမေ တွေတွေလေး ဖြစ်သွားသည်။ သူ့စကားကို လုံမေ ယုံကြည်သွားသလား မပြောတတ်ပါ။

သူ့ကို သူဌေးတစ်ယောက်ဆိုပြီး လုံမေ ကြောက်သွားမှာ အယုံအကြည်မရှိဘဲ မုန်းသွားမှာကိုသာ မလိုလားနိုင်ဘဲ ဖြစ်နေခြင်းကြောင့် အခုလို ပါးစပ်ထဲတွေ့ရာ လိမ်ညာလိုက်ခြင်း ဖြစ်ပါသည်။

"အခုပဲကြည့်လေ၊ ကိုယ့်သူဌေးက သူ့ကားသူမောင်းသွားလို့ ကိုယ်လဲ သူငယ်ချင်းတစ်ယောက်ရဲ့ကားကို တောင်းတောင်းပန်ပန်နဲ့ မနည်းပြောယူလာခဲ့ရတာ. . . "

"လုံမေပြောသလို ကိုယ်သာသူဌေးစစ်စစ်ဆို ကိုယ့်ကားကို ကိုယ်မောင်းလာမှာပေါ့"

"ထားပါလေ၊ ခင်ဗျားဘာသာ ဘာကြီးပဲဖြစ်ဖြစ်ပါ၊ လုံမေနဲ့





မဆိုင်ပါဘူး"

"သိပ်ဆိုင်တာပေါ့ဗျာ၊ လုံမေက ကိုယ်ချစ်ရတဲ့ ချစ်သူပဲ၊ ကိုယ်က ဆင်းရဲသားဆိုတာ သိလို့ စိတ်ပျက်ပြီး မချစ်တော့မှာကို တွေးပြီး စိုးရိမ်နေရတာပေါ့ဗျာ"

မျက်နှာငယ်လေးနှင့် ကြည့်နေသည့် ဦးစိုင်းရွက်ခမ်း မျက်နှာလေးကို ကြည့်ပြီး လုံမေ ဇဝေဇဝါလေး ဖြစ်သွားမိသည်။

တကယ်ပဲ ဦးစိုင်းရွက်ခမ်းဆိုတာ သူဌေးဒရိုင်ဘာပဲလား။ ဒါမှမဟုတ် သူဌေးတစ်ယောက်ဖြစ်ရက်နဲ့ လုံမေက သူ့အချစ်ကို မယုံကြည်မှာစိုးလို့ လိမ်ညာနေတာလားဆိုတာ လုံမေ ကွဲပြားစွာ မသိပေမဲ့။

သူ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် လုံမေကို လာပြီး အနှောင့်အယှက်မပေးလျှင် လုံမေ ကျေနပ်ဝမ်းသာပါပြီ။

"ခင်ဗျားဘာသာ ဘာကြီးဖြစ်ဖြစ်ပါ၊ လုံမေကို နောက်ထပ်တွေ့ဖို့ လုံးဝမကြိုးစားပါနဲ့"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားကို မတွေ့ချင်တော့လို့ပေါ့"

"ကိုယ်က လုံမေကို သိပ်ချစ်နေမိပြီဆိုတာလဲ ထည့်စဉ်းစားဦးလေ"

"လုံမေမှ ခင်ဗျားကို မချစ်ဘဲ"

လုံမေပြောသည့်စကားတွေက စိုင်းရွက်ခမ်းအတွက် နည်းနည်းမှ အားရစရာမရှိပါလား။



www.burmeseclassic.com

www.burmeseclassic.com



"လုံမေမှာ ချစ်သူရှိလို့လား"

"ရှိတယ်"

"ဟင်…

နောက်ထပ်မနှောင့်ယှက်နိုင်အောင် လုံမေ အပြတ်ပြောပစ်လိုက်သည်။ လုံမေစကားကြောင့် သိသာစွာ မျက်နှာပျက်သွားသည့် လူကြီးကို ကြည့်ကာ လုံမေ နည်းနည်းမှ နောင်တမရဘဲ ရှိနေပါသည်။

စိုင်းရွက်ခမ်းကတော့ လုံမေမျက်နှာလှလှလေးကို စူးစိုက်ကြည့်ရင်း အသည်းနှလုံးတွေ မခံမရပ်နိုင်အောင် နာကျင်သွားပါသည်။

သိပ်လှသည့် ချစ်သူလေးမှာ ချစ်ချင်သူတွေ ဝိုင်းဝိုင်းလည်နေမှာကို သူ နားလည်ပါသည်။ သို့ပါသော်လည်း သူမအနားမှာ ရှိနေသည့် ချစ်သူတွေထဲ အခု စိုင်းရွက်ခမ်းလုပ်သလို ဘယ်သူကမှ သူမကို အကျပ်ကိုင် ဖွတ်တရွတ် တွေ့ဆုံခွင့်ရအောင် တောင်းဆိုကြမည် မထင်ပါ။

သူ့ကို လုံမေ တစ်ခါတည်း စိတ်ပျက်သွားအောင် ပြောခြင်းများလား။ သူ့အလျင်ချစ်ဦးသူ ရှိသည်ဆိုသော စကားက သူ့ရင်ကို နာကျင်ခံစားစေသည်မှန်သော်လည်း ထိုအကြောင်းအရာတစ်ခုတည်းအတွက်နှင့်တော့ စိုင်းရွက်ခမ်း ရင်ထဲအသည်းထဲက သူမအပေါ် စူးရှနက်ရှိုင်းစွာထားရှိသော ချစ်မေတ္တာတရားကို တားဆီးလို့ မရနိုင်တာ ချစ်သူလေး သိစေချင်ပါသည်။





"လုံမေမှာ ချစ်သူရှိနေလို့ ခင်ဗျား စိတ်ထင်ရာတွေ လျှောက် မလုပ်ပါနဲ့"

လုံမေမျက်နှာလေးကို သူ ခပ်ရဲရဲ စူးစိုက်ကြည့်ပစ်လိုက်သည်။

"ကိုယ့်အချစ်တွေကို ရပ်သိမ်းပေးစေချင်တာမျိုးလား"

"ဟုတ်တယ်"

"ချစ်သူရည်းစားရှိတာ ဘာဖြစ်လဲ၊ လက်ထပ်ထားတဲ့သူ မရှိရင် ပြီးတာပဲ"

"ဟင်… "

"ကိုယ် လုံမေကို သိပ်ချစ်တယ်၊ ဘယ်လိုနည်းနဲ့မှ အဆုံးရှုံး မခံနိုင်ဘူး၊ ဒီတော့ ကိုယ့်အချစ်တွေကို လုံမေ ယုံကြည်လက်ခံလာနိုင်အောင် ကိုယ် ကြိုးစားမယ်"

လေးနက်တည်ငြိမ်စွာ သူ ဆိုလိုက်သည်။

"ခင်ဗျား လုံမေကို ဘာဒုက္ခပေးဦးမဲလို့လဲဟင်"

"ကိုယ့်ချစ်သူကို ဘယ်သူက ဒုက္ခပေးမှာလဲ၊ ပေးချင်းပေးရင် သုခပဲ ပေးချင်တာပါ… "

"မတတ်သာလွန်းလို့ ကိုယ့်ချစ်သူမျက်နှာလေးကို တွေ့ခွင့်မြင်ခွင့်ရအောင် အကျပ်ကိုင်တောင်းဆိုမိတာပဲ ရှိမှာပါ… "

"အဲ့ဒါလဲ လုံမေကို သိပ်ချစ်လို့ဆိုရင် ကိုယ့်ကို လုံမေ ခွင့်လွှတ်ချင်လာပါလိမ့်မယ်"

"လုံမေကို ကိုယ် သိပ်ချစ်တယ်"

ချစ်ပြီးရင်းချစ်နေသော ချစ်စကားတွင်တွင်ဆိုနေသူက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်နှင့် ဟုတ်နေပေမဲ့ သူ အကျပ်ကိုင်၍ လာတွေ့နေရသော လုံမေကတော့ သူ့ထံမှ ချစ်စကားတွေကို နားမဝင်နိုင်အောင် ဖြစ်နေ ပါသည်။

အချိန်လေးတွေ ကြာလာပြီမို့ လုံမေပြန်အလာကို စောင့်နေမည့် မာဆေးကို သတိရကာ နေရာမှ ဖျတ်ခနဲထရပ်လိုက်ပါသည်။

"လုံမေ ပြန်တော့မယ်"

"ကိုယ်တို့ ဘယ်နေ့တွေ့ကြဦးမှာလဲ"

"ဘယ်နေ့မှ တွေ့စရာမလိုပါဘူး"

လိုမေထံမှ ဂျစ်ကန်ကန်စကားကြောင့် သူ လုံမေမျက်ဝန်းထဲကို စူးစိုက်ကြည့်ပစ်လိုက်သည်။

"သောကြာနေ့ ကိုယ် ဒီမှာစောင့်နေမယ်၊ ပြောစကားနားမထောင်ရင် ကိုယ့်အဆိုးမဆိုနဲ့"

"အို..."

လုံမေ သူနှင့်ပြိုင်ပြီး ဘာမှပြောလို့ အကျိုးမထူးနိုင်မှန်း သိလိုက်ပါသည်။ မြင်းဖြူကြီးရှိရာကို လျှောက်သွားပြီး မြင်းကြီးပေါ် လွှားခနဲ ခုန်တက်လိုက်သည်။

"လုံမေ"

နောက်ပါးဆီမှ ခေါ်သံကြောင့် လုံမေ လှည့်ကြည့်လိုက်သည့် အခါ သူမမျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်နေသည့် သူ့ထံမှ အကြည့်စူးများနှင့် ဆုံစည်းမိကြသည်။

"လုံမေကို ကိုယ် သိပ်ချစ်တယ်၊ ကိုယ့်ကိုပြန်ချစ်ဖို့ စဉ်းစား





ထားပါ"

လုံမေ ဘာမှပြန်မပြောတော့ဘဲ မြင်းကြီးကို နေရာမှ ဒုန်းစိုင်းထွက်ခဲ့ပါသည်။ ရင်ထဲမှာတော့ ဦးစိုင်းရွက်ခမ်း၏ ပိုင်စိုးပိုင်နိုင်းအကြည့်အပြောများကြောင့် မွန်းကျပ်နေပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

စီးကရက်ငွေ့များက စိုင်းရွက်ခမ်း၏ ချောမောခန့်ညားသည့် မျက်နှာတစ်ဝိုက်မှာ ဝေ့ဝဲပျံ့သန်းနေသည်။

မိုးကောင်းကင်ကြီးကို ငေးမောကြည့်နေသော်လည်း မျက်ဝန်းထဲမှာ ဘာကိုမှမမြင်။ သူ့ရင်မှာ လှိုက်လှဲမြတ်နိုးစွာ စွဲလမ်းနေမိပြီဖြစ်သော ချစ်သူလှလှလေး၏ ပုံရိပ်တွေကို သူ့အာရုံမှ အထပ်ထပ်မြင်ယောင်နေမိသည်။

သိပ်ချစ်မိပြီဆိုတော့ သိပ်ခံစားနေရသည့်အဖြစ်က သိပ်တော့မဆန်းပါ။ ဟိုတုန်းကတော့ အချစ်ဆိုတာ လူ့အတွက် ရယ်စရာပြက်လုံးတစ်ခုလို ဖြစ်ခဲ့တာ သူ ဝန်ခံပါသည်။

အချစ်စစ် မေတ္တာစစ်နဲ့မှ မတွေ့သေးဘဲကိုး။ အခုတော့ ရင်နှင့်ရင်း၍ ချစ်ရမည့် ချစ်သူတစ်ယောက်ကို မထင်မှတ်ဘဲ ရှာဖွေတွေ့ရှိခဲ့လေပြီ။





ဒီတော့လည်း အချစ်၏ဝေဒနာတွေကို သူမ မလွဲမသွေ ရင်ဆိုင်ခံစားရသည်ပေါ့။

သိပ်ချစ်မိပြီဆိုတော့ ချစ်ရသူ၏ မျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်လာသလို ချစ်သူအသိ ချစ်သူ၏ ဟန်အမူအရာလေးတွေကိုလည်း သူ တမ်းတလာသည်။

ချစ်သူမကြည်ဖြူ ငြူစူရန် လိုနေသည့်ကြားမှ သူမကိုတွေ့ခွင့်မြင်ခွင့်ရအောင် သူ့ဘက်က ဖွတ်တရွတ် ကြိုးစားမိသည်။

ထိုအခါ ချစ်သူလေးအမြင်မှာ စိုင်းရွက်ခမ်းဆိုတာ မုန်းစရာစိတ်ဆိုးဒေါသဖြစ်ချင်စရာ အချစ်လူဆိုးကြီးတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်ရသည်။

ထိုထက်ပိုဆိုးသည်က လုံမေဆိုသည့် ချစ်သူလေးက သူ့အချစ်ကို မယုံကြည်ခြင်း ဖြစ်သည်။

သူ့အချစ်ကို ယုံကြည်လက်ခံလာအောင် သူ မည်သို့လုပ်ရမည်နည်း။ တကယ်တော့လည်း လုံမေ အပြစ်မဟုတ်ပါ။

တိုတောင်းလှသော တွေ့ဆုံချိန်လေးအတွင်းမှာ သူကိုယ်တိုင်ကိုက သူ့ရင်ထဲက အချစ်တွေကို အချိန်မတန်ခင် ဖွင့်ဟဝန်ခံခဲ့မိသည်ကိုး။

သိပ်လှသည့် ချစ်သူလေးကို သူ ဘယ်လိုမှ စိတ်မချနိုင်တာကို စိုင်းရွက်ခမ်းပဲ သိသည်။ လုံမေကို ချစ်မိသည့်အချစ်မျိုးက သူ့ဘဝတစ်သက်တာမှာ တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်လာသည့်အဖြစ်မို့ပို၍တန်ဖိုးထားမြတ်နိုးရသည့်အဖြစ် ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို လုံမေဆိုသည့် ချစ်သူလေးက နားလည်မည်မဟုတ်။ အဆုံးရှုံးမခံနိုင်အောင် ဖြစ်နေမိသူကိုသာ အပြစ်တင်မှာ သေချာပါသည်။

သိပ်ချစ်တယ် ကလေးရယ်…။

မင်းလေး ကိုယ့်ကို မမုန်းလိုက်ပါနဲ့ အသက်ရယ်…။ ရင်ထဲက လှိုက်လှဲမြတ်နိုးစွာ ညည်းလိုက်မိသည်။

အချစ်ရေးနှင့် ပတ်သက်လာတော့ စိုင်းရွက်ခမ်းဆိုတာ မူကြို အဆင့်ပါဟု ပြောရမလို ဖြစ်နေသည်။

ကိုယ့်အသက်မက ချစ်ခင်မြတ်နိုးမိသူလေးက ကိုယ့်အပေါ်မှာ ပြန်ပြီး မေတ္တာသက်ဝင်ချစ်ခင်လာအောင် ဘယ်ပုံဘယ်နည်း ကြိုးစားရမှန်းမသိဘဲ ဖြစ်နေသည်အထိ သူ့စိတ်တွေ လှုပ်ရှားနေခဲ့သည်။

သူ့အသိ သူ့အတွေးထဲမှာ လုံမေကို ပြင်းပြလှိုက်လှဲသော အချစ်များဖြင့် မြတ်နိုးသိပ်သည်းစွာ ချစ်ခင်စွဲလမ်းနေမိသလို လုံမေကလည်း သူ့အပေါ်မှာ သူ့နည်းတူ မေတ္တာသက်ဝင် ချစ်ခင်စေချင်မိသည်က သူ့ရင်ထဲက တောင်းတနေသော ဆန္ဒဖြစ်သည်။

လက်တွေ့မှာကျတော့ သူ့ရင်ထဲက အချစ်တွေကို ဖော်ပြရန်ထက် ချစ်သူလှလှလေးက သူ့ကို အတွေ့မခံဘဲ ရှောင်ပုန်းထွက်ပြေးသွားမှာကို စိုးရိမ်စိတ်တွေသာ ကြီးစိုးနေခဲ့သည့်အဖြစ်…။

ဒီတော့လည်း သူနှင့်လုံမေကြားမှာ လွဲမှားမှုလေးတွေ ဖြစ်လာခဲ့ရသည်။ သူက လုံမေမျက်နှာလှလှလေးကို မြင်ချင်တွေ့ချင်နေသည့်အချိန်မှာ လုံမေက သူ့မျက်နှာချောချောကို မြင်တွေ့ရမှာကိုပင်





ထိတ်လန့်တုန်လှုပ်နေသူ…။ ဘာကြောင့်များ သူနှင့်လုံမေကြားမှာ ဒီလိုလွဲမှားမှုတွေ ရှိနေရတာလဲ…။

စီးပွားရေးလောကမှာ အောင်မြင်ကျော်ကြားသော လုပ်ငန်းပိုင်ရှင်တစ်ယောက်ဖြစ်ခဲ့ပေမဲ့ အချစ်ရေးမှာတော့ စိုင်းရွက်ခမ်းဆိုတာ ကိုယ့်ထက် များစွာငယ်ရွယ်သူလေးအပေါ်မှာတောင် ရှုံးနိမ့်နေရသူ။

ချစ်ရသူလေးနှင့် ပတ်သက်ပြီး သူသိချင်သမျှကို အားလုံးစုံစမ်းနိုင်ခဲ့ပါပြီ။

လုံမေမှာ မိဘများငယ်စဉ်တည်းက မရှိတော့ပါ။ သူမ အခုသက်ရှိ အတူနေထိုင်နေကြသူများက သူမ အမေ့ဘက်က အဒေါ်နှင့် အဘိုးဖြစ်ပြီး ထိုအဒေါ်နှင့် အဘိုးကလည်း လုံမေကို တုန်နေအောင် ချစ်ကြသည်ဟု ဆိုပါသည်။

လုံမေ အဘိုးဆိုသူက လုံမေကို ချစ်သလောက် စည်းကမ်းတင်းကျပ်သူဖြစ်သည်။ လုံမေကို ယောက်ျားလေးသူငယ်ချင်းပင် ထားခွင့်မပြုမှတော့ ချစ်သူရည်းစားရှိပါသည်ဆိုသော ချာတိတ်မလေးရဲ့စကားကို ပြန်လည်ကြားယောင်တော့ သူ ပြုံးရယ်လိုက်မိသည်။

"အဟွန်း… ဟွန်း… ဟွန်း"

ကိုယ့်အချစ်ဆုံးရယ်…။

မင်းလေး တို့ကို ဘာလို့ အိမ်လိုက်မလာစေချင်တာလည်းဆိုတာ တို့ နားလည်ပါပြီဗျာ။

လုံမေအဘိုးနဲ့ ကိုယ်နဲ့တွေ့ရင် အကြီးအကျယ် ပြဿနာတက်တော့မှာကို သိလို့ ကိုယ့်ဆီကို မတွေ့ချင်ဘဲ လာတွေ့နေရတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

လုံမေ အဘိုးဆိုသူကလည်း တခြားသူမဟုတ်ပါ။ စိုင်းရွက်ခမ်း၏ ခြံလုပ်ငန်းများကို ဦးစီးလုပ်ကိုင်နေသော ဦးစိုင်းလုံဆိုသူ ဖြစ်နေပါသည်။

အလုပ်များများလုပ်၍ စကားနည်းသူဖြစ်ပြီး အပြောအဆို အနေအထိုင်ရိုးသားကြိုးစားသူ တစ်ယောက်ဖြစ်သလို ဘူးဆိုလျှင် ဖရုံမသီးတတ်သော တိကျပြတ်သားသည့်လူမျိုး ဖြစ်ပါသည်။

ဆေးဝါးကုသခြင်းကို ဝါသနာပါ၍ ကိုယ်တိုင် ဆေးဝါးဖော်စပ်ကာ တစ်ဖက်တစ်လမ်းကလည်း ဆေးကုသနေသူတစ်ယောက် ဖြစ်ပါသည်။

တိုင်းရင်းဆေးမြစ်၊ ဆေးရွက်၊ ဆေးဥများကို အရှာအဖွေထွက်တိုင်း လုံမေက သူ့အဘိုးနှင့်အတူ လိုက်ပါတတ်သလို အဖော်ကောင်းလျှင် အခြားသူများနှင့်လည်း လိုက်ပါတတ်သည်ဟု သိရပါသည်။

ဒါကြောင့်လည်း လုံမေနှင့်သူ မမျှော်လင့်ဘဲ တောထဲတောင်ထဲမှ အမှတ်မထင် ဆုံစည်းခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။

တွေ့ဆုံပုံကလည်း ခပ်ဆန်းဆန်း။

လူများ၏အသက်ကို ကယ်တင်ရန် ဆေးဝါးရှာဖွေနေသူနှင့် တိရစ္ဆာန်များ၏ အသက်ကို အပျော်သဘောသက်သက် သတ်ဖြတ်ရန် ရှာဖွေသူတို့ ဆန့်ကျင်ဘက် ဆုံစည်းမိကြခြင်း ဖြစ်သည်။

ချစ်မိပြီ အသက်ရယ်... ။





တို့ဘဝမှာ မင်းလေးမရှိလို့ မဖြစ်ဘူးဆိုတာ အချစ်ဆုံးသိရဲ့လားကွယ်... ။

ဖြစ်နိုင်လျှင် သူမကို လူကြီးစုံရာနှင့် တစ်ခါတည်း တောင်းရမ်းလက်ထပ်၍ ရယူဖို့[illegible]ချင်ပါသည်။

ခက်နေသည်မှာ လုံမေဆိုသည့် ချစ်သူလေးဖြစ်သည့် အခုလိုအချိန်မှာတောင် သူ့ကို မကြည်ဖြူရသည့်အထဲ သူမကို လူကြီးတွေက တစ်ဆင့် ရယူဖို့ ကြိုးစားလျှင် ပို၍ဆိုးမှာ သေချာပါသည်။

အဆိုးဆုံးက သူမကို ငွေနှင့်ဝယ်ယူပါသည်ဟု အထင်ခံလိုက်ရမှာကို သူ အကြောက်ဆုံးဖြစ်သည်။

သူ တကယ်လိုချင်သည်က လုံမေဆီက ချစ်ခြင်းမေတ္တာစစ်စစ်ကို ဖြစ်ပါသည်။ လုံမေဆီက အချစ်ကိုမရဘဲ သူ့ရင်ထဲက စိတ်ဆန္ဒတစ်ခုတည်းဖြင့် သူမကို မရယူချက်ပါ။

ဒါကို ချစ်သောချစ်သူလေး သိစေချင်ပါသည်။ လုံမေထံမှ အချစ်ကို ရယူပိုင်ဆိုင်ခွင့်ရသည်နှင့် သူမကို အချိန်ကြာကြာ ဆွဲနေခွင့်မပြုဘဲ လက်ထပ်ရန် တစ်ခါတည်း စဉ်းစားဆုံးဖြတ်ထားပါသည်။

တစ်ညလုံး လုံမေအချစ်ကို ဘယ်ပုံဘယ်နည်း ရယူရမလည်းဟု စဉ်းစားအဖြေရှာရင်း ညဉ့်နက်မှ အိပ်ပျော်သွားသည်သူက မနက်အစောကြီး နိုးနေပြန်ပါသည်။

ဒီနေ့ သူနှင့်လုံမေ တွေ့ဆုံရန် ချိန်းဆိုထားသည့်နေ့ ဖြစ်သည့်အတွက် သူ့ရင်တွေ တသိမ့်သိမ့် ခုန်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမျက်နှာလှလှလေးရှိရာကို သွားရောက်တွေ့ဆုံလိုသည့် စိတ်များကို မျိုသိပ်ချုပ်တည်းပြီး မပြီးပြတ်သေးသော အလုပ်များကို အာရုံစူးနစ်ထားသည့်ကြားမှ သူမကိုပဲ အချိန်တိုင်း သတိရနေမိတာတော့ သူလည်း မငြာတ်နိုင်ပါ။

လုပ်ငန်းတွေ ပြီးပြတ်သွားသည့်အချိန်နှင့် လုံမေကို ချိန်းဆိုထားသည့်ရက် ရောက်လာသည့်အချိန်ကလည်း ကွက်တိမို့ သူ့အတွက် အစစအရာရာ အဆင်ပြေသည်ဟု ဆိုရပါမည်။

သူစီးနေကြ ကားကြီးပေါ်တက်နေမည်ပြုပြီးမှ လုံမေကို သူ့ဒွေး၏ ကားဒရိုင်ဘာပါဟု သူမကို လိမ်ညာထားသည့်အဖြစ်ကို ပြန်သတိရပြီး တစ်ချက်ပြုံးလိုက်မိသည်။

ပြီးတော့ ကုန်ပစ္စည်းများတင်ရန် အသုံးပြုသည့် ဂျစ်ကားပေါင်းပေါ်သို့ တက်ကာ ကားကို နေရာမှ ခပ်ကြမ်းကြမ်းလေး မောင်းထွက်ခဲ့သည်။

ရင်ထဲမှာတော့ တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ဖူးသော ခံစားချက်တစ်မျိုးဖြင့် တုန်ယင်မြူးကြွနေပါသည်။

ဤလမ်းဤခရီးကို စိုင်းရွက်ခမ်း တစ်ယောက် အကြိမ်ကြိမ် ဖြတ်သန်းဖူးပါသည်။ အခုလို ခံစားချက်မျိုး တစ်ခါမျှ မခံစားမိဖူးပါ။

အချစ်ဆိုတာ ဒီလိုပဲ၊ လောကကြီးတစ်ခုလုံးကို အဓိပ္ပာယ်ရှိရှိ သာယာလှပစေတာမျိုးလားဟု တွေးရင်း လုံမေနှင့် တွေ့ဆုံလျှင် ပြောရမည့်စကားများကို လျှောက်စဉ်းစားနေမိသည်။

သူ မျှော်လင့်ထားသလို လုံမေတစ်ယောက် သူချိန်းဆိုထားသည့်





နေရာလေးကို လွယ်ကူချောမောစွာ ရောက်ရှိလာလိမ့်မည်ဟု သူ မထင်ပါ။

ဖြစ်နိုင်လျှင် လုံမေက သူနှင့်မဆုံတွေ့ရလေအောင် တစ်နေရာရာမှာ ပုန်းရှောင်နေချင်သူလေးမှန်း သူသိပါသည်။

အလျှင်အခေါက်က အဖြစ်ကို ကြည့်ရုံနှင့် လုံမေ စိတ်ဓာတ်ကလေးကို သူ နားလည်သလိုလိုလေး ခံစားမိပါသည်။ သူက ဖွတ်တရွတ်လုပ်လာမှာကို စိုးရိမ်ကြောက်လန့်ရခြင်းကြောင့်သာ သူ့အားကို မြင်သည်နှင့် မြင်းဖြူကြီးစီးကာ ထွက်လာပြီး သူနှင့် တွေ့ဆုံခြင်း ဖြစ်ပါသည်။

အခုလည်း သူ့မစိတ်သူမ သဘောတာအတိုင်းဆိုလျှင် လုံမေတစ်ယောက် စိုင်းရွက်ခမ်းရှိရာကို ရောက်လာမည်မထင်ပါ။

သူကတော့ ပေးထားသည့်ကတိစကားအတိုင်း ချိန်းဆိုထားသည့် နာရီအတိအကျ လုံမေအလာကို စောင့်နေမိပါသည်။

လက်ကနာရီလက်တံလေးတွေသာ တစ်ရွေ့ရွေ့အချိန်ကုန်သွားသည်။ ချစ်သောချစ်သူလေး၏ အသွင်သဏ္ဍာန်လှလှလေးကဖြင့် သူရှိရာကို ရောက်မလာခဲ့ပါ။

ဟူး… ။

ကိုယ့်ရဲ့ ချစ်သက်မှူးလေးရယ်… ။

ကိုယ် မင်းလေးကို အလျှော့ပေးလိုက်မယ်ဆိုရင် ကိုယ်နဲ့ လုံမေ တစ်သက်လုံး နီးစပ်ခွင့်ရနိုင်မှာ မဟုတ်ဘူးဆိုတာ ကိုယ်သိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် နားလည်နေပါတယ် အချစ်ဆုံးရယ်၊ စိုင်းရွက်ခမ်း ကားလေးကို လုံမေရှိရာသို့ ဦးတည်လိုက်ပါသည်။

လုံမေခမျာ အလှူအိမ်မှာ ရောက်နေရသော်လည်း နာရီလေးကို တကြည့်ကြည့်နှင့် နေရာမှ လစ်ပြေးချစ်နေမိပါသည်။

တစ်ဆက်တည်းမှာပင် ဦးစိုင်းရွက်ခမ်းဆိုသည့် လူကြီး လုံမေတို့ အိမ်ရှေ့မှာ သူ့ကားကို ဘယ်နှစ်ကြိမ်မြောက် ဖြတ်မောင်းနေမှာလဲဟု တွေးပြီး အဘိုးနှင့် ဆုံလိုက်မှဖြင့်ဟု ရင်ဘတ်ကလေးကို ဖိနေမိပါသည်။

တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှာ အလှူကရှိနေသည်။ အလှူရှင်ကလည်း အဘိုး၏ အရင်းနှီးဆုံးမိတ်ဆွေမို့ မသွား၍မဖြစ်သလို သူမအပေါ်မှာ အမြဲပြိုင်ဆိုင်နေသော ခမ်းဝါကြောင့်လည်း ကိုယ့်ကိုယ်ကို အလှဆုံး ပြင်ဆင်ဝတ်စားရပါသေးသည်။

ထင်သည့်အတိုင်းပါပင် အားလုံးထဲမှာ လုံမေ အချောဆုံး အလှဆုံးဖြစ်၍ အားလုံးက အားကျပြီး ငေးနေကြရသဖြင့် ခမ်းဝါ၏ မျက်နှာက သိသိသာသာ ပျက်နေပါသည်။

လူချင်းယှဉ်လို့ရပါသည်။

ကုသိုလ်ကံချင်း ယှဉ်လို့မရတာတော့ လုံမေလည်း မတတ်နိုင်ပါ။

ချိန်းဆိုထားသည့် အချိန်ထက် ကျော်လွန်သွားပြီဖြစ်သော နာရီလေးကို တစ်ချက်ကြည့်ပြီး လုံမေ နေရာက အသာလစ်ထွက်ခဲ့ပါသည်။





အဘိုးဖြစ်သူကို စောစောက လူအုပ်ကြားမှ တွေ့လိုက်ရသော်လည်း အခုတော့ ရှာမတွေ့တော့ပါ။

အိမ်ပဲပြန်သွားတာလား။ တခြားတစ်နေရာမှာကိုပဲ ရောက်နေတာလား မသိမေမဲ့ လုံမေကိုယ်မှာတော့ ဇောချွေးလေးများ ပြန်ချင်နေပါသည်။

တခြားတစ်နေရာမှာရှိလျှင် တော်ပါသေးသည်။ အိမ်ကို ပြန်သွားလို့ ဟိုလူကြီးနှင့် တွေ့နေကြမှဖြင့် ... ။

တွေးရင်းနှင့် ရင်တထိတ်ထိတ် ခုန်ကာ စိုးရိမ်လာမိသည့် အတိုင်း အိမ်ကို တစိုက်စိုက်နှင့် ပြန်နေသော အဘိုးဖြစ်သူကို တွေ့လိုက်ရသဖြင့် လုံမေ ရင်မောနေစဉ်မှာပင် ... ။

လမ်းတစ်ဖက်ဆီမှ လုံမေရှိရာကို ချိုးကွေ့ဝင်လာသည့် ကားတစ်စီးကြောင့် လုံမေ မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားရပါသည်။

ထိုကားက တခြားသူကားမဟုတ်၊ ဦးစိုင်းရွက်ခမ်းဆိုသည့် လူကြီး၏ ကားဖြစ်ပြီး လုံမေကို တွေ့သွားကာ သူမဘေးတွင် ငြိမ့်ခနဲ ထိုးရပ်သွားပုံကြောင့် လုံမေမှာ အဘိုးဖြစ်သူရှိရာကို လှမ်းကြည့်ရင်း ရင်တွေတဒိတ်ဒိတ် မြည်နေပါသည်။

"လုံမေ"

စိုင်းရွက်ခမ်းမှာလည်း မမျှော်လင့်ဘဲ လုံမေကို တွေ့လိုက်ရသဖြင့် လှိုက်ခနဲ ဝမ်းသာပျော်ရွှင်သွားရခြင်းနှင့်အတူ နတ်သမီးလေးလား ထင်မှတ်မှားရအောင် လှချင်းတိုင်းလှနေသည့် ချစ်သူလေးကို မြင်လိုက်ရခြင်းက သူ့ရင်ထဲက အချစ်စိတ်တွေကို အထိန်းရခက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရပါသည်။

"လုံမေ ဘယ်ကလာတာလဲဟင်"

"ဘယ်ကဖြစ်ဖြစ် ခင်ဗျားအပူ မပါပါဘူး၊ ဒီမှာ ဒီနေရာက အခုပြန်ပါ"

"ပြန်စေချင်ရင် လုံမေပါ ကိုယ်နဲ့အတူ လိုက်ခဲ့ပေါ့"

"အို…"

"အိမ်မှာ အဘိုးရှိတယ်ရှင့်၊ သိရဲ့လားရှင်၊ ဖြစ်ချင်တာတွေ ချည်း လျှောက်ပြောမနေပါနဲ့"

"ဟင်… ဟိုမှာ… ဟိုမှာ"

လုံမေ၏ ရန်ထောင်စကားလေးအဆုံးသို့ မရောက်မီမှာပင် အဘိုးဖြစ်သူ ပြန်ထွက်လာတာကို ရိပ်ခနဲ မြင်တွေ့လိုက်ရခြင်းကြောင့်။

လုံမေ ဘာတစ်ခုမှ စဉ်းစားမနေနိုင်တော့ဘဲ စိုင်းရွက်ခမ်း ကားပေါ် ဖွေ့ခနဲရောက်သွားရသလို မျက်နှာလှလှလေး သွေးမရှိသလို ဖွေးခနဲဖြစ်သွားရသည့်အထိ ကြောက်လန့်သွားရှာသော ချစ်သူလေး၏ အဖြစ်ကို ကြည့်ကာ သူ့ကားကို လာလမ်းအတိုင်း ချက်ချင်း နောက်ပြန်ဆုတ်ပြီး မောင်းထွက်ခဲ့လိုက်ပါသည်။

"ခင်ဗျားကြောင့် လုံမေကို အဘိုးမြင်သွားပြီလား မသိဘူး"

ငိုမလိုမျက်နှာလေးနှင့် ရန်တွေ့စကားဆိုနေသူလေးကို သူ့ရင် ခွင်မှာ မြတ်နိုးစွာ ပွေ့ဖက်၍ ပါးပြင်နုကို ညင်သာဖွဖွရှိုက်နမ်းပစ်ချင် နေမိပါသည်။

"မမြင်ပါဘူး ချာတိတ်ရဲ့၊ ချာတိတ်ရဲ့အဘိုးကို မြင်တာနဲ့





ကိုယ့်ကားကို ချက်ချင်း နောက်ဆုတ်လိုက်တာပဲ မဟုတ်လား"

လုံမေ ဘာမှပြန်ပြောမနေတော့ပါ။ တထိတ်ထိတ်ခုန်သော ရင်ဖြင့် စိုင်းရွက်ခမ်းဆိုသည့် လူကြီးကိုသာ ဒေါသတွေ ထွက်နေမိ ပါသည်။

သူ ချိန်းသည့်နေရာကို လုံမေ ရောက်မလာတာနှင့် ထင်သည့် အတိုင်း လုံမေ့အိမ်အထိ ရဲတင်းစွာ လိုက်လာတာမျိုးကိုတော့ သူမ သည်းမခံနိုင်တော့ပါ။

ကားက လမ်းအတိုင်း တရိပ်ရိပ်ပြေးနေသလိုလုံမေ ရင်ထဲမှာ လည်း ဒေါသတွေ တလိပ်လိပ်ထွက်နေပါသည်။

အဘိုးမြင်တွေ့သွားမှာကို ကြောက်လန့်ပြီး သူ့ကားနှင့် ပါလာတာက အရေးမကြီး။ သူ့ကားနှင့် လုံမေ ပါသွားတာကို။ ဘယ်သူတွေများ မြင်တွေ့သွားမလဲဟု တွေးကာ ရင်ခုန်ထိတ်လန့် နေမိသည်။

"ဒီမှာ"

"ဗျာ"

"ကားကို ဘယ်အထိအောင် မောင်းနေမှာလဲ၊ အခုချက်ချင်း ရပ်ပါ"

"နေဦး… နေဦး၊ ဒီနားမှာ မရပ်နဲ့၊ ဟိုဘက်ခပ်ဝေးဝေး လူ မမြင်မယ့်နေရာမှာ ရပ်ပါ"

"ကောင်းပါပြီဗျာ"

လုံမေ သဘောအတိုင်း ကားလေးကို လမ်းဘေးမှာ ထိုးရ



www.burmeseclassic.com

www.burmeseclassic.com



မည်ပြုပြီးမှ လုံမေက သူမတို့ကို တခြားသူမြင်တွေ့သွားမှာ ကြောက်၍ အရိပ်ကောင်းပြီး ရတ်တရက် လူမမြင်နိုင်သည့် နေရာမှာ ကားကို ရပ်တန့်စေလိုက်ခြင်း ဖြစ်သည်။

"ခင်ဗျားကြီး လူကို ဘာအချိုးချိုးတာလဲဟင်"

"ဗျာ... "

"ကိုယ် ဘာလုပ်လို့လဲ လုံမေရပ်ဆိုတဲ့ နေရာမှာ ကားကို ရပ်လိုက်တာပဲလေ"

"အို... လုံမေ ပြောနေတာ အဲ့ဒီကိစ္စမဟုတ်ဘူး သိရဲ့လား၊ ဘာကိစ္စ အခုလို အိမ်အထိ လိုက်လာရတာလဲလို့ မေးနေတာရှင့်၊ သိရဲ့လား"

"လွမ်းလို့ပေါ့"

"ဘာပြောတယ်"

ဒေါသဖြစ်နေသော လုံမေမျက်နှာလေးကို သူ စိုက်ကြည့်ရင်း သူ့ရင်မှာ အချစ်စိတ်တွေ ပြည့်သိပ်လို့ လာရပါသည်။

"သိပ်လှတယ်လို့ ပြောတာ"

"အို... "

"ပြောစမ်းပါဦး၊ ဘာဖြစ်လို့ ဒီလောက်တောင် အလှတွေ ပြင်ထားရတာလဲ သူများတွေ ဝိုင်းကြည့်အောင်လို့လား"

ပန်းနရောင် ဝတ်စုံလေးဖြင့် လှချင်တိုင်း လှနေသူလေးကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်ရင်း စိုင်းရွက်ခမ်း ရင်ပူစွာ ဆိုလိုက်မိခြင်း ဖြစ်ပါသည်။





"ကြည့်တော့ ဘာဖြစ်လဲ၊ ခင်ဗျားအပူလား"

"ကျုပ်အပူပေါ့ဗျာ၊ ခင်ဗျားလေးက ကျုပ်ချစ်သူပဲ"

"ဘာ... "

"သိပ်ချစ်တယ်"

"အိုး... "

"ခင်ဗျား စကားတတ်တိုင်း လျှောက်ပြောမနေနဲ့ သိလား၊ နောက်ကို အခုလို မလုပ်ပါနဲ့၊ ခင်ဗျားကြောင့် အဘိုးနဲ့ ပြဿနာ မဖြစ်ချင်ဘူး၊ သိရဲ့လား"

"ကဲ... ပြန်မယ်"

"ဘယ်ကိုလဲ"

"အိမ်ကိုပေါ့ရှင်"

"ဟင်... အိမ်မှာ အဘိုးရှိတယ်မဟုတ်လား"

"သိပါတယ်၊ လုံမေပြောတဲ့ နေရာမှာသာ ရှင်ရပ်ပေး"

"နေပါဦး၊ ကိုယ်နဲ့တွေ့တုန်း စကားမပြောတော့ဘူးလား"

သူ့စကားကြောင့် လုံမေက စိတ်ရှုပ်သလို မျက်ခုံးလေး တွန့်ပြီး သူ့ကို ခပ်တင်းတင်းလေး ပြန်ကြည့်လာသဖြင့် သူ မြတ်နိုးအသည်းယားစွာ ချစ်သူလှလှလေးကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည့်အတွက် လုံမေပါးလေးတွေ ရဲခနဲဖြစ်သွားတာကို သူ မြင်လိုက်ရသည်။

"ဘာမှပြောစရာမရှိဘူး၊ နောက်ကို လုံမေကို ဘာအတွက်နဲ့မှ မနှောင့်ယှက်ဖို့ပဲ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား"

"ဒါပဲပေါ့၊ ကဲ... အိမ်ပြန်ပို့တော့"

လုံမေအသံက စိတ်မရှည်သံ... ။

အိမ်မှာ အဘိုးရှိနေတာကို သိတော့ ပိုကြောက်မိသည်။ အလျှင်အိမ်ကို ပြန်သွားလို့မှ လုံမေကို မတွေ့ရင် ပြဿနာဟု တွေးပြီး ရင်ထဲမှာ ပူလာသည်။

အချိန်လေးတွေ ကြာသွားသည်။ တစ်ဖက်က မည်သည့်လှုပ်ရှားမှုမှ မတွေ့ရတော့ လုံမေ ဒေါသဖြစ်လာသည်။

"ခင်ဗျား ပြောနေတာမကြား... "

"အို... "

ရန်တွေ့စကားဆိုနေမိသော လုံမေ နှုတ်ခမ်းလေးတစ်ဝက်တစ်ပျက်မှာ ရပ်တန့်သွားစေသည့်အထိ စိုင်းရွက်ခမ်းဆိုသည့် လူကြီး၏ အကြည့်က လုံမေရင်ကို ထွင်းဖောက်သွားသည်။

"လုံမေ"

"အို... ခင်ဗျားနော်"

"ဒါ ဘာလုပ်တာလဲဆို"

"သိပ်ချစ်တယ်၊ ချစ်ရယ်"

"အို... အို... "

"ဟင့်အင်း"

လုံမေ တစ်ကိုယ်လုံး မြွေတစ်ကောင်လို တင်းကျပ်စွာ ရစ်ပတ်နှောင်ဖွဲ့ခံလိုက်ရသလို သူ့မျက်နှာလှလှလေးထက် အုပ်မိုး





မိုးကပ်လာသည့် သူ့မျက်နှာချောချောကို ရှောင်တိမ်းရန် ကြိုးစားနေသည့်ကြားမှာ လုံမေနှုတ်ခမ်းလေးတွေ စကားဆိုခွင့်မရအောင် ငြိမ်သက်တိတ်ဆိတ်သွားပါသည်။

"သိပ်ချစ်တယ် ချာတိတ်ရယ်... "

"ချစ်တယ်ဗျာ"

"ဟင့်အင်းဆို... "

"ခင်ဗျားနော်"

"အို... "

လှိုက်လှဲပြင်းပြသော ချစ်အနမ်းများက လုံမေမျက်နှာ လှလှလေး အနှံ့ခပ်ကြမ်းကြမ်း ဖြတ်သန်းသွားသည်။

နူးညံ့အိထွေးသည့် ပန်း၏ အတွေ့မှာ လိပ်ပြာလေး ရစ်မူးသာယာသွားသည်။ စိုင်းရွက်ခမ်း၏ ရင်ခွင်ကျယ်ကြီးထဲမှာ လုံမေ တစ်ကိုယ်လုံး မွန်းကျပ်လိုက်မောလျက် ရှိသည်။

စိုင်းရွက်ခမ်း၏ လှိုက်လှဲသော ချစ်အနမ်းများကို ရုက်လန့်စွာ ရုန်းဖယ်ရင်း သူ့ကိုယ်ကြီးကို လက်လှမ်းမီရာ ထုရိုက်မိသည်။

သူက လုံမေ၏ လက်သီးဆုပ်ကလေးများကိုပါ ရင်ခွင်ထဲ ဆွဲယူပွေ့ထားလိုက်ပြီး လုံမေရင်ခွင်ကို ဖွတ်အတင်းတိုးဝှေ့ ရှိုက်နမ်းပါသည်။

သူ့ထံမှ ဝင်သက်ထွက်သက် လေနွေးနွေးက လုံမေ၏ လည်တိုင်နှင့် ရင်ညွန့်ပါးပြင်အနှံ့ပျံ့လွင့်လျက် ရှိသည်။

"ကိုယ့်ကို ပြန်ချစ်တော့ကွာ၊ လုံမေကို ကိုယ် သိပ်ချစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

စိုင်းရွက်ခမ်း၏အသံက မြူးကြွတုန်ခါနေသလို သူ့ထံမှ ချစ်အနမ်းများကလည်း မဆုံးတော့ဟု ထင်ပါသည်။

"ချစ်တယ်နော်"

"မချစ်ဘူး၊ မချစ်ဘူး၊ လုံမေကို လွှတ်"

"လွှတ်စေချင်ရင် ချစ်တယ်လို့ပြောလေ"

"အို... "

"မပြောရင် ဒီအတိုင်းနေရုံပဲ"

လုံမေက ရုန်းလေ သူက ဖွတ်အတင်းတိုးဖက်လေမို့ လုံမေ တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲမှာ နစ်သထက်နစ်လျက် လှုပ်မရအောင် ရှိနေပါသည်။

"လုံမေ"

"ခင်ဗျားနော်၊ ဘယ်လိုဖြစ်နေတာလဲ"

"လွှတ်"

"ဟင့်အင်း"

"သိပ်ချစ်တယ်"

"အို... အို"

နှင်းဆီဖူးနှုတ်ခမ်းလေးထက် လိပ်ပြာလေးတစ်ကောင် မညှာ မတာ နားခိုလိုက်သည့်အတွက် ပန်းကလေး လွန့်လူးသွားသည်။ တင်းကျပ်စွာ တုပ်နှောင်ခံထားရသည့် နှုတ်ခမ်းလေးတွေ နာကျင် သွားသည်။ လှိုက်လှဲသိပ်သည်းသော အချစ်များက လုံမေတစ်ကိုယ်လုံး





မွှန်းကျပ်တုန်ယင်သွားစေပါသည်။

အချိန်လေးတွေ ရှည်ကြာသွားသည်။ လုံမေ သူ့ရင်ဘတ်ကြီး ကို လက်သီးဆုပ်ကလေးများဖြင့် တစ်ဗုန်းဗုန်း ထုရိုက်နေတာကို ကြည့်ပြီး စိုင်းရွက်ခမ်း သူမလက်သီးဆုတ်ကလေးများကို မြတ်နိုး ညင်သာစွာ ရှိုက်နမ်းလိုက်ပါသည်။

"ချစ်"

သို့ လုံမေနား နားကိုကပ်ကာ တိုးတိုးလေးခေါ်လိုက်သည်။ ရှက်သွေးဖြင့် ရဲရဲနီနေသည့် မျက်နှာလှလှလေးက စိုင်းရွက်ခမ်း အသည်းပြင်မှာ နက်ရှိုင်းစွာ ထွင်းဖောက်သွားသည်။

"ချစ်တယ်နော်"

လုံမေထံမှ ဘာအသံမှ ထွက်မလာသဖြင့် သူပြုံးလိုက်သည်။ ချာတိတ် သူ့ကို သိပ်ရှက်နေပြီမှန်း သူသိလိုက်သည်။

"ဟိတ်"

"မေးတာဖြေဦးလေ၊ ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

"သိဘူး"

"အဟွန်း... ဟွန်း... ဟွန်း"

လုံမေ အသံတိုးတိုးလေးကို နားထောင်ပြီး သူကြည်နူးရွှင်ပျ စွာ ရယ်မောလိုက်သည့်အခါ လုံမေက သူ့ကို မျက်စောင်းထိုးလိုက် တာကို သူကျေနပ်စွာ ခံယူလိုက်ပါသည်။

"ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေဗျာနော်၊ ပြီးမှ ကိုယ့်ကို အပြစ်မတင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြော... ကိုယ့်ကိုချစ်လား"

"အင်း... "

လုံမေ သူ့ကို မော့မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်ရပါပြီ။ အချစ်လူဆိုးကြီး သူ့ကို လုံမေ ကြောက်လန့်နေမိသလို ချစ်လည်း ချစ်မိရပါပြီ။

"ပါးစပ်က ပြောမှသိမှာပေါ့ဗျာ"

လုံမေ သူ့ကို ဖျတ်ခနဲမော့ကြည့်လိုက်မိသည့်ခဏ ရွှန်းလဲ့သော မျက်ဝန်းအစုံကြောင့် ရင်ခုန်သံလေးတွေ မူမမှန်ဖြစ်ရသလို သွေးရောင်လွှမ်းနေသည့် သူ့နှုတ်ခမ်းစိုစိုများကြောင့် ပါးလေးတွေ ထူပူနီးမြန်းကာ ချက်ချင်းမျက်လွှာချ အကြည့်လွှဲလိုက်ပါသည်။

"ပြောလေ ကိုယ့်ကို ချစ်ပါတယ်လို့"

"သိနေရင်လဲ ပြီးရောပေါ့"

"မပြီးဘူးဗျာ၊ ကိုယ့်ချစ်သူနှုတ်ခမ်းလေးက ပြောတဲ့စကားကို ကြားချင်သေးတယ်"

"ကိုယ့်ချစ်သူလေးက လိမ္မာပါတယ်ဗျာ၊ ပြောနော်"

"ချစ်တယ်"

လုံမေအသံလေးက တိုးသက်တုန်ယင်နေပါသည်။

"ဘယ်သူ့ကို ချစ်တာလဲဗျာ"

ကြည့်... သိရက်သားနဲ့ မေးနေသည်။

လုံမေ သူ့ကြောင့် သိပ်ရှက်နေတာကို သိလျက်နှင့် ဒါကိုပဲ မရအရ ဖွတ်လိုက်မေးနေသည်။





"ကိုယ်မေးတာ ဖြေဦးလေ"

"ဘာဖြေရမှာလဲ၊ ဟော့ဒီက လူကြီးကို ချစ်တာပေါ့၊ ကဲ... ကဲ"

"ဟော့... ဘယ့်နှယ့်လူကို နှိပ်စက်နေရတာတုန်းဗျာ"

ချစ်အဖြေပေးပြီး လူကို လက်သီးဆုပ်ကလေးများဖြင့် တဗုန်းဗုန်းထုရိုက်နေသူလေး၏ လက်ကလေးများကို ဖမ်းယူရင်း လုံမေကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ရင်ချင်းအပ်ထားလိုက်မိပါသည်။

"ကိုယ့်ချစ်သူကို ချစ်တယ်လို့ပြောတာ ရှက်စရာလားဗျာ"

လုံမေမျက်နှာလှလှလေးကို သူ့မျက်နှာချောချောဖြင့် တိုးဝှေ့ပွတ်ကပ်ရင်း သူဆိုလိုက်တော့ လုံမေက သူ့မျက်နှာလေးကို သူ့ရင်ခွင်မှာ ဖွတ်တိုးကွယ်ဝှက်ထားပါသည်။

"သိဘူး... သိဘူး၊ ခင်ဗျားကြီးကို လုံမေ သိပ်မုန်းတယ် သိလား"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

"ခုနဟာန်းကတော့ ချစ်တယ်ဆို"

ချစ်သူပါးပြင်နုကို ညင်သာစွာ ငုံ့မွှေးနမ်းရှိုက်ရင်း သူ ဆိုလိုက်သည်။

"သိဘူး"

"ဒါဖြင့်း သိသွားအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနော်"

"ဘယ်လို၊ ကိုယ့်ချစ်သူကို ဘယ်လိုခေါ်တာလဲ၊ ပြန်ခေါ်စမ်း၊ ကိုလို့"

"ခေါ်ချင်ပါဘူး"

"မခေါ်ရင် ခေါ်လာအောင်လုပ်တဲ့နည်းတွေ အများကြီးရှိတယ်နော်၊ ပြီးမှ ကိုယ့်ကို လူဆိုးလို့ မပြောနဲ့"

"ကဲ... ကိုလို့ခေါ်"

လုံမေ သူ့ရင်ခွင်ထဲမှ နှုတ်ခမ်းလေးစူလိုက်မိပါသည်။ အခုလို ချစ်သူဘဝကို ရောက်မှတော့ ချစ်သူအလိုကျ ခေါ်ရုံသာ ရှိပါတော့သည်။

"ဟိတ်... ကောင်မလေး ခေါ်လေကွာ"

"ကို"

"ဗျာ"

"သွား... "

"သွားမယ်၊ လာခဲ့"

"အို... ကို"

ချိုမြိန်နွေးထွေးသော ချစ်အနမ်းများက အသစ်စက်စက် ချစ်သူနှစ်ဦးကို ရစ်မူးရင်ခုန်စွာ ကြိုဆိုလိုက်ကြပါသည်။

တင်းကျပ်စွာ တုပ်နှောင်ထားသည့် ချစ်သူရင်ခွင်ထဲမှာ လုံမေ မျက်ဝန်းလေးတွေ ရှက်လန့်တကြားလေး မှိတ်သွားရပါပြီ။

"သိပ်ချစ်တယ်၊ ချစ်ရယ်"





"လုံမေလဲ ကို့လိုပါပဲ ရှင်ရယ်"

"အချစ်ဆုံးရယ်"

မဆုံးနိုင်သော ချစ်အနမ်းလေးတွေ ဖွင့်ပူဝေဆာ သွားကြသည်။ အခုတော့လည်း ချစ်သော ကို့ရင်ခွင်မှာ လုံမေ စကားသံလေးတွေ တိတ်ဆိတ်ငြိမ်သက်နေလေပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အိပ်ရာထက်မှာ လူးလိမ့်ရင်း ဘယ်လိုမှ အိပ်၍မပျော်နိုင်သူက လုံမေဖြစ်သည်။ အဘိုးကို ကတိစကားတွေ အထပ်ထပ်ပေးပြီးမှ အချစ်လူဆိုးကြီးကြောင့် နေရင်းထိုင်ရင်း ချစ်သူရည်းစားတစ်ယောက် ထားလိုက်မိသည့်အဖြစ်ကို အခုမှ ပြန်တွေးမိတိုင်း နောင်တရချင်နေမိသည်အဖြစ်. . . ။

အခုမှ ကွာခတ်လို့လည်း ရတော့မည်မထင်ပါ။ စိုင်းရွက်ခမ်းဆိုသည့် လူချောကြီးက လုံမေအသည်းပြင်မှာ စွဲထင်နေအောင် ချစ်အမှတ်တံဆိပ်တွေ အကြိမ်ကြိမ် ခတ်နှိပ်ခဲ့ပြီးပြီမဟုတ်ပါလား။

အတွေးနှင့် လုံမေ့ပါးပြင်လေးတွေ နားရွက်ကလေးတွေထူပူ နီးမြန်းသွားကာ မျက်နှာလှလှလေးကို ရှက်စိတ်ဖြင့် ခေါင်းအုံးလေးမှာ ဖိကပ်ထားမိသည်။

သိပ်ဆိုးတဲ့ ကိုပါလား. . . ။





မချစ်တတ်သည့် လုံမေကို ချစ်တတ်လာအောင် ဖွတ်အတင်းသင်ကြားပေးခဲ့သလို ချစ်တတ်တဲ့သူလေး ဖြစ်လာရပြန်တော့လည်း ချစ်သူချင်း မကြာခဏ တွေ့ဆုံခွင့်ပေးရမည်ဟု ဆိုလာပြန်ပါသည်။

ချစ်သူအလိုကျ လုံမေ ခေါင်းညိတ်ခဲ့ရပေမဲ့ တကယ့်လက်တွေ့မှာ သူပြောသလို မကြာခဏတွေ့ဆုံခွင့်ဆိုတာ လုံမေ့အတွက်တော့ ထင်သလောက် မလွယ်ကူနိုင်တာကို သူက စဉ်းစားမိပုံမရပါချေ။

အဲဒီနေ့က လုံမေ အိမ်ကို ဟန်မပျက်ပြန်လာခဲ့ရပေမဲ့ အဘိုးနှင့်တွေ့လျှင် ဘယ်လိုဖြေရပါ့မလဲဟု တွေးပြီး ရင်ထိတ်လာခဲ့ရသည်။

လုံမေ့အတွက် ကံကောင်းချင်တော့ အဘိုးက ဆေးဟုရန်လာပင့်သူနောက် အတူလိုက်သွားရခြင်းကြောင့် လုံမေနှင့် တွေ့ခွင့်မရလိုက်ပါ။ မာဆေးကတော့ လုံမေပြန်လာတာကို တစ်ချက်လှမ်းမေးပြီး မြင်းကြီးတွေကို အစာကျွေးနေသဖြင့် သူမ မူပျက်နေတာကို သတိမထားလိုက်နိုင်၍ တော်ပါသေးသည်။

မှန်ရှေ့ရောက်မှ ကိုယ့်မျက်နှာလေးကို မရဲတရဲလေးကြည့်ရင်း မညာမတာ ရှိုက်နမ်းခံလိုက်ရသည့် နာကျင်နေသည့် နှုတ်ခမ်းလေးကို ဖွဖွလေးကိုင်ကြည့်ရင်း ရင်ခုန်သံတွေ ဆူညံသွားခဲ့ရသည်။

သူ့ထံမှ ချစ်စကားများနှင့်အတူ သူ၏ ထက်သန်ပြင်းပြသည့် ချစ်အနမ်းများ၏ ညှို့ငင်ဖြားယောင်းမှုအောက်မှာ လုံမေအသည်းနှလုံးလေး အရည်ပျော်ခဲ့ရသလို သူ့ကို ချစ်အဖြေပေးမိသည့်အထိ လုံမေ



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေညွတ်နူးပျော်ဝင်ခဲ့ရသည့်အဖြစ်။

အခုလို သွေးအေးချိန်မှာတော့ လုံမေ့ရင်ထဲမှာ သူ့ကို အချစ်အဖြေပေးလိုက်ရခြင်းအပေါ်မှာ နောင်တရချစ်နေမိသည် မဟုတ်လား။

တကယ်ဆို လုံမေ အသက်အရွယ်နှင့် ချစ်သူရည်းစားမထားသင့်တာလည်း အမှန်ပါ။

အဘိုးကိုပေးထားသည့် ကတိစကားအတိုင်း လုံမေ ကျောင်းပြီးမှ အချစ်ရေးအိမ်ထောင်ရေးကို စဉ်းစားသင့်ပါသည်။

ဒါက လုံမေဦးနှောက်ထဲက အသိတရားနှင့်ယှဉ်သော အတွေးများ ဖြစ်ပါသော်လည်း တကယ့်လက်တွေ့မှာကျတော့ လုံမေစိတ်ထဲက ဆင်ခြင်တုံတရားတွေ ပျောက်ဆုံးသွားအောင် အချစ်၏ ညို့ငင်ဖျားယောင်းမှုအောက်မှာ လုံမေ ခေါင်းထဲက အသိဉာဏ်လေးတွေ ပျောက်ဆုံးသွားရသည် မဟုတ်လား။

လုံမေ သက်ပြင်းရှိုက်လိုက်သည်။ ရက်ကလေးတွေ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သည်မှာ အခုဆို တစ်ပတ်တင်းတင်း ပြည့်ပါပြီ။

မနက်ဖြန်ဆိုလျှင် ချစ်သူချိန်းဆိုထားသည့်နေ့ကို ရောက်တော့မည်။ တရားဝင်ချစ်သူရည်းစားတွေ ဖြစ်ပြီးမှ လုံမေ သူချိန်းဆိုထားသည့်နေရာကို မသွားဘဲ နေ၍ ဖြစ်ပါဦးမည်လား။

လုံမေ ရောက်မလာခဲ့ရင် သူကရော လုံမေကို လိုက်မရှာဘဲ ပြန်သွားမည့်လူစားမျိုး မဟုတ်ပါ။ အခုကတည်းက လုံမေအတွက် ရင်မောစိတ်ရှုပ်ထွေးစရာ ဖြစ်နေရပါပြီ။





ဒီကြားထဲ လုံမေ ချစ်သူရည်းစားထားသည့်အဖြစ်ကို အဘိုးသိသွားမှဖြင့်ဟု တွေးပူထိတ်လန့်ရခြင်းကလည်း လုံမေအတွက် စိတ်သက်သာစရာ အခြေအနေများ မဟုတ်ပါ။

အတွေးပေါင်းစုံဖြင့် ညဉ့်နက်မှ လုံမေ အိပ်ပျော်သွားပါသည်။

စိုင်းရွက်ခမ်းတစ်ယောက် လက်ကနာရီကို မကြာခဏ ကြည့်နေမိပါသည်။ ပြီးတော့ လုံမေလာရာ လမ်းဘက်ဆီသို့ မျှော်ကြည့်ရင်း သူ့ရင်တွေ အဆမတန် လှုပ်ရှားနေသည်။

သူ ယုံကြည်မျှော်လင့်ထားသည့်အတိုင်း လုံမေထံမှ အချစ်ကို သူရယူပိုင်ဆိုင်နိုင်ခဲ့ပြီမို့ ကမ္ဘာပေါ်မှာ အပျော်ရွှင်ဆုံး လူသားတစ်ဦးဟု သူ့ကိုယ်သူ သတ်မှတ်ထားခဲ့ပါသည်။

"သိပ်ချစ်တာပဲ လုံမေရယ်"

မင်းလေးကို ကိုယ် သိပ်ချစ်တယ်။

ပိုင်ဆိုင်ရယူချင်တယ်။

အမြန်ဆုံး လက်ထပ်ပါရစေ အသက်ရယ်။ သူ့ရင်ထဲက စကားများကို တစ်ကိုယ်တည်း တီးတိုးရေရွတ်နေမိပါသည်။

သိပ်လှသည့် ချစ်သူလေးကို သူ ဘယ်လိုမှ စိတ်ချမထားနိုင်တော့ပါ။ သူမအပေါ်မှာ သူ့လို အရူးအမူးချစ်ခင်စွဲလမ်းနေသူရှိနေလျှင် ဆိုသည့်အတွေးကပင် မနာလိုဝန်တိုစိတ်ဖြင့် သူ့ရင်ကို ပြင်းထန်စွာ ပူလောင်နာကျင်စေပါသည်။

ဟိုနေ့က သိပ်လှနေသည့် ချစ်သူလေးကို တွေ့မြင်လိုက်ရတော့ သူ့ရင်ထဲက အချစ်စိတ်တွေကို ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဖွင့်ပေါက်ကွဲမိသည်။

မျက်နှာလှလှလေးထက် ချစ်အနမ်းတွေ ဝေဆာမိသလို ချစ်အမှတ်တံဆိပ်တွေ အကြိမ်ကြိမ်ခတ်နှိပ်မိသည်။ သူမထံမှ ချစ်အဖြေကို တရားဝင်ရရှိသည့်အခိုက်မှာတော့ အပျော်ရွှင်ဆုံး ဖြစ်သည်။

ဟော့... ။

စိုင်းရွှက်ခမ်း မျက်ခုံးထူကြီး မြင့်တက်သွားပြီး အဖြူရောင် အရိပ်ကလေးရှိရာကို သူ လှမ်းမျှော်ကြည့်လိုက်သည်။

ထင်သည့်အတိုင်း ချစ်ရသူလေး ဖြစ်နေသဖြင့် ရင်ထဲမှာ ဘုရားပွဲလှည့်သလို ပျော်ရွှင်သွားသည်။

တဖြည်းဖြည်း နီးကပ်လာသော ချစ်သူသဏ္ဍာန်လှလှလေးကို ငေးမောစူးစိုက်ကြည့်ရင်း ရင်ခုန်သံတွေ တဒိတ်ဒိတ် မြည်လာသည်။

မြင်းဖြူကြီးပေါ်က ဆင်းလာသည့် လုံမေမျက်နှာလေးကို သူ့မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်ရင်း လုံမေရှိရာသို့ လျှောက်သွားလိုက်သည်။

လုံမေလက်ကလေးတစ်ဖက်ကို တင်းကျပ်စွာ ဆွဲယူဆုပ်ကိုင်လိုက်သည့်အခါ လုံမေက ဘာမှမပြောသော်လည်း မျက်ဝန်းရွှဲကြီးများနှင့် သူ့ကို တစ်ချက်မော့ကြည့်ပြီး ချက်ချင်း အကြည့်လွှဲသွားသည်။

အရိပ်အာဝါသကောင်းသည့် သစ်ပင်ကြီးအောက်မှာ ထိုင်မိကြတော့ လုံမေက သူ့အနားမှာ အတူမထိုင်ဘဲ ခပ်လှမ်းလှမ်းမှာ သွားထိုင်လိုက်တာကိုကြည့်ပြီး စိုင်းရွှက်ခမ်း ရင်ထဲ တစ်မျိုးကြီး





ဖြစ်သွားသည်။

"လုံမေ"

မထူးသော်လည်း မျက်ဝန်းရွှဲကြီးများက သူ့ကို လှမ်းကြည့်ပါသည်။

"ကိုယ့်ကို ချစ်ရဲ့လား"

ပါးလေးတွေ ရဲခနဲဖြစ်သွားတာကို သူ မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားသည်။

"ကိုယ်မေးတာ ဖြေဦးလေ"

"ဟိုတစ်နေ့က ဖြေပြီးပြီပဲ"

"အဟွန်း... ဟွန်း... ဟွန်း"

ချစ်သူလေးထံမှ အဖြေစကားကြောင့် စိုင်းရွှက်ခမ်း ချစ်အသည်းယားစိတ်ဖြင့် ခပ်တိုးတိုး ရယ်လိုက်မိသည်။

"ထပ်ကြားချင်လို့ပေါ့ဗျာ၊ တို့က လုံမေကို သိပ်ချစ်နေတော့ ကိုယ့်ချစ်သူကလဲ ကိုယ့်ကို အရမ်းပြန်ချစ်စေချင်တာပေါ့"

"လုံမေကို ကိုယ် သိပ်ချစ်တာပဲကွာ၊ လုံမေလဲ ကိုယ့်ကို ချစ်တယ်မဟုတ်လားဟင်"

"ပြောပြီးပြီလေ၊ ဘာလို့ ခဏ ခဏမေးနေရတာလဲ"

သူ ပြုံးလိုက်သည်။

"ခဏ... ခဏမေးတာ၊ ခဏ... ခဏ ကြားချင်လို့ပေါ့ဗျာ၊ ကိုယ့်ကို ချစ်တယ်လို့ ပြောစမ်းပါ"

မျက်နှာလှလှလေး ရဲပြီး ခေါင်းကလေးငုံ့သွားသည်။ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



လေးကိုကြည့်ပြီး စိုင်းရွှက်ခမ်းရင်ထဲမှာ အချစ်စိတ်တွေ လှိုက်လှဲ ပြည့်သိပ်လာသည်။

နောက်ဆုံး ဘယ်လိုမှ စိတ်မထိန်းနိုင်တော့ဘဲ သူမအနားကို လျှောက်သွားကာ ချစ်သူလှလှလေးနား ပူးကပ်တိုးဝေး ထိုင်ပစ်လိုက်သည်။

"အို"

"ဘာလို့ လုံမေအနားကို ဖွတ်အတင်းလာထိုင်နေရတာလဲလို့ ဟိုမှာ သွားထိုင်ပါလား"

"ကိုယ်ချစ်သူက ဟိုမှာမှ မဟုတ်ဘဲ ကိုယ့်ချစ်သူနားအတူ ထိုင်တာ အပြစ်လား"

လုံမေက ဘာဆက်ပြောရမှန်းမသိတော့ဘဲ သူ့အနားက ထပြေးဖို့ ပြင်လိုက်သည်နှင့် သူမအကြံကို ကြိုသိထားသည့် စိုင်းရွှက်ခမ်းက လုံမေလက်ကလေးတစ်ဖက်ကို ဖျတ်ခနဲဆွဲယူလိုက်ပါသည်။

"လုံမေ"

"အို… "

"သိပ်ချစ်တယ် ချစ်ရယ်၊ ကိုယ့်ကို ဘာလို့ရက်စက်ချင်ရတာလဲဟင်"

လုံမေ တစ်ကိုယ်လုံး စိုင်းရွှက်ခမ်းရင်ခွင်ထဲမှာ တင်းကျပ်စွာ ရောက်ရှိသွားရခြင်းကြောင့် ဖွတ်ရုန်းထွက်ဖို့ ကြိုးစားမိသည်။

"လုံမေကို လွှတ်ပါ"

"ဟင့်အင်း"





"ကိုယ့်ကို ချစ်တယ်လို့ပြော"

လုံမေက ရုန်းလေ၊ သူက တိုးဖက်လေဖြစ်သောကြောင့် စိုင်းရွှက်ခမ်း ရင်ခွင်ကျယ်ကြီးထဲမှာ လုံမေတစ်ကိုယ်လုံး မွန်းကျပ်ပူးကပ်စွာ ရှိနေရသည့်အဖြစ်ကြောင့် လုံမေမှာ ရှက်ခြင်းကြောက်ခြင်းဖြင့် မျက်နှာလှလှလေး ရဲရဲနီနေပါသည်။

စိုင်းရွှက်ခမ်းမှာလည်း ချစ်သူလေး သိပ်ရှက်နေမှန်းသိလျက်နှင့် နည်းနည်းမှ အလျှော့ပေးလိုစိတ်မရှိအောင် လုံမေ အပြုအမူလေးများကို မြတ်နိုးအသည်းယားနေမိသူဖြစ်ရာ နူးညံ့အိထွေးသော ချစ်သူကိုယ်လေးကို သန်မာနွေးထွေးသော သူ့ရင်ခွင်ကြားထဲမှာ ရုန်းထွက်လို့မရအောင် တင်းကျပ်စွာ နှောင်ဖွဲ့ထားရင်း ပါးပြင်နှင့် ဆံနွယ်လေးများကို ချစ်မြတ်နိုးစွာ ရှိုက်နမ်းနေမိပါသည်။

"ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"ကို့ကိုပေါ့"

"ဖယ်ပါ၊ လွှတ်တော့လေ"

"ဟင့်အင်း"

"ကိုယ်လဲ လုံမေကို သိပ်ချစ်တယ်"

"ကိုနော်"

"ဟင့်အင်းဆို"

"အို"

စမ်းချောင်းလေးမှာ ရေတံခွန်စီးကျလာသည့်အရှိန်ဖြင့် လျှင်မြန်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာ စီးဆင်းသွားသလို လှိုက်လှဲသိပ်သည်းသော ချစ်အနမ်းများကလည်း ထက်သန်ပြင်းပြစွာ ဖူးပွင့်ဝေဆာသွားကြပါသည်။

ရေစီးကျသံကို သူတို့ စိတ်မဝင်စားတော့။ ငှက်ကလေးများ၏ တေးဆိုသံက ချစ်သူနှစ်ဦး၏ အဝေးဆုံးကို ရောက်ရှိသွားသည်ဟု ထင်မှတ်မိကြသည်။ နူးညံ့အိထွေးသောအတွေ့မှာ ရီဝေမွန်းမေ့သွားသည်။

လုံမေက ချစ်သူ၏ ရင်ခွင်ထဲမှာ သူမကိုယ်လေးကို ရုန်းထွက်ရန် ကြိုးစားကြည့်သည်။ လှုပ်မရအောင် တုပ်နှောင်ထားသည့် လက်များကြားမှာ လုံမေခါးလေး ကော့နေသလို မျက်နှာလေးလည်း မော့နေရပါသည်။

"တော်ပြီလို့ဆိုနေ"

"ကိုနော်၊ ပြောမရရင် လုံမေ နောက်ထပ် ကိုနဲ့ ဘယ်တော့မှ အတွေ့မခံတော့ဘူး၊ သိလား"

လုံမေအသံလေးက ငိုသံစွက်ကာ တုန်ယင်နေသလို ချစ်သူ၏ ကိုယ်ကြီးကိုလည်း လက်လှမ်းမိရာ ထုရိုက်နေလျှင် သူက လုံမေ နှုတ်ခမ်းလေးကို နွေးထွေးစေလိုက်ပြီးမှ သူမကိုယ်လေးကို ညင်သာစွာ ဖြေလွှတ်ပေးပါသည်။

"ကိုယ့်ကို မုန်းတယ် သိလား"

"မုန်းတယ်"

"ကဲ… ကဲ"

"ဘုတ်"





"ဖုန်း"

"ဖုန်း"

ရက်စက်စိတ်ဖြင့် လုံမေပါးပြင်ပေါ် မျက်ရည်လေးတွေ ဗိုးဗိုးပေါက်ပေါက်ကျလာသလို စိုင်းရွှက်ခမ်းဆိုသည့် အချစ်လူဆိုးကြီး၏ ကိုယ်ကိုလည်း လက်သီးဆုပ်ကလေးများဖြင့် တဖုန်းဖုန်း ထုရိုက်နေမိပါသည်။

"ဘာလို့ ငိုရတာလဲ ချစ်ရဲ့၊ ချစ်လို့ နမ်းတာပဲ၊ ငိုစရာလား"

"သွား… သွား လုံမေ့အသားကို မထိပါနဲ့"

"ဟော့ဗျာ၊ ကိုယ့်ချစ်သူလေးတော့ ခက်နေပါပြီ"

သူမပါးပြင်ပေါ်မှ မျက်ရည်များကို သူ့လက်များဖြင့် ညင်သာစွာ ဖယ်ရှားပေးနေတာကို လက်မခံဘဲ သူ့လက်များကို ဖွတ်အတင်းပုတ်ထုတ်လိုက်သော ချစ်သူအချောအလှ စိတ်ဆိုးနေတာကို ကြည့်ပြီး စိုင်းရွှက်ခမ်း မြတ်နိုးစိတ်ဖြင့် တိုးဖွစွာ ရယ်မောမိသည်။

"အဟွန်း… ဟွန်း… ဟွန်း"

"လုံမေပဲ ကိုယ့်ကို ချစ်တယ်ဆို"

"အိုး… အဲ့ဒါနဲ့ ဘာဆိုင်လို့လဲ"

သူနှင့် ဝေးအောင်နေရာရွှေ့ထိုင်နေသူလေးကို စေ့စေ့စူးစူး စိုက်ကြည့်ရင်း သူ ပြုံးလိုက်ရသည်။

"သိပ်ဆိုင်တာပေါ့ဗျာ၊ ချစ်သူရည်းစားထားရင် ဒီလိုပဲ အနမ်းခံရမယ်ဆိုတာ မသိဘူးလား"

"အိုး… "



www.burmeseclassic.com

www.burmeseclassic.com



လုံမေမှာ ရှက်လွန်းသဖြင့် သူ့မျက်နှာချောချောကို မကြည့်ရဲအောင် ဖြစ်သွားသည်။

“တော်ပြီ… တော်ပြီ၊ လုံမေ ပြန်တော့မယ်”

“သတ္တိရှိရင် ပြန်ကြည့်လေ”

“ဟင်… ”

“ကိုယ့်စကား နားမထောင်လို့ကတော့ တစ်ခါတည်း လက်ထပ်ယူလိုက်မှာဗျာ့ သိလား”

“အို… ”

လုံမေ လှမ်းလက်စ ခြေလှမ်းလေးများ နေရာမှာ ရပ်တန့်သွားရသလို ခြိမ်းခြောက်စကားဆိုနေသူကြောင့် နှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်လိုက်မိသည့်အထိ ဒေါသလေးတွေ ဆူဝေသွားရသည်။

“ခင်ဗျားက အခုတည်းက လုံမေကို အနိုင်ယူ ခြိမ်းခြောက်နေတာပေါ့လေ ဟုတ်လား”

ဒေါသနှင့် လုံမေ သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး ရန်တွေ့စကားဆိုလိုက်သည်။ သူမမှာတော့ အဘိုး၏ ဒေါသကို သိသိနှင့် မကြောက်မရွံ့ ဖွတ်တိုးပြီး ချစ်သူချိန်းဆိုသည့် နေရာကို လာခဲ့ရသည်။

ဒီရောက်တော့ စကားကောင်းကောင်းမပြောဘဲ လူကို အနိုင်ကျင့်ဗိုလ်ကျသည့်အပြင် ခြိမ်းခြောက်စကားပင် ဆိုလိုက်သေးသူကို လုံမေ ရှက်လည်းရှက် ဒေါသလည်း ဖြစ်ရပါသည်။

စိုင်းရွက်ခမ်းက လုံမေ၏ ဒေါဖြစ်နေသော မျက်နှာလှလှလေး





ကို မြတ်နိုးချစ်မဝနိုင်သလို စူးစိုက်ကြည့်လျက် ရင်ထဲမှာ ခံစားချက်အမျိုးမျိုးဖြစ်ထွန်းနေပါသည်။

“ဘယ်သူက အနိုင်ယူခြိမ်းခြောက်တာလဲ၊ ထစ်ခနဲရှိရင် ပြန်မယ်၊ ပြန်မယ်နဲ့ ချစ်သူမျက်နှာလှလလှလေးကို မြင်ချင်တွေ့ချင်လို့ အဝေးကြီးကလာရတဲ့သူကို ချာတိတ်ကပဲ အနိုင်ယူခြိမ်းခြောက်နေတာ မဟုတ်လား”

ကြည့်စမ်း… ။ အချစ်လူဆိုးလုပ်ခဲ့သည့် သူက ပြန်ပြီး လုံမေကို အပြစ်တင်နေပါရော့လား။

“ကိုယ့်ချစ်သူကို ချစ်တယ်လို့ပြောရမှာကိုကျတော့လဲ ပြောချင်သလိုလို မပြောချင်သလိုလို… ”

“ဟော့… သိပ်ချစ်လွန်းလို့ ကိုယ့်ချစ်သူလေးကို နမ်းမိပြန်တော့လဲ လူကို ထုရိုက်ပြီး ငိုသေးတယ်… ”

“ပြောစမ်းပါဦးဗျာ၊ ကိုယ့်ချစ်သူကို နမ်းမိတာ အပြစ်လား၊ ခင်ဗျားလေးကရော ဘာလို့ ဒီလောက်တောင် ချစ်စရာကောင်းအောင် လှနေရသေးလဲ”

“အို… ”

သူ့ဘာသာ စကားတတ်တိုင်း လျှောက်ပြောနေသည့် လူကြီးကို လုံမေ စိတ်ရှိသလောက် ထုရိုက်ပစ်လိုက်ချင်ပါသည်။

သူပြောနေပုံအတိုင်းဆိုရင် လုံမေကတောင် လူဆိုးဖြစ်နေရပြီ မဟုတ်လား။ မဟုတ်တာတွေ လျှောက်ပြောနေသည့် လူကြီးကို လုံမေမှာ ပို၍ ဒေါသဖြစ်စိတ်ဆိုးလာရကာ…



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီးကို လုံမေ သိပ်မုန်းတယ် သိလား"

"အဲဒီစကားကို ခဏ... ခဏ မပြောနဲ့နော်၊ ကိုယ် လုံးဝ မကြိုက်ဘူး"

"ပြော၊ တို့ကို ဘယ်တော့လက်ထပ်မှာလဲ"

"ဘယ်တော့မှ လက်မထပ်ဘူး"

"လုံမေ ကျောင်းပြီးအောင် မစောင့်နိုင်ဘူးနော်၊ လက်ထပ်ပြီးမှ ကျောင်းတက်တာမျိုးတော့ ခွင့်ပြုမယ်"

"ဟွန်း"

လုံမေ နှုတ်ခမ်းလေးကို မဲ့လိုက်တာကို စိုင်းရွှက်ခမ်း မြင်ပါသည်။ ဘယ်မိန်းကလေးကိုမှ စကားများများ မပြောတတ်သည့် လူက ကိုယ့်ချစ်သူလေးနှင့်ကျတော့ စကားတွေ အများကြီး ပြောချင်နေမိသလို သူမ စိတ်ဆိုးစိတ်ကောက်နေတာလေးကို မြတ်နိုးသဘောကျစွာ စပြီးရင်း စနေမိသည်။

"လုံမေ သဘောတူမယ်ဆိုရင် လူကြီးစုံရာနဲ့ ကိုယ့်ချစ်သူလေးကို အမြန်ဆုံး တောင်းရမ်းလက်ထပ်ယူပါရစေ"

"ခွင့်ပြုမယ်မဟုတ်လွှားဟင်"

"တော်ပါ၊ အပိုစကားတွေ လျှောက်ပြောမနေပါနဲ့၊ ခင်ဗျား အကြောင်း ဘာတစ်ခုမှ သေချာမသိဘဲနဲ့၊ ပြန်ချစ်မိတာတောင် လုပြီ..."

"လက်ထပ်ဖို့တဲ့စကားဆိုတာ ဟိုးအဝေးကြီးမှာ သိလား"

"ဒါဖြင့် လုံမေက ကိုယ့်ကို အပျော်ကြံတာပေါ့လေ ဟုတ်လား"





"ဟုတ်တယ်"

လုံမေထံမှ အရွဲ့တိုက်စကားကြောင့် သူ ပြုံးလိုက်သည်။

"ဒါဖြင့် အခုတည်းက ကိုယ့်ကို ပစ်ပြေးမသွားအောင် ချာတိတ်ကို အပိုင်ကြံထားရမှာပေါ့၊ ဟုတ်လား"

"သိဘူး"

"အဟွန်း... ဟွန်း... ဟွန်း"

လုပစွာ ရောက်ရှိလာသည့် မျက်စောင်းကြီးကို မြတ်နိုးစွာ ခံယူရင်း သူ ရယ်မောလိုက်သည်။

သိပ်ချစ်မိပြီဆိုတော့လည်း ကိုယ်ချစ်ရတဲ့ ချစ်သူလေးကို ပိုင်ဆိုင်ရယူချင်မိတာ အပြစ်လားကွယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ကို"

"ဗျာ"

"နောက်ကို လုံမေတို့ ခဏ...ခဏ မတွေ့ဘဲ နေကြရအောင်နော်"

"ဘာဖြစ်လို့လဲ"

"လုံမေ အဘိုးရိပ်မိသွားမှာ စိုးရိမ်လို့ပါ"

"အဘိုးဆူရင် ကိုယ့်ဆီ ပြေးခဲ့ပေါ့"

ချစ်သူစကားကို လုံမေ မရယ်မောနိုင်ပါ။

ချစ်သူနှင့် တွေ့ရသည့်အကြိမ်တွေ များလာလေ လုံမေအတွက် ရင်ပူရလေ ဖြစ်နေရပါပြီ။

အခုတလော အဘိုးပုံစံကြည့်ရတာ တစ်မျိုးထူးခြားနေသည်ဟု လုံမေ စိတ်ထဲမှာ ထင်နေမိသည်။ ထို့ကြောင့် လုံမေဘက်က





အသွား အလာအနေအထိုင် ဆင်ခြင်ရန် စဉ်းစားမိကြောင်း ဖြစ်ပါသည်။

"လုံမေ"

"ဟင်"

"ကိုယ့်ကို ချစ်တယ်နော်"

ချစ်သူ၏ ပါးပြင်နုကို ရှိုက်နမ်းရင်း သူ ဆိုလိုက်သည်။

"အင်း... "

"ဒါဖြင့် ကိုယ်တို့ လက်ထပ်ကြရအောင်လေ"

"ဟာ... အဲ့ဒါတော့ လုံးဝမဖြစ်ဘူးနော်၊ လုံမေ ကျောင်းပြီးမှ အဲ့ဒီကိစ္စတွေ စဉ်းစားမယ်"

"ကိုယ့်ကို မသနားဘူးလားကွာ၊ လုံမေ ကျောင်းပြီးမှဆိုရင် ကိုယ်က အသက်ကြီးနေပြီဗျာ"

"အစတည်းက အဲ့ဒီလိုမှန်းသိနေရင်လဲ ကိုယ့်ဘာသာ မိန်းမ ကြိုယူထားပါလား"

"ယူချင်တာပေါ့၊ ကိုယ့်ချစ်သူ ချာတိတ်လေးက အခုမှ တွေ့ရတာကိုးဗျာ"

"ဟွန်း... ယုံချင်စရာကြီး ဒီအသက်အရွယ်အထိ ချစ်သူရည်းစားတစ်ယောက်မှ မထားခဲ့ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်လို့ ဖြစ်နေပြီပဲ၊ ဘာမယုံစရာရှိလဲ ကိုယ့်ဘဝမှာ လုံမေကလွဲပြီး တခြားဘယ်မိန်းကလေးကို အခုလို မြတ်မြတ်နိုးနိုး မချစ်ခဲ့ဘူးဆိုတာ ယုံစမ်းပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"စောင့်ကြည့်ဦးမယ်"

"ဘာကိုလဲ"

"ကိုယ့်ပြောတဲ့စကား တည်မတည်ကိုပေါ့"

ချစ်သူကိုယ်လေးကို အသည်းယားစွာ ဖျစ်ညှစ်လိုက်သည်။ ပြီးတော့ ရင်ထဲက ပြည့်သိပ်လာသည့် အချစ်စိတ်များကို မျှိုသိပ်နိုင်စွာ နှင်းဆီဖူးနှုတ်ခမ်းလေးကို ဖွဖွငုံထွေးလိုက်သည်။

"မယုံရင် အခုတည်းက လက်ထပ်ထားပါလား"

"ဟွန်း... ကိုပဲ သိပ်နစ်နာနေပါဦးမယ်"

"ဒါမျိုးတော့ အနစ်နာခံနိုင်ပါတယ်ဗျာ"

"အဟင်း... ဟင်း... ဟင်း"

"အဟွန်း... ဟွန်း... ဟွန်း"

ချစ်သူနှစ်ဦး ကြည်မွေ့စွာ အတူရယ်မောမိကြသည်။

"လုံမေကို ကိုယ် ပြောစရာရှိတယ်"

"ဘာကိုလဲဟင်၊ ကို့အလုပ်ကိစ္စလား"

"ဟုတ်တယ်"

"ဒါဆို နောက်မှပြောကွာ၊ အခု လုံမေ အိမ်ပြန်တော့မယ်"

စိုင်းရွက်ခမ်းက လုံမေကို သူ့ဘဝအစစ်အမှန်ကို ဖွင့်ပြောမည်အပြု လုံမေက သူ့စကားကို စိတ်မဝင်စားဘဲ နာရီလေးကိုသာ တကြည့်ကြည့်ဖြစ်နေ၍ သူ စိတ်ရှုပ်သွားသည်။

"ခဏလေးပါ ချစ်ရဲ့၊ ကိုယ်ပြောတာ အရင်နားထောင်ပါဦး"

"ခဏလေးဆို နေလို့မဖြစ်တော့လို့ ကိုရေ၊ အိမ်မှာ အဘိုးပြန်





ရောက်နေမှ အခုလို ကိုနဲ့ နောက်ထပ်မတွေ့ရဘဲ နေလိမ့်မယ်"

"နောက်မှ ကိုယ်ပြောချင်တာပြောနော်၊ အခု လုံမေသွားတော့မယ် သိလား"

"လုံမေ"

"ကို"

နှုတ်ဆက်အနမ်းလေးတွေ ရှည်ကြာစွာ ဖူးပွင့်သွားသည်။ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားသော ချစ်သူပုံရိပ်လေးကို ကြည့်ကာ သူ့ရင်မောစွာ ပင့်သက်ဖြာမိသည်။

ချစ်သူတွေ ဖြစ်လာခဲ့ကြပေမဲ့ လုံမေက စိုင်းရွက်ခမ်း၏ ဘဝမှန်ကို သိသူမဟုတ်ပါ။အခုချိန်ထိ စိုင်းရွက်ခမ်းပြောထားသည့် စကားအတိုင်း သူ့ကို သူဌေး၏ ကားဒရိုင်ဘာတစ်ယောက်ဟုသာ ထင်သည့်အတွက် အခက်တွေ့နေရသည်။

သူ့ဘဝမှန်ကို ရှင်းပြဖို့ကြိုးစားပြန်တော့ လုံမေက သူမအကြောင်းပြချက်နှင့်သူမ နားထောင်ပေးရန် အချိန်မရှိဘဲ အိမ်ပြန်သွားသည်။

ကားကို လာလမ်းအတိုင်း ပြန်လှည့်ရင်း စိုင်းရွက်ခမ်း ခေါင်းထဲမှာ အတွေးတွေ တစ်သီကြီးပါလာသည်။

သိပ်လှသည့် လုံမေကို သူ ဘယ်လိုမှ စိတ်မချ။ အမြန်ဆုံး လက်ထပ်ပိုင်ဆိုင်ထားချင်သည်။ ထိုအတွက် လုံမေကို သူ့ဘဝကို အမှန်အတိုင်း ဖွင့်ပြောပြီး အခမ်းအနားဆုံး မင်္ဂလာပွဲကြီး ကျင်းပ၍ လက်ထပ်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးအောင် စောင့်ပါဆိုသည့် စကားက လုံမေအတွက် မှန်ပေမဲ့ သူ့လိုလူတစ်ယောက်အတွက်တော့ လုံးဝမမှန်ပါ။

သူ့အရွယ်က အိမ်ထောင်ပြုရတော့မည့်အရွယ်။ ပြီးတော့ ပြည့်စုံချမ်းသာသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး။

အခြေအနေအားလုံးက သူမြတ်နိုးရသော ချစ်သူကို ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့်အတူ ပြည့်စုံချမ်းသာသည့် လိုတရဘဝကို ဖန်ဆင်းပေးနိုင်သည့် အနေအထားမို့ ဘယ်လိုမိန်းကလေးရှင်ဘက်က ဖြစ်ဖြစ် သူကမ်းလှမ်းတောင်းဆိုလာမည့် လက်ထပ်ခွင့်ကို ငြင်းပယ်ကြမည်မထင်။

ထို့ကြောင့် သူမြတ်နိုးရသော ချစ်သူလေးကို သူ့ဘဝမှန်ကို ဖွင့်ပြောပြီး အမြန်ဆုံး လက်ထပ်ယူရန် ဆုံးဖြတ်ချလိုက်မိပါတော့သည်။

အတွေးနှင့် သူ့ရင်ထဲမှာ ကြည်နူးချမ်းမြေ့သွားသည်။ စိတ်ကူးထဲမှာ လှပ၍ ချစ်မြတ်နိုးစရာအကောင်းဆုံး မိသားစုဘဝလေးကို မြင်ယောင်ကြည့်မိသည်။

ဘဝမှာ အလိုချင်အတောင့်တဆုံးသော ချစ်သူလေးကို ပိုင်ဆိုင်ချစ်ခွင့်ရပြီးသည့်နောက် သူ့ဘဝမှာ စိတ်မချမ်းမြေ့စရာ စိတ်ညစ်စရာတွေ ထာဝရကွယ်ပျောက်သွားပေလိမ့်မည်။

"အဟွန်း"

အတွေးနှင့် သူ ကျေနပ်စွာ ပြုံးလိုက်သည်။ ကားကို အိမ်ရှေ့မှာ ထိုးရပ်ပြီး အိမ်ထဲကို ဝင်လိုက်သည်နှင့် မမျှော်လင့်သည့်





ဧည့်သည်တစ်ယောက်ကို တွေ့လိုက်ရသည်။

"စိုင်း"

"ဪ... ချယ်ရီ၊ ဘယ်တုန်းက ဒီကိုရောက်တာလဲ"

စိုင်းရွက်ခမ်းကို တစ်ဖက်သတ်မြတ်နိုးစွဲလမ်းနေသော ဦးအိုက်မုန်း၏ သမီးငယ် ချယ်ရီ။ နိုင်ငံခြားမှ ပညာသင်သွားနေရာမှ ပြန်ရောက်လာခြင်း ဖြစ်သည်။

"ရန်ကုန်မှာ ရောက်နေတာတော့ တစ်လလောက် ရှိပြီဆိုပါတော့၊ ဒီကိုတော့ မနေ့ညကပဲ ရောက်တယ်"

"ရောက်ရောက်ချင်း လာချင်တာ၊ အိမ်မှာ လာနှုတ်ဆက်တဲ့ သူတွေနဲ့ စကားပြောရင်း မိုးသိပ်ချုပ်သွားတာနဲ့ မလာဖြစ်ဘူး"

"ရပါတယ်၊ ကိုယ်က ဒီလောက်အရေးကြီးတဲ့သူမှ မဟုတ်တာ"

"တခြားသူတွေအတွက်တော့ ဟုတ်မှာပေါ့၊ ချယ်ရီအတွက်တော့ စိုင်းလောက် အရေးကြီးတဲ့သူ ဘယ်သူမှ မရှိဘူး"

စိုင်းရွက်ခမ်း ချယ်ရီမျက်နှာလေးကို ဖျတ်ခနဲကြည့်လိုက်သည်။ သူ့ကို ခပ်ပြုံးပြုံးပြန်စိုက်ကြည့်နေသည့်ပုံစံက ခေတ်၏ အပြင်အဆင်များဖြင့် မင်းသမီးရှုံးအောင် လှနေပါသည်။

"ချယ်ရီက အရင်ကအတိုင်းပဲ၊ ဘာမှမပြောင်းလဲပါလား"

"စိုင်းကရော အရင်ကအတိုင်းပဲမဟုတ်လား"

"မဟုတ်ဘူးဗျာ၊ ကိုယ်က ပြောင်းလဲနေပြီ"

သူ့မှာ အသက်မက ချစ်မြတ်နိုးရသော ချစ်သူလေး ရှိနေပြီဆိုသည့်အတွေးနှင့် စိုင်းရွက်ခမ်း ခပ်ပြုံးပြုံး ပြောလိုက်သည့်စကားကို



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက ဘယ်လိုသဘောပေါက်သည်မသိပါ။

သူ့စကားကို ခပ်ပြုံးပြုံးရယ်မောရင်း...

"ဟုတ်လား၊ ဘယ်လိုပြောင်းလွဲတာလဲဆိုတာ ချယ်ရီ မသိရဘူးလား"

"နောက်တော့ သိရမှာပေါ့"

"စိုင်းမှာ လျှို့ဝှက်ရမယ့်ကိစ္စတွေ ရှိနေပြီထင်တယ်"

သူ ပြုံးနေလိုက်သည်။

အကဲခတ်ဟန် မျက်ဝန်းများက စိုင်းရွက်ခမ်း၏ လျှို့ဝှက်ချက်ကို သိလိုဟန်က အထင်းသားပေါ်လွင်နေသည်။

"စိုင်းမှာ ချစ်သူရှိနေပြီလား၊ မဖြစ်နိုင်ပါဘူးနော်၊ စိုင်းသတင်းတွေ အားလုံး ချယ်ရီ ကြားနေရတာပဲ"

ချယ်ရီက သူမအထင်ကို သူမဘာသာ ချေဖျက်ပစ်လိုက်သဖြင့် သူ ငြိမ်နေလိုက်ပါသည်။

"ဘာသတင်းတွေလဲ"

စိုင်းရွက်ခမ်း အံ့သြစွာ မေးလိုက်သည်။

"ဒီလိုပဲ၊ အားလုံးပေါ့၊ စိုင်းမှာ ချစ်သူရှိနေရင် ချယ်ရီလဲ သိမှာပေါ့၊ မဟုတ်ဘူးလား"

"အဟွန်း... ဟွန်း..."

"ဒီမှာလေ စိုင်းအတွက် ချယ်ရီဝယ်လာတဲ့ လက်ဆောင်ပစ္စည်းတွေ ဒါက စိုင်းရဲ့ညီညီနဲ့တွေ့လို့ ပေးလိုက်တဲ့ လူကြုံပစ္စည်းတွေ"

"ညီညီက သိပ်ဒုက္ခရှာတာပဲဗျာ"





ပစ္စည်းထုပ်ကို စိုင်းရွက်ခမ်း လှမ်းယူလိုက်သည်။

"ဒါကတော့ သူ့အစ်ကိုကို ချစ်လို့ နေမှာပေါ့ရှင်"

"ညီညီအနားမှာ ကောင်မလေးချောချောတွေ တွေ့ခဲ့ရတယ်နော်၊ ညီမှာ ချစ်သူရှိနေပြီထင်တယ်"

"ဟုတ်လား"

"ချယ်ရီရော ဟိုမှာ ချစ်သူတွေ ဘာတွေ မရခဲ့ဘူးလား"

"ချယ်ရီ့အသည်းနှလုံးက ဒီမြို့မှာ ကျန်ရစ်ခဲ့တာလေ"

စိုင်းရွက်ခမ်းမျက်နှာကို ကြည့်ပြီး အဓိပ္ပာယ်ပါပါ ပြောလိုက်သည့်စကားတွေကို သူ မသိဟန်ဆောင်နေလိုက်ပါသည်။

"ချယ်ရီယူလာတဲ့ ပစ္စည်းတွေက အများကြီးဆိုတော့ လမ်းမှာ သယ်ရတာ ဘယ်လွယ်ပါ့မလဲ"

"စိုင်းတို့ညီအစ်ကိုအတွက်ပဲ၊ မလွယ်လဲ လွယ်ရမှာပဲပေါ့"

"ချယ်ရီ့ကို ကျေးဇူးတင်ပါတယ်ဗျာ"

"ဒီလိုကျေးဇူးတင်လို့ မရဘူးလေ၊ ချယ်ရီ့မွေးနေ့မှာ အကောင်းဆုံးလက်ဆောင် ပေးမှ ရမယ်"

"ဖြစ်ရမှာပေါ့ဗျာ၊ ကိုယ်တို့က သူငယ်ချင်းတွေပဲ၊ ချယ်ရီ့မွေးနေ့က ဘယ်တော့လဲ"

"ဖိတ်စာက ဒီမှာလေ"

ပန်းနုရောင် မွေးပျံ့လှပသော ဖိတ်စာလေး စိုင်းရွက်ခမ်းလက်ထဲ ရောက်လာသည့်အတွက် မွေးနေ့ရက်စွဲကို သူ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လာဖြစ်အောင် လာရမှာနော် စိုင်း၊ မွေးနေ့လက်ဆောင် ပို့ရုံသက်သက်နဲ့ မရဘူးသိလား"

"လူကိုယ်တိုင်လာမှာပါတဲ့ဗျာ၊ ကဲ... ကျေနပ်ပြီလား"

"ကျေနပ်ပြီ"

"ချယ်ရီ ပြန်တော့မယ်"

"အိုကေ"

"ဘိုင့်ဘိုင့်"

"ဘိုင်"

ချယ်ရီက လက်ပြနှုတ်ဆက်ပြီး သူမကားလေးကို နေရာမှ ညင်သာစွာ မောင်းထွက်သွားတာကို ရပ်ကြည့်ရင်း သူ သက်ပြင်းရှိုက် လိုက်သည်။

ချယ်ရီ ပြန်ရောက်လာခြင်းက သူ့အတွက် သိပ်တော့မလွယ်။ ချယ်ရီကိုယ်တိုင်က သူ့အပေါ်မှာ တစ်ဖက်သတ် စွဲလမ်းနေသလို ချယ်ရီ့ မိဘအသိုင်းအဝိုင်းကလည်း စိုင်းရွက်ခမ်းနှင့် ချယ်ရီကို သိပ်ပြီးဖြစ်စေချင်နေတာ သူသိပါသည်။

ချယ်ရီလည်း လှပါသည်။

သို့သော်လည်း သူမအလှက ပွလောင်သည့်အလှမျိုးဖြစ်ပြီး မြင်ရသူရင်ကို ငြိမ်းချမ်းအေးမြမှု ပေးစွမ်းနိုင်သည့် အလှမျိုး မဟုတ် ပါ။

ပြီးတော့ ချယ်ရီတို့ တစ်မိသားစုလုံးက ခေတ်ဆန်ကြသည်။ ချမ်းသာကြွယ်ဝသည့် မိဘနှစ်ပါးက ပေါက်ဖွားလာကြသူများပီပီ





ဘော့်ရုံလောက်ကို လှူထင်ကြသည့်သူများလည်း မဟုတ်ပါ။

ချယ်ရီကိုယ်တိုင်က စိုင်းရွက်ခမ်းအပေါ်မှာ လိုလားနှစ်ခြိုက် ၍ လိုက်လျောရင်းနှီးစွာ ပြောဆိုဆက်ဆံနေသော်လည်း ချယ်ရီ့ အပါးမှာလည်း သူမကို လိုချင်သူဖော့ ဝိုင်းဝိုင်းလည်နေတာကို သူ သိပါသည်။

အားလုံး စိုင်းရွက်ခမ်းလို ရုပ်မချောသော်လည်း ကြည့်ပျော် ရှုပျော် သူဌေးသားများစွာ ပါဝင်ပါသည်။ ချယ်ရီက မည်သူ့ကိုမျှ စိတ်ဝင်စားခြင်း မရှိသလို အားလုံးအပေါ်မှာ ခပ်တန်းတန်း ပြောဆို ဆက်ဆံခဲ့သူ ဖြစ်သည်။

ချယ်ရီကိုယ်တိုင်ကလည်း မာနမင်းသမီးဟု ဆိုရပါမည်။ ဟိုတုန်းကတော့ မာနမင်းသား စိုင်းရွက်ခမ်းနှင့် မာနမင်းသမီး ချယ်ရီကို သူ မိတ်ဆွေအပေါင်းအသင်းတွေက ယှဉ်တွဲ၍ စနောက်ခဲ့ ကြသည်။

မည်သူ့အိမ်ကိုမှ အလည်မသွားတတ်သော ချယ်ရီက ငယ်သူ ငယ်ချင်းလည်း ဖြစ်သည့် စိုင်းရွက်ခမ်းအိမ်ကိုတော့ သူမပြိုင်ကား နီနီလေးကိုမောင်းကာ မကြာခဏဆိုသလို အလည်အပတ် ရောက်ရှိ လာတတ်သလို သူမဖိတ်ကြားသမျှ ညစာခံပွဲများကို စိုင်းရွက်ခမ်း ကလည်း မဖြစ်မနေ သွားရသည်။

ဒီတော့ အများအမြင်မှာ သိပ်လှသည့် ချယ်ရီနှင့် စိုင်းရွက်ခမ်း က လှပသည့် စုံတွဲလေးလို ဖြစ်နေကြသော်လည်း လူတွေ မျှော်လင့် သလို စိုင်းရွက်ခမ်းနှင့် ချယ်ရီက ချစ်သူရည်းစားများ အဖြစ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကူးပြောင်းမသွားခဲ့ဘဲ ချယ်ရီက ရုတ်တရက် နိုင်ငံခြားကို ထွက်သွားခဲ့သည်။

အချိန်လေးတွေ ကြာလာတော့ လူတွေကလည်း သူနှင့် ချယ်ရီတို့အကြောင်းကို မေ့သွားကြသည်။ စနောက်ရန်ပင် သိမရကြတော့။ အခုတော့ ချယ်ရီတစ်ယောက် သူ့ရှိရာကို ပြန်ရောက်လာခဲ့လေပြီ။

အလျင်တုန်းကအတိုင်း ချယ်ရီ့ပုံစံက ဘာတစ်ခုမှ မပြောင်းလဲပါ။ ချောမြ၊ လှမြ၊ တစ်ဖက်သားကို သူမအလှနှင့် ကောင်းစွာညို့ယူနိုင်ဆဲ ဖြစ်ပါသည်။

ချယ်ရီ့အလှကို စွဲလမ်းတမ်းတနေသူတွေထဲမှာတော့ စိုင်းရွက်ခမ်းတစ်ယောက် မပါဝင်ပါ။

ချယ်ရီလှတာကို သူ အသိအမှတ်ပြုပါသည်။ သူ့အပေါ်မှာ တစ်ဖက်သတ် စိတ်ဝင်စားနေသော ချယ်ရီ့ကို ချစ်ကြည့်ဖို့ ကြိုးစားခဲ့ဖူးတာကိုလည်း သူ ဝန်ခံပါသည်။

ဒါပေမဲ့ အချစ်ဆိုတာက လှတိုင်းချောတိုင်း ချစ်၍ရတာမျိုး မဟုတ်သလို ရင်ထဲအသည်းထဲက လှိုက်လှဲသောခံစားချက်မပါဘဲ ဘာတစ်ခုမှ လုပ်ကြံဖန်တီးယူလို့ မရနိုင်တာကို သူ နားလည်သဘောပေါက်ခဲ့ရသည်။

ချယ်ရီ့အတွက် သူ့ရင်ဘတ်ထဲမှာ ဘာခံစားချက်မှမရှိ။ ချယ်ရီ့ကို ချစ်သူတစ်ယောက်လို အိမ်ထောင်ဖက်တစ်ယောက်လို ဘယ်လိုမှ သဘောထားကြည့်လို့ မရခဲ့သဖြင့် သူ လက်လျှော့ခဲ့သည်။





အခု ချယ်ရီ ပြန်ရောက်လာခဲ့ပြီ။

သူမပုံစံက အခုချိန်ထိ စိုင်းရွက်ခမ်းအပေါ်မှာ မျှော်လင့်စောင့်စားနေတုန်းပဲဆိုတာ သူ နားလည်သဘောပေါက်လိုက်ပေမဲ့ သူမအတွက် စိတ်မကောင်းဖြစ်ရုံကလွဲလို့ သူ ဘာမှမတတ်နိုင်ပါ။

စိုင်းရွက်ခမ်းဆိုသည့် သူ့မှာ အသက်မက တန်ဖိုးထား ချစ်မြတ်နိုးရမယ့် ချစ်သူလေးတစ်ယောက် ရှိနေခဲ့ပြီမို့ ချယ်ရီ မျှော်လင့်သလို ဘာတစ်ခုမှ မဖြစ်နိုင်တော့ပါ။

ချယ်ရီ့အလှနှင့် ယှဉ်လိုက်တော့ လုံမေအလှက မြင်ရသူရင်ကို ငြိမ်းအေးချမ်းမြေ့မှုကို ပေးစွမ်းနိုင်သည့် လမင်းကြီးလို အလှမျိုး ဖြစ်မှန်း သူသိလိုက်ပါသည်။

ပြီးတော့ လုံမေဆိုသည့် ချစ်သူလေးက ချစ်မှုရေးရာမှာ ဖြူစင်သန့်ရှင်းစွာ ရိုးသားလွန်းသူလေးဆိုတာ သူ ကျေနပ်နှစ်သိမ့်စွာ မြတ်နိုးချစ်မဝနိုင်စွာ သိခွင့်ရခဲ့သည့်အတွက် ပိုတိုး၍ ချစ်မြတ်နိုးရပါသည်။

ချစ်တယ် လုံမေ။

ကိုယ့်ဘဝမှာ အချစ်မရှိလို့ မဖြစ်ဘူးဆိုတာ ကိုယ်ပဲသိတယ်။

လုံမေကို ကိုယ်သိပ်ချစ်တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဒါက ဘယ်ကပြန်လာတာလဲ လုံမေ"

"ဟင်... အဘိုး"

ညှော်ခန်းအလယ်မှာ မားမားကြီးရပ်နေသည့် အဘိုး၏ မျက်နှာက တင်းမာခက်ထန်နေသလို အဘိုး၏ နောက်ပါးတွင် ရပ်နေသည့် မာဆေးကလည်း မျက်နှာငယ်လေးနှင့် အဘိုးနှင့် လုံမေကို တစ်ချက်လှမ်းကြည့်ရင်း ငြိမ်သက်လျက်ရှိသဖြင့် အခြေအနေကို လုံမေ ချက်ချင်း နားလည်သဘောပေါက်လိုက်ရပါပြီ။

"ဘာ အဘိုးလဲ ငါ့ကို အဘိုးလို့မခေါ်နဲ့"

"ဟင်... "

"ပြောစမ်း၊ အခု နင့်အကောင်နဲ့ ချိန်းတွေ့ပြီး ပြန်လာတာ မဟုတ်လား"

အဘိုးအသံက ဒေါသဖြင့် တုန်ယင်နေသလို မျက်နှာကလည်း





နီရဲခက်ထန်နေလျက် အံကြိတ်ထားသဖြင့် ထောင်ထနေသည့် မေးကျောကြီးများကို မြင်နေရပါသည်။

"ဟော့... မေးနေရင် ဖြေလေ"

"ဟုတ်... ဟုတ်ကဲ့"

"ဟွန်း... ငါ့မြေးလေး တော်လှ၊ တော်လှနဲ့ အခုတော့ ပညာကို ဆုံးခန်းတိုင်အောင် မသင်ရသေးဘူး၊ ယောက်မြင်းစီး ထွက်ဖို့ ကြိုးစားနေတာပေါ့ ဟုတ်လား"

လုံမေအပေါ် ထားရှိသည့် အဘိုး၏ မျှော်လင့်ချက်ကို သိထားသောကြောင့် လုံမေကိစ္စအတွက် အဘိုးဘယ်လောက်ခံစားကြေကွဲ ဆိုတာကို လုံမေ သိလိုက်ရပေမဲ့ အားလုံး နောက်ကျခဲ့ပါပြီ။

"ပြောစမ်း၊ နင့်အကောင် ဘယ်ကလဲ၊ ဘာလုပ်တာလဲ"

"ဟို... သူက ကားဒရိုင်ပါ"

"ဘာ"

အဘိုး၏အော်သံကြီးက မချိတင်ကဲ ဟိန်းထွက်သွားသဖြင့် လုံမေကိုယ်လေး ဆတ်ဆတ်တုန်သွားသလို မာဆေးကလည်း အံ့သြ ဝမ်းနည်းသော မျက်ဝန်းများဖြင့် လုံမေမျက်နှာလှလှလေးကို ကြေကွဲ စိတ်ထိခိုက်သလို ငေးကြည့်နေပါသည်။

"ဒရိုင်ဘာ ဟုတ်လား၊ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ ကြိုက်စရာရှားလို့ ကားဒရိုင်ဘာကိုမှ ချစ်သူတော်ရသတဲ့လား"

"ငါ တယ်... "

"အဖေ့"



www.burmeseclassic.com

www.burmeseclassic.com



မာဆေး၏ ထိတ်လန့်တကြား အော်ဟစ်လိုက်သံအဆုံးမှာ အဘိုးလက်က လေထဲမှာ တန့်သွားပါသည်။

"သွား... သွား၊ ငါ့ရှေ့က အခုထွက်သွားစမ်း၊ ကြာရင် နင့်ကို ငါသတ်မိလိမ့်မယ် သိလား"

လုံမေ့ပါးပြင်ပေါ် မျက်ရည်စကြီးတွေ ပိုးပိုးပေါက်ပေါက် စီးကျလာကာ နေရာမှာ ချာခနဲလှည့်ပြေးခဲ့ပါသည်။

ရင်ထဲမှာ ရှက်တာရော ဝမ်းနည်းထိခိုက်ရတာသည့် အဖြစ်တို့ ရောနှောပေါင်းစပ်ကာ ခုတင်ပေါ် ပစ်လှဲ၍ အားပါးတရ ရှိုက်ငိုမိသည်။

"နင်ဇွဲ အဒေါ်တစ်ယောက်ဖြစ်နေပြီး ဘာတစ်ခုမှ အသုံးမကျဘူး၊ ကိုယ့်တူမတစ်ယောက် ချစ်သူရည်းစားရှိနေတာကို မသိရအောင် ညံ့ဖျင်းရသလား"

"ကြိုက်မယ့်ကြိုက်တော့လဲ ကားဒရိုင်ဘာနဲ့မှတဲ့"

"အခုချိန်ကစပြီး သူ့ကို ငါ မသိဘဲ အိမ်ထဲကအိမ်ပြင် လုံးဝမထွက်စေနဲ့၊ ကြားလား"

"သူ့ တစ်ခုခုဖြစ်လို့ကတော့ နင့်လဲ အရှင်မထားဘူး၊ နားလည်လား"

ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဆင်းသွားသည့် အဘိုးခြေသံပြင်းပြင်းကို ားထောင်ပြီး လုံမေ့အသည်းနှလုံးတွေ မွမွကြေသွားသလို ထင်လိုက် ည်။

အချစ်ဆုံး မြေးမလေးကို ဟဲလို့တောင် အသံမာမာနဲ့ မအော်





ဖေါက်ရက်သော အဘိုးက အခုတော့ လုံမေ့ကို အတင်းမာဆုံး အခက်ထန်ဆုံး ပြောဆိုဆက်ဆံသွားပုံကို ပြန်မြင်ယောင်မိတိုင်း လုံမေ အသည်းပြင်မှာ အပ်ဖျားနှင့် ထိုးဆွသလို အခံရခက် နာကျင်ရပါသည်။

တကယ်တော့ လုံမေကို စိတ်ဆိုးသော အဘိုး၏ အပြစ်မဟုတ်ပါ။ ချစ်သူရည်းစားထားခဲ့မိသော လုံမေအပြစ်မို့ အဘိုးကို သနားမဆုံး ရှိနေပါသည်။

"လုံမေ"

"မာဆေး"

အဒေါ်ဖြစ်သူ၏ ရင်ခွင်ကို ပြေးဝင်ပြီး လုံမေ တသိမ့်သိမ့် ရှိုက်ငိုမိပါသည်။

"တူမလေး သိပ်မိုက်တယ်ကွယ်၊ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ လုံမေအဘိုးက လုံမေကို ဘယ်လောက်ချစ်သလဲ၊ ဘယ်လောက် တန်ဖိုးထားသလဲဆိုတာ မတွေးမိဘူးလား ကလေးရယ်"

"အခုကြည့်စမ်း၊ လုံမေကြောင့် လုံမေ့အဘိုး ဘယ်လောက် စိတ်ထိခိုက်သွားရှာပြီလဲ"

"လုံမေကို ခွင့်လွှတ်ပါ မာဆေးရယ်၊ လုံမေ့ကို ခွင့်လွှတ်ပါ"

"တူမလေးကို အဒေါ်က ဘယ်တုန်းကမှ အပြစ်မယူဘူး၊ ခွင့်လွှတ်ထားပြီးသားပါကွယ်"

လုံမေထံမှ ငိုရှိုက်သံလေးများ ပို၍ သည်းထန်ကျယ်လောင်လာသည်။ ကို့ကို မမုန်းနိုင်သလို အဘိုးကိုလည်း စိတ်မဆင်းရဲစေလို



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ လုံမေ့ဆန္ဒဖြစ်ပါသည်။

သို့ပါသော်လည်း ထိုကဲ့သို့ ဘယ်တော့မှ ဖြစ်မလာနိုင်မှန်း သိနေတော့ လုံမေ့ရင်မှာ ဆိနိုက်နာကျင်ရပါသည်။

"အခုမှ ငိုနေလဲ ပြီးခဲ့တာတွေက ပြန်ပြင်လို့မရတော့ဘူးကွယ်၊ ရှေ့ကိုသာ ဘယ်လိုလုပ်သင့်တယ်ဆိုတာ တွေးမလေး စဉ်းစားပါ"

လုံမေ ဘာလုပ်ရမည်နည်း။

ဖြစ်သင့်တာ၊ လုပ်သင့်တာကတော့ လုံမေအတွက် တစ်ခုတည်းရှိပါသည်။ ထိုအရာကတော့ တခြားမဟုတ်ပါ။ စိုင်းရွက်ခမ်းဆိုသည့် ချစ်သူကို မေ့ပျောက်ပစ်ရန်မှလွဲ၍ တခြားနည်းလမ်းမရှိပါ။

ကိုခံစားကြေကွဲရသလို လုံမေ့လည်း အသည်းလေးလည်း ပာဝ်စစီ ကွဲကြေရတော့မှာပါလား။ အချစ်၏ ပူလောင်ပြင်းပြသည့် ဝေဒနာကိုခံစားရင်း လုံမေတစ်ယောက် အိမ်ထဲမှ အိမ်ပြင် ထွက်ခွင့်မရဘဲ အခန်းထဲမှာပဲ ကျိတ်၍ ငိုနေမိပါသည်။

အဘိုးက လုံမေကို စကားလုံးဝမပြောဘဲ ဘာတွေ ကျိတ်စီစဉ်နေသည် မသိပါ။ တစ်ပတ်အတွင်း လုံမေတို့နေထိုင်ခဲ့သည့် အိမ်လေးကို စွန့်ခွာကာ တခြားမြို့လေးသို့ ပြောင်းရွှေ့ခဲ့ရသည်။

ဝေးကြရပြီပေါ့ ကိုရယ်... ။

အဘိုးမမြင်တွေ့နိုင်သည့် ညအချိန်မှာ ခေါင်းအုံးလေးကို အဖော်ပြုပြီး ကျိတ်ငိုမိသည့် အကြိမ်ပေါင်းကလည်း မရေတွက်နိုင်တော့ပါ။





အသစ်ပြောင်းရွှေ့လာသည့် အိမ်ကလေးမှာ အားလုံး အခြေတကျဖြစ်အောင် အဘိုးက ကြိုးစားနေပါသည်။ ရွာမှာရှိသော အိမ်နှင့်ခြံကို အဘိုး အပြီးအပြတ် ရောင်းချလိုက်ကြောင်း လုံမေ နောက်မှ သိခွင့်ရခဲ့သည်။

လုံမေကြောင့် အဘိုးချစ်မြတ်နိုးသော မြင်းလိမ္မာညိုကြီးနှင့် မြင်းကြီးမိဖြူတို့ကိုပါ စွန့်လွှတ်လိုက်ရ၍ အဘိုးအတွက် လုံမေ စိတ်ထိခိုက်ရပေမဲ့ အားလုံးက လုံမေကြောင့် ဖြစ်ရတာမို့ မျက်ရည်ကျယုံကလွဲ၍ တခြား မတတ်နိုင်ခဲ့ပါ။

လုံမေကို ခွင့်လွှတ်ပါ အဘိုးရယ်... ။

လုံမေ့ကို ခွင့်လွှတ်ပေးပါ။

သိသာစွာ ချုံးကျသွားသည့် အဘိုးဖြစ်သူကိုကြည့်ရင်း လုံမေ စိတ်ထဲက ကျိတ်ပြီး တောင်းပန်စကားဆိုနေမိသလို ချစ်သောချစ်သူကိုလည်း လုံမေ တစ်နေ့မှ မေ့လို့မရခဲ့ပါ။

အချိန်တိုင်း သတိရတမ်းတလွမ်းဆွတ်နေသည့်အချိန်မှာ စိုင်းရွက်ခမ်းတစ်ယောက်မှာလည်း ချစ်သူလေး ပျောက်ဆုံးသွား၍ ရူးမတတ်ခံစား ရတက်ပွေလျက်ရှိပါသည်။

သူချိန်းဆိုသည့်နေရာကို လုံမေ ရောက်မလာ၍ ချစ်သူနေထိုင်သည့် အိမ်ကလေးကို သွားကြည့်သောအခါ သော့ပိတ်ထားသည့် အိမ်ကလေးက စိုင်းရွက်ခမ်းကို လှောင်ပြောင်နေကြပါသည်။

လုံမေ ဘယ်ရောက်သွားပြီလဲ။ ဘယ်ကိုများ ပြောင်းရွှေ့သွားကြပြီလဲဆိုသည့် အတွေးဖြင့် ချစ်သူပျောက်ကို စုံစမ်းရှာဖွေရာ



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ မြေးအဘိုး အပြီးအပိုင် ပြောင်းရွှေ့သွားကြတာကို သိသူမရှိသလောက် နည်းပါးလှသဖြင့် ရေကြည်လည်းနောက် ခြေရာလည်းပျောက်ခဲ့ရပါပြီ။

လုံမေရယ်... ။

ကိုယ့်အချစ်ဆုံးရယ်... ။

မင်းလေး ဘယ်ဆီများရောက်နေပြီလဲကွယ်၊ သိပ်ချစ်တော့ သိပ်ခံစားနေရပါပြီ။ ချစ်သူပျောက်ကို လိုက်ရှာရင်း မစားနိုင်မသောက်နိုင် အရူးတစ်ယောက်လို ဖြစ်သွားသည်။

လုံမေအဘိုးက သူတို့အကြောင်းကိုသိသွား၍ သူ့မြေးဖြစ်သူနှင့် ခြေရာပျောက်သွားကြောင်း သူ နားလည်လိုက်ပါသည်။

သူ့လိုယောက်ျားကြီးတစ်ယောက်တောင် ဒီလောက် ခံစားနေရလျှင် မိန်းမသား နုနုငယ်ငယ်လေးဆို ပို၍ခံစားကြေကွဲနေရမှာ သေချာပါသည်။

ကိုယ့်ချစ်သူလေး ဘယ်လောက်တောင် ခံစားနေရရှာမလဲကွယ်... ။

ကို့ကို သတိရလွမ်းဆွတ်တဲ့ စိတ်တွေနဲ့ ညတိုင်း ကျိတ်ငိုနေမယ်ထင်ပါရဲ့ ချစ်ရယ်၊ လုံမေ၏ အဘိုးက သူပိုင်ခြံမြေဥယျာဉ်အိမ်နှင့် မြင်းများကိုပါ အပြတ်ရောင်းချသွားရာ စိုင်းရွက်ခမ်းလည်း လုံမေ စီးနေကျ မြင်းကြီးကို တွေ့သည်နှင့် အဆမတန် ဈေးပိုပေးကာ ဝယ်ယူထားလိုက်ပါသည်။

ပြီးတော့ ချစ်သူလေးကိုယ်စား မြင်းဖြူကြီးကို ကောင်းမွန်စွာ





စောင့်ရှောက်ထားလိုက်ပါသည်။

ချစ်သူအကြောင်းကို တွေးမိတိုင်း ရင်မှာ ခံစားရသလို ချစ်သူမျက်နှာလှလှလေးကို တွေ့မြင်လိုစိတ်တွေ ထိန်းမရအောင် ဖြစ်လာသောအခါ သူ အရက်သောက်မိသည်။

ညဘက် အိမ်မှာတစ်ယောက်တည်း စိတ်ထင်တိုင်း ပေါက်ကွဲရင်း ချစ်သူအမည်လေးကိုသာ တမ်းတနေမိသည်။

အရက်မူး၍ လူက ချာချာလည်နေသလို လုံမေ၏ ချစ်စရာအသွင်သဏ္ဌာန်လှလှလေးတွေကလည်း သူ့အနားမှာ ပတ်ချာလည်နေပါသည်။

"စိုင်း"

တိုးတိတ်ညင်သာသော အသံလေးတစ်ခု သူ့နားထဲကို စီးပျောဝင်ရောက်လာသည်။

"ကြည့်စမ်းကွယ်၊ သူ ဘာဖြစ်နေတာလဲ မသိဘူး၊ အရက်တွေ ဘာလို့ ဒီလောက်တောင် သောက်ထားရတာလဲ"

"စိုင်းရေ"

"စိုင်း"

"ဟင်... အင်း... "

"ဘယ်သူလဲ"

အာလေးလျှာလေး အသံကြီးဖြင့် သူမေးတော့ ချယ်ရီပြုံးလိုက်သည်။

အမြဲတည်ခန့်ချောမောနေတတ်သော စိုင်းရွက်ခမ်းလို လူချော



www.burmeseclassic.com

www.burmeseclassic.com



လှလှတစ်ယောက် အရက်အမူးလွန်နေပုံက မြင်ရသူကို မုန်းတီးရွံရှာစရာမဖြစ်စေဘဲ ကလေးတစ်ယောက်လို ဖြစ်နေတာကို ချယ်ရီ သဘောကျစွာ ခပ်တိုးတိုးလေး ရယ်မောလိုက်သည်။

သိပ်ချစ်စရာကောင်းတဲ့ စိုင်းပါလား၊ စိုင်းလိုလူတစ်ယောက်ကို ချယ်ရီ အသည်းပြင်မှာ စွဲထင်နေအောင် မြတ်နိုးတွယ်တာနေမိတာကို စိုင်း မသိတာလား။

သိရက်နဲ့ မသိဟန်ဆောင်နေတာလားကွယ်။ တကယ်တော့ ချယ်ရီဆိုတာ မိန်းမသားပါ စိုင်းရယ်။

ရင်ထဲက ခံစားချက်ကို ဖွင့်ထုတ်ပြောခွင့်မရှိတော့ ခံစားရတာတွေ မပေါက်ကွဲမိခင်မှာ စိုင်းနဲ့ အဝေးဆုံးကို ထွက်ပြေးခဲ့ရတဲ့ အချစ်ကံဆိုးမလေးပါ စိုင်း... ။

ကိုယ့်ဘဝကိုယ် ပျော်ရွှင်အောင်ဖန်တီးပြီး ချစ်သော စိုင်းကို မေ့နိုင်ဖို့ ကြိုးစားခဲ့သည့် နေ့ရက်၊ နာရီတွေများစွာကြားက ချယ်ရီ အသည်းနှလုံးက စိုင်းရွှက်ခမ်းဆိုတဲ့ အသည်းနှလုံးမရှိတဲ့ ချစ်သူကိုက အချိန်တိုင်း တမ်းတနေခဲ့လေတော့ ချယ်ရီ ဘဝများ တတ်နိုင်ဦးမှာလဲကွယ်။

မပြတ်စုံစမ်းထားသည့် စိုင်းရဲ့သတင်းစကားတွေကလည်း စိုင်းရွှက်ခမ်းဆိုတာ ဟိုတုန်းကအတိုင်း ဘဝတစ်ခုမှ မပြောင်းမလွဲ အလျင်အတိုင်းပဲဆိုပြန်တော့လည်း ချယ်ရီ့အတွက် မျှော်လင့်ချက်ကလေးနှင့် ရင်ခုန်အားတက်လာခဲ့ရပြန်သည်။

ဒီတော့လည်း စိုင်းကိုချစ်သည့် စိတ်တစ်ခုတည်းနှင့် ချယ်ရီ





တစ်ယောက် သူမအနားက လူတွေအားလုံးကို ပယ်ချပြီး ချစ်သူရှိ ာကို အရောက်ပြန်လာခဲ့မိတာ ချယ်ရီ့အပြစ်လား ချစ်သူရယ်...။

စိုင်းကို ချယ်ရီ သိပ်ချစ်တယ်ကွယ်၊ စိုင်းရွှက်ခမ်း၏ ဦးခေါင်း ပေါ်က ဆံပင်လေးတွေကို ဖြူသွယ်လှပသော လက်ချောင်းလေးများ ဖြင့် ညင်သာဖွဖွသပ်တင်လိုက်သောအခါ ချယ်ရီ့လက်တွင် ဝတ်ဆင် ထားသည့် စိန်လက်စွပ်က မီးရောင်ခပ်မှိန်မှိန်အောက်မှာ အရောင် တဖျပ်ဖျပ် လက်သွားသည်။

ညှော့်ခံပွဲတစ်ခုမှ ပြန်လာသည့် ချယ်ရီကိုယ်တိုင်ကလည်း စိုင်းရွှက်ခမ်းလို အခြေအနေပျက်အောင် မူးနေတာမျိုး မဟုတ်သော် လည်း ရီဝေဝေမျက်ဝန်းလေးတွေနှင့် မူမမှန်သူ။

ပြီးတော့ နှစ်ယောက်စလုံး အချစ်အတွက် ဝေဒနာကိုယ်စီ ခံစားနေကြရတာချင်းကလည်း အတူတူမို့ စိုင်းရွှက်ခမ်းက သူ့မျက်နှာ ပေါ် ညင်သာဖွဖွ ထိကိုင်လာသည့် ချယ်ရီ့လက်ကလေးကို သူ့လက် များဖြင့် ဖမ်းယူဆွဲကိုင်လိုက်သည်။

"လုံမေ"

"လုံမေလားဟင်"

လှပသည့် ချယ်ရီမျက်နှာလေးကို သူမမြင်။ ချစ်သောလုံမေ ၏ ချစ်စရာ၊ မြတ်နိုးစရာ မျက်နှာလှလှလေးကိုသာ သူ့အာရုံမှာ ထင်နေသည့်အတိုင်း ချယ်ရီ့ကို လုံမေဟု ထင်လိုက်သည့်ခဏ...။

"ကိုယ့်ဆီကို လိုက်လာတယ်နော်၊ ဝမ်းသာလိုက်တာ အချစ် ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နဲ့ပဲ နေပါနော်၊ ကိုယ့်ဘဝထဲက ဘယ်ကိုမှ ထွက်မသွားပါနဲ့ အချစ်ရယ်"

"လုံမေ့ကို ကိုယ်ချစ်တယ်"

"အို… စိုင်း"

ချယ်ရီ့တစ်ကိုယ်လုံး စိုင်းရွက်ခမ်းရင်ခွင်ထဲ ထွေးခနဲ ရောက်ရှိသွားသည်။

"ချစ်တယ် ကလေးရယ်…"

"ကိုယ်သိပ်ချစ်တာ အချစ်သိရဲ့လားကွယ်"

"စိုင်းရယ်"

လှိုက်လှဲသော အနမ်းတွေက မုန်တိုင်းတစ်ခုလို ချယ်ရီ့မျက်နှာလှလှလေး အနှံ့ ဖူးပွင့်ဝေဆာသွားသည့်အဖြစ်ကို ကျေနပ်ကြည်ဖြူနေမိသူက ချယ်ရီ။

သူမကို တစ်စုံတစ်ဦးနှင့် မှားယွင်းနေမှန်းသိပေမဲ့ ထိုအချိန်ခဏတာလေးကိုပင် အပြစ်ရယ်လို့ မဆိုနိုင်အောင် သူမကိုယ်တိုင်က စိုင်းရွက်ခမ်းအပေါ်မှာ မြတ်နိုးစွဲလမ်းစိတ်နှင့် တမ်းတနေမိသူလေးပါပီ။ စိုင်းရွက်ခမ်းအလိုကြ ချစ်သူရင်ခွင်ကျယ်ကြီးထဲမှာ မရုန်းမဖယ်ရက်အောင် ရှိနေပါသည်။

"ချစ်"

"ဟင်"

"ကိုယ့်ကိုချစ်တယ်နော်"

အချစ်မူးသံဖြင့် ဆိုလာသူကို ချယ်ရီ ခေါင်းလေးညိတ်ပြ





လိုက်မိသည်။

"ချစ်ပါတယ် မောင်ရယ်၊ မောင့်ကို ချယ်ရီ သိပ်ချစ်ခဲ့တာပါ"

"ဝမ်းသာလိုက်တာ အချစ်ရယ်၊ အခုချိန်ကစပြီး ချစ်ကို မောင့်နားက လုံးဝမသွားရဘူးနော်"

"ကိုယ်တို့ လက်ထပ်ကြမယ် သိလား"

"အင်းပါကွယ်၊ အခု မောင် သိပ်မူးနေပြီ၊ အိပ်တော့နော်"

"လာ… ချယ်ရီ မောင့်ကိုတွဲမယ်"

စိုင်းရွက်ခမ်းကိုယ်ကြီးကို မနိုင်မနင်းတွဲပြီး ချယ်ရီ သူ့အိပ်ခန်းကို လိုက်ပို့ပေးနေစဉ်မှာပင် ထိုမြင်ကွင်းကိုကြည့်ပြီး သက်ပြင်းတစ်ချက်ရှိုက်ကာ နေရာမှ တိတ်ဆိတ်စွာ ထွက်ခွာသွားသူက စိုင်းရွက်ခမ်း၏ လူယုံတော်ကြီး ဦးအိုက်စံ ဖြစ်သည်။

ချယ်ရီက စိုင်းရွက်ခမ်းကိုယ်ကြီးကို သူ့ခုတင်ပေါ် ညင်သာစွာ ချပေးရန် ကြိုးစားပါသော်လည်း စိုင်းရွက်ခမ်းက သေးကျဉ်သော ခါးလေးကို ဆွဲယူလိုက်ပြီး ရင်ချင်းအပ်လိုက်ခြင်းကြောင့် နှစ်ယောက်စလုံး အရှိန်မထိန်းနိုင်ဘဲ အိပ်ရာပေါ် လုံးထွေးလဲပြိုသွားကြသည်။

"ချစ်"

"အို… စိုင်း လွှတ်ကွယ်၊ ချယ်ရီ သွားပါရစေ"

သူမအပေါ်မှာ ပိနေသည့် စိုင်းရွက်ခမ်းကိုယ်ကြီးကို ချယ်ရီ လက်အားလေးနှင့် ခွတ်အားတင်း၍ ရုန်းကန်ရင်း တောင်းပန်စကား



www.burmeseclassic.com

www.burmeseclassic.com



ဆိုမိသည်။

"ကိုယ့်ကို ချစ်တယ်ဆို"

"ချစ်ပါတယ်ကွယ်၊ ဒါပေမဲ့"

"ရှူး… ကျန်တဲ့စကားတွေကို ကိုယ် မကြားချင်ဘူး"

"ကိုယ်လဲ ချစ်ကို သိပ်ချစ်တယ်"

"မခွဲနိုင်ဘူး"

"အတူတူနေချင်ပြီ အသက်ရယ်"

"ချစ်ကို မောင် လက်ထပ်ပါရစေကွယ်"

"အို… အို"

အချစ်မူးသူက ချယ်ရီ့ကို နောက်ထပ် မည်သည့်စကားမှ ဆိုခွင့်မပြုတော့ပါ။ ပြင်းပြလှိုက်လှဲသော ချစ်အနမ်းတွေက လှပသည့် မျက်နှာလေးအနှံ့ မုန်တိုင်းတစ်ခုလို ဖြတ်သန်းသွားသည်။

"သိပ်ချစ်တယ် ချစ်ရယ်"

"ချစ်တယ်ကွာ"

"လွှတ်ပါတော့ မောင်ရယ်"

"ဟင့်အင်း"

"သိပ်ချစ်တယ်"

"အို… "

"မောင်"

"မောင်ရယ်… "

အပြာရောင်အခန်းမီးလေး ဖျတ်ခနဲ ငြိမ်းသွားသည်။ နူးညံ့





အိထွေးသော အတွေ့ထူးမှာ မူးမူးမေ့မေ့။ လိပ်ပြာလေးက ချိုမြိန်သော ပန်း၏ဝတ်ရည်ကို မညှာမတာ ရှိုက်နမ်းစုပ်ယူလိုက်သောအခါ ပန်းကလေးက လေ့အဝှေ့မှာ လူးလူးလွန့်လွန့်။

ချယ်ရီမျက်ဝန်းလေးတွေ အလိုလို မှေးမှိတ်သွားသလိုလို ချစ်သူ၏ ကျောပြင်ကြီးကို သူမလက်ကလေးများဖြင့် မမိမကမ်းလေး ပြန်လည်ဖက်တွယ်ထားမိသည်။

ပူလောင်ပြင်းပြသော အပြာရောင်မီးလေးက အဆုံးစွန်းထိ ဝါးမျိုးလောင်ကျွမ်းခြင်းများအောက်မှာ လူးလွန့်ပျောက်ဆုံးသွားသည်။

ရွှန်းရွှန်းမြမြ သာနေသည့် လရောင်အောက်မှာ အနီရောင်ပြိုင်ကားလေးက ပိုင်ရှင်မဲ့စွာ ရပ်တန့်လျက်… ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

အသိတရားကို ပထမဦးဆုံး ဆုံစည်းမိသည်နှင့် အလျှင်ဦးဆုံး သတိပြုမိသည့်အရာက နူးညံ့အိထွေးသော အတွေ့အထိနှင့် သင်းပျံ့သော ကိုယ်သင်းရနံ့ ဖြစ်သည်။

သူ့ကိုယ်တိုင် ရင်ခွင်ထဲမှာ တင်းကျပ်စွာ ဖက်တွေးထားခြင်း ခံရသူက ရင်ခွင်ထဲမှာ အသက်ရှူသံမှန်မှန်ဖြင့် အိပ်ပျော်နေဆဲ။

သူ ဘာတွေဖြစ်ခဲ့တာလဲ။ စိုင်းရွက်ခမ်း မျက်ဝန်းအစုံကို အားတင်းပြီး ဆတ်ခနဲဖွင့်ကြည့်လိုက်သည်နှင့်...

"ဟင်... "

"ချယ်ရီ"

ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသလို ထင်လိုက်ရသည်။

ချယ်ရီ... ။

ချယ်ရီပါလား... ။





စိုင်းရွက်ခမ်းကိုယ်တိုင် ချယ်ရီကိုယ်လေးတို့ ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်၍ အိပ်ပျော်နေသည့် အဖြစ်က သူ့အသည်းနှလုံးကို ချွန်မြသော ဓားဖြင့် ထိုးခွဲခံလိုက်ရသလို ဆတ်ဆတ်ခါ နာကျင်တုန်လှုပ်သွားစေပါသည်။

သူ့အိပ်ခန်းထဲကို ချယ်ရီ ဘယ်လိုလုပ်ရောက်လာရတာလဲ...။

ပြီးတော့ သူနဲ့ချယ်ရီတို့ရဲ့ လက်ရှိအခြေအနေ။

အို... ။

စိုင်းရွက်ခမ်း သူ့ရင်ခွင်ထဲက ချယ်ရီကိုယ်လေးကို ငုံ့ကြည့်ရင်း မျက်နှာကြီးတစ်ခုလုံး ရဲရဲနီသွားကာ ချယ်ရီကိုယ်လေးကို သူ့ရင်ခွင်ထဲက ညင်သာစွာ ဖယ်ရှားမည်ပြုလိုက်စဉ်မှာပင် ချယ်ရီ မျက်ဝန်းလေးများ ဖျတ်ခနဲပွင့်လာပါသည်။

"ဟင်"

"မောင် နိုးနေပြီလား"

"အင်း"

သူ ခေါင်းညိတ်လိုက်တော့ ချယ်ရီက သူ့ရင်ခွင်ကို ဖျတ်ခနဲ တိုးဝင်ပူးကပ်လိုက်ကာ...

"ညက မောင် သိပ်ဆိုးတာပဲသိလား"

"လူကိုကြည့်တော့ မချစ်တတ်သလိုလို ဘာလိုလိုနဲ့၊ ပြောစမ်း ချယ်ရီ့ကို မောင် ဘယ်တုန်းတည်းက ကျိတ်ပြီး ချစ်နေခဲ့တာလဲ"

ပြောပြောဆိုဆို ချယ်ရီက သူ့မေးဖျားကိုဖျတ်ခနဲ လှမ်းနမ်းလိုက်သဖြင့် သူ ဘွန့်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေအားလုံး လွန်ခဲ့ပြီမို့ သူ့ရင်မှာ ပြောစရာစကားတွေ ပျောက်ဆုံးသလို ရှိနေပါသည်။

"ချယ်ရီ"

"ဟင်"

"ဘယ်လိုလုပ်ပြီး ကိုယ့်ဆီကို ရောကလာရာလဲဟင်"

သူအသိချင်ဆုံးမေးခွန်းကို မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဂျက်စမင်တို့ ညှော်ခံပွဲကအပြန် မောင့်ဆီကို ဝင်အလာမှာ တွေ့ကြတာပေါ့၊ ညက မောင် အရက်တွေ သိပ်မူးနေတာ မှတ်မိလား"

"အင်း... "

"ချယ်ရီတို့အကြောင်းကို ဒယ်ဒီကို ဖွင့်ပြောပြီး အမြန်ဆုံး လက်ထပ်ကြရအောင်နော် မောင်၊ ဒယ်ဒီကတော့ ချယ်ရီ မောင်နဲ့ လက်ထပ်တော့မယ်ဆိုရင် သိပ်အံ့သြသွားမှာပဲ သိလား"

လုံမေရယ်... ။

ပြုံးရယ်မြူးကြွနေသော ချယ်ရီမျက်နှာလေးကို ကြည့်ရင်း စိုင်းရွက်ခမ်း အသည်းနှလုံးတွေ တစ်စစီ ကွဲကြေသွားသလို ခံစားလိုက်ရသည်။

ချစ်သော လုံမေကို သူ ထာဝရဆုံးရှုံးလိုက်ရတော့ပြီမို့ သည်သို့သောအတွေးက စိုင်းရွက်ခမ်းရင်ကို မီးနှက်လောင်မြိုက်သွားစေပါသည်။

အခုအခြေအနေကို ရောက်မှ ချယ်ရီ့ကို လက်ထပ်ယူရန်သာ ရှိပါတော့သည်။ သူ့တာဝန်ကို သူ ယူရမည်။ ဒါ ယောက်ျား‌ကောင်း





တို့ရဲ့ အလုပ်မဟုတ်လား။

မောင့်ကို ခွင့်မလွှတ်နဲ့တော့ အချစ်ရယ်။ မောင့်ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့တော့။

"မောင်"

"ဟင်... "

"ကြည့်စမ်း၊ ချယ်ရီပြောနေတာတွေ မောင် ဘာတစ်ခုမှ မကြားဘူးထင်တယ်၊ ဟုတ်တယ်မဟုတ်လား"

"ချယ်ရီ ဘာပြောနေတာလဲဟင်"

သူ့အတွေးအာရုံတွေက ချစ်သူရှိရာကို ပျံ့လွင့်သွားခြင်းကြောင့် ချယ်ရီ ပြောနေသည့် စကားတွေကို သူမ ကြားလိုက်ခြင်း ဖြစ်ပါသည်။

"ချယ်ရီတို့ ဒီနေ့ပဲ ရုံးမှာ လက်မှတ်ထိုးထားလိုက်ကြအောင်လို့ မောင့်ကို ပြောနေတာ၊ မင်္ဂလာညှော်ခံပွဲကိုတော့ နောက်မှပဲ ဖြည်းဖြည်းစီစဉ်ကြတာပေါ့နော်"

"ချယ်ရီပြောတာ မောင် သဘောတူရဲ့လား"

"အားလုံး ချယ်ရီသဘောပါဗျာ၊ ချယ်ရီ ကျေနပ်ရင် ပြီးတာပါပဲ"

"ဟေး"

"ဒါမှ ချယ်ရီ့ရဲ့မောင်"

"အဟင်း... ဟင်း... ဟင်း"

အရူးမလေးတစ်ယောက်လို ချယ်ရီက သူ့လည်ပင်းကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ယှက်ာ စိုင်းရွက်ခမ်းမျက်နှာအနှံ့ ဖွဖွညင်သာ နမ်းရှိုက်ပါသည်။

ထိုနေ့မှာပင် ချယ်ရီ့အလိုဆန္ဒအတိုင်း သူတို့နှစ်ယောက် တရားရုံးမှာ တရားဝင်လက်မှတ်ရေးထိုး လက်ထပ်လိုက်ကြသည်။

စိုင်းရွက်ခမ်းနှင့် ချယ်ရီတို့ ရုတ်တရက် လက်ထပ်လိုက်သည့် သတင်းက မိတ်ဆွေအပေါင်းအသင်းများ အားလုံးကြားတွင် ရေပန်းအစားဆုံး သတင်းတစ်ပုဒ် ဖြစ်သွားပါသည်။

"ကိုရွက်ခမ်းတို့ကတော့ဗျာ၊ သတင်းမကြား ဘာမကြားနဲ့ မာနမင်းသမီးကို ဘယ်လိုအရည်ပျော်အောင် စည်းရုံးလိုက်လဲ မသိဘူး"

"နေနဲ့လလို လိုက်ဖက်ညီတဲ့ စုံတွဲဗျာ၊ ကျုပ်ကတော့ ကိုစိုင်းရွက်ခမ်းကို သိပ်အားကျတာပဲ"

"ဘာလဲ၊ ခင်ဗျားကရော နောက်ထပ် မင်္ဂလာဆောင်ချင်သေးတာလား"

"ဖြစ်နိုင်ရင်ပေါ့ဗျာ"

ရယ်သံတွေ ခပ်အုပ်အုပ်ထွက်လာသည်။

"ကိုရွက်ခမ်း"

"ဗျာ"

"သောက်လှချည်လားဗျာ၊ ခင်ဗျားကြည့်ရတာ သိပ်များနေပြီထင်တယ်"

"ရပါတယ်ဗျာ၊ ကျွန်တော် မမူးသေးပါဘူး"

စိုင်းရွက်ခမ်းအသံက အတော်မူးနေမှန်း သိလိုက်သည်။ စိတ်ညစ်လို့ အရက်သောက်မိသည်။ အရက်သောက်တော့ လုံမေကို





ပို၍ သတိရကာ ရင်ထဲမှာ ဘယ်လိုမှ မခံစားနိုင်အောင် နာကျင်လာတော့ အရက်ကို ပို၍ဖိသောက်မိသည်။

လုံမေရယ်... ။

ကိုယ်တို့ချစ်သူနှစ်ယောက် ဘယ်တော့မှ ဆုံနိုင်ခွင့်မရှိရတော့ဘူးတဲ့လား။

"ဟေ့လူ၊ တော်တော့ဗျာ၊ တော်ကြာ ခင်ဗျားသတို့သမီးက ကျုပ်တို့ကို အပြစ်တင်ပါဦးမယ်"

"ကျွန်တော့်သတို့သမီး ဟုတ်လား၊ ကျွန်တော့်သတို့သမီးက ဘယ်သူလဲ"

"ဟာ... "

"ကျုပ်တို့သတို့သားကြီးက အမူးလွန်ပြီး သူ့ရဲ့အသစ်စက်စက် ဇနီးလေးကိုတောင် မမှတ်မိတော့ဘူးဗျို့"

"ဘယ့်နှယ့်လုပ်ကြမလဲ"

"ဘယ့်နှယ့်မှမလုပ်နဲ့၊ ဒီလူ အပျော်လွန်ပြီး မူးနေတာ၊ အိမ်ပြန်ပို့ကျရအောင်၊ လုပ်ဗျာ"

စိုင်းရွက်ခမ်း ကားပေါ်ကို ဘယ်လိုပုံစံနှင့် ရောက်မှန်းမသိတော့ သလို အမူးလွန်နေသည့် သူ့ကို အပေါင်းအသင်းတွေကပင် အိပ်ရာပေါ် တွဲပို့ရသည့်အထိ အခြေအနေဆိုးခဲ့သည်။

အိပ်ရာပေါ်ရောက်သည်နှင့် ခြေပစ်လက်ပစ် အိပ်ပျော်သွားသည်။ စိုင်းရွက်ခမ်း၏ မျက်နှာချောချောကို တစိမ့်စိမ့် ရှုစိုက်ကြည့်ရင်း သက်ပြင်းရှိုက်မိသူက သူ၏ အသစ်စက်စက် ဇနီးချော



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီဖြစ်သည်။

စိုင်းရွှက်ခမ်း ရင်ထဲမှာ ဘာတွေဘယ်လို ခံစားနေရတယ်ဆိုတာကို ချယ်ရီ သိပါသည်။ စိုင်းရွှက်ခမ်းမှာ လုံမဆိုသည့် ချစ်သူရှိနေသည်။

သူတို့ချင်း ဘာအဆင်မပြေဖြစ်၍ ကွဲနေကြသည် မသိသော်လည်း ထိုစိတ်ဖြင့် စိုင်းရွှက်ခမ်း အရက်မူးပြီး အသည်းကွဲနေသည့်အချိန်မှာ ချယ်ရီ ရောက်သွားတော့ အမူးလွန်နေသည့် သူ့စိတ်ထဲမှာ ချယ်ရီ့ကို သူ့ချစ်သူအဖြစ် မှတ်ထင်ယုံကြည်နေခဲ့သည်။

သူ့အပေါ်မှာ တစ်ဖတ်သတ် စွဲလမ်းနေခဲ့သည့် ချယ်ရီကလည်း ထိုအခြေအနေမှာ လွတ်ကင်းအောင် ရုန်းထွက်ခြင်း မပြုခဲ့ဘဲ ချစ်သူကို ရယူပိုင်ဆိုင်သည့်စိတ်ဖြင့် ဇွတ်တိုးဝင်ဖို့ ကြိုးစားသောအခါ အခုလို အခြေအနေတွေဖြစ်ကာ စိုင်းရွှက်ခမ်းကို ပိုင်ဆိုင်ခွင့် ရခဲ့သည်။

ထို့အတွက် ချယ်ရီ့မှာ ရင်ခုန်ကြည်နူးစွာ ပျော်ရွှင်ခဲ့ရသလောက် စိုင်းရွှက်ခမ်းမှာ သူ ချစ်မြတ်နိုးရသူကို ဆုံးရှုံးစွန့်လွှတ်လိုက်ရခြင်းက တစ်ဖက်၊ သူ မချစ်နှစ်သက်သူနှင့် လက်ထပ်လိုက်ရခြင်းက တစ်ဖက်နှင့် တစ်ယောက်တည်း လူးလိမ့်ခံစားနေရသော ဝေဒနာများအတွက် အရက်ကို ထွက်ပေါက်အဖြစ် အသုံးချမိခြင်း ဖြစ်သည်။

မောင့်ကို ချယ်ရီနားလည်ပါတယ်ကွယ်... ။

ချယ်ရီ့ကို မောင် မချစ်ဘူးဆိုတာ ချယ်ရီ သိပါတယ်။

ယောကျ်ားကောင်းတစ်ယောက်အနေနဲ့ ချယ်ရီ့အပေါ်မှာ မောင့်ကျူးလွန်မိတဲ့ အပြစ်ကို တာဝန်ယူခဲ့တာ မဟုတ်လား။





ချယ်ရီကတော့ မောင့်လိုမဟုတ်ဘူး။ မောင့်ကို သိပ်ချစ်လွန်းလို့ အခုလို မောင့်ကို ပိုင်ဆိုင်ချင်လွန်းလို့ စွန့်စားပြီး လက်ထပ်ယူခဲ့ရတာပဲ။

မောင့်ကို ချယ်ရီ သိပ်ချစ်တယ်။

မောင်ကလည်း ချယ်ရီ့ကို သိပ်ချစ်လာနိုင်ပါစေလို့ ချယ်ရီ ဆုတောင်းပါတယ်ကွယ်။ ချယ်ရီနဲ့မောင် အတူရှိနေသရွေ့ မောင် ဘယ်တော့မှ စိတ်မညစ်စေရဘူးလို့ ချယ်ရီ ကတိပေးပါတယ် မောင်ရယ်... ။

အိပ်ပျော်နေသည့် စိုင်းရွှက်ခမ်း၏ နဖူးပြင်ကို ညင်သာစွာ ငုံ့မ်းပြီး မီးခလုတ်ကို ချယ်ရီ ပိတ်လိုက်ပါသည်။

ပြီးတော့ ချစ်သူရင်ခွင်ကြီးထဲ တိုးဝင်ကာ ချယ်ရီ့မျက်ဝန်းအစုံကို မှေးမှိတ်လိုက်တော့ အချစ်လှူဆိုး မောင့်သဏ္ဌာန်ကို ပြန်မြင်ယောင်ရင်း ကြည်နူးရှက်လန့်ရခြင်းနှင့်အတူ ပါးပြင်လေးတွေ နီရဲထူပူသွားခဲ့ရပြန်ပါသည်။

ချစ်တယ် မောင်ရယ်... ။

မောင့်ကို ချယ်ရီ သိပ်ချစ်တာ ယုံပါကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

"လုံမေ"

မိမ္မိအမည်ကိုမှ ခေါ်သံနှင့်အတူ သူမအပါးသို့ နီးကပ်စွာ ထိုးရပ်လာသည့် ကားတစ်စီးကြောင့် လုံမေ လှည့်ကြည့်လိုက်သည်နှင့် လုံးဝမျှော်လင့်ထားခြင်း မရှိသည့် ချစ်သူ စိုင်းရွက်ခမ်းကို တွေ့လိုက်ရသဖြင့် လုံမေ့ရင်တွေ တဒိတ်ဒိတ် လှုိက်ခုန်သွားသလို ဆေးခန်းရှိရာဘက်သို့ ကမန်းကတန်း ပြန်ကြည့်လိုက်ရပါသည်။

အဒေါ်ဖြစ်သူ မာဆေးက သူမအသိမိတ်ဆွေနှင့် စကားကောင်းနေဆဲဖြစ်သဖြင့် လုံမေတို့အဖြစ်ကို သတိမထားမိဘဲ ရှိနေပါသည်။

"လုံမေ"

"ကို"

"ဘယ်လိုဖြစ်တာလဲ အချစ်ရယ်"

"အို… ကားပေါ်က မဆင်းပါနဲ့၊ ဟိုမှာ လုံမေ့အဒေါ်





ပါတယ်၊ လုံမေတို့ကိစ္စကို အဘိုးသိသွားလို့ အခုလိုပြဿနာတွေ ဖြစ်ရတာပဲ ကို"

"ကိုယ့်ရင်ထဲဘယ်လောက် ခံစားနေရတယ်ဆိုတာ လုံမေ သိရဲ့လား"

စိုင်းရွက်ခမ်း လုံမေမျက်နှာလှလှလေးကို စူးစူးရဲရဲ စိုက်ကြည့်ရင်း အံကြိတ်သံနှင့် မချိတင်ကဲဆိုလိုက်မိသည်။

"အို… အဲဒီစကားတွေ အခုအချိန် ဘာမှမပြောပါနဲ့"

"ကိုယ် လုံမေနဲ့တွေ့ချင်တယ်၊ တွေ့မှလဲ ဖြစ်မှာ၊ ကိုယ် လုံမေ့ကို ဘယ်မှာလာတွေ့ရမလဲ သိချင်တယ်"

"ကို ဖုန်းနံပါတ်ပေးခဲ့ပါ၊ လုံမေ ဖုန်းဆက်ပါ့မယ်"

"ဒီမှာ ကိုယ့်ဖုန်းနံပါတ်နဲ့ လိပ်စာ၊ အခု လုံမေတို့ ဘယ်မှာနေလဲ"

"ဟောဟိုမှာ ဒေါ်လေး သွားတော့နော်၊ ဟိုမှာ ဒေါ်လေး မြင်သွားလို့မဖြစ်လို့ပါ"

လုံမေ သူ့ကို ဖွတ်အတင်းနှင်လွှတ်မိသည်။ လွမ်းဆွတ်သတိရစိတ်နှင့် ချစ်သူကို အနားက မခွာစေလိုသော်လည်း လုံမေမှာ ထိုအခွင့်အရေးမရှိပါ။

"လုံမေ"

"ရှင်"

"ကိုယ် လုံမေ့ကို သိပ်ချစ်တယ်၊ ဘယ်တော့မှ မေ့ပစ်လို့ရမှာမဟုတ်ဘူးဆိုတာ လုံမေယုံပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို... "

ရိုင်းရွက်ခမ်းကားလေး လုံမေအနားက ဝေါခနဲပြေးထွက်သွားတာကို ကြည့်ပြီး လုံမေ အသည်းနှလုံးတွေ ဆို့နင့်နာကျင်သွားသည်။

ငိုချင်စိတ်ကို မျိုသိပ်ပြီး လုံမေလက်ထဲက ကတ်ပြားဖြူဖြူလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားစဉ်မှာပင် လုံမေအနားသို့ အဒေါ်မာဆေးရောက်လာပါသည်။

"သွားစို့ လုံမေ"

"ဟုတ်"

တူဝရီးနှစ်ယောက် ဆေးခန်းရှေ့မှ ထွက်ခဲ့ကြသည်။

"စောစောက စကားပြောနေတာ ဘယ်သူလဲ လုံမေ"

"သြော်... လုံမေသူ့ငယ်ချင်းရဲ့ အစ်ကိုပါ၊ ဒီကိုပြောင်းလာတာကို မေးတာပါ"

အဒေါ်ဖြစ်သူကို လုံမေ ညာလိုက်သည်။

"ဆရာဝန်က ဘာတဲ့လဲဟင် မာဆေး"

"ဆေးရုံတက်ရမယ်တဲ့ကွယ်"

"ဟင်... "

လုံမေ အဒေါ်ဖြစ်သူ၏ မျက်နှာလေးကို အလန့်တကြားလေး ကြည့်လိုက်မိသည်။ မာဆေးတစ်ယောက် တရောင်ရောင် နေမကောင်းဖြစ်နေခဲ့သည်မှာ ကြာပါပြီ။

အဘိုး၏ ဆေးတွေနှင့် အမျိုးမျိုးစမ်းသပ်ကုသပါသော်လည်း





...က်သာလာသည်မရှိဘဲ ဆရာဝန်ကိုပြရာမှ ဆေးရုံတက်ရမည်ဟု ...လာရခြင်း ဖြစ်ပါသည်။

အပြန်လမ်းက တူဝရီးနှစ်ယောက်စလုံး စကားပြောဆိုခြင်း ...သဖြင့် ပို၍တိတ်ဆိတ်နေပါသည်။

"လုံမေ အဘိုးကို ဒီကိစ္စမသိစေနဲ့ဦးနော်၊ နောက်မှ မာဆေး ...သာ ကြည့်ပြောမယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

လုံမေ ခေါင်းညိတ်လိုက်ရပေမဲ့ ရင်ထဲမှာတော့ လေးလံရှုပ်...း လျက်ရှိပါသည်။ အဘိုးဖြစ်သူကို မာဆေးဆန္ဒအတိုင်း ထိုညက ...မပြောသော်လည်း နောက်နေ့မှာ မာဆေး၏အခြေအနေ မကောင်း...ဖြင့် ဆေးရုံတင်လိုက်ရသည်။

"လုံမေ"

"ရှင်... မာဆေး"

"လိမ်လိမ်မာမာနေနော်၊ အဘိုးစကားကို နားထောင်ပါကွယ်"

"ဟုတ်ကဲ့ပါ မာဆေးရယ်၊ စကားသိပ်မပြောပါနဲ့နော်၊ မာဆေး ...နေမှာစိုးလို့ပါ"

လုံမေ့စကားအဆုံးမှာ မာဆေး ခေါင်းညိတ်ပြီး မျက်စိမှိတ် ...သက်သွားသည်။ ချစ်သောကို့ကို သတိရနေမိပေမဲ့ လုံမေ ...ဒေါ်နားက တစ်ဖဝါးခွာ၍မရသဖြင့် ဆက်သွယ်ခွင့်မရပါ။

အဘိုးနှင့်လုံမေ စကားမပြောသလောက် ဖြစ်ခဲ့ရသော်လည်း ...ဒေါ်နေမကောင်း ဖြစ်သွားသည့်အခါ လုံမေနှင့်အဘိုးပြန်၍ အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေသွားခဲ့ကြပါသည်။

အဘိုးစိတ်မှာ လုံမေချစ်သူကို လုံမေတို့ ခြံနီးဝန်းကျင်က တစ်ယောက်ယောက်ဟု ထင်ပြီး အခုလို မြို့ပေါ်ကို ပြောင်းရွှေ့လာခဲ့ ဟန် တူပါသည်။

တကယ့်အဖြစ်အပျက်ကတော့ ထိုသို့မဟုတ်ပါ။ လုံမေ ချစ်သူ သူဌေး၏ ကားဒရိုင်ဘာပါဟု သူ့ကိုယ်သူ ပြောထားသူ စိုင်းရွက်ခမ်း ကိုယ်တိုင်က တောင်ကြီးမြို့ကဟု အဘိုးမသိခဲ့သလို သိန်းပေါင်း မြောက်မြားစွာ ချမ်းသာကြွယ်ဝသော သူဌေးတစ်ယောက်ဟု စိုင်းရွက် ခမ်း၏ ချစ်သူဖြစ်သော လုံမေကိုယ်တိုင်ပင် မသိခဲ့ပါချေ။

အဒေါ်ဖြစ်သူ ဆေးရုံတက်လိုက်ရခြင်းကြောင့် စိုင်းရွက်ခမ်း ပေးထားသည့် လိပ်စာကတ်လေးကိုလည်း အခုချိန်ထိ လုံမေ ကောင်း စွာမကြည့်မိသေးပါ။

စိုးရိမ်ရသောအခြေအနေသို့ ဆိုက်ရောက်နေသူ အဒေါ်အပ မှာ ကပ်ပြီး လုံမေ ဘုရားတရားကို အမြဲမပြတ် အာရုံပြုရွတ်ဆိုနေ သည့်ကြားမှပင် အဒေါ်က ဆေးရုံရောက်ပြီး နောက်ရက်မှာ သတိလစ် သွားခဲ့သဖြင့် လုံမေ့ရင်ထဲမှာ မီးလိုပူသွားပါသည်။

ရောဂါစုံသလို ဆေးကုသ၍ မမီနိုင်အောင် ရောဂါက ကျွမ်းနေ နေခဲ့ပြီဟု သိလိုက်ရချိန်မှာ အဒေါ်ခမျာ အောက်ဆီကျင်ပိုက်နှင့် အသက်ရှူနေခဲ့ရလေပြီ။ အဒေါ်မှာဆေးတစ်ယောက် လုံမေ လက်ပေါ် မှာပင် ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့သည်။

မြေးအဘိုးနှစ်ယောက်စလုံး ရက်လည်ပြီးသည့်အထိ စိတ်ထ





ခိုက်လွန်းသောကြောင့် စကားနည်း အေးစက်သွားကြသော်လည်း အဘိုးကတော့ လုံးဝစကားမပြောသလောက် ဖြစ်သွားပါသည်။

စိုင်းရွက်ခမ်းတစ်ယောက်တည်း ကားနှင့် အပြင်ပြန်ထွက်သွား တာကိုကြည့်ပြီး ချယ်ရီ သက်ပြင်းရှိုက်လိုက်ပါသည်။ သိသာစွာ မှုပျက်နေသော စိုင်းရွက်ခမ်းပုံစံကို သူ့ရှေ့မှာ ဘာမှမဖြစ်သလို မသိဟန်ဆောင်နေမိသော်လည်း ချယ်ရီ့ရင်ထဲမှာတော့ နာကျင်ချင် နေပါသည်။

မင်္ဂလာပွဲကျင်းပရန် ရက်ပိုင်းပဲလိုတော့သည်။ မင်္ဂလာကိစ္စကို ဘာတစ်ခုမှ စိတ်မဝင်စားခြင်းမရှိ။ အားလုံးကို ချယ်ရီ့သဘောအတိုင်း လုပ်ပါဟုဆိုကာ အားလုံး ချယ်ရီကို လွှဲထားပြီး သူကတော့ အိမ်မှာ မရှိသလောက် ကားတစ်စီးနှင့် အမြဲအလုပ်ရှုပ်နေတာကို ကြည့်ပြီး ချယ်ရီ မောပင့်သက်ဖြာနေမိသည်။

အားလုံးက ချယ်ရီကို ကံကောင်းသူလေးဟု ထင်နေကြသည်။ ထိုသို့ထင်အောင်လည်း ချယ်ရီက အားလုံးရှေ့မှာ ဟန်ဆောင်ကောင်း ကောင်းနှင့် နေပြခဲ့သည်ကိုး။

ချယ်ရီ့ရင်ထဲက ဝေဒနာတွေကိုတော့ မည်သူမျှမသိပါ။ သိစရာလည်း မလိုပါ။ ဒီလမ်းကို ချယ်ရီကိုယ်တိုင် ရွေးချယ်ခဲ့တာ မို့ ကျေကျေနပ်နပ် လျှောက်လှမ်းရုံသာ ရှိပါသည်။

သူမဖြစ်စေချင်သလို စိုင်းရွက်ခမ်းကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီ မဟုတ်လား။ စိုင်းရွက်ခမ်းကိုယ်တိုင်ကလည်း ချယ်ရီ့အပေါ်မှာ ရင်ထဲက ချစ်မေတ္တာစစ်နှင့် လက်ထပ်ခဲ့ရသည် မဟုတ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ့အပေါ်မှာရော ချယ်ရီ့မိသားစုအပေါ်မှာပါ လူမှုရေးအရ ဂရုတစိုက်ကြီး မပေါ့တန်သည်တိုင် တာဝန်ပျက်ကွက်တာ လုံးဝမရှိစေအောင် ပြုမူပြောဆိုနေထိုင်နေတာမို့ ဖြေသာပါသည်။

သူ့ပုံစံကိုကြည့်ရတာ သူ့ချစ်သူနှင့် ပြန်တွေ့နေကြပုံဟု သံသယဝင်စရာ ဖြစ်သော်လည်း စိုင်းရွက်ခမ်းတစ်ယောက်တည်း ညည အရက်အမူးလွန်ပြီး ပြန်လာတတ်ခြင်းကြောင့် မဟုတ်နိုင်ပါဘူးဟု ထိုအတွေးကို ဖျောက်ဖျက်ပစ်လိုက်ပါသည်။

သိပ်ချစ်မိတော့လည်း ကိုယ့်ချစ်သူကို အရှုံးပေးချင်နေမိတာလည်း ဖြစ်နိုင်ပါသည်။ ဇနီးမယားမို့ အချိန်တန်တော့ အိမ်ကိုပြန်လာရင် သူမ ကျေနပ်ပါပြီ။

အရက်မူးလာသည့် ညတိုင်း ချယ်ရီ့ကို သူ့ရင်ခွင်ထဲမှာထားပြီး တခြားသူ၏ အမည်ကို တမ်းတနေတတ်တာကို အမူးလွန်၍ သူ့ကိုယ်သူပင် သိဟန်မတူသော်လည်း ချယ်ရီကတော့ ထိုညများကို ရင်နာနာနှင့် ဖြတ်သန်းရင်း အကြိမ်ကြိမ် ဆင်နွဲခံရသော အချစ်ပျားရည်အိုင်ကြီးထဲမှာ တသိမ်းသိမ့်စီးမျောလိုက်ပါလျက် အားလုံးကို မွန်းမေ့နေခဲ့သည်။

ထိုသို့ဖြစ်အောင်လည်း သူက ညှို့ငင်စွမ်းဆောင်နိုင်သူ မဟုတ်လား။ ဒီတော့လည်း ကျန်သည့်အချိန်တွေမှာ ချယ်ရီ့ကို သူ စိတ်ဝင်စားမှု နည်းပါးခြင်းအပေါ်မှာ ခွင့်လွှတ်နားလည်ပေးရင်း ညအမှောင်မှာ အရက်မူးမူးနှင့် တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားသော အချစ်မင်းသားထံမှ လှိုက်လှဲတက်ကြွမှု ပြင်းပြမွတ်သိပ်ခြင်းများစွာ





သည်သာ သူမအတွက် တောင့်တရာ ဖြစ်ခဲ့သည်။

အစားထိုးချစ်သူဘဝမှာ ကိုယ့်ကိုယ်ကို ဖြေသိမ့်နိုင်အောင် ကြိုးစားရှင်သန်ရန်မှတစ်ပါး တခြားမဖြစ်နိုင်တော့တာမို့ ထိုဘဝကို ကျေကျေနပ်နပ်ကြီး ရင်ဆိုင်ဖြတ်သန်းရန် ဆုံးဖြတ်ထားခဲ့ပြီးပါပြီ။

ဒါဟာ ဘာကြောင့်လဲဆိုရင် မောင့်ကို သိပ်ချစ်လို့ပါဟ ချယ်ရီ ဖြေရင် မောင် ကျေနပ်ပါ့မလား။

သေချာတာကတော့ ချယ်ရီ့ဘဝမှာ မောင်မရှိလို့ လုံးဝ မဖြစ်လို့ပါကွယ်။

စိုင်းရွက်ခမ်း၏ ကားလေးက ဦးတည်ရာမဲ့ ပြေးလွှားနေသလို သူ့အတွေးများကလည်း ဖမ်းဆုပ်ရခက်ခဲအောင် လွင့်ချင်ရာ လွင့်နေပါသည်။

လုံမေနှင့်သူ ဆေးခန်းတစ်ခုမှာ အမှတ်မထင် ဆုံစည်းလိုက်ရပေမဲ့ ဟိုးအလျင်တုန်းကလို သူမကိုချစ်သည့်စိတ်ဖြင့် ထင်ရာစိုင်းပြီး စိတ်နောက်ကိုယ်ပါ မလုပ်နိုင်သော အခြေအနေမို့ ချစ်သူမျက်နှာလှလှလေးကို ရူးစိုက်ကြည့်ပြီး ရင်နာနာနှင့် လမ်းခွဲခဲ့ရသည်။

သူ အဖြစ်မှန်တွေကို လုံမေ့ကို ဖွင့်ပြောရန် သူ့တွင် သတ္တိမရှိတော့ပါ။ ထို့အတူ ချစ်သူလေးလက်ကိုဆွဲပြီး အားလုံးနှင့်ဝေးရာ ထွက်ပြေးသွားချင်သည့် စိတ်ရိုင်းများကို မနည်းချုန်းအုပ်သိမ်းဆည်းခဲ့ရသည့် ခံစားချက်များ... ။

မိုက်ကန်းစွာ လုံမေ့ကို သူနှင့် ဆက်သွယ်ရန် လိပ်စာပေးခဲ့မိသေးသည်။ လုံမေ လိုက်လာသည့်အခါ ချယ်ရီက သူ၏



www.burmeseclassic.com

www.burmeseclassic.com



တရားဝင် ဇနီးမယားအဖြစ် သူ့အိမ်မှာ ကြိုဆိုညှော်ခဲ့ပေလိမ့်မည်။

ဒါကို သူ လုံးဝမေ့နေခဲ့သည်။ အခုချိန်ထိလည်း လုံမေထံက ဘာအဆက်မှ မရသေး။ မင်္ဂလာပွဲက ကျင်းပတော့မည်။

လုံမေ့ကို သူ့အတွက်နှင့် ဘာတစ်ခုမှ မနာကျင်စေချင်ပါမှ လုံမေ့အသည်းနုနုလေးကို မီးတင်ရှို့ခံရသော အဖြစ်ထက် အဆပေါင်းများစွာ ဆိုးဝါးသည့် အဖြစ်မျိုးကို ကြုံတွေ့အောင် ကံကြမ္မာကရော သူကိုယ်တိုင်ကပါ စီစဉ်ခဲ့မိပေပြီ။

ဘာဖြစ်လို့များ လုံမေ့ကို သူနဲ့ ဆက်သွယ်စေချင်ခဲ့ရတာလဲ။

ကိုယ်ကိုယ်တိုင် လွှပ်မရအောင် ရုန်းမထွက်နိုင်သည့် နွံထဲကနေပြီး ချစ်သူလေးကိုပါ ခံစားကြေကွဲစေလို၍လား။

သူ့အမှားအတွက် နောင်တတွေ တစ်သီကြီးနှင့် လုံမေ့ကို ကားတစ်စီးနှင့် သူ မနားတမ်း ရှာဖွေခဲ့သည်။

သို့ပါသော်လည်း သူမြင်လိုတွေ့လိုသော ချစ်သူ၏သဏ္ဌာန်လေးကတော့ ဖွေရှာ၍မရအောင် ပျောက်ဆုံးသွားခဲ့လေပြီ။

လုံမေတို့ ဒီမြို့မှာရော ရှိသေးရဲ့လား။ တခြားတစ်နေရာကိုပဲ ထွက်သွားကြပြီလား။

သူကိုယ်တိုင်ကရော ဘာဖြစ်လို့ လုံမေရဲ့အိမ်လိပ်စာကို တိတိကျကျ မမေးလိုက်ရတာလဲ။

ချစ်ရသူလေးကို မြင်လိုက်ရသည်နှင့် စိုင်းရွှက်ခမ်း အသည်းနှလုံးတွေ ဆတ်ဆတ်ခါ နာကျင်ရသလို ရက်စက်ဆိုးရွားလွန်းသည့် ကံကြမ္မာနှင့် သူတို့ချစ်သူနှစ်ဦး၏ ကြုံတွေ့ရသည့် အဖြစ်ဆိုးများ





ကြောင့် သူကိုယ်တိုင် ဘာကိုမှ စဉ်းစားချင့်ချိန်နိုင်မှုတွေ ပျောက်ဆုံးခဲ့ရသည့် အဖြစ်... ။

လုံမေရယ်... ။

ကိုယ်တို့နှစ်ယောက်ရဲ့ အဖြစ်လောက်ဆိုးရွားတဲ့ အခြေအနေမျိုး ရှိဦးမှာလား အချစ်ရယ်။

အားလုံး ကိုယ့်ရဲ့အပြစ်တွေပါ။ အားလုံး ကိုယ့်ကြောင့် ဒီလိုအဖြစ်ဆိုးတွေ ဖြစ်လာခဲ့ရတာမို့ ကိုယ့်ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့တော့ အချစ်ဆုံးရယ်... ။

ဟာ... ။

ကိုယ် ခံစားပါရစေ ကိုယ် နာကျင်ပေါက်ကွဲပါရစေ ကလေးရယ်... ။

စိုင်းရွှက်ခမ်း လုံမေကို ရှာဖွေရင်း အရက်ဆိုင်မှာ ခေါင်းငိုက်စိုက်ကျသည့်အထိ သောက်ပစ်လိုက်ပါသည်။

ဆိုင်ပိုင်ရှင်က မကြာခင် လက်ထပ်တော့မည့် သတို့သားအဖြစ် သူ့ကို သိထားသလို ချယ်ရီ၏ မိတ်ဆွေလည်း ဖြစ်နေသဖြင့် စိုင်းရွှက်ခမ်းကို အိမ်အရောက် သူတို့ကိုယ်တိုင် ကားမောင်း၍ ပြန်ပို့ပါသည်။

"လုံမေ"

"လုံမေလားဟင်"

"မောင် သတိထားဦးလေ၊ ချယ်ရီပါ"

"မဟုတ်ဘူး၊ လုံမေပါ၊ မောင့်ကို မညာပါနဲ့ အချစ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ကို မောင် သိပ်လွမ်းနေတာ ချစ် ယုံ ဟားကွယ်"

အချစ်မူး အရက်မူးနေသူ၏ ရင်ခွင်မှာ ချယ်ရီ ဂစ်ကိုယ်လုံး လှုပ်မရအောင် တုပ်နှောင်ခံနေရပါသည်။

"ချစ်"

"မောင်"

"မောင့်ကို ချစ်တယ်နော်"

"သိပ်ချစ်ရပါတယ် မောင်ရယ်၊ မောင့်ကို ချယ်ရီ သိပ်ချစ်နေမိတာ မောင် သိစေချင်ပါတယ်ကွယ်"

"မောင်လဲ ချစ်ကို သိပ်ချစ်တယ်"

"ချစ်တယ်"

"မောင်"

"အိုကွယ်"

အတားအဆီးမရှိ ပြိုဆင်းကျလာသည့် အချစ်ရင်ခွင်ထဲမှာ အချစ်ပန်းတွေ အကြိမ်ကြိမ်ဖူးပွင့်သွားကြပါသည်။ မြွေတစ်ကောင်လို ညို့ငင်သူအောက်မှာ ချယ်ရီ အသည်းနှလုံးတွေ အရည်ပျော်စီးဆင်းသွားသည်။

ချယ်ရီ့ပါးပြင်ပေါ်က မျက်ရည်စလေးများက အဖြူရောင်ခေါင်းအုံးလေးပေါ် စီးကျသွားသည်။ ငိုရှိုက်သံတိုးတိုးလေးကို မောင်က စိတ်မဝင်စားပါ။ သူ့အလိုရှိရာကိုသာ အကြိမ်ကြိမ် ရှာဖွေယူနေပါသည်။

ချယ်ရီ့ကိုယ်တိုင်ကလည်း မောင့်ရဲ့ အလိုဆန္ဒများကို အဆုံး





အဆမရှိ ဖြည်းဆည်းပေးချင်သူမို့ မောင်ခေါ်ဆောင်ရာ ကမ္ဘာသစ်တစ်ခုမှာ အိပ်မက်တွေ အထူးအဆန်းမက်လျက် ရှိနေပါတော့သည်။

"ချစ်တယ် လုံမေရယ်"

"လုံမေ့ကို မောင် သိပ်ချစ်တယ်"

"ချယ်ရီလဲ မောင့်ကို ချစ်တယ်"

"သိပ်ချစ်တယ် မောင်ရယ်"

မတူညီသော အချစ်သံစဉ်လေးနှစ်ခု တိုးတိတ်စွာ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း နှစ်ဦးစလုံး သတိမထားမိသလို ရှိနေကြပါသည်။

ဘာကြောင့်များ မတူညီကြသည့်အဖြစ်ကို ဖွင့်အတင်း ညှိနှိုင်းဖို့ ကြိုးစားနေကြသည်' မသိပါ။

တစ်စုံတစ်ခု မှားယွင်းနေကြောင်း သိသိနှင့် ဘာကြောင့်များ မြတ်နိုးရူးမိုက်စွာ သိမ်းဆည်းရယူချင်နေပါသည်လဲ... ။

တိတ်ဆိတ်သောအခန်းလေးထဲမှာ အချစ်၏သံစဉ်များဖြင့် ပြည့်နှက်သွားသည်။ အပြင်မှာတော့ တိမ်ညိုတစ်အုပ်က လမင်း၏ ဝင်းပက်ပက်မျက်နှာကို ဖုံးအုပ်သွားလိုက်ကြပေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

ပစ္စည်းများအားလုံးကို ထုပ်ပိုးပြင်ဆင်ပြီးသောအခါ မာဆေး၏ ဓာတ်ပုံလေးကိုကြည့်ပြီး လုံမေ့ရင်ထဲမှာ လှိုက်ဖိုနာကျင်သွားသည်။

နေရစ်ခဲ့တော့ မာဆေးရယ်... ။

လုံမေတို့ မြေးအဘိုး ဒီကနေ ဟိုးအဝေးကြီးကို သွားကြရတော့မယ် သိလား။

အဘိုးကလေ မာဆေးမရှိဘဲ ဒီမှာလဲ မနေချင်တော့ဘူးတဲ့။

လုံမေတို့ မြေးအဘိုးကို နားလည်ပေးပါနော်။ ပါးပြင်ပေါ် စီးကျလာသည့် မျက်ရည်စလေးများကို လက်ခုံဖြင့် ပွတ်သုတ်ဖယ်ရှားရင်း မာဆေး ဓာတ်ပုံလေးကို လုံမေ အဝတ်သေတ္တာလေးထဲ ထည့်သိမ်းသော့ခတ်လိုက်သည်။

ပြီးတော့ သူမစားပွဲပေါ်မှာ အသင့်ရှိနေသည့် အဖြူရောင်ကတ်ပြားလေးကို ငုံ့ကြည့်လိုက်သည်။





ဦးစိုင် ရှက်ခမ်း... ။

ခြံအမှတ် (... ) လမ်းအမည် ဖုန်းနံပါတ်အပြည့်အစုံပါသည့် ကတ်ပြားလေးက မသိရင် ပိုက်ဆံရှိ သူဌေးကြီးတစ်ဦးရဲ့ လိပ်စာကတ်လေးဟု ထင်စရာပါ။

ဒါပေမဲ့ လုံမေရဲ့ ချစ်သူကတော့ သူဌေးတစ်ယောက်မဟုတ်ပါ။ သူဌေး၏ ခြံမှာနေပြီး သူဌေး၏ကားကို မောင်းနေရသော ကားဒရိုင်ဘာတစ်ယောက် မဟုတ်လား။

ကို့ရုပ်ရည်နှင့် မလိုက်ဖက်သော အလုပ်ဟု ဆိုရမည့် အနေအထားမို့ လုံမေ သူမချစ်သူကို ကျိတ်ပြီး အသနားပိုနေမိပြန်ပါသေးသည်။

အဘိုးကတော့ ကားဒရိုင်ဘာဆိုတာနှင့်ပင် ဘယ်သူဘယ်ဝါရယ်လို့ပင်မသိဘဲ အသည်းဆတ်ဆတ်ခါနာသည့်အထိ လုံမေ့ရုပ်ရည် အဆင့်အတန်းနှင့် ထိုသို့ဖြစ်ရပါ့မည်လားဟု ချက်ချင်းပြောင်းရွှေ့ခဲ့ပြီး ချစ်သူနှစ်ဦး ဝေးအောင် စီစဉ်ခဲ့သည်။

တကယ်လက်တွေ့မှာ ချစ်သူချင်း ဝေးမသွားဘဲ ပို၍နီးကပ်သွားသည့်အဖြစ်ကို အဘိုး မသိလိုက်ပါ။

ကိုရယ်... ။

ကို့ကို လုံမေ သိပ်သနားတယ်။

လုံမေ ကျောင်းပြီးလို့ လက်ထပ်ကြရင် အဘိုးသဘောမကျတဲ့ အလုပ်ကိုမလုပ်ဘဲ ကိုယ်ပိုင်စီးပွားရေးတစ်ခု ထူထောင်လုပ်ကြမယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို လုံမေနဲ့ ကိုကို အဘိုးက သဘောတူမှာပါ။

အခုတော့ မတတ်သာတဲ့အချိန်မှာ လုံမေတို့ ချစ်သူနှစ်ယောက် ခဏတော့ ဝေးနေကြရအောင်နော်။

အဘိုး အပြင်သွားနေတုန်း လုံမေ ချစ်သူရှိရာ ဖုန်းဆက်ဖို့ အိမ်တံခါးလေးကိုပိတ်ပြီး ထွက်ခဲ့သည်။ ပေးထားသည့် ဖုန်းနံပါတ်အတိုင်း ဖုန်းခေါ်ကြည့်သည်။ ကိုင်မည့်သူမရှိသဖြင့် သုံးကြိမ်မြောက် ခေါ်ပြီးနောက် လုံမေ ဖုန်းချလိုက်သည်။

လုံမေတို့မြေးအဘိုး ရန်ကုန်မြို့ကြီးကို အပြီးပြောင်းရွှေ့ကြတော့မည်ဆိုတော့ လုံမေ စိတ်ထဲမှာ ချစ်သူမျက်နှာကို နောက်ဆုံးအကြိမ်အဖြစ် တစ်ခါလောက် မြင်ချင် တွေ့ချင်စိတ် ဖြစ်ပေါ်လာသည့်အဆုံး ကားတစ်စီးကို ငှားကာ ပေးထားသည့် လိပ်စာအတိုင်း မောင်းခဲ့သည်။

ချစ်သူနှင့် တွေ့ဆုံခွင့်ရပါစေဟု တစ်လမ်းလုံး ကျိတ်ဆုတောင်းလာခဲ့သည်။

"ရောက်ပြီ ကလေးမ ဒီခြံပဲ"

"ဪ... ဟုတ်ကဲ့"

ကြီးကျယ်ခမ်းနားသော တိုက်ကြီးနှင့် သစ်ပင်ပန်းပင်များဖြင့် စိမ်းစိုအေးမြနေသည့် ခြံကြီးကိုကြည့်ကာ လုံမေ တွေတွေဝေဝေလေး ဖြစ်သွားသည်။

ကိုပေးထားသည့် လိပ်စာအတိုင်း လုံမေ ချစ်သူနေထိုင်ရာအထိ လိုက်လာခဲ့မိသည်။

ဘယ်လိုနေရာမှာများ လုံမေရဲ့ ချစ်သူရှိနေမိ[illegible]ပဲဆို





လုံမေ မတွေးတတ်ပါ။

ပြီးတော့ ခြံဝန်းကျယ်ကြီးထဲမှာ ကားအကောင်းစားဖွေမရာ လူတွေပါ အလုပ်ရှုပ်နေကြသည်။

"အိမ်ထဲမှာ ညစာစားပွဲတစ်ခုခု ရှိမယ်ထင်တယ်နော် ဦးလေး"

"ဪ... ငါတူမ မသိဘူးထင်တယ်၊ ဒီနေ့က ခြံပိုင်ရှင် သူဌေးမင်္ဂလာဆောင်တဲ့နေ့လေ၊ သူတို့မင်္ဂလာညစာစားပွဲကို လာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးရှင့်၊ ဒီခြံထဲမှာ အလုပ်လုပ်နေတဲ့ သူငယ်ချင်း တစ်ယောက်ဆီ လာတာပါ"

"မင်္ဂလာပွဲကလဲ ရှိနေတယ်ဆိုတော့ သူလဲ အားမှာမဟုတ်ဘူးထင်တယ်၊ ကျွန်မတို့ ဒီနေရာကပဲ ပြန်ကြရအောင်"

"ဒါဆို ဦးလေး ကား ပြန်ကွေ့လိုက်မယ်နော်"

"ဟုတ်ကဲ့"

"ဟာ... အချိန်မမီတော့ဘူးဟေ့၊ ဟိုမှာ မင်္ဂလာကားတန်းကြီး ထွက်လာပြီ"

မှန်ပါသည်... ။

ခြံဝန်းကျယ်ကြီးအတွင်းမှ မင်္ဂလာကားတန်းကြီး ထွက်လာပြီဖြစ်သဖြင့် လုံမေတို့ ကားလေးကို နောက်ဆုတ်ရပ်တန့်ပြီး ကားတန်းကြီးကို ငေးကြည့်နေမိသည်။

အထူးသဖြင့် အဖြူရောင် ကားလှလှလေးမှာ လိုက်ပါလာသည့် မင်္ဂလာကားအောင်နံ့ကို ပို၍စိတ်ဝင်စားမိခြင်းကြောင့် လုံမေ သေသေချာချာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိရာ... ။

"အို... "

ကမ္ဘာမြေကြီးတစ်ခုလုံး ချာချာလည်သွားပြီဟု ထင်လိုက်ရသည့်အထိ အံ့သြထိတ်လန့်ခြင်း မယုံကြည်နိုင်ခြင်း ရှက်ရွံ့နာကြည်းခြင်း ဝမ်းနည်းထိခိုက်ရခြင်း အစုစုတို့ တစ်ပေါင်းတည်းတစ်ပြိုင်တည်း ခံစားစေလိုက်ရသည့် အဖြစ်က ကားထဲရှိ မင်္ဂလာမောင်နှံအဖြစ် အတူရှိနေသည့် သတို့သားမှာ တခြားသူမဟုတ်ဘဲ လုံမေ၏ အသက်မက ချစ်မြတ်နိုးရသူ ဦးစိုင်းရွှက်ခမ်းကိုယ်တိုင် ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

စိုင်းရွှက်ခမ်းကလည်း ဘာရယ်မဟုတ်။ အမှတ်မထင် လုံမေရှိရာ ကားဘက်သို့ မျက်နှာအလှည့်... ။

"ဟင်... "

"လုံမေ့"

တိုက်တိုက်ဆိုင်ဆိုင် နှစ်ယောက်စလုံး အကြည့်ခြင်း ဆုံစည်းသွားကြပြီးနောက် ရီဝေကြေကွဲဆွေးမြည့်သွားသည့် လုံမေ၏ မျက်ဝန်းအကြည့်လေးများကြောင့် စိုင်းရွှက်ခမ်း အသည်းနှလုံးတွေ မခံမရပ်နိုင်အောင် နာကျင်ကြေကွဲသွားရသလို မျက်နှာချောချောကလည်း ထိန်းမရအောင် ညှိုပုပ်မည်းပျက်သွားပါသည်။

"ကားကိုရပ်ပါ"

"ဘာဖြစ်လို့လဲ မောင်၊ မင်္ဂလာအချိန် နီးနေပြီလေ၊ ဟိုမှာ ဒယ်ဒီတို့ စောင့်နေကြလိမ့်မယ်"





အရူးတစ်ယောက်လို သူ ပြောလိုက်သည့်စကားကို ချယ်ရီ၏ စကားသံက လွှမ်းမိုးအနိုင်ယူသွားပါသည်။

သူ ဘာမှမတတ်နိုင်တော့ပါ

ချယ်ရီ့ကို သူ အရှုံးပေးလိုက်ရပါပြီ။ လုံမေတို့ကားလေး သူ့မြင်ကွင်းထဲက ပျောက်သွားသည်။ ရင်ထဲမှာ နောက်ထပ် ဘာကိုမှ မခံစားစရာမကျန်အောင် ကြေကွဲဆွေးမြည့်သွားသော ချစ်သူ၏ မျက်နှာက သူ့အသည်းနှလုံးကို ဆွဲယူထားလိုက်ပြီဟု သိလိုက်သည်။

မျက်ဝန်းအစုံကို သူ မှိတ်ပစ်လိုက်သည်။

"ဘာဖြစ်တာလဲ မောင်၊ နေမကောင်းဘူးလားဟင်၊ ဟုတ်လား"

"အင်း"

"ရုတ်တရက်ကြီး ခေါင်းသိမ်ကိုက်လာလို့ပါ၊ ဘာမှမဖြစ်ပါဘူး၊ ခဏနေရင် ကောင်းသွားမှာပါ"

"အို... ဘယ်ဖြစ်မှာလဲ၊ ဟိုရောက်တာနဲ့ ဆေးသောက်မှဖြစ်မှာပေါ့၊ မောင့်အတွက် ဆေးအဆင်သင့်လုပ်ထားဖို့ ဒယ်ဒီဆီကို ဖုန်းကြိုဆက်ထားလိုက်မယ်"

ချယ်ရီတစ်ယောက် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေတာကို သူ ဘာတစ်ခုမျှ ဝင်မပြောနိုင်တော့ပါ။

သူ့အသိ သူ့အတွေး အာရုံထဲမှာ လုံမေမျက်နှာလှလှလေး အပေါ်က ပြောင်းလွဲသွားသော ခံစားချက်အမျိုးမျိုးနှင့် အဆုံးမှာ သွေးစုပ်ထုတ်ခံရသလို ဖြူဖျော့သွားသည့် မျက်နှာလေး။



www.burmeseclassic.com

www.burmeseclassic.com



လုံမေ… လုံမေ… ။

မောင့်ရဲ့ ချစ်ရသူလေးရယ်။

မောင့်ကြောင့် မင်းလေး ဘယ်လောက်များ ခံစားသွားရရှာလိမ့်မလဲ။

မောင့်ကို ခွင့်မလွှတ်ပါနဲ့… ။

မောင့်ကို ဘယ်တော့ခွင့်မလွှတ်လိုက်ပါနဲ့ အချစ်ရယ်… ။

အိပ်ရာထက်မှာ အဝတ်စတစ်ခုလို ဖြူဖျော့စွာ ခွေလဲလျက်သူမရင်ထဲက ခံစားတတ်သော အသည်းနှလုံးတစ်ခုလုံး ဆွဲထုတ်သွားသလို ခံစားလိုက်ရပြီးနောက် လုံမေ့အသွင်က ပကတိ တည်ငြိမ်အေးစက်သွားသည်။

ထိုအေးစက်ပုံများက ကြောက်စရာကောင်းသလို ကြေကွဲစိတ်ထိခိုက်စရာလည်း ဖြစ်ပါသည်။ လေ့အဝေ့မှာ လုံမေ နားက သတင်းစားမှာ ထဖျပ်ဖျပ် ရိုက်ခတ်သွားသည်။

လက်ထက်မင်္ဂလာ ကျေးဇူးတင်လွှာဆိုသည့် ခေါင်းစည်းမည်းမည်းအောက်မှာ သတို့သားနှင့် သတို့သမီးတို့ ရုံးတက်လက်ထပ်ကြသည့် နေ့စွဲမင်္ဂလာဧည့်ခံပွဲ ကျင်းပသည့်ရက်နှင့် နေရာတို့ကို အနီရောင်မှင်များ စွန်းပေလျက်ရှိသည်။

တကယ်တော့ လုံမေ အလိမ်အညာခံလိုက်ရခြင်း ဖြစ်သည်။ ဆယ်ကျော်သက်အရွယ် နုနုငယ်ငယ် နှလုံးသားလေးကို ပိပိရိရိ အလိမ်အညာ ခံလိုက်ရပြီးနောက် ရက်စက်မှုအပေါင်းကို သရဖူဆောင်းလျက် လှလှပပကြီး အစိတ်စိတ်အမွှာမွှာဖြစ်သွားအောင်





အခွဲလိုက်ရခြင်း ဖြစ်သည်။

လုံမေတွင် ငိုစရာမျက်ရည်လက်ကျန်မရှိတော့ပေ။ အဆုံးစွန်းသော စိတ်ခံစားချက်ကြားမှာ လူက ထုံပေပေကြီး ဖြစ်သွားကာ သတိတရားတို့ ခန္ဓာကိုယ်က ထွက်ပြေးသွားခဲ့တော့သည်။

လုံမေ သတိရလာသောအခါ မှုန်မှိုင်းသည့် မီးရောင်အောက်မှာ အဘိုး၏ ရှိုရင်းအသက်ထက်များစွာ အိုစာသွားသည့် မျက်နှာနှင့် ထိခိုက်ကြေကွဲနေသော ဝေသီမှိုင်းဝေနေသည့် မျက်ဝန်းအစုံနှင့် သုံမေ၏ မျှော်လင့်ချက်မဲ့နေသော မျက်ဝန်းတို့ ဆုံစည်းမိကြသည်။

"သတိရလာပြီနော် မြေးလေး"

"ဟုတ်ကဲ့"

"ဒီဆေးလေးသောက်ပြီးရင် အိပ်ပျော်အောင် အိပ်လိုက်နော်၊ တခြား ဘာမှမစဉ်းစားနဲ့၊ ဟုတ်လား"

"အဘိုး"

"ငါ့မြေးပြောမှာကို အဘိုးသိပါတယ်ကွယ်၊ အဖြစ်အပျက်တွေအားလုံးကိုလဲ အဘိုး နားလည်တယ်"

"ငါ့မြေးကို အဘိုး အားလုံးခွင့်လွှတ်တယ်၊ လူဆိုတာမှားတဲ့သူ မရှိဘူး၊ ဖြစ်ပြီးသမျှကိုလဲ ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ ငါ့မြေးဘဝအတွက် သင်ခန်းစာလို့ မှတ်ပြီး ရှေ့ဆက်ရမယ့် ခရီးအတွက်သာ အကောင်းဆုံးဖြစ်အောင် ကြိုးစားပါကွယ်"

"အဘိုးရယ်"

နာကြည်းခြင်းမြစ်တစ်စင်း လုံမေ့ရင်ထဲမှာ လှိုက်လှဲစီးဆင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းစီးဆင်းသွားသည်။

စိုင်းရွက်ခမ်းဆိုသည့် လူလိမ်လူညာတစ်ယောက်အတွက် အမုန်းက ကမ္ဘာမကြေ အမုန်းဖြစ်သည် မချစ်ဘဲနှင့် ချစ်ဟန်ဆောင် ခဲ့သူ။ သိန်းပေါင်းမြောက်မြားစွာ ချမ်းသာပါလျက် သူ့ကိုယ်သူ သူဌေး၏ကားဒရိုင်ဘာပါဟု ဆိုခဲ့သည်။

အဆိုးရွားဆုံးပြစ်မှုက သူ့မှာ သက်တူရွယ်တူ ဂုဏ်ရည်တူ ချစ်သူရည်းစား လက်ထပ်ရမည်သူ ရှိနေခဲ့ပါလျက် လုံမေ ဖြူစင်နုနယ်သော အသည်းနှလုံးကိုမှ ရွေးချယ်ရက်စက်ခဲ့သူ။

ခဏ္ဍခဏလေး တွေ့ဆုံမိသည့် အခိုက်အတန့်လေးမှာတော့ သူက လုံမေ့ကို ချစ်သလိုလို ခံစားသလိုလို သရုပ်ဆောင် ကြေကွဲ ပြသည်။

သူမှာ တရားဝင်လက်ထပ်ထားပြီးသား မိန်းမရှိနေပါလျက်နှင့် ဘာကြောင့်များ လုံမေ့ကို ခံစားကြေကွဲစေရပါသလဲ။

ဘာအတွက် သူ့ရှိရာကို လာဖို့ လုံမေကို ဖိတ်ခေါ်ရတာလဲ ဘာကြောင့်များ အဖြစ်မှန်တွေကို ဖုန်းကွယ်ပြီး သူ့ကို ဆက်သွယ် ခိုင်းရတာပါလဲ။

အဖြေကတော့ တစ်ခုတည်းရှိပါသည်။ ဖြူစင်သည့် လုံမေ ဘဝလေးကို အဆုံးစွန်ထိ ဖျက်ဆီးနင်းချေလို၍ဆိုတာ ဘာယ်လို ငြင်းကွယ်၍မရသော အဖြေပါ။

မုန်းတယ်... ။

သိပ်မုန်းတယ်။





လုံမေ ကမ္ဘာပေါ်မှာ အမုန်းဆုံးယောကျ်ားဟာ ဦးစိုင်းရွက်ခမ်း ဆိုတဲ့ လူပဲ။

နောင်ဘဝဆိုတာ ရှိခဲ့မယ်ဆိုရင်တောင် လုံမေ့အပေါ်မှာ ရက်စက်ယုတ်မာရက်သော ထိုယောကျ်ားနဲ့ ဘယ်သောအခါမှ မဆုံစည်းပါရစေဟု ဘုရားမှာ တိုင်တည်ဆုတောင်းခဲ့မိသည့်အထိ လုံမေရင်ထဲကအမုန်းက ကမ္ဘာမကြေနိုင်သော ဂန္ထဝင်အမုန်းဖြစ်ခဲ့ပါ ရတော့သတည်း... ။

* * *

www.burmeseclassic.com



# အခန်း (၁၃)

"လုံမေရေ ပြီးပြီလားဟေ့"

"လာပြီ မမစမ်း၊ ခဏလေးစောင့်ပါနော်"

"ဖြည်းဖြည်းလဲ လုပ်ဦးနော်၊ ဟိုတစ်ခါကလို ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ လမ်းကျမှ ပြန်ယူနေရဦးမယ်"

မမစမ်း၏ စကားကြောင့် လုံမေ ပြုံးလိုက်ပါသည်။ ပြီးတော့ ဆွဲခြင်းထဲက ပစ္စည်းတွေကို စုံမစုံ စစ်ဆေးလိုက်ပြီးမှ အခန်းတံခါးကို သော့ခတ်လိုက်သည်။

ပြီးတော့ ခြင်းကလေးဆွဲကာ မမစမ်းရှိရာသို့ လျှောက်ခဲ့လိုက်ပါသည်။

"ဟော့ဒီမှာ မမစမ်းအတွက်"

"ဟယ် . . . "

"ကုံကော်ပန်းတွေပါလား၊ ဘယ်ကရတာလဲ"





"ဝယ်တာပေါ့ မမစမ်းရဲ့၊ ဘယ်ကရပါ့မလဲ"

"မသိနိုင်ဘူးလေ၊ လုံမေ့နားမှာ ဝိုင်းဝိုင်းလည်နေတဲ့ ကိုကို၊ မောင်မောင်တွေကများ ပန်းတော်ဆက်တာလားလို့ပေါ့"

မမစမ်းက သူမဆံထုံးအက်အက်ကြီးမှာ ပန်းများကို လုပစ္စာ ပန်ဆင်ရင်း ဆိုလိုက်သဖြင့် လုံမေ ပြုံးလိုက်ပါသည်။

"စိတ်ချပါ၊ လုံမေအတွက် ဘယ်တော့မှ ပန်းတော်သက် ဆိုတာ ရှိမလာစေရပါဘူး"

"လာ သွားကြမယ် မမစမ်း"

လုံမေ ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောလိုက်သည့်စကား၌ မမစမ်းက•သဘောမကျသလိုလေး တစ်ချက်ပြန်ကြည့်ပြီး လုံမေနှင့် အတူ ပါလာပါသည်။

"လုံမေတို့ကတော့ အပြောနဲ့လက်တွေ့လဲ ညီနေတာပဲနော်၊ လုံမေ့ကို ရုပ်ကလေးလို မှုန်နေအောင် ချောသလောက် အသည်းမာ လိမ့်မယ်လို့ မမစမ်းဖြင့် ထင်တောင်မထင်မိဘူး"

"ဒီလိုပဲပေါ့ မမစမ်း၊ လောကမှာ လုံမေ့လို မိန်းကလေး တွေလဲ အများကြီးရှိနေဦးမှာပါ"

"မမစမ်းတော့ မထင်ပါဘူးကွယ်၊ လုံမေလောက် အချစ်ရေး ကိစ္စမှာ တင်းမာပြတ်သားတဲ့ မိန်းကလေးမျိုး တစ်ခါမှ မကြုံဖူးပါဘူး"

"ဒါကတော့ ဒီတစ်သက် လုံမေ အိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်ထားလို့ပါ"

မမစမ်းက လုံမေ့မျက်နှာ လှလှလေးကို အံ့သြစိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နှမြောတသစွာ ငေးကြည့်နေပါသည်။

"မဟုတ်တာကွယ်၊ ကိုယ်က မိန်းကလေးပဲ၊ ပြီးတော့ အသက် ငယ်ငယ်ရွယ်ရွယ်လှလှပပနဲ့ ဘဝအတွက် အားကိုးစရာ လက်တွဲဖော်ဆိုတာ မားမားမတ်မတ်တော့ ရှိသင့်တာပေါ့"

"အခုလဲ လုံမေက ကိုယ့်အားကိုယ်ကိုး နေနိုင်သားပဲ မမစမ်းရဲ့၊ တခြားဘယ်သူ့ကိုများ အားကိုးနေရဦးမှာလဲ"

"လုံမေနဲ့တော့ ခက်ပါသေးတယ်ကွယ်"

"ဘာမှမခက်ပါဘူး မမစမ်းရဲ့၊ ဟော့ဟိုမှာ မမစမ်း အမျိုးသား ကြာဖော်လာနေပြီ"

"လုံမေ သွားတော့မယ်နော်"

မမစမ်းကို နှုတ်ဆက်ပြီး လုံမေ စာသင်ရမည့် အခန်းရှိရာဘက်သို့ လျှောက်ခဲ့သည်။ မနေ့က အပြီးမသတ်ရသေးသော အဖြေလွှာများကို ကျောင်းချိန်အမီ ရေးခြစ်နေမိသည်။

လုံမေတွင် တိုးတိုးဖော် တိုင်ပင်ဖက် မည်သူမှမရှိပါ။ ကိုယ်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကို လျှောက်နေရသည့် ဘဝမှာ နာကြည်းမုန်းတီးခြင်း ခံစားကြေကွဲခဲ့ရသမျှတွေကို အားမာန်အဖြစ် အသုံးပြုကာ ဘဝကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့၍ ဆရာမ ဒေါ်လုံမေဖြစ်လာချိန်မှာ လုံမေ့အတွက် တစ်ခုတည်းသော အားကိုးရာ အဘိုးက လုံမေ့ကို တစ်ယောက်တည်း လူ့လောကအလယ်မှာ စိတ်ချစွာ ထားရစ်ခဲ့ပြီ ဖြစ်ပါသည်။

အဘိုး စိတ်ချယုံကြည်အောင်လည်း လုံမေ့ဘဝမှာ အခုချိန်





ထိ မည်သည့် ယောကျ်ားတစ်ဦးတစ်ယောက်နှင့်မှ မပတ်သက်ခဲ့သလို သူငယ်ချင်း မိတ်ဆွေအနေနှင့်ပါ ပေါင်းသင်းခြင်း လုံးဝမပြုဘဲ ကင်းပြတ်စွာ နေထိုင်ခဲ့သူ ဖြစ်ပါသည်။

ထို့အပြင် လုံမေ့ထံမှ ချစ်မေတ္တာကို တောင်းခံလာသူတိုင်းက တည်ကြည်ပြတ်သားစွာ အလိမ္မာနည်းသုံး၍ ငြင်းပယ်ခဲ့ခြင်းကြောင့် လှသော၊ ချောသော ငေ့ုမေကို မာနကြီးသူဟု အများက ဝိုင်းဝန်း သတ်မှတ်ခံခဲ့ရသည့်အထိ ဖြစ်လာခဲ့သည့်တိုင် လုံမေ မမှုပါ။

သူတို့အလိုရှိရာ သူတို့ဆန္ဒမပြည့်သဖြင့် အပြောခံရခြင်းမို့ ထိုဝေဖန်စကားအပေါ်မှာ လုံမေ မည်သို့မျှ မတုံ့ပြန်ဘဲ ကျေနပ်စွာ ပြုံးနေလိုက်ပါသည်။

ကိုယ်ဝမ်းနာကိုယ်သာ သိသည်မဟုတ်လား။ ချစ်မှုရေးရာကိစ္စ မည်သည့် သူစိမ်းယောကျ်ားနှင့်မှ အလုပ်ကိစ္စမှတပါး ခင်မင်ရင်းနှီး မရှိအောင် ဘာတစ်ခုမှ မပတ်သက်ဘဲ ကိုယ်နေတတ်သလို နေသည်မှလွဲ၍ လုံမေဆိုတာ ကျောင်းသားများအပေါ်မှာ ချစ်ခင်ကြင်နာတတ်သူ၊ မိန်းမသားချင်း ကူညီရိုင်းပင်းတတ်သူ ဖြစ်ပါသည်။

အိမ်နီးနားချင်းလည်းဖြစ်၊ တစ်ကျောင်းတည်းမှာ အတူတာဝန်ကျနေသူခြင်းလည်း ဖြစ်သော ဆရာမ ဒေါ်စန်းစန်းအပေါ်မှာတော့ အစ်မတစ်ယောက်လို ခင်မင်မိပါသော်လည်း မမစန်းခင်ပွန်း ဆရာဖော်နှင့်တော့ မေးထူးခေါ်ပြော အဆင့်မှလွဲ၍ ခပ်တန်းတန်းနေခဲ့သူ ဖြစ်ပါသည်။

လုံမေကိုယ်တိုင်ကလည်း ဒီကျောင်းလေးကို ပြောင်းလာကတ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာသေးပါ။ မမစန်းတို့ ဇနီးမောင်နှံက လုံမေ အလျှင်တစ်နှစ်ကြို စောပြီး ရောက်ခဲ့ကြသူများပီပီ သူတို့ဇာတိမြို့ကလေးကို လင်မယား နှစ်ယောက်စလုံး ပြောင်းရွှေ့ရန် စာတင်ထားသည်မှာ ကြာပြီဟု သိရပါသည်။

ပြောင်းရွှေ့ရမည့် ကိစ္စကလည်း သေချာသလောက် ဖြစ်နေပြီ မို့ စာမရောက်သေးသည်မှလွဲ၍ ယှင်သိမ်းဆည်းစရာ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်နေကြပါပြီ။

စာရောက်သည်နှင့် သူတို့ငှားနေသည့် အိမ်ကို ပြန်အပ်ကာ ဇာတိမြို့ကလေးကို အသင့်ထွက်သွားရုံ ဖြစ်ပါသည်။

လုံမေ ငှားနေသည့် အိမ်နှင့် အိမ်ချင်းကပ်လျက်မို့ အားကိုး အားထားပြုမိသလို ညရေးညတာ အဖော်အဖြစ် စိတ်ချခဲ့သည်။

မမစန်းကတော့ လုံမေကို အချိန်ရှိသရွေ့ ငယ်ရွယ်လှပသော မိန်းကလေးတစ်ယောက်တည်း ကြာရှည်စွာ တစ်ယောက်တည်းနေ၍ မသင့်တော်ကြောင်း တဖွဖွပြောဆိုသတိပေးသလို ကိုယ်နှင့်သင့်တော် မည့် အိမ်ထောင်ဖက်တွေက အိမ်ထောင်ပြုရန် စဉ်းစားသင့်ကြောင်း လည်း မကြာခဏ တိုက်တွန်းပြောဆိုတတ်သူ ဖြစ်သည်။

သို့ပါသော်လည်း တစ်ခါသောဘူး ပျဉ်းဖိုးနာလည်ဟု ဆိုရမည် လား၊ ခဲမှန်ဖူးတဲ့ စာသူငယ်နှင့်ပဲ နှိုင်းရှိုင်း လုံမေကတော့ တစ်ခါ ချစ်ခဲ့ဖူးရုံနှင့် ဘဝမှာ နာလန်မထူနိုင်အောင် ဖြစ်ခဲ့ရပြီးပြီမို့ မည်သူ့ အချစ်ကို လက်ခံစဉ်းစားပေးခဲ့ခြင်း မပြုခဲ့သလို သူမ၏ ဆုံးဖြတ် ချက်အတိုင်း တစ်သက်လုံး အိမ်ထောင်မပြုတော့ဟု ဆုံးဖြတ်ထားခဲ့





ပြီး ဖြစ်ပါသည်။

သူမဘဝကို သူမ ဝါသနာပါသည့်အလုပ်မှာ စိတ်ရောကိုယ်ပါ မြှုပ်နှံထားခဲ့ပြီးပါပြီ။

"လုံမေရေ"

"ရှင်... မမစန်း"

"ဒီမှာလေ၊ မမစန်းတို့အတွက် ပြောင်းရွှေ့မိန့် ကျလာပြီကွယ်၊ ဝမ်းသာလိုက်တာ"

အညိုရောင်ရုံးသုံးစာအိတ်လေးကို ထိုးပေးနေသဖြင့် လုံမေ လှမ်းယူဖွင့်ဖတ်လိုက်ရပါသည်။ ပြုံးပျော်ကြည်နူးနေသည့် မမစန်း၏ ပုံစံက အလိုရှိရာကို ရသော ကလေးတစ်ယောက်နှယ်... ။

"မမစမ်းတို့အတွက်ကတော့ ဝမ်းသာစရာပေါ့လေ၊ လုံမေ့ အတွက်ကတော့ မမစမ်းတို့ ပြောင်းသွားမယ့်သတင်းက ဝမ်းနည်းစရာ စိတ်မကောင်းစရာပေါ့"

"အေးဟယ်၊ မမစမ်းတို့မရှိရင် လုံမေတစ်ယောက်တည်း ဖြစ်ပါ့မလား၊ အဲ့ဒါ တစ်ခုတော့ မမစိမ်း သိပ်စိတ်ပူတာပဲကွယ်...

"ဒါကြောင့် လုံမေ့ကို အားကိုးဖော်တိုင်ပင်ဖက် တစ်ယောက် ယောက်တော့ ရှာသင့်ပြီလို့ ပြောတာပေါ့ကွယ်"

နောက်ဆုံး ဒီဘူတာပဲ ဆိုက်တာမို့ လုံမေ ပြုံးလိုက်ပါသည်။

"လုံမေ့အတွက်တော့ စိတ်ချပါ။ အသက်ကြီးကြီး အဒေါ်ကြီး တစ်ယောက်ဖြစ်ဖြစ် အဖော်ရှာပြီး ခေါ်ထားလိုက်ပါမယ်"

"အဲ့ဒါလဲ တစ်မျိုးတော့ ကောင်းပါရဲ့ကွယ်၊ ဒါပေမဲ့ ကိုယ့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



မျိုးသားချင်းတဲ့က မဟုတ်တော့ စိတ်ချလို့ ရပါ့မလား၊ တော်ကြာ ပြဿနာရှုပ်လာမှ ခက်မယ်"

"အစန်းရေ"

"ခဏနော်၊ လုံမေ"

မမစန်း သူ့ခင်ပွန်းသည်ရှိရာ ထွက်သွားပြီး နှစ်ယောက်သား တိုးတိုးနှင့် ဘာတွေပြောဆိုနေကြသည် မသိပါ။ ခဏနေတော့ လုံမေ့ကို နှုတ်ဆက်ပြီး ကျောင်းမှ နေ့ဝက်ခွင့်တင်၍ အိမ်ပြန်သွားကြပါသည်။

တွေ့ဆုံကြေကွဲ ဘယ်ဟာမှ မမြဲသော သဘောတရားတွေချည်း ပါပဲလားဟု နှလုံးသွင်းရင်း မမစန်းတို့ ပြောင်းရွှေ့သွားတော့မှာပါလား ဆိုသည့်အသိကြောင့် လုံမေ တွေတွေဝေဝေလေး ငြိမ်သက်နေမိပါသည်။

ကျောင်းဆင်းခါနီးမှ မိုးက သဲသဲမဲမဲ ရွာလာသဖြင့် ညိုမှောင်နေသော မိုးကောင်းကင်ကြီးကို လုံမေ ငေးမောကြည့်နေမိသည်။

လုံမေ့ဘဝက ချောမောလှပလွန်းသော ရုပ်ရည်နှင့် မလိုက်ဖက်အောင် အထီးကျန် ခြောက်သွေ့လှပါသည်။ လုံမေ့ဘဝမှာ ပျော်ရွှင်ခြင်းဆိုတာ ရှာဖွေလို့မရအောင် ပျောက်ဆုံးသွားခဲ့သည်မှာ ကြာခဲ့ပါပြီ။

ပျော်ရွှင်ကြည်နူးခြင်းတွေကိုယ်စား လုံမေ့ဘဝထဲကို ဝင်ရောက်လာခဲ့သည့် အရာတွေ မုန်းတီးခြင်း၊ နာကြည်းခြင်း၊ ဝမ်းနည်းကြေကွဲ ထိခိုက်ရခြင်းများသာ ဖြစ်ပါသည်။





ကျောင်းသားအားလုံး ကုန်သလောက်နီးပါး ဖြစ်သွားမှ လုံမေ တစ်ယောက်တည်း ကျောင်းဝင်းထဲက ထွက်ခဲ့ပါသည်။

တဖွဲဖွဲရွာနေသော မိုးရေစက်များကြားမှာ ထီးကို ခပ်ငိုက်ငိုက် ဆောင်းရင်း ခပ်ဖြည်းဖြည်း လျှောက်လာနေစဉ်မှာပင်"

"ဝုန်း"

"ဖွမ်း"

"အို..."

အဖြူရောင်ကားလေးတစ်စီး လုံမေအနား ကပ်၍ ဖြတ်အသွားမှာ မမျှော်လင့်ဘဲ လမ်းပေါ်ရှိ ရေအပြည့်ရှိနေသော ချိုင့်တစ်ခုကို ဖြတ်မောင်းမိသဖြင့် လုံမေ့တစ်ကိုယ်လုံးကို ညစ်ပေသော ဗွက်ရေများဖြင့် ကျုံးပက်လိုက်သလို တခဏအတွင်းမှာပင် ရွှဲရွှဲစိုသွားရပါသည်။

"ကျွီ"

အဖြူရောင်ကားပိုင်ရှင် ဒေါက်တာ စိုင်းခမ်းညီမှာ သူ့ကြောင့် ဖြစ်ပျက်သွားရသည့် မြင်ကွင်းကို အစအဆုံး တွေ့မြင် လိုက်ရခြင်း ကြောင့် အားနာမျက်နှာပူစွာ ကားကို ချက်ချင်းရပ်ပစ်လိုက်ပြီး ကားပေါ်မှ ကမန်းကတန်းဆင်းကာ ဆရာမရှိရာသို့ လျှောက်လာခဲ့ လိုက်ပါသည်။

"ဆောရီးပါ ဆရာမက၊ ကျွန်တော် အများကြီး တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ကြောင့် ဆရာမ အခုလို ဖြစ်သွားရတာ ကျွန်တော် သိပ်အားနာလွန်းလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကို အနူးညွတ်တောင်းပန်ပါတယ်၊ ဒီအဝတ်ပေတွေနဲ့ဆိုတော့ ဆရာမ ဒီအတိုင်း ဆက်သွားလို့ မသင့်တော်ပါဘူး၊ ဆရာမ အိမ်အရောက် ကျွန်တော် လိုက်ပို့ပေးပါရစေ"

"ခွင့်ပြုပါနော်"

အားနာရလွန်း၍ မျက်နှာပူပူနှင့် မနာတမ်း တောင်းပန်စကားဆိုရင်း သူ ရှေ့တည့်တည့်မှ ဆရာမလေးကို သေချာကြည့်မိသူက ဒေါက်တာစိုင်းခမ်းညီ ဖြစ်ပါသည်။

ချောမောလှပလွန်းသည့် မျက်နှာလေးက ညနေခင်းမှာ လမင်းသာနေသလို ရွှန်းရွှန်းမြမြနှင့် မြင်ရသူရင်ကို အေးမြငြိမ်းချမ်းစေသော အလှပိုင်ရှင်လေးမှန်း သိလိုက်ရသလို တစ်ခါမြင်တွေ့ဖူးရုံနှင့် တစ်သက်မမေ့ချင်စရာ အလှပိုင်ရှင်မှန်း နားလည်လိုက်ပါသည်။

"မတော်တဆ ဖြစ်ကြရတာပဲ၊ ကျွန်မ နားလည်ပါတယ်ရှင်၊ ကျွန်မကိုလဲ လိုက်ပို့ပေးစရာ မလိုပါဘူး... "

"ရှင်သွားစရာရှိတဲ့နေရာကိုသာ သွားပါ၊ ကျွန်မကို ခွင့်ပြုပါဦး"

အေးချမ်းတည်ကြည်သော မျက်နှာ... ။

နှုတ်ခမ်းသိမ်မွေ့၍ ကြည်လင်ပြတ်သားသော စကားသံအဆုံးမှာ ဆရာမလေးက သူ့ကို တစ်ချက်လှည့်မကြည့်ဘဲ ထီးလေးကို ခပ်ဓိုက်ဓိုက်ဆောင်းကာ ခပ်ဖွဲဖွဲကျနေသော မိုးရေစက်များအကြား ဣန္ဒြေရရလေး တိုးဝင်လျှောက်လှမ်းသွားပြီ ဖြစ်ပါသည်။

ငါးပေနှစ်လက်မခန့် အရပ်အမောင်းနှင့်အညီ သေးကျဉ်သော





ခါး၊ ပြည့်တင်းလှပ၍ အချိုးအစားကျနသော ခန္ဓာကိုယ်နောက်ပိုင်းအလှကို ကြည့်ရေးရင်း ဒေါက်တာညီညီတစ်ယောက်တည်း လမ်းပေါ်မှာ ကျန်ရစ်ခဲ့ပါသည်။

သူမနေရာမှာ တခြားသူတစ်ယောက်သာဆိုရင် အခုလိုအခြေအနေမျိုးနဲ့ သူ့ကို ရန်တွေ့စကားဆိုကြမည်/ မလွဲပါ။

အခုတော့ ထူးခြားစွာ လှပလွန်းသည့် ဆရာမလေးက သူ့ကို အပြစ်တင်စကား တစ်ခွန်းမျှ မဆိုသလို ရန်တွေ့ခြင်းလည်း မပြုဘဲ တည်ကြည်အေးချမ်းစွာ မိုးရေစက်များကြား ဝင်ရောက်သွားပုံကြောင့် ဒေါက်တာစိုင်းခမ်းညီရင်မှာ ဆရာမလှလှလေး၏ ပုံရိပ်က ထူးခြားစွာ စွဲငြိသွားခဲ့ရပါသည်။

စိုင်းခမ်းညီ ကားလေးက မိုးရေထဲမှာ တရိပ်ရိပ် ပြေးနေပါသည်။ သူ တာဝန်ကျရာ ပြန်သူ့ဆေးရုံကြီးကို ပြောင်းရွှေ့လာသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသဖြင့် အားလုံးမှာ သူ့အတွက် အစိမ်းသက်သက်မျှ ဖြစ်နေပါသေးသည်။

မြို့အထာကို လုံးဝမသိသေးသလို ရင်းနှီးကျွမ်းဝင်သော အသိမိတ်ဆွေလည်း မရှိသေးပါ။ သူနေထိုင်ရမည့်အိမ်ကိုပင် အခုမှ ရှာဖွေငှားရမ်း နေရသောကြောင့် သူငှားနေမည့် အိမ်လေးကိုကြည့်ပြီး အပြန်မှာ အခုလိုအဖြစ်နှင့် တွေ့ရခြင်း ဖြစ်ပါသည်။

အလှနတ်သမီးလေးရယ်... ။

မင်းလေးကို မြင်မြင်ချင်း မောင့်ရင်မှာ စွဲလမ်းမိပြီကွယ်...။

နောက်ရက်မှာ ဆရာမလှလှလေး ရှိရာသို့ သူ ရောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရပြန်ပါသည်။ ဒီတစ်ခါတော့ သူ့လက်ထဲမှာ သူမအတွက် ဝယ်လာသည့် အဖြူနှင့် အစိမ်းကျောင်းဝတ်စုံလေး ပါလာပါသည်။

သူ့ကြောင့် ဖြစ်ခဲ့ရသည့် အဖြစ်အပျက်အတွက် ဆရာမကို အားနာရလွန်းသောကြောင့် ထိုဝတ်စုံသစ်လေးကို ဆရာမအား ပေးရန် ဖြစ်ပါသည်။

ကျောင်းဆင်းချိန်ကို နာရီတကြည့်ကြည့်နှင့် သူစောင့်နေမိသည်။

ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ ကျောင်းသားတွေ ကျောင်းဝင်းအနှံ့ ဖွေးဖွေးလှုပ်သွားသည်။ သူ မြင်တွေ့လိုသူလေးက ပါမလာသေးပါ။

တခြားဆရာ ဆရာမတွေ ထွက်လာတာကို မြင်ရသည်။ သူမ ဘယ်ကိုရောက်နေသည်မသိပါ။ မနေ့က မိုးမိလို့ ဖျားပြီး ကျောင်းမတက်တာများလားဟု သူ တွေးနေမိစဉ်မှာပင် အဖြူရောင် အနွေးအင်္ကျီလေးနှင့် သိပ်လှသည့် သူမကို တွေ့မြင်လိုက်ရသဖြင့် စိုင်းခမ်းညီရင်တွေ တဒိတ်ဒိတ် ဆောင့်ခုန်သွားသည်။

သူထင်သည့်အတိုင်း သူမ ဖျားနေလျက်နှင့် ကျောင်းလာတက်နေသောကြောင့် သူ့မျက်ခုံးထူထူတွေက အလိုမကျသလို တွန့်ကွေးသွားသည်။

ဒီရာသီမျိုးက တုတ်ကွေး မကြာခဏ မိတတ်သည်။ ခြင်းလေးကို ဆွဲကာ ခပ်မှန်မှန်လျှောက်လာနေသည့် အသွင်လေးက တည်ငြိမ်လှပနေသော်လည်း အဖျားသွေးကြောင့် မျက်နှာလှလှလေး ပန်းနု





ရောင် သန်းနေပါသည်။

သူမပုံစံလေးက ပတ်ဝန်းကျင်ကိုလည်း သတိပြုမိပုံမရပါ။ ခပ်လှမ်းလှမ်းမှာ ရပ်ထားသည့် သူ့ကားကို သတိပြုမိဟန် မရှိသလို ကားနားတွင် မားမားကြီး ရပ်နေသည့် သူ့ကိုလည်း မြင်တွေ့ပုံမရပါ။

သူ ကားပေါ်တက်ပြီး သူမရှိရာသို့ ဘီးလိမ့်ရုံ မောင်းခဲ့ပြီး သူမဘေးမှာ ကားကို ညင်သာစွာ ထိုးရပ်လိုက်ပါသည်။

"ကျွဲ"

"ဆရာမ"

"ဟင်... ရှင်"

"ဟုတ်ပါတယ်၊ ကျွန်တော်ပါ"

မနေ့က သူ့ကားကြောင့် ရွှံ့ရေဇွေ စဉ်သွားသော လုံမေကို အာနာစကား အထပ်ထပ်ဆိုတာ ထောင်းပန်စကားဆိုခဲ့သည့် ကိုလူချောပါလား။

"ကျွန်တော့်နာမည် စိုင်းခမ်းညီပါ၊ ပြည့်သူ့ဆေးရုံကြီးကို တာဝန်နဲ့ ပြောင်းလာတာ ရက်ပိုင်းပဲရှိပါသေးတယ်"

"ဟုတ်ကဲ့"

ကျွန်မနာမည် လုံမေပါဟု ပြန်ပြောသင့်မှန်း သိပါလျက် လုံမေ ပြန်မပြောမိပါ။ ဒေါက်တာ စိုင်းခမ်းညီဆိုသူနှင့် ကျွမ်းဝင်ရင်းနှီးရမည့်အဖြစ်ကို မလိုချင်သောကြောင့် အတတ်နိုင်ဆုံး ရှောင်ဆိတ်နေခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မနေ့က ကျွန်တော့်ကြောင့် ဆရာမဝတ်စုံလေ၊ ရွှံ့ရေတွေ စဉ်သွားတာကို အားနာရလွန်းလို့ ဒီနေ့ပဲ ဆရာမအတွက် ဒီကျောင်းဝတ်စုံလေးကို ကျွန်တော်ကိုယ်တိုင် ဝယ်ပြီး ဆရာမကို လာပေးတာပါ ... "

"လက်ခံပေးပါနော် ဆရာမ"

"ဝမ်းနည်းပါတယ် ဒေါက်တာ၊ ကျွန်မ ဒေါက်တာ့ပစ္စည်းကို လက်မခံနိုင်ပါဘူး၊ ပြီးတော့ မနေ့ကဖြစ်ခဲ့တဲ့ ကိစ္စကို ကျွန်မ မေ့ပစ်လိုက်ပါပြီ"

"ကျွန်မကို ခွင့်ပြုပါ"

"ဆရာမ"

နောက်ပါးဆီမှ သူမကို လှမ်းခေါ်သံကို ကြားရသော်လည်း လုံးမေ လှည့်မကြည့်တော့ပါ။ ဒေါက်တာစိုင်းခမ်းညီ ဆိုသည့် ကိုလူချောကို ကျောခိုင်းပြီး သူ့ရှေ့က ဣန္ဒြေရစွာ ထွက်သွားလိုက်ပြီ ဖြစ်ပါသည်။

"ဟူး ... "

"နာမည်လေးတောင် သိခွင့်မပြုနိုင်အောင် တင်းမာပြတ်သားလှချည်လား ဆရာမရယ်"

လက်ထဲက အဖြူနှင့်အစိမ်း ကျောင်းဝတ် စုံအသစ်စက်စက်လေးကို ငုံ့ကြည့်ရင်း သူဆိုလိုက်ခြင်း ဖြစ်ပါသည်။

မာနကြီးလွန်းတာပဲလား။ ဒါမှမဟုတ် သူနှင့် မပတ်သက်ချင်လို့ပဲလား မသိရပေမဲ့ သူမအသွင်လေးကတော့ သိမ်မွေ့နူးညံ့ခြင်း





နှင့်အတူ တည်ကြည်ငြိမ်ချမ်းလှပါသည်။

ညီညီဆိုတာကလည်း သူဖြစ်ချင်တာကို ဖြစ်ရမှ ကျေနပ်သူ ဖြစ်သလို လိုချင်တာကိုလည်း ရအောင်ယူတတ်သူပီပီ သူ့လို လူတစ်ယောက်ကို အရေးမဝင်လိုဟန် စကားတစ်ခွန်းပင် အပိုမဆို လှပတည်ကြည်စွာ ကျောခိုင်းသွားသူလေးကို ရင်ထဲမှာ အခံရခက် မိသလိုလို၊ ဘာလိုလိုနှင့် ထိုပုံစံလေးကိုပင် အသည်းယားလှစွာ သူမနှင့် မရအရ ရင်းနှီးပတ်သက်မှု ရရှိရန် ဆုံးဖြတ်လိုက်ပါသည်။

ထို့ကြောင့် သူမ ဘယ်မှာနေသလဲဆိုတာ သိရအောင် သူ့ကားကို ဖြည်းဖြည်းခြင်း မောင်းပြီး သူမသွားရာနောက်ကို တိတ်တိတ်လေး နောက်ယောင်ခံလိုက်ရင်း ကိုယ့်အဖြစ်ကိုယ်လည်း ပြုံးလိုက်မိပါသေးသည်။

သူ့ဘဝမှာ ဘယ်မိန်းကလေးနောက်ကိုမှ အခုလို တိတ်တိတ်လိုက်ကြည့် ခြေရာခံတာမျိုး မလုပ်ခဲ့ဖူးပါ။

ချောမောခန့်ညားသော ရုပ်ရည်၊ ချမ်းသာကြွယ်ဝသော စည်းစိမ်နှင့် ဒေါက်တာစိုင်းခမ်းညီ ဆိုသည့် ပြည့်စုံနေသည့် အခြေအနေများကြောင့် ကိုလူပျို သူ့အပါးမှာ မဆွတ်ခင်က ညွတ်ချင်နေသူများစွာ ရှိသူ ဖြစ်ပါသည်။

ချစ်သူရည်းစားရယ်လို့ အတည်တကျ မရှိပေမဲ့ သူ့အပါးမှာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် မိန်းမလှလေးများစွာ ရှိပါသည်။

မည်သူ့ကို မြတ်နိုးစွဲလမ်းစွာ ချစ်မိတာမျိုး မရှိခဲ့ပေ။ သိပ်လှသည့် ဆရာမလေးနှင့် အတွေ့မှာတော့ သူ့အသည်းနှလုံးတွေ အရည်ပျော်ခဲ့ပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com



ချောမောလှပလွန်းသည့် ရုပ်သွင်လေးနှင့် လိုက်ဖက်စွာ နူးညံ့သိပ်မွေ့စွာ တည်ကြည်လွန်းသော သူ့အသွင်လေးကြောင့် သူ့ရင်မှာ ထူးခြားစွာ လှုပ်ခတ်သွားရသလို သူ့ကို ရှောင်ဖယ်ရန် ကြိုးစားနေသူလေးကြောင့် ဖွတ်တိုးပတ်သက်ချင်စရာ ဖြစ်ခဲ့ရပါသည်။

"ဟင်…"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် စိုင်းခမ်းညီရင်တွေ တသိမ့်သိမ့်လှုပ်ခတ်သွားသည်။ မနေ့က သူသွားကြည့်ခဲ့သည့် အိမ်၏ တစ်ဖက်ခြံကို သော့ဖွင့်ကာ ဝင်ရောက်ပျောက်ကွယ်သွားသည့် ပုံရိပ်လေးကြောင့် သူ့ ကျေနပ်နှစ်သိမ့်စွာ ပြုံးလိုက်ပါသည်။

"အဟွန်း… ဟွန်း… ဟွန်း"

တိုက်တိုက်ဆိုင်ဆိုင်ပါလား။

မနေ့ကတော့ ထိုအိမ်ကို သဘောမကျ၍ သူ သေချာပင် မကြည့်ခဲ့ဘဲ ချက်ချင်းလှည့်ပြန်ခဲ့မိပါသော်လည်း အခုတော့ ထိုအိမ်မှလွဲ၍ တခြားအိမ်ကို ပြောင်းရွှေ့နေပါဆိုလျှင်တောင် သူက ပြောင်းရွှေ့ပေးတော့မည် မဟုတ်ပါ။

ချက်ချင်းပင် အိမ်ရှင်ဆီ အရောက်သွားပြီး ထိုအိမ်ကို ငှားရမ်းလိုက်ပါသည်။

နောက်ရက် သူမကျောင်းသွားနေသည့် အချိန်မှာ ထိုအိမ်လေးကို တစ်ခါတည်း ပြောင်းရွှေ့နေလိုက်ပါတော့သည်။

* * *





# အခန်း (၁၄)

နောက်ပါးဆီမှ နီးကပ်စွာ ထွက်ပေါ်လာသော ကားဟွန်းသံကြောင့် လုံမေ လမ်းဘေးသို့ ပိုတိုး၍ လျှောက်လိုက်ပါသည်။

သို့တိုင်အောင် ကားက ကျော်တက်သွားခြင်းမရှိဘဲ လုံမေ အပါးမှာ နီးကပ်စွာ ရပ်တန့်လာခြင်းကြောင့် အံ့သြစိတ်ဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ကားမှပေါ်မှ ဆင်းလာသည့် ဒေါက်တာစိုင်းခမ်းညီ ဆိုသူကို တွေ့လိုက်ရသဖြင့် လုံမေ့မျက်နှာလှလှ သိသာစွာ အရောင်ပြောင်းသွားရပါသည်။

"ဆရာမ ကျောင်းသွားမှာမဟုတ်လား၊ ကျွန်တော့်လဲ ဆေးရုံသွားမှာဆိုတော့ လမ်းကြုံနေလို့ တစ်ခါတည်း လိုက်ပို့ပေးပါရစေ"

"ကျေးဇူးတင်ပါတယ်နော်၊ ကျောင်းက သိပ်မဝေးပါဘူး။ ဒီလိုပဲ လမ်းလျှောက်သွားနေကျမို့ ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ"

"ရှင်… "

စိုင်းခမ်းညီနွတ်ဖျားမှ သူမကို တားမြစ်သလိုလေး ခေါ်လိုက်ပြီးမှ လှပဝိုင်းစက်သော မျက်ဝန်းရွှဲကြီးများဖြင့် ဆုံစည်းမိသည့်အခါ ရုတ်တရက်က ပြန်ပြောရမှန်းမသိဘဲ သူမကို ပြုံးပြလိုက်မိပါသည်။

"ဟိုဗျာ၊ ဆရာမကို ကြည့်ရတာ သိပ်နေမကောင်းဘူးလို့ပါ"

ယုန်မွေးအကျီဖြူဖြူလေး ဝတ်ထားသည့် လုံမေ့ကိုကြည့်၍ သူ ပြောလိုက်ခြင်း ဖြစ်သည်။

"ကျွန်မ နေကောင်းပါတယ်၊ ဒေါက်တာ ခွင့်ပြုပါဦးနော်"

"ခဏနေ နေပါဦးဗျာ၊ ဟို ကျွန်တော် ဆရာမနာမည်ကို သိချင်လို့ပါ"

"ဟင်… "

"ဒီလိုပါ၊ ကျွန်တော်က ဆရာမနဲ့ အသိမိတ်ဆွေဖြစ်ချင်လို့ပါ၊ ဒီမြို့မှာ ကျွန်တော်က ဧည့်သည်ဆိုတော့ ရပ်ဝေးကလာတဲ့ လူအချင်းချင်း ခင်မင်ချင်တဲ့ သဘောပါ"

"ကျွန်မနာမည် လုံမေပါ၊ ဒေါက်တာ ကျောင်းချိန်နီးနေလို့ ခွင့်ပြုပါ"

"ကောင်းပါပြီဗျာ"

လုံမေ ဆိုပါလား… ။





မတ်တတ်သာ၍ သူ့ကို ရပ်ပြီး စကားပြောနေရပေမဲ့ သူမပုံစံလေးကို ကြည့်ပြီး သူနှင့် ဘယ်လိုမှ မပတ်သတ်ချင်၍ သူမ နေမကောင်း ဖြစ်နေပါလျက်နှင့် နေကောင်းပါသည်ဟု ဇွတ်တိုး၍ ပြောသွားသူလေးကို ငေးငေးကြီး စူးစိုက်ကြည့်ရင်း သူ့ရင်မှာ အခံရခက်ချင်ချင်ရယ်ပါ။

လုံမေဆိုတဲ့ မိန်းမချောလေးရယ်… ။

ဘာဖြစ်လို့များ ကိုယ့်အပေါ်မှာ ဒီလောက်စိမ်းကား ရက်စက်ချင်နေရတာလဲဗျာ။

ထိုနေ့တစ်နေ့လုံး အလုပ်လုပ်နေရသော်လည်း သူ့စိတ်အာရုံကိုတော့ လုံမေ့မျက်နှာလှလှလေးက အချိန်ပြည့် နေရာယူစိုးမိုးထားသလို သူမအကြောင်းကိုပဲ တစိမ့်စိမ့် တွေးနေမိပါသည်။

အထူးသဖြင့် သူ့မျက်နှာချောချောကို မြင်လိုက်ရသည်နှင့် မျက်နှာလှလှလေး ကွက်ခနဲ ပျက်သွားပုံကို ဘယ်လိုမှ မေ့ပျောက်မရအောင် ရှိနေပါသည်။

ဆေးရုံကအပြန် တိတ်ဆိတ်ငြိမ်သက်နေသော လုံမေ့အိမ်လေးကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ သူ့ကားကို ခြံထဲ မောင်းဝင်ခဲ့လိုက်ပါသည်။

လုံမေနှင့် ဆုံတုန်းက သူမအိမ်ဘေးကို သူ ပြောင်းရွှေ့လာမည့်အကြောင်းကို တမင် ထည့်မပြောလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူရှိနေတာကိုသိလျှင် လုံမေ မျက်နှာလှလှလေးကို မမြင်မတွေ့ရဘဲ တမင်ရှောင်ဝှန်းနေမှာ စိုးရိမ်နေမိလို့ ဖြစ်ပါသည်။ အပေါ်ထပ်ရှိ သူ့အိပ်ခန်းတံခါးကို ဖွင့်လိုက်သည်။

"ဟော့..."

စိုင်းရွက်ခမ်းညီ ရင်တွေ တဒိတ်ဒိတ် ခုန်သွားပြီး သူ့မျက်စိရှေ့ တည့်တည့်မှ မြင်ကွင်းကို မမှိတ်မသုန် စူးစိုက်ကြည့်နေမိသည်။

အဖြူနှင့်အစိမ်း ကျောင်းယူနီဖောင်းဖြင့် မဟုတ်ဘဲ ခေါင်းစွပ်ဆွယ်တာ မိုးပြာရောင်နှင့် လုံချည်မိုးပြာရောင်လေးကို ဝတ်ထားပြီး ပေါင်လယ်ခန့်ရှည်သော ဆံပင်များကို သိုးမွေးတစ်ခုနှင့် စုစည်းကာ ဒီအတိုင်းချထားလျက် ခြံထဲမှာ ဆန်ခါးခုံးနိမ့်နိမ့်လေးဖြင့် ပန်းခူးနေပါသည်။

အခုချိန်ထိ ခေါင်းစွပ်ဆွယ်တာကို ဝတ်ထားသည်ဆိုတော့ သူမ နေမကောင်းဘူးဆိုတာ သေချာသွားပြီပေါ့။ ဆေးခန်းမသွားဘူးလား။

လုံမေဆိုတာလည်း ဆေးထိုးရမှာ ကြောက်တတ်သူများစွာထဲက တစ်ယောက်အပါအဝင်ပဲလား။ ဒါမှမဟုတ် အဖော်မရှိလို့ ဆေးခန်းမသွားချင်တာ ဆိုရင်တော့ ဟော့ဒီက ဒေါက်တာ စိုင်းခမ်းညီဆိုတဲ့ အချစ်ဆရာဝန်ကိုယ်တိုင် ချစ်သော မေ့ကို ဆေးကုသပေးပါရစေလားဗျာ။





မေ့ကို မောင်ချစ်မိပြီ မေရယ်....။

နွဲ့နှောင်းကြော့ရှင်းသော သဏ္ဌာန်လှလှလေး သူ့မျက်စိရှေ့က ပျောက်ကွယ်သွားမှ ရေချိုးခန်းထဲ ပြေးဝင်တော့ တစ်နေကုန်ပင်ပန်းခဲ့ရသမျှ အားပါးတရ ရေချိုး ခေါင်းလျှော်ပစ်လိုက်ပါသည်။

ထမင်းစားချင်စိတ်မရှိသဖြင့် ညစာကို ခေါက်ဆွဲပြုတ်တစ်ပွဲ အသီးအနှံဖျော်ရည်နှင့် ပြီးလိုက်သည်။ ပြီးတော့ လုံမေ့ အိမ်ကလေးကို လှမ်းကြည့်လိုက်တော့ မှောင်မည်းတိတ်ဆိတ်နေသော အိမ်လေးကြောင့် သူ အံ့သြသွားသည်။

ဘယ်လိုဖြစ်တာလဲ... ။

အိမ်ထဲမှာ လူမရှိလို့ မီးမထွန်းတာလား။ ဒါမှမဟုတ် လူရှိလျက်သားနဲ့ မီးပျက်နေလို့များလား။

ညကြီးမိုးချုပ် မိန်းကလေးတစ်ယောက်တည်း မည်သည့်အဖော်မှမပါဘဲ အိမ်ပြင်ထွက်မည်မထင်မိ။ အထူးသဖြင့် သူမများနာနေသည့်အချိန်မျိုးမှာ လုံမေအနေနှင့် ပို၍ အပြင်ထွက်မည်မထင်။

တစ်လမ်းလုံး သူ့အိမ်အပါအဝင် မီးထိန်ထိန်လင်းနေသည်။

သူမအိမ်တစ်အိမ်တည်း မီးမလင်းဘူးဆိုတာ မီးကြိုးမှာ တစ်ခုခု ပြဿနာရှိနေလို့ပဲ ဖြစ်မည်။ ပို၍သေချာသွားသည်က ဖယောင်းတိုင်မီး ခပ်ဖျော့ဖျော့ကို မြင်လိုက်ရသဖြင့် မျက်ခုံးထူထူများ မြင့်တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံမွှေအိမ်မှာ မီးပျက်နေတာ ဆေချာပါပြီ။ သူ သွားပြင်ပေးချင်ပါသော်လည်း သူမက လက်ခံပါ့မလားဟု တွေးပြီး စိတ်ပူနေမိသည်။ သူ သွားမပြင်ပေးပြန်ရင့်လည်း ဖျားနာနေသော သူမတစ်ယောက်တည်း အမှောင်ကြီးထဲမှာ အားငယ်ကြောက်လန့် နေရှာပေလိမ့်မည်။

သူမ နေမကောင်းဖြစ်နေတာကို သိလျက်နှင့် သူ ဒီအတိုင်း ပစ်မထားနိုင်ပါ။ ဆုံးဖြတ်ချက်နှင့်အတူ မီးပြင်ရန် လိုအပ်သမျှကိုယူပြီး သူမအတွက် အဖျားပျောက်ဆေးကိုပါ ထည့်ကာ ဓာတ်မီးတစ်လက်နှင့် သူ့အိမ်က ထွက်ခဲ့ပါသည်။

မှောင်မည်းတိတ်ဆိတ်သော ညထဲမှာ မီးကလည်း ပျက်နေသဖြင့် လုံမေတစ်ယောက်တည်း တငွေ့ငွေ့ လှိုက်တက်နေသော အဖျားရှိန်နှင့်အတူ ဝမ်းနည်းအားငယ်စွာ ခေါင်းအုံးလေးကို အဖော်ပြုရင်း ကိုယ်လေးသိမ့်သိမ့်တုန်သည့်အထိ ရှိုက်ငိုနေမိပါသည်။

အားကိုးရာမရှိ တိုင်ပင်ဖော်မရှိ။ ဖျားနာနေလို့မှ အနားမှ တယုတယနှင့် ပြုစုပေးမည့်သူ မရှိသောဘဝ။

နေ့လယ်နေ့ခင်းအချိန်မှာ ဘာမှမဖြစ်သလို လောကကြီးကို ဘာမထီပုံစံနှင့် ဟန်ဆောင်မာန်တင်းခဲ့ရသမျှ အခုလို တစ်ယောက်တည်း ရှိနေသည့်အချိန်မှာတော့ ရင်ထဲရှိသမျှကို ဖွင့်အံ ပေါက်ကွဲကာ ဟန်ဆောင်မျက်နှာဖုံးလေးကို ခွာချင်ခွင့် ပြုလိုက်ပါသည်။





မမစန်းတို့ ပြောင်းရွှေ့သွားပြီ ဖြစ်သဖြင့် လုံမေအတွက် စိုးရိမ်ပူပင်ပေးမည့်သူလည်း မရှိတော့ပါ။ ဆေးခန်းမသွားဘဲ ဆောက်ဆေးတစ်မျိုးတည်းနှင့် ကုသနေခြင်းကြောင့် အဖျားက အမြစ်ပြတ်ပျောက်မသွားဘဲ ညကြီးအချိန်မတော်ကျမှ အဖျားတက်နေပါသည်။

အခုချိန် မာဆေးနှင့် အဘိုးသာ အနားမှာရှိရင် ဆိုသည့် အတွေးနှင့်အတူ ဝမ်းနည်းအားငယ်စိတ်က ဆို့နင့်လှိုက်တက်လာကာ ဘာတစ်ခုမှ မထိန်းချုပ်ဘဲ အားပါးတရ ရှိုက်ငိုလိုက်မိသည့်အခါ ရင်ထဲမှာ တင်းကျပ်နေသမျှ အနည်းငယ်ပေါ့ပါး သက်သာသွားသလို ထင်ရပါသည်။

"ဆရာမ"

"ဆရာမ"

"ဆရာမ အိပ်ပြီလား၊ ကျွန်တော် စိုင်းခမ်းညီပါ"

အပြင်ဘက်ဆီမှာ ခပ်အုပ်အုပ်ခေါ်သံနှင့်အတူ ကျွန်တော် စိုင်းခမ်းညီပါဟု ဆိုလာသူကြောင့် ပါးပြင်ပေါ်မှ မျက်ရည်များကို ကမန်းကတန်း ပွတ်သုတ်ဖယ်ရှားရင်း အိပ်ရာမှ လူးလဲထလိုက်မိသည်။

ညကြီးအချိန်မတော် လုံမေ့အိမ်ကို ဘာကိစ္စနှင့် ရောက်လာရသည်ကို မသိနိုင်သော်လည်း ကိုယ့်ကိုယ်ကို သပ်ရပ်အောင်ပြင်ပြီး လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ ဒေါ်လုံမေ"

"ဆရာမ"

"ကျွန်တော် စိုင်းခမ်းညီပါ"

"လာပါပြီ"

လုံမေ လှမ်းအသံပြုလိုက်မှ တစ်ဖက်က အသံလည်း တိတ်သွားပါသည်။ ကြည့်ရသည်မှာ လုံမေ ထွက်မလာမချင်း ဗွဲကောင်းကောင်းနှင့် ခေါ်နေမည့်ပုံစံမျိုးမို့ အသံမပေးဘဲ တိတ်တိတ်လေး ငြိမ်နေ၍ မရသည့်အဆုံး တံခါးကို ဆွဲဖွင့်ပြီး အိမ်အပြင်ကို လှမ်းထွက်ခဲ့ရပါသည်။

"ဆရာမ ကျွန်တော်ပါ"

"ဟုတ်ကဲ့၊ ဒေါက်တာ ညကြီးအချိန်မတော် ကျွန်မဆီလာတာ ဘာကိစ္စရှိလို့ပါလဲရှင်"

လုံမေ့အသံလေးက ခပ်အစ်အစ်မို့ စိုင်းခမ်းညီ စိတ်ထဲထင့်ခနဲ ဖြစ်သွားသည်။ သူမ တစ်ယောက်တည်းမို့ အားငယ်ကြောက်လန့်စိတ်နှင့် ကျိတ်ငိုနေသလားဟု တွေးရင်း အလင်းပျပျထဲမှာ သူမ မျက်နှာလေးကို ယောင်ယမ်းလှမ်းကြည့်လိုက်မိပြီးမှ သတိရသွားကာ…

"ဟို… ဆရာမအိမ်ကို မီးပြင်ပေးမလို့ပါ"

"ရှင်… "





အံ့ဩလွန်းသဖြင့် လုံမေ့ပါးစပ်ကလေး ဟသွားသည်။ ညကြီးအချိန်မတော် သူမကို မရအရ လာခေါ်နေသည်မှာ လုံမေ့အိမ်ကို မီးပြင်ပေးချင်လို့ ဆိုပါလား။

"ဒီလိုလေ၊ ကျွန်တော်က ဟိုဘက်အိမ်မှာ ငှားနေလိုက်ပြီဆိုတော့ ဆရာမအိမ်ကို လှမ်းမြင်နေရလို့ပါ… "

"တစ်လမ်းလုံးလဲ မီးတွေလာနေတာတွေ့ပြီး ဆရာမ တစ်အိမ်တည်း မီးမှောင်နေတာ တွေ့ရလို့ မီးကြိုးတွေကို စစ်ပေးမလို့ပါ"

လုံမေ အထင်မလွဲအောင် အကျိုးအကြောင်း ရှင်းပြရင်း သူငှားနေသည့် အိမ်ကိုပါ ဓာတ်မီးနှင့် လှမ်းထိုးပြရပါသေးသည်။

အခုမှ ပတ်ဝန်းကျင်ကို သတိထားမိဟန်ဖြင့် လိုက်ကြည့်နေသည့် လုံမေ့အသွင်လေးကို ကြည့်ပြီး သူ သက်ပြင်းကျိတ်ရှိုက်လိုက်မိသည်။

"အခုလို တကူးတက လာပြောတာ ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်မဘာသာ မနက်ကျမှ မီးသမား ခေါ်ပြင်လိုက်ပါမယ်"

လုံမေ့ထံမှ ပြတ်သားစွာ ငြင်းဝယ်လိုက်သံကို နားထောင်ရင်း စိုင်းခမ်းညီရင်ထဲမှာ ထူးခြားပြီး မခံစားရတော့ပါ။

သူမ အခုလို ငြင်းဆန်လိမ့်မည်ဟု ကြိုတင်တွက်ဆထားပြီးသားမို့ သူဖြစ်ချင်ရာကိုသာ ဇွတ်တိုးပြောရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဆရာမ"

"ပြောပါ"

"ဆရာမစိတ်ထဲမှာ ကျွန်တော့်ကို တစ်မျိုးထင်ချင် ထင်နေမယ်ဆိုတာ ကျွန်တော် သိတယ်၊ ဒါပေမဲ့ ဆရာမတစ်ယောက်တည်း ဖျားနာနေတဲ့ အချိန်ဖြစ်လို့ ကျွန်တော့်ဘက်က စေတနာသက်သက်နဲ့ မီးလာပြင်ပေးတယ်ဆိုတာ ယုံပါ"

"ကျွန်မ… "

"ခဏလေး၊ ကျွန်တော့်စကား ဆုံးအောင်ပြောပါရစေ ဆရာမ၊ ကျွန်တော်နဲ့ လုံးဝမပတ်သက်ချင်ဘူးဆိုတာ ကျွန်တော်သိပါတယ်"

"ရှင်နဲ့မှ မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်မအနေနဲ့ ဘယ်ယောကျ်ားလေးနဲ့မှ မပတ်သက်ချင်တာပါ"

တည်ကြည်ပြတ်သားသော အဖြေကြောင့် စိုင်းခမ်းညီ ရင်မောသွားပါသည်။

"ဒေါက်တာကို ကျေးဇူးတင်ပါတယ်၊ ကျွန်မ သွားတော့မယ်"

"ဆရာမ"

သူ့အသံကြောင့် လုံမေ ခြေလှမ်းလေးများ တန့်သွားစဉ်မှာပင် သူပြောလိုသည့်အကြောင်းအရာကို မျှိသိပ်မထားနိုင်ဘဲ ဆက်ပြောလိုက်သည်။

"ခေါင်းမာတယ်၊ ပြတ်သားတယ်ဆိုတာ နေရာတိုင်း ကောင်း





တာမဟုတ်ပါဘူးဗျာ၊ အခု ဆရာမကိုယ်တိုင် နေမကောင်း ဖြစ်နေရက်သားနဲ့ ညာအမှောင်ကြီးထဲမှာ တစ်ယောက်တည်း ရှိနေတယ်ဆိုတာ ကောင်းတယ်မထင်ပါနဲ့… "

"သိပ်လှတဲ့ ဆရာမလို မိန်းမသားတစ်ယောက်အတွက် အန္တရာယ်ဆိုရာ အချိန်မရွေး ကျလာနိုင်တယ်ဆိုတာ သတိရလိုက်စမ်းပါ… "

"ဒီတော့ ဆရာမခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ကျွန်တော်ကတော့ မီးပြင်ပေးရမှာပဲ"

"ဒေါက်တာ"

"အို… "

လုံမေထံမှ ခွင့်ပြုချက်ကိုပင် မစောင့်တော့ဘဲ သူက အလျင်လုံမေရှေ့ကဖြတ်ပြီး အိမ်ရှိရာကို လျှောက်သွားလိုက်ပြီမို့ လုံမေ သူ့နောက်က တုံ့နှေးလေးကန်စွာ လိုက်ပါလာခဲ့ရပါသည်။

"မိန်းခလုတ် ဘယ်မှာလဲ ဆရာမ"

"ဟိုမှာပါ"

လုံမေ ညွှန်ပြရာသို့ သူ လျှောက်သွားတာကိုကြည့်ပြီး လုံမေ နှုတ်ဆိတ်နေလိုက်ပါသည်။

"ဟော့… တွေ့ပြီ၊ ကြိုးပြတ်နေတာပဲ"

သူ့ဘာသာပြောပြီး အသင့်ယူလာသည့် ပစ္စည်းများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မီးကြိုးကို ပြင်ပြီး မီးခလုတ်ကို ပြန်တင်လိုက်သည်နှင့် တစ်အိမ်လုံး မီးရောင်များ လင်းထိန်သွားသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"မလိုပါဘူးဗျာ၊ ကျွန်တော်တို့က မိတ်ဆွေတွေပဲ၊ တစ်ယောက် အခက်အခဲကို တစ်ယောက် ကူညီရမှာပေါ့"

"ဒီမှာ ဆရာမအတွက် သောက်ဆေးတွေ၊ တစ်နေ့သုံးကြိမ် သောက်ပါ..."

"ဒီဆေးနဲ့မသက်သာရင် ကျွန်တော်တို့ နောက်ဆေးတစ်မျိုး ပြောင်းကြတာပေါ့ဗျာ"

"ကျွန်တော် သွားတော့မယ်"

သူပေးလာသည့် ဆေးထုပ်ကလေးကို ယောင်ယမ်းလှမ်း ယူလိုက်စဉ်မှာပင် နှုတ်ဆက်စကားနှင့်အတူ သူက လုံမေ့အပါးမှ ခြေလှမ်းကျဲကြီးများဖြင့် မားမတ်ခန့်တည်စွာ လျှောက်သွားလိုက်ပြီ မို့ လုံမေတစ်ယောက်တည်း မီးရောင်အောက်မှာ ငြိမ်သက်စွာ ကျန်ရစ်ခဲ့ပါသည်။

* * *





## အခန်း (၁၅)

အိပ်ရာထက်မှာ လူက ငြိမ်သက်နေပေမဲ့ စိုင်းခမ်းညီ၏ အတွေးများကတော့ လုံမေဆိုသည့် မိန်းမချောလေးကြောင့် ဘယ်လိုမှ ငြိမ်သက်၍ မနေနိုင်ဘဲ ရှိနေသည်။

ဖြူဖွေးလင်းထိန်သွားသည့် မီးရောင်အောက်မှာ နီရဲမို့အစ်နေသည့် မျက်ဝန်းလေးများဖြင့် နှာသီးဖျားနီနီလေးကို ပြန်မြင်ယောင်လျှက် သူမတစ်ယောက်တည်း အမှောင်ကြီးထဲမှာ ကျိတ်ပြီး ငိုရှိုက်နေမှန်း သူသိလိုက်ရပါသည်။

ဟာ... ။

လုံမေဆိုတဲ့ မိန်းမချောလေးရယ်... ။

ဘယ်လိုအကြောင်းတွေကြောင့်များ အခုလိုတစ်ယောက်တည်း အထီးကျန်ဝေဒနာကို ကျိတ်ပြီး ခံစားကြေကွဲနေရတာလဲဗျာ... ။



www.burmeseclassic.com

www.burmeseclassic.com



မင်းလေးအကြောင်းကို မောင် သိချင်လိုက်တာ အချစ်ရယ်...။

သိခွင့်ရအောင်လည်း စုံစမ်းပါရစေဗျာ... ။

မင်းလေးရဲ့ အားငယ်မှုတွေနဲ့ ကြေကွဲနေတဲ့ မျက်ဝန်းလေးတွေကို မောင် သိပ်သနားတယ်။

ပြီးတော့ သိပ်သိပ်ချစ်မိရပါတယ်ဗျာ။ လှပသော လုံမေ့မျက်နှာလေးကို တစိမ့်စိမ့်မြင်ယောင်ရင်း ချစ်သူလေးအကြောင်းကို တွေးနေမိသဖြင့် ညဥ့်နက်မှ အိပ်ပျော်သွားခဲ့ရပါသည်။

အသိတရားတို့ ကိုယ့်မှာ ကပ်ငြိသည်နှင့် ပထမဦးဆုံး သတိရမိသူက ချစ်သော လုံမေကို ဖြစ်ပါသည်။ ရေချိုးခန်းထဲ အပြေးမဝင်မီ လုံမေ့အိမ်ကလေး ရှိရာကို တစ်ချက်လှမ်းကြည့်မိသည်။

ခုနစ်နာရီတောင် ထိုးနေပါရော့လား... ။

ရေချိုးခန်းထဲ အပြေးဝင်ပြီး တစ်ကိုယ်ရေသန့်ရှင်းမှုလုပ်ကာ ရေတဝကြီး ချိုးလိုက်သည်။ အဝတ်လဲ ခေါင်းဖြီးပြီး မနက်စာစားရန် ကားသော့ကို ဆွဲပြီး အပြင်ထွက်မည်အပြုမှာ ဈေးခြင်းလေး ဆွဲပြီး ထွက်လာသည့် လုံမေ့ကို တွေ့လိုက်ရသဖြင့် သူ့ခေါင်းထဲမှာ ဖျပ်ခနဲ အကြံပေါ်လာကာ ကားသော့ကို ပြန်သိမ့်လိုက်ပြီး အိမ်ကို သော့ခတ်လိုက်သည်။

ဒီနေ့ ကျောင်းပိတ်ရက်ဖြစ်သလို နားရက်လည်း ဖြစ်သဖြင့် လုံမေ ဈေးသွားရာနောက်ကို ခြေလှမ်းကျဲကြီးများဖြင့် လိုက်ခဲ့သည်။





သူလည်း လုံမေနဲ့အတူတူ ဈေးဝယ်ရဦးမည် မဟုတ်လား။

"ဆရာမ"

"ဩော်"

နှိုးကပ်စွာ ခေါ်လာသည့် အသံပိုင်ရှင်ကြောင့် ဈေးခြင်းလေး ဆွဲပြီး ကိုယ့်အတွေးနှင့်ကိုယ် လမ်းလျှောက်နေရာမှ လုံမေ လှည့်ကြည့်လိုက်တော့ အပြုံးချိုချိုဖြင့် သူမအပါးမှာ မားမတ်ခန့်ညားစွာ အတူလိုက်ပါလာသူ ဒေါက်တာ စိုင်းခမ်းညီ၏ မျက်နှာချောချောကို တွေ့လိုက်ရသဖြင့် လုံမေ့ထံမှ အသိအမှတ်ပြုသံလေး ထွက်လာရခြင်း ဖြစ်ပါသည်။

"ဆရာမ ဈေးသွားမလို့လား"

"ဟုတ်ကဲ့"

"ကျွန်တော်လဲ ဈေးသွားမလို့ဗျာ၊ ကျွန်တော့်အိမ်နဲ့ ဈေးက သိပ်မဝေးဘူးထင်တယ်"

"ဟုတ်ကဲ့"

"ကျန်းမာရေးအတွက် အခုလိုလမ်းလျှောက်သွားတာလဲ ကောင်းပါတယ်၊ ဒါနဲ့ ဆရာမ ကျွန်တော်ပေးတဲ့ ဆေးတွေကို သောက်ပါတယ်နော်"

"ဟုတ်ကဲ့"

"နေကောင်းသွားပြီ ထင်တယ်နော်၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်ပေါ်မှာ အနွေးအကျီမတွေ့ရသဖြင့် သူ မေးလိုက်ခြင်း ဖြစ်သည်။ သူမထံမှ ဟုတ်ကဲ့ဆိုသည့် အသံလေး ခပ်တိုးတိုးထွက်လာသည့်အခါ သူမမမြင်အောင် တစ်ဖက်လှည့်ပြီး ပြုံးလိုက်မိသည်။

သူတွေ့နေတော့ လူသားစင်စစ်မဟုတ်ဘဲ ပုတ်သင်ညိုမလေးဖြစ်နေပါလားဟုတွေးလိုက်ရင်း နှံနက်ခင်းနှင့်အပြိုင် နုနယ်လှပလွန်းသည့် မျက်နှာလေးကို အသာခိုးကြည့်မိသည်။

လုံမေက သူ့ကို မကြည့်ပါသော်လည်း အနားမှာ သူမနှင့်အတူ ယှဉ်တွဲလိုက်ပါလာသော သူ့ကြောင့် မျက်နှာလှလှလေးမှာ စိတ်ရှုပ်ထွေးသလိုလေး ဖြစ်နေတာကို သူ သိလိုက်ပါသည်။

သူ့ကြောင့် ချစ်ရသူလေး စိတ်ညစ်နေတာကို သိပေမဲ့စိုင်းခမ်းညီသူမအပါးက ထွက်ခွာမသွားလိုပါ။

နည်းအမျိုးမျိုးသုံးပြီး သူမကို ချဉ်းကပ်မည်ဟု စဉ်းစားဆုံးဖြတ်ထားသောကြောင့် ဖြစ်ပါသည်။ အခုချိန်ထိ လုံမေက သူ့ကို စပြီး စကားမပြောဖူးသေးပါ။ သူကသာ အကြောင်းမရှိအကြောင်းရှာပြီး ပြောနေခြင်းဖြစ်သည်။

"ဒီမြို့လေးက အတော့်ကို အေးချမ်းတယ်နော် ဆရာမ"

"ဟုတ်ကဲ့"

"ကျွန်တော်က ဒီမြို့လေးကို ကိုယ့်သဘောနဲ့ကိုယ် ပြောင်း





လာခဲ့တာဆိုတော့ အိမ်ကအစ်ကိုက သဘောမတူဘူးလေ၊ ကျွန်တော်တို့မှာ ညီအစ်ကိုနှစ်ယောက်တည်းပဲ ရှိတာ... "

"ကျွန်တော့်မိဘတွေကတော့ ကျွန်တော်တို့ညီအစ်ကို သိတတ်စအရွယ်မှာပဲ ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ ဆုံးသွားကျတာဆိုတော့ ကျွန်တော်တို့ ညီအစ်ကိုက တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာပေါ့ဗျာ"

"ဟုတ်ကဲ့"

မကောင်းတတ်၍ ခေါင်းတွင်တွင် ညိတ်နေရသော်လည်း ဖြစ်နိုင်လျှင် ဒေါက်တာစိုင်းခမ်းညီဆိုသည့် ကိုလူချောအားက လုံမေ ထွက်ပြေးသွားချင်နေမိပါပြီ။

"ဒါနဲ့ ဆရာမ မိဘတွေရော ဆရာမနဲ့အတူ လိုက်မနေကြဘူးလား"

"ကျွန်မမှာ မိဘတွေမရှိတော့ပါဘူး၊ ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်မို့ ကျွန်မနဲ့အတူ ဘယ်သူမှ လိုက်မနေနိုင်ကျတာပါ"

"အိုဗျာ"

"ကျွန်မကို ခွင့်ပြုပါဦး ဒေါက်တာ"

သူသိချင်သည့် မေးခွန်း၏အဖြေကို လုံမေ အမှန်အတိုင်းဖြေဆိုပြီးသည်နှင့် ဒေါက်တာစိုင်းခမ်းညီ ဆိုသည့် ကိုလူချောအပါးမှ တစ်ခါတည်း လမ်းခွဲနှုတ်ဆက်ထွက်ခဲ့လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ဆို သူသိချင်နေသည့် လုံမေ့အကြောင်းကို သိခွင့်ရလို့ ကျေနပ်လောက်ပြီ ထင်ပါသည်။ တစ်ကောင်ကြွက်ဆိုသည့် စကားကို ကိုယ်တိုင်သုံးစွဲ ပြောမိပြီးမှ အသည်းနှလုံးတွေ နာကျင်ဆို့နင့်ကာ ဝမ်းနည်းစိတ်က လှိုက်တက်လာရပြန်ပါသည်။

ဈေးကို စီစဉ်တကျ မဝယ်နိုင်တော့ပါ။ လက်လှမ်းမီရာ နီးစပ်ရာကို ဝယ်ပြီး လုံမေ အိမ်ရှိရာကို သုတ်ခြေတင် ပြန်ခဲ့ပါသည်။

နောက်ထပ်တစ်ကြိမ် စိုင်းခမ်းညီဆိုသူနှင့် မဆုံလိုသောကြောင့် ဖြစ်ပါသည်။ အိမ်ပြန်ရောက်မှ ဈေးခြင်းလေး ပစ်ချပြီး ကိုယ့်အပစ်ကို ကျိတ်ပြီး မျက်ရည်ကျမိသည်။

အခုတလော လုံမေကိုယ်တိုင်က မကြာခဏ ဝမ်းနည်းအားငယ်နေရသည့်ကြားထဲ လုံမေ့ဘဝကို လာပြီး အစဖော်နေသူကြောင့် မျက်ရည်ကျစရာ ဖြစ်ခဲ့ရသည်။

ဒီလို မျက်ရည်ကျနေရုံနဲ့ လုံမေ့ဘဝရဲ့ အထီးကျန်စရာ ဝမ်းနည်းအားငယ်မှုတွေက ပျောက်ဆုံးသွားမှာမို့လား။

ဒီမျက်ရည်တွေက လုံမေရဲ့ စိတ်ဓာတ်တွေကို ပိုပြီး လဲပြိုစေမယ့်အပြင် ဟန်ဆောင်မာန်တင်ထားရတဲ့ လုံမေရဲ့ ခံနိုင်ရည်စွမ်းအင်တွေကို လျော့ပါးသွားစေမယ့် အကြောင်းအရာတွေပဲ မဟုတ်လား။

ပါးပြင်ပေါ် စီးကျနေသည့် မျက်ရည်တွေကို လက်ခုံဖြူဖြူလေးဖြင့် ခပ်ကြမ်းကြမ်းလေး ဖယ်ရှားပစ်လိုက်ပါသည်။





လုံမေ မငိုဘူး... ။

အခုချိန်ကစပြီး လုံမေ ဘာအတွက်မှ မျက်ရည်မကျအောင်နေမယ်။

လုံမေဆိုတာ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတဲ့ မိန်းကလေးပါဟု ကိုယ့်ကိုယ်ကို ဖိအားပေး အားတင်းလိုက်ပြီး ပျော့ညံ့အားငယ်နေချင်သည့်စိတ်များကို ဖယ်ရှားကာ ထိုနေ့တစ်နေ့လုံး သူမကိုယ် သူမ အနားမပေးဘဲ အိမ်အလုပ်များကို ဖယ်ဆက်သလို လုပ်ပစ်လိုက်သည်။ ညအချိန်မှာ ဘာတစ်ခုမှ မစဉ်းနိုင်အောင် စာအုပ်တစ်အုပ်ကို ညဥ့်နက်ခံပြီး ဖတ်နေမိရာ နေ့ခင်းက ပင်ပန်းသည့် အချိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့သည်။

စိုင်းခမ်းညီကတော့ လုံမေ့ထံမှ ကြားသိလိုက်ရသည့် သူမဘဝအကြောင်းကို အကြိမ်ကြိမ် ပြန်ကြားယောင်ကာ သူမအကြောင်းသိလိုစိတ်ဖြင့် မေးလိုက်ပြီးမှ အားတုံ့အားနာကြီးဖြစ်ကာ စိတ်မချမ်းမြေ့နိုင်ဘဲ ရှိနေပါသည်။

ထိုနေ့တစ်နေ့လုံး လုံမေ့ အရိပ်ကလေးကို မမြင်ရပါ။

နောက်ရက်စောင့်ကြည့်ပြန်တော့လည်း ချစ်သူလေးကို မတွေ့မမြင်ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည့် အိမ်ကလေးကို ကြည့်၍ စိုင်းခမ်းညီရင်မှာ တစ်မျိုးကြီးဖြစ်ကာ မနေတတ်မထိုင်တတ် ဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မတွေ့လို၍များ တမင်ရှောင်ပုန်းနေခြင်းပဲလား၊ ဒါမှ မဟုတ် သူမဘာသာ အစတည်းကပဲ ဒီလိုနေတတ်တာမျိုးလား ခွဲခြားမရနိုင်တိုင်း သက်ပြင်းတွေကိုသာ အကြိမ်ကြိမ် ရှိုက်နေမိပါတော့သည်။

နံနက်ခင်း၏ နွေးထွေးသောနေရောင်ခြည်နှင့်အတူ လောကရှိ လူသားများ သက်ဝင်လှုပ်ရှားကာ လုပ်ငန်းခွင်ကိုယ်စီ ဝင်ကြရန် ပြင်ဆင်လျက်ရှိနေကြပါသည်။

ထိုသူတွေထဲမှာ ဒေါက်တာစိုင်းခမ်းညီ တစ်ယောက်လည်း အပါအဝင်ဖြစ်ရာ တိတ်ဆိတ်နေသည့် ချစ်ရသူအိမ်ကလေးရှိရာသို့ တစ်ချက်မျှော်ကြည့်လိုက်ရင်း ဆေးရုံသွားရန် ကားလေးကို ညင်သာစွာ မောင်းထွက်ခဲ့ပါသည်။

ဟော... ။

ဟိုမှာ လုံမေပါလား... ။

ခြင်းကလေးကိုဆွဲပြီး ဈေးရောက်ရှိရသွားနေသည့် ချစ်သူ၏ နောက်ပိုင်းအလှကို မျက်ဝန်းညိုကြီးများဖြင့် စူးစိုက်ကြည့်ရင်း ရင်မောပင့်သက်ဖြာမိသူက သူကိုယ်တိုင်ပါ။

ထုံးစံအတိုင်း သူမက ပတ်ဝန်းကျင်ကို ဂရုပြုမိဟန်မရှိဘဲ သူမ ဦးတည်ရာကိုသာ သွားနေပါသည်။ ဖြစ်နိုင်လျှင် လုံမေဆိုသည့် ချစ်ရသူကို သူ့ရင်ခွင်မှာ တင်းကျပ်စွာ ထွေးပွေ့ထားလိုက်ချင်





ပါသည်။

ပြီးတော့ သူ့ရင်ထဲက အချစ်တွေကို သူမမသိအောင် တဖွဖွ ပြောပြချင်နေမိပါသည်။ အထီးကျန်ဆန်စွာ နေထိုင်ဖြတ်သန်းခဲ့ရသော သူမဘဝကို သူ့အချစ်များဖြင့် ထာဝရ နွေးထွေးလုံခြုံပေးလိုက်ချင်မိသည်က သူ့ရင်ထဲက စိတ်ဆန္ဒပါ။

အခုတော့ လုံမေဆိုသည့် ချစ်ရသူလေးက ချစ်သူတွေ့ ဖြစ်ကြဖို့ဝေးလို့ သူနှင့်ရင်းနှီးပတ်သက်ရမှာကိုပင် ကြောက်လန့်စိုးရိမ်ကာ ရှောင်ပုန်းထွက်ပြေးနေချင်သူ။

သူကတော့ လုံမေနှင့် ဆန့်ကျင်ဘက် သူမကို မြင်မြင်ချင်း စွဲလမ်းမြတ်နိုးစွာ ချစ်ခဲ့ရသူ ဖြစ်သည့်အတိုင်း လုံမေ၏ အပြုအမူလေးတိုင်းကို အသည်းတယားယားနှင့် ချစ်မဝနိုင်သလို သူမဘဝလေးကို သိခွင့်ရပြန်တော့လည်း အထီးကျန်ဆန်လွန်းသော သူမဘဝဘဝလေးကို ပြည့်စုံငြိမ်းချမ်းသည့် မိသားစုဘဝလေး ဖန်တီးပေးချင်မိပါသည်။

ထို့ကြောင့် လုံမေ့ထံမှ အချစ်ကို အမြန်ဆုံးရယူချင်နေမိသလို သူမကို မြတ်နိုးစွာ လက်ထပ်ချင်နေမိပါပြီ။

"ဆရာမ"

"ဟင်... ဩော်"

လုံမေ့အပါးမှာ ရပ်တန့်ရှုတ်ဆက်လာသည့် အဖြူရောင်ကား



www.burmeseclassic.com

www.burmeseclassic.com



လေးပေါ်မှ ဒေါက်တာစိုင်းခမ်းညီကို လှပသော မျက်ဝန်းရွှဲကြီးများ တစ်ချက်ကြည့်ကာ အသိအမှတ်ပြုသလိုလေး ရှိပေမဲ့ စကားတော့ဖြင့် မဆိုလေပါ။

"ကျောင်းသွားတော့မလို့လား"

"ဟုတ်ကဲ့"

"ကျွန်တော် လိုက်ပို့ပေးပါရစေ"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ လမ်းလျှောက်သွားနေကျမို့ပါ"

"ခွင့်ပြုပါဦးနော်"

ငြင်းပယ်မှန်းသိလျက်နှင့် ခေါ်မိသည်။

သူ့ကားလေးကို တည်ငြိမ်စွာ ကျော်ခိုင်းသွားသူကို ကြည့်၍ ရင်ထဲက အချစ်တို့ တစ်ရစ်ပြီးတစ်ရစ် တိုးနေမိသူက စိုင်းခမ်းညီ။

သူတွေ့ဖူးသမျှ မိန်းမချောတွေအားလုံး လုံမေ့အလှကို လိုက်မမီပါ။ လုံမေ့အလှက ကျက်သရေရှိစွာ မြင်ရသူရင်ကို ငြိမ်းချမ်းအေးမြမှုအပေါင်းကို ပေးစွမ်းနိုင်သူ... ။

လုံမေ့အပေါ်မှာ ဖြစ်ပေါ်ခဲ့သော သူ့အချစ်က တစ်သက်မှာ တစ်ခါသာ ပေါ်ပေါက်သည့် အချစ်မျိုးဖြစ်သလို အချိန်တိုင်း နေရာတိုင်းမှာလည်း သူမက သူ့ကို လွှမ်းမိုးနေရာယူထားနေသည့် အဖြစ်။

သိပ်ချစ်မိပြီ မေရယ်... ။





မင်းလေးကို မောင် သိပ်ချစ်နေမိပြီ။

သူ လုံမေ့ထံက အချစ်ကို ရယူပိုင်ဆိုင်ခွင့်ရအောင် ဘယ်လို နည်းလမ်းတွေသုံးပြီး သူမနှင့် ရင်းနှီးခွင့်ရအောင် ကြိုးစားရရင် ကောင်းမလဲဟု တွေးရင်း ခေါင်းတွေ ပူလာသည်။

ဒီပုံအတိုင်းဆက်သွားနေလို့ကတော့ သူမနှင့် ဘယ်တော့မှ ရင်းနှီးခွင့်ရမည် မဟုတ်သလို ချစ်သူတွေလည်း ဖြစ်နိုင်တော့မည် မဟုတ်ပါ။

ဟာ:... ။

မင်းလေးကြောင့် မောင်တော့ သိပ်ခက်နေမိပြီ မေရယ်... ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၆)

ခြံဝန်းကျယ်ကြီးတစ်ခုလုံး ရောင်စုံမီးသီးများဖြင့် လင်းလက်လျှပ်နေသလို ငြိမ်းညောင်းသာယာသော ဂီတသံများကလည်း ညင်သာစွာ စီးမျောပျံ့လွင့်လျက် ရှိပါသည်။

ခြံဝန်းအတွင်းအပြင် ရောင်စုံကားများ ပြန့်ကျဲနေသလို ဧည့်သည်များမှာလည်း စည်ကားရှုပ်ထွေးလျက် ရှိသည်။ စိုင်းခမ်းညီ သူ့ကားကို လူရှင်းသည့် နေရာတစ်နေရာမှ ရပ်လိုက်ပြီး ဧည့်သည်များ ရှိရာသို့ တည်ငြိမ်ခန့်ညားစွာ လျှောက်ခဲ့ပါသည်။

ခြောက်ပေနီးပါး အရပ်အမောင်း အသားဖြူဖြူ မျက်ခုံးထူထူနှင့် ချောမောခန့်ညားသော လူပျိုလူလွတ် သူဌေးသားဆရာဝန်ကို သမီးရှင်တိုင်းလိုလို စိတ်ဝင်စားနေကြရသည့်အထဲ… ။

ဆရာကြီးဒေါက်တာ ဦးထွန်းမောင်ကိုယ်တိုင်က လာသမျှ





လူများနှင့် သူ့ကို ဖွဲ့ထုတ်မိတ်ဆက်ပေးနေသဖြင့် မနည်းတောင်းဝန်ကာ လူရှင်းသည့်နေရာတစ်ခုမှာ သွားထိုင်လိုက်ရပါသည်။ အားလုံးပျော်နေကြသူတွေကြားထဲမှာ တစ်ယောက်တည်း မပျော်နိုင်ဘဲ စိတ်ညစ်နေရသူက လုံမေဖြစ်ပါသည်။

ကျောင်းအုပ်ဆရာမကြီး၏ တစ်ဦးတည်းသော သမီးလေးဖြစ်သော ခင်လဲ့ဖြူ၏ မင်္ဂလာဧည့်ခံပွဲမို့ မဖြစ်မနေ တက်ရောက်လာရသော်လည်း နာရီလေးတကြည့်ကြည့်နှင့် အိမ်ကို ပြန်ချင်နေမိပါပြီ။

အချိန်ကလည်း မနည်းတော့ပါ။ သတို့သမီးကိုယ်တိုင်က ဇွတ်အတင်း ဆွဲထား၍ မကောင်းတတ်၍ နေနေရသော်လည်း စည်းကားရှုပ်ထွေးသည့် လူအုပ်ထဲမှာ မွန်းနောက်နောက်ဖြစ်လျက် စိတ်ရှုပ်နေမိပါသည်။

ဒိကြားထဲ ပြင်ဆင်ထုံးဖွဲ့ထားသည့် အလှအပများနှင့် ဆော်ရွှေရောင် ဝတ်စုံလေးနှင့် သတို့သမီးထက် အဆပေါင်းများစွာ ပိုလှနေသော လုံမေ့ကို မျက်စိစားပွဲထိုင်နေကြသူများကြောင့် အနေရခက်စွာ ဖောချွေးလေးများ ပြန်ချင်နေမိပါသည်။

"မမေ"

"ဟော့ ဖြူ"

သတို့သားနှင့် သတို့သမီး သူမနား ရောက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လုံမေ အလှဆုံးပြုံးထိုက်ရပါသည်။

"တစ်ယောက်တည်း ပျင်းနေရင်လဲ ဖြူတို့လို အဖော်ရှာပါလား မမမေရဲ့၊ မဟုတ်ဘူးလားဟင်"

"ဟုတ်ပါတယ်တဲ့ဗျာ"

သတို့သားနှင့် သတို့သမီးက ပျော်ရွှင်ကြည်နူးစွာ အတူရယ်မောလိုက်ကြချိန်မှာ ကင်မရာမီးများ အပြိုင်ဖွင့်သွားကြသလို ဗီဒီယိုမှတ်တမ်းတင်ခွေကလည်း မပြတ်ရိုက်နေပါသည်။

ကိုကြောင့် ခင်လဲ့ဖြူကို ပြန်ရန် နှုတ်ဆက်စကားကို မဆိုလိုက်[illegible]ပြုံးနှင့် ငြိမ်နေလိုက်ရပါသည်။

များပြားလှသော လူအုပ်ထဲမှာ လုံမေ ရှာဖွေသူက ပျောက်ဆုံးလျက်ရှိနေစဉ်မှာပင် လုံမေ့အပါးကို ရပ်လာသည့် သဏ္ဌာန်တစ်ခုကြောင့် ဖျပ်ခနဲ မော့ကြည့်လိုက်ရာ ရွှန်းလဲ့တောက်ပသော အကြည့်နွေးနွေးများဖြင့် ဆုံစည်းလိုက်ရခြင်းကြောင့် လုံမေ့ပါးပြင်လေးတွေ နွေးခနဲ ထူပူသွားရသည့်အထိ ညို့ဓာတ်ပါသော အကြည့်ပိုင်ရှင်က တခြားသူမဟုတ်ဘဲ ဒေါက်တာစိုင်းခမ်းညီကိုယ်တိုင် ဖြစ်နေပါသည်။

"ဆရာမကို ရုတ်တရက် တွေ့လိုက်ရတော့ အရမ်း အံ့သြသွားတာပဲ... "

"ညည့်ခံပွဲမှာ ဆုံမိလိမ့်မယ်လို့ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့မိဘူး"





"ကျွန်မတို့ ကျောင်းအုပ်ဆရာမကြီးရဲ့ သမီးလေးမို့ မဖြစ်မနေ တက်ရတာပါ... "

"ပြီးတော့ သတို့သမီးလေးက ကျွန်မနဲ့ သိပ်ခင်ပါတယ်"

သူ့ကို မကြည့်ဘဲ ဖြေလိုက်သည့် လုံမေ့အသွင်လေးက ဆော်ဗွေရောင်ဝတ်စုံဖြင့် ထူးထူးခြားခြား လှပနေခြင်းကြောင့် စိုင်းခမ်းညီရင်မှာ သူမ မျက်နှာလှလှလေးကို စူးစူးစိုက်စိုက် ကြည့်ငေးရင်း ရင်ထဲမှာ အချစ်စိတ်တွေ ပြည့်သိပ်လာရသလို အံသည်းနှလုံးတွေပါ ပူနွေးလာရပါသည်။

သူ့ရင်ကို အလှုပ်ခတ်စေဆုံးက သူမ၏ မျက်တွင်းရွှဲရွှဲ[illegible] ဖြစ်သည်။

"ကျွန်တော်လဲ ဆေးရုံအုပ်ကြီးရဲ့ တစ်ဦးတည်းသော သားလေး မင်္ဂလာညည့်ခံပွဲမို့ လာရတာပါ။ ဆရာမ ဒီညည့်ခံပွဲကို လာမယ်ဆိုတာ ကြိုသိရင် ဆရာမနဲ့ ကျွန်တော် အတူတူလာမိမှာပါ"

လုံမေ့ထံမှ ဘာသံမှ ထွက်မလာပါ။

လက်ကနာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်တာကို တွေ့လိုက်ရသဖြင့်... ။

"ပြန်ချင်ပြီလား ဆရာမ၊ ကျွန်တော်တို့ အတူတူပြန်ကြမယ်လေ"

"ရပါတယ် ဒေါက်တာ၊ ကျွန်မတပည့်လေး လိုက်ပို့ပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်"

သူနဲ့အတူ မပြန်လို၍ ငြင်းလိုက်မှန်း စိုင်းခမ်းညီ သိပါသည်။ ထို့ကြောင့် လုံမေ့မျက်နှာလှလှလေးကို မည်သည့်စကားမှ မဆိုဘဲ မချင့်မရဲစိတ်ဖြင့် နှုးညံ့ဝေရီစွာ ငေးမောကြည့်နေမိသည်။

လုံမေ့မှာလည်း စိုင်းခမ်းညီဆိုသည့် ကိုယ့်လူချောနှင့် မပြန်လို၍ ပြောလိုက်ရသော်လည်း သူမ အပြန်ကို သေချာလိုက်ပို့ပေးပါမည်ဟု ကတိပေးထားသည့် တပည့်ဖြစ်သူလေးကို မတွေ့ရခြင်းကြောင့် မျက်ဝန်းရွဲကြီးများ ဟိုဟိုဒီဒီ လှမ်းရှာရင်း အကြံရခက်နေပါသည်။

သို့ပါသော်လည်း လူတွေကိုကြည့်ပြီး ခေါင်းသာ နောက်လာသည်။ သူမရှာဖွေနေသူကိုဖြင့် မတွေ့ရပါ။

"ဆရာမ"

"ရှင်"

"ကျွန်တော် အထင်ပြောရရင် ဆရာမတပည့်တော့ အပျော်လွန်ပြီး ဆရာမကို ပြန်ပို့ပေးဖို့ မေ့နေပြီထင်တယ်..."

"ကျွန်တော်လဲ ပြန်တော့မှာဆိုတော့ တစ်လမ်းတည်းသမားချင်းအတူတူ တစ်ခါတည်း အတူပြန်လိုက်ရတာ ပိုပြီး အဆင်ပြေမှာပါ"

"ကျွန်တော်နဲ့ တစ်ခါတဲည်း လိုက်ခဲ့ပါနော်"

"ဟုတ်ကဲ့၊ ဒေါက်တာကို ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ဒေါက်တာနဲ့ပဲ အတူပြန်လိုက်ခဲ့ပါတော့မယ်"





သူပြောတာ ဖြစ်နိုင်တာမို့ လုံမေ ခေါင်းညိတ်လိုက်ရပါပြီ။ သတို့သမီးဖြစ်သူကို အိမ်ပြန်လိုက်ပို့ပေးရန် သွားပြော၍ မသင့်တော်တာမို့ ဆရာမကြီးကို နှုတ်ဆက်ကာ ဒေါက်တာစိုင်းခမ်းညီကားဖြင့် အတူပြန်ခဲ့ရပါသည်။

"ဆရာမကို ကျေးဇူးတင်ပါတယ်"

"ရှင်"

တရိပ်ရိပ်ပြေးနေသည့် ကားပေါ်မှာ နှစ်ယောက်အတူ ငြိမ်သက်စွာ လိုက်ပါလာရာမှ စိုင်းခမ်းညီက ရုတ်တရက်ကြီး ကျေးဇူးတင်စကားဆိုလာခြင်းကြောင့် လုံမေ အံ့ဩစွာ ရှင်လိုက်မိခြင်းဖြစ်ပါသည်။

"အဟွန်း... ဟွန်း... ဟွန်း"

"ကျွန်တော့်ကားနဲ့အတူ ဆရာမလိုက်လာတဲ့အတွက် ကျေးဇူးတင်တယ်လို့ ပြောတာပါဗျာ"

"မဟုတ်တာရှင်၊ ကျွန်မကသာ ဒေါက်တာကို ကျေးဇူးတင်ရမှာပါ"

"ကျွန်တော့်ကို ဒေါက်တာလို့ မခေါ်ပါနဲ့လား လုံမေ..."

"ဪ... ဆရာမကိုလဲ လုံမေလို့ပဲ ကျွန်တော် ခေါ်မယ်နော်၊ ခွင့်ပြုမယ်မဟုတ်လားဟင်"

"ဟုတ်ကဲ့"

ခွင့်မပြုပါဘူးလို့ ပြော၍မဖြစ်သည့်အတူ လုံမေအနေနှင့်-



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လက်ခံရန်သာ ရှိပါသည်။ လုံမေ့စိတ်ထဲမှာ သူ ကားမောင်းသည်ကို နှေးလွန်းသည်ဟု ထင်မိသည်။

ဖြစ်နိုင်လျှင် လုံမေ သူနှင့် လုံးဝစကားမပြောချင်ပါ။ စကားပြောရင်း လိုအပ်သည်ထက်ပို၍ ရင်းနှီးသွားမည့်အဖြစ်ကို လုံမေ ကြောက်လှပါသည်။ ထို့ကြောင့် လုံမေ့ဘက်က သူ့ကို မည်သည့်စကားမှ အပိုမဆိုမိအောင် သတိထားနေသည့်အချိန်မှာ...

စိုင်းခမ်းညီကတော့ ကားကို တမင် ခပ်ဖြည်းဖြည်းမောင်းရင်း လုံမေ့ကို သူ့ရင်ထဲက စကားများကို ရင်ဖွင့်ပြောရန် စဉ်းစားစိတ်ကူးနေပါသည်။

"လုံမေ"

"ရှင်... ဒေါက်တာ"

"အဟွန်း... ကျွန်တော့်ကို ဒေါက်တာလို့မခေါ်ဖို့ တောင်းပန်ပါရစေဗျာ"

လုံမေ စိတ်ညစ်သွားမိပါသည်။

သူ့ကားစီးမိမှတော့ သူပြောသမျှကို လက်ခံနားထောင်ပေးရတော့မည်မို့ နှုတ်ခမ်းလေးကို သွားဖြင့် ဖွဖွဖိကိုက်လိုက်မိပါသည်။

စိတ်ထဲမှာလည်း သူ့ကားနှင့် လိုက်လာမိတာ မှားပြီဟု နောင်တတွေ တသီကြီး ရနေမိသည်။

ကျွန်တော့်ကြောင့် စိတ်ညစ်သွားပြီလား လုံမေ"





"မဟုတ်ပါဘူး ကိုစိုင်းခမ်းညီ၊ လုံမေ ခေါင်းနည်းနည်းကိုက်နေလို့ပါ"

သူမကိုယ်သူမ လုံမေဟု ထည့်ပြောလိုက်မိသည့်အဖြစ်ကို လုံမေကသာ ရုတ်တရက် သတိမထားလိုက်မိသော်လည်း စိုင်းခမ်းညီ၏ မျက်ဝန်းများကတော့ လက်ခနဲ တောက်ပလင်းလက်သွားကာ လုံမေ့မျက်နှာလှလှလေး ရှိရာကို ဖျပ်ခနဲကြည့်လာပါသည်။

"ကျွန်တော့်အိမ်မှာ ဆေးအသင့်ရှိနေတာဆိုတော့ လုံမေ့အတွက် တစ်ခါတည်း ယူပေးလိုက်မယ်"

"အို... နေပါစေ၊ ကျွန်မအိမ်မှာလဲ ဆေးအသင့်ရှိပါတယ်"

"လုံမေ့အိမ်မှာ ဆေးအသင့်ရှိတယ်ဆိုတာ တကယ်ရော ဟုတ်ရဲ့လားဗျာ၊ ကျွန်တော်နဲ့ မပတ်သက်ချင်လို့ စကားကို အပြတ်ပြောနေတာ မဟုတ်လား"

"အို... "

သူပြောတာ မှန်နေသဖြင့် လုံမေ ဘာဆက်ပြောရမှန်း မသိဘဲ ဖြစ်သွားစဉ် ကားလေးက ရုတ်တရက် လမ်းဘေးမှာ ထိုးရပ်သွားခြင်းကြောင့် လုံမေ အံ့ဩသွားသည်။

"ကားက ဘာဖြစ်လို့လဲ ကိုစိုင်းခမ်းညီ"

"ကား ဘာမှမဖြစ်ပါဘူးမေ၊ ဖြစ်နေတာက ကျွန်တော်ပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘယ်လိုမှ ဆက်ပြီး မမျိုသိပ်နိုင်တော့ဘူးမေ၊ မေ့ကို မောင် သိပ်ချစ်နေမိပြီ"

"အို... မဖြစ်နိုင်တာရှင်"

ဒေါက်တာစိုင်းခမ်းညီ၏ တည်ကြည်ခန့်ညားလွန်းသော အသွင် ချောချောကြီးကို ကြည့်ကာ လုံမေ ရှက်ရွံ့တုန်လှုပ်စွာ ဆိုလိုက်မိခြင်း ဖြစ်ပါသည်။

"ဘာကို မဖြစ်နိုင်တာလဲမေ၊ မောင့်အချစ်ကို မယုံလို့လား"

အနီးကပ်ကြည့်မှ ရက်ရက်စက်စက် ပို၍လှနေသော လုံမေ၏ ချစ်စရာမြတ်နိုးစရာ မျက်နှာလေးကို ချစ်ရည်ရွှန်းလက်သော မျက်ဝန်းအစုံဖြင့် စူးစိုက်ငေးမောကြည့်ရင်း ရင်လှိုက်သံဖြင့် သူဆိုလိုက်ခြင်း ဖြစ်ပါသည်။

"မေ့ကို မောင် မြင်မြင်ချင်း ချစ်ခဲ့ရတဲ့သူပါမေ၊ မောင့်ဘဝမှာ တစ်ခါမှ မဖြစ်ပေါ်ဖူးသေးတဲ့ အချစ်နဲ့ မေ့အပေါ်မှာ လှိုက်လှိုက်လှဲလှဲ ချစ်မိနေတယ်ဆိုတာ မေ ယုံကြည်စမ်းပါဗျာ"

"လုံမေ မောင်ချစ်တယ်၊ လက်ထပ်ပါရစေ"

"အို..."

"ကျွန်မကို သွားခွင့်ပြုပါတော့ရှင်"

ရှက်မွန်ပြာဝေစွာဆိုရင်း လုံမေ ကားတံခါးကို ဖွင့်ပြီး ဆင်းရန် ပြင်လိုက်သည်နှင့်..."





"အို... ကျွန်မလက်ကို လွှတ်ပါ၊ ဒေါက်တာ"

သူက လုံမေ့လက်ကလေးကို သူ့လက်ဖြင့် ဖမ်းယူဆုပ်ကိုင်လာခြင်းကြောင့် သူမ အလန့်တကြားလေး ရုန်းရင်း ဆိုလိုက်ခြင်း ဖြစ်သော်လည်း သူကတော့ လုံမေ့စကားကို မကြားသလို သူမလက်ကလေး ပို၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားရင်း...

"ညကြီးမိုးချုပ် မေတစ်ယောက်တည်း ဘယ်ကိုသွားမလို့လဲဗျာ၊ မောင့်စကားကို ဆုံးအောင်နားထောင်ပါဦး"

"ကျွန်မကို ဒီစကားတွေ ပြောနေသရွေ့ ကျွန်မ ဘာတစ်ခုမှ နားမထောင်နိုင်ဘူး၊ ဒေါက်တာ မဖြစ်နိုင်တာတွေကို မပြောပါနဲ့၊ ကျွန်မ မကြားချင်ဘူး..."

"ကျွန်မလက်ကို လွှတ်ပါ"

သူ လုံမေ့လက်ကလေးကို ညင်သာစွာ ဖြေလွှတ်ပေးလိုက်ပြီး လုံမေ့မျက်နှာလေးကို ခပ်ရဲရဲစူးစိုက်ကြည့်လိုက်သည်။

"မဖြစ်နိုင်တဲ့စကားတွေကို မောင် တစ်ခုမှ မဆိုမိသေးပါဘူး မေ၊ မေ့ကို မောင်ချစ်တာ မဖြစ်နိုင်တာလား"

"ကျွန်မအတွက်တော့ ဒေါက်တာ အခုပြောနေတဲ့ စကားတွေဟာ လုံးဝမဖြစ်နိုင်တဲ့ စကားတွေပဲရှင့်"

"ဘာဖြစ်လို့လဲ၊ မေ့မှာ မောင့်အရင်ဦးတဲ့သူ ရှိနေလို့လား၊ ဒါမှမဟုတ် မောင့်ကို မုန်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ ချစ်သူလဲ မရှိဘူး၊ မုန်းသူလဲ မရှိဘူး"

"ဒါဖြင့် မေဆိုလိုတာက... "

"ဟုတ်တယ်၊ ကျွန်မ ဒီတစ်သက် ဘယ်တော့မှ အိမ်ထောင်ပြုတော့မှာ မဟုတ်ဘူး"

"ဟင်... "

တည်ကြည်လေးနက်လှသော လုံမေ့မျက်နှာလှလှလေးကို ကြည့်ပြီး စိုင်းခမ်းညီရင်မှာ ပေါက်ကွဲချင်လာသည်။

"ကျွန်မကို အိမ်ပြန်ပို့ပေးပါတော့ ဒေါက်တာ၊ ကျွန်မ ဒေါက်တာကို လုံးဝမချစ်နိုင်ပါဘူး"

"မောင်ကတော့ မေ့ကို ချစ်တယ်၊ ချစ်လွန်းလို့ မရရင် မနေနိုင်အောင် ဖြစ်နေပြီ"

"အို... ရှင် လွန်လာပြီနော်၊ လိုက်မပို့ချင်လဲ နေတော့ရှင်၊ ကျွန်မဘာသာပဲ လမ်းလျှောက်သွားမယ်"

စိတ်လိုက်မာန်ပါလေး ကားပေါက ဆင်းရန် ပြင်လိုက်သည်နှင့်...

"မေ့"

"အို... အမေ့"

လုံမေ့တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲကို ထွေးခနဲ ရောက်ရှိသွားသည့် အဖြစ်ကြောင့် လုံမေ့တစ်ကိုယ်လုံး ထုပ္ပြာဝေသွားပါ





သည်။

"ရှင်... ရှင်... ဒါ ဘာလုပ်တာလဲ"

"လွှတ်"

"မလွှတ်ဘူး၊ မေ့ကို မောင်ချစ်တယ်"

"သိပ်ချစ်တယ် မေရှယ်"

"ချစ်တယ်"

အနမ်းမုန်တိုင်းတစ်ခု သူမမျက်နှာလှလှလေးထက် အရှိန်ပြင်းစွာ ပြိုလဲကျလာပါသည်။ လုံမေ့တစ်ကိုယ်လုံး စိုင်းခမ်းညီ၏ ရင်ခွင်ကြီးထဲမှာ စုပ်စုပ်မြုပ်သွားသည်။

"ချစ်တယ် မေရှယ်"

"မောင့်ကို ပြန်ချစ်ပါနော်"

"ရှင်နော်"

"ဟင့်အင်းဆို"

"အို... အို"

လုံမေ သူ့ရင်ခွင်ထဲက ရုန်းထွက်ရန် ကြိုးစားပေမဲ့ မရပါ။ သူက ဘယ်ညာခါယမ်းနေသော လုံမေ့မျက်နှာလှလှလေးကို သူ့လက်များဖြင့် ဖမ်းယူတည့်မတ်ပြီး အချိန်တိုင်း တမ်းတနေခဲ့ရသော ချိုမြိန်နွေးထွေးမှုကို အချိန်ကြာမြင့်စွာ ရှာဖွေရယူနေပါသည်။

ခပ်ဖျော့ဖျော့သင်းမွှေးသော သူ့ကိုယ်သင်းနံ့ကြားမှာ ရစ်မူး



www.burmeseclassic.com

www.burmeseclassic.com



ရှိဝေကာ ညှို့ငင်ဖြားယောင်းနေသော လှိုက်လှဲပြင်းပြသော ချစ်အနမ်းကြားမှာ လုံမေ စကားသံလေးများ ပျောက်ဆုံးသွားပါသည်။

အချိန်လေးတွေ ရှည်ကြာသွားသည်နှင့်အမျှ လုံမေ့ပါးပြင်ပေါ် ပူနွေးသော မျက်ရည်စလေးတွေ စီးကြလာသည်။

"မေ"

"ဖြန်း"

"အဟင့်... ဟင့်... ဟင့်"

"မေရယ်"

အသားချင်း ထိခတ်သံအဆုံးမှာ လုံမေ ရှက်ရွံ့ကြေကွဲစွာ သူ့မျက်နှာလှလှလေးကို လက်ဖဝါးနှစ်ဖက်ပေါ် မှောက်အပ်ကာ ကိုယ်လေးသိမ့်သိမ့်တုန် ရှိုက်ငိုလိုက်မိပါတော့သည်။

"မေရယ်၊ မောင့်ကို ခွင့်လွှတ်ပါဗျာ၊ မေ့ကို သိပ်ချစ်ရလွန်းလို့ အခုလို..."

"အို... တော်ပါတော့"

"ကျွန်မကို အိမ်ပြန်ပို့ပေးပါ"

မျက်ရည်စက်တို့ ပေကျံနေသည့် မျက်နှာလှလှလေးကို မြတ်နိုးစုံမက်စွာ စူးစိုက်ကြည့်ရင်း သူ သက်ပြင်းရှိုက်လိုက်ပါသည်။

ထို့နောက် ချစ်သူအလိုကျ ကားကို နေရာမှ မောင်းထွက်ခဲ့လိုက်သည်။ သူ့ရင်ထဲမှာတော့ လုံမေ့ကို ချစ်သည့်အချစ်စိတ်များ





ဖြင့် လှိုက်ဖိုနွေးထွေးလျက် ရှိပါသည်။

"မေ့..."

ချစ်ရသူ၏ အမည်လေးကို လှိုက်လှဲသောရင်ဖြင့် သူခေါ်လိုက်မိသည်။ လုံမေက သူ့ကိုမကြည့်သလို ထူးလည်းမထူးပါ။

"အခုချိန်ကစပြီး မောင့်အချစ်ကို မေ လက်ခံစဉ်းစားပေးစေချင်တယ်၊ မောင့်ဘဝမှာ မေမရှိလို့ မဖြစ်ဘူး"

"မေ့ကို မောင် ချစ်တယ်"

"သိပ်ချစ်တယ် မေရယ်"

လုံမေ့ထံမှ ဘာသံမှ ထွက်မလာပါ။

သူမအိမ်ရှေ့မှာ ကားရပ်လိုက်သည်နှင့် လုံမေက သူ့ကို တစ်ချက်လှည့်မကြည့်ဘဲ ကားပေါ်က ခပ်သွက်သွက်လေး ဆင်းပြေးသွားတာကို ကြည့်ပြီး သူ ရင်မောစွာ ကျန်ရစ်ခဲ့ပါသည်။

မင်းကြောင့် မောင်ရူးတော့မယ် မေရယ်...။

* * *



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

သူ့ကို မြင်လိုက်သည်နှင့် မျက်နှာလှလှလေး တင်းမာလျက် ဖျပ်ခနဲ အကြည့်လွှဲသွားသော ချစ်သူလှလှလေးကြောင့် စိုင်းခမ်းညီ ရင်မှာ မချင့်မရဲစိတ်ဖြင့် မေ့မျက်နှာလှလှလေးကို ရူးစိုက်ကြည့်ပစ် လိုက်ပါသည်။

လုံမေလုပ်ပုံတွေက သိပ်ကို လွန်နေပါပြီ။ သူ့ကို လုံးဝ အတွေ့မခံသလို စကားလည်း မပြော၊ တစ်ခါမှမတွေ့ မမြင်ဖူးသူ တစ်ယောက်လို့ လုပ်နေပုံလေးက သူ့ရင်ထဲက မျိုသိပ်ထားရသော အချစ်စိတ်များကို ပေါက်ကွဲအောင် လုပ်နေသလို ဖြစ်နေတာကို သူမ သိမည်မဟုတ်ပါ။





သူနှင့် ပြဿနာဖြစ်ပြီးကတည်းက လုံမေ့အပေါ်မှာ သူ့တပည့် ကျောင်းသားကျောင်းသူလေးများ တစ်ယောက်မဟုတ်တစ်ယောက် ကျောင်းသွားကျောင်းပြန် အတူခေါ်ထား၍ သူမ၏ ဂုဏ်သိက္ခာကို ထောက်ပြီး အနားကပ်ခွင့် မသာသလို ကျန်သည့်အချိန်များကျပြန် တော့လည်း မေ့အရိပ်အယောင်လေးကို မြင်တွေ့ခွင့်မရအောင် ကော ရှောင်ပုန်းနေတတ်ပါသည်။

ချစ်သူ၏ မျက်နှာလှလှလေးကို မြင်တွေ့လိုလှသော စိုင်းခမ်း ညီတစ်ယောက်မှာသာလျှင် သူမနှင့် မျက်နှာချင်းဆိုင် စကားပြောခွင့် ရအောင် အခွင့်အရေးစောင့်ရင်း သူမကိုသာ အချိန်တိုင်း တမ်းတ လွမ်းဆွတ်နေရပါသည်။

ဒီနေ့တော့ သူ ဘယ်လိုမှ နေလို့မရတော့သည့်အဆုံး မေတင် ယောက် သူမ လျှော်ဖွပ်ထားသည့် တစ်ပတ်စာအဝတ်များကို အလှန်းမှာ ခြစ်ည်းရိုးနား လှစ်ခနဲရောက်သွားကာ လုံမေ အမည်လေးကို ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

"မေ"

"မေ"

"ဆရာမေ ခေါ်လုံမေ"

သူ လုံမေ့အမည်လေးကို အဆက်မပြတ် ခေါ်ပစ်လိုက်သည်။ လုံမေ မကြားချင်ဟန် ဆက်ဟန်ဆောင်နေ၍ မရတော့



www.burmeseclassic.com

www.burmeseclassic.com



သူရှိရာဘက်ကို ဆတ်ခနဲလှည့်ကြည့်လာပြီး ဒေါသမျက်ဝန်းအလေးများဖြင့် စူးစိုက်ကြည့်ကာ...

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဒေါက်တာ ဘာကိစ္စ ကျွန်မနာမည်ကို ဒီလောက်ခေါ်နေရတာလဲ"

"မေကရော မောင်ခေါ်နေတာ ကြားရက်သားနဲ့ ဘာလို့ မထူးတာလဲ"

လုံမေ စိတ်ညစ်သွားသည်။

သူ့ကိုယ်သူ မောင်တွေမေတွေနှင့် ပြောချင်တိုင်း ပြောနေတာက အရေးမကြီး။ လူအများကြားမှာ ဒီလိုလျှောက်ပြောနေလို့ကတော့ လုံမေ တစ်ယောက် ရှက်တာနှင့် သေရပါလိမ့်မည်။

"ဒီမှာ ဒေါက်တာ"

"မောင့်ကို အဲ့ဒီလိုမခေါ်ဖို့ မေ့ကို မောင်ပြောထားတယ် မဟုတ်ဘူးလား"

"အို..."

သူ့ပုံစံက ခပ်တည်တည်...။

လုံမေ့အပေါ်မှာ ဘာအပြစ်မှ ကျူးလွန်ထားခြင်း မရှိသလို ပုံစံမျိုးနှင့် လုံမေ့မျက်နှာလေးကို ရွှန်းရွှန်းစားစား စူးစိုက်ကြည့်နေပုံကိုက ဒီကမ္ဘာပေါ်မှာ သူနှင့်လုံမေ နှစ်ယောက်တည်း ရှိနေသည့် ပုံစံမျိုး ဖြစ်သည်။





"ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ ဒေါက်တာ"

"မေ့ကို ချစ်တာ နှောင့်ယှက်တာလား"

"ရှင့်ကို ကျွန်မမှမချစ်ဘဲ"

မေချစ်လာနိုင်တဲ့အထိ မောင့်ဘက်က ကြိုးစားမှာပေါ့"

"ဒီတစ်သက် ကျွန်မ အိမ်ထောင်မပြုတော့ဘူးလို့ ရှင့်ကို ဘယ်နှစ်ခါ ပြောရမလဲ"

"ဘယ်နှစ်ခါမှ မပြောနဲ့၊ မောင်လက်ထပ်မယ့် မိန်းကလေးက ဟောဒီက မေတစ်ယောက်တည်းပဲ"

"မေ့ကိုပဲ မောင်ချစ်တယ်၊ မေ့ကိုပဲ လက်ထပ်မယ်"

လုံမေ့ဘက်က အပြတ်ပြောသလို စိုင်းခမ်းညီကလည်း သူဖြစ်ချင်တာကို ခွတ်တိုးပြောလိုက်ပါသည်။ သူ့စကားကြောင့် ဒေါသဖြင့် နီရဲခက်ထန်သွားသည့် လုံမေမျက်နှာလှလှလေးကို ကြည့်ကာ စိုင်းခမ်းညီ နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသည်။

အနက်ရောင် လည်ဟိုက်စပို့ရှပ်လေးကြောင့် ဝင်းဝါနေသော အသားဆိုင်လေးများက ဖွေးနုဝင်းနစ်လျက် ရေစိုနေသည့် ခန္ဓာကိုယ်အောက်ပိုင်းက မယ်တစ်ယောက်လို့ ခါးသေးသေးလေး၊ တင်ကားကားပိုင်ရှင်နှင့် လှချင်တိုင်းလှနေသူက သူ့အသည်းပြင်မှာ နက်ရှိုင်းစူးနစ်စွာ စွဲထင်သူလေး ဖြစ်ပါသည်။

အလှတွင် အယဉ်ဆင့်ကာ ဘယ်လိုပဲကြည့်ကြည့်၊ ဘယ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



နေနေ သူမပုံစံလေးက စိုင်းခမ်းညီ၏ ရင်ကို ပူဆွေးလှုပ်ခတ်အောင် ပြုစားနိုင်လွန်းလှသည်။

သိပ်လှတော့ သိပ်ချစ်မိသည်။

ချစ်မိသူကို အပြစ်ရှိသည်ဟု ဆိုခဲ့မည်ဆိုလျှင်တောင် သူ့ရင်ထဲက အချစ်တွေကို သူ ဘယ်လိုမှ ပြန်ရုပ်သိမ်းပေးတော့မည် မဟုတ်ပါ။

"ရှင်... ရှင် ဘယ်လိုလူလဲ"

"လုံမေ့ကို သိပ်ချစ်တဲ့လူပေါ့"

"ဟင်..."

ရှက်ဒေါသနှင့် လုံမေ့ရင်မှာ ခံပြင်းဒေါသဖြစ်ရပြန်ပါသည်။

"မိန်းကလေးတစ်ယောက်က ကိုယ့်ကို လုံးဝမချစ်နိုင်ပါဘူး လို့ အပြတ်ပြောထားပြီးပြီပဲ"

"မောင်လိုချင်တာ အဲ့ဒီအဖြေမဟုတ်ဘူး"

"အို... ရှင့်ကိုယ်ရှင် တမောင်တည်း မောင်နေတာ နည်းနည်းမှ မရှက်ဘူးလား"

"အချစ်မှာ အရှက်မရှိဘူး"

"ကြည့်စမ်း၊ ရှင် ရှင် ကိုယ့်ဂုဏ်သိက္ခာကိုတောင် မထောက်တော့ဘူးလား"

ရဲတင်းဝံ့စားလွန်းသူကြောင့် လုံမေ ဒေါသဖြင့် တုန်ယင်စွာ ဆိုလိုက်ပါသည်။





"မောင့်ချစ်သူကို ချစ်တဲ့အကြောင်းပြောတာ၊ ဘာဂုဏ်သိက္ခာမှ ထိခိုက်စရာ မရှိဘူးထင်တယ်"

"လုံမေကို မောင်ချစ်တယ်၊ လုံမေကလဲ မောင့်ကို ပြန်ချစ်ဖို့ စဉ်းစားထားပါ"

"ရှင်က လူကိုလာပြီး အမိန့်ပေးနေတာလား"

"အမိန့်ပေးတာ မဟုတ်ဘူး၊ မေ့ကို သိပ်ချစ်လို့ တောင်းဆိုနေတာ"

"မောင့်ကို ပြန်ချစ်လိုက်စမ်းပါ မေရယ်၊ ချစ်တယ်မဟုတ်လားဟင်"

"မချစ်ဘူးရှင့်၊ မချစ်ဘူး၊ နောက်ကို ဒီလိုအရှက်မရှိ စကားတွေ ကျွန်မကို လာမပြောပါနဲ့"

"မေ"

လုံမေက သူ့ကို တစ်ချက်လှည့်မကြည့်ဘဲ သူမ အိမ်လေးထဲကို ဝင်ရောက်သွားလိုက်ပြီ ဖြစ်ပါသည်။

ဟား... ။

မောင့်ရဲ့မေရယ်... ။

တစ်ရက်... ။ နှစ်ရက်... ။ သုံးရက်... ။

သူ ဘယ်လိုမှ နေလို့မရတော့ပါ။ သူ့ဘက်က တစ်ခုခု ပြတ်သားမှ ဖြစ်တော့မည်ဆိုတာ စိုင်းခမ်းညီ နားလည်သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရပါပြီ။

ဆုံးဖြတ်ချက်နှင့်အတူ သူ လုံမေ့အိမ်လေးကို တစ်ချက် လှမ်းကြည့်လိုက်ပါသည်။ သူမခြံဝန်းထဲမှာ စာသင်ရန် ရောက်နေသော ကျောင်းသားကျောင်းသူ လေးငါးဦးကို တွေ့လိုက်ရသည်။

သူ နာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ ညနေခင်း ကျောင်းဆင်းချိန်မှာ သူမနှင့်အတူ လိုက်ပါလာသော ကျောင်းသားများ ဖြစ်ပြီး မိုးချုပ်မှ ပြန်သွားကျတာကို သူသိပါသည်။

သူမနှင့်သူ ဒီနေ့တော့ အကျေအလည်ဆွေးနွေးမည်ဟု ဆုံးဖြတ်ထားပါသည်။ နေ့လယ်က ဆေးရုံကို ကိုကို စာရောက်လာသည်။

ထူးထူးဆန်းဆန်း စာရေးလာသဖြင့် သူ-ပို၍ အံ့ဩရသည်။ ကိုကိုက စာရေးပျင်းသူ။ သူ နိုင်ငံခြားကို ပညာတော်သင်သွားနေတုန်းကတောင် စာ လေးငါးခြောက်စောင်ထက် ပိုမရေးခဲ့သူ။

ကိုကို့စာလေးကို သူ ဖတ်ပြီးပါပြီ။ သူ့ကို အိမ်ထောင်အမြန်ဆုံးပြုဖို့ တိုက်တွန်းရေးသားထားသည့်စာ။

ကိုကို့တွင် အိမ်ထောင်ရှိပါသည်။

ခက်တာက သားသမီးမရခြင်း ဖြစ်သည်။ ကိုကို့ဘက်က ချို့ယွင်းချက်မရှိပါ။ ကိုကို့ဇနီးသည်ကလည်း ချို့ယွင်းချက်မှ မရှိသည်မို့ ဘာတစ်ခုမှ မတတ်နိုင်သူများ ဖြစ်နေသည်။ သားသမီးကို မွေးစားကြဖို့ကတော့ လင်မယားနှစ်ယောက်စလုံးက စိတ်မဝင်စား။





သူတို့ရင်သွေးစစ်စစ်ကို လိုချင်တောင့်တနေကြသော်လည်း ဘုရားက မပေးသဖြင့် စိတ်ကူးတိုင်း ဖြစ်မလာ။

သူတို့ညီအစ်ကိုဘဝမှာ လိုတရ ပြည့်စုံကြပါသည်။ မပြည့်စုံ လိုတ၍ မရသည်က သားသမီးရတနာ ဖြစ်ပါသည်။

သူတို့အတွက် အမွေဆက်ခံရန် သားသမီးရတနာက အရေးကြီးလှသည်။ သူ အိမ်ထောင်ပြုလျှင် သားသမီးတွေ အများကြီး ယူမည်ဟု စဉ်းစားထားသည်။

သားရယ်၊ သမီးရယ်တို့ မရှိတော့ ကိုကိုတို့ အိမ်ထောင်ရေးကြီးက အေးစက်ခြောက်သွေ့နေတာကို သူကိုယ်တိုင် မြင်တွေ့ခံစားခဲ့ရသည်။ ကိုကို့ဇနီးက ပျော်သလို နေသလို ကိုကိုကိုယ်တိုင်ကလည်း အကြောင်းအမျိုးမျိုးနှင့် အိမ်ကပ်သည်မရှိပါ။

အပြင်မှာ အလုပ်ကိစ္စတွေနှင့် အချိန်ကုန်နေတတ်သလို မမချယ်ရီကလည်း လောင်းကစားဝိုင်းမှာ အချိန်ကုန်နေတတ်ပါသည်။ လင်ရယ် မယားရယ်လို့လည်း အမြဲတမ်း ပျော်ရွှင်ရယ်မော ကြည်နူးနေတာမျိုးလည်း မရှိ။

ချစ်၍ လက်ထပ်ခဲ့ကြရသူများ မဟုတ်လို့ပဲလား မသိပါ။ ကိုကိုက သူနေတတ်သလို နေပြီး မမချယ်ရီကလည်း ကိုကို့နည်းတူ ဖြစ်ပါသည်။

သူတို့လက်ထပ်ပွဲတုန်းက စိုင်းခမ်းညီ မတက်ရောက်နိုင်ခဲ့ပါ။ လက်ဖွဲ့ပစ္စည်းကိုသာ လူကြုံနှင့် အရောက်ပို့ပေးနိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း သူပြန်ရောက်ပြီးမှ တွေ့ရှိရသော ကိုကိုတို့၏ အိမ်ထောင်ရေး အနှစ်သာရက ထိုမျှဖြစ်ပါသည်။ ကိုကို့မှာ ချစ်သူ ရှိခဲ့ဖူးသလိုလို ကြားရသော်လည်း ထိုချစ်သူနှင့် ဘာကြောင့် လက်မ ထပ်ဖြစ်သလဲမသိပါ။

သူသိရသလောက်တော့ မမချယ်ရီကို ကိုကို လုံးဝမချစ်ဟု နားလည်နေပါသည်။ ဒါပေမဲ့ ကိုကိုနှင့် ဆန့်ကျင်ဘက်ဖြစ်သော မမချယ်ရီက ကိုကို့အပေါ်မှာ အတော်လေး ချစ်ခင်မြတ်နိုးတာကို သူ သိခွင့်ရခဲ့ပါသည်။

မမချယ်ရီ သည်းခံ အလိုလိုက်လွန်းသဖြင့် ကိုကိုတို့ အိမ်ထောင် ရေး ဤမျှ မြဲမြံနိုင်မာနေခြင်းဖြစ်ကြောင့် သူ ကောင်းစွာ သဘော ကောင်းခဲ့သည်။

ကိုကို့ပုံစံက မမချယ်ရီအပေါ်မှာ ချစ်သည်လည်းမဟုတ်။ မချစ်ဘူးလည်းမဟုတ်။ အိမ်ထောင်ဦးစီး ယောကျာ်းတစ်ယောက်အနေ နှင့် မမချယ်ရီ စိတ်တိုင်းကျ အားလုံးဖြစ်စေခဲ့သလို ကိုကို့ကြောင့် မမချယ်ရီ ဘယ်တုန်းကမှ မျက်နှာမငယ်စေခဲ့ရပါ။

အနေအထိုင် တည်ကြည်အေးစက်နေကြရခြင်းကတော့ အနား မှာ တီတီတာတာ ချွဲနွဲ့မည့် သားသမီးရတနာမရှိခြင်းကလည်း အဓိက အကြောင်းတရားဟု သူထင်ပါသည်။

ကိုကိုက သူမျှော်လင့်တာတွေ ဖြစ်မလာတော့ သူအလိုချ အတောင့်တဆုံး စိတ်ဆန္ဒကို ညီဖြစ်သူ စိုင်းခမ်းညီအပေါ်မှာ





မျှော်လင့်နေပါသည်။

ထို့ကြောင့် သူ့ကို အမြန်ဆုံး အိမ်ထောင်ပြုရန်နှင့် များပြား လှသော အမွေအနှစ်များအတွက် အမွေဆက်ခံရန် ရင်သွေးရတနာများ အထူးလိုအပ်ပါကြောင်း ထည့်သွင်းရေးသားထားပါသည်။

ကိုကိုကိုယ်တိုင်က ကလေးသိပ်ချစ်တတ်သူ တစ်ယောက်ဖြစ် သလို ကိုကို့ညီ သူကိုယ်တိုင်ကလည်း ကလေးချစ်တတ်သူ ဖြစ်ပါ သည်။

ကိုကိုက လက်ထပ်ရမှာ ကိုယ်တကယ်ချစ်မြတ်နိုးသူကို သာ လက်ထပ်ယူသင့်ကြောင်း အိမ်ထောင်ပြုရန် သင့်တော်ရုံမျှနှင့် လက်မထပ်သင့်ကြောင်းကိုပါ ရေးသားထားရာ ကိုကို့ရင်ထဲက ခံစားချက်ကို တစ်စွန်းတစ်စ ရိပ်မိသလို ရှိခဲ့သည်။

ကိုကိုပြောသလို သူ အသက်မက ချစ်မြတ်နိုးရသော ချစ်သူ ကို တွေ့ခဲ့ရပါပြီ။ သူမဆီက အချစ်ကို ရရှိသည်နှင့် အမြန်ဆုံး လက်ထပ်ရန်လည်း ဆုံးဖြတ်ထားပြီး ဖြစ်ပါသော်လည်း သူ့အသက် ကော ချစ်မြတ်နိုးရသူက သူ့ကို လုံးဝမချစ်နိုင်ပါဟု ပြတ်သားစွာ ငြင်းဆန်ခဲ့သလို ဒီတစ်သက် အိမ်ထောင်မပြုတော့ပါဟု၍လည်း ကောင်းမာစွာ တုံ့ပြန်ခဲ့ပါသေးသည်။

"အဟွန်း…"

အမြီးအမောက် မတည့်လွန်းသော သူ့အဖြစ်ကို အသံထွက်၍



www.burmeseclassic.com

www.burmeseclassic.com



သူ ရယ်လိုက်ပါသည်။

ချစ်ရသူနှင့် သူက ထာဝရအတူနေလိုသည်။ သူ ချစ်မြတ်နိုး ရသော ချစ်သူက သူနှင့် အတူမနေလိုရုံမက အိမ်ထောင်ပြုရန်ပင် မစဉ်းစားပါဟု ဆိုလာလေသူ။

ဆန့်ကျင်ဘက်အရာနှစ်ခုကို သူ ဘယ်လိုပေါင်းစည်းအောင် ကြံဆောင်ရမည်နည်း။ ထိုအဖြေကို သူ တစ်နေ့လုံး စဉ်းစားခဲ့ပြီးပါပြီ။

ရရှိလာသော အဖြေက တစ်ခုတည်း ဖြစ်ပါသည်။ ထိုအရာက တော့ တခြားမဟုတ်ပါ။ သူမထံမှ အချစ်ကို သူ့ဘက်က အင်အား ပြင်းထန်သော အချစ်များဖြင့် ဖွတ်အတင်း ရယူရန် ဖြစ်သည်။

ချစ်သူထံမှ အချစ်ကို သူ့အနေဖြင့် ထိုသို့ ရယူလိုစိတ်မရှိပါ။ ဖြစ်နိုင်သျှင် သူမထံမှ အချစ်ကို အညင်သာဆုံး အနူးညံ့ဆုံး တောင်းဆိုခွင့် ရချင်ပါသည်။

သို့ပါသော်လည်း ထိုအခြေအနေကို သူမဘက်က လုံးဝ ခွင့်ပြုလိုက်လျောခြင်း မရှိပါ။ သူ လုံမေ့ကို နှစ်ယောက်တည်း စကားဆိုခွင့်ပြုဖို့ အကြိမ်ကြိမ် တောင်းဆိုဖူးသလို သူ့အချစ်မေတ္တာကို လေးနက်စွာ စဉ်းစားလက်ခံပေးဖို့ ပြောခဲ့ဖူးပါသည်။

ခေါင်းမာလှသော ချစ်သူက သူ့စကားကို လွယ်ကူစွာ ခေါင်းညိတ်လက်ခံပေးခဲ့ခြင်း မရှိရုံမက သူ့ကိုပင် ရွံစရာကြောက်စရာ သတ္တဝါတစ်ကောင်လို ကြည့်ရှုပြောဆိုဆက်ဆံပုံကြောင့် သူ့ရင်မှာ





အခံရခက်အောင် နာကျင်ခဲ့ရပါသည်။

သူ့ကိုယ်သူ အကြိမ်ကြိမ် မေးခဲ့ပြီးပါပြီ။

သူ့ဘဝမှာ သူမမရှိလို့ မဖြစ်ပါဆိုသည့် အဖြေကလွဲပြီး တခြားအဖြေ မရှိခဲ့ပါ။

ဒီတော့လည်း သူ့အချစ်ကို အယုံအကြည်မရှိသော ချစ်သူ ကို သူ့အပေါ် ယုံကြည်လာအောင် သူ့ဘက်က အစွမ်းကုန်ကြိုးစား ရန် စဉ်းစားခဲ့ပြီးပါပြီ။

သူရေချိုးပြီး ညစာစားလိုက်သည်။ သိပ်မကြာပါ။ ကျောင်း သားလေးများ၏ နှုတ်ဆက်သံနှင့်အတူ အိမ်ပြန်သွားတာကိုပါ မြင် လိုက်ရသည့်အတွက် သူ လုံမေ့အိမ်ဘက်ကို ကူးခဲ့သည်။

"မေ"

"ဟင်... ရှင်"

"မောင့်ကို တံခါးဖွင့်ပေးပါဦးဗျာ၊ မောင် မေနဲ့ စကားပြောစရာ ရှိလို့ပါ"

"အို... ရှုပ်ရှုပ်ယှက်ယှက်၊ ကျွန်မမှာ ရှင်နဲ့ ဘာစကားမှ ပြောစရာမရှိဘူးရှင့်"

လုံမေမှာ ကလေးတွေကို လိုက်ပို့ပေးအပြီး ခြံတံခါးလေးကို ပိတ် တံခါးရှေ့မှာ မားမားကြီး ရိပ်လာသည့် စိုင်းခမ်းညီ မျက်နှာ ချောကြီးကို မြင်လိုက်ရသည်နှင့် မျက်နှာလှလှလေး တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ခက်ထန်သွားရကာ စကားကို ပြတ်သားစွာ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

"မေ့မှာ ပြောစရာမရှိပေမဲ့ မောင့်မှာ ပြောစရာစကားတွေ အများကြီးရှိတယ်ဆိုတာ မေသိမှာပါ"

"ကျွန်မက ဘာကိုသိရမှာလဲ၊ ရှင်ပြန်ပါ ဒေါက်တာ"

"မောင့်ကို မေ တံခါးဖွင့်ပေးမလား၊ မပေးဘူးလားဆိုတာပဲ မောင် သိချင်တယ်"

"ဟင်... "

ပြောပုံက ပိုင်စိုးပိုင်နင်း ရှိလှချည်လား။ လုံမေ့ကိုများ သူ့ပိုင်ပစ္စည်း မှတ်နေသလား မသိပါ။

"မဖွင့်ပေးနိုင်ဘူးရှင့်၊ ရှင်ပြန်ပါ"

"ကောင်းပြီလေ၊ ရိုးရိုးသားသားပြောတာ မေကမှ လက်မခံဘဲ ပြန်ဆိုလဲ ပြန်ရုံပေါ့၊ ဒါပေမဲ့ မေသိအောင် မောင်တစ်ခုတော့ ပြောမယ်"

"အခုချိန်ကစပြီး မေဟာ မောင့်ရဲ့ချစ်သူ၊ မောင်လက်ထပ်မယ့် ဇနီးလောင်းဆိုတာ မေ မြဲမြဲမှတ်ထားပါ"

"အို.... "

ကြည့်စမ်း... ။

လုံမေ့ကို သူ ပြောချင်ရာပြောပြီး ကျောခိုင်းထွက်ခွာသွား သူကို ကြည့်ကာ လုံမေ့မှာ ဒေါသလေးတွေနှင့် ဆွေ့ဆွေ့ခုန်ပြီး





ကျန်ရစ်ခဲ့ရပါသည်။

ချောမောခန့်ညားသည့် ရုပ်သွင်၊ တည်ကြည်ခန့်ညားသည့် အသွင်နှင့် မလိုက်ဖက်အောင် လုံမေ့အပေါ်မှာ တစ်ဖက်သတ် တစ်ဇွတ်ထိုး ပြုမူပြောဆိုလာတာကိုတော့ လုံမေ့ရင်မှာ မခံချင်ဖြစ်မိပါ သည်။

သို့ပါသော်လည်း လုံမေဆိုတာက မိန်းမသားမို့ သူ့လိုလူ နှင့် ဖက်ပြိုင်ပြောနေ၍ မဖြစ်သည့်အတူ ခြံတံခါးကို သော့ခတ်ပြီး ဒေါသလေး တဝေဝေနှင့် အိမ်ထဲကို ဝင်ခဲ့လိုက်ပါသည်။

အခုမှ လုံမေ့အတွက် ခက်နေရပါပြီ။ လုံမေ့ကို မေတ္တာတောင်း ခံသူများစွာနှင့် ကြုံဆုံဖူးပါသည်။ ဘယ်သူမှ သူ့လို တစ်ဇွတ်ထိုးဆန် ဆန် ပြုမူပြောဆိုခဲ့ကြသူ မရှိပါ။

လုံမေက အလိမ္မာနည်းဖြင့် ယဉ်ကျေးစွာ လက်မခံနိုင်သည့် အကြောင်း ငြင်းပယ်လျှင် အားလုံးက အလွယ်တကူ လက်လျော့ လက်ခံလိုက်ကြသူများ ဖြစ်ပြီး မည်သူကမှ ဇွတ်အတင်း ချစ်ရကြိုက် ရမည်ဟု မပြောခဲ့ကြပါ။

အခုတော့ စိုင်းခမ်းညီဆိုသည့် ဆရာဝန်ကိုလူချောက ထိုသို့ မဟုတ်ပါပြီ။

သူ့အချစ်ကို လုံမေ လက်မခံနိုင်ပါဘူးဆိုတာကို လုံးဝ လက်မခံသလို၊ ဒီတစ်သက် လုံမေ အိမ်ထောင်မပြုတော့ပါဘူးဆိုမှ



www.burmeseclassic.com

www.burmeseclassic.com



သူ လက်ထပ်မည့် မိန်းကလေးက လုံမေပဲ ဖြစ်ရမည်ဟု သူ ပြောချင်ရာ ပြောနေသည်။

စိတ်ညစ်ညူး ရှုပ်ထွေးခြင်းများစွာဖြင့် လုံမေ ပစ္စည်းလေးများကို သိမ်းဆည်းကာ အိမ်တံခါးများကို လိုက်ပိတ်နေမိပါသည်။

နောက်ဆုံး အိမ်တံခါးမကြီးကိုပိတ်ရန် သူမကိုယ်လေးကို လှည့်လိုက်စဉ်မှာတော့…

"မေ"

"ဟင်… ရှင်… ရှင်၊ ဘယ်လိုလုပ်ပြီး ကျွန်မ အိမ်ထဲကို ရောက်နေရတာလဲဟင်"

ညွှံခန်းအလယ်တွင် မားမားကြီး ရပ်နေသည့် စိုင်းခမ်းညီ၏ အသွင်ချောချောက ယောက်ျားပီသစွာ ခန့်ညားချောမွေ့နေရုံမက မရယ်မပြုံး မျက်နှာထားဖြင့် လုံမေ့ကို တည်တည်စူးစူးကြီး စူးစိုက်ကြည့်နေပုံကြောင့်…

လုံမေ မျက်ဝန်းလေးအစုံမှာ ပြူးကျယ်ဝိုင်းစက်သွားရပြီး သူ့မျက်နှာချောချောကိုကြည့်ပြီး အမှတ်ထိတ်လန့်လာရပါသည်။

"ရှင်… ရှင် ကျွန်မမေးနေတာ မကြားဘူးလား"

"ကြားပါတယ်ဗျာ၊ ရိုးရိုးသားသား တွေ့ပါရစေ၊ စကားပြောပါရစေဆိုတုန်းက မေက မောင့်ကို လက်ခံခဲ့လို့လား"

"အို… ဒါကတော့ ကျွန်မမှ ရှင့်စကားတွေကို နားမထောင်ချင်





တာပဲရှင့်"

"မောင်က သိပ်ပြောချင်နေတော့ ဘယ့်နှယ့်လုပ်မလဲ၊ မရရတဲ့နည်းနဲ့ တွေ့ခွင့်ရအောင် ကြိုးစားရတာပေါ့ဗျာ…"

"မောင် ဘယ်လိုလုပ်ပြီး မေ့ရှေ့ကို ရောက်လာသလဲဆိုတာ မေ သိချင်နေတယ် မဟုတ်လား"

"လွယ်ပါတယ်မေ၊ ခြံနောက်ဘက်ကနေပြီး ဟောဟို ခြံစည်းရိုးကို ကျော်တက်ခဲ့တာလေ"

"အို…"

သူ့အဖြေကြောင့် လုံမေက သူ့ကို ကြောက်ရိပ်ဝိုင်းသော မျက်ဝန်းကြီးများဖြင့် စူးစိုက်ကြည့်ရင်း…

"ရှင် ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ရှင် စိတ်ထင်ရာ လျှောက်လုပ်နေတာတွေကို တခြားတစ်ယောက်ယောက် တွေ့သွားရင် ကျွန်မအတွက် ဘယ်လောက် ပြဿနာ ဖြစ်နိုင်မယ်ဆိုတာ ရှင် မစဉ်းစားမိဘူးလား…"

"ရှင့်ကိုယ်ရှင်ရော ဆယ်ကျော်သက်အရွယ် လူငယ်လေးတစ်ယောက်လိုများ ထင်နေသလားရှင့်…"

"ရှင် အခုပြန်ပါ ဒေါက်တာ၊ ရှင့်ကို ကျွန်မ ဘယ်နည်းနဲ့မှ လက်ခံစကားမပြောနိုင်ပါဘူး"

"မေ့ဘက်က မပြောချင်လဲ ရပါတယ် မောင်၊ ပြောတာကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံ...ပေးရင်ပဲ ကျေနပ်လှပါပြီ"

သူ့...ကြောင့် လုံမေ စိတ်ရှုပ်ထွေး ဒေါသဖြစ်စွာ နှုတ်ခမ်းလေးကို ကိုက်လိုက်သည်။ မျက်နှာလှလှလေး မှုန်နေတာကို ကြည့်တော့ ကိုကြည့်ရင်း သူ့ စိတ်ထဲမှာ ပို၍ မချင့်မရဲ မရိုးမရွ ဖြစ်လာမိသူက စိုင်းခမ်းညီ ဖြစ်သည်။

"ရှင်ပြောမှာ ဘာစကားတွေလဲ၊ မဖြစ်နိုင်တာတွေဆိုရင်တော့ လုံးဝမပြောပါနဲ့"

"ကျွန်မ မကြားချင်ဘူး"

"မောင်ပြောမှာက ဖြစ်နိုင်တာတွေပါ"

"ကဲ ဒါဖြင့်လဲ မြန်မြန်ပြောပြီး ပြန်ရှင်"

"မေ့ကို ချစ်တယ်"

"အို..."

စကားနှင့်အတူ လုံမေ့တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ ရောက်သွားရပါသည်။ အနမ်းမုန်တိုင်းလေးတစ်ခု လုံမေ့မျက်နှာလှလှလေးထက် တိုးဝေ့ပူးကပ်သွားသလို နှင်းဆီဖူးနှုတ်ခမ်းလေး နွေးထွေးသွားသည်။

လုံမေက သူ့ရင်ခွင်နှင့် သူ့အနမ်းများကြားတွင် ရှက်လန့်တုန်လှုပ်လျက် ရင်ဖိုနွေးလှိုက်ရသလို ခံပြင်းဒေါသစိတ်လေး တစ်ဝက်နှင့် နှလုံးသားမှာ တုန်ယင်မောဟိုက်နေရပါသည်။

"မေရယ်... ချစ်တယ်၊ မောင့်ကို ချစ်တယ်လို့ ပြောလိုက်စမ်း





ပါ အချစ်ရယ်"

ကမူးရှူးထိုး အနမ်းများကြားတွင် အချစ်မူးသံ ဗလုံးဗထွေးနှင့် လှိုက်လှဲထက်သန်စွာ သူ ဆိုလိုက်သည်။ သူ့ရင်ခွင်ကျယ်ကြီးအတွင်း တင်းကျပ်စွာ နှောင်ဖွဲ့ထားသည့် အာရစ်အသိုင်းများကြားမှာ လုံမေ ဘယ်လိုမှ ရုန်းမထွက်နိုင်အောင် ဖြစ်နေပါသည်။

"ချစ်တယ် မေရယ်၊ သိပ်ချစ်တာပဲ"

"မောင့်ကို ချစ်တယ်လို့ ပြောစမ်းပါ အသက်ရယ်"

"မောင် တောင်းပန်ပါတယ်၊ အသနားခံပါတယ်ဗျာ၊ မောင့်ကို ပြန်ချစ်ပါနော်"

တင်းကျပ်လွန်းသဖြင့် နစ်ဝင်ပူးကပ်နေသော နွေးထွေးနူးညံ့ပျော့ပျောင်းသည့် အတွေ့ထူးမှာ မူမမှန်သော ရင်ခုန်သံတွေနှင့်အတူ ဒီရေအလား အထပ်ထပ် တိုးဝေ့ပူးကပ်လာသော ချစ်အနမ်းများကြောင့် လုံမေ့ခမျာ မလူးသာ၊ မလွန့်သာ ဖြစ်နေရုံမက အသက်ရှူလမ်းကြောင်းပင် ပိတ်မတတ် ရှိနေရှာပါသည်။

"အို... အို... ဒီမှာ အသက်ရှူကျပ်နေပြီ၊ ကျွန်မကို လွှတ်ပါဦး"

တုန်ယင်မောဟိုက်နေသော မေ့အသံလေးကို ကြားမှ စိုင်းခမ်းညီမှာ ချစ်ရည်ချစ်သွေးတို့ ဝေလျှံနေသော မျက်ဝန်းအစုံဖြင့် လုံမေ့မျက်နှာရဲရဲလေးကို မြတ်နိုးစွဲမက်စွာ စူးစိုက်ကြည့်ရင်း...

"မောင့်ကို ချစ်တယ်လို့ ပြောပါမေ၊ ချစ်တယ်မဟုတ်လား...

"အို... ရှင် ကျွန်မကို ဖွတ်အတင်းအနိုင်မကျင့်ပါနဲ့ လွှတ်ပါ

www.burmeseclassic.com



သူ့ရင်ခွင်ထဲက ရုန်းထွက်ရန် ကြိုးစားရင်း ဆိုလိုက်သည်။

"ဟင့်အင်း၊ မလွှတ်ဘူး၊ ချစ်တယ်၊ အခုလိုပဲ နေချင်တယ်၊ ချစ်နေချင်တယ်... "

"ရှင်ဟာ သိပ်ပြီး အဓမ္မဆန်တဲ့ လူပဲ သိလား၊ ရှင်နဲ့ ကျွန်မ သိတာ ဘယ်လောက်ကြာသေးလို့လဲ"

"အချစ်မှာ အချိန်အခါဆိုတာ မလိုအပ်ပါဘူးမေ၊ လူတိုင်းရဲ့ အသည်းနှလုံးမှာ ကိုယ်တကယ်ချစ်မြတ်နိုးတဲ့သူ ဘယ်သူဆိုတာ သိနေကြတာပဲ"

"မောင်ကတော့ လက်တွေ့ပဲ၊ တွဲခဲ့တဲ့အမျိုးသမီးတွေလဲ ရှိခဲ့တယ်၊ ချစ်နိုးနိုးနဲ့ တွဲလာတဲ့ အမျိုးသမီးတွေလဲ ရှိတယ်"

"ဒါပေမဲ့ မေ့ကိုမြင်မှပဲ မောင့်စိတ်ကို နားလည်လာတယ်၊ အချစ်ဆိုတာကို ပီပီပြင်ပြင် သိလာတယ်၊ လုံမေဆိုတဲ့ မေ့ကိုတွေ့မှ မောင် ချစ်တတ်လာရတာပါ... "

"မေ့ကို မောင်ချစ်တယ်၊ မေလဲ မောင့်ကို ချစ်တယ်လို့ အဖြေပေးလိုက်စမ်းပါ အချစ်ရယ်"

ရင်ချင်းပူးကပ်ထားသည့် အနေအထားမှ သူကောင်းဆိုနေခြင်း ဖြစ်သဖြင့် ဝင်သက်ထွက်သက် လေညွှေးညွှေးက လုံမေ့ ပါးပြင်နှင့် လည်တိုင်မှာ တိုးဝှေ့ဖြတ်သန်းလျက် နေခြင်းကြောင့် လုံမေ့မှာ အနေရခက်စွာ ရှက်မွန်လျက်ရှိပါသည်။

"မောင့်ကို ချစ်တယ်မဟုတ်လားမေ၊ ချစ်တယ်နော်"

"မေ အဖြေရခက်နေလဲ ခေါင်းညိတ်ပြလေ"





"မေ"

"အို... ရှင်နော်"

သူမ မျက်နှာလေးပေါ်သို့ ငုံ့မိုးကျလာသည့် သူ့မျက်နှာချော ချောကို ရှောင်တိမ်းသည့် သဘောဖြင့် သူမမျက်နှာလေးကို ဘယ်ညာခါ ယမ်းလိုက်သူလေးကြောင့် သူ့အသည်းယားစွာပြုံးရင်း သူမကိုယ် လေးကို ပိုဆိုး၍ ပွေ့ဖက်ဖျစ်ညှစ်လိုက်ရာ...

"အိုမေ့"

"မေရယ်၊ သိပ်ချစ်တယ်ကွယ်"

"အို... အို"

အနမ်းပင်လယ်ထဲမှာ လုံမေ့တစ်ကိုယ်လုံး စုပ်စုပ်မြုပ်သွား ရပါသည်။ သူက လုံမေ့ကို မြေတစ်ကောင်လို အင်အားပြင်းစွာ ညှို့ငင်ဖမ်းစားလိုက်လေပြီ။ နောက်ဆုံးတော့ အချစ်လှူဆိုး၏ ရင်ခွင် မှာ လုံမေအသည်းနှလုံးလေး အရည်ပျော်ခဲ့ရပါပြီ။

"မေရယ်၊ မောင့်ကို ချစ်တယ်နော်"

"အင်း"

"အဟွန်း... ဟွန့်... ဟွန်း"

သူ မေ့ကိုယ်လေးကို ရင်ခွင်မှာ တင်းကျပ်စွာ ထွေးပွေ့ရင်း လှိုက်လှဲကြည်မွေ့စွာ ရယ်မောလိုက်ပါသည်။

သူအလိုချင်ဆုံးသော အချစ်ဆုကို သူ မြတ်နိုးသော ချစ်သူ လေးထံမှ ရရှိခဲ့ပြီ မဟုတ်ပါလား။

"မောင်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်နော် အချစ်"



www.burmeseclassic.com

www.burmeseclassic.com



"အို… မဖြစ်နိုင်တာတွေ မပြောပါနဲ့ရှင်"

"ဘာလို့လဲ"

"အခုချစ်၊ အခုလက်ထပ်ရမယ်ဆိုတာ ရှင်ပဲ စဉ်းစားကြည့်ပေါ့"

"မောင့်ကို ဘယ်လိုပြောလိုက်တယ်"

လုံမေ နှုတ်ဆိတ်သွားတာကို ကြည့်ပြီး သူ ခပ်ရဲရဲ စူးစိုက်ကြည့်ပစ်လိုက်သည်။

"မောင်လို့ခေါ်ပါမေ"

"နောက်တော့ ခေါ်ပါ့မယ်"

"မလိုချင်ဘူး၊ အခုပဲ မောင့်ကို မောင်လို့ခေါ်ပါ၊ ပြောမရှုရင် မောင့်ကို အဆိုးမဆိုနဲ့နော်"

"မောင်"

"မေရယ်"

ချစ်သူရင်ခွင်ထဲမှာ လုံမေ တစ်ကိုယ်လုံး လှိုက်ဖြာနွေးထွေးသွားရပြန်ပါသည်။ ဒီတစ်ခါတော့ လုံမေ သူ့ကိုယ်ကြီးကို ထုရိုက်ရုန်းဖယ်ခြင်း မပြုတော့ပါ။

ဒုတိယအကြိမ်မြောက် ပြန်လည်ရှင်သန်နိုးကြားလာရသည့် ချစ်နှလုံးသားလေးဖြင့် ချစ်သူရင်ခွင်မှာ နားခိုမှေးစက်မိခဲ့ရပြန်ပါပြီ။

* * *





## အခန်း (၁၈)

"မေ"

"အို… မောင်"

စိုင်းခမ်းညီ၏ လက်တံရှည်ရှည်များက လုံမေ၏ သေးကျဉ်သွယ်နွဲ့သော ခါးလေးကို ဆွဲယူရစ်ပတ်နှောင်ဖွဲ့လိုက်ခြင်းကြောင့် လုံမေခမျာ သူ့ရင်ခွင်ကျယ်ကြီးထဲကို ထွေးခနဲ ရောက်ရှိပြုလဲသွားရသည်—မဟုတ်ပါလား။

"ကြည့်စမ်းကွယ်၊ မောင် မကောင်းဘူး၊ သိလား၊ မောင့်ကို မေ ဘာပြောထားလဲ"

"ဘာပြောထားလို့လဲ မောင် မမှတ်မိတော့ဘူး"

ပြောရင်း ပါးပြင်နုနုလေးကို ဖွဖွငုံ့မွှေးနမ်းရှိုက်လိုက်တာမို့ မောင့်ရင်ခွင်ကြီးထဲက လုံမေ ရုန်းထွက်ဖို့ ကြိုးစားရင်း သားပတ်ဝန်းကျင်ကို မျက်ဝန်းရွဲရွဲကြီးများဖြင့် ပြူးပြူးပျာပျာလေး ကြည့်လိုက်မိပါသည်။

"စိတ်ချပါချစ်ရဲ့၊ ချစ်အိမ်ထဲကို မောင်ရောက်လာတာကို ဘယ်သူမှ မတွေ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခက်လိုက်တာ မောင်ရယ်၊ မောင့်ကို ဒီလိုပုံစံမျိုးနဲ့ မေ ခဏ... ခဏ မတွေ့ပါရစေနဲ့လို့ မေပြောထားတယ်မဟုတ်လား"

"ပြန်ပါမောင်ရယ် နော်... မောင်က သိမှာပါတယ်"

လုံမေ ချစ်သူ့ရင်ခွင်ကြီးကို လက်ကလေးများဖြင့် တွန်းတောက်တားမြစ်ရင်း ချော့မော့နှစ်သိမ့် စကားဆိုနေမိပါသည်။

"လူလိမ်မှာလုပ်ရတာ မကောင်းဘူး မေရဲ့ ပင်ပန်းတယ်၊ မောင်က လူမိုက်ပဲ လုပ်ချင်တယ်"

"ဒီတော့... "

"မောင်နော်၊ ပြောမရရင် မေ စိတ်ဆိုးပြီး ငိုမိလိမ့်မယ် သိလား၊ မေ့ကို တကယ်ချစ်တယ်ဆိုရင် မေ့စကားကို နားထောင်ပါနော်"

လုံမေ သူ့ကို လေပြည်လေးနှင့် ချော့လိုက်သည်။

"မေငိုရင် မောင် ချော့မှာပေါ့ဗျာ၊ မေ့စကားကို နားထောင်ချင်သားပဲ၊ မေ့ကို သိပ်ချစ်နေတော့လဲ မောင် ချစ်သူနားမှာပဲ နေချင်တာ အပြစ်လား"

"မောင်ရယ်... "

"မေ စိတ်ညစ်လာပြီ၊ သိလား"

လုံမေ့မျက်နှာလှလှလေး ငိုမလို ညိုလာရပါပြီ။ စိုင်းခိမ်းညီကတော့ လုံမေ့စကားကို နားဝင်သလိုလို၊ နားမဝင်သလိုလိုနှင့် လုံမေ့ကိုသာ စူးစူးစိုက်စိုက် ကြည့်ငေးထွေးပိုက်ထားလျက် ရှိနေရာ...

လုံမေ့မှာ စိတ်ညစ်အနေရခက်ခက်ဖြင့် သူ့ရင်ခွင်ထဲက ရုန်းထွက်ရန် ကြိုးစားလိုက်ပါသည်။





သို့ပါသော်လည်း သူက မေ့ကိုယ်လေးကို ပို၍တိုး၍ တင်းကျပ်စွာ ရင်ချင်းအပ်ပစ်လိုက်ခြင်းကြောင့် လုံမေ ချစ်သူမျက်နှာချော့ချော့ကို အလန့်တကြားလေး မော့ကြည့်လိုက်စဉ်မှာပင်...

"သိပ်ချစ်တယ် မေရယ်"

"ချစ်တယ်ဗျာ"

"အို"

"မောင်နော်"

"ဟင့်အင်းဆို"

"အိုကွယ်"

သူ့မျက်နှာလေး တပ်အပ်ကျလာသည့် ချစ်သူ့အနမ်းများကို ရှောင်ဖယ်ခွင့်မရလိုက်တော့ဘဲ လုံမေ စကားသံလေးများ ပျောက်ဆုံးသွားခဲ့ရပြန်ပါသည်။ ထက်သန်ပြင်းပြသော ချစ်အနမ်းများက လှိုက်လိုက်လှဲလှဲ ရှိသလို လုံမေ့ရင်ခွင်ကို တိုးဝေ့ဖြတ်သန်းသွားသည်။

●

သူနှင့် လုံမေ တရားဝင်ချစ်သူတွေ ဖြစ်သွားပြီးကတည်းက စိုင်းခမ်းညီက လုံမေ့ကို နည်းအမျိုးမျိုးသုံးပြီး တွေ့ခွင့်ရအောင် ကြိုးစားလာသည့်အခါ သူမ၏ ဂုဏ်သိက္ခာအတွက် လုံမေက အစစ်အရာရာ အနေအထိုင် ဆင်ချင်တင်းကျပ်လွန်းသဖြင့် သူ့မှာ လုံမေ့ကို မြင်သာမြင်ရ မကြင်ရသည့် ဘဝမို့... ။

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချကာ လူမြင်ကွင်းမှာ ဖွင့်အတွင်း တွေ့ဆုံဖို့ မကြိုးစားတော့။ ညအချိန်အမှောင်၏ အားကိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူလေး၏ အိမ်ထဲကို ခြံနောက်ဘက် မလွယ်ပေါက်မှ ဘယ်သူမှမမြင်အောင် ကူးခဲ့ပြီး ချစ်သူနှင့် နှစ်ယောက်ခြင်း ဆုံတွေ့ခွင့်ရအောင် သူ့ဘက်က ကြိုးစားဖန်တီးခဲ့ရချင်း ဖြစ်ပါသည်။

လုံမေက သူ့ထံမှ ရဲတင်းဝံ့စားလွန်းသည့် ထိုအပြုအမူကို လုံးဝမနှစ်ခြိုက်မှန်း မလိုလားမှန်း သိပါသည်။ သူမ အကြိမ်ကြိမ်တားမြစ်ပိတ်ပင်နေသည့်ကြားမှ သူကလည်း ချစ်ရသူလေးနှင့် မတွေ့ရရင် မနေနိုင်အောင် ဖြစ်နေသူမို့ သူမစကားကို နားမထောင်နိုင်ဘဲ ဖွတ်အတင်း ရှေ့တိုးနေမိခြင်း ဖြစ်သည်။

"မောင်"

"ဗျာ"

"တော်တော့ကွယ်၊ ပြန်ပါတော့နော်"

တိုးတိုးတိတ်ညင်သာသော လုံမေ့စကားအဆုံးမှာ သူက ချစ်သူ၏ နှုတ်ခမ်းလေးကို ဖွဖွနွေးထွေးစေလိုက်သည်။

"ချစ်"

"ဟင်"

"မောင့်ကို ချစ်တယ်နော်"

"ချစ်ပါတယ် မောင်ရယ်"

"ချစ်ရင် မောင်တို့ လက်ထပ်ကြရအောင်လားဟင်၊ မောင်တော့ ချစ်နဲ့ အတူတူနေချင်ပြီ…"

"ခွဲမနေချင်တော့ဘူးဗျာ၊ လက်ထပ်ကြရအောင်နော် ချစ်"

"အင်းပါကွယ်၊ အဲ့ဒီကိစ္စတွေကို နောက်မှ မေတို့ ဆွေးနွေး





ကြရအောင်ပါနော်၊ အခုတော့…"

"အခု ဘာဖြစ်လဲ၊ မေက မောင့်ကို နှင်နေတာလား"

ကျွဲမြီးတိုသံကြီးဖြင့် ဆိုလိုက်တော့ လုံမေ့မှာ အနေရခက်စိတ်ညစ်ရပြန်ပါသည်။

"မေက မောင့်ကို တကယ်ချစ်ပါဘူးဗျာ၊ တကယ်ချစ်တဲ့သူဆိုရင် မောင့်ကို ဒီလောက်ရက်စက်မှာ မဟုတ်ပါဘူး"

"အို…"

"မောင့်စကားက ဘယ်လိုကြီးလဲ၊ မောင့်စိတ်ထဲမှာ လုံမေ့က မောင့်ကို မချစ်ဘူးလို့များ ထင်နေလို့လား"

စိုင်းခမ်းညီက မေ့ကိုယ်လေးကို ညင်သာစွာ ဖြေလွှတ်ပေးလိုက်ပြီး မှုန်တည်တည်မျက်နှာဖြင့် စိတ်ဆိုးနေဟန်အပြောကြောင့် လုံမေ ရင်မောစွာ မေးလိုက်ရခြင်း ဖြစ်ပါသည်။

"မေပဲ စဉ်းစားကြည့်လေ၊ မောင်က မေ့ကို အပြင်မှာ တွေ့ပါရစေဆိုတော့လဲ မေ့မှာ ဟိုအကြောင်းပြ၊ ဒီအကြောင်းပြနဲ့ လက်ခံခဲ့လို့လား…"

"လူကြားသူကြားထဲ တွေ့ရပြန်တော့လဲ ကိုယ့်ချစ်သူကို မြင်သာမြင်ရ၊ မမြင်ရတဲ့အပြင် ကျာခြေနဲ့ နေပါဆိုတာက ပါသေးတယ်"

"ဒီမှာ မေ"

"ပြောပါမောင်၊ လုံမေ့ကို မောင် မကျေနပ်ဘူး မဟုတ်လား"

စိုင်းခမ်းညီ မျက်နှာချော့ချော့ ညိုနေသလို လုံမေ့မျက်နှာလေးမှာလည်း ချစ်ရသူကြောင့် ငိုချင်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတာတွေကို လုံမေ မငြင်းပါ။ မောင်က ယောကျ်ားဆိုတော့ ပြောအားရှိသည်ပေါ့။ လုံမေက မိန်းမသားဆိုတော့ မောင့်လိုစိတ်သွားတိုင်း ကိုယ်မပါနိုင်။

စောင့်စည်းထိန်းချုပ်ရပါမည်။

ချစ်သူအလိုကျ လိုက်ရောပေးချင်သည့်တိုင် ပတ်ဝန်းကျင်ကိုဂရုစိုက်ရပါသည်။ မိန်းမသားဘဝမှာ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် နစ်နာကြရသည်က မိန်းမသားဆိုတာ မောင်နားလည်ပေးသည် မဟုတ်လား။

မောင်က အခုတော့ ထိုသို့မဟုတ်ပြီ။

သူ့ရင်ထဲက ခံစားချက်ကိုသာ ဦးစားပေး၍ လုံမေ့ရင်ထဲကဆန္ဒကို ထည့်မစဉ်းစားပေးလိုသူ။

"မကျေနပ်တာက မောင်မဟုတ်ပါဘူး၊ မေပါ၊ မေက မောင်နဲ့ အခုလိုတွေ့ရတာကို မကျေနပ်ဘူးမဟုတ်လား"

စိုင်းခမ်းညီ အသံက တုန်ခါနေသည်။

သူလာတိုင်း လုံမေက သူ့ကို မကြည်ဖြူတတ်ဘဲ အမြဲနှင်ထုတ်နေတတ်သဖြင့် ချစ်သူကို တွေ့လိုဇောဖြင့် ခိုးကြောင်ခိုးဝှက် ရောက်လာသူ၏ ရင်ကို သူမအပြုမူလေးများက နာကျင်ခံ ခက်စေသည် မဟုတ်လား။

"မကျေနပ်တာ မဟုတ်ဘူးမောင်၊ မဖြစ်သင့်ဘူးထင်လို့ တားဆီးနေရတာ မောင်မသိဘူးလား"

"ဒါဖြင့် မောင့်အတွက် ဖြစ်သင့်တာက ဘာလဲ၊ မေ





ပြောစမ်းပါဦး၊ မောင့်ချစ်သူကို အခုလိုနှစ်ယောက်တည်း ဆုံတွေ့နိုင်အောင် မောင် ဘယ်လိုလုပ်ရမှာလဲ…"

"မေကရော မောင့်ကို အပြင်မှာတွေ့ဖို့ သဘောတူလိုက်လျှော့ပေးမှာလား"

လုံမေ့ထံမှ ဘာသံမှ ထွက်မလာတာကို ကြည့်ပြီး သူ ပြုံးလိုက်သည်။

"အဟွန်း… ဟွန်း… ဟွန်း"

"မောင်ပြောသလို မေ ခွင့်မပြုနိုင်ဘူးမဟုတ်လား၊ မောင်သိပါတယ်၊ မေက မောင့်ကို တကယ်မချစ်ပါဘူး"

"တော်တော့မောင်၊ လုံမေ့အချစ်ကို မောင်မစော်ကားနဲ့သိလား"

"မောင့်ကို မချစ်ဘဲနဲ့ မေက ဘာဖြစ်လို့ မောင့်အချစ်ကိုလက်ခံမှာလဲ၊ မောင်ပြောသလို အပြင်မှာ အတူမတွေ့နိုင်တာကလွဲရင်မောင်နဲ့လုံမေ ကျောင်းသွားကျောင်းပြန် အတူတွေ့နေရသားပဲ"

"အဲ့ဒါနဲ့ မတူဘူးမေ၊ မေ့ကိုတွေ့ချင်တာ အဲ့ဒီလိုပုံစံမျိုးမဟုတ်ဘူးဆိုတာ မေသိပါတယ်"

သူ့စကားကြောင့် မေ့မျက်နှာလေး ရဲရဲနီသွားတာကို ကြည့်ပြီး သူ ကျေနပ်သွားပါသည်။

"မောင့်ချစ်သူကို မောင် ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ မောင့်ကိုယ်မောင်ပဲ သိတယ်…"

"မောင်ချစ်တဲ့သူနဲ့ ချစ်သူတစ်ယောက်လို တွေ့ချင်တယ်ဆုံချင်တယ်၊ အခုလို လွတ်လွတ်လပ်လပ်နေချင်တာ မောင် အလိုချင်



www.burmeseclassic.com

www.burmeseclassic.com



အတောင်းတဆုံးဆန္ဒပဲ မေ... ”

“မောင်ပြောတာကို မေ နားလည်မှာပါ”

ပြတ်သားပွင့်လင်းသော သူ့စကားများက လုံမေ့ရင်ကို တုန်ယင်လှုပ်ရှားစေသလို ရွှန်းလဲ့စိုတောက်သော မျက်ဝန်းအကြည့်တစ်မျိုးအောက်မှာ ညို့ဓာတ်မိနေသူ တစ်ယောက်လို ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်ရပါသည်။

“ဒီတော့ မေကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မောင်ကတော့ မေနဲ့ လက်ထပ်ခွင့်မရမချင်း မောင့်ချစ်တဲ့သူနဲ့ အခုလို အမြဲတွေ့ခွင့်ရအောင် ကြိုးစားနေမှာပဲဆိုတာ မေသိထားပါ”

“မေ့ကို မောင်ချစ်တယ်”

“အို... မောင်”

လုံမေ့ကိုယ်လေး ချစ်သူ့ရင်ခွင်ထဲ မှုန်းကျပ်စွာ ရောက်ရှိလို့သွားရပြန်ပါသည်။ မောင်က လုံမေ့ကို မြွေတစ်ကောင်လို အစွမ်းကုန်ဖြားယောင်းညို့ငင်နိုင်အောင် ကြိုးစားလျက်ရှိသည်။

“မောင့်ကို တကယ်ချစ်ရင် မောင့်ကို ဘယ်တော့မှ နှင်ထုတ်ဖို့ မကြိုးစားပါနဲ့ဗျာ”

“မေ အဲဒီလို မောင့်ကိုဆက်ဆံတာကို မောင့်အသည်းနှလုံးတွေက နည်းနည်းမှ မခံစားနိုင်တာ အချစ်သိရဲ့လားဟင်... ”

“သိပါပြီ မောင်ရယ်၊ ဒါပေမဲ့... ”

“မပြောနဲ့”

“အိုကွယ်”





“မောင်”

မောင်က လုံမေ့ကို စကားဆိုခွင့်မပြုတော့ပါ။ နူးညံ့သောအသားဆိုင်လေးများအနှံ့ မောင့်ထံမှ ဝင်သက်ထွက်သက် လေနွေးနွေးတို့က အထပ်ထပ် တိုးဝေ့ဖြတ်သန်းလျက်ရှိရာ မောင့်ရင်ခွင်ထဲမှာ လှုပ်မရအောင် တုပ်နှောင်ခံနေရပါသည်။

ရုတ်တရက် လျှပ်စစ်မီးများ ပြတ်တောက်သွားရာ တစ်အိမ်လုံးအမှောင်အတိ ဖြစ်သွားသည်။

“ချစ်တယ် မေရယ်”

“သိပ်ချစ်တယ်”

“မောင်တို့ လက်ထပ်ကြမယ်နော်”

“ချစ်”

“ဟင့်အင်း... ဟင့်အင်း”

“မောင်နော်၊ မေခွင့်မပြုဘူးဆို”

“အို... ”

“မောင်”

တားမြစ်ကန့်ကွက် စကားသံလေးများကို မောင်မကြားတော့သလို အတင်းအကျပ် တွေးပွေ့မှုအောက်မှာ ပြိုဆင်းလာသည့်မောင့်ကိုယ်ကြီးကို ဖယ်ရှားရန် မဖြစ်နိုင်တော့ပါ။ သိပ်သည်းသောအမှောင်ထု၏ အားကိုးဖြင့် ပေါက်ကွဲချင်နေသော မောင့်ထံမှအချစ်စိတ်ရိုင်းလေးများကို ဖြည်လွှတ်လိုက်ဟန် တူပါသည်။

နူးညံ့သိမ်မွေ့မှုအပေါင်းမှာ မောင်နှင့် ကင်းကွာသွားသလို



www.burmeseclassic.com

www.burmeseclassic.com



ထင်ရသည်။ လုံမေ တွေ့သိခဲ့ဖူးသော မောင်မှာ တခြားသူတစ်ယောက် ဖြစ်သွားသည်။ ထက်သန်ပြင်းပြသော အချစ်များကြားမှာ နှစ်ယောက် အတူ လူးလိမ့်မျောပါသွားကြသည်။

ဒီရေအလား တရိပ်ရိပ်မြင့်မားတိုးတက်လာသည့် အချစ် ထုထည်အောက်မှာ လုံမေဆိုသည့် ရေလှိုင်းလေးလည်း နှစ်ကိုယ် တစ်စိတ် စီးမျောလွန့်လူး လိုက်ပါသွားခဲ့ရလေပြီ။

အကြိမ်ကြိမ် ပြောကြားနေသည့် ချစ်စကားများက လုံမေနှင့် တဖြည်းဖြည်းဝေးကွာသွားသည်ဟု ထင်ရသည်။ အနက်မှောင်ဆုံး ချောက်ကမ်းပါးထဲသို့ အရှိန်ပြင်းစွာ ထိုးကျသွားသည်။

ပါးပြင်ပေါ်သို့ စီးကျလာသည့် မျက်ရည်များကို မောင်က အနမ်းဖြင့် ညင်သာစွာ ဖယ်ရှားလျက်ရှိသည်။ မောင်ကိုယ်တိုင် စိတ်ကြိုက် ခြယ်မှုံးခဲ့သည့် အချစ်ပန်းချီကားထဲမှာ လုံမေကိုယ်တိုင် သက်ဝင်လှုပ်ရှားခဲ့ရပေပြီ။

"ချစ်"

မောင့်အသံတိုးတိုးက ခပ်ရှရှတုန်ယင်မြူးကြွနေသည်။ မောင်က သူ့အလိုရှိရာကို ရရှိသော ကလေးငယ်တစ်ယောက်လို ပျော်ရွှင်စွာ ကြည်နူးနှစ်သိမ့်မှု ဖြစ်ထွန်းလျက် လုံမေ့ကို ဖွဖွနမ်းရှိုက်လာသည်။

"ဟိတ်"

"မောင့်ကို မျက်လုံးဖွင့်ကြည့်ဦးလေ"

"ဟင့်အင်း"

"အဟွန်း... ဟွန်း... ဟွန်း"





"ချစ်ရယ်"

ချစ်သူနှင့် မျက်လုံးချင်း ရင်ဆိုင်ရမှာကို ကြောက်လန့်ရှက်ရွံ့ နေသူလေးကို ကြည့်ပြီး မြတ်နိုးစွာ သူ ရယ်လိုက်သည်။

"မနက်ကျရင် ရုံးတက်လက်ထပ်ကြမယ်နော် ချစ်"

"အင်း"

"မောင့်ကို ချစ်တယ်နော်"

"သိဘူး"

"တကယ်မသိသေးတာလား"

"မောင် သိပ်ဆိုးတယ် သိလား၊ မောင့် မကောင်းဘူးကွယ်"

"အဟွန်း... ဟွန်း၊ ဒီလိုပဲ မျက်လုံးမှိတ်ထားတော့မှာလား ချစ်ရဲ့၊ မောင့်မျက်နှာကို သေချာကြည့်စမ်းပါ"

ဆွေးရောင်လွှမ်းနေသော ချစ်သူမျက်နှာလေးထက် သူ့မျက်နှာ ချောချောကို တိုးဝေ့ပူးကပ်ရင်း သူဆိုလိုက်တော့ လုံမေ မျက်ဝန်းရွှဲရွှဲ ကြီးတွေ လွန့်လူးလှုပ်ခတ်ကာ ပွင့်လာပါသည်။

တစ်ယောက်ကိုတစ်ယောက် မည်သည့်စကားမှ မဆိုဘဲ ငေးစိုက်ကြည့်နေမိကြပြီးမှ လုံမေက အလျင်ဆုံး မျက်နှာလွှဲသွား သည်အတွက် သူ့ရင်ထဲမှာ မချင့်မရဲ ဖြစ်လာရသည်။

"ချစ်က သိပ်လှတယ် သိလား၊ ပြီးတော့ သိပ်ချစ်စရာကောင်း တယ်၊ ချစ်ကို ပိုင်ဆိုင်ခွင့်ရတာ မောင် သိပ်ကံကောင်းတာပဲဗျာ"

ကျေနပ်ပီတိဖြင့် သူ စိတ်လှုပ်ရှားစွာ ဆိုလိုက်သည်။ လုံမေ့ အသွင်ငှာလှလေးက သူ့မျက်နှာချောချောကို မကြည့်သလို ကြည့်သလို



www.burmeseclassic.com

www.burmeseclassic.com



လေး လုပ်နေသလို သူ့စကားတွေကို စိတ်ဝင်စားသလို မဝင်စားသလို မို့ သူ့မှာ အားမလိုအားမရ ဖြစ်နေမိသည်။

"ချစ်"

"မောင် ပြန်သင့်ပြီကွယ်"

"မောင်ကို နှင်တာမေ့ါလေ ဟုတ်လား"

လုံမေ့ထံမှ စကားသံ ထွက်မလာပါ။

"လွှတ်တော့လေ"

"ဟင့်အင်း"

"မောင့်ချစ်သူနဲ့ ဒီအတိုင်းပဲ နေချင်တယ်"

"အို"

"ချစ်ရယ်၊ မင်းလေးကို တစ်စက္ကန့်လေးတောင်မှ မခွဲချင်ဘူးဆိုတာ ချစ်သိရဲ့လားကွယ်"

"မောင်ရယ်"

ဖူးပွင့်လာသော ချစ်အနမ်းများကို မတားဆီးနိုင်တော့ပါ။ ကျေနပ်ကြည်ဖြူစွာ ခံယူရင်း မောင့်ကိုယ်ကြီးကို မမှီမကမ်းလေး ပြန်လည်ဖက်တွယ်လိုက်မိပါသည်။

အချစ်ကမ္ဘာထဲမှာ အချစ်ပန်းတွေ အကြိမ်ကြိမ် ဖူးပွင့်ခဲ့သော သွားသည်။ လမင်းကြီးက အပြင်မှာ ထိန်ထိန်သာနေသည်။

လရောင်အောက်မှာ မွှင့်လန်းသော ပန်းတို့က လှပမွှေးကြိုင်လျက်။

* * *





# အခန်း (၁၉)

စိုင်းခမ်းညီ၏ အလိုဆန္ဒအတိုင်း နှစ်ဦးသဘောတူ ရုံးတက် လက်ထပ်လိုက်ပြီးနောက် မင်္ဂလာဆွမ်းကျွေး၍ မင်္ဂလာကိစ္စကို အကျဉ်းရုံး ကျင်းပလိုက်ပါသည်။

ထိုအတွက် အပျော်ဆုံးလူက စိုင်းခမ်းညီ ဖြစ်သည်။

"ပျော်လိုက်တာ ချစ်ရယ်၊ မောင့်ချစ်သူနဲ့ အမြန်ဆုံး အတူ နေချင်လို့ ဖွတ်အတင်း စီစဉ်လိုက်ရတာ ကိုကိုသာသိရင် မောင့်ကို အပြစ်တင်မှာပဲ"

"အဲ့ဒါ မောင် လူဆိုးလုပ်လို့ပေါ့"

"အဟွန်း... ဟွန်း... ဟွန်း"

"လူဆိုးမလုပ်လို့လဲ မရဘူးလေ၊ ချစ်ကမှ မောင့်ကို လုံးဝ လက်မခံဘဲ၊ ဒီတော့ မောင်လဲ အချစ်ကို အခုလို ပိုင်ပိုင်ချစ်ခွင့် ရအောင် လူဆိုးလုပ်ရတော့တာပဲပေါ့ဗျာ"

"သွားပါ၊ မောင့်ကိုတော့ လုံမေ တကယ်ကြောက်တယ်



www.burmeseclassic.com

www.burmeseclassic.com



သိလား"

"ဘာဖြစ်လို့"

"ဇွတ်တရွတ်ကြီး လုပ်လွန်းလို့ပေါ့"

မကျေနပ်သလိုလေး ပြောလာသည့် ဇနီးချောလေးကို ရင်ခွင်ထဲမှာ တင်းကျပ်စွာ ပွေ့ဖက်ရင်း မျက်နှာလှလှလေးကို မြတ်နိုးစွာ ရှိုက်နမ်းလိုက်သည်။

"အဟွန်း... အဲ့ဒါ မေ့ကို သိပ်ချစ်လို့ဗျာ၊ ဒီတော့လဲ မောင်ချစ်တဲ့သူနဲ့ အခုလို အတူတူနေခွင့်ရအောင် ကြိုးစည်ရတာပေါ့ဗျာ"

"ပြော... မောင့်ကိုချစ်လား"

"လက်ထပ်ပြီးလို့ မောင့်ရင်ခွင်ထဲတောင် ရောက်နေပြီပဲ၊ မေးနေဖို့လိုသေးလို့လား"

"သိပ်လိုတာပေါ့"

"မောင်က မေ့နှုတ်ဖျားက မောင့်ကို သိပ်ချစ်တာပဲ ဆိုစကားကို အမြဲကြားချင်နေတဲ့သူဗျား၊ သိရဲ့လား"

"ချစ်ပါတယ်တဲ့ရှင်၊ ဟော့ဒီက အချစ်လူဆိုး မောင့်ကို သိပ်သိပ်ချစ်ပါတယ်တဲ့၊ ကဲ... ကျေနပ်ပြီလား"

"ဟင့်အင်း"

"ဟော့ဒီလိုမှ ကျေနပ်တာ"

"အို"

ကြားလေသွေးရင်တောင် ဝေးသည်လို့ ထင်ရသည့်အချိန်မို့ ချစ်သူနှစ်ဦး၏ အပျော်က မိုးမမြင်လေမမြင်။ စိုင်းခမ်းညီနှင့် လုံမေ





တို့ ဖြုန်းစားကြီး လက်ထပ်လိုက်ကြသည့်အဖြစ်ကို အစ်ကိုဖြစ်သူ လုမ်းဝမသိသေးပါ။

သိခဲ့လျှင်လည်း ဝမ်းသာပျော်ရွှင်ရုံကလွဲပြီး အစ်ကိုဖြစ်သူက ကန့်ကွက်မှာမဟုတ်တာကို သူသိနေပါသည်။ ကိုကိုကိုယ်တိုင်က သူ့ကို အမြန်ဆုံး အိမ်ထောင်ပြုစေချင်သူဆိုတော့ သူ မင်္ဂလာသတင်းအတွက် ကျေနပ်နေပေလိမ့်မည်။

"မောင်"

"ဗျာ"

"လုံမေနဲ့မောင် လက်ထပ်တဲ့ ကိစ္စကို မောင့်အစ်ကိုကြီးသိရင် သဘောတူပါ့မလားဟင်"

"အဲဒီအတွက်ဆိုရင် ဘာမှမပူနဲ့ အချစ်ရေ၊ မောင့်ကိုကိုကိုယ်တိုင်ကိုက မောင့်ကို အမြန်ဆုံး အိမ်ထောင်ပြုစေချင်နေတာဗျ"

"မောင်ချစ်တဲ့သူနဲ့ လက်ထပ်တာပါဆိုရင် သူက သဘောတူ ကျေနပ်ပြီးသား ဖြစ်နေမှာဗျား၊ မယုံရင် မေ့ရှေ့မှာပဲ မောင် ဖုန်းဆက်မယ်၊ မေ နားထောင်၊ ဟုတ်လား"

မောင့်စကားကို လုံမေ ခေါင်းညိတ်လက်ခံလိုက်ပါသည်။

"ကဲ... ဒါဆို ပစ္စည်းတွေသိမ်းတော့၊ ဖုန်းဆက်ပြီး တစ်ခါတည်း တောင်ကြီးကို ဆင်းကြမယ်"

"ဟင်..."

"မောင်ပြောတော့ မောင့်အစ်ကိုက ကလောမှာနေတာဆို" တောင်ကြီးဆိုတာနှင့် လုံမေစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။ ထိုမြို့မှာ လုံမေဘဝ တစ်ဆစ်ချိုးကို မျက်လှည့်ပြလိုက်သလို ပြောင်းလွဲသွားစေခဲ့ရသည့် အဖြစ်ကို သူမတစ်သက် ဘယ်တော့မှ မေ့ပျောက်လို့ရမည်မထင်ပါ။

လုံမေ အသည်းနှလုံးလေးကို ရက်ရက်စက်စက် ချေမွခံခဲ့ရသည့်အဖြစ်များ နာကြည်းရှက်လန့်စွာ ကြေကွဲအထီးကျန်ရသည့် အချိန်တွေ။

အို... ခါးသီးဆိုးရွားလွန်းသည့် အတိတ်၏ ပုံရိပ်တွေကို သူမ ဘာတစ်ခုမှ ပြန်၍ သတိမရချင်တော့ပါ။

"ဟုတ်တယ်လေ ချစ်ရဲ့၊ မောင့်အစ်ကိုက ကလောမှာ သူ့မိန်းမနဲ့အတူ သွားနေတာ၊ မောင်တို့အိမ်က တောင်ကြီးမှာလဲ ရှိတယ်"

"ဩော်... "

"ဟိုရောက်မှ ချစ်အတွက် အခမ်းနားဆုံး မင်္ဂလာပွဲ ကျင်းပပေးဖို့ ကိုကိုကို စီစဉ်ခိုင်းရမယ်"

"တော်ပါပြီ မောင်ရယ်၊ လုံမေ့အတွက် ဂုဏ်ပကာသနတွေ မလိုပါဘူး၊ လုံမေ့ကို သစ္စာရှိရှိ ချစ်သွားမယ်ဆိုရင် ကျေနပ်ပါပြီ"

သစ္စာတရားက ချစ်သူတွေကြားမှာ ဘယ်လောက်အရေးကြီးသလဲဆိုတာ လုံမေကိုယ်တိုင် အသည်းနှလုံးနဲ့ရင်းပြီး နားလည်ခဲ့ရသူပါဆိုတာ မောင်ကတော့ သိမည်မဟုတ်ပါ။

"စိတ်ချပါဗျာ၊ ဟော့ဒီက မေ့ကို တစ်သက်လုံး ရိုးမြေကြသစ္စာရှိရှိ ချစ်မှာပါ"





"ချစ်လွန်းလို့လဲ မောင့်ရဲ့ချစ်သူလေး ဂုဏ်မငယ်ရအောင် အချစ်အတွက် မင်္ဂလာပွဲ ကြီးကြီးကျယ်ကျယ် ကျင်းပပေးချင်တာပေါ့ မောင့်ချစ်ရဲ့"

"ဒါပေမဲ့ လုံမေက တစ်ကောင်ကြွက်လေ၊ ပွဲတက်ဖို့ မိဘဆွေမျိုးအသိုင်းအဝိုင်းမှ မရှိတာပဲ"

"ရှူး"

"စိတ်မကောင်းစရာတွေကို အခုချိန်ကစပြီး မေ့လိုက်တော့နော်။ မောင်တစ်ယောက်လုံး မေ့အနားမှာ ရှိနေပြီပဲ၊ ဘာတစ်ခုမှ အားငယ်စရာတွေ မတွေးရဘူး၊ သိလား"

"မောင့်အချစ်နဲ့ မေ့ဘဝကို နွေးထွေးလုံခြုံစေရမယ်ဆိုတာ မေ့ အသည်းထဲမှာ စွဲနေအောင် မှတ်ထားနော်"

"ကျေးဇူးတင်ပါတယ် မောင်"

"ကြည့်စမ်း၊ ကိုယ့်ယောက်ျားကိုယ် သူစိမ်းဆန်တဲ့ စကားတွေ ကောင်းကောင်း အပြစ်ပေးရမယ်"

"လာခဲ့"

"မောင်ရယ်"

မောင့်ရင်ခွင်ထဲကို လုံမေ အားကိုးမြတ်နိုးစွာ ခိုဝင်မိပါသည်။ လုံမေ့အတွက် မောင်ဆိုတာ ဘဝရဲ့ အရှင်သခင်။ လုံမေ့ဘဝအတွက် အလင်းရောင်ဆိုတာ သူမ ကောင်းစွာ နားလည်သဘောပေါက်ခဲ့ရပါပြီ။

မောင့်ဘဝမှာ လုံမေမရှိလို့ မဖြစ်နိုင်သလို လုံမေ့ဘဝမှာလည်း မောင်မရှိလို့ မဖြစ်ဘူးဆိုတာ လုံမေ သိခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



လုံမေ့ရှေ့မှာပင် မောင်က သူ့အစ်ကိုကြီးရှိရာကို ဖုန်းဆက်ပါသည်။ မောင် ရုတ်တရက် လက်ထပ်လိုက်ပြီဟု ပြောသောအခါ လုံမေ မျက်နှာနီနီလေးနှင့် မောင့်မျက်နှာချောချောကို မကြည့်ရဲအောင် အနေရခက်နေတာကိုကြည့်ပြီး မောင်က လုံမေ့ကို ချက်လုံးတစ်ဖက်မှိတ်ပြနေသဖြင့် လုံမေ ပြုံးလိုက်မိသည်။

"ဟုတ်တယ် ကိုကို၊ ဖြူန်းစားကြီး ရုံးတက်လက်မှတ်ထိုးလိုက်တာဆိုတော့ ကိုကို့ကို အခုမှ အကြောင်းကြားနိုင်တာ"

"..............."

"အချစ်ဆိုတာ သူနဲ့တွေ့မှ နားလည်ခဲ့ရတာ ကိုကိုရ"

"..............."

"လှတယ်ကိုကို၊ သိပ်လှလို့ ကိုကို့ညီ ရှာန်လျောတာပေါ့"

တစ်ဖက်က ဘာတွေပြောနေသည်မသိပါ။ မောင်ကတော့ လုံမေ့လက်ကလေးတစ်ဖက်ကို မလွှတ်တမ်း ဆွဲကိုင်ထားရင်း ခပ်ကြွားကြွားလေး ပြောနေသဖြင့် လုံမေ့မှာ ရှက်ရှက်နှင့် မောင့်လက်ကို ဆွဲဆိတ်ပစ်လိုက်မိသည်။

"ညီတို့ကို အခမ်းနားဆုံး မင်္ဂလာပွဲ ကျင်းပပေးရမယ်နော် ကိုကို၊ ဟုတ်တယ်၊ အခုပဲ ထွက်လာပြီ"

"ကိုကို့ခယ်မနဲ့ စကားပြောဦးမလား ကိုကို"

"အို..."

လုံမေက မောင့်ကို သူမစကားမပြောချင်ကြောင်း နှုတ်ခမ်းလေးကို ကိုက်ပြီး ခေါင်းယမ်းပြလိုက်နေသဖြင့် မောင်က အသည်းယား





သလို ခပ်မြုံးမြုံးရယ်နေပါသည်။

"မေက ရှက်နေတယ် ကိုကို၊ စိတ်ချပါ၊ ကိုကိုတို့ဆီ အရင်ဝင်ပြီးမှ ဟိုကို ဆက်တက်မှာပါ"

"ဒါပဲနော် ကိုကို"

မောင်က ဖုန်းချပြီး လုံမေ့ပါးပြင်ကို ဖျပ်ခနဲ ခိုးနမ်းလိုက်ခြင်းကြောင့် မောင့်ကို မေ မျက်စောင်းဝင့်လိုက်မိသည်။

"မောင်ကလေ၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြီး သူများကို မဟုတ်တာတွေ လျှောက်ကြွားနေတာ အရေးမကြီးဘူး၊ မေရှက်တယ်ရှင့် သိရဲ့လား"

"သူများကိုပြောတာမှ မဟုတ်ဘဲ မေ့ရဲ့၊ မောင့်အစ်ကိုကို ပြောတာပဲ၊ ဘာရှက်ရမှာလဲ၊ တကယ်လဲ မောင့်မိန်းမက သိပ်ချောသိပ်လှတဲ့ ဥစ္စာ၊ မောင်ကြွားတာ မလွန်ဘူးဆိုတာ ဟိုရောက်တော့ သူတို့ သိသွားမှာပေါ့"

"ဟော့ဗျာ"

"အခုမှ သတိရတယ် မေရေ၊ ကိုကို့ကို မေ့နာမည်ပြောဖို့ မေ့သွားတယ်"

"ဟွန်း... မေ့မှာပေါ့၊ မောင်က လေကြွားနေတာကိုးရှင့်"

"အဟွန်း... ဟွန်း... ဟွန်း"

"မောင့်မိန်းကတော့လေ ဘယ်လိုပဲနေနေ သိလှပြီး သိပ်ချစ်စရာကောင်းတာပဲ သိလား၊ ဒါကြောင့် မောင်က ချစ်ကို ဘယ်သူ့မှ စိတ်မချနိုင်လို့ အခုလို အပိုင်ကြံပြီး အမြန်ဆုံး လက်ထပ်လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ သိလား”

“အို… ပြောပုံကြီးက ဘယ်လိုကြီးမှန်း မသိဘူး၊ မောင် သိပ်ဆိုးတယ် သိလား”

ရှက်ရှက်ဖြင့် မောင့်ကျောပြင်ကို ဖျောတင်လိုက်တော့ မောင်က သဘောကျစွာ ရယ်မောမဆုံး ရှိနေပါသည်။

“သိပ်ချစ်တယ် မေရယ်”

“မေလဲ မောင်နဲ့အတူတူပါပဲ မောင်ရယ်”

ကားလေးက လမ်းပေါ်မှာ တရိပ်ရိပ် ပြေးနေသလို အသစ်စက် စက်ဖနီးမောင်နှံနှစ်ဦး၏ ရင်ထဲအသည်းထဲမှာလည်း လှိုက်တက် လျ ရှိပါသည်။

ကားမောင်းနေသော မောင့်ပခုံးပေါ်ကို လုံမေ ဦးခေါင်းလေးကို ညင်သာဖွဖွ မှေးတင်လိုက်တော့ လုံမေ နဖူးဝင်းဝင်းလေးကို မောင်က ဖျတ်ခနဲ ငုံ့မွှေးနမ်းရှိုက်လိုက်သည်။

ဖြောင့်ဖြူးသာယာသော သူတို့နှစ်ဦး၏ ချစ်ခရီးက ပန်းခင် သောလမ်းပမာ ငြိမ်းချမ်းအေးမြလှတာမို့ နှစ်ဦးသားရင်မှာ ကြည်နူး ချမ်းမြေ့မှုကိုယ်စီဖြင့် သူတို့၏ အနာဂတ်နေ့သစ်များအတွက် မျှော်လင့် နေမိကြတော့သည်။

“ညီညီက ဘာတဲ့လဲ မောင်”

ဖုန်းကို ချလိုက်သည်နှင့် ချယ်ရီက စိုင်းရွှက်ခမ်းအနား ရောက်လာပြီး အပြုံးနှင့် မေးလိုက်ခြင်းဖြစ်ပါသည်။

“ညီ လက်ထပ်လိုက်ပြီတဲ့ ချယ်ရီ၊ ဒီနေ့ပဲ သူတို့လင်မယား





ဒီကို ဆင်းလာကြပြီ”

“ဟယ်”

“ဖြုန်းစားကြီးပါလား မောင်ရယ်၊ ချယ်ရီတို့လဲ ဘာမှ မသိလိုက်ရပါလားကွယ်”

ချယ်ရီက သူမရင်ဘတ်ကလေးကို လက်နှင့်ဖိလျက် အံ့ဩထိတ် လန့်သလိုလေး ဆိုလိုက်သောကြောင့် သူ ပြုံးလိုက်သည်။

“မောင်တို့တုန်းကလဲ ဘယ်သူမှမသိလိုက်ကြရလို့ အံ့ဩနေကြ ရတာပဲ မဟုတ်လား ချယ်ရီ၊ ညီလဲ မောင်တို့ကို အံ့ဩစေချင်လို့ နေမှာပေါ့”

“ဟုတ်တယ်… ဟုတ်တယ်၊ ဒါပေမဲ့ သေချာတာတစ်ခုတော့ ချယ်ရီ ပြောရဲတယ် သိလား၊ ညီညီ အခုယူတဲ့ မိန်းကလေးက သိပ်ချော သိပ်လှစေရမယ်ဆိုတာ မောင်ယုံလား”

“အဟွန်း… ယုံပါတဲ့ဗျာ၊ အခု ချယ်ရီပြောတဲ့အတိုင်းပါပဲ၊ သူ့မိန်းမ သိပ်ချော သိပ်လှတယ်ဆိုတဲ့အကြောင်း ညီညီကိုယ်တိုင် ခပ်ကြွားကြွားလေး ပြောသွားပါပြီတဲ့ဗျာ”

“အဟင်း… ဟင်း… ဟင်း၊ မောင့်ညီက အလှကြိုက်၊ အကောင်းကြိုက်ပဲ၊ ဒီလောက်တော့ ရှိမှာပေါ့ မောင်ရဲ့”

“သူတို့အတွက် မင်္ဂလာညှေ့ခံပွဲကို ဒီမှာ အခမ်းနားဆုံး လုပ်ပေးဖို့ ညီညီကို ကိုယ်ပြောထားတယ်၊ အဲ့ဒါ ချယ်ရီကပဲ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးဦးနော်”

“စိတ်ချပါ မောင်ရဲ့၊ ညီညီ့စိတ်တိုင်းကျ ဖြစ်အောင် ချယ်ရီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အစွမ်းကုန် ကြိုးစားမှာပေါ့"

"ကျေးဇူးတင်ပါတယ် ချယ်ရီ"

စိုင်းရွက်ခမ်း စကားအဆုံးမှာ ချယ်ရီက သဘောကျစွာ ရယ်ပါသည်။

"ကြည့်လေ မောင်ကတော့ ချယ်ရီ့အပေါ်မှာ အခုထိ သူစိမ်းဆန်ချင်တုန်းပဲ သိလား"

"ထင်လို့ပါဗျာ၊ မောင် ဒီလိုပဲ ပြောတတ်လို့ပါ"

"ဟုတ်ပါတယ်ဆဲ့ရှင်၊ ချယ်ရီကပဲ မောင့်ကို အရှုံးပေးထားပြီးသားပါ"

"ချယ်ရီရယ်"

သူ ချယ်ရီ့မျက်နှာလှလှလေးကို စိတ်မကောင်းသလိုလေး ကြည့်လိုက်မိပါသည်။ သူ့အပေါ်မှာ ချယ်ရီ သိပ်ချစ်တာ၊ အနစ်နာခံတာကို စိုင်းရွက်ခမ်း သိပါသည်။ နားလည်းလည်ပါသည်။

လင်ရယ် မယားရယ်လို့ ဖြစ်လာတော့ ချယ်ရီ့အပေါ်မှာ အတိုင်းအတာတစ်ခုအထိ သံယောဇဉ်ဖြစ်မိတာကို သူဝန်ခံပါသည်။ ဒါပေမဲ့ လုံမေ့ကို ချစ်ခဲ့မိသည့် အချစ်မျိုးနှင့်တော့ မည်သူ့ကိုမှ ချစ်၍မရခဲ့ပါ။

သူ့ရင်ထဲက အချစ်တွေအားလုံး သူ အသက်မက ချစ်မြတ်နိုးရသော ချစ်သူလေးနှင့်အတူ လိုက်ပါသွားခဲ့ရပြီမို့ သူ့နှလုံးသားမှာ နောက်တစ်ကြိမ် ချစ်စရာ လက်ကျန်အချစ်မရှိတော့တာ သူပဲ သိပါသည်။





ချယ်ရီ့အပေါ်မှာ အိမ်ထောင်ဦးစီး ခင်ပွန်းကောင်းတစ်ယောက် ဖြစ်အောင် သူ့ဘက်က အတတ်နိုင်ဆုံး ကြိုးစားလိုက်လျော ဖြည့်ဆီး ပေးခဲ့ပါသော်လည်း ချယ်ရီ လိုချင်ဆုံးအရာကိုတော့ သူ ဘယ်လိုမှ မပေးနိုင်ခဲ့တာ သူလည်း မတတ်နိုင်ပါ။

အချစ်ဆိုတာ လုပ်ကြံဖန်တီးယူလို့မရနိုင်တာ ချယ်ရီကိုယ်တိုင်လည်း သိမည်ထင်ပါသည်။

ရတာမလို၊ လိုတာမရသော အိမ်ထောင်ရေးမှာ အဓိက အနစ်နာခံခဲ့သူက ချယ်ရီကိုယ်တိုင်မို့ ချယ်ရီ့အတွက် သူမလိုချင်သည့်အရာကို မပေးနိုင်သောအခါ ၊ သူ့ဘက်က စိတ်မကောင်းဖြစ်ရခြင်းနှင့် သက်ပြင်းရှိုက်ယုံသာ တတ်နိုင်ပါသည်။

"ချယ်ရီ"

"ဘာလဲ မောင်"

"မောင့်ကို ခွင့်လွှတ်ပါ၊ မောင့်ဆီက ချယ်ရီ ဘာကိုလိုချင်တယ်၊ ဘာကို မျှော်လင့်နေတယ်ဆိုတာ မောင်နားလည်ပါတယ်...."

"မောင်ကိုယ်တိုင်လဲ ချယ်ရီ့ကို စိတ်ချမ်းသာစေချင်တယ် ဆိုတာ ချယ်ရီ ယုံပါ၊ မောင့်ဘဝမှာ ချယ်ရီဟာ ဒုတိယမြောက် သံယောဇဉ်အကြီးမားဆုံး မိန်းကလေး တစ်ယောက်ဆိုရင် ချယ်ရီ ကျေနပ်နိုင်မယ်ထင်ပါတယ်"

"မောင်ရယ်"

စိုင်းရွက်ခမ်းရင်ခွင်ထဲကို ချယ်ရီ့ကိုယ်လေး ရောက်ရှိလာခြင်း ကြောင့် သူ ချယ်ရီကို ပြန်လည်ပွေ့ဖက်ထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရီ ဝမ်းသာလိုက်တာ မောင်ရယ်၊ မောင့်ဆီက အဲဒီလောက် အချစ်ကိုရရင်ပဲ ကျေနပ်နေမယ့်သူပါ မောင်ရယ်"

"ချယ်ရီရယ်"

"ချယ်ရီ့အချစ်ကို မောင် နားလည်ပါတယ်၊ ဒါကြောင့် မောင့်ကို ခွင့်လွှတ်ဖို့ ချယ်ရီကို မောင် တောင်းပန်နေမိတာပါကွယ်"

"မောင့်မှာ အပြစ်မရှိပါဘူးမောင်ရယ်၊ တကယ်တမ်း အပြစ်ရှိတဲ့သူက ချယ်ရီကိုယ်တိုင်ပါ"

ပြောရင်း အသံလေး တိမ်ဝင်သွားကာ ကိုယ်လေး သိမ့်သိမ့်တုန်သည်အထိ ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုမိသူက ချယ်ရီဖြစ်ပါသည်။

"ဘာလို့ ငိုရတာလဲကွာ၊ မောင့်မိန်းမမှာ ဘာအပြစ်မှ မရှိပါဘူး၊ ချယ်ရီ အခုလို စိတ်ဆင်းရဲနေရတာကိုက မောင့်အပြစ်တွေပါ"

"တိတ်နော်"

"ဟင့်အင်း... ဟင့်အင်း၊ မောင့်မှာ အပြစ်မရှိဘူး၊ ချယ်ရီ့မှာသာ အပြစ်ရှိတာပါ၊ မောင် သိပ်ပြီးလိုချင်တောင်းတတဲ့ မိသားစုဘဝလေးကို ချယ်ရီဘက်က ဘာတစ်ခုမှ မဖြည့်ဆည်းပေးနိုင်ခဲ့တဲ့ဘဝပါ မောင်ရယ်"

"ချယ်ရီလေ ချယ်ရီ မောင့်အတွက် သားသား၊ မီးမီးလေးတွေ..."

"ချယ်ရီရယ်"

စကားမဆက်နိုင်တော့လောက်အောင် စိတ်ထိခိုက်ကြေကွဲသွားသော ချယ်ရီ့ကိုယ်လေးကို ရင်ခွင်မှာ အတင်းကျုပ်ဆုံးထွေးပွေ့ရင်း





စိုင်းရှက်ခမ်းကိုယ်တိုင်လည်း စိတ်ထိခိုက်သွားရပါသည်။ မည်သူ့မှာမှ ချို့ယွင်းချက်မရှိပါသော်လည်း သားသမီးရထိုက်သည့်ကံ ပါမလာ၍ပဲလားမသိပါ။

သူနှင့်ချယ်ရီတို့တွင် အိမ်ထောင်သက်ကလေး ကြာလာသည့်တိုင် သားသမီးမရရှိခဲ့ပါ။ စိုပြည်ခြင်းမရှိသော အိမ်ထောင်ရေးက သားသမီးရတနာမရှိသောအခါ ပို၍ ခြောက်သွေ့အထီးကျန်ဆန်လာတာကို သူ မငြင်းပါ။

ချယ်ရီကိုယ်တိုင် ကလေးချစ်တတ်သူတစ်ယောက် ဖြစ်သလို စိုင်းရှက်ခမ်းကိုယ်တိုင်ကလည်း သားသမီးရတနာကို လိုချင်တောင့်တနေခဲ့သူ ဖြစ်ပါလျက် သားသမီးမရရှိခဲ့ကြပါ။

သမားတော်ကြီးတွေနှင့် တိုင်ပင်ပြသခဲ့ပါသော်လည်း အကျိုးမထူးခဲ့။ ထို့အတွက် မိန်းမသားဖြစ်သော ချယ်ရီက အိပ်ရာထဲ ပုန်းပုန်းလဲသည်အထိ စိတ်ထိခိုက်ကြေကွဲခဲ့သည်။

သားသမီးဆိုသည် သံယောဇဉ် အနှောင်အဖွဲ့များမှတစ်ဆင့် စိုင်းရှက်ခမ်း၏ ရင်ထဲက ချစ်ခြင်းမေတ္တာကို တိတ်တခိုး မျှော်လင့်တောင့်တခဲ့ရာမှ ထိုမျှော်လင့်ချက်ကလေး မှေးမှိန်ပျောက်ဆုံးခဲ့ရသည့်အဖြစ်။

"စိတ်မကောင်းစရာတွေ ဘာလို့ပြန်တွေးနေရတာလဲ၊ ချယ်ရီရယ်"

"အခု ညီညီက လက်ထပ်လိုက်ပြီပဲ၊ မောင်တို့လိုချင်တဲ့ သားသမီးတွေကိုယ်စား ညီညီတို့ မိသားစုလေးကို ပိုတိုးပြီး ချစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်ကြရင် မောင်တို့အတွက် ပျော်စရာဖြစ်လာမှာပါ အချစ်ရယ်"

"တိတ်နော် ချယ်ရီ၊ အခုလိုငိုနေတော့ မောင့်လဲ စိတ်ထိခိုက်ရပါတယ်"

"မောင်"

"ဟင်"

"ချယ်ရီကို ဘယ်တော့မှ ထားမသွားပါနဲ့လို့ တောင်းပန်ပါတယ် မောင်ရယ်"

"ချယ်ရီရယ်၊ ဘာတွေလျှောက်တွေးနေတာလဲဗျာ၊ စိတ်ချ မောင့်မိန်းမကို ဘယ်တော့မှ ခွဲမသွားဘူး ဟုတ်လား"

"ချယ်ရီကသာ မောင့်ကို စိတ်ပျက်ပြီး ထွက်ပြေးမသွားပါနဲ့ဗျာ"

"မောင်ရယ်"

ကြင်နာခြင်းဖြင့် ထွေးပွေ့နှစ်သက်လာသည့် ခင်ပွန်းသည်၏ ရင်ခွင်မှာ ခိုဝင်ရင်း ချယ်ရီ့ရင်မှာ ကြည်နူးချမ်းမြေ့ရပါသည်။

ညင်သာဖွဖွ ကျရောက်လာသည့် မောင့်ထံမှ အကြင်နာအနမ်းများကို ချယ်ရီ ကျေနပ်ပီတိဖြင့် လှိုက်လှဲစွာ ခံယူနေမိပါသည်။

"မောင့်ကို ချယ်ရီ သိပ်ချစ်တယ်"

မြတ်နိုးသူ၏ ချစ်ရင်ခွင်မှာ ချယ်ရီ ကျေနပ်စွာ နားခိုရင်း သူ့မရင်ထဲက စကားတွေကို တိုတ်တခိုး လေး ပြောကြားနေမိခြင်း ဖြစ်ပါသည်။

"ချယ်ရီ့ဘဝမှာ မောင် အမြဲရှိနေရင် ကျေနပ်ပျော်ရွှင်နေမယ့် သူက ချယ်ရီဆိုတဲ့ မိန်းမပါ မောင်ရယ်"





"ချယ်ရီရယ်"

ချယ်ရီ့ကိုယ်လေး သူ့ရင်ခွင်မှာ ကြင်နာစွာ နွေးထွေးစေလိုက်ပါသည်။ ကိုယ်တိုင်က အချစ်နှင့်ပတ်သက်လာလျှင် ရူးမတတ် ခံစားခဲ့ရသူမို့ ချယ်ရီ့ရင်တွင်းက နှလုံးသားဝေဒနာကို စာနာနားလည်နိုင်ခဲ့ပါသည်။

လုံမေ့အတွက် ခံစားကြေကွဲရသော အချိန်တိုင်းမှာ သူ ချယ်ရီ့ကို ဥပေက္ခာပြုထားခဲ့မိသည်ကလည်း အကြိမ်ပေါင်း မရေမတွက်နိုင်ခဲ့တာ သူသိပါသည်။

အခုတလော ချယ်ရီ့ကျန်းမာရေးကလည်း သိပ်မကောင်းသဖြင့် သူမကို သနားညှာတာစိတ်ဖြင့် အတိုးချကြင်နာယုယစွာ နေပိုင်တော့မည်ဟု သူ့ကိုယ်သူ ဆုံးဖြတ်ခဲ့ပြီးပါပြီ။

"ချယ်ရီ"

"မောင်"

"အခုချိန်ကစပြီး ဝမ်းနည်းစရာတွေ ဘာမှမတွေးနဲ့တော့နော်၊ ချယ်ရီ့အနားမှာ မောင် အမြဲရှိနေမယ်လို့ ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ မောင်ရယ်၊ ချယ်ရီလေ မောင့်ကို သိပ်ချစ်တယ် သိလား"

"မောင်လဲ ချယ်ရီ့ကို ချစ်ပါတယ်ကွယ်"

"အို... မောင်ရယ်... "

"ချယ်ရီရယ်... "

လှိုက်လှဲသော ချစ်အနမ်းတွေ ဖူးပွင့်ဝေဆာသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်အံ့သြသွားသော ချယ်ရီ့မျက်နှာလှလှလေးကို ကြည့်ကာ ကျေနပ်ကြည်နူးသွားရသူက စိုင်းရွှက်ခမ်း ဖြစ်ပါသည်။

မောင့်ကို ခွင့်လွှတ်ပါ ချယ်ရီရယ်၊ ချယ်ရီ့အချစ်တွေကို သိပေမဲ့ မောင့်ရဲ့ချစ်သူကို မောင့်နှလုံးသားက ဘယ်လိုမှ မေ့ပျောက်လို့မရတာ ချယ်ရီ မသိစေချင်ပါဘူးကွယ်... ။

(ဒုတိယပိုင်း ပြီးပါပြီ)

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။
ချစ်ခြင်းမေတ္တာအားဖြင့်
မြပုလဲသွယ်။

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၁၁/ ၂၀၀၄ (၅)
မျက်နှာဖုံးခွင့်ပြုချက် / ၉၀၄/ ၂၀၀၄ (၈)

ပထမအကြိမ်၊ ၂၀၀၄ ခုနှစ်၊ **စက်တင်ဘာလ**
အုပ်ရေ ၅၀၀

❐

**အဖုံးပန်းချီ**
**သိန်းရွှေကြည်၊** Sun

❐

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ သြဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊

❐

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

**တန်ဖိုး** ၁၀၀ ကျပ်

❐

ကွန်ပျူတာ
**Dream City**



# ချစ်နှင်းဝေတဲ့ ချစ်နယ်မြေ

## မြပုလဲသွယ်

( ဒုတိယ ဓာတ်သိမ်းပိုင်း)

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သိန်း.ဧ' :စာပေ



# အခန်း(၁)

ရှမ်းကုန်းပြင်မြင့်ကို ဖြတ်၍ တိုက်ခတ်လာသော လေက အေးစိမ့်နေပါသည်။ သို့ပါသော်လည်း လုံမေ့ရင်တွင်းတစ်နေရာမှာ တော့ စိုးရိမ်ခြင်းလေးတစ်ဝက်ဖြင့် ပူပင်စိတ်ကလေး ဖြစ်နေရပါသည်။

ဖြုန်းစားကြီး မောင့်ကို လက်ထပ်လိုက်ရသော်လည်း သူမအနေဖြင့် စိုင်းခမ်းညီအကြောင်းကို ကောင်းမွန်စွာ သိ၍တော့ဖြင့် မဟုတ်ခဲ့ရပါ။

သူ့ထံမှ ဇွတ်တရွတ်အချစ်များဖြင့် လူကို အဓမ္မသိမ်းပိုက်ရယူခဲ့ခြင်းကြောင့် လက်ထပ်ခဲ့ရခြင်း ဖြစ်သောကြောင့် အခုလိုသားပြီးပါမှ စိုင်းခမ်းညီဆိုသည့် မောင်မှာ သူမထင်မြင်ယူဆထားသလို လူလတ်တန်းစား ဆရာဝန်တစ်ယောက်မဟုတ်ဘဲ ချမ်းသာကြွယ်ဝသော သူဌေးတစ်ယောက် ဖြစ်နေခဲ့ခြင်းက လုံမေ့စိတ်ကို များစွာ အနှောင့်အယှက် ပေးလျက်ရှိပါသည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူဌေးဆိုသည့် လူတန်းစားတစ်ရပ်ကို လုံမေ ကြောက်လန့်ရှုံ့ရှာခဲ့ရသော အဖြစ်ကို သူကတော့ သိမည်မဟုတ်ပါ။ ငွေရှိလျှင် ဘာမဆိုဖြစ်နိုင်သည်ဟု ထင်မြင်ယူဆထားကြသည့် လူများ ဖြစ်သည့်အတိုင်း တစ်ကောင်ကြွက်-လုံမေကို လက်ထပ်ခဲ့သော မောင့်အပေါ်မှာ မောင့်အစ်ကိုဖြစ်သူက ဤမျှသဘောထားကြီးကြီး၏ အလွယ်တကူ လက်ခံလိုက်သည့်အဖြစ်ကို လုံမေ ရာခိုင်နှုန်းပြည့် စိတ်ချယုံကြည်နိုင်ခြင်း မရှိပါ။

သူဌေးဆိုသည့် လူမျိုးတွေက ရှေ့တွင်တစ်မျိုး၊ ကွယ်ရာတွင်တစ်မျိုး လိမ်ညာလှည့်ဖြားကောက်ကျစ်တတ်ကြတာ လုံမေ ကိုယ်တွေ့ဖြစ်ပါသည်။

ညီဖြစ်သူရှေ့မှာ တစ်မျိုးပြောပြီး ညီကွယ်ရာမှာ တစ်မျိုးတစ်ဖုံပြောင်းလွဲမသွားပါဘူးဟု မည်သူကမျှ အာမမခံနိုင်ပါ။

"ချစ်"

"ဟင်… "

မျက်စိတစ်ဆုံး မျှော်ကြည့်ရသော အပြာရောင် တောင်တန်းများကို ကျောက်ရုပ်လေးလို ငေးမောနေသော လုံမေ့ကို ဆွဲဖက်ရင်း ခေါ်လိုက်ခြင်း ဖြစ်ပါသည်။

"ဘာတွေစဉ်းစားနေတာတုန်းဗျာ၊ မောင်ကြည့်နေတာ ကြာလှပြီ"

"လုံမေ့လို တစ်ကောင်ကြွက်မလေးကို မောင်လက်ထပ်လိုက်တာ အလွယ်တကူ သဘောတူလိုက်တဲ့ မောင့်အစ်ကိုကြီးကို အံ့ဩ





နေမိလို့ပါ"

"ဘာအံ့ဩစရာရှိလဲ ချစ်ရဲ့၊ သူလဲ သူချစ်တဲ့သူကို လက်ထပ်တယ်၊ မောင်လဲ မောင်ချစ်တဲ့သူကို လက်ထပ်တာ ဘာများထူးဆန်းလို့လဲ"

"ဒါပေမဲ့ အခြေအနေချင်းက တူမှမတူဘဲ"

"ချစ်ကလဲကွာ၊ ဘာတွေလျှောက်တွေးပြီး ပူပင်နေတာတုန်းဗျာ၊ ချစ်ထင်သလို ဘာတစ်ခုမှ ဖြစ်မလာစေရဘူး၊ စိတ်ချ၊ ချစ်အနားမှာ မောင်တစ်ယောက်လုံးရှိတယ်… "

"ရှင်းရှင်းပြောမယ်ကွာ၊ ဟိုရောက်လို့ ကိုကိုတို့လင်မယားက ချစ်ကို နည်းနည်းလေးမှ မလိုလားတဲ့ အပြုအမူမျိုးပြရင် ချစ်လက်ကို ဆွဲပြီး မောင် တစ်ခါတည်း ထွက်သွားလိုက်မယ်"

"အို… "

"မောင်တကယ်ပြောနေတာ မောင်တို့အတွက် အမေက အစောကြီးကတည်းက ကိုယ့်နှာမည်နဲ့ကိုယ် သီးသန့်ခွဲထားပြီးသား၊ ဘာတစ်ခုမှ ပူစရာမလိုဘူး သိလား… "

"ပျော်ပျော်နေစမ်းပါ ချစ်ရယ်၊ မောင့်အစ်ကိုအကြောင်းကို မောင်ပဲသိပါတယ်၊ ဟော့ဒီက မောင့်မိန်းမလှလှလေးကို မြင်တာနဲ့ ကိုကိုတို့ လင်မယားနှစ်ယောက်စလုံး မေ့ကို တစ်ခါတည်း ချစ်သွားကြမှာ သေချာပါတယ်ကွာ"

"မောင်ရယ်… "

လုံမေ သက်ပြင်းရှိုက်ရင်း မောင့်ရင်ခွင်ကို တိုးဝင်မိတော့



www.burmeseclassic.com

www.burmeseclassic.com



မောင်က လုံမေ့ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ရင်း ပါးပြင်နုကို ဖွဖွရှိုက်နမ်းပါသည်။

"သိပ်ချစ်တယ် ချစ်ရယ်... "

"မောင့်ဘဝမှာ ချစ်မရှိလို့ လုံးဝမဖြစ်ဘူး သိလား"

"လုံမေလဲ မောင်နဲ့အတူတူပါပဲ မောင်ရယ်- မောင့်ကို လုံမေ ချစ်တယ်"

"ကောင်မလေးနော်၊ လမ်းမကြီးပေါ်မှာ လူကို လာချွဲမနေနဲ့ဗျား၊ သိလား၊ တော်ကြာ စိတ်မထိန်းနိုင်မှ ခက်ကုန်လိမ့်မယ်"

"သွား... မောင် သိပ်ဆိုးတယ်၊ သိလား"

"အဟွန်း... ဟွန်း... ဟွန်း"

"သွားမှာပါ၊ လာခဲ့... "

လုံမေ့လက်ကိုဆွဲပြီး ကားပေါ်တက်စေပါသည်။ ကားပေါ်ရောက်သည်နှင့် ဖြုန်းခနဲ လုံမေ့ကိုယ်လေးကို သူ့ရင်ခွင် တင်းကျပ်စွာဆွဲပွေ့ ရင်ချင်းအပ်ပစ်လိုက်ပြီး လုံမေ့တစ်ကိုယ်လုံးကို နွေးထွေးစေလိုက်သည်။

"ချစ်တယ် မေရယ်"

"သိပ်ချစ်တယ် သိလား"

"မေရယ်"

"အို... "

"မောင်... "

လုံမေ မောင့်ရင်ဘတ်ကြီးကို လက်သီးဆုပ်ကလေးများဖြင့်





တဗုန်းဗုန်း ထုရိုက်ပြစ်လိုက်သည်။ မောင်က ရက်စက်စွာဖြင့် ရဲရဲနီနေသော လုံမေ့မျက်နှာလေးကို မျက်လုံးလက်လက်များဖြင့် မြတ်နိုးစွာ စူးစိုက်ကြည့်ရင်း တိုးဖွဲညင်သာစွာ ရယ်မောကာ လုံမေ့လက်ကလေးများကို ဖမ်းယူရှိုက်နမ်းပါသည်။

"ချစ်တာကိုးဗျာ"

"မေကရော၊ မောင် ဆိုးချင်စရာကောင်းအောင် ဘာလို့ ဒီလောက်တောင် ချစ်စရာကောင်းနေသေးလဲ"

"တော်ပါ၊ ကားကို ဆက်မောင်းပါတော"

"အဟွန်း၊ ဟုတ်တယ်၊ ဒီတစ်ခါ အချစ်ရဲ့စကားကို နားထောင်မှ ဖြစ်မယ်၊ တော်ကြာ အခုထက် အချစ်ဒီဂရီတွေ တက်လာရင် အိမ်မရောက်ဘဲ နေလိမ့်မယ်"

စိုင်းခမ်းညီကတော့ ချစ်ဇနီး အသစ်စက်စက်ကလေး အနားမှာ အတူရှိနေသဖြင့် တစ်လမ်းလုံး ပျော်ရွှင်ကြည်နူးမဆုံး ရှိနေပါသည်။ လုံမေ့ရင်ထဲမှာ မောင့်အားပေးစကားများကြောင့် စိုးရိမ်စိတ်တို့ လျော့ပါးသက်သာသွားသလို ဖြစ်သွားသည်။

ခါတိုင်းနှင့်မတူ ထူးခြားစွာ မြူးကြွသွက်လက်စွာ ပျော်ရွှင်နေသော ချယ်ရီ့ကိုကြည့်ပြီး စိုင်းရွက်ခမ်း သက်ပြင်းရှိုက်လိုက်သည်။

ချယ်ရီ့မှာ နှလုံးရောဂါရှိနေသဖြင့် သူမကို အတတ်နိုင်ဆုံး စိတ်ချမ်းသာအောင်ထားဖို့ ဆုံးဖြတ်ထားခဲ့ပြီးပါပြီ။ ချယ်ရီကတော့ သူမအလိုချင် အတောင်းတဆုံး စကားကို နှစ်တွေကြာပြီးမှကြား



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရလိုက်ခြင်းကြောင့် ကျေနပ်ပျော်ရွှင်နေကြောင်း သူ သိပါသည်။

စိုင်းခမ်းညီတို့ လင်မယားအတွက် အသင့်နေနိုင်အောင် ချယ်ရီကိုယ်တိုင် အခန်းကို အလှပြုပြင်ဆင်ထားသလို အကောင်းဆုံး အဖိုးတန်ပစ္စည်းတွေ ရွေးသုံးထားပါသည်။

"မောင်"

"ဟင်... "

"ကြည့်ပါဦး၊ ချယ်ရီပြင်ထားတာ ကောင်းရဲ့လား၊ ဘာတွေ လိုသေးလဲဟင်"

ပန်းနုရောင် မင်္ဂလာဦးအပြင်အဆင်တွေနှင့် လှချင်တိုင်း လှနေသော ဖဲမွေ့ရာကြီးကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်။ အခန်းထဲမှာ ပစ္စည်းတွေအားလုံး သူ့နေရာနှင့်သူ အချိုးကျကျ လှလှပပမို့ ညီဖြစ်သူအတွက် စေတနာထားပြီးပြင်ဆင်ပေးသည့် ချယ်ရီ့မျက်နှာလေးကို ငုံ့ကြည့်လိုက်မိသည်။

"ဘာလို့ ဒီလောက်တောင် အပင်ပန်းခံပြီး ချယ်ရီကိုယ်တိုင် ဝင်လုပ်နေရတာလဲကွာ၊ ကိုယ်က နေကောင်းတာလဲ မဟုတ်ဘဲနဲ့"

"ချယ်ရီ နေကောင်းပါတယ် မောင်ရဲ့၊ ညီညီ့အတွက် လုပ်ပေးရတာပဲ၊ မပင်ပန်းပါဘူး"

"ဒါပေမဲ့ သူတို့က ဒီမှာ အမြဲနေကြမှာ မဟုတ်ဘူးလေ၊ သူတို့အတွက် ညှော်ခံပွဲက ဟိုမှာ ကျင်းပမှာ မဟုတ်လား"

"ဘာဖြစ်လဲ မောင်ရဲ့၊ ဒီမှာလဲ သူတို့အတွက် အခန်းတစ်ခန်း ရှိသလို ဟိုမှာလဲ ဒီထက်ကောင်းတဲ့ အခန်းတစ်ခု ပြင်ပေးဦးမှာပေါ့"





"မောင်က ချယ်ရီပင်ပန်းနေမှာ စိုးလို့ပေါ့"

ချစ်ခင်ပွန်းသည်ထံမှ အကြင်နာစကားသံကို ကြားလိုက်ရခြင်းကြောင့် ချယ်ရီ ပင်ပန်းခဲ့ရသမျှတို့ ပျောက်သွားကာ စိုင်းရွက်ခမ်း၏ မျက်နှာချောချောကို ချစ်ခင်မြတ်နိုးသော မျက်ဝန်းအစုံဖြင့် ငေးစိုက်ကြည့်ရင်း ချယ်ရီ့တစ်ကိုယ်လုံး ကြည်နူးခြင်းဖြင့် တသိမ့်သိမ့် ရိုက်သွားသည်။

"ကျေးဇူးတင်ပါတယ် မောင်ရယ်၊ ချယ်ရီ့ကို ဂရုစိုက်ကြင်နာ ပေးတဲ့အတွက်ပါ"

"ချယ်ရီ့ကိုသာ မောင်က ကျေးဇူးတင်ရမှာပါဗျာ"

"ဘာဖြစ်လို့"

"မောင့်အပေါ်မှာ ချယ်ရီ ဘယ်လောက်ချစ်တယ်၊ ဂရုစိုက်တယ်ဆိုတာ မောင် သိနေလို့ပေါ့"

"မောင်ရယ်"

"ချယ်ရီ"

ခင်ပွန်းသည်၏ ရင်ခွင်ကို တိုးဝင်ရင်း ချယ်ရီ မျက်ရည်ကျမိသည်။ ဒီတစ်ခါကျသည့် မျက်ရည်တွေကတော့ ရင်ထဲအသည်းထဲက လှိုက်လှဲသော ပီတိကြောင့် ဖြစ်ပါသည်။

"ဘာလို့ မျက်ရည်ကျရပြန်တာလဲ ချယ်ရီရယ်"

"ချယ်ရီ ဝမ်းသာလွန်းလို့ပါ မောင်၊ ချယ်ရီ့အချစ်တွေကို မောင် အသိအမှတ်ပြုပေးတဲ့အတွက်ပါ"

"ချယ်ရီရယ်"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ့ပါးပြင်ပေါ်တွင် မျက်ရည်တွေကို အနမ်းဖြင့် ညင်သာစွာ ဖယ်ရှားပေးလိုက်ပါသည်။ ချယ်ရီ့အတွက် သူ စိတ်မကောင်းပါ။ ချယ်ရီက သူ့အပေါ်မှာ အနစ်နာခံပြီး ဂရုစိုက် ချစ်ခင်မြတ်နိုးသလောက် သူက ချယ်ရီ့အပေါ်မှာ တူညီမျှတသော ချစ်ခြင်းမေတ္တာကို မပေးစွမ်းနိုင်သူ။

အချစ်ဆိုတာကလည်း ထူးခြားဆန်းကြယ်လှသည်။ ချယ်ရီက သူမှသူ၊ မြတ်နိုးစွဲလမ်းစိတ်ဖြင့် ချစ်နေရှာသလို သူကိုယ်တိုင်ကလည်း လုံမေဆိုသည့် ချစ်ရသူကိုသာ အချိန်တိုင်း စွဲလမ်းတမ်းတနေခဲ့သူ။

အချိန်တွေ ကြာခဲ့ပြီဆိုပေမဲ့ သူ လုံမေ့ကို တစ်နေ့မှ မေ့မရနိုင်ခဲ့ပါ။ သူ့ကြောင့် အပြစ်မရှိသော ချစ်သူလေးကို ရက်ရက် စက်စက် အသည်းခွဲသလို ဖြစ်ခဲ့ရတာကို ပြန်တွေးမိတိုင်း သူ့နှလုံးသား တွေ အခံရခက်အောင် နာကျင်ကြေကွဲရသည်။

လုံမေ့အတွက် စိုင်းရွက်ခမ်းဆိုတာ သစ္စာမရှိသူ လိမ်ညာလှည့်ဖြားခဲ့သူ ဖြစ်ခဲ့ရုံမက ထိုထက်မကသော စွပ်စွဲချက်များဖြင့် ထိုက်တန်ခဲ့သူ တစ်ယောက်ဆိုတာ သူ ဝန်ခံပါသည်။

အရက်ကြောင့် သူ့ဘဝတစ်ခုလုံး ပျက်စီးဆုံးရှုံးမသွားသည့်တိုင် နာလန်မထူနိုင်လောက်အောင် ဆုံးရှုံးခဲ့ရသည့် လုံမေနှင့်သူ ဖူးစာမပါကြ၍ပဲလား မဆိုနိုင်။

ကံကြမ္မာက ချစ်သူနှစ်ဦးစလုံး၏ ဘဝကို ကြောက်စရာကောင်းလောက်အောင် ရက်စက်စွာ ခွဲခွာပစ်လိုက်သည်။

ချယ်ရီနှင့်သူ ရုံးတက်လက်ထပ်လိုက်ရပြီးကတည်းက အရှုံး





တစ်ယောက်လို သူ ဖြစ်သွားခဲ့ရသည်။ အချိန်ရှိတိုင်း သူချစ်သော လုံမေကို ရှာဖွေခဲ့သည်။ သူမ ဘယ်မှာလဲဆိုတာ စုံစမ်းခဲ့သည်။ ကံကောင်းလွန်း၍ လုံမေ့ကို ဆေးခန်းတစ်ခုရှေ့မှာ အမှတ်မထင် ဆုံတွေ့ခွင့်ရခဲ့သည်။

လုံမေက သူ့ကို ဇွတ်အတင်း သွားခိုင်းနေ၍ သူမ ကျေနပ်အောင် ထွက်လာခဲ့ရသော်လည်း သူမ အိမ်အပြန်ကို နောက်ယောင်ခံလိုက်သွားမည်ဟု စိတ်ကူးခဲ့ပေမယ့် ကံကြမ္မာက မျက်နှာသာမပေးခဲ့တော့ ထင်သလို ဖြစ်မလာ။

ချယ်ရီ့ဖခင်၊ သူ့ယောက္ခမကြီး ဦးအိုက်မုန်းနဲ့ ဆုံပြီး ဇွတ်အတင်း သူ့အိမ်ကို လိုက်ခဲ့ရန် ခေါ်နေသဖြင့် သူ လိုက်ခဲ့ရသည်။ စိတ်တွေက လုံမေ့ဆီမှာ ကျန်ရစ်ခဲ့ပေမဲ့ ငြင်းပယ်၍မရသည့် အခြေအနေကြားမှာ သူ ဘာတစ်ခုမှ မတတ်နိုင်အောင် ဖြစ်ခဲ့ရသည်။

နောက်ရက်တွေမှာလည်း လုံမေ့ကို သူ မနေမနား ရှာဖွေစုံစမ်းသည်။ သူမ၏အမည်ကို ဘယ်မှာမှ မေး၍မရ။ ရှာဖွေလို့မရသည့် အဆုံး သူမထံမှ ဆက်သွယ်မှုကို စောင့်မျှော်မိပြန်သည်။

ချယ်ရီနှင့် သူ၏ မင်္ဂလာပွဲကို ဘာတစ်ခုမှ ဂရုမစိုက်နိုင်အောင် ပြေးလွှားနေသော သတို့သားကို ချယ်ရီက ဘာမှမပြောပါ။

ပြောခွင့်မသာအောင် သူမကိုယ်တိုင် မင်္ဂလာကိစ္စကို သူမစိတ်ကြိုက် စီစဉ်ဆောင်ရွက်နေခဲ့ရသည် မဟုတ်လား။

ဒီတော့ သူ့ဘက်ကလည်း သူ့စိတ်ရှိသလောက် လုံမေ့ကို ရှာဖွေရင်း တွေ့မယ့်တွေ့ကြရတော့လဲ သူ့မင်္ဂလာပွဲ ကျင်းပသည့်နေ့



www.burmeseclassic.com

www.burmeseclassic.com



ကြမှ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ပေးခဲ့သည့် ကံကြမ္မာ၏ ကျီစယ်နောက်ပြောင်မှုက သူ့ဘဝတစ်သက်တာမှာ သေသည့်အထိ ပျောက်ပျက်မသွားနိုင်သည့် ဒဏ်ရာတစ်ခု ဖြစ်ပေါ်စေခဲ့သည်။

ထိုနေ့က သူနှင့်ချယ်ရီ့ကို ကြည့်သွားခဲ့သည့် ချစ်သူလေး၏ အကြည့်ကို သူ့အာရုံမှာ အခုချိန်ထိ နက်ရှိုင်းစွာ စွဲထင်နေခဲ့၏။

ထူးထူးခြားခြား ဒီနေ့မှ လုံမေ့ကို သူသိပ်ပြီး သတိရတမ်းတနေမိသည့်အဖြစ်။ သူ့ဘဝထဲက ရှာဖွေလို့မရအောင် ပျောက်ဆုံးသွားသော ချစ်သူလေးက သူ့အသည်းနှလုံးမှာတော့ ထာဝရရှင်သန်သက်ဝင်နေသူလေး ဖြစ်လာခဲ့သည်။

သူမကတော့ သူနှင့် ဆန့်ကျင်ဘက်ခံစားချက်များဖြင့် သူ့ကို ဘဝတစ်သက်စာ နာကျင်မုန်းတီးနေရှာပေလိမ့်မည်။

အချိန်တွေ ကြာခဲ့ပြီဆိုပေမဲ့ သူ့ရင်ထဲမှာ အဖြစ်အပျက်တွေကို မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သလို ခံစားနေရဆဲ ဖြစ်ပါသည်။

အခုချိန်လောက်ဆိုလျှင် သိပ်လှသော ချစ်သူလေးလည်း အိမ်ထောင်တွေ ကျပြီး လှပသည့် မိသားစုဘဝလေးထဲမှာ ကျေနပ်ကြည်နူးစွာ ပျော်ရွှင်နေမည်လား။

ဒါမှမဟုတ်...

ခံမှန်ခဲ့ဖူးတဲ့ စာသူငယ်လေးလို နောက်ထပ် အချစ်သစ်မရှာဘဲ သူ့ကိုပဲ ထာဝရ မုန်းတီးနာကြည်းနေရှာမည်လား။

ချာတိတ်ရယ်... ။

မင်းလေးနဲ့ ပြန်ဆုံတွေ့ခွင့် ရဦးမယ်ဆိုရင် အချစ် ကျေနပ်





ကြည်ဖြူလာမယ့် အချိန်အထိ ကိုယ့်ရဲ့အမှားတွေကို သံသရာအစဉ်အဆက်ပဲဖြစ်ဖြစ် တောင်းပန်အသနားခံနေချင်တဲ့ သူမအချစ်ရာ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"တီ... တီ"

"ဟော့... ကားရောက်လာပြီ မောင်ရေ"

"အြော်... အရေးထဲ မောင်တစ်ယောက် ဘယ်ရောက်နေသလဲ မသိပြန်ပါဘူး"

ချယ်ရီတစ်ယောက်တည်း အိမ်အပေါ်ထပ်မှ အပြေးလေးဆင်းကာ ချစ်လင်ကို ဟိုဟိုဒီဒီ ရှာဖွေရင်း စိုင်းခမ်းညီတို့ ညားခါစ အသစ်စက်စက် ဇနီးမောင်နှံကို ကြိုဆိုရန် ဧည့်ခန်းသို့ ထွက်လာခဲ့လိုက်ပါသည်။

"မောင်ရေ... မောင်"

"ညီညီတို့ ရောက်လာကြပြီ"

"လာပြီ၊ ချယ်ရီရေ"

ခင်ပွန်းသည် အသံပျပျကိုသာ ကြားလိုက်ရသည်။ လူကိုတော့ မမြင်လိုက်ရပါ။ ကားလေးက အိမ်ရှေ့တည့်တည့်မှာ ရပ်တန့်သွား





လိုက်ပြီမို့ ချယ်ရီလည်း သူမခင်ပွန်းသည်ကို ရှာဖွေရန် အချိန်မရတော့သောကြောင့် အပြုံးလှလှဖြင့် ဧည့်ခန်းသို့ အပြေးထွက်ခဲ့ရပါသည်။

"ဟော့... ညီညီတို့ ရောက်လာကြပြီ၊ လာကြ... လာကြ၊ မမဖြင့် ညီညီတို့မင်္ဂလာသတင်းကို ကြားပြီး ပျော်လိုက်ရတာကွယ်"

"မမပဲ ပျော်တာလားဗျာ၊ ကိုကိုကရော မပျော်ဘူးလား"

လုံမေ့လက်ကို မလွှတ်တမ်း ဆွဲထားရင်း သူမတို့နှစ်ယောက်ကို အပြေးအလွှား ကြိုဆိုနေသော မမနှင့် မောင်တို့ စကားဆိုနေချိန်မှာ လုံမေက မျက်နှာနီနီလေးနှင့် အနေရခက်စွာ ခေါင်းငုံ့နေမိပါသည်။

"ပျော်ပါသတဲ့ရှင်၊ ပျော်ပါသတဲ့၊ ဖုန်းပြောပြီးကတည်းက ညီညီတို့အတွက် မင်္ဂလာဧည့်ခံပွဲကို အကောင်းဆုံး အခမ်းနားဆုံးလုပ်ပေးဖို့ တဖွဖွ ပြောနေတော့တာပါပဲ"

"အဟွန်း... ဟွန်း... ဟွန်း"

"ဒီလိုပဲဖြစ်ရမှာပေါ့ မမချယ်ရီရေ၊ ကိုကိုက ညီကို သိပ်ပြီး အိမ်ထောင်ပြုစေချင်နေတာ၊ ကိုကို ဝမ်းသာနေမယ်ဆိုတာ ညီညီသိတယ်"

"ဟုတ်ပါသတဲ့ရှင်၊ ညီမလေးကလဲ လှလိုက်တာ၊ ဘာမှမပြင်မဆင်ရသေးဘဲနဲ့ကို ကြွေရုပ်ကလေးကျနေတာပဲ၊ ဒါကြောင့် ညီညီကလဲ ချာန်လျှောတာနေမှာ"

လုံမေ့လက်ကလေးတစ်ဖက်ကို တရင်းတနှီးလေး ဆွဲကိုင်လျက် လုံမေချောကြောင်း လှကြောင်း ဖြောင်ပင် ချီးကျူးနေသော မမချယ်ရီဆို သူ့ကြောင့် မျက်နှာလှလှလေး သွေးရောင်လွှမ်းပြီး အနေရခက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကိုကြည့်ပြီး မောင်က ခပ်ပြုံးပြုံးကြီး ကျေနပ်နေပါသည်။

"အမယ်လေး၊ အဲဒီလို ရှက်စနိုး ဖြစ်နေတဲ့ပုံလေးကို ညီမပြောနဲ့ မမတောင် အသည်းယားပြီး ချစ်ချင်လာပြီ"

"အို..."

"ဟိုး... ဟိုး၊ ဒါတော့ မဖြစ်ဘူးနော်၊ မေက ညီအတွက် တစ်ဦးတည်းသော မူပိုင်ချစ်သူလေးဗျာ၊ မမချယ်ရီ ချစ်ချင်ရင် ကိုကို့ကိုပဲ ချစ်ဗျာ"

"အမယ်လေး၊ အဖြစ်ကလဲ သည်းလိုက်တာရှင်၊ ညီဖနီးချောလေးနဲ့ မမကိုလဲ မိတ်ဆက်ပေးစမ်းပါဦး"

"ကိုကိုရော မမ၊ ညီက ကိုကိုနဲ့မှ မေ့ကို တစ်ခါတည်း မိတ်ဆက်ပေးချင်တာဗျာ"

မောင်က လုံမေ့လက်ကလေးကို ဆွဲရင်း နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ အတူပူးကပ်ထိုင်လျက် ဈေးကိုင်သလို ခပ်ပြုံးပြုံးဆိုရင်း မမချယ်ရီမမြင်အောင် လုံမေ့ကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သေးတာမို့ မောင့်ဗိုက်ကို မနာကျင်အောင် ဆွဲလိမ်လိုက်ပါသည်။

"ညီ့ကိုကို ရှိပါတယ်ရှင်၊ အခုချိန်ထိ အိမ်ထဲမှာ ဘာတွေ အလုပ်ရှုပ်နေတယ် မသိပါဘူး"

"ဟော့... ဟိုမှာ လာပါပြီရှင်၊ မောင်ရေ ဒီမှာ ညီတို့ ရောက်နေပြီ"

ချယ်ရီက စိုင်းရွက်ခမ်းရှိရာကို အပြေးရောက်သွားပြီး ခင်ပွန်းသည်၏ လက်မောင်းတစ်ဖက်ကို မှီတွယ်ရင်း ခပ်ပြုံးပြုံးမျက်နှာဖြင့်...





"သိလားမောင်၊ ညီက သူ့မိန်းမ သိပ်ချောမှန်းသိလို့ ဈေးကိုင်ပြီး ချယ်ရီနဲ့ အခုထိ မိတ်ဆက်မပေးသေးဘူး"

"မောင်နဲ့မှ အတူတူမိတ်ဆက်ပေးမှာတဲ့လေ၊ အဟင်း... ဟင်း"

"အဟွန်း... ဟုတ်လား"

ကလေးတစ်ယောက်လို တိုင်တန်းပြောဆိုနေသော ချယ်ရီကို ကြည့်ပြီး စိုင်းရွက်ခမ်း ပြုံးလိုက်ပါသည်။

"ဟုတ်တယ်၊ ကိုကိုရေ ဒီမှာလေ ကိုကို့ခယ်မလေး ဘယ်လောက်ချော ဘယ်လောက်လှသလဲဆိုတာ သေချာကြည့်ပါဦး"

"မေ့နာမည်က လုံမေတဲ့"

"ဟင်..."

စိုင်းရွက်ခမ်းနားထဲမှာ အင်အားပြင်းထန်သော အနုမြူဗုံး တစ်လုံး ပေါက်ကွဲသွားသလို ခံစားလိုက်ရသည်။ မဟုတ်ပါစေနဲ့။ လုံးဝမဟုတ်ပါစေနဲ့။ သူ နားကြားလွဲတာပဲ ဖြစ်ပါစေ။ လုံမေဆိုသည့် အမည်လေး အဟုတ်အမှန် ဖြစ်ခဲ့ရင်တောင်မှ နာမည်တူတာပဲ ဖြစ်ပါစေဟု သူ့စိတ်ထဲက ကျိတ်ပြီး ဆုတောင်းနေမိပေမဲ့ ဆုတောင်းက မပြည့်ပါ။

"လုံမေတဲ့လား၊ လူနဲ့-နာမည်နဲ့ လိုက်ဖက်ပါတယ်ကွယ်"

ချယ်ရီ့ထံမှ ချီးမွမ်းသံလေးက လုံမေဆိုသည့် အမည်လေးကို အတည်ပြုပေးလိုက်ပါပြီ။ ညီဖြစ်သူအနားမှာ ပူးကပ်စွာ ရှိနေသူလေး ရှိရာသို့ အကြည့်ရောက်သွားသည့် အချိန်မှာပင် ညီညီအသံက ပီသ



www.burmeseclassic.com

www.burmeseclassic.com



ကြည်မြစွာ ဆက်လက် ထွက်ပေါ်လာပြန်ပါသည်။

"မေ... ဟော့ဒါက မောင့်ရဲ့အစ်ကိုကြီး ဦးစိုင်းရွက်ခမ်းနဲ့ ဇနီး ဒေါ်ချယ်ရီ"

"ဟင်... "

အို... ။

ဦးစိုင်းရွက်ခမ်း... ။

ဦးစိုင်းရွက်ခမ်း ကိုယ်တိုင်ပါပဲလား။

ဆွတ်ပျံ့လွမ်းမောဖွယ် အကြည့်လက်လက်တွေက ရီဝေနွဲ့ညို့လျက် လုံမေ့မျက်နှာလှလှလေးကို တစ်ခါမှ မြင်တွေ့ဖူးခြင်း မရှိသလို စူးစူးစိုက်စိုက် ကြည့်ငေးနေသည့် အကြည့်များအောက်မှာ လုံမေ့မျက်နှာလေး သိသာစွာ ပျက်သွားတာကို အချိန်မီ ထိန်းလိုက်ရပါသည်။

အနှစ်နှစ်အလလက မေ့ပျောက်တားခဲ့သည့် ဝေဒနာတွေက မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သလို လုံမေ့ရင်ထဲ အသည်းထဲအထိ လှိုက်လှဲစွာ နာကျင်လာရခြင်းကြောင့် ဦးစိုင်းရွက်ခမ်း၏ မျက်နှာကို မမြင်မတွေ့လိုသောကြောင့် ချက်ချင်း မျက်လွှာချ အကြည့်လွှဲလိုက်ရပါသည်။

ကမ္ဘာလောကကြီးတစ်ခုလုံး ဘာတွေဘယ်လိုဖြစ်ကုန်ကြပြီနည်း။ လုံမေ့ဘဝ၊ လုံမေ့အသည်းနှလုံးကို ရည်စက်စွာ နင်းချေဖျက်စီးခဲ့သော လုံမေ အသက်မက ခါးသီးစွာ နာကြည်းမုန်းတီးရသောလူက လုံမေ လက်ထပ်လိုက်သော မောင့်ရဲ့ အချစ်ဆုံးအစ်ကို





တစ်ယောက်အဖြစ်နဲ့ လုံမေ့ရှေ့မှာ မားမားကြီး ရပ်လျက် ရှိနေခဲ့လေပြီ။

ထိုကဲ့သို့ ဖြစ်လာလိမ့်မည်ဟု လုံမေ ယောင်၍မျှပင် စိတ်ကူးယဉ် မကြည့်ခဲ့မိဖူးပါ။ အခုတော့ တကယ့်အဖြစ်အပျက်တွေက စိတ်ကူးယဉ်ထားသည်ထက်ပင် ပို၍ ဆန်းကြယ်နေပါသည်။

လုံမေ့အတွက် ကံကြမ္မာက ဒီလောက်တောင် ဆိုးရွားတိုက်ဆိုင်လှချည်လား။ အစ်ကိုဖြစ်သူကြောင့် လုံမေ့အသည်းနှလုံးတွေ တစ်စစီ ကွဲအက်ကြေမွခဲ့ရသည်။

အစ်ကိုဖြစ်သူ၏ ဟန်ဆောင်လိမ်ညာလှည့်စားမှုတွေအောက်မှာ နောက်ထပ် အချစ်သစ်ကို မရှာဖွေရဲလောက်အောင် ခါးသီးကြေကွဲခဲ့ရသည့် အချိန်များစွာကို ဖြတ်ကျော်ရင်း အထီးကျန်ဆန်စွာ ဘဝကို ရင်ဆိုင်ခဲ့ရသည်။

ခြည်သည့်ယောက်ျား၏ အချစ်ကိုမှ မယုံကြည်ရဲအောင် ဖြစ်ခဲ့ရသူ။ ချစ်ရမှာကို ကြောက်လန့်သွားအောင် သင်ပေးခဲ့သူက အခု လုံမေ့ရှေ့မှာ ရှိနေသည့် ဦးစိုင်းရွက်ခမ်းဆိုသည့် လူ။

အချစ်ကို မယုံရဲတော့ဘဲ ဘဝကို အထီးကျန်ဆန်စွာ ရင်ဆိုင်ဖြတ်သန်းဖို့ ကြိုးစားနေသော လုံမေ့ကို ရွတ်တရွတ် အချစ်တွေဖြင့် အားစက်သေဆုံးနေသည့် မုန်တီးရှင်သန်စေသူက လုံမေ မုန်းတီးရသော အချစ်ဦးသူ၏ ညီကိုယ်တိုင် ဖြစ်နေခဲ့သည်။

လုံမေ ဘာဆက်လုပ်ရမည်နည်း။ ရင်ထဲမှာ ဦးစိုင်းရွက်ခမ်းကြောင့် ခံစားချက်ပေါင်းစုံဖြင့် လှိုင်းထန်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် အားလုံးနှင့်ဝေးရာကို အမြန်ဆုံး ပြေးထွက်သွားနေမိပါသည်။

"ဘယ့်နှယ့်လဲ ကိုကို၊ ညီမိန်းမက မချောဘူးလား၊ မလှဘူးလား"

"သိပ်ချော သိပ်လှပါတယ် ညီရယ်၊ ညီနဲ့လဲ သိပ်လိုက်ဖက်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုကို"

အမူအရာပျက်ယွင်းသွားသည့် သူတို့နှစ်ယောက်၏ အဖြစ်ကို မည်သူမှ သတိမထားလိုက်မိ၍ တော်ပါသေးသည်။ မျက်လွှာချ၍ ငြိမ်သက်နေသူလေးကို စူးစိုက်ကြည့်ရင်း စိုင်းရွက်ခမ်းရင်မှာ ဖြစ်ပေါ်ခံစားနေရသော ခံစားချက်များကို မျိုသိပ်ချုပ်တည်းလိုက်ရပါသည်။ ညီဖြစ်သူ၏ ဇနီးတစ်ယောက်အဖြစ် သူ့ဘက်က လှိုက်လှဲစွာ ကြိုဆိုရပါဦးမည်။

"တွေ့ရတာ ဝမ်းသာပါတယ် လုံမေ၊ ကိုကိုတို့ မိသားစုတွေ ဖြစ်သွားကြပြီပဲ၊ ကိုကိုတို့အတွက် ချစ်စရာကောင်းတဲ့ ညီမလေး တစ်ယောက် ထပ်ပြီး တိုးလာတာပေါ့ဗျာ"

"ဟုတ်တယ်မဟုတ်လား ချယ်ရီ"

"ဒါပေါ့ မောင်ရဲ့၊ ချယ်ရီကတော့ ချယ်ရီ့ညီမလေး ဘယ်လောက်ချောတယ်၊ လှတယ်ဆိုတာ လူတွေသိအောင် ဧည့်ခံပွဲကို အမြန်ဆုံးကျင်းပပြီး ကြွားရဦးမယ် မောင်ရေ"

လင်မယားနှစ်ယောက် အတိုင်အဖောက်ညီစွာ ပြောနေကြပေ





မဲ့ လုံမေ့ဦးခေါင်းလေးက မော့မလာတော့ပါ။

"ကဲ... ညီညီတို့ ပင်ပန်းလာကြတာ မဟုတ်လား၊ ရေချိုး အနားယူကြဦး၊ မမချယ်ရီတော့ ညီတို့ဇနီးမောင်နှံအတွက် ကိုယ်တိုင် အခန်းပြင်ပေးထားတယ် သိလား"

"ညီက ဒါကြောင့် ဟော့ဒီက မမကို အားကိုးရတာပေါ့ဗျာ"

"အဟင်း... ဟင်း... အဲဒီစကားလေးနဲ့တင် အမောပြေပါပြီတဲ့ရှင်"

"ဒေါ်နိုင်း ညီတို့အခန်းကို လိုက်ပို့ပေးလိုက်ပါ၊ ညစာစားချိန်ကျမှ ပြန်ဆုံကြတာပေါ့နော် လုံမေ"

"ဟုတ်ကဲ့"

"လာ... ချစ်"

မောင်က လုံမေ့လက်ကလေးတစ်ဖက်ကို ယုယကြင်နာစွာ တွဲပြီး အပေါ်ထပ်ကို ဦးဆောင်ခေါ်သွားပါသည်။ ခမ်းနားလှပသော အိမ်ကြီး၏ အပြင်အဆင်များကို လုံမေ ဘာတစ်ခုမှ စိတ်မဝင်စား နိုင်ပါ။

ဦးစိုင်းရွက်ခမ်း၏ ချောမောခန့်ညားသည့် မျက်နှာကိုသာ အထပ်ထပ် ပြန်လည်မြင်ယောင်လျက် ရင်ထဲမှာ မွန်းကျပ်ရှုပ်ထွေး နေပါသည်။

"ဟော့... ဒီအခန်းပါပဲ၊ လိုအပ်တာရှိရင် အဒေါ်ကို ဘဲလ်တီး ခေါ်လိုက်ပါ"

"သိုင်းခ်ယူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နိုင်းဆိုသည့် အမျိုးသမီးကြီး အောက်ထပ်ကို ချက်ချင်း ပြန်ဆင်းသွားသည်နှင့် မောင်က အခန်းတံခါးကို ပိတ်လိုက်ပါသည်။

"အား… သိပ်လှနေပါလား၊ ကြည့်ပါဦးချစ်ရဲ့၊ မမချယ်ရီ ပြင်ပေးထားတာတွေကို သဘောကျရဲ့လား"

"ကျပါတယ်မောင်၊ သိပ်လှလွန်းလို့ အိပ်ပစ်ရမှာတောင် နှမြောမိတယ်"

"ဟာ… အဲ့ဒါတော့ မဖြစ်ဘူးနော်၊ ချစ်ကို မောင် တစ်လမ်းလုံး လွမ်းခဲ့ရတာ သိတယ်မဟုတ်လား"

"ဒီတော့… "

"မောင်နော်၊ ဖယ်စမ်းပါ၊ တစ်လမ်းလုံး ဖုံတွေသဲတွေနဲ့ ညစ်ပတ်လာတာ ရေချိုးစမ်းပါရစေဦး"

သူမကိုယ်လေးကို ပွေ့ဖက်ရန် ကြိုးစားလာသော မောင့်ကိုယ်ကြီးကို လက်ကလေးများဖြင့် ဖွတ်အတင်း တွန်းထုတ်နေသည့်ကြားမှပင် မောင်က လုံမေ့ပါးပြင်ကို မရအရ လိုက်ပြီး ရှိုက်နမ်းလိုက်ပါသည်။

"ခဏလေးပါ ချစ်ရဲ့၊ မောင်လဲ ချစ်နဲ့အတူတူ ရေချိုးမှာပါ"

"အို… အဲဒါတော့ ဘယ်ဖြစ်မလဲ၊ မောင့်ဘာသာ ရေအရင် ချိုးနှင့်ပါ၊ ပြီးမှ လုံမေ့ဘာသာ ရေချိုးမယ်"

"ဘာဖြစ်လို့လဲ ချစ်ရဲ့၊ မောင်တို့က သူစိမ်းတွေလား၊ လင်မယား အတူရေချိုးတာ ရှက်စရာလား"

"အို… မသိဘူး… မသိဘူး၊ မောင့်ဘာသာ ချိုးချင်ချိုး





မချိုးချင်နေ၊ လုံမေတော့ ဒီည ရေမချိုးတော့ဘူး"

"အဟွန်း… ဟွန်း… ဟွန်း"

မျက်နှာလှလှလေး ရဲရဲနီပြီး သူ့ကို စိတ်ဆိုးဒေါသဖြစ်စွာ ကျောခိုင်းပြီး ထိုင်နေသူ ဇနီးအချောအလှလေးကို ကြည့်ပြီး စိုင်းခမ်းညီ မြတ်နိုးအသည်းယားစွာ ရယ်မောလိုက်ခြင်း ဖြစ်ပါသည်။

ဇနီးမောင်နှံပင် ဖြစ်ပါသော်လည်း လုံမေက နေရာတကာ အရှက်အကြောက်ကြီးသူလေးမှန်း သူသိပါသည်။ အခုလည်း သူမ မကြိုက်သည့် စကားကို သူက တမင်ဖွတ်တိုးပြောလိုက်ခြင်းကြောင့် လုံမေ သူ့ကို စိတ်ဆိုးဒေါသဖြစ်နေမှန်း သိလိုက်ပါသည်။

"ချစ်"

သူ ခေါ်လိုက်သည်။

လုံမေက သူ့ဘက်ကို လှည့်မကြည့်သလို ထူးလည်း မထူးသဖြင့် သူ ပြုံးလိုက်သည်။

"အဟွန်း… "

"မောင့်မိန်းမကြောင့် ခက်ပါသေးတယ်ဗျာ၊ နေရာတိုင်း လိုက်ရှက်နေတော့ မောင်က ဘယ်လိုလုပ်ရမှာလဲကွာ"

"ကဲ… ကဲ… ချစ်ရဲ့သဘောအတိုင်းပဲ၊ မောင် အရင်ရေချိုးနှင့်မယ်၊ ဟုတ်လား၊ စိတ်ဆိုးပြေတော့ကွာ"

"အို… ဖယ်ပါ၊ ကိုယ့်ဘာသာ ရေချိုးမှာ သွားချိုးပါလား"

"သွားမှာပါဗျာ၊ အခုချိန်ထိ လူကို ကြည့်သလိုလို၊ မကြည့်သလိုလိုနဲ့ မောင့်ကို အသည်းယားလာအောင် သိပ်မလုပ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်အကြောင်း သိတယ်မဟုတ်လား"

လုံမေက သူမကိုယ်လေးကို ဖွတ်အတင်း ပွေ့ဖက်ပြီး တိုးဝှေ့ရိုက်နမ်းနေသော စိုင်းခမ်းညီကိုယ်ကြီးကို တွန်းထုတ်နေခြင်းကြောင့် သူကလည်း လုံမေ့မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်ရင်း ခြိမ်းခြောက်စကား ဆိုနေခြင်း ဖြစ်ပါသည်။

"သိပါတယ်တဲ့ရှင်၊ ကဲ... ကျေနပ်ပြီလား၊ သွားပါ၊ ရေချိုးချည်ပါ"

"ဒီအတိုင်း မသွားနိုင်ပါဘူးဗျာ"

"ဒီမှာ... "

စိုင်းခမ်းညီက သူ့ပါးတစ်ဖက်ကို လုံမေ့ရှေ့သို့ ထိုးပေးနေခြင်းကြောင့် လုံမေလည်း သူ့အလိုအတိုင်း ခပ်ဖွဖွလေး ရှိုက်နမ်းပေးလိုက်ရပါသည်။

ဒီတော့မှ ရေချိုးခန်းထဲကို အပြေးဝင်သွားကာ ရေချိုးနေချိန်မှာ လုံမေကတော့ အတွေးကွန်ချာထဲမှာ တစ်ယောက်တည်း ချာချာလည်နေပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ်"

တဲ့... ။

လုံမေကတော့ သူ့လို ဝမ်းမသာနိုင်ရုံမက သူနှင့် တိုက်ဆိုင်စွာ ပြန်လည်ဆုံတွေ့နေရသည့်အပို ဝမ်းနည်းနာကြည်းလှပါပြီ။

ဦးစိုင်းရွှက်ခမ်း ပြောသလို သူ့ညီကို လက်ထပ်လိုက်ရခြင်းကြောင့် လုံမေလည်း သူတို့မိသားစုဝင်တစ်ယောက် ဖြစ်ခဲ့ရသည်ကို





ငြင်းဆန်နိုင်ပါ။ မတွေ့လို မမြင်လိုသူကို နေ့တိုင်း မြင်တွေ့နေရရုံမက မောင့်၏ အစ်ကိုတစ်ယောက်အနေဖြင့် မဖြစ်မနေ ပြောဆိုရင်းနှီးပတ်သက်ရပေတော့မည်။

ဦးစိုင်းရွှက်ခမ်းအတွက် ထိုအခြေအနေကို မည်သို့မည်ပုံ ခံစားနေရသည် မသိသော်လည်း လုံမေအတွက်တော့ သူနှင့် တစ်စက္ကန့်လေးမှပင် မျက်နှာချင်းဆိုင် တွေ့ဆုံလိုသူ မဟုတ်ပါ။

ဟင်... ။

စိတ်ညစ်လိုက်တာနော်... ။

ငါ ဘယ်လိုလုပ်ရပါမလဲ... ။

လုံမေ့မျက်နှာလှလှလေးမှာ ခံစားချက်အမျိုးမျိုးဖြင့် စိတ်ရှုပ်ထွေးနေမိသလို သက်ပြင်း ကျိတ်ချနေမိပါသည်။

သူမရင်ထဲမှာ ပျော်ရွှင်မှုအားလုံးက ဦးစိုင်းရွှက်ခမ်းဆိုသည့် လူတစ်ယောက်ကြောင့် နာကြည်းမုန်းတီးရသည့်ဘက်သို့ သူ့အလိုလို ကူးပြောင်းရောက်ရှိသွားရပါပြီ။

ရှေ့လျှောက် သူနှင့်လုံမေ ဘယ်လိုပြောဆိုဆက်ဆံရမှန်း မသိဘဲ စိတ်တွေ နောက်ကျိရှုပ်ထွေးလျက် တွေဝေငေးငိုင်နေစဉ်မှာပင်...

"ဟော့... ချစ်"

"ရေချိုးမယ်ဆို၊ အခုထိ ဘာမှမလုပ်ရသေးဘူးလား"

"ဟင်... မောင်"

ရေချိုးခန်းထဲက ထွက်လာသည့် စိုင်းခမ်းညီ၏ အသွင်ကျော့



www.burmeseclassic.com

www.burmeseclassic.com



ချောကို မြင်လိုက်ရမှ လုံမေ သတိဝင်လာသလို လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားရပါသည်။

ရေချိုးပြီးစဖြစ်သဖြင့် စိုင်းခမ်းညီ ကိုယ်အပေါ်ပိုင်းမှာ ဗလာကျင်းလျက်ရှိပြီး အောက်ပိုင်းကို အဖြူရောင်တဘက်တစ်ထည်ဖြင့် ပတ်ထားပြီး သူ့ဦးခေါင်းပေါ်က ရေစိုဆံပင်များကို မွေးပွတဘက်လေးဖြင့် သုတ်နေပါသည်။

"လုံမေ အခုပဲ ချိုးမှာပါ"

"ဟော့... ကြည့်စမ်း၊ ရေချိုးခန်းထဲကို အဝတ်တွေ ဘာလို့ယူသွားရတုန်းဗျာ့"

"ရပါတယ်မောင်ရဲ့၊ ခဏလေးပါ"

"ကျွတ်..."

"မောင့်မိန်းမနဲ့တော့ ဒုက္ခပါပဲဗျာ"

အဝတ်ပိုတစ်စုံနှင့် သူ့ရှေ့မှာ မည်သည့်အဝတ်မှ ချွတ်လဲခြင်းမရှိဘဲ ခန္ဓာကိုယ်ပေါ်ရှိ အဝတ်ဟောင်းများနှင့် ရေချိုးခန်းထဲဝင်သွားသော ဇနီးချောကိုကြည့်ကာ စိုင်းခမ်းညီမှာ မျက်ခုံးထူထူများတွန့်ကုတ်သွားသည့်အထိ စိတ်ရှုပ်ထွေးသလိုလေး ကြည့်နေလိုက်မိပါသည်။

လင်ရယ်မယားရယ်ဟု ဆိုသော်လည်း လုံမေက အရှက်အကြောက်ကြီးသူလေးပီပီ ဘယ်တော့မှ သူမကိုယ်သူမက လက်လွတ်စပယ် မနေပါ။

သူမကိုယ်သူမ အပျိုစင်လေးတစ်ယောက်လို မျက်နှာနီနီလေး





ဖြင့် အမြဲ ရှက်အားပိုနေတတ်တာလေးကို ကြည့်ပြီး သူ့မှာ မြတ်နိုးချစ်မဝနိုင်ခြင်းနှင့်အတူ ချစ်သည်းယားလှပါသည်။

ရေချိုးခန်းထဲမှ ရေကျသံကို ကြားလိုက်ရသည်။ တရားဝင်ဇနီးမောင်နှံများအဖြစ် လက်ထပ်ထားကြသူများပီပီ ချစ်သူနှင့်သူကတော့ နှစ်ကိုယ်ယှဉ်တွဲ၍ လွတ်လွတ်လပ်လပ် ပျော်ရွှင်ကြည်နူးလိုလှသော်လည်း သူမအလိုကျ လိုက်လျောနေရသော အချိန်တိုင်းမှာ သူ့ဘက်က အားမလိုအားမရ ဖြစ်ခဲ့ရသည်။

ရေကျနေသံကို နားထောင်ပြီး သူ့ခေါင်းထဲမှာ လက်ခနဲ အကြံတစ်ခုပေါ်လာသဖြင့် သူ ကျေနပ်စွာ ပြုံးလိုက်သည်။

ထို့နောက် ရေချိုးခန်းရှေ့မှာ ရပ်လိုက်ပြီး သူ တံခါးခေါက်လိုက်သည်။

"ဒေါက်... ဒေါက်"

"မေရေ"

"ဘာလဲမောင်"

အထဲမှ ချစ်ဇနီးအသံပျပျကို ကြားလိုက်ရသဖြင့် သူ့အသည်းနှလုံးတွေ လှိုက်လှဲပူနွေးလာသည်။

"မေ တံခါး ခဏ ဖွင့်စမ်းပါ၊ ဒီမှာ ဘာတွေဖြစ်နေမှန်းမသိဘူး"

"ဘာဖြစ်လို့လဲ မောင်"

"မေ ရေချိုးနေတယ်လေ"

စိုင်းခမ်းညီ၏အသံက အရေးတကြီးနိုင်လှသဖြင့် မေ အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



သလိုလေး ဆိုလိုက်မိသည်။

"ခဏလေးမေ၊ ခဏလေး၊ ဖွင့်လိုက်စမ်းပါ၊ ဒီမှာ မောင် သိပ်အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောချင်လို့ပါဆို၊ ခဏလေးပါ မေရဲ့"

"ကဲ... လာပြီ... လာပြီ"

ရေချိုးတံခါးကို တစ်ဒေါက်ဒေါက်ခေါက်လျက် အလောတကြီး ပြောနေသည့် မောင့်အသံကြောင့် လုံမေ့ခဗျာ ထိတ်ထိတ်ပျာပျာ ဖြစ်လာရပြီး ရေစိုနေသည့် သူမကိုယ်လေးကို နီးရာတဘက်တစ်ထည် ဖြင့် ဆွဲပတ်ကာ အခန်းတံခါးကို အသာဖွင့်ပေးပြီး အခန်းအပြင်ကို တံခါးဟသည့်ဆိုရုံလေး အသာလေး ချောင်းကြည့်လိုက်သည်။

"ဂျောက်"

"ဘာဖြစ်လို့လဲ မောင်၊ ဘာတွေ ဒီလောက် အရေးကြီးနေတာ လဲ"



# အခန်း (၃)

စိုင်းရွက်ခမ်းအနားမှာ စီးကရက်တိုတွေ ပုံ့ကျဲလျက်ရှိသည်။ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိသော သက်ပြင်းကို သူ ချမိပြန်ပါသည်။

မျက်ဝန်းထဲမှာ လုံမေ၏ လှပသည့်အသွင်သဏ္ဍာန်တို့သည်သာ တရစ်ဝဲဝဲ လှည့်လည်ရှိသည့် အဖြစ်ကို သူ မတားဆီးနိုင်ခဲ့ပါ။ တားဆီး၍လည်း ရမည်မဟုတ်တာကို သူသာလျှင် အသိဆုံးဖြစ်သည်။

နမ့်ဖူးစာ မင်ရေကျဲ၍ လွဲခဲ့ရသည့် ချစ်သူက ကံကြမ္မာ၏ လှည့်စားမှုအောက်မှာ သူ့ မျက်စိ ရှေ့တည့်တည့်အောက်ကို ရောက်ရှိ လာယှဉ်မှုမက အချစ်ဆုံးညီ၏ ကြင်သူသက်ထား ဇနီးမယားပင် ဖြစ်၍နေခဲ့ပါသည်။

သူ့ကို တွေ့မြင်လိုက်သည်နှင့် ဖြူဖွေးဖျော့တော့သွားသည့် မျက်နှာလေးမှာ နာကျင်မှုန်းတီးခြင်းတွေ ကြေကွဲခါးသီးမှုတွေ တခဏ အတွင်မှာပင် ပေါ်ပေါက်ဖြတ်သန်းသွားတာကို သူကိုယ်တိုင် မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရသည်။

စိမ်းကားရက်စက်သော မျက်ဝန်းအကြည့်၊ တင်းမာခက်ထန်သွားသည့် မျက်နှာ၊ နာကြည်းမုန်းတီးသည့် အရိပ်အငွေ့တွေ လွှိုက်ဖျာနေသည့် မျက်နှာလှလှလေး... ။

ချာတိတ်ရယ်... ။

မင်းလေးအတွက်တော့ ကိုကိုဟာ လူဆိုးတစ်ယောက်ပါ။

လူလိမ် လူညာတစ်ယောက်... ။

ချာတိတ်ရဲ့ နုနယ်တဲ့ အသည်းနှလုံးကို ရက်စက်စွာ နင်းချေဖျက်ဆီးခဲ့တဲ့ လူယုတ်မာတစ်ယောက်ပေါ့ကွယ်။

မင်းလေး ကိုယ့်ကို မုန်းတီးနာကြည်းနေတာကို ကိုကို လုံးဝအပြစ်မတင်မိပါဘူး ကလေးရယ်။

ချာတိတ်ရဲ့ အမုန်းနဲ့ နာကြည်းခြင်းတွေကို ကိုကို ကျေနပ်စွာခံယူနေမှာပါ။

ဒါပေမဲ့...

ကိုယ့်ရဲ့ အသည်းနှလုံးထဲမှာ ချာတိတ်က ထာဝရအချစ်သခင်ပါ။

ကိုယ့်ရဲ့ ချစ်သူလေးကို ယနေ့အချိန်အထိ တစ်နေ့မှ မမေ့ခဲ့ဘူးဆိုတာ အချစ် သေစေချင်တယ်ကွယ်။

ချာတိတ်ကို အချိန်တိုင်း တမ်းတ၊ အချိန်တိုင်း သတိရလွမ်းဆွတ်နေမိတဲ့ ကိုယ့်ရှေ့မှောက်ကို မင်းလေး ပြန်ရောက်လာအောင် ပို့ဆောင်ပေးတဲ့ ကံကြမ္မာကို ကိုကိုက ကျေးဇူးတင်ပါတယ်ဆိုရင်





ကလေးက ကိုကို့ကို ထပ်ပြီး မုန်းတီးနာကြည်းနေဦးမှာ သေချာပါတယ်။

ချာတိတ် ဘယ်လောက်ပဲ မုန်းတီးနာကြည်းနေပါစေ။ ကိုကိုကတော့ ကိုကို့ချစ်ရသူလေးကို အချစ်ဆုံးညီလေးနဲ့ အခုလို လက်ထပ်ခွင့်ပြုလိုက်တဲ့ ကံကြမ္မာကို ကျေးဇူးတင်မိပါတယ်ဗျာ။

ချာတိတ်ကို ကိုကို့မျက်စိရှေ့အောက်မှာ အမြဲ မြင်တွေ့နေနိုင်ခဲ့ပြီ မဟုတ်လား။

ပြီးတော့ ကိုကို့ရဲ့ အမှားများစွာအတွက် ချာတိတ် ကျေနပ်လာတဲ့အချိန်အထိ ဒူးထောက်တောင်းပန်ဖို့ အခွင့်အရေးလည်း ရခဲ့ပြီပဲ။

ဒါပေမဲ့ ချာတိတ်က ကိုကို့ရဲ့ အချစ်ဆုံးညီလေးရဲ့ ဇနီးမယားတစ်ယောက် ဖြစ်လာခဲ့ပြီမို့ ကိုကို့ရင်ထဲက လုံမေ့အပေါ်မှာထားခဲ့တဲ့ အချစ်တွေကို အခုချိန်ကစပြီး နှလုံးသားထဲမှာ ထာဝရမြှုပ်နှံထားလိုက်ပါပြီ။

လုံမေဆိုတာ ညီညီရဲ့ဇနီး၊ ကိုကို့ရဲ့ ညီမလေးအဖြစ်နဲ့ ဖြူစင်စွာ ချစ်ခင်စောင့်ရှောက်သွားမယ်လို့ ကိုကို ကတိပြုပါတယ်ကွယ်။

မည်သူ့ကိုမှ ရင်ဖွင့်ပြောခွင့် မရသော စကားများကို လမင်းကြီးကို ငေးကြည့်ရင်း သူတစ်ယောက်တည်း တီးတိုးရင်ဖွင့်နေမိသူက စိုင်းရွှက်ခမ်းကိုယ်တိုင် ဖြစ်ပါသည်။

သူနှင့်လုံမေ ဝေးကွာနေသည့် အချိန်များအတွင်းမှာ သူမ ပိုပြီးလှနေခဲ့တာကိုတော့ သူ ဝန်မခံလို့ မဖြစ်ပါ။

www.burmeseclassic.com



သိပ်လှသည့် သူမကို စိတ်မချနိုင်၍ အချစ်ရေး လုံးဝမစဉ်းစားပါဟု ဆိုလာသူလေးကို ဖွတ်တရွတ် အချစ်တွေနှင့် မရအရ လက်ထပ်ရယူခဲ့ရပါသည်ဟု ညီဖြစ်သူကိုယ်တိုင် ဝန်ခံသွားသည့် စကားများကို သူ ပြန်လည်ကြားယောင်မိတော့ သူနှင့်လုံမေ ချစ်သူဘဝ မရောက်ရောက်အောင် ဖွတ်တိုးကြိုးစားခဲ့ရပုံများကို ပြန်လည် တမ်းတသတိရသွားမိတာကိုတော့ သူလည်း မတတ်နိုင်ခဲ့ပါ။

တကယ်တော့ လုံမေဆိုတဲ့ မိန်းမချောလေးက ဟိုတုန်းကတည်းက အချစ်ရေးကို လုံးဝစိတ်မဝင်စားခဲ့သူလေးအဖြစ် ကိုကိုကိုယ်တိုင်ကြုံခဲ့ရပါသည်လို့ ညီညီ့ကိုပဲ သူ့စိတ်ထဲက တိတ်တခိုးလေး ပြောကြားနေခဲ့မိသည့်အဖြစ်။

သူတို့ညီအစ်ကိုနှစ်ယောက်စလုံး၏ အချစ်ကလည်း ထူးခြားဆန်းကြယ်စွာ လုံမေဆိုသည့် မိန်းမချော မိန်းမလှလေးတစ်ယောက်မှာသာ နက်ရှိုင်းစွဲလမ်းစွာ မြတ်မြတ်နိုးနိုး ချစ်ခဲ့မိကြသည်။

ရှေးအတိတ်က ဆုတောင်းတွေကြောင့်ပဲလား၊ ပြုခဲ့ဖူးသည့် ရှေးရေစက်ကြောင့်ပဲလား မဆိုနိုင်ပါ။

သေချာတာကတော့ ညီဖြစ်သူကိုယ်တိုင် လုံမေ့အပေါ်မှာ အရူးအမူး မြတ်နိုးစွဲလမ်းစွာ ချစ်နေခြင်း ဖြစ်ပါသည်။ ညီဖြစ်သူက သိပ်ချစ်နေသည်ဆိုတော့ သူကိုယ်တိုင်ကရော... ။

အချိန်တွေ ကြာခဲ့သည်တိုင် တစ်နေ့တစ်ရက်မှ မေ့ပျောက်လို့ မရနိုင်အောင် စွဲလမ်းမြတ်နိုးခဲ့မိသူ... ။

လုံမေရယ်... ။





သူမအပေါ်မှာ စွဲလမ်းခြင်း၊ မြတ်နိုးခြင်း၊ တမ်းတနေရခြင်းတွေအားလုံးကို အခုချိန်ကစပြီး သူ့မေ့လျော့ပျောက်ဆုံးဖြစ်ရတော့မည်။

မမေ့ချင်လည်း မေ့ရမည်။

မေ့ချင်လည်း မေ့ရမည်။

ချာတိတ်ဆိုတာ ကိုကို့ရဲ့ ညီမလေးတစ်ယောက် ဖြစ်ခဲ့ပြီမဟုတ်လား။ ညဉ့်နက်မှ သူ အိပ်ရာဝင်ခဲ့သည်။ အိပ်မက်ထဲအထိ သူမအသွင်လေးက စိုးမိုးနေရာယူထားသည့် အဖြစ်ကိုတော့ သူမည်သို့မျှ မတတ်နိုင်တော့ပါ။

စိုင်းခမ်းညီနှင့် လုံမေတို့၏ မင်္ဂလာဆောင်ပွဲကို တောင်ကြီးမြို့ပေါ်မှာ အခမ်းနားဆုံးဖြစ်အောင် စိုင်းရွက်ခမ်းကိုယ်တိုင် ပါဝင်စီစဉ်နေတာကို ကြည့်ပြီး ပြုံးမိသူက ချယ်ရီဖြစ်သည်။

ကိုယ့်ကိုယ်တိုင် မင်္ဂလာပွဲကျင်းပတုန်းက စိတ်ဝင်စားမှုနည်းပါးခဲ့သလောက် ညီဖြစ်သူ၏ မင်္ဂလာဆောင်ပွဲကို သူ့စိတ်ကြိုက်ဖန်တီးပြင်ဆင်နေတာကို ကြည့်ပြီး သူ့ကိုယ်စား မောနေမိသည်။

"မောင်"

"ဗျာ... "

"မမောသေးဘူးလားကွယ်၊ ဒီအလုပ်တွေ မောင်ကိုယ်တိုင်လုပ်ဖို့မှ မလိုဘဲ၊ အလုပ်သမားတွေကို ခိုင်းမှပေါ့ မောင်ရဲ့"

"မောင့်ကို ချယ်ရီ ပြောစရာရှိလို့"

ပန်းအိုးတစ်လုံးကို အလုပ်သမားကို မခိုင်းဘဲ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရွှေ့နေသဖြင့် ချယ်ရီက သဘောမကျနိုင်စွာ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

"ဖြီးပါပြီ ချယ်ရီရဲ့၊ ကဲ… ပြော မောင် ဘာလုပ်ပေးရမလဲ"

"လုံမေ့အတွက် သတို့သမီးဝတ်စုံ သွားရွေးမလို့လေ၊ အဲ့ဒါ မောင် လိုက်ပို့ပေးဦး"

"ညီညီရော"

"စောစောလေးကပဲ သူ့သူငယ်ချင်းတွေ ဖွတ်အတင်း ဆွဲခေါ်သွားလို့ ပါသွားတယ် မောင်ရေ၊ ကဲ… လာပါ၊ ဟိုမှာ လုံမေစောင့်နေတယ်"

ချယ်ရီက သူ့လက်မောင်းတစ်ဖက်ကို ရီးလေးခိုရင်း လိုက်ပါလာသည့်အတွက် စိုင်းရွက်ခမ်းရင်မှာ မည်သို့မှ မခံစားရသော်လည်း လုံမေဆိုသည့် အမည်လေးကို ကြားလိုက်ရရုံနှင့် သူ့နှလုံးသားက ဘာကြောင့်များ လှုပ်ရှားချင်နေရသည်မသိပါ။

စောင့်စည်းထိန်းချုပ်ရမည့် ဝတ္တရားတွေနှင့် သူ့ရင်ထဲက စိတ်ခံစားချက်ကို မျိုသိပ်ချုပ်တည်း၍ ကားနားတွင် မီးပြာရောင်ဝတ်စုံလေးနှင့် ကြော့ရှင်းလှပနေသည့် ယမင်းရုပ်ကလေးရှိရာသို့ ဖေ့ဖေ့ဝဲဝဲလေး တစ်ချက်ကြည့်ပြီး ကားတံခါးကို အသံဖွင့်လိုက်ရပါသည်။

"ကဲ… တက်ကြလေ၊ ဘယ်ကိုပို့ပေးရမှာလဲ"

"အဲလစ်တို့အိမ်ကိုလေ၊ မောင် သိတယ်မဟုတ်လား၊ တက်လေ လုံမေ"





"ဟုတ်ကဲ့"

ကားနောက်ခန်းမှာ လုံမေ ဝင်ထိုင်လိုက်သလို မချယ်ရီကလည်း ရှေ့ခန်းကို တက်သွားပါသည်။ ကားလေး နေရာကငြိမ့်ခနဲ ထွက်သွားသည်။

မမချယ်ရီက တစ်လမ်းလုံး စကားတွေ ရွှန်းရွှန်းဝေအောင်ဆိုလာသော်လည်း နှုတ်ဆိတ်ငြိမ်သက်နေသူနှစ်ဦးက လုံမေနှင့် ဦးစိုင်းရွက်ခမ်း ဖြစ်ပါသည်။

အခုချိန်ထိ သူနှင့်လုံမေ ကောင်းစွာ စကားမပြောဖြစ်ကြသေးပါ။ မလွဲမရှောင်သာသည့် အနေအထားမျိုးတွင် လိုရင်းတိုရှင်း စကားပြောဖြစ်ကြသည် ဆိုရုံလေးမျှသာ ဖြစ်ပြီး ကျန်သည့်အချိန်မှာမှာ လုံမေက သူ့ကို ရှောင်နေတတ်သလို သူကိုယ်တိုင်ကလည်း လုံမေနှင့် ဝေးရာမှာသာ ရှိနေတတ်ခြင်းကြောင့် လုံမေ့မှာ အသက်ရှူချောင်ရပါသေးသည်။

လုံမေ့ရင်တွင်းက စိတ်ဆန္ဒကိုပဲ သိနေလို့လား၊ ဒါမှမဟုတ် သူ့အပြစ်သူ လိပ်ပြာမလုံ၍ပဲလား မသိပေ။ လုံမေနှင့် မျက်နှာချင်း မဆိုင်တာကိုပဲ ကျေနပ်နေမိပါသည်။

တကယ်တမ်း အပြစ်ရှိသူကလည်း လုံမေမဟုတ်ပါ။ မချစ်တတ်သည့် နှလုံးသားနုနုလေးကို ချစ်တတ်လာအောင် သင်ကြားပေးခဲ့ပြီး အပြစ်မရှိသည့် လုံမေ့နှလုံးသားလေးကို ရက်စက်စွာ နင်းချေသွားခဲ့သူသာလျှင် သူ့အပြစ်သူ သိပြီး လိပ်ပြာမလုံ ဖြစ်သင့်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး လုံမေက ကားအပြင်ကို ငေးလာရာ စိုင်းရွှက်ခမ်းမှာ ထိန်းချုပ်နေသည့်ကြားမှ လုံမေ့မျက်နှာလှလှလေးကို အမှတ်တမဲ့ ခိုးကြည့်လိုက်မိပြီးမှ ချက်ချင်း အကြည့်ကို လွှဲပစ်လိုက်ပါသည်။

"ကဲ... ရောက်ပါပြီဗျာ"

"မောင်လဲ ဆင်းဦးလေ"

"ချယ်ရီတို့ပဲ သွားကြပါ၊ မောင် ဒီမှာပဲ နေခဲ့မယ်"

အဲလစ်တို့ အိမ်ရှေ့မှာ ကားရပ်လိုက်သည်နှင့် ချယ်ရီက သူ့ကို ကားပေါ်က ဆင်းခိုင်းနေခြင်း ဖြစ်ပါသည်။

"မောင်ကလဲ ရောက်နေပြီးမှ မထူးပါဘူး၊ လာစမ်းပါ၊ လုံမေ သတို့သမီးဝတ်စုံ အစမ်းဝတ်ကြည့်တာကို လိုက်ကြည့်ပြီး ဘာလိုအပ်လဲ ဆိုတာ ပြောဦးမှပေါ့"

"လာပါ မောင်ရဲ့"

ချယ်ရီက ဖွတ်အတင်းဆွဲခေါ်နေ၍ ကားပေါ်မှ ဆင်းလိုက်ရင်း လုံမေရှိရာသို့ သူ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ လုံမေက သူ့ရှိရာကို တစ်ချက်လှမ်းအကြည့်လိုက်မို့ အကြည့်ခြင်းအဆုံမှာ ချက်ချင်း လွှဲဖယ်သွားပါသည်။

အမျိုးသမီးနှစ်ယောက် အခန်းထဲဝင်သွားကြသဖြင့် စိုင်းရွှက်ခမ်း တစ်ယောက်တည်း ဧည့်ခန်းထဲ စာအုပ်တွေနှင့် ကျန်ရစ်ခဲ့ပါသည်။

တကယ်ဆို မင်္ဂလာဝတ်စုံ ရွေးသည့်ကိစ္စမှာ လိုက်ပါလာရမည့်သူက သတို့သားကိုယ်တိုင် ဖြစ်သော်လည်း ညီဖြစ်သူကို သူ့သူငယ်ချင်း





အုပ်စုက ဖွတ်အတင်း ဆွဲခေါ်သွားခြင်းကြောင့် ညီညီ့နေရာမှာ သူက အစားထိုးလိုက်ပါလာရခြင်း ဖြစ်ပါသည်။

"မောင်ရေ ဒီမှာကြည့်ပါဦး"

"ဟင်... "

ချယ်ရီ့ခေါ်သံကြောင့် သူ လှမ်းကြည့်လိုက်တော့ သွယ်လျ ပြည့်တင်းသည့် လုံမေ့ကိုယ်လေးပေါ်မှာ အဖြူဆွတ်ဆွတ် ကြွရွလှပ နေသည့် သတို့သမီးဂါဝန်ရှည်လေးက လှပစွာ နေရာယူထားသလို ကပိုကရိုလေး ထုံးဖွဲ့ထားသည့် မျက်နှာလှလှလေးက သူ့ရှိရာကို ကြည့်သလိုလို မကြည့်သလိုလို... ။

တည်တင်းလွန်းသည်လည်း မဟုတ်၊ ပြေလျော့လွန်းသည်လည်း မမည်သော အနေအထားတစ်မျိုးလေးနှင့် ရှိနေသည့်အတွက် သူ ရင်မောစွာ သက်ပြင်း ရှိုက်လိုက်မိပါသည်။

"လှရဲ့လားမောင်၊ ချယ်ရီတော့ ဒီဝတ်စုံလေးပဲ ကြိုက်တယ်"

"ချယ်ရီတို့ကြိုက်ရင် ပြီးတာပါပဲ၊ မောင်က ဒီကိစ္စတွေ နားမလည်ဘူး"

"နားလည်စရာ မလိုပါဘူး မောင်ရဲ့၊ မောင့်ခယ်မလေး လှမလှသာ ပြောစမ်းပါ"

"လှပါတယ် ချယ်ရီရယ်၊ သိပ်လှပါတယ်"

ထိုစကားကိုတော့ လှိုက်လှဲသောရင်ဖြင့် စိုင်းရွှက်ခမ်း ဆိုလိုက်ခြင်း ဖြစ်ပါသည်။ အမှန်တကယ်လည်း လုံမေ သိပ်လှနေပါသည်။

"အဟင်း... ဟင်း၊ ဒီလိုပဲ ဖြစ်ရမှာပေါ့ မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီက သူ့စကားကို သဘောကျစွာ ရယ်မောထောက်ခံနေသော်လည်း လုံမေကတော့ သူ့စကားအဆုံးမှာ မျက်နှာလှလှလေး သိသာစွာ ညှိုမှောင်ပျက်ယွင်းသွားတာကို မြင်တွေ့လိုက်ရသဖြင့် စိုင်းရွက်ခမ်း အသည်းပြင်မှာ စစ်ခနဲ နာကျင်သွားရပါသည်။

လုံမေ့အနေနဲ့ သူ့လိုလူတစ်ယောက်ရဲ့ နှုတ်ဖျားက ချီးမွမ်းစကားကို ဘယ်လိုလုပ် ကြားချင်ပါမည်နည်း။ ဒါကို သူသဘောပေါက်ခဲ့ဖို့ ကောင်းပါသည်။

သူမ အမုန်းဆုံးလူတစ်ယောက်ဆီက သူမအလှအပကို ချီးမွမ်းပြောဆိုသည့် စကားက သူမ အသည်းပြင်ကို မီးပြင်းပြင်းနှင့် တင်ရှို့လိုက်သလို အခံရခက်ရှာပေလိမ့်မည်။

"ဒါဖြင့် ချယ်ရီတို့ ဒီဝတ်စုံပဲ ရွေးလိုက်ပြီနော်၊ လာ... လုံမေ"

ချယ်ရီက လုံမေ့လက်ကလေးကို ဆွဲပြီး အခန်းထဲ ဝင်ရောက် ပျောက်ကွယ်သွားသည်နှင့် ဆိုဖာပေါ် ခြေပစ်လက်ပြစ် ထိုင်ချလိုက်ပါသည်။

မှန်တင်ခုံရှေ့မှာ ထိုင်ရင်း လုံမေ့ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိနေသော ခံစားချက်ပေါင်းစုံဖြင့် မွန်းကျပ်နေပါသည်။ ပြာလဲ့လဲ့ မီးရောင်အောက်မှာ ကလေးတစ်ယောက်လို နှစ်ခြိုက်စွာ အိပ်မောကျနေသည့် မောင့်ကိုကြည့်ရင်း နေ့ခင်းက အကြောင်းတွေကို စဉ်းစားပြီး ဘယ်လိုမှ အိပ်မပျော်နိုင်သူက လုံမေဖြစ်သည်။

လှပါတယ် ချယ်ရီရယ်... ။





သိပ်လှပါတယ်တဲ့... ။

အဟွန်း.... ။

လုံမေ မရယ်ချင်ရယ်ချင်နှင့် နှုတ်ခမ်းလေး တွန့်သွားသည် ဆိုရုံ ခပ်မဲ့မဲ့ တစ်ချက်ရယ်ပြစ်လိုက်သည်။ သူ့လိုလူတစ်ယောက်ရဲ့ နှုတ်ဖျားက လုံမေ့အလှကို ချီးမွမ်းတာလောက် အခံရခက်တာ မရှိပါ။

မောင်ကတော့ လုံမေတို့အကြောင်း ဘာတစ်ခုမှမသိဘဲ လုံမေ့အတွက် မင်္ဂလာဝတ်စုံကို သူ့အစ်ကိုကိုယ်တိုင် လိုက်ကြည့်ပြီး ရွေးပေးသည်ဆိုသော မမချယ်ရီ စကားမှာ အံ့ဩဝမ်းသာ ပျော်ရွှင်လျက်ရှိသည်။

"မေက သိပ်ကံကောင်းတာပဲ၊ သိလား၊ ကိုကို့က လူတစ်မျိုးဗျ... "

"သူ့စိတ်နဲ့ တွေ့ဖို့ဆိုတာ တော်ရုံလူနဲ့ ဖြစ်တာမဟုတ်ဘူး၊ မောင့်မိန်းမကိုတော့ ကိုကိုကိုယ်တိုင် ဂရုတစိုက်ရှိတာကိုက ဝမ်းသာစရာဗျ"

"မေတော့ ဝမ်းမသာပါဘူး"

"ဘာဖြစ်လို့"

"မေ့ကို မောင်ကလွဲပြီး တခြားသူ ဘယ်သူကမှ ဂရုစိုက်တာ မကြိုက်လို့ပေါ့"

"အဟွန်း... ဟွန်း... ဟွန်း"

—"စိတ်ချပါ ချစ်ရဲ့၊ မောင်ကိုယ်တိုင်ကလဲ ဟော့ဒီက ချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ မောင့်ရဲ့ကိုကိုကလွဲပြီး တခြားသူ ဂရုစိုက်မှာမျိုးလဲ မကြိုက်ပါဘူးတဲ့ဗျာ”

လုံမေ မကြိုက်သည့် မောင့်ကိုကိုကလွဲပြီး ဆိုသည့်စကားကို မနှစ်မြို့ပေမယ့် ထိုထက် ပို၍ပြောမဖြစ်သည့်အတူ မောင့်ရင်ခွင်မှာ ကလေးတစ်ယောက်လို ခိုဝင်မိသူက လုံမေဖြစ်သည်။

မောင်ရယ်... ။

ဖြူစင်ရိုးသားတဲ့ မောင့်လိုလူတစ်ယောက်မှာ လိမ်ညာလှည့်ဖြားတတ်တဲ့ အသည်းနှလုံးနဲ့ ရက်စက်ယုတ်မာတဲ့ အစ်ကိုတစ်ယောက်ကာလို့များ ရှိနေရတာလဲကွယ်။

မောင် ချစ်ခင်လေးစားရတဲ့ မောင့်ရဲ့ ကိုကိုဆိုတဲ့ လူက လုံမေ့အတွက် အထင်သေးစရာ ရွံရှာမုန်းတီးစက်ဆုပ်စရာ အကောင်းဆုံးလူတစ်ယောက် ဖြစ်ခဲ့ပါတယ်ဆိုရင် မောင် ယုံကြည်နိုင်ပါ့မလားကွယ်။

မှန်တင်ခုံရှေ့ကထပြီး ပြတင်းတံခါးကို အကျယ်ကြီး ဆွဲဖွင့်လိုက်ပါသည်။ ထင်ရှူးပင်များဖြင့် စိုပြည်စိမ်းလန်းသော ခြံဝင်းကြီးက ည၏ လရောင်နှင့် အမှောင်အောက်မှာ သစ်ပင်တွေ အားလုံးကို အနက်ရောင်အသွင်ကို ပြောင်းလွဲပစ်လိုက်ပါသည်။

ဖိတ်စာရိုက်ရန်အတွက် တိုင်ပင်ဆွေးနွေးကြရင်း လုံမေ မိဘဆွေမျိုးများကို မမချယ်ရီက မေးမြန်းလာသောအခါ လုံမေ့ထံမှ





အဖြေကို မမချယ်ရီထက် ဦးစိုင်းရွှက်ခမ်းက ပို၍ သိချင်နေမှာကို လုံမေ သိနှင့်နေခဲ့ပါသည်။

သူနှင့်ကွဲပြီး မွှမွှကြေသွားသော အသည်းနှလုံးကို ရင်မှာပိုက်၍ လေလွင့်ထွက်ပြေးသွားသော လုံမေ့ကို ဘာတွေဘယ်လိုဖြစ်ခဲ့သလည်းဟု သိချင်နေမှာ သေချာပါသည်။

စကားဝိုင်းမှာ တခြားသူမရှိပါ။ သူတို့ညီအစ်ကိုနှင့် မမချယ်ရီသာ ရှိကြသည်။ မောင့်ကိုတော့ လုံမေ့အကြောင်း အစအဆုံး အသိပေးပြောပြထားခဲ့ပြီးသားမို့ တစ်ကောင်ကြွက် လုံမေ့ဘဝကို စိတ်ဝင်စားပုံမရသော်လည်း လုံမေ အားငယ်မှာကို မလိုလားဟန်ဖြင့် လုံမေ့လက်ကလေးကို တစ်ချိန်လုံး ဆုပ်ကိုင်ထားပါသည်။

“လုံမေမှာ ငယ်ငယ်လေးကတည်းက မိဘနှစ်ပါးစလုံး မရှိတော့ပါဘူး၊ အဒေါ်နဲ့ အဘိုးနဲ့နေတာပါ၊ အခုတော့ အဒေါ်ရော အဘိုးပါ မရှိတော့ပါဘူး”

“အိုကွယ်”

သွယ်ဝိုက်ခြင်းမရှိသော စကားကို မမချယ်ရီခမျာ နားခံသာဟန်မတူပါချေ။ လုံမေမျက်နှာလှလှလေးကို စိတ်မကောင်းသလိုလေး ငေးကြည့်နေချိန်မှာ စိုင်းရွှက်ခမ်းကတော့ သိသာစွာ မျက်နှာပျက်သွားပြီး ဘာမှမဖြစ်သလို ချက်ချင်းဟန်ဆောင်လိုက်တာကို မြင်ဖြစ်အောင် မြင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လှတဲ့ လုံမေ့ကို လူတွေက အားကျချင်ကြတယ်၊ တကယ်တော့ လှပတဲ့ရုပ်ရည်နဲ့ မလိုက်အောင် လုံမေ့ဘဝက ခက်ခဲကြမ်းတမ်းခဲ့တာကို သူတို့မှ မသိကြဘဲ မမချယ်ရီ... "

"လှပချောမောလွန်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ရတာနေရာတိုင်း မကောင်းပါဘူး မမရယ်"

"သိပ်ချော၊ သိပ်လှတာကို မက်ပြီး လုံမေ့ဘဝကို လိမ်ညာလှည့်စားပြီး ဖျက်ဆီးနင်းချေချင်ကြတဲ့ လူယုတ်မာတွေနဲ့လဲ ကြုံခဲ့ရဖူးပါတယ်... "

"ဒါကြောင့် လုံမေ့ဘဝပေး အခြေအနေတွေကြောင့် ဘယ်ယောက်ျားကိုမှ မယုံရဲခဲ့ပါဘူး"

"အဲဒီလူတွေထဲမှာ မောင်မပါဘူးနော် ချစ်၊ မောင်က ချစ်ကိုလှတာတစ်ခုတည်းနဲ့ ချစ်တာမဟုတ်ဘူး၊ ချစ်ချင်လို့ကို ချစ်တာဗျာ သိလား"

"ညီကတော့ ကိုယ့်ဘက်ကိုယက်တဲ့ လိပ်မျိုးပဲ လုံမေရေ"

ချယ်ရီက အပြုံးဖြင့် ဝင်ပြောလိုက်ခြင်း ဖြစ်သည်။

"အဲဒါတော့ မပြောနဲ့ မမရေ၊ ကိုယ့်ဘက်ကိုယ် အယက်ကောင်းလို့ မေ့ကို ပိုင်ဆိုင်ခွင့်ရတာပဲ ကြည့်တော့"

"အို... "

အားလုံး ရယ်မောသံတွေ ဆူညံသွားသည့်အထဲမှာ မောင့်အသံ





က အသက်ဝင် ကျယ်လောင်လှပေမယ့် ဦးစိုင်းရှက်ခမ်းကတော့ ဟန်ဆောင်ပြုံးရယ်ဖို့တောင် မနည်းကြိုးစားခဲ့ရတာကို လုံမေပဲ သတိထားခဲ့မိတော့ပါ။

လုံမေ ကြုံတွေ့ခဲ့ရတဲ့ လူယုတ်မာဆိုတာ တခြားသူမဟုတ်ဘူး။ အခု လုံမေ့ရှေ့တည့်တည့်မှာ ထိုင်နေတဲ့ မောင့်အစ်ကို ကိုယ်တိုင်ပဲ ဆိုရင်၊ မောင် အခုလို လွတ်လပ်ပျော်ရွှင်စွာ ရယ်မောနိုင်ပါဦးမည်လား။

"ဘာမှ အားမငယ်ပါနဲ့ လုံမေရယ်၊ အခုဆို လုံမေ့အန အားကိုးစရာ ခင်ပွန်းအပြင် ကိုကိုနဲ့မမ နှစ်ယောက်စလုံး ရှိနေပြင်စွာ

"ကိုကိုနဲ့ မမက လုံမေကို ညီလိုပဲချစ်ပြီး စောင့်ရှောက်သွားမှာပါကွယ်"

"ဟုတ်တယ်မဟုတ်လား မောင်"

"ဟုတ်ပါတယ်၊ ချယ်ရီပြောတဲ့အတိုင်းပါပဲ၊ ကိုကိုတို့က မိသားစုတွေပဲ၊ ဘာမှအားငယ်စရာ မလိုပါဘူး၊ လုံမေ့ကိုလဲ ညီ့လို သဘောထားစောင့်ရှောက်သွားမှာပါ"

အဟင်း... ဟင်း... ဟင်း... ။

ဘယ်လောက်များ ကြောက်စရာ ရွံစရာကောင်းလိုက်တဲ့ လူလည်း။ သူနဲ့ လုံမေ့ကြားမှာ ဘာမှမဖြစ်ခဲ့ဖူးတဲ့အတိုင်း ဘာအပြစ်မှ မရှိတဲ့ လူတစ်ယောက်လို မောင်နဲ့ မမချယ်ရီရှေ့မှာ ရိုးသားပြနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။

လုံမေ့အပေါ်မှာ ရက်စက်ယုတ်မာခဲ့တဲ့ သူက သူကိုယ်တိုင် မဟုတ်ဘဲ တခြားသူတစ်ယောက်လားလို့ ထင်ရတဲ့အထိပါလား။

ရှင် ဘယ်လောက်ဟန်ဆောင်ကောင်းနေပါစေ၊ ရှင် ဘယ်လို လူစားလဲဆိုတာ ဟော့ဒီကမ္ဘာပေါ်မှာ မုန်းတီးစရာအကောင်းဆုံး လူယုတ်မာတစ်ယောက်ဆိုတာ လုံမေ့တစ်သက် ဘယ်တော့မှ မေ့ ဂျာက်လို့ ရမှာမဟုတ်ဘူးဆိုတာ ရှင် သိထားလိုက်စမ်း ဦးစိုင်းရွက် လှ

ရှုးပ သ်... ။

ရှင့်ကို လုံမေ သိပ်မုန်းတယ်။

ယော နုန်းတယ်... ။

* * *



# အခန်း (၄)

လုံမေတို့ မင်္ဂလာဆည်ခံပွဲက အခမ်းနားဆုံး ၊ အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။ လှပချောမောလွန်းသော လုံမေ၏ အလှသတင်း ကလည်း အားလုံး၏ ပါးစပ်ဖျားမှာ တခဏခြင်း နာမည်ကြီးသွား ခဲ့သည်။

အထူးသဖြင့် စိုင်းရွက်ခမ်း၏ စီးပွားရေးလောကအပေါင်း အသင်းများက သူ၏ညီနှင့် လုံမေတို့ကို နတ်ဖက်သည့် ချစ်သူစုံတွဲလေး အဖြစ် အသိအမှတ်ပြု ကာ အံ့ဩချီးမွမ်းမဆုံး ဖြစ်ခဲ့ကြတာကို မည်သူမှ မသိလိုက်ကြပါ။

စိုင်းရွက်ခမ်းကတော့ သိပ်လှသည့် သတို့သမီးလေး၏ အပြုံး မျက်နှာလှလှလေးကို မကြာခဏ ခိုးကြည့်မိတိုင်း ရင်ထဲမှာ ဝေဒနာ တစ်မျိုး တိုး၍ လာရခြင်းကြောင့် သူမကို မကြည့်မိအောင် နေပါ သော်လည်း မရပါ။

-သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ချင် မြင်လျက်သား ဖြစ်နေခဲ့ရသလို လုံမေ့အနားမှာ မနေလို၍ အဝေးဆုံးကို ရှောင်ပုန်းချင်နေပါသည်ဆိုမှ ညီညီက အလိုက်ကမ်းဆိုးမသိ။

အစ်ကိုဖြစ်သူ ဇနီးမောင်နှံနှင့်အတူ ဓာတ်ပုံထဖျတ်ဖျတ် တွဲရိုက်နေသလို ဗီဒီယိုကင်မရာဖြင့်လည်း မှတ်တမ်းတင်မဆုံး ဖြစ်နေသဖြင့် သူနှင့် လုံမေ့မှာ ဘယ်လိုမှ ရှောင်တိမ်းခွင့်မသာဘဲ ရင်းနှီးပတ်သက်နေရပါတော့သည်။

ထိုသောအခါတိုင်း လုံမေ၏ ပြုံးရွှင်ရယ်မောနေသော မျက်နှာလှလှလေးက သူမနားကို စိုင်းရွက်ခမ်း ရောက်သွားသည်နှင့် ချက်ချင်း တင်းမာခက်ထန်သွားရသလို အမုန်းဖြင့် စိမ်းလက်နေသော မျက်ဝန်းကြီးများကလည်း သတ္တဝါတစ်ကောင်လို ကြည့်ရှုတတ်ခြင်းကြောင့် သူ့ရင်မှာလည်း အခံရခက်စွာ နာကျင်ရပါသည်။

အားလုံး သိပ်ပျော်နေကြချိန်မှာ သူမအနားကို သူ ရောက်သွားရတိုင်း သူမအသားကို သူမနှင့် ထိလျှင် ပဲ့ကြွေသွားတော့မည့်အလား သူနှင့် ဝေးကွာသွားအောင် သူမကိုယ်လေးကို သိသာစွာ တိုးရွှေ့သွားသူက သိပ်လှသည့် သတို့သမီးလေး ဖြစ်ပါသည်။

သူတို့ အသံမဲ့စစ်ပွဲလေးကို မည်သူမှ သတိမထားမိကြသလို မျက်နှာပေါ်က အပြောင်းအလွဲများကိုလည်း မည်သူမှ သတိမထားမိလိုက်ကြပါ။

လုံမေကိုယ်တိုင်ကလည်း သူတို့နှစ်ယောက်၏ ပြဿနာကို မည်သူမှ မရိပ်မိအောင် ဟန်ဆောင်ကောင်းခဲ့သည် မဟုတ်လား။





ညော်ခံပွဲအပြီးမှာ လုံမေနှင့် ညီညီက သူနှင့် ချယ်ရီ့ကို ကန်တော့ပါသည်။ ထိုအခိုက်မှာ သူမမျက်ဝန်းအစုံက မျက်ရည်တွေ စီးကျလာသည်။

သူမ ဘာကြောင့် မျက်ရည်ကျရသလဲဆိုတာ သူမ မတွေးချင်သော်လည်း တွေးမိသည်။ သူ့လိုလူတစ်ယောက်ကို အရိုအသေပေး ရှိခိုးကန်တော့ရလို့ ကျသောမျက်ရည်မဟုတ်ဘဲ သူမမိဘနှင့် အဘိုးဖြစ်သူကို သတိရပြီး ကျသောမျက်ရည် ဖြစ်ပါစေဟုသာ ကျိတ်ဆုတောင်းခဲ့မိသည်။

လုံမေက တစ်ကောင်ကြွက်ပါ။

လုံမေ့အလှကို မက်ပြီး လုံမေ့ဘဝကို လိမ်ညာလှည့်စားပြီး ဖျက်ဆီးနင်းချေချင်တဲ့ လူယုတ်မာတွေနဲ့လည်း ကြုံခဲ့ဖူးပါတယ်တဲ့။

ချာတိတ်ရယ်... ။

အဲ့ဒီလူယုတ်မာက ကိုကိုကိုယ်တိုင်ပဲ မဟုတ်လား၊ ကိုကို့ကို ရည်ရွယ်ပြီး ပြောနေမှန်း သိပါတယ်ကွယ်၊ အဖြစ်မှန်တွေကို ရှင်းပြခွင့်မရှိတော့လည်း လုံမေ့အတွက် ကိုကိုဟာ လူယုတ်မာတစ်ယောက်ပေါ့။ အဖြစ်မှန်တွေကို ရှင်းပြခွင့်... ။

အဟွန်း... ဟွန်း... ။

ဒီစကားကို ကြားရင် ချာတိတ်က ကိုကို့ကို လှောင်ပြောင်သရော်မှာ သေချာပါတယ်လေ။

ဘယ်လိုပဲဖြစ်ဖြစ် မှားခဲ့တဲ့သူက ကိုကိုပဲမဟုတ်လား။ ချာတိတ်အပေါ်မှာ ရက်စက်ခဲ့တဲ့သူ၊ သစ္စာမဲ့ခဲ့တဲ့သူကလည်း ဟောဒီက



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုပါပဲကွယ်။

ဒီတော့လည်း ကိုကို့အပြစ်တွေနဲ့အတူ လုံမေရဲ့ အမုန်းတွေကို အပြုံးမပျက် ကိုကို့ဘက်က ခံနိုင်အောင် ကြိုးစားနေပါ့မယ် ကလေးရယ်။

စိုင်းရွက်ခမ်းရင်ထဲက စကားတွေကို သူမကတော့ ကြားနိုင်မည်မဟုတ်ပါ။ သူမချစ်သော သူမကိုချစ်သော ညီညီနှင့်အတူ ပျော်ရွှင်ကြည်နူးနေသည့် အချိန်မှာ လူဆိုးကြီး သူ့ကို မေ့နေပါလိမ့်ဦးမည်။

သူ သက်ပြင်းရှိုက်လိုက်သည်။ သူ့ကိုမြင်တွေ့ရတိုင်း လုံမေ့ရင်ထဲက မေ့လျော့ပျောက်ဆုံးရန် ကြိုးစားနေခဲ့သော ခံစားချက်တို့ အသစ်တစ်ဖန် ပြန်လည်ရှင်သန် မွေးဖွားလာရသလို သူ့ကိုယ်တိုင်၏ ရင်ထဲမှာလည်း ထိုနည်းအတိုင်းမို့ သူမနှင့်ဝေးရာကို သူ ရှောင်ပြေးဖို့ ကြိုးစားရပါသည်။

ထို့ကြောင့် မင်္ဂလာဆည်ခံပွဲအပြီးမှာ ဇနီးသည်ချယ်ရီနှင့်အတူ ကလောကို ပြန်ခဲ့ပါသည်။ သူ့ကြောင့် ပျော်စရာကောင်းသည့် မင်္ဂလာဦးနေ့ရက်ကလေးကို မထိခိုက်စေချင်သည်က သူ့ရင်ထဲက စေတနာဖြစ်ပါသည်။

"မောင်"

"ကြည့်စမ်းကွယ်၊ အခုချိန်ထိ မအိပ်သေးဘူးလား၊ စီးကရက်တွေ သောက်တာလဲ သိပ်များနေပြီ၊ လူတစ်ကိုယ်လုံးလဲ အေးစက်နေပါလား"





"ခဏနေရင် အိပ်တော့မှာပါ ချယ်ရီရဲ့"

"အို... မလိုချင်ဘူး၊ အခုပဲ ချယ်ရီနဲ့အတူတူ အိပ်ရမယ်၊ လာပါမောင်ရယ် လာပါ"

"ချယ်ရီရယ်"

ချယ်ရီ့ဆန္ဒအတိုင်း သူမနှင့်အတူ အိပ်ရာဝင်ခဲ့ရပါသည်။ ရင်ထဲမှာ အချိန်ပြည့် တမ်းတနေမိသူက တစ်ယောက်။

အို... မဟုတ်သေးပါဘူးလေ။

ဘာလို ဒီလိုအတွေးတွေကို သူ တွေးနေမိရတာလဲ၊ အခုအချိန်မှာ လုံမေဆိုတာ ညီညီ၏ ကြင်သူသက်ထား ဇနီးမယား ဖြစ်နေပြီဖြစ်သလို သူ့ကိုယ်တိုင်ကလည်း ချယ်ရီဆိုသည့် ဇနီးသည်နှင့်ပါ။

လုံမေဆိုတာ သူ့ညီမလေးပါ... ။

ညီညီနဲ့တန်းတူထားပြီး ချစ်ရမယ့် ညီမလေးပါ။ သူ့ရင်ထဲက နှလုံးသားထဲက ခံစားချက်တွေကို မေ့ပျောက်ပစ်ရမည်လေ။

"မောင်..."

"ဘာလဲ ချယ်ရီ"

"နေမကောင်းဘူးလားဟင်၊ မောင့်ကိုကြည့်ရတာ တစ်မျိုးပဲ၊ စိတ်ထိခိုက်စရာ တစ်ခုခုများ ရှိနေလားဟင်"

ချယ်ရီ့အမေးစကားက သူ့ရင်ကို ထိတ်ပျာသွားစေပါသည်။ သူ့အခြေအနေကို ချယ်ရီတောင် ရိပ်မိသွားပါရောလား။ အခြေအနေမှန်ကို ချက်ချင်းဖုန်းကွယ်ပစ်ရန် သူ ခပ်တိုးတိုးရယ်မောလိုက်ပါသည်။

"မောင် ဘာမှမဖြစ်ပါဘူး ချယ်ရီရယ်၊ နေလဲကောင်းပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်မပျော်တာနဲ့ ထထိုင်နေတာပါ"

"ချယ်ရီက မောင့်အတွက် စိတ်ပူလို့ပါမောင်၊ စီးကရက်တွေ လျှော့သောက်ပါလားကွယ်၊ သိပ်များရင် မောင့်ကျန်းမာရေးကို ထိခိုက်မှာ စိုးလို့ပါ"

"စိတ်ချပါ၊ နောက်ကို မောင် ဒီလောက်အများကြီး မသောက်တော့ပါဘူးဗျာ"

"မောင်ရယ်"

ချယ်ရီက သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ တိုးဝင်ကာ သူ့မေးဖျားလေးကို ဖျတ်ခနဲ ရှိုက်နမ်းလာခြင်းကြောင့် ချယ်ရီကိုယ်လေးကို သူ့ရင်ခွင်ထဲမှာ တင်းကျပ်စွာ ထွေးပွေ့နွေးထွေး စေလိုက်ပါသည်။

"ချယ်ရီ"

"ဟင်. . . "

"မောင့်ကို သိပ်ချစ်တာပဲလားဟင်"

ပါးပြင်နုကို ညင်သာဖွဖွရှိုက်နမ်းရင်း သူ ဆိုလိုက်သည်။

"သိပ်ချစ်တယ်ဆိုတာထက် ပိုပါတယ် မောင်ရယ်၊ ချယ်ရီ့ဘဝမှာ မောင်မရှိလို့ မဖြစ်ဘူးဆိုတာ ချယ်ရီကလွဲပြီး ဘယ်သူ သိနိုင်မှာလဲ မောင်. . . "

"အချိန်တိုင်းစက္ကန့်တိုင်းမှာ ချယ်ရီ့ကို လွှမ်းမိုးထားတာက မောင့်ကို ချစ်မိတဲ့အချစ်တွေပါ ဘာဖြစ်လို့များ မောင့်ကို ချယ်ရီ ဒီလောက်ချစ်နေမိသလဲဆိုတာ ချယ်ရီ့ကိုယ်ချယ်ရီလဲ နားမလည်နိုင်





တော့ပါဘူး မောင်ရယ်"

"ရှေးရေစက်ရှိလို့ နေမှာပေါ့ ချယ်ရီ"

"ဟုတ်မလား မသိဘူး၊ ချယ်ရီတော့ မောင့်အပေါ်မှာ ဟိုတုန်းက ချစ်ကြွေးရှိခဲ့လို့ ထင်တယ်၊ အခုဘဝမှာ မောင်က ချယ်ရီ့ကို ချစ်ချစ်မချစ်ချစ် ချယ်ရီက ဇွတ်အတင်း လိုက်ချစ်နေရတာ မဟုတ်လား"

ချယ်ရီ့စကားက သူ့နှလုံးသားကို စူးရှနက်ရှိုင်းစွာ ထိခိုက်နာကျင်သွားစေခဲ့ပါသည်။ သူကိုယ်တိုင်ကလည်း အချစ်ရေးမှာ ကံဆိုးသူမို့ ချယ်ရီခံစားသလို ခံစားနေရသူဖြစ်သဖြင့် ချယ်ရီ့ရင်တွင်းက ခံစားချက်ကို ကိုယ်ချင်းစာနာစိတ်ဖြင့် နားလည်ပေးနိုင်ပါသည်။

"ချယ်ရီလေ မောင့်ကို သိပ်ချစ်တယ် သိလား"

"ချယ်ရီရယ်"

မောင်လဲ ချယ်ရီ့လို ခံစားနေရတဲ့ သူပါလို့ ဖွင့်ပြောခွင့်မရနိုင်သည့်အတွက် အချစ်ကြောင့် ခံစားနေရရှာသူလေးကို အတတ်နိုင်ဆုံး ဖြေသိမ့်နိုင်အောင် ကြိုးစားမိပါသည်။ သူ့အတွေး သူ့အာရုံမှာ စိုးမိုးနေရာယူထားသည့် လုံ့မေ့အသွင်သဏ္ဌာန်လှလှလေး ပျောက်ဆုံးသွားပြီး ချယ်ရီ့မျက်နှာလေး ရောက်ရှိလာအောင် အချစ်ကမ္ဘာလေးကို သူ ဖန်ဆင်းလိုက်သည်။

"ချယ်ရီ"

"မောင်"

"ချစ်တယ်၊ ချယ်ရီ့ကို မောင် သိပ်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အနမ်းမှန်တိုင်းတစ်ခု ချယ်ရီကိုယ်လေးပေါ် ပြူဆင်းလာသည်။ လှိုက်လှဲပြင်းပြသော ချစ်အနမ်းများအောက်မှာ ချယ်ရီ့မျက်ဝန်းအင်း မှေးမှိတ်သွားသည်။

"ချယ်ရီ"

"အိုကွယ်… "

ပြာလဲ့သော အခန်းမီးကလေး ငြိမ်းသွားသည်။ လိပ်ပြာ တစ်ကောင်၏ တောင်ပံရိုက်ခတ်သံ တဖျပ်ဖျပ်အောက်မှာ ပန်းဆ လေးခမျာ လွန့်လွန့်လူးလူး….။

လေပြင်းတစ်ချက် အဝေ့မှာ ပန်း၏ပွင့်ချပ်ပွင့်ဖတ်တို့ တဖြုတ် ဖြုတ် လွင့်ကြွေသွားသည်။

ချိုမြိန်နွေးထွေးသော ဝတ်ရည်ပျားရည်အိုင်ထဲမှာ လိပ်ပြာ လေးက လှုပ်မရအောင် တုတ်နှောင်ခံထားရသူလို ရီဝေမူးမေ့နေခဲ့

*

"ချစ်"

"ဟင်… "

"မောင့်အတွက် သားသား၊ မီးမီးတွေ အများကြီးမွေးပေးရမယ် နော်"

"သွား… လူကို ဒါပဲပြောနေတယ်၊ မေ မမွေးဘူး၊ မောင်ပဲ





သိလား"

လုံမေမှာ ရှက်မျက်စောင်းလေးနှင့် အတူဆိုရင်း မောင့်ရင်ဘတ် ကြီးကို လက်သီးဆုပ်ကလေးများနှင့် တဗုန်းဗုန်းထိုးရိုက်ပြစ်လိုက် သည်။

စိုင်းခမ်းညီကတော့ မျက်နှာနီနီလေးဖြင့် ရှက်နေသော ဇနီး ယ်လေးကို သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်ရင်း ညင်သာ ငွစွာ ရယ်မောမဆုံး ရှိနေပါသည်။

"မေကလဲကွာ၊ ဒါပြောတာလဲ ရှက်ပြန်တာပဲလား၊ မောင် ကယ်ပြောတာ ချစ်ရဲ့၊ မောင့်အတွက် မေနဲ့တူတဲ့ သားသားမီးမီး သးတွေ အများကြီး မွေးပေးစမ်းပါဗျာ"

"အများကြီး ဟုတ်လား"

မျက်လုံးပြူးလေးနှင့် မေဆိုလိုက်တော့ သူ့ရယ်မိပြန်ပါသည်။

"အင်း… အဟွန်း… ဟွန်း ငါးယောက်ခြောက်ယောက်ဆို င် တော်ပြီ"

"ဟင်… အဲဒီလောက်ကြီးတောင် ဟုတ်လား၊ တော်ပြီ… တော်ပြီ၊ မေကတော့ သားတစ်ယောက် သမီးတစ်ယောက်ဆို တော်ပြီ၊ နှိတာ မောင့်ဘာသာ မွေးတော့"

"အဟွန်း… ဟွန်း မောင်ကိုယ်တိုင် မွေးလို့ရမှတော့ ချစ်ကို ာနေပါတော့မလားဗျာ၊ ကိုယ်တိုင်ပဲ မွေးလိုက်မှာပေါ့"

"ဟွန်း… တော်ပါ၊ အဲဒီအကြောင်းတွေ အခု မေ့ကို လာ ပြောနဲ့၊ လက်ထပ်ပြီးတာ ဘာမှမကြာသေးဘူး မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မေ့ဘာသာ တစ်ယောက်တည်းပဲ လွတ်လွတ်လပ်လပ် နေဦးမယ်"

"တစ်ယောက်တည်း နေချင်လို့ ဘယ်ရမလဲဗျာ၊ မောင်နဲ့ နှစ်ယောက်အတူ ပျော့ဒီလိုနေမှ ရမှာပေါ့"

"အို... မောင်"

"ချစ်တယ်မေရယ်"

"မောင်ရယ်"

မောင့်ထံမှ အရှူးအမူးအချစ်များကြားမှာ မေတစ်ယောက် မလှုပ်နိုင်အောင် နစ်မြုပ်သွားရပါသည်။ မောင်ကတော့ လုံမေ့ကို အချိန်ပြည့် ညို့ငင်လျက်ရှိရာ မောင်ခေါ်ဆောင် ချစ်ကမ္ဘာထဲမှာ ရုန်းထွက်မရအောင် တဝဲလည်လည် ရှိနေရပါသည်။

မချစ်တတ်သော လုံမေ့ကို မောင်က ချစ်တတ်လာအောင် သင်ပေးခဲ့သလို မောင့်အလိုဆန္ဒကို လုံမေ့ဘက်က လိုက်လျောဖြည့်ဆည်းပေးချင်လာအောင် မောင်က သူ့အချစ်များကို အသုံးချ ဖန်တီး ရယူပါသည်။

အခုလည်း မောင်က သူ့အတွက် သားသမီးများရယူရန် မကြာခဏ ပြောဆိုတိုက်တွန်းလျက် ရှိသဖြင့် မောင့်ကို လုံမေ စိတ်ဆိုးချင်လာမိသည်။

မောင့်အလိုဆန္ဒအတိုင်း လုံမေကျောင်းထွက်လိုက်ရသလို မောင်ကလည်း အလုပ်ထွက်လိုက်ပါသည်။ တောင်ကြီးကအိမ်ကို လုံမေတို့လင်မယား နှစ်ယောက်တည်း နေကြပြီး စိုင်းရွှက်ခမ်းတို့ ဓနီးမောင်နှံက ကလောမှာ နေကြသည့်အတွက် အရေးကိစ္စမရှိဘဲ





ဆုံတွေ့စရာ မကြောင်းမရှိပါ။

အထူးသဖြင့် စိုင်းရွှက်ခမ်းက လုံမေ့ကို ရှောင်နေသည့်သဘောဖြင့် သူမရှိရာသို့ ရောက်မလာတာကို လုံမေကလည်း ကျေနပ်လျက်ရှိပါသည်။

မမချယ်ရီကတော့ လုံမေရှိရာကို မကြာခဏဆိုသလို ဝင်ထွက်သွားလာရင်း သူမအကြောင်းကို ပြောပြသဖြင့် မမချယ်ရီတို့ လင်မယားမှာ သားသမီးမယူကြခြင်း မဟုတ်ဘဲ လိုချင်ကြပါလျက်နှင့် သားသမီးရတနာ မရရှိကြောင်းကို သိခွင့်ရလာခဲ့သည်။ အစ်ကိုဖြစ်သူက အမွေဆက်ခံနိုင်အောင် သားသမီးရတနာမရရှိကြသဖြင့် ညီဖြစ်သူနှင့် လုံမေတို့ကို သားသမီးတွေ အများကြီး ရရှိစေချင်နေကြသည်။

သူတို့လင်မယားနှစ်ယောက်၏ မျှော်လင့်ချက်က လုံမေဖြစ်နေကြောင်း သိရတော့ ခံပြင်းစိတ်နှင့်အတူ ရင်ထဲ အသည်းထဲက နာကျင်လာရသည်။

တကယ်တော့ လုံမေကိုယ်တိုင်ကလည်း ကလေးသိပ်ချစ်တတ်သူတစ်ယောက်ပါ။ ကိုယ့်ရင်သွေးလေးကို လိုချင်ပါသည်။

မောင့်စိတ်ဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်မိသည်။ ဒါပေမဲ့ မောင်နှင့်အတူ လုံမေမုန်းသောလူကပါ လိုက်၍ ပျော်ရွှင်မှာမျိုးကိုတော့ လုံမေ အလိုမရှိပါ။

လုံမေ့သားသမီးတွေကို လုံမေမုန်းသော ဦးစိုင်းရွှက်ခမ်းဆိုသည့် လူကြီးက ထိကိုင်ချီပိုးမှာကို မလိုလားသလို ကလေးတွေက သူ့ကို ချစ်ခင်တွယ်တာသွားမှာကို မနှစ်မြို့ မကြည်ဖြူနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မောင့်ဆန္ဒကို မလိုက်လျောချင်သလို ဖြစ်ခဲ့မိသလို အခုချိန်ထိလည်း သားသမီးမရသေးတာကိုလည်း ကျိတ်ပြီး ကျေနပ်နေမိပါသည်။ အားလုံး၏ မျှော်လင့်ချက်က မေ့တစ်ဦးတည်းမှာသာ တည်ရှိနေသည် မဟုတ်ပါလား။

"ညီရေ... ညီ"

"ဟင်... "

အိမ်ရှေ့ဆီမှ ကားရပ်သံနှင့်အတူ ဦးစိုင်းရွက်ခမ်း၏ အသံကြောင့် လုံမေ့မျက်လုံးလေး ပြူးသွားရသလို ရင်ခုန်သံတွေလည်း တဒိတ်ဒိတ် မြည်လာပါသည်။

အိမ်မှာ မောင်မရှိပါ။

စောစောကပဲ သူ့သူငယ်ချင်းကားဖြင့် လိုက်သွားသဖြင့် အိမ်မှာ လုံမေနှင့် အိမ်ဖော်ကောင်မလေးပဲ ကျန်ရစ်ခဲ့သည့်အတွက် ဦးစိုင်းရွက်ခမ်းကို မျက်နှာချင်းဆိုင် တွေ့ဆုံရမည့်တာဝန်က လုံမေ့တာဝန် ဖြစ်လာပါသည်။

ဒုက္ခပါပဲ... ။

ငါ သူ့ကိုမတွေ့ချင်ဘူး။

မတွေ့လို့ကလည်း မရဘူး၊ သူက မောင့်ရဲ့အစ်ကိုကြီး ဖြစ်နေတော့ သူ့မျက်နှာကို မကြည့်ချင်လောက်အောင် ဘယ်လောက်ပဲ ဖြစ်နေပါစေ... ။

ငါမှာ ထွက်တွေ့ရမယ့်တာဝန် ရှိနေပြီ။ လုံမေ့ရင်ထဲက စကားများ ဖြစ်ပါသည်။ သူနှင့်လုံမေ မျက်နှာချင်းဆိုင် မကြာခဏ





ဆုံတွေ့နေရသော်လည်း သူ့အပေါ်မှာ မမချယ်ရီ၏ အမြဲရှိနေတတ်သလို လုံမေ့အပေါ်မှာ မောင်က အတူရှိနေတတ်သဖြင့် တစ်ယောက်နှင့်တစ်ယောက် မသိသလိုလို၊ သိလိုလို အကြည့်လွှဲ၍ မောင်နှင့် မမချယ်ရီကိုသာ ဦးတည်စကားဆိုနေခြင်းကြောင့် သူနှင့် လုံမေကြားမှာ စကားပြောစရာ အခြေအနေ ရှိမလာခဲ့ပါ။

သူကိုယ်တိုင်ကလည်း အလိုက်တသိနှင့် လုံမေနှင့် ပြောဆိုစရာကိစ္စမရှိအောင် အတတ်နိုင်ဆုံး ရှောင်လွှဲပြီး လုံမေ့အတွက် ပြောစရာစကားရှိရင်တောင် မောင်နှင့် မမချယ်ရီကိုသာ ဦးတည်ပြောဆိုခဲ့သူ ဖြစ်ပါသည်။

အခုတော့ သူနှင့်လုံမေကြားမှာ အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလွဲဖို့ ဖြစ်လာခဲ့ပေပြီ။

လုံမေ သက်ပြင်းကျိတ်ရှိုက်လိုက်သည်။ လုံမေကိုယ်တိုင်ကလည်း ဒီလိုအခြေအနေမျိုး တစ်နေ့မကြုံ၊ တစ်နေ့ကြုံလရမည်ဆိုတာ မျှော်လင့်ထားခဲ့ပြီးသားပါ။

လူလေးယောက် အမြဲအတူ ဆုံတွေ့စကားပြောဆိုနေဖို့ဆိုတာ ဘယ်လိုနည်းနှင့်မှ ဖြစ်နိုင်သောကိစ္စမှ မဟုတ်ဘဲ။

လူတိုင်းမှာ ကိုယ့်ကိစ္စနှင့်ကိုယ် သွားရလာရမည့် အလုပ်ကိစ္စတွေ ကိုယ်စီနှင့် မဟုတ်လား။

"ညီရေ"

"လာပါပြီ"

"ဟင်... "



www.burmeseclassic.com

www.burmeseclassic.com



ချိုလွင်သာယာသော ထူးသံလေးနှင့်အတူ လှပဝင်းစက်သော အသွင်သဏ္ဌာန်လှလှလေးကို မြင်လိုက်ရသဖြင့် စိုင်းရွက်ခမ်းရင်မှာ ပြင်းစွာသော တုန်လှုပ်မှုကို ဖြစ်ပေါ်သွားစေခဲ့ပါသည်။

မနေ့ညက ညီညီကိုယ်တိုင် သူ့ကို ဖုန်းဆက်ပြီး ကိုကိုနှင့်အတူ အလုပ်ကိစ္စ တိုင်ပင်ဆွေးနွေးချင်၍ အိမ်ကိုလာခဲ့ပါဦးဟု ဆိုခဲ့သည်။

"ညီညီမရှိဘူးလား ချာတိတ်"

"အို…"

လုံမေ့ကို သူ ဘယ်လိုခေါ်လိုက်တာလဲ…။ ချာတိတ်ဆိုသည့် စကားလုံးက လုံမေ့အသည်းပြင်ကို ဓားချွန်ချွန်ဖြင့် တစ်ဆုံး ထိုးစိုက်ချလိုက်သလို အခံရခက်စွာ နာကျင်တုန်လှုပ်သွားစေသည့် စကားဖြစ်ပါသည်။

"ကျေးဇူးပြုပြီး ကျွန်မကို နောက် အဲ့ဒီလို ဘယ်တော့မှ မခေါ်ပါနဲ့ ဦးစိုင်းရွက်ခမ်း"

လုံမေ့စကားအဆုံးမှာ သိသာစွာ ပျက်သွားသည့် မျက်နှာကို ကြည့်ပြီး လုံမေ ဝမ်းမသာနိုင်ပါ။

"ဆောရီး… ကိုယ် မှားသွားတယ်"

"မောင်မရှိဘူး၊ သူ့သူငယ်ချင်းနဲ့ စောစောကပဲ အပြင်ထွက်သွားတယ်"

လုံမေ့မျက်နှာလှလှလေးက တည်တင်းအေးစက်လျက် သူ့မျက်နှာကို မကြည့်ဘဲ ဆိုလိုက်သည်။

သူ့လက်ကနာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ အိမ်မှာ





လုံမေတစ်ယောက်တည်း ဖြစ်နေသဖြင့် သူ့ညီဖြစ်သူ ပြန်အလာကို အိမ်မှာ ထိုင်စောင့်၍ မဖြစ်မှန်း သဘောပေါက်လိုက်သည်။

"ကိစ္စရှိရင် ပြောခဲ့ပါ"

သူ မချိပြုံး ပြုံးလိုက်သည်။

သူ အိမ်ထဲဝင်ထိုင်မှာကို လုံးဝအလိုမရှိကြောင်း သူမက စကားဖြင့် သိစေလိုက်သည် မဟုတ်လား။

"ညီညီက ကိုယ်နဲ့ ပြောစရာရှိတယ်ဆိုလို့ လာခဲ့တာပါ၊ ဆယ့်ငါးမိနစ်နေမှ ကိုယ် တစ်ခေါက်ပြန်လာလိုက်ပါမယ်"

လုံမေ့ထံမှ ဘာသံမှ ထွက်မလာသဖြင့် လုံမေ့မျက်နှာလှလှလေးကို သူ စိုက်ကြည့်လိုက်သည်။ လုံမေ့အလှတွေက ဘာတစ်ခုမှ မပြောင်းလဲသည့်အပြင် ပို၍ပင် လှပလွန်းနေသည်မဟုတ်လား။

"လုံမေ"

သူ့နှုတ်ဖျားက သူ့အလိုလို သူမအမည်လေးကို ခေါ်လိုက်မိသည့် အဖြစ်ကို သူ့ကိုယ်သူ သတိမထားလိုက်မိဘဲ ဖြစ်သွားသည့် အချိန်မှာပင် ခြံထဲသို့ ကားတစ်စီး မောင်းဝင်လာပါသည်။

"ဟော့… ဟိုမှာ မောင်ပြန်လာပြီ"

လုံမေ မောင့်ကားရှိရာကို ပြေးလေးလျှောက်သွားသည့် အချိန်မှာပင် မောင်က သူငယ်ချင်းဖြစ်သူကို နှုတ်ဆက်ပြီး ကားပေါ်မှ ဆင်းလာပြီဖြစ်သည်။

"ဟေး… ချစ်၊ ကိုကိုရောက်နေပြီလား"

"ဟုတ်တယ် မောင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က လုံမေ့ပခုံးလေးကို ဖွဖွဖက်ပြီး အတူယှဉ်လျှောက်ရင်း...

"ကိုကို ဘယ်တုန်းက ရောက်တာလဲ၊ အိမ်ထဲဝင်လေ၊ ညီက ဖိုးကျော် ဖွတ်လာခေါ်လို့ ခဏလိုက်သွားတာ"

"မေရေ ကိုကို့နဲ့ မောင့်အတွက် မနက်စာပြင်ကွာ၊ မောင် ဗိုက်ဆာပြီ"

"ကိုကို့အတွက်တော့ နေပါစေကွာ၊ ကိုကို အပြင်က စားခဲ့ပြီကွ"

"စားခဲ့ပြီးလဲ ထပ်စားဗျာ၊ ကိုကို့ညီမလက်ရာကို အားပေးတဲ့ အနေနဲ့ပေါ့၊ ချစ်ရေ ကိုကို့ကို ကူပြောဦးလေကွာ"

"ဟုတ်ကဲ့ပါ မောင်ရဲ့၊ လုံမေ့လက်ရာကို ဝင်ပြီး အားပေး ပါဦးလို့ ပြောပါရစေ"

လုံမေက မည်သည့်နာမ်စားမှ မသုံးဘဲ စိုင်းရွက်ခမ်းမျက်နှာ ကို ခပ်ဝဲဝဲလေး ကြည့်ကာ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

"ဟော့... ချစ်က ကိုကို့ကို ဘယ်လိုကြီးပြောတာတုန်းဗျာ၊ မောင်ခေါ်သလို ကိုကိုလို့ ခေါ်မှပေါ့"

"ကိုကိုလဲ လုံမေ့လက်ရာကို အားပေးပါဦးလို့ ပြောမှပေါ့ ချစ်ရဲ့"

"အို..."

ကိုကိုဆိုပါလား... ။

မောင်က ဦးစိုင်းရွက်ခမ်းကို သူ့အချစ်ဆုံး အစ်ကိုကြီး





တစ်ယောက်အနေနဲ့ လုံမေ့ကိုလည်း ကျွမ်းဝင်ရင်းနှီးစေလိုဟန် တူပါသည်။

သာမန်အနေအထားအတိုင်းဆိုရင်တော့ မောင့်ရဲ့အစ်ကို ဖြစ်သူကို မောင်ခေါ်သလို ကိုကိုဟု လိုက်ပြီး ခေါ်ရသည့်ကိစ္စမှာ ဘာပြဿနာမှမရှိပါ။

အစ်ကိုတစ်ယောက်ကို ညီမတစယောက်က ခေါ်တဲ့နာမ်စား တစ်မျိုးသာပါ။

အခုတော့ သူမနှင့် ဦးစိုင်းရွက်ခမ်းကြားက အခြေအနေတွေက မောင်ထင်ထားသလို သာမန်ရိုးရိုးအနေအထား မဟုတ်ခဲ့သဖြင့် လုံမေ့မျက်နှာလှလှလေး သိသာစွာ ပျက်သွားရသလို့... ဦးစိုင်းရွက် ခမ်း ကိုယ်တိုင်ကလည်း လုံမေရှိရာကို ဖျတ်ခနဲလှမ်းကြည့်လိုက်တာ နှင့် ကြုံလိုက်ရပါသည်။

"နေပါစေ ညီ၊ သူအဆ င်ပြေသလိုပဲ ခေါ်ပါစေ"

"ဟာ... ကိုကိုကလဲ၊ မေက ညီ့ရဲ့ဇနီး၊ ကိုကို့ရဲ့ ညီမလေး ပဲဟာ၊ ညီခေါ်သလို ခေါ်မှဖြစ်မှာပေါ့"

လုံမေ့အခြေအနေကိုကြည့်ပြီး ပျက်ယွင်းသွားသည့် မျက်နှာ လှလှလေးကြောင့် သူမဘက်က စိတ်သက်သာရအောင် ဝင်ပြောလိုက် ခြင်းအပေါ်မှာ ညီညီက လုံးဝလက်ခံခြင်း မရှိသဖြင့် လုံမေနှင့် သူ့ကြားက အခြေအနေကို လုံးဝမသိသော ညီဖြစ်သူကြောင့် ကျိတ်ပြီး ပင့်သက်ဖြာမိရပါသည်။

"ဟုတ်ပါတယ်၊ လုံမေက မောင့်ရဲ့ဇနီး၊ ကိုကို့ရဲ့ ညီမလေးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုလို့ခေါ်ရမှာပေါ့”

“လုံမေ့လက်ရာကို ကိုကိုလဲ ဝင်ပြီးအားပေးသွားပါဦးရှင်”

“ဒီလိုမှပေါ့ ချစ်ရဲ့၊ တွေ့လား ကိုကို၊ ညီမိန်းမက သိပ်လိမ္မာတာပဲ”

“ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်”

“မေ ထမင်းပွဲသွားပြင်လိုက်ဦးမယ်နော်-မောင်”

“အိုကေ”

မောင်တို့ ညီအစ်ကိုနှစ်ယောက်အနားက လုံမေ လှစ်ခနဲ ပြေးထွက်ခဲ့ပေမဲ့ ရင်ထဲမှာတော့ ခံစားချက်ပေါင်းစုံဖြင့် အတော့်ကို မခံချိမခံသာ ဖြစ်နေမိပါသည်။

မောင့်ရှေ့မှာမို့ သူ့လိုလူတစ်ယောက်ကို မောင့်အကြိုက်လိုက်ပြီး နှုတ်နစ်ပြီး ကိုကိုဟု ခေါ်လိုက်ရသည်။

ကိုကိုဟု လုံမေ့နှုတ်ဖျားက သူ့ကို တစ်ခါခေါ်လိုက်တိုင်း သူမအသည်းနှလုံးတို ဓားဖြင့် အရှင်လတ်လတ် အမွှန်းခံရသလို ဆတ်ဆတ်ခါ နာကျင်ရသူက လုံမေပါ။

မောင်ရယ်... ။

မောင့်တို လုံမေ လက်ထပ်ခဲ့မိတာ သိပ်မှားသွားခဲ့ပြီ ထင်ပါ ရဲ့ကွယ်။

* * *





# အခန်း (၅)

ရက် မှ လ။ လ မှ နှစ်သို့ တိုင်ခဲ့ပါပြီ။ လုံမေက အိမ်ထောင်ရှင်မလေးဖြစ်ခဲ့သလို မောင်ကတော့ သူဝါသနာပါရာ ဆေးကုသခြင်းအလုပ်ကို စေတနာဝန်ထမ်းသက်သက် အိတ်ထဲက စိုက်ထုတ်ကာ မရှိဆင်းရဲသားများကို ဆေးကုသပေးနေသလို တစ်ဖက်ကလည်း အစ်ကိုဖြစ်သူ၏ စီးပွားရေးလုပ်ငန်းမှာ လုပ်ကိုင်လျက် ရှိပါသည်။

ဒီနေ့လည်း ဆေးအိတ်ဆွဲကာ အိမ်မှ အစောကြီး ထွက်သွားသဖြင့် လုံမေတစ်ယောက်တည်း အိမ်မှာ ကျန်ရစ်ခဲ့သည်။

“တီ”

“ဟင်... ရှင်... ”

အိမ်ရှေ့မှ ကားရပ်သံကြောင့် လုံမေ့လက်ထဲက ချည်ခင်လုံး ပြုတ်ကျပြီး အိမ်ရှေ့သို့ အပြေးထွက်ခဲ့ရာမှ မောင်မဟုတ်ဘဲ လုံမေ အလွန်မုန်းသော ဦးစိုင်းရွက်ခမ်းကိုယ်တိုင် ဖြစ်နေသဖြင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



လှလှလေး တင်းမာခက်ထန်သွားရပါသည်။

"ဘာကိစ္စရှိလို့လဲ၊ မောင် အခုပဲ ကားနဲ့ အပြင်ကို ထွက်သွားတယ်"

"ကိုကို့နဲ့ လမ်းမှာတွေ့ခဲ့ပါတယ် လုံမေ"

"ဟင်..."

အံ့ဩထိတ်လန့်သော မျက်ဝန်းများဖြင့် ဦးစိုင်းရွက်ခမ်း၏ မျက်နှာကို မှန်းတီးအထင်သေးစွာ မော့ကြည့်လိုက်သည့် လုံမေ့အသွင်က ကျားနာမလေးတစ်ကောင်နှင့် တူနေမည်ထင်ပါသည်။

လမ်းမှာ မောင့်ကို တွေ့ခဲ့သည့်ဆိုတော့ အိမ်မှာ လုံမေ်တစ်ယောက်တည်း ရှိမှန်းသိ၍ အရောက်လာခဲ့သည်ပေါ့။

"ကိုကို လုံမေနဲ့ စကားပြောစရာရှိလို့ပါ"

သူ့ကားပေါ်က ဆင်းလာသဖြင့် လုံမေ့မျက်နှာ ပျက်သွားသည်။

"ကျွန်မမှာ ရှင်နဲ့ ဘာစကားမှ ပြောစရာမရှိဘူး ဦးစိုင်းရွက်ခမ်း"

"ပြီးတော့ ရှင်နားလည်အောင် ကျွန်မ တစ်ဆက်တည်း ပြောလိုက်ပါရစေ၊ မောင့်ရဲ့ရှေ့မှာမို့ မကောင်းတတ်လွန်းလို့ ရှင့်လို လူယုတ်မာတစ်ယောက်ကို ဟန်ဆောင်ပြောဆို ဆက်ဆံနေရပေမဲ့ ကျွန်မရင်ထဲမှာ ဘယ်လောက်ခါးသီးရွံရှာနေမယ်ဆိုတာ ရှင်သိမှာပါ..."

"ဒီတော့ မောင့်ရှေ့မှာ မလွဲရှောင်သာလို့ ရှင့်လိုလူကို ကိုကိုလို့ မောင်စိတ်ချမ်းသာအောင် ခေါ်ပေးတာကို ရှင်ကိုရှင် အဟုတ်ကြီး





ထင်မနေပါနဲ့"

"ကျွန်မနဲ့ နှစ်ယောက်တည်း စကားပြောတဲ့အခါမှာလဲ ရှင့်ကိုယ်ရှင် ကိုကိုလို့ ထည့်ပြောစရာမလိုဘူးရှင့်၊ ကျွန်မနားထဲမှာရော အသည်းထဲမှာရော သိပ်ပြီးခါးတယ် သိလား"

"လုံမေရယ်"

သူ့ကို ဘာစကားမှ ပြောစရာမရှိပါဘူးဆိုသည့် သူမက စကား တွေမနားတမ်း ဆိုသွားတာကို နားထောင်ရင်း စိုင်းရွက်ခမ်း ရင်မှာ နာကျင်ထိခိုက်စွာ ခံစားလိုက်ရသော်လည်း သူမအပေါ်မှာ အပြစ် မမြင်မိပါ။

တကယ်အပြစ်ရှိသူက သူကိုယ်တိုင်မို့ လုံမေ့အနေနှင့် သူ့အပေါ်မှာ ထိုထက်မကသော ရိုင်းပျပက်စက်သည့် စကားတွေ ဆိုထိုက်သူ ဖြစ်ပါသည်။

"ရှင် အခုပြန်ပါ ဦးစိုင်းရွက်ခမ်း၊ နောက်ကိုလဲ ကျွန်မနဲ့ နှစ်ယောက်တည်း တွေ့ခွင့်ရအောင် မကြိုးစားပါနဲ့..."

"ရှင်ပြောတဲ့ စကားတွေကိုလဲ ကျွန်မဘက်က ဘာတစ်ခုမှ ဆောင်မပေးနိုင်ဘူးဆိုတာ ရှင် မြဲမြဲမှတ်ထားပါ"

တိုးတိုးကျိတ်ကျိတ် ရန်တွေ့စကားဆိုနေပေမဲ့ လုံမေ့ စကား တော တင်းမာခက်ထန်လှပါသည်။ စိုင်းရွက်ခမ်းအနေနှင့် သူမ သူ့ အပေါ်မှာ ခွင့်လွှတ်သွားစေဖို့ မရည်ရွယ်သော်လည်း အဖြစ်မှန်ကိုတော့ သိအောင် ရင်ဖွင့်ပြောပြချင်နေမိပါသည်။

"ကိုယ်ရှင်းပြတာကို နည်းနည်းလေးပဲဖြစ်ဖြစ် နားထောင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ ဘုလေးရယ်၊ ကိုယ် လုံမေ့ကို တောင်းပန်အသနားခံနေတာပါ"

"ကိုယ့်ကို လုံမေနဲ့ စကားပြောခွင့်ပြုပေးပါ… "

"ရှင် ဘယ်လိုလူလဲ၊ ကျွန်မစကားကို ရှင် နားမလည်ဘူးလား"

"ကိုယ်ပြောချင်တာက… "

"ဒီမယ်၊ ရှင် ကျွန်မဘဝကိုရော အသည်းနှလုံးကိုပါ နင်းခြေ ဖျက်စီးခဲ့တာကို အားမရသေးလို့လား… "

"ကျွန်မ ရှင့်ကို ရှင်းရှင်းပဲပြောမယ်၊ ကျွန်မစကားကို လုံးဝ နားမထောင်ဘဲ ရှေ့ဆက်တိုးဖို့ ကြိုးစားမယ်ဆိုရင် ကျွန်မမျက်နှာ ကို ဒီတစ်သက် ရှင်တို့ညီအစ်ကိုနှစ်ယောက်စလုံး ဘယ်တော့မှ မြင်ခွင့်မရဘူး မှတ်ပါ"

"လုံမေ"

လုံမေ သူ့အနားက ချာခနဲလှည့်ထွက်သွားလိုက်ပြီမို့ စိုင်းရွက် ခမ်း ခေါင်းငိုက်စိုက်ကျသွားပါသည်။

လုံမေရယ်… ။

မင်းလေးကို ကိုကို အရှုံးပေးပါတယ်ကွယ်၊ ကိုကို့ကြောင့် လုံမေနဲ့ ညီလေးကို ဘာတစ်ခုမှ မထိကိုက် မနစ်နာစေချင်ပါဘူး ကလေးရယ်။

ကိုကို သွားပါတော့မယ်။

ကားပေါ်တက်ပြီး နေရာမှ ကားကို ခပ်ကြမ်းကြမ်း မောင်းထွက် ခဲ့သူ့ရင်မှာ အသည်းနှလုံးတွေ မွစာကျေနေသလို အိပ်ရာထက်မှ ကိုယ်လေးကို မှောက်အပ်ငိုကြွေးနေသည့် လုံမေ့အသည်းပြင်မှာလည်း





သွေးစိမ်းရှင်ရှင်နဲ့ပါ။

ပြီးပြီးသား အတိတ်ကာလအခြေအနေတွေကို အခုချိန်ကြမှ အာလို့ ပြန်ပြီး အသက်သွင်း ရှင်သန်စေချင်ရတာပါလဲ။

လုံမေ မတွေးချင်၊ မသိချင်ပါ။ လိမ်ညာလှည့်စားတတ်သူ ၏ စကားကို နောက်တစ်ကြိမ် ယုံကြည်ရဦးမည်ဆိုလျှင် ဒီကမ္ဘာပေါ် မှာ လုံမေလောက် မိုက်မဲသူ ရှိတော့မည်မထင်ပါ။

ဆင်ကြီးတစ်ကောင်လုံး တွေ့နေပါလျက်နှင့် ဆင်ခြေရာ ဟုတ်ပါဟု ငြင်းကွယ်ရန် ကြိုးစားချင်သူကို လုံမေ့အသည်းထဲမှာ ဘုံခါးနေအောင် မုန်းပြီးရင်း မုန်းနေရပါသည်။

မောင်ရယ်… ။

လုံမေ မောင့်ရင်ခွင်မှာ ဆက်နေလို့ ဖြစ်ပါဦးတော့မလား ကွယ်။

မောင့်ကို လုံမေ သိပ်ချစ်ပါတယ်။ လုံမေ မောင်နဲ့ မခွဲချင် ပါဘူး အချစ်ရယ်။

ဒါပေမဲ့…

မောင့်ရဲ့ အချစ်ဆုံးအစ်ကိုက လုံမေ့အတွက် အမုန်းဆုံး ရန်သူတစ်ယောက်ဖြစ်နေလို့ မောင်နဲ့မေ့ကို ဝေးကွာစေတော့မယ် ဆင်ပါရဲ့ရှင်ရယ်… ။

အတွေးပေါင်းစုံ နှိပ်စက်ဖိစီးခြင်းကြောင့် လုံမေ့စိတ်တွေ တည်ငြိမ်နိုင်သလို သက်ပြင်းတွေကိုသာ အကြိမ်ကြိမ် ချပြီးရှိုက် နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထက်မှာ လှူးလိမ့်ရင်း မျက်ဝန်းထဲမှာ မောင့်ပုံရိပ်တွေကိုသာ အထပ်ထပ်မြင်ယောင်နေမိပါသည်။ လုံမေ့ကို မောင်သိပ်ချစ်တာ လုံမေ သိပါသည်။

လုံမေကိုယ်တိုင်လည်း မောင့်ကို မခွဲနိုင်အောင် ချစ်မိသူပါ။ သို့ပါသော်လည်း မောင်နှင့် လုံမေကြားမှာ ဦးစိုင်းရွက်ခမ်းဆိုသည့် တံတိုင်းကြီး ခြားနေသလို ခံစားနေရသည်။

"ဟော့... ချစ်"

"မောင်"

အချိန်လေးတွေ မည်မျှကြာသွားသည်မသိပါ။ မောင့်ကိုမြင်မှ လုံမေ စားပွဲပေါ်က နာရီလေးကို လှမ်းကြည့်လိုက်မိသည့်အဖြစ်။

"ချစ် နေမကောင်းဘူးလားဟင်၊ ဘာဖြစ်လို့လဲ၊ ခေါင်းကိုက်လို့လား"

မောင်က လုံမေ့နဖူးလေးကို ဖွဖွရှိုက်နမ်းရင်း ဆိုလိုက်ခြင်းဖြစ်သည်။

"ဘာမှမဖြစ်ပါဘူး မောင်ရယ်၊ ခေါင်းမူးလို့ လှဲနေတာပါ"

"ခေါင်းမူးတယ်၊ ဟုတ်လား၊ နေ့လယ်ကလဲ ထမင်းဆင်းမစားဘူးဆို"

"လုံမေ ရင်ပြည့်နေလို့ပါ မောင်ရဲ့"

"ဟား... ဟုတ်ပြီ၊ မေ့မှာ မောင်တို့ကိုယ်ပွားလေး ရှိနေပြီထင်တယ်၊ ဟုတ်လား ချစ်"

"မဟုတ်ပါဘူး မောင်ရဲ့၊ လုံမေ့မှာ ဘာမှမရှိပါဘူး"





မောင်က သားသမီးရူး၊ ရူးနေသူမို့ လုံမေပြောသည့် စကားကို သူလိုရာ ဆွဲတွေးပြီး ပြောနေသဖြင့် လုံမေ့မှာ မောင်ထင်သလို မဟုတ်ကြောင်း ရှင်းပြရင်း မျက်နှာလေးကိုလည်း ရွှင်ပျစွာ နေပြရပါသည်။

"ချစ်ကလဲကွာ၊ မောင့်ဖြင့် ရင်ထိတ်သွားတာပဲ၊ ကဲ... ပြောစမ်း၊ ဘယ်အချိန်ကျမှ အဲဒီလို ရင်ခုန်စရာ ဝမ်းသာစရာ သတင်းစကားကို ကြားရမှာလဲ"

"အဟင်း... ဟင်း... ဟင်း"

"အဲ့ဒါတော့ မေ့ထက် မောင်က ပိုသိမှာပေါ့ရှင့်၊ မောင်က ဆရာဝန်ကြီးပဲ ဥစ္စာ"

"အဟွန်း... ဟွန်း၊ ဒီကိစ္စကတော့ ဆရာဝန်ကြီးလဲ မတတ်နိုင်တော့ဘူး ချစ်ရေ၊ မောင်တို့နှစ်ယောက်စလုံး ဘာဆေးမှ မသုံးဘဲ သူ့အလိုလို သားသမီးမရတော့ သိပ်ခက်နေပြီ... "

"မောင်တို့လဲ ကိုကိုတို့လင်မယားလို ဖြစ်နေရင်တော့ ဒုက္ခပဲ ချစ်ရေ၊ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန်ကို သွားပြဦးမှ ဖြစ်မယ်ထင်တယ်"

"မောင့်သဘောလေ၊ မောင်သွားရင် မေက လိုက်ရုံပဲ"

"ကဲ... ဒါဖြင့် ရေအရင်ချိုး မာမီကြီးရေ၊ ပြီးမှ ဟော့ဒီကယ်ဒီကြီးနဲ့ အလှဆုံးပြင်ပြီး သွားကြမယ် ဟုတ်လား"

လင်မယားနှစ်ယောက် အတူရေချိုးပြီး အလှဆုံးပြင်ကာ ဘားလေးဖြင့် ထွက်ခဲ့ကြသည်။ လုံမေက မောင့်ကို ချမ်းသာမှန်း



www.burmeseclassic.com

www.burmeseclassic.com



သိပေမဲ့ အခုလို များပြားလှသော အမွေအနှစ်များနှင့် စီးပွားရေး လုပ်ငန်းများ ရှိတာကို လုံးဝမသိခဲ့ပါ။

အခုလို လက်ထပ်ပြီး အတူနေလာကြမှ မောင်တို့၏ ချမ်းသာ ကြွယ်ဝမှုကို ကိုယ်တိုင် သိမြင်ကြားတွေ့ခဲ့ရတာ ဖြစ်ပြီး မောင်တို့ အတွက် အမွေဆက်ခံရမည့် သားသမီးရတနာများ မည်မျှလိုအပ်နေ ကြောင်း သိခဲ့ရပါသည်။

မမချယ်ရီနှင့် တွေ့တိုင်း ဆုံတိုင်းလည်း စကားလက်ဆုံကျရင်း နောက်ဆုံးပြောကြသည့် စကားမှာ လုံမေ့မှာ သားသမီး ရှိမရှိ မေးမြန်းခြင်းဖြင့်သာ အဆုံးသတ်တတ်ပါသည်။

မောင်က ဆရာဝန်အလုပ်ကို ဝါသနာပါ၍ ဝင်လုပ်ခဲ့ခြင်း ဖြစ်ပြီး နေရာတိုင်းမှာ အိတ်စိုက်ကုသပေးသော စေတနာဆရာဝန် တစ်ယောက် ဖြစ်ခဲ့တာကို လုံမေ အခုမှ နားလည်သဘောပေါက် ခဲ့ရပါသည်။

လိုတရ လက်ညှိုးညွှန်ရာ ရေဖြစ်သော မောင်တို့ဘဝက မွေးကတည်းက ရွှေဇွန်းကိုက်လာကြရသူများမို့ ကုသိုလ်ပါရမီ ထူးလှ သူများဟု ဆိုရပါမည်။

သို့ပါသော်လည်း အမျိုးအဆွေ ရှားပါးသော မောင်တို့ညီအစ်ကို အတွက် အရေးပါသော အရာတစ်ခုကို ချန်လှပ်ခဲ့ဟန် တူပါသည်။

ထိုအရာက တခြားမဟုတ်ပါ။ သားသမီးဆိုသည့် ရတနာများ ကို ပိုင်ဆိုင်ခွင့်မရကြသေးခြင်းပဲ ဖြစ်ပါသည်။

မမချယ်ရီတို့ လင်မယားနှစ်ယောက်စလုံး သားသမီးရှား





ရှားနေသည်ဟု မောင်ပြောတုန်းက ရင်ထဲမှာ ခံစားချက်တစ်မျိုး ရှိနေခြင်းကြောင့် ခပ်လျော့လျော့လေး ရယ်မောခဲ့မိပါသော်လည်း အခုလို အချိန်မှာတော့ လုံမေ့ကိုယ်တိုင် မရယ်မောနိုင်အောင် ဖြစ်ခဲ့ ရပါသည်။ အိမ်ထောင်သက် တစ်နှစ်ရှိပြီဆိုတော့ မောင်ပြောသလို မမချယ်ရီတို့လို ဖြစ်မှာလားရယ်လို့ တွေးပြီး စိုးရိမ်ပူပန်လာခဲ့သည်။ အထူးကုသမားတော်များနှင့် တွေ့ပြီး လင်မယားနှစ်ယောက်စလုံး စစ်ဆေးမှုခံယူသည်။

နှစ်ယောက်စလုံး၏ အခြေအနေတွေက အားလုံးပုံမှန်ဆိုမှ သက်ပြင်းကိုယ်စီ ချနိုင်သည်။

"တချို့လဲ ဒီလိုဖြစ်တတ်ပါတယ်၊ အိမ်ထောင်သက်လဲ နုသေး တာပဲ၊ ကြိုးစားဖို့ အခွင့်အလမ်းတွေ အများကြီးရှိပါသေးတယ်"

ဆရာဝန်ကြီး နှစ်သိမ့်အားပေးစကားများကြောင့် လင်မယား နှစ်ယောက်စလုံး အားတက်ခဲ့ရသည်။

"ချစ်"

"ဟင်. . . "

"မနက်ဖြန် မောင် ကလေးကို ခဏသွားမယ်၊ ချစ်ရော လိုက်မယ်မဟုတ်လား"

"မလိုက်တော့ပါဘူး မောင်ရယ်၊ မောင်က နေ့ချင်းပြန်သွားမှာ မဟုတ်လား"

ကလေးဆိုသည်နှင့် လုံမေ ငြင်းလိုက်ခြင်း ဖြစ်ပါသည်။ ကျန်သည့်နေရာဆို လုံမေ မောင့်အပါးက တစ်ဖဝါးမခွာ လိုက်နေကျ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော်လည်း ကလောမှာ သူမ မမြင်မတွေ့လိုသူ ရှိနေသည် မဟုတ်လား။

"ဟုတ်ပါတယ်လေ၊ နေ့ချင်းပြန်ဆိုတော့ ချစ်လဲ ပင်ပန်းပါ တယ်၊ နေချင် နေခဲ့လေ"

မောင်က ကြည်ဖြူစွာ ခွင့်ပြုလိုက်သဖြင့် လုံမေ အသက်ရှူ ချောင်သွားပါသည်။ ဦးစိုင်းရွက်ခမ်းကို သူမ အပြတ်ပြောလိုက်ပြီးပြီမို့ လုံမေ့ကို နောက်ထပ် နှစ်ယောက်ချင်းဆုံတွေ့အောင် မကြိုးစားတော့ လောက်ဟု သူမ ထင်ပါသည်။

သူ့ဘက်က ရှေ့ဆက်တိုးလာခဲ့မည်ဆိုလျှင်လည်း လုံမေ့အနေ နှင့် မောင်အပါအဝင် အားလုံးနှင့်ဝေးရာကို ထွက်ပြေးသွားရုံမှ တစ်ပါး တခြားနည်းလမ်း မရှိတော့တာကို တွေးပြီး သူ့ကို ပို၍ နာကြည်းမုန်းတီးနေမိပါသည်။

လက ကောင်းကောင်းမှာ ရွှန်းရွှန်းမြမြ သာနေသည်။ ငအေးမြရွှန်းလဲ့သော လရောင်က လုံမေတို့ဇနီးမောင်နှံ အတူရှိနေသည့် အိပ်ရာပေါ်သို့ ဖြာကျလျက်ရှိသည်။

လုံမေက မောင့်ရင်ခွင်ထဲကနေ လှမ်းမြင်တွေ့နေရသော လမင်းကြီးကို ငေးကြည့်နေသည်။ ဝင်းဝင်းစက်စက်သာနေသော လမင်းကြီးလို လုံမေဘဝလေးလည်း အမြဲတမ်း ငြိမ်းချမ်းအေးမြ နေမယ်ဆိုလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု တွေးနေမိ သည်။

နာကျည်းကြေကွဲရသော ခါးသီးမုန်းတီးစရာ အဖြစ်အပျက်တွေ





မရှိဘဲ မောင်နှင့် အရင်နီးဆုံး တွေ့ခွင့်ဆုံစည်းခွင့် ရခဲ့မည်ဆိုလျှင် လုံမေလောက် ဤကမ္ဘာပေါ်မှာ ကံကောင်းသော မိန်းကလေးရှိမည် မထင်ပါ။

"ချစ်"

"ဟင်... "

"တစ်ယောက်တည်း ငြိမ်ပြီး ဘာတွေတွေးနေတာလဲဗျာ၊ မောင့်ကို ပြောပါဦး"

မောင်က နူးညံ့သော အသားဆိုင်လေးတွေအနံ့ လျှောက်နမ်း ရင်း ဆိုလိုက်ခြင်း ဖြစ်ပါသည်။

"မောင့်အကြောင်းတွေးနေတာလေ"

"တကယ်၊ ပြောပါဦးဗျာ၊ မောင့်အကြောင်း ဘာတွေတွေးနေ တာလဲ"

"ဘာဖြစ်လို့ မောင်က လုံမေ့ကို ချစ်ရတာလဲလို့ပေါ့"

"အဟွန်း... ဟွန်း... မောင့်မိန်းမကတော့ဗျာ ချစ်စရာ ကောင်းလို့ ချစ်တာပေါ့ ချစ်ရဲ့၊ ကဲ... ပြော၊ မေကရော မောင့်ကို ဘာလို့ချစ်လဲ"

"မောင်က ချောလို့ ချစ်စရာကောင်းလို့ မဟုတ်ဘူးလား"

"ဟွန်း... ဟုတ်ပါလိမ့်မယ် အားကြီး"

"ဟင်... အဲ့ဒါတွေကြောင့် မောင့်ကို ချစ်တာမဟုတ်ရင် ဘာကြောင့် ချစ်တာလဲဆိုတာ ပြောစမ်းပါဦး"

စိတ်ဝင်စားသလို လုံမေ့မျက်နှာလှလှလေးကို စူးစိုက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မေးနေသော မောင့်ကို မျက်လုံးလေး ဝေ့ပြီး တစ်ချက်လှမ်းကြည့်လိုက်တော့ မောင်က အသည်းယားသလို လုံမေ့ကိုယ်လေးကို တအားဖျစ်ညှစ်လိုက်သည်။

"ကြည့်လေ အဲ့ဒါတွေကြောင့် မောင့်ကို ကြောက်တာသိလား"

"ချစ်တာဖြေပါဆို၊ ဘယ်နှယ့် ကြောက်တဲ့အကြောင်းတွေ ပြောနေရတာလဲ"

"ပြောရမှာပေါ့၊ မောင် အဲ့ဒီလို ဖွတ်တရွတ်အနိုင်ကျင့်တာကို ကြောက်လန့်ပြီး ပြန်ချစ်ရတာရှင့် သိရဲ့လား"

"အာ... မောင့်မိန်းမကတော့ဗျာ"

"အဟွန်း... ဟွန်း... ဟွန်း"

လုံမေ့ထံမှ ထင်မှတ်မထားသည့် အဖြေစကားကို နားထောင်ပြီး မောင်က မျက်နှာနီနီဖြင့် ရယ်မောလိုက်သဖြင့် လုံမေလည်း မောင်နှင့်အတူ ရောပြီး ပြုံးရယ်လိုက်မိပါသည်။

"ဒါဖြင့် မောင်က အချစ်အတွက် လူဆိုးပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ မေ့အတွက် မောင်က အချစ်လူဆိုး"

"အဟွန်း... ဟွန်း မောင်က မေ့အတွက် အခုတော့ အချစ်လူဆိုးမလုပ်တော့ဘူးဗျာ"

"ဟင်..."

"ဒါဖြင့် မောင်က ဘာလဲ"

မောင်က ပြုံးစိစိမျက်နှာဖြင့် မေ့မျက်နှာလှလှကို ငုံ့မိုးပွေ့ကာပ်





တိုးဝှေ့လိုက်ရင်း လေသံခပ်တိုးတိုးဖြင့်...

"ဟော့ဒီက ချစ်အတွက် မောင်က အချစ်ဓားပြဖြစ်သွားပြီလေ"

* * *

www.burmeseclassic.com



# အခန်း (၆)

သည်းအူပြတ်မတတ် တသိမ့်တိမ့် ရှိုက်ငင်ငိုကြွေးနေသော လုံမေ့မျက်နှာလှလှလေးကို မကြည့်ရက်သလို အံကြိတ်မျက်နှာလွှဲမိသူက စိုင်းရွက်ခမ်းဖြစ်ပါသည်။

ဖြူဖွေးသော ပတ်တီးအထပ်ထပ်ဖြင့် ဆေးရုံခုတင်ထက်မှာ သတိလစ်မေ့မြောနေသော ညီဖြစ်သူ၏ မျက်နှာလေးကို တစိမ့်စိမ့် စူးစိုက်ကြည့်ရင်း သူ့အသည်းနှလုံးတွေမှာ အခံရခက်စွာ ထိခိုက်နာကျင် ကြေကွဲနေရပါသည်။

သူ့ဆီကိုအလာ လမ်းခရီးမှာ ကားအက်စီးဒင့်ဖြစ်ပြီး ခန္ဓာကိုယ် အောက်ပိုင်း ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည့် ညီငယ်၏ဘဝက အသက်သေဆုံးသွားခြင်း မရှိသော်လည်း ဘဝကတော့ ဆုံးသွားခဲ့ရပါပြီ။

ညီရယ်... ။





ညီဖြစ်မယ့်အစား ကိုကိုသာ ဖြစ်လိုက်ချင်ပါတယ်ကွာ။

ညီနဲ့ လုံမေတို့အတွက် ကိုကို့ဘဝကို လဲလှယ်ပေးဆပ်လိုက်ချင်ပါရဲ့ ညီရယ်။

ကြည်နူးပျော်ရွှင်စရာ အကောင်းဆုံးဖြစ်သော ညီဖြစ်သူ၏ ဘဝကလေးကိုမှ ကံတရားကြီးက ရက်စက်စွာ နင်းချေဖျက်ဆီးသွားခဲ့သည့်အဖြစ်။

တကယ်တော့ ဒီလိုအဖြစ်တွေနဲ့ ထိုက်တန်သူက ညီညီမဖြစ်သင့်ပါ။ စိုင်းရွက်ခမ်းဆိုသည့် သူကိုယ်တိုင် ဖြစ်သင့်သည့် အဖြစ်တွေဖြစ်ပါသည်။

ချစ်သူနှင့် ကွေကွင်းခဲ့ရုံမက ချစ်သူ၏ နာကြည်းမုန်းတီးမှုကိုပါ ခံစားနေရသည့်အပြင် မချစ်မနှစ်သက်သော သူနှင့်အတူ ပေါင်းသင်းနေထိုင်ရင်း ရောဂါသည်ဇနီး စိတ်ချမ်းသာမှုအတွက် ဟန်ဆောင်မှုတွေနှင့် သူ့ရင်ထဲက ခံစားချက်အစစ်အမှန်တွေကို ဖုန်းကွယ်ထားရသူ။

ပျော်ရွှင်ခြင်းဆိုတာ သူ့ဘဝမှာ ချစ်သူနှင့်အတူ ပျောက်ဆုံးသွားခဲ့ရသည့် အရာဖြစ်ခဲ့သည်။ အချိန်တိုင်း တမ်းတလွမ်းဆွတ်နေရသည့် ချစ်ရသူကို ပြန်လည်ရှာဖွေတွေ့ရှိသည့် အချိန်မှာတော့ ညီဖြစ်သူ၏ ကြင်သူသက်ထားအဖြစ်နှင့်မို့။

ဖွင့်အံရခက်ခဲလှသော ဝေဒနာတွေကို ရင်နှင့်မဆံ့အောင် ခံစားရင်း ဟန်ဆောင်မျက်နှာဖုံးတွေ အထပ်ထပ် ဖန်ဆင်းတပ်ဆင်ခဲ့ရသည့်ဘဝ။

ညီကိုယ်စား ကိုကိုဖြစ်သွားခဲ့ရင် သိပ်ကောင်းမှာပဲ ညီရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ညီချစ်တဲ့ မြတ်နိုးတဲ့ ညီရဲ့ချစ်သူလည်း အခုလို ခံစား ကြေကွဲနေရမှာ မဟုတ်ပါဘူး။

သွေးပိုက်တွေ ဆေးပိုက်တွေနှင့် ရှုပ်ထွေးနေသည့် ညီ့အပါးမှာ တစ်ဖဝါးမခွာဘဲ ညီ့လက်ကလေးတစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ပြီး မျက်ရည်ပေါက်ပေါက်ကျနေသည့် လုံမေ့ကို သူ မကြည့်ချင်လည်း မြင်နေတွေ့နေရပါသည်။

မငိုပါနဲ့ လုံမေရယ်. . . ။

ညီလေး ပြန်နေကောင်းလာမှာပါရယ်လို့ သူမပခုံးလေးကို ကိုင်ပြီး ချော့မော့နှစ်သိမ့်လိုက်ချင်ပေမဲ့. . .

အဲ့ဒီအခြေအနေတွေက စိုင်းရွက်ခမ်းဆိုတဲ့ လူတစ်ယောက် အတွက် ဘယ်တော့မှ မရရှိနိုင်မယ့် အခွင့်အရေးဆိုတာ သူ သဘော ပေါက်နားလည်ထားတော့လည်း လုံမေ ခံစားကြေကွဲသမျှ ရင်မချိသော် လည်း ဘာမှမတတ်နိုင်သည့်အဆုံး လက်ပိုက်ကြည့်နေခဲ့သည့်အဖြစ်။

"ကိုစိုင်းရွက်ခမ်း"

"ဗျာ. . . ဒေါက်တာ"

"သူ့ကို အနားယူနိုင်အောင် တစ်ခုခုစီစဉ်ပေးလိုက်ပါဗျာ၊ လူနာအခြေအနေက စိတ်ချရပါပြီ"

"ဟုတ်ကဲ့ ဒေါက်တာ"

ဆရာဝန်ကြီး၏ စီစဉ်ညွှန်ကြားချက်ကို ခပ်မြန်မြန် ခေါင်းညိတ် လိုက်ရပေမဲ့ သူပြောသည့် စကားကို လုံမေ တစ်ခုမှ နားထောင်မှာ မဟုတ်တာကို သိနေသည့်အတွက် ရင်ထဲမှာ စူးအောင့်နာကျင်ရပြန်





သည်။

လိုအပ်သည့် စစ်ဆေးမှုများပြုပြီး ဆရာဝန်ကြီး ပြန်ထွက်သွား သည်။ ညီဖြစ်သူနားမှာ မလှုပ်မယှက် ထိုင်လျက်၊ တစ်ချိန်လုံး ညီ့မျက်နှာကို မျက်တောင်မခတ်စတမ်း ကြည့်နေသည့် လုံမေ့ အသွင်လေးက မြင်တွေ့နေရသော သူ့အတွက် စိတ်သက်သာစရာ တစ်ခုမှမရှိပါ။

တစ်ရက်လည်းမဟုတ်။

နှစ်ရက်လည်းမကတော့။ ဒီနေ့တော့ သုံးရက်တင်းတင်း ပြည့်ခဲ့ပါပြီ။ သူ သက်ပြင်းရှိုက်ရင်း လုံမေ့နားကို လျှောက်ခဲ့သည်။

"လုံမေ"

သူ လုံမေ့အမည်လေးကို ခေါ်လိုက်ပါသည်။

"အနားယူလိုက်ပါတော့ လုံမေရယ်၊ ညီ့အနားမှာ ကိုယ် တစ်ချိန်လုံး ရှိနေမှာပါ"

သူ့စကားကို မေ့ပုံစံလေးက ကြားသလိုလို မကြားသလိုလို မတုန်မလှုပ် ရှိနေသည်။

"ဆရာဝန်ကြီးကိုယ်တိုင် ပြောသွားတာ လုံမေ ကြားတယ် မဟုတ်လား၊ ညီ့အခြေအနေက စိတ်ချရပါပြီ"

"လုံမေ ကိုယ်ပြောတာ ကြားပါတယ်နော်၊ ကိုယ့်စကားကို နားထောင်ပါကွယ်. . . "

"လုံမေ သိပ်ပင်ပန်းနေပြီ၊ အခုချိန်ထိ ဘာတစ်ခုမှ မစား မသောက်ဘဲ နေနေတာ ကိုယ် ဘယ်လိုမှ ဒီအတိုင်း လက်ပိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တော့ဘူး၊ သိရဲ့လား”

“မကြည့်နိုင်ရင် မကြည့်နဲ့ပေါ့ရှင်၊ လုံမေ မောင့်အနားက ဘယ်ကိုမှ မသွားနိုင်ဘူး၊ မောင့်အနားမှာပဲ နေမယ်”

ဖြူဖျော့ဖျော့ မေ့အသွင်လေးကိုကြည့်ပြီး သူမကို ဒီအတိုင်း ဆက်ထား၍ မရမှန်း သူ သိလိုက်ပါသည်။

“လုံမေ့ကို ကိုယ် တစ်ခွန်းပဲ ပြောမယ်၊ လုံမေ့ဘာသာ ကိုယ့်ဘာသာ သွားအနားယူမလား၊ မယူဘူးလား ဒါပဲ ကိုယ့်ကိုပြော”

“ဟင် . . . ”

စိုင်းရွက်ခမ်းစကားကြောင့် ရီဝေကြေကွဲနေသော လုံမေ့မျက်ဝန်းထဲမှာ တခဏချင်း မီးအလင်းရောင်တွေ ပွင့်ထွက်သွားသလို ထင်လိုက်ရသည်။

စိုင်းရွက်ခမ်း၏ တိုးတိတ်တင်းမာသော အမိန့်ပေးစကားသံက လုံမေ့ခန္ဓာကိုယ်တစ်ခုလုံးရှိ ဒေါသနှင့် အမုန်းများကို ပွက်ပွက်ဆူ ထသွားစေခဲ့သည် မဟုတ်ပါလား။

“ရှင် . . . ရှင်က လုံမေ့ကို အမိန့်ပေးနေတာပေါ့ ဟုတ်လား”

“လုံမေ ကြိုက်သလို ထင်နိုင်တယ်၊ ကိုယ်ကတော့ ပြောသင့်ပြောထိုက်တာကို ပြောရမှာပဲ”

“ဟင် . . . ရှင် . . . ရှင်”

လုံမေ့အနားမှာ မားမားကြီးရပ်နေသူကို စူးစိုက်ကြည့်ရင်း လုံမေ့ရင်ထဲက ဒေါသအိုးလေး ပေါက်ကွဲပွင့်ထွက်သွားရပါပြီ။

“ရှင့်ကို သိပ်မုန်းတယ် သိလား”





“မုန်းတယ်”

“ရှင် ကျွန်မရှေ့က အခုထွက်သွား၊ ရှင့်မျက်နှာကိုလဲ မမြင်ချင်မတွေ့ချင်ဘူး”

“ရှင် ထွက်သွားပါ”

“ထွက် . . . သွား”

“ဟင် . . . မေ . . . လုံမေ”

အဆုံးစွန်းသော ဒေါသနှင့်အတူ နေရာကနေ ဖြုန်းခနဲ ထရပ်ပြီး စိုင်းရွက်ခမ်းကိုယ်ကြီးကို ခွတ်အတင်း တွန်းထိုးထုတ်ဖို့ ကြိုးစားရင်း လုံမေ့ကိုယ်လေး သူ့ရင်ခွင်ထဲမှာ ပျော့ခွေသတိလစ်သွားသဖြင့် သူမကိုယ်လေးကို စိုင်းရွက်ခမ်း ရင်ခွင်မှာ တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ရပါသည်။

“မေ”

“လုံမေရယ် . . . ”

မျက်ရည်တို့ စိုစွတ်ပေလူးနေသည့် မျက်နှာလှလှလေးကို စူးစိုက်ငုံ့မိုးကြည့်ရင်း စိုင်းရွက်ခမ်းရင်မှာ ခံစားချက်မျိုးစုံဖြင့် လှိုင်းထန်လှုပ်ရှားသွားရပါသည်။

လုံမေ့ကိုယ်လေးကို သူ့ရင်ခွင်မှာ တင်းကျပ်စွာ ပိုက်ထွေးယုယချင်သည့် စိတ်ဆန္ဒကို မျိုသိပ်ချုပ်တည်းပြီး လုံမေ့ကိုယ်လေးကို ညင်သာစွာ ပွေ့ယူချီမလိုက်ပါသည်။

စိတ်ထိခိုက်ကြေကွဲရခြင်း၊ ဒေါပြစ်ရခြင်းနှင့် အစာမစားဘဲ နေသော ဒဏ်တို့ ပူးပေါင်းကာ သူမ ရှော့ရသွားတာကိုပင်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ရမလို ဖြစ်နေပါသည်။

လုံမေ့ကို ကားပေါ်ပွေ့တင်ပြီး အိမ်ကို မောင်းခဲ့လိုက်ပါသည်။ အိမ်ရှေ့ကို ကားထိုးရပ်လိုက်သည်နှင့် အိမ်ထဲက ထွက်လာသည့် ချယ်ရီတို့ ဆုံမိကြသည်။

"ဟော့... မောင် ချယ်ရီလဲ အခုပဲ"

"ဟင်... "

ချယ်ရီ့စကားလေးက တစ်ဝက်တစ်ပျက်မှာ ရပ်တန့်သွားပြီး ခင်ပွန်းဖြစ်သူ စိုင်းရွက်ခမ်းလက်ပေါ်မှာ သတိလစ်မေ့မြောနေသော လုံမေ့ကို အံ့သြထိတ်လန့်သော မျက်ဝန်းလေးများဖြင့် စူးစမ်းသလို လေး ကြည့်ရင်း...

"လုံမေ ဘာဖြစ်လို့လဲမောင်၊ ညီရော... ညီရော အခြေအနေ ကောင်းတယ်မဟုတ်လားဟင်"

"ညီ့အခြေအနေက စိတ်ချရပါပြီ ချယ်ရီ၊ လုံမေ့ကိုသာ ချယ်ရီ ဂရုစိုက်ပေးပါ၊ သူ သိပ်ပြီးစိတ်ထိခိုက်နေတယ်"

"ဟုတ်ကဲ့ပါ မောင်ရယ်၊ လုံမေ့ကို ချယ်ရီ ကိုယ်ချင်းစာပါတယ်"

လုံမေ့ကိုယ်လေးကို သူမတို့ အိပ်ခန်းထဲက ဖဲမွေ့ရာကြီးပေါ် ညင်သာစွာချပေးရင်း သူ တိုးတိတ်စွာ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

"ခဏလေးနော် မောင်၊ ချယ်ရီ ဒေါက်တာသီသီခိုင်ဆီကို ဖုန်းဆက်လိုက်ဦးမယ်"

သူ ခေါင်းညိတ်ပြလိုက်ပါသည်။





အခုချိန်မှာ သူကိုယ်တိုင်လည်း ညီဖြစ်သူအတွက် ယူကျုံးမရ ကြေကွဲစိတ်ထိခိုက်နေရချိန်မို့ စကားများများ ပြောလိုစိတ်မရှိပါ။

လုံမေ့အနားမှာ သူမမျက်နှာလှလှလေးကို စိတ်လွတ်ကိုယ်လွတ် စူးစိုက်ကြည့်ငေးရင်း ငူငူကြီး ထိုင်နေမိပါသည်။

ညီနဲ့ လုံမေရယ်... ။

မင်းတို့နှစ်ယောက်စလုံးအတွက် ကိုကို ရင်နာရပါတယ်၊ ညီလေးနဲ့ ညီမလေးရယ်။

ဒေါက်တာသီသီခိုင်က လုံမေ့အတွက် လိုအပ်တာများ စစ်ဆေးပြီး ဆေးတစ်လုံး ထိုးပေးသွားပါသည်။ ဒေါက်တာ ပြန်သွားပြီးသည့် အချိန်အထိ တွေဝေငေးမောနေသော စိုင်းရွက်ခမ်းနားကို ချယ်ရီ ရောက်လာပါသည်။

"မောင်"

သူ မထူးပါ။ ချယ်ရီ့မျက်နှာလေးကို မျက်လွှာလှန်ကြည့် လိုက်ပါသည်။

"သတင်းကြားကြားချင်း ချယ်ရီ ချက်ချင်း ပြန်လာခဲ့တာပဲ ကွယ်၊ ညီ့ရဲ့အခြေအနေ သိပ်ဆိုးသလားဟင်"

ချယ်ရီက အစ်မဖြစ်သူ အမေရိကားသွားမှာကို လိုက်ပို့ရင်း ရန်ကုန်ကို လိုက်ပါသွားသူဖြစ်ရာ ညီညီ့သတင်းကို ကြားသည်နှင့် ဟိုမှာ ဆွေမျိုးများဖြင့် ကြာရှည်မနေနိုင်ဘဲ ချက်ချင်းပြန်လာခဲ့သူ ဖြစ်ပါသည်။

"ချယ်ရီ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"မောင်တို့ ညီအစ်ကိုက ကံဆိုးတဲ့သူတွေပါ ချယ်ရီရယ်၊ ညီက အသက်အန္တရာယ်မရှိတော့ပေမဲ့ သူ့ရဲ့ဘဝကတော့ ဆုံးခဲ့ရပါပြီ"

"ဟင်… "

"ညီက ဒီတစ်သက် သားသမီးမရနိုင်တော့ဘူးတဲ့လေ"

"အို… မောင်ရယ်"

ညီညီ့အတွက် မောင်နှင့်အတူ ကြေကွဲထိခိုက်သွားရသူက ချယ်ရီဖြစ်ပါသည်။ တကယ်တော့ ချယ်ရီတို့ ဇနီးမောင်နှံမှာ သားသမီး မထွန်းကားရခြင်းအကြောင်းက မောင့်ရဲ့အပြစ်၊ မောင့်ရဲ့ အားနည်းချက် မဟုတ်တာကို ချယ်ရီသာ အသိဆုံးဖြစ်ပါသည်။

ချယ်ရီရဲ့ အားနည်းချက်ကို မောင်မသိအောင် တိတ်တဆိတ် ဖုန်းကွယ်ထားခဲ့သူက ချယ်ရီသာ ဖြစ်ပါသည်။ မောင်နှင့်အတူ သွားရောက်ပြသခဲ့သော အထူးကုဆရာဝန်ကြီးများကို ချယ်ရီကိုယ်တိုင် သားသမီးမရနိုင်သည့်ကိစ္စကို စိုင်းရွက်ခမ်းအား လုံးဝအသိပေး ပြောကြားခြင်းမပြုရန် မျက်ရည်ခံထိုးပြီး အသနားခံ တောင်းပန်ခဲ့သလို များပြားလှသော လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပြီး အဖြစ်မှန်ကို ဖုန်းကွယ်စေခဲ့သူ ဖြစ်ပါသည်။

ဘာဖြစ်လို့ ချယ်ရီ အခုလို ကြံစည်စိတ်ကူးရပါသလဲဟု မေးခဲ့မည်ဆိုလျှင် မောင့်ကို အသက်မက ချစ်မြတ်နိုးရသောကြောင့်ဟု ချယ်ရီ ဖြေမည်ဖြစ်ပါသည်။





မောင့်အမြင်မှာ ချယ်ရီ့ကို သားသမီးမွေးဖွားမပေးနိုင်သော အမြုံမိန်းမတစ်ယောက်အဖြစ် စိတ်ပျက်မုန်းတီးစွာ ထားရစ်စွန့်ပစ်သွားမှာကို သူမ အသက်သေရမည့်အဖြစ်ထက် ကြောက်ရွံ့ထိတ်လန့်ပါသည်။

ထို့ကြောင့် ချစ်ရသူက ပြစ်ပယ်စွန့်ခွာမသွားရလေအောင် ချယ်ရီက မိန်းမသားဉာဏ်ဖြင့် မောင့်အပေါ်မှာ လိမ်ညာလှည့်ဖြားခဲ့သူ ဖြစ်ပါသည်။

မောင်လိုချင်သော သားသမီးရတနာကို မွေးဖွားမပေးနိုင်ခဲ့သော်လည်း မောင့်ရဲ့ညီဖြစ်သူ အပေါ်မှာတော့ မောင့်နည်းတူ အမွေဆက်ခံမည့် တူ၊ တူမလေးများ ရရှိလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခဲ့သူ ဖြစ်ပါသည်။

အခုတော့ ဘုရားသခင်က ချယ်ရီ၏ လိမ်ညာလှည့်စားမှုကို သိ၍ ဒဏ်ခတ်အပြစ်ပေးလိုက်ပြီထင်။

ညီညီကိုယ်တိုင် သားသမီးမရနိုင်သော လူတစ်ယောက် ဖြစ်ခဲ့ရလေပြီ။

"မောင်ရယ်၊ ချယ်ရီ့ကို ခွင့်လွှတ်ပါကွယ်၊ ချယ်ရီ့ကို ခွင့်လွှတ်ပါ"

အရူးမလေးတစ်ယောက်လို မောင့်ရင်ခွင်ထဲ တိုးဝင်ကာ ချယ်ရီက တတွတ်တွတ် တောင်းပန်စကား ဆိုနေမိပါသည်။

"မောင်က ဘာကိုခွင့်လွှတ်ရမှာလဲ ချယ်ရီရယ်၊ ချယ်ရီမှာ ဘာအပြစ်မှမရှိဘဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းရွက်ခမ်းက ချယ်ရီ့အပြုအမူကို နားမလည်စွာ ဆိုလိုက်ပါသည်။

"မဟုတ်ဘူးမောင်၊ မဟုတ်ဘူး၊ မောင့်အတွက် မောင်မျှော်လင့်တောင်းတနေတဲ့ သားသမီးရတနာလေးတွေကို မွေးဖွားမပေးနိုင်ခဲ့တာကိုက ချယ်ရီ့ရဲ့ အကြီးမားဆုံး အပြစ်ပါ မောင်ရယ်"

"ညီ့အပေါ်မှာ မောင် ဘယ်လောက် မျှော်လင့်အားကိုးထားတယ်ဆိုတာ ချယ်ရီ သိပါတယ် မောင်၊ အခုတော့... "

"တော်ပါတော့ ချယ်ရီရယ်၊ မောင့်ကိုချစ်ရင် ဒီစကားတွေ မပြောပါနဲ့တော့၊ လုံမေ့ကို ဂရုစိုက်လိုက်ပါ"

"မောင် ဆေးရုံကို သွားတော့မယ်"

စိုင်းရွက်ခမ်း အခန်းထဲက ယွက်သွားပြီး မကြာမီ ကားစက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော လုံမေ့မျက်နှာလှလှလေးကို ငေးစိုက်ကြည့်ရင်း ချယ်ရီ့မျက်နှာပေါ်သို့ ပူနွေးသော မျက်ရည်စုကြီးတွေ တစ်ပေါက်ချင်း စီးဆင်းကြွေကျလာသည်။

မောင်ရယ်... ။

မောင်တို့ညီအစ်ကိုနှစ်ယောက်စလုံး ကံဆိုးကြတယ်တဲ့လား။

တကယ်တော့ မောင်တို့တင် ကံဆိုးကြတာ မဟုတ်ပါဘူးရှင်။

မောင်တို့ညီအစ်ကိုနဲ့ ပတ်သက်ခဲ့မိတဲ့ ချယ်ရီတို့ မိန်းမသားနှစ်ယောက်ရဲ့ဘဝကလည်း ကံဆိုးမှုတွေကိုယ်စီနဲ့ပါ။

ချယ်ရီက အခုချိန်ထိ မောင့်ရင်ထဲကအချစ်ကို မရခဲ့တဲ့





မိန်းမတစ်ယောက်ဖြစ်သလို ညီညီရဲ့ ချစ်ခင်မြတ်နိုးမှုကို ရရှိခဲ့တဲ့ လုံမေကျပြန်တော့လည်း အိမ်ထောင်ရေးသုခကို ထာဝရစွန့်လွှတ်ဆုံးရှုံးလိုက်ရပြီပဲကွယ်။

ချယ်ရီ့ရင်ထဲက တိတ်တခိုးလေး ဆိုညည်းရင်း နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲ လုံမေ့လက်ကလေးတစ်ဖက်ကို သနားကြင်နာစွာ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်မိပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

မောင်ရယ်. . . ။

ခုတင်ထက်မှ တစိမ့်စိမ့်စူးစိုက်ကြည့်ရင်း မောင့်မျက်နှာချော ချောကို တစိမ့်စိမ့် စူးစိုက်ကြည့်ရင်း လုံမေတစ်ယောက် သူမမျက်နှာ လှလှလေးကို လက်နှစ်ဖက်ဖြင့်အုပ်ကာ အခန်းထဲမှ ကမူးရှူးထိုးလေး ပြေးထွက်ခဲ့လိုက်ပါတော့သည်။

မောင့်ရှေ့မှာ သူမ ငိုရှိုက်၍မဖြစ်ပါ။ သူ့ဘဝသူ သိရှိသွား ခဲ့ပြီးနောက် သည်းထန်စွာ ရှိုက်ငိုခဲ့သော မောင့်မျက်ရည်တွေက လုံမေ့အသည်းနှလုံးကို အရှင်လတ်လတ် မီးတင်ရှို့သည့်ထက် အခံရ ခက်ခဲ့ရသည့်အဖြစ်ကို သူမ မမေ့ပါ။

ဆေးရုံက ဆင်းပြီးနောက် မောင့်ပုံစံက ယူပစ်သလို ပြောင်း လွဲကာ အမြဲ တွေဝေငေးငိုင်နေတတ်ပြီး ဘာကိုမှ စိတ်အလိုမကျဘဲ ဒေါသအမျက်ကြီးသူ တစ်ယောက်အဖြစ် ပြောင်းလွဲသွားခဲ့သလို





အမိပျောက်သော သားငယ်တစ်ယောက်လို ကူကယ်ရာမဲ့ တွယ်ရာမဲ့ သော ကလေးတစ်ယောက်လို လုံမေ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ကြေကြေကွဲကွဲ ငိုရှိုက်သည့်အခါများနှင့်လည်း ကြုံတွေ့ခဲ့ရပါသည်။

ထိုအခါတိုင်း မောင့်ကို လုံမေ အားပေးနှစ်သိမ့်မှု အမျိုးမျိုး ဖြင့် ဖြေဖျောက်နိုင်စရာ အကြောင်းအရာများကို မောင့်အပါးမှာ မနားတမ်း တတွတ်တွတ် အားပေးခဲ့ပေမဲ့ သူမကိုယ်တိုင်ကလည်း မျက်ရည်စတွေနှင့်ပါ။

ကလေးငယ်တစ်ယောက်လို မောင့်ကို လုံမေ့ရင်မှာ ထွေးသိပ် ပြီး အိပ်ပျော်စေပြီးသောအခါ သူမရင်ထဲ အသည်းထဲက မောင့်အတွက် ရင်ကွဲမတတ် ခံစားရသော ခံစားချက်များကို ခြံထဲ အပြေးဆင်းပြီး ဘယ်သူမှ မမြင်မတွေ့နိုင်သည့် နေရာမှ အားပါးတရ ငိုရှိုက်ဖွင့်ထုတ် ရပါသည်။

အခုလည်း မောင်အိပ်သွားသည်နှင့် အရူးမလေးတစ်ယောက် လို မျက်ရည်လည်ရွဲဖြင့် ခြံထဲသို့ အပြေးလေးဆင်းအလာ အိမ်ထဲသို့ လှမ်းဝင်လာသူတစ်ဦးနှင့် ကမူးရှူးထိုးလေး ဝင်တိုက်မိရပါတော့သည်။

"ဟိတ်"

"အမေ့. . . အင့်"

"ဟင်. . . လုံမေ"

ရင်ခွင်ထဲသို့ ထွေးခနဲ အရှိန်ဖြင့် ပြေးဝင်လာသူလေးကြောင့် နှစ်ယောက်စလုံး အရှိန်မထိန်းနိုင်ဘဲ နှလုံးထွေး လဲပြိုသွားသည့် အခြေအနေမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



စိုင်းရွက်ခမ်းက သူ့ရင်ခွင်ထဲကို အပြေးလေးဝင်ရောက်လာသူလေးကို အကျမနာစေရန် တင်းကျပ်စွာ ပွေ့ဖက်၍ ကာကွယ်ရင်း သူ့ရင်ခွင်ထဲက သူလေးကို ငုံ့အကြည့် မျက်ရည်စက်များ စို့ရွှဲပေလျှ နေသည့် လုံမေ့မျက်ဝန်းကြီးများဖြင့် ဆုံစည်းမိခြင်း ဖြစ်ပါသည်။

"ဘာဖြစ်လို့လဲ လုံမေ ဘာဖြစ်လို့လဲဟင်"

"ဖယ်ပါ"

သူမေးတာကို လုံမေက မဖြေဘဲ သူမကို တင်းကျပ်စွာ ပွေ့ဖက်ထားသည့် သူ့လက်များကို ခပ်ဆတ်ဆတ်ကလေး တွန်းထိုးဖယ်ရှားပြီး ခြံနောက်ဘက်သို့ လှစ်လှစ်ပါအောင် ပြေးထွက်သွားရာ...

စိုင်းရွက်ခမ်းမှာလည်း သူမပြေးထွက်သွားရနောက်ကို စိုးရိမ်ပူပင်စိတ်တွေနှင့် အပြေးအလွှား လိုက်ပါသွားမိပါသည်။

"အဟင့်... ဟင့်... ဟင့်"

"ဟင်..."

ပန်းချုံအကွယ်လေးမှာ ပုံပုံလေးထိုင်လျက် တသိမ့်သိမ့် ရှိုက်ငိုနေသည်။ လုံမေ့အသံလေးက ကြေကွဲဆွေးမြည့်လျက် မြင်တွေ့ကြားသိနေရသော စိုင်းရွက်ခမ်း၏ အသည်းနှလုံးကို ကြီးစွာသော စိတ်ဆင်းရဲခြင်းကို ဖြစ်ပေါ်ခံစားစေပါသည်။

လုံမေရယ်... ။

စိုင်းရွက်ခမ်း - သူမအနားကို လျှောက်သွားခြင်း မပြုဘဲနေရာမှာ ရပ်ကာ လုံမေ့အသွင်သဏ္ဌာန် လှလှလေးကို ရီဝေဆွတ်ပျံ့ကြေကွဲသော မျက်ဝန်းအစုံဖြင့် တွေတွေငေးငေးကြီး စူးစိုက်ကြည့်နေ





ပါသည်။

သူမရင်ထဲက ခံစားချက်များကို ခင်ပွန်းသည်ရှေ့မှာ တစ်စက်မှ ဖွင့်အံဖော်ထုတ်ခြင်း မပြုသည်မှာ သူ့ဘဝသူ အားငယ်ကြေကွဲနေသော ညီညီ့ခံစားချက်ကို သူမကြောင့် ပို၍ထိခိုက်ခံစားသွားရမှာ မလိုလား၍ဆိုတာ သူ့နားလည်စာနာပါသည်။

ညီညီ့ကို တစ်ချိန်လုံး အားပေးစကားတွေ မနားတမ်းဆိုနေခဲ့သူလေးကိုယ်တိုင် ရင်ထဲမှာ သောကမီးတွေ တောက်လောင်နေတာကို သူ မြင်တွေ့နေရပေမဲ့ သူမအတွက် မည်သည့်ဖြေသိမ့်မှုကိုမှ မပေးနိုင်သည့် အခြေအနေ။

လူနာခင်ပွန်းသည် ဖြစ်သူရှေ့မှာ မျက်နှာတစ်ချက် မပျက်အောင် ကြိုးစားဟန်ဆောင်နေကြသူလေးက ညီညီ့ကွယ်ရာမှ အခုလို အားပါးတရ ငိုရှိုက်ပေါက်ကွဲတတ်တာမျိုး သူ မကြာခဏ ကြုံခဲ့ပြီးပါပြီ။

သူမကို အနှောင့်အယှက်မပေးလို၍ စိတ်ဆင်းရဲခြင်းကြီးစွာ စိတ်ထိခိုက်စွာ သူမ မမြင်မတွေ့နိုင်သည့် နေရာက တိတ်တဆိတ်စောင့်ကြည့်နေသူ ဖြစ်ပါသည်။

အခုတော့ တိုက်ဆိုင်စွာ သူ့မျက်စိရှေ့မှာ လာကြုံနေရသည့်အဖြစ်မို့ လုံမေတစ်ယောက်တည်း ကြေကွဲထိခိုက်ခံစားနေရသည့်အဖြစ်ကို ဘယ်လိုမှ ကြည့်မနေနိုင်ရက်သည့်အတူ သူမ မကြည်ဖြူမလိုလားမှန်းသိလျက်နှင့် လုံမေ့အနားကို ရောက်လို့သွားရပြန်ပါသည်။

"လုံမေ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းရွက်ခမ်း၏ အသံကို ကြားသော်လည်း လုံမေ လှည့်မကြည့်ပါ။ ကိုယ်လေး တသိမ့်သိမ့်တုန်အောင် ငိုရှိုက်နေဆဲ။

"လုံမေရယ်၊ ကိုယ်လဲ ညီညီ့အတွက် လုံမေနဲ့ ထပ်တူခံစားကြေကွဲရပါတယ်ကွယ်... "

"လုံမေ အခုလို ညီညီ့ကွယ်ရာမှာ ကျိတ်ပြီး ခံစားနေရတာကိုမြင်ရတော့ ပိုပြီး ထိခိုက်နာကျင်မိပါတယ်... "

"လုံမေ သိပ်ပင်ပန်းနေပါပြီ"

"ပန်ပန်းပြီး သေသွားလဲ အေးတာပဲ၊ ကျွန်မ သေရင် ထိပ်ဆုံးက ဝမ်းသာမယ့်သူက ရှင်ကိုယ်တိုင်မဟုတ်လား"

ရှိုက်သံဖြင့် ရောထွေးထွက်လာသည့် လုံမေ့စကားသံလေးက စိုင်းရွက်ခမ်း အသည်းနှလုံးကို ဓားနှင့် အမွန်းခံရသလို အခံရခက် နာကျင်သွားစေပါသည်။

"ဘယ်လိုပြောလိုက်တာလဲ လုံမေရယ်၊ ကိုယ့်ရင်ထဲက ခံစားချက်တွေက လုံမေထင်သလို မဟုတ်ရပါဘူးဗျာ... "

"ညီညီ့ရဲ့ ကြင်သူသက်ထားဟာ လုံမေဆိုတာ သိလိုက်ရကတည်းက ကိုယ် သိပ်ဝမ်းသာခဲ့ရတာပါ"

ထိုစကားကို သူ အမှန်အတိုင်း ဆိုလိုက်ခြင်း ဖြစ်ပါသည်။ သူမနှင့် ဘယ်တော့မှ ပြန်ဆုံခွင့် မရတော့ဘူးဟု ထင်မှတ်ယုံကြည်လာခဲ့ရာမှ ကံဇာတ်ဆရာ၏အလိုကျ သူ့ရှေ့ကို သူမ ရောက်ရှိလာသည့်အခါ အမျိုးမျိုးအဖုံဖုံသော စိတ်ခံစားချက်များနှင့်အတူ အချိန်တိုင်း တမ်းတနေခဲ့ရသော မျက်နှာလှလှလေး ပြုံးပျော်နေတာကို ကြည့်ပြီး





အိတ်တခိုး ကျေနပ်ဝမ်းသာခဲ့ရသူက သူကိုယ်တိုင်ပါ။

သူ့ကြောင့် လုံမေ့နှလုံးသားမှာ နက်ရှိုင်းကြီးမားစွာ ရရှိခဲ့သော အချစ်ဒဏ်ရာကို ညီညီ၏ ချစ်မေတ္တာစွမ်းအားဖြင့် ပြေလျော့ပျောက်ကင်း သက်သာရာ ရစေခဲ့ခြင်းအပေါ်မှာ သူ ကျေနပ်ပီတိ ဖြစ်ခဲ့ရပါသည်။

တကယ်တော့ သူကိုယ်တိုင် သူမမျက်နှာလှလှလေး အမြဲတမ်းပြုံးပျော်နေအောင် ထာဝရဖန်တီးပေးစွမ်းလိုသူ ဖြစ်ခဲ့ပါသော်လည်း...

သူမရင်ကို နာကျည်းခြင်းနှင့် အမုန်းတွေကို ပေးစွမ်းခဲ့သူဖြစ်ခဲ့ရသည့်အဖြစ်။

"အဟင်း... ဟင်း... စကားကို ယုံနိုင်အောင်လဲ ပြောပါရှင်၊ ကျွန်မအပေါ်မှာ ရက်စက်ယုတ်မာခဲ့သမျှ ရှင့်ညီသိသွားမှာ စိုးရိမ်နေခဲ့တာကို ကျွန်မ မသိဘူးထင်လို့လား"

"လုံမေရယ်"

"ဒီမှာ ကျွန်မရှေ့မှာ ရှင့်ကိုယ်ရှင် သူတော်ကောင်းဟန်ဆောင်မနေပါနဲ့၊ ရှင် ဘယ်လိုစိတ်ဓာတ်ရှိတယ်ဆိုတာ ကျွန်မလောက် ဘယ်သူမှ မသိနိုင်ပါဘူး"

"ပြောပါ လုံမေရယ်၊ ကိုယ့်ကို ဒီထက်မကတဲ့ စကားတွေနဲ့ပြောသင့်တဲ့လူပါ"

"ကိုယ့်ကိုယ်ကိုသိရင်လဲ ပြီးတာပဲ၊ အခုချိန်ကစပြီး ကျွန်မနဲ့အဝေးဆုံးမှာ ရှင် နေပါ၊ ကျွန်မနဲ့ပတ်သက်ဖို့လဲ ဘာတစ်ခုမှ ကြိုးစားပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မအနားမှာ ရှိနေတာကိုက ကျွန်မအတွက် နေလို့ မီးလို့ ပူတယ်ရှင့် သိရဲ့လား"

ချာတိတ်ရယ်. . . ။

စိုင်းရွက်ခမ်းမှာ ဆိုစရာ စကားမရှိတော့သလို သူမစကားအဆုံးမှာ ခေါင်းငိုက်စိုက် ကျသွားရပါသည်။

"မမမေ အပေါ်မှာ အစ်ကိုလေး နိုးနေပြီ"

"ဟင်. . . "

"အခုပဲ လာခဲ့မယ်လို့ ပြောထားလိုက်နော်"

"ဟုတ်ကဲ့"

အိမ်ဖော်ကောင်မလေးအသံကြောင့် လုံမေ သူမပေါ်းပြင်ပေါ်က မျက်ရည်တွေကို ကမန်းကတန်းလေး ပွတ်သုတ်ဖယ်ရှားလိုက်ပြီး နေရာမှ သွက်လက်စွာ ပြေးထွက်သွားသည့် သူလေးကို သူ ငေးငေးကြီး စူးစိုက်ကြည့်နေမိပြီးမှ သက်ပြင်းရှိုက်လျက် နေရာမှ ထရပ်လိုက်သည်။

ထို့နောက် လေးကန်သော ခြေလှမ်းများကို သယ်ဆောင်ကာ ညီဖြစ်သူနှင့် တွေ့ဆုံရန် အိမ်ထဲသို့ လှမ်းဝင်လိုက်ပါသည်။

"ဟော့. . . ဟိုမှာ မောင့်ကိုကို လာပါပြီရှင့်"

အခန်းဝရောက်သည်နှင့် လုံမေ အသံချိုချိုလေးကို ကြားလိုက်ရခြင်း ဖြစ်ပါသည်။ စောစောတုန်းက ကြေကွဲစွာ ရှိုက်ငိုသူဟု သူ မထင်ရအောင် သူမမျက်နှာလေးကို မိတ်ကပ်ခပ်ပါးပါးလူး၍ ဖုံးကွယ်ထားသလို ခင်ပွန်းဖြစ်သူကို ကလေးတစ်ယောက်လို ပြုစုပေးနေသည်





လုံမေကို တစ်ချက်လှမ်းကြည့်ပြီး ညီ့အနားမှာ ဝင်ထိုင်လိုက်သည်။

"ကိုကိုတစ်ယောက်တည်းလား၊ မမချယ်ရီရော မပါဘူးလား"

"မပါဘူး ညီညီ၊ သိပ်နေမကောင်းလို့ နေရစ်တယ်၊ ညီညီရော အခြေအနေ ဘယ့်နှယ့်လဲ၊ သက်သာတယ်မဟုတ်လားဟင်"

"အရင်ကထက်စာရင်တော့ အများကြီး သက်သာသွားပါပြီ ကိုကို၊ ဒါပေမဲ့. . . "

"မောင်ရေ ဒီနေ့ညစာကို ကိုကိုနဲ့အတူ လက်ဆုံစားမယ် မဟုတ်လားဟင်၊ မေ အခုပဲပြင်လိုက်မယ်နော် မောင်"

ဝမ်းနည်းအားငယ်စိတ်ဖြင့် တုန်လင်တိုးအက်လျက်ရှိသော စိုင်းခမ်းညီ၏အသံကို လုံမေ့အသံချိုချိုလေးက ဖုံးလွှမ်းသွားပါသည်။

"ဟုတ်တယ်နော် ကိုကို၊ ညီတို့ ထမင်းအတူမစားရတာ ကြာပြီ၊ အခု ကြုံတုန်း တစ်ခါတည်း စားလိုက်ကြရအောင်"

"လုပ်လိုက်လေ၊ ကိုကိုက ဒီရောက်မှ ထမင်းစားမယ်ဆိုပြီး အိမ်က ဘာတစ်ခုမှကို စားမလာခဲ့ဘူး"

"ဟာ. . . ဒါဆို ကိုကို ဆာနေတော့မှာပေါ့ဗျာ၊ မေရေ မြန်မြန်လေးလုပ်ပါကွာ"

"ခဏလေးပါ မောင်ရဲ့၊ ခဏလေး"

စကားလမ်း၏ ဦးတည်ချက်က ပြောင်းလွဲသွားသဖြင့် ဝမ်းနည်းစရာများ ခဏတော့ ပျောက်ဆုံးသက်သာရာ ရသွားပါသည်။

ညီဖြစ်သူ ထမင်းစားဝင်အောင် ခပ်ပြုံးပြုံး ဝင်ပြောလိုက်ပေမဲ့ စိုင်းရွက်ခမ်းကိုယ်တိုင် အိမ်မှာ ချယ်ရီနှင့်အတူ စားခဲ့ပြီးသားဖြစ်ပေါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ထည့်စားနော် ကိုကို၊ ညီမိန်းမက ဟင်းချက်သိပ်ကောင်းတာဗျာ့၊ သိလား"

"စားပါတယ်ဗျာ၊ ညီလဲ ထည့်စားလေ"

အစ်ကိုဖြစ်သူ၏ ထမင်းပန်းကန်ထဲကို ညီက ဟင်းခပ်ထည့်ပေးနေသလို အစ်ကိုဖြစ်သူကလည်း ညီညီ့ပန်းကန်ထဲကို ဟင်းပြန်ထည့်ပေးနေတာကို ကြည့်ပြီး လုံမေ ပြုံးလိုက်သည်။

"ကြည့်ပါလား၊ မောင်က သူ့ကိုကိုကိုပဲ ဂရုစိုက်ပြီး ချစ်တာ၊ မေ့ကိုတော့ သူ့အစ်ကိုလောက်တောင် ဂရုစိုက်တာ၊ မဟုတ်ဘူး"

"ဟော့ဗျာ၊ မေရယ်"

"အဟွန်း... ဟွန်း... ဟွန်း"

"မေ ထင်သလိုမဟုတ်ရပါဘူးဗျာ၊ မောင်က မေ့ကိုလဲ ဂရုစိုက်ပါတယ်၊ ရော့... စားပါဗျာ"

မေ့ထမင်းပန်းကန်ထဲကို မောင်က ဟင်းဇွေးခပ်ထည့်ပေးသဖြင့် လုံမေ ရယ်မောလိုက်သည်။

"အဟင်း... ဟင်း... ဟင်း"

"အလကားစတာပါ မောင်ရဲ့၊ မေ့ကို မောင် ဘယ်လောက်ချစ်တယ်၊ ဂရုစိုက်တယ်ဆိုတာ မေ သိသားပဲ"

"ဘာမှမဟုတ်ဘူး ညီရေ၊ မင်းမိန်းမက သူ့ကို ဂရုမစိုက်ဘဲ ကိုကို့ကိုချည်း ဂရုစိုက်နေလို့ မနာလိုဖြစ်နေတာကွ"

"အဟင်း... ဟင်း... ဟုတ်တယ်... ဟုတ်တယ်"





"အဟွန်း... ဟွန်း... ဟွန်း"

"မေရယ်... "

ထမင်းပွဲမှာ ရယ်သံလေးတွေ ကြည်နူးရွှင်ပျစွာ ထွက်ပေါ်လာသည်။ ရင်ထဲမှာ ကိုယ်စီခံစားချက်တွေ ရှိနေကြပေမဲ့ သောကဝေဒနာတွေကို ဟန်ဆောင်မေ့လျော့ထားလိုက်ကြပါသည်။

ထိုနေ့က စိုင်းရွက်ခမ်း မိုးချုပ်မှပင် ပြန်သွားပါသည်။

ကောင်းကင်ထက်မှာ လမင်းကြီးက ရွှန်းရွှန်းမြမြသာ နေပါသည်။ အိပ်ရာထက်မှာ ငြိမ်သက်စွာ လှဲလျောင်းနေပေမဲ့ ဘယ်လိုမှ အိပ်လို့မရသူက စိုင်းခမ်းညီကိုယ်တိုင်ပါ။

သူ့အနားမှာ နှစ်ခြိုက်စွာ အိပ်ပျော်နေရှာသော ဇနီးသည်၏ မျက်နှာလှလှလေးကို တစိမ့်စိမ့် ငေးစိုက်ကြည့်နေမိသည်။

ကြည့်လေ လှလေ။

လှလေ ပို၍ ရင်နာရလေ ဖြစ်ရသူက သူကိုယ်တိုင်ပါ။

ချစ်ရယ်... ။

မောင်တို့ ကံဆိုးကြတယ်ကွယ်... ။

လုံမေ၏ ပါးပြင်နုနုကို ဖွဖွငုံ့နမ်းရင်း ရင်ထဲက တီးတိုးဆိုညည်းလိုက်ခြင်းရယ်ပါ။

သူ့ကြောင့် လုံမေ ဘယ်လောက်စိတ်ထိခိုက် ကြေကွဲနေသလဲဆိုတာ သူသိပါသည်။ သူ့ရှေ့မှာ သူမရင်ထဲက ခံစားချက်တွေကို ဖွင့်ဟဖော်ထုတ်ခြင်းမရှိဘဲ ကြိတ်၍ မျိုသိပ်ဟန်ဆောင်နေတာ သူ့ရဲ့ အားငယ်ကြေကွဲမှုတွေကို ဖြေသိမ့်နည်းတစ်မျိုးဆိုတာ သူသိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဟန်ဆောင်ရတာ ဘယ်လောက်ပင်ပန်းသလဲဆိုတာ မောင် နားလည်ပါတယ် အချစ်ရယ်... ။

ဘာဖြစ်လို့လဲ၊ မောင်ကိုယ်တိုင်ကလည်း မေတို့ရှေ့မှာ ဟန်ဆောင်နေခဲ့ရတဲ့သူ ဖြစ်နေလို့ပါဗျာ။

တစ်ယောက်အပေါ်တစ်ယောက် စာနာငဲ့ညှာမှုတွေ ကိုယ်စီနှ ရင်ထဲက ခံစားချက်အစစ်အမှန်တွေကို မျိုသိပ်ချုပ်တည်းကာ ကိုယ် ဟန်ဆောင်မှုတွေ ပြုခဲ့ကြပေမဲ့ ကိုယ်စီရင်ထဲမှာတော့ ဒဏ်ရာကိုယ် နဲ့ဆိုတာ မပြောလည်း သိနေကြသည့်အဖြစ်။

မေရယ်... ။

ချစ်ကို မောင်သိပ်ချစ်ရလွန်းလို့ ရင်ကွဲမတတ် ခံစားရပါတယ် ဗျာ။

မောင့်ဘဝက ရှင်လျက်နဲ့ သေသွားခဲ့ရတဲ့ လူတစ်ယောက်ပါ။

အဲ့ဒီလိုလူတစ်ယောက်နဲ့ မေ ထာဝရအတူနေရမယ်ဆိုရင် ဘယ်လိုလုပ် ပျော်ရွှင်နိုင်မှာလည်း အချစ်ရယ်။

မေ့အပေါ်မှာ မောင်ကိုယ်တိုင်ကရော တရားမျှတပါ့မလားဗျာ ဟား... မေရယ်... ။

အခုလိုဘဝနဲ့ အသက်ဆက်ပြီး ရှင်နေမယ့်အစား မောင်သေ သွားခဲ့ရင် သိပ်ကောင်းမှာပါဗျာ။

အခုတော့...

မောင့်ရင်မှာ ပြင်းထန်တဲ့ ဝေဒနာခံစားချက်တွေကြောင့်





ရှုးသွပ်မတတ် ကြေကွဲမှုတွေနဲ့ အသည်းနှလုံးတွေ မွမွကျေမတတ် နာကျင်ခံစားနေရပါပြီ အချစ်ရယ်... ။

မောင် ဘာလုပ်သင့်သလဲ... ။

မောင် ဘာလုပ်ရမှာလဲ အချစ်ဆုံးရယ်... ။

ဟိုတုန်းကတော့ လုံမေ့လို ကိုယ်ချစ်မြတ်နိုးရသော ချစ်သူ လေးနှင့် လက်ထပ်ခွင့်ရသည့်အတွက် ဒီကမ္ဘာပေါ်မှာ သူ့လောက် ကံကောင်းသူမရှိဟု ထင်မှတ်ခဲ့သည်။

ချစ်သူနှင့်အတူ မိုးမမြင် လေမမြင် အပျော်ကြီး ပျော်ရွှင်ကြည်နူး ခဲ့ရသည့် နေ့ညများစွာက အခုတော့ သူ့အတွက် ဖမ်းဆုပ်၍မရခဲ့ သော အရာတွေ ဖြစ်ခဲ့ရပြီ။

သူ လမင်းကြီးကို မော့ကြည့်လိုက်သည်။ ဟိုတုန်းကတော့ ထိုလရောင်အောက်မှာ ချစ်သူနှစ်ဦး ကြည်နူးပျော်ရွှင်ခဲ့ကြသည်။

အခုတော့ သူတစ်ယောက်တည်း လမင်းကြီးကို ငေးကြည့်နေခဲ့ ရသလို ပျော်ရွှင်ခဲ့ရတဲ့ ခံစားချက်တွေနေရာမှာ လှိုက်လှဲသော နာကျင်ကြေကွဲရသော ခံစားချက်တွေက နေရာယူခဲ့လေပြီ။

ယောကျာ်းကြီးတန်မဲ့ သူ့ပါးပြင်ပေါ်ကို မျက်ရည်စတွေ စီးကျလာတာကို သူမတားဆီးမိပါ။

ဆိုးရွားလှသော သူ့အဖြစ်ကို သိသိချင်းတုန်းက သူအရူး တစ်ယောက်လို ဖြစ်သွားခဲ့ရသည်။ ကိုယ့်ကိုယ်ကို သက်သေဖို့ အကြိမ်ကြိမ် စဉ်းစားကြံစည်မိသည့်အထိ သူ့အခြေအနေက ဆိုးရွား ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်လို လုံမေ့ရင်ခွင်မှာ အကြိမ်ကြိမ် ဟိုးဝင် ရှိုက်ငိုခဲ့မိသည့်အထိ သွေးပျက်တုန်လှုပ်ချောက်ချားခဲ့သည်။

လုံမေက သူ့ကို အထပ်ထပ် တောင်းပန်အသနားခံရင်း သူ့ အပါးမှာ နေ့မအား ညမနား ပြုစုလုပ်ကိုင်ပေးရင်း သူ့အခြေအနေ ကို မျက်စိဒေါက်ထောက် ကြည့်နေခဲ့ပုံလေးကို မြင်ရတိုင်း သူ့ရင်မှာ မချိရပေမဲ့...

အခုလို ရက်မှလသို့ ကူးပြောင်းလာသည့် အချိန်မှာတော့ သူ့ရင်ထဲက ခံစားချက်တွေ အနည်ထိုင်စ ပြုလာခဲ့ရပါပြီ။

သို့တိုင်အောင် အခုဖြစ်နေသည့် သူ့လက်ရှိဘဝကို လက်မခံ ချင်အောင် နာကျင်နေဆဲမို့ တစ်ယောက်တည်း ကျိတ်ပြီး ခံစားကြေကွဲ ရသည့် အချိန်လေးတွေကို ဘယ်သူ့မှ မသိစေခဲ့ရပါ။

စိတ်လိုက်မာန်ပါ သူ့ကိုယ်သူ ဘာတစ်ခုမှ မလုပ်ခဲ့မိခြင်းက လည်း ချစ်သောမေကြောင့်ရယ်ပါ။

မောင်မရှိရင် မေ ဘယ်သူနဲ့ နေရမှာလဲ မောင်ရယ်။

မေက တစ်ကောင်ကြွက်ပါ။ မောင်က မေ့ဘဝဆိုတာ မောင် သိပါတယ်နော်။ မေ့ကိုချစ်ရင် မေ့ကိုသနားရင် မေ့ကွယ်ရာမှ ဘာတစ်ခုမှ စိတ်လိုက်မာန်ပါ မဆုံးဖြတ်လိုက်ပါနဲ့လို့ မေ တောင်းပန် အသနားခံပါတယ်ကွယ်။

ရှိုက်သံဖြင့် ရောထွေးနေခဲ့သော မေ့ထံမှ အသနားခံ တိုးလျှိုး တောင်းပန်ခဲ့သည့် စကားတွေက သူ့အပါးမှာ လွင့်မျောလာသည်။

မေရယ်.... ။





မေ့ကို မောင် သိပ်ချစ်လွန်းလို့ သိပ်ပြီး သနားရလွန်းလို့ မောင့်ဘဝမှာ မောင့်ဘာသာ နေတတ်အောင် လက်ခံကြိုးစားပါတော့ မယ် အချစ်ရယ်... ။

အဲ့ဒါ မေ့ကို မောင်ချစ်လို့ သိပ်ချစ်လွန်းလို့ဆိုတာ မေ သိလိုက် စမ်းပါ အချစ်ဆုံးရယ်... ။

နှစ်ခြိုက်စွာ အိပ်ပျော်နေသော မေ့ကိုယ်လေးကို သူ့ရင်ခွင်မှာ သင်သာစွာ ထွေးပွေ့ရင်း သူ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

အပြင်မှာတော့ လမင်းကြီးက ရွှန်းမြစွာ သာနေဆဲ... ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အချိန်လေးတွေ ရှည်ကြာလာခဲ့ပြီဖြစ်သလို စိုင်းခမ်းညီ ခံစားခဲ့ရသော ရောဂါဝေဒနာများလည်း သက်သာပျောက်ကင်းခဲ့ပါပြီ။

လူကောင်းပကတိအတိုင်း သွားလာလှုပ်ရှားနိုင်ပြီမို့ အလျှင်လိုပင် ကားကို ကိုယ်တိုင်မောင်းပြီး တောင်ပေါ်ရွာများကို ဆေးကုသခြင်း အလုပ်ကို ဆက်လက်လုပ်ကိုင်နေသလို လုံမေကလည်း သူ့အနားမှာ တစ်ဖဝါးမခွာ အမြဲအတူလိုက်လျက် ရှိပါသည်။

သွားရသည့်ခရီးက ကြမ်းသလို လုပ်ရသည့်အလုပ်ကလည်း ထင်သလောက် မလွယ်ကူပါ။ အိတ်စိုက်၍ ကုသနေသော စေတနာဝန်ထမ်း စိုင်းခမ်းညီကို ကြည့်မရသူ အပ်ပုန်းဒေါက်တာရမ်းကုများက သူ့ကွယ်ရာမှာ မဟုတ်မမှန် လုပ်ကြံသတင်းများ လွှင့်၍တစ်မျိုး…

သူတို့စီးပွားရေး လာဘ်ပိတ်သွားရမည့် အရေးကြောင့် လူစု၍ ရန်ပြုချင်သည့် အရိပ်အယောင်များဖြင့် လည်းကောင်း အနှောင့်အယှက်





ပေးသည့်အဖြစ်များနှင့်လည်း ကြုံရသဖြင့် လုံမေ့မှာ မောင့်အတွက် ပူ၍ စိတ်မချနိုင်စရာ ဖြစ်ခဲ့ရပါသည်။

မောင်ကတော့ ဘာကိုမှ ဂရုစိုက်သူမဟုတ်ပါ။ သူမှန်သည်ဟု ထင်သောကိစ္စကို တစ်စိုက်မတ်မတ်လုပ်လျက် ရှိသဖြင့် သက်ပြင်းချိတ်ရှိုက်မိသူက လုံမေဖြစ်ပါသည်။

မောင့်ဝါသနာကို မတားမြစ်ရက်ပါ။

အထူးသဖြင့် မောင့်ရင်ထဲက ခံစားမှုအစုစုကို အာရုံလွှဲပြောင်းသည့်အနေဖြင့် ဤဆေးကုသမှုအလုပ်က ဖြေသိမ့်စရာ အနေအထားဖြစ်သည့်အတိုင်း ရပ်ဆိုင်းပါဟု မပြောရက်။

ခင်ပွန်းသည်၏ အလိုဆန္ဒအတိုင်း အတူလိုက်ပါဆောင်ရွက်ပေးရင်း အခုတော့ မောင်ကိုယ်တိုင် အဖျားသွေးဝင်ကာ အိပ်ရာထဲလဲလျက် ရှိနေလေပြီ။

အဆိုးထဲကအကောင်းဟု ဆိုရမည်လားမသိပါ။ မောင် ဘယ်မှ မသွားနိုင်တော့။ မောင့်ကို ပြန်ပြုစုဖို့အခွင့်အရေးရသလို အန္တရာယ်ပေးချင်သူ ရန်ပြုချင်သူများနှင့် ဝေးကွာ၍ ကျေနပ်မိသည်။

ခုတင်ထက်မှာ နှစ်ခြိုက်စွာ အိပ်ပျော်နေသော စိုင်းခမ်းညီ၏ မျက်နှာချောချောကို စူးစိုက်ကြည့်ရင်း ချစ်ခြင်းမေတ္တာများစွာဖြင့် နဖူးပြင်ကို ဖွဖွငုံ့ရှိုက်နမ်းလိုက်သည်။

မောင်ရယ်… ။

မောင့်ရင်ထဲမှာ ဘယ်လိုခံစားနေမလဲဆိုတာ မေ စာနာနားလည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေ စိတ်ဆင်းရဲ စိတ်ထိခိုက်မှာစိုးလို့ မေ့ရှေ့မှာ မောင် ဟန်ဆောင်နေတာကိုလည်း မေ သိနေပါတယ် အချစ်ရယ်... ။ မေကိုယ်တိုင်ကလည်း မောင့်ရှေ့မှာ ဟန်ဆောင်နေခဲ့ရတဲ့သူပဲ မဟုတ်လား။

မောင့်ရဲ့ အားနည်းချက်၊ မောင့်ရဲ့ သိမ်ငယ်မှုတွေကို မောင် စဉ်းစားမိမှာ တွေးနေမှာကို မေ အစိုးရိမ်ဆုံး အကြောက်ဆုံးပါ မောင်ရယ်... ။

မောင့်ကို မေ ချစ်တယ်ကွယ်... ။ သိပ်သိပ်ချစ်ရပါတယ်ရှင်...။ မေ့ရဲ့အချစ်ကို မောင် နားလည်ပါ အချစ်ရယ်။

နှမ်းပြင်ပေါ်သို့ ဝဲကျနေသော ဆံပင်ဖုံဖုံလေးများကို သူမ လက်ကလေးဖြင့် ဖွဖွသပ်တင်ရင်း လုံမေ့ရင်ထဲက တီးတိုးဆိုနေခြင်း ဖြစ်ပါသည်။

စိတ်ထောင်း၍ ကိုယ်ကျေသည်ဟု ထင်ပါသည်။ ကောင်းစွာ ကျန်းမာလာသော်လည်း မောင့်ပုံစံမက အလျင်လို တက်ကြွရွှင်လန်းခြင်း မရှိတော့သလို အပြုံးအရယ်ကလည်း နည်းပါးလာပါသည်။

သိသာစွာ သွယ်လျသွားသော မောင့်မျက်နှာလေးကို ကြည့်ပြီး လုံမေ့ရင်ထဲမှာ ထိခိုက်ကြေကွဲလွန်းလှပါသည်။

လက်ကနာရီလေးကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ မောင် အိပ်ပျော်နေတုန်း သူမ ရေချိုးရဦးမည်။

အဝတ်တစ်စုံကို ဆွဲယူပြီး လုံမေ ရေချိုးခန်းထဲ ဝင်သွားလိုက်သည်နှင့် စိုင်းခမ်းညီ၏ ဓေ့ပိတ်ထားသော မျက်ဝန်းအစုံမှာလည်း ဖြည်းညင်းစွာ ပွင့်လာရပါပြီ။





မေရယ်... ။

ရေကျသံသဲ့သဲ့ကို နားထောင်ရင်း ချစ်ဇနီး၏ အမည်လေးကို အာကျင်လှသော နှလုံးသားဖြင့် ညည်းညည်းခေါ်ငင်လိုက်မိခြင်း ဖြစ်ပါသည်။

လုံမေနှင့်ပတ်သက်ပြီး သူ ဘာလုပ်သင့်သလဲဆိုတာကို စိုင်းခမ်းညီ အကြိမ်ကြိမ်အခါ စဉ်းစားခဲ့ပါသည်။

တိကျရေရာသောအဖြေကို အခုချိန်ထိ စဉ်းစားဆုံးဖြတ်၍ ရေသေးပါ။ သူ့ကို လုံမေက အိပ်ပျော်နေသည်ဟုထင်ပြီး ရေချိုးခန်း ထဲဝင်သွားခြင်း ဖြစ်ပါသည်။

တကယ်တော့ သူ လုံးဝအိပ်ပျော်ခြင်းမရှိပါ။ လုံမေ၏ လှုပ်ရှားမှုတိုင်းကို သူ သိနေခဲ့သည်။

ရေချိုးခန်းထဲမှ ရေချိုးနေမည့် ဇနီးသည်၏ ရုပ်ပုံလွှာကို မြင်ယောင်ကြည့်ရင်း သူ့အသည်းနှလုံးတွေ ပူနွေးလာသလို နှုတ်ခမ်းအစုံကလည်း ပြုံးမဲ့မဲ့ ဖြစ်လာသည်။

ဟိုတုန်းက သူမနှင့်သူ ချစ်ပွဲဝင်ခဲ့သည့် ပျော်ရွှင်ကြည်နူးစရာ အချိန်တွေကို ပြန်လည် သတိရတမ်းတမိခြင်းကြောင့် ဖြစ်ပါသည်။

မေလည်း သူ့လိုပဲ သတိရတမ်းတနေမည်လား။

မေရယ်... ။

မောင့်ရင်မှာ ဘယ်လိုမှ ဖြေလို့လည်း မပြေပါဘူး အသက်ရယ်။

"ကျွီ... "

"ဂျောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… မောင် နိုးနေပြီ ဟုတ်လား"

ခုတင်စွန်းကို ခေါင်းအုံးဆင့်၍ ခပ်လျော့လျော့မှီထိုင်နေသော မောင့်ကို တွေ့လိုက်ရသဖြင့် လုံမေ သူ့အနားသို့ အပြေးလေး ရောက်လာရှာပါသည်။

"ဘာဖြစ်လို့လဲ မောင်၊ မေ့ကြောင့်များ အိပ်ရာက လန့်နိုးလာတာလားဟင်"

"မဟုတ်ပါဘူး အချစ်ရယ်၊ မောင် အစတည်းက အိပ်မပျော်လို့ပါ"

"အို…"

သူ့စကားကြောင့် လုံမေ့မျက်နှာလှလှလေး ပျက်သွားတာကို ကြည့်ပြီး သူပြုံးလိုက်ပါသည်။ သူ့ကြောင့် မေ စိတ်ထိခိုက်သွားပြီ မဟုတ်လား။

"မေ"

"မောင်"

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ရှုးရှုးနင့်နင့် ငေးကြည့်မိကြသည်။ ရေစက်ရေမှုန်လေးများနှင့် လုံမေ့မျက်နှာလှလှလေးက ရေချိုးပြီးစအသွင်ဖြင့် လှပမွှေးကြိုင်လျက် ဝင်းဝင်းစက်စက် လှပနေခြင်းကြောင့် သူ့ရင်ထဲမှာ အချစ်စိတ်တို့ လှိုက်လှဲပြည့်တက်လာကာ မေ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ တင်းကျပ်စွာ ဆွဲယူပွေ့ဖက်ပစ်လိုက်ပါသည်။

"မေရယ်"





"မောင်"

"သိပ်ချစ်တယ် မေရယ်"

"ချစ်တယ်"

လှိုက်လှဲစွာ ကျရောက်လာသည့် မောင့်ထံမှ ချစ်အနမ်းများကို လုံမေ မငြင်းဆန်ပါ။ မောင့်အလိုကျ ငြိမ်သက်စွာ ခံယူတုံ့ပြန်နေမိပါသည်။ ပူနွေးသော မောင့်ထံမှ ကိုယ်ငွေ့က ရေချိုးပြီးစ လုံမေ့ အသားဆိုင်လေးများနှင့် ထိတွေ့မိသောအခါ ပို၍ ပူနွေးသွားသလို ထင်ရပါသည်။

"မေရယ်၊ မေ့ကို မောင် သိပ်သနားတယ် အချစ်ရယ်၊ ကြာလာရင် မေလဲ မောင့်ကို စိတ်ပျက်လာမှာပဲ ထင်တယ်"

"မောင်ကသာ မေ့ကို စိတ်ပျက်သွားမှာ စိုးရိမ်နေရတဲ့သူပါ မောင်ရယ်၊ မေကတော့ မောင့်ကိုပဲ ချစ်တယ်၊ မောင့်အနားမှာပဲ တစ်သက်လုံးနေမယ်၊ သိလား"

သူ လုံမေ့တစ်ကိုယ်လုံးကို စေ့စေ့ရှုရှု ရှုစိုက်ကြည့်လိုက်သည်။ အပစ်ဆိုစရာမရှိအောင် ဝင်းဝင်းစက်စက် လှနိုင်လွန်းသူက ဘယ်လိုပဲနေနေ မြင်ရသူရင်ကို လှိုက်ဖိုနွေးထွေး ရင်ခုန်ချင်စရာ ဖြစ်ပါသည်။

သိပ်လှသည့် မေ့ကို ဒီအတိုင်းတစ်ယောက်တည်း ကြာရှည် ပစ်ထားရမှာကို သူ ဘယ်လိုမှ စိတ်မချနိုင်ပါ။ အိမ်ထောင်သည်ဟု ဆိုရသော်လည်း လုံမေက အပျိုစင်လေးရှုံးအောင် လှရက်နိုင်လွန်းသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာထိုင်ပြီး အလှပြင်နေသည့် မေ့ကို သူ စူးစိုက်ကြည့်နေမိသည်။ သူကိုယ်တိုင် အကြိမ်ကြိမ် စဉ်းစားစီစဉ်ထားသည့် သူ့စိတ်ကူးကြံစည်မှုများကို သူမကို တစ်ခါတည်း ထုတ်ဖော်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။

"မေ"

"ဘာလဲ မောင်"

"အို... ဘာလို့ ခုတင်ပေါ်က ဆင်းလာတာလဲ မောင့်ရဲ့ မောင်က နေကောင်းတာလဲ မဟုတ်ဘဲနဲ့"

"လာပါ၊ မေနဲ့အတူ ခုတင်ပေါ်မှာပဲ အတူထိုင်ပြီး စကားပြောကြရအောင်ပါ"

လုံမေက သူ့လက်ကို အတင်းဆွဲပြီး ခုတင်ပေါ်မှာ သူ့ကို ဖွတ်ထိုင်ခိုင်းသလို သူမကိုယ်တိုင်ကလည်း သူ့ရင်ခွင်ထဲကို တိုးဝင်လိုက်သဖြင့် သူမကိုယ်လုံး အိအိထွေးထွေးလေးကို တင်းကျပ်စွာ ထွေးဖက်ရင်း ပါးပြင်နုကို ခပ်ဖိဖိလေး ငုံ့နမ်းလိုက်ပါသည်။

"ချစ်ကို မောင် ပြောစရာရှိတယ် သိလား"

"ပြောလေ မောင်၊ မေ နားထောင်မှာပေါ့"

"ချစ်"

"ဟင်... "

သူ လုံမေ့မျက်နှာလှလှလေးကို စေ့စေ့စူးစိုက်ကြည့်ရင်း ခေါ်လိုက်ပါသည်။ တည်ကြည်လေးနက်သော အသွင်က တစ်စုံတစ်ခုသော မျှော်လင့်ချက်ဖြင့် လင်းလက်နေသော သူ့မျက်ဝန်းအစုံကို ပြန်လည်





ငေးကြည့်နေသော လုံမေ့အသွင်လေးက ကလေးတစ်ယောက်လို အပြစ်ကင်းစင် ချောမွေ့လှပလွန်းလျက်ရှိခြင်းကြောင့် သူ့ရင်ထဲက ဆုံးဖြတ်ချက်တို့က ပို၍ ခိုင်မာလေးနက်လာပါသည်။

"မောင့်ကို ချစ်တယ်နော်"

"မောင်ရယ်၊ ဘာများလဲလို့၊ မောင့်ကို မေ သိပ်ချစ်ရပါတယ်ရှင်"

"ဘာလဲ၊ မေ့အချစ်ကို မောင် မယုံလို့လား၊ စိတ်ချပါ၊ မေ့အသက်နဲ့ခန္ဓာ အတူရှိနေသရွေ့ မောင့်အပါးမှာ တစ်ဖဝါးမခွာ အတူရှိနေမဲ့သူပါ ရှင်ရယ်"

"မေရယ်"

"မောင်လဲ မေ့ကို သိပ်သိပ်ချစ်ရပါတယ်ဗျာ၊ ဒါကြောင့်လဲ မေ့ဆီက မောင့်အလိုချင်ဆုံးအရာကို တောင်းဆိုဖို့ စိတ်ကူးခဲ့ရတာပါ အချစ်ရယ်... "

ချစ်သူကိုယ်လေးကို အတင်းကျပ်ဆုံး ဖက်ထွေးရှိုက်နမ်းရင်း သူ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

"မေ့ဆီက မောင်အလိုချင်ဆုံးအရာကို တောင်းမလို့ ဟုတ်လား မောင်"

"ဘာများလဲ မောင်ရယ်၊ မေ ပေးနိုင်တဲ့အရာဆို ဘာပဲဖြစ်ဖြစ် မေ အားလုံး လိုက်လျောပေးဆပ်ချင်ပါတယ် မောင်ရယ်"

"အဟွန်း... ဟွန်း... ဟွန်း"

"ချစ် ပေးနိုင်တဲ့အရာကိုပဲ မောင်ကလဲ တောင်းဆိုမှာပါဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



မောင် ဖွင့်ပြောပြီးတဲ့အခါကျမှ မပေးနိုင်ပါဘူး၊ မလိုက်လျောနိုင်ပါဘူး လို့ မငြင်းပါဘူးလို့ မောင့်ကို အရင်ဆုံး ကတိပေးစမ်းပါ”

လေးနက်တည်ကြည်စွာ ဆိုလာသော သူ့အသွင်သဏ္ဍာန်ချော ချောကို လုံမေက ဇဝေဇဝါ အကြည့်လေးတွေနှင့် တုံ့ပြန်ကြည့်လာ ပါသည်။

ကြည်နူးရွှင်ပျနေသော သူ့အသွင်ကိုကြည့်ပြီး လုံမေမှာ ချစ်လင်အလိုကျ ချက်ချင်း ခေါင်းညိတ်လိုက်ရပါသည်။

“ကတိပေးပါတယ် မောင်ရဲ့၊ ဒါပေမဲ့ မေ တတ်နိုင်တဲ့အရာပဲ ဖြစ်ရမှာနော်”

“အဟွန်း... စိတ်ချပါဗျာ၊ မောင်တောင်းဆိုမဲ့အရာကို မေ ကောင်းကောင်းတတ်နိုင်မှာပါ”

“ကဲ... ဒါဖြင့် မေ့ဆီက ဘာကိုတောင်းမှာလဲ”

“သားသားလေးတစ်ယောက်”

“အို... ”

လုံမေ့နားထဲမှာ ဗုံးတစ်လုံး ပေါက်ကွဲသွားသလို မောင့်အသံ တိုးတိုးလေးက ကျယ်လောင်မြည်ဟည်းသွားရပါသည်။

ရင်ထဲမှာလည်း အတိုင်းမသိ နာကျင်ဆို့နင့်ကြေကွဲသွားရပါ သည်။ မဖြစ်နိုင်သောအရာကိုမှ ဘာကြောင့်များ ရွေးချယ်တောင်းဆို သလည်း မောင်ရယ်။

မောင်ကိုယ်တိုင် သားသမီးမရနိုင်တော့တာကို မေ့လျော့သွား လေသလား... ။





“မောင်ရယ်”

လုံမေ မောင့်ရင်ခွင်ကြီးထဲ တိုးဝင်လျက် မောင့်ကိုယ်ကြီးကို အတင်းကျပ်ဆုံး ပြန်လည်ဖက်တွယ်ထားလိုက်ပါသည်။

မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ချက်ချင်းပြည့်တက်လာသည့် အဖြစ်ကို မောင် မမြင်တွေ့စေလိုပါ။

“ချစ်”

စိတ်နှလုံးထိခိုက်သွားသော ဇနီးသည်မျက်နှာလှလှလေး နားကို တိုးဝှေ့ပွတ်ရင်း နူးညံ့ညင်သာစွာ သူ ခေါ်လိုက်ခြင်းဖြစ်ပါသည်။

လုံမေ့ထံမှ ထူးသံလေး ထွက်မလာဘဲ သူ့ကိုယ်ကြီးကို ပို၍ တင်းကျပ်စွာ ပွေ့ဖက်လာသည့် အတွေ့ကိုပဲ ခံစားလိုက်ရသဖြင့် သူ ပြုံးလိုက်ပါသည်။

“ချစ်ရယ်၊ မောင့်ကို တစ်ခုခုပြောပါဦးလားဗျာ”

“မေ ဘာပြောရမှာလဲ မောင်ရယ်၊ မေလေ”

ရှိုက်သံနှင့် ရောထွေးလာသည့် လုံမေ စကားသံလေးက တိုးအက်တုန်ယင်စွာ တစ်ဝက်တစ်ပျက်နှင့် ရပ်ထန့်သွားပါသည်။

“ချစ်ရယ်”

“ဘာလို့ မျက်ရည်တွေ ကျရပြန်တာလဲဗျာ”

မောင်ရယ်... ။

မေးရက်လိုက်တာ... ။

မောင့်ရဲ့တောင်းဆိုမှုက မေ့ရင်ကို ဓားနဲ့မွှန်းတာထက် သာ၍ရ ခက်တယ်ဆိုတာ မောင်မသိဘူးလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



မေ ရင်နာရလွန်းပါတယ်ရှင်… ။

"မောင်မေးတာကို ဖြေပါဦး အသက်ရယ်"

မောင်က လုံမေ့မျက်နှာလေးကို ဆွဲယူပင့်မော့ကာ ပါးပြင်ပေါ်က မျက်ရည်တွေကို အနမ်းနှင့် ဖြေသိမ့်ဖယ်ရှားရင်း သူသိလိုတာကို မေးနေပြန်ပါသည်။

"မောင်ရယ် ဘာ့ဖြစ်လို့ စိတ်မကောင်းစရာစကားတွေ ပြောနေရတာလဲ၊ မဖြစ်နိုင်တဲ့စကားတွေ ပြောပြီး မေနဲ့မောင်ရဲ့ အသည်းနှလုံးတွေကို ဘာကြောင့် နာကျင်စေမှာလဲ မောင်"

"မဖြစ်နိုင်ဘူးလို့ မေ့ကို ဘယ်သူပြောလဲ၊ မောင်မေးတာကိုပဲ ဖြေပါဗျာ၊ မောင်တောင်းဆိုတာကို မေ ပေးနိုင်မယ်မဟုတ်လားဟင်"

"ပေးချင်ပါတယ် မောင်၊ မောင် စိတ်ချမ်းသာပျော်ရွှင်မယ်ဆိုရင် မေ အားလုံးလုပ်ပေးချင်တာပါ"

"မေရယ်… "

"မောင် ဝမ်းသာလိုက်တာ အချစ်ဆုံးရယ်၊ မေ့ကို မောင် ဘယ်လောက်ချစ်သလဲဆိုတာ မေလဲသိမှာပါနော်"

"သိပါတယ်မောင်၊ ဒါကြောင့်လဲ မောင့်ရဲ့ စိတ်ချမ်းသာမှုကို မေ လိုက်လျောပေးချင်နေတာပေါ့ကွယ်"

"မောင့် အချစ်ဆုံးရယ်… "

အနမ်းကလေးတွေကိုယ်စီ ဖလှယ်မိကြသည်။ ချစ်ခြင်းမြတ်နိုးခြင်း ကိုယ်စီဖြင့် တစ်ယောက်မျက်နှာကို တစ်ယောက် စူးစိုက်ကြည့်ကြသည်။





"မောင်"

"ဗျာ… "

"မေတို့ ဒီအကြောင်းအရာတွေ မပြောဘဲ တခြားအကြောင်းတွေပဲ ပြောကြရအောင်နော်"

"ဟင့်အင်း"

"အို… "

"မောင်စိတ်ချမ်းသာဖို့အတွက်ဆိုရင် မေ ဘာမဆို လုပ်ပေးချင်တယ်ဆို"

"ဟုတ်ပါတယ် မောင်"

"ဒါဆို မောင့်အတွက် မေ့ရဲ့ကိုယ်ပွားလေးတစ်ယောက် မွေးပေးရမယ်"

"မောင်ရယ်၊ မဖြစ်နိုင်တဲ့စကားတွေ မပြောပါနဲ့လားကွယ်"

မောင့်ကိုယ်စား လုံမေ စိတ်ဆင်းရဲခြင်းကြီးစွာ ဆိုရင်းတားမြစ်ပိတ်ပင်စကား ဆိုလိုက်ခြင်းဖြစ်ပါသည်။

"ဖြစ်အောင်လုပ်ရင် ဖြစ်တာပေါ့ ချစ်ရဲ့၊ ဒီမယ် မောင်ပြောတာ သေချာနားထောင်စမ်းပါဦးဗျာ"

"ပြောပါမောင်"

"မောင်က အချစ်ကိုယ်တိုင် ဝမ်းနဲ့လွယ်မွေးတဲ့ သားသမီးလေးတွေကို လိုချင်နေတဲ့သူဆိုတော့ မောင်ကိုယ်တိုင် မစွမ်းဆောင်နိုင်တော့ပေမဲ့ မောင့်မှာ နည်းလမ်းရှိပါတယ်"

စိတ်အားထက်သန်စွာ ပြောနေသော မောင့်အသွင်ကို လုံမေ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩဝေးမောစွာ စူးစိုက်ကြည့်နေမိပါသည်။ မောင့်ကို အခုလို တက်ကြွလန်းဆန်းသော အမူအရာမျိုးဖြင့် မတွေ့ရသည်မှာ ကြာခဲ့ပြီ မဟုတ်ပါလား။

"ဒါပေမဲ့ အခုကိစ္စကိုလဲ မောင့်ဘက်က သေချာစဉ်းစားပါဦး လား မောင်ရယ်၊ တစ်ချိန်ချိန်မှာ မောင့်အတွက် နောင်တရစရာ နာကျင်စရာတွေ ဖြစ်လာမှာ မေ သိပ်ပြီးစိုးရိမ်မိလို့ပါ"

"အဲ့ဒီအတွက်ဆိုရင် မေ ဘာမှ မစိုးရိမ်နဲ့တော့နော်၊ မောင့်မှာ လျှို့ဝှက်အစီအစဉ်တွေ အားလုံးရှိပါတယ်၊ မကျေနပ်စရာ နောင်တ ရစရာမရှိအောင်လဲ မောင် စဉ်းစားစီစဉ်ထားပြီးသားပါ"

"မေသာ မောင့်အစီအစဉ်ကို ကျေနပ်ကြည်ဖြူစွာ လိုက်လျော လက်ခံပေးစေချင်တာပါ"

လုံမေ သက်ပြင်းရှိုက်လိုက်ပါသည်။

ထို့နောက် မောင့်မျက်နှာချောချောကို သေချာစူးစိုက်ကြည့် ရင်း...

"မောင် စိတ်ချမ်းသာမယ်၊ ကျေနပ်ပျော်ရွှင်မယ်ဆိုရင် မေ ကျေနပ်ကြည်ဖြူပါတယ် မောင်"

"မောင့်ရဲ့ သဘောဆန္ဒအတိုင်း ဖြစ်ရပါစေမယ်"

"မေရယ်၊ မောင့်အချစ်ဆုံးရယ်၊ မောင် ဝမ်းသာလိုက်တာ အချစ်ရယ်"

"မောင်ရယ်..."

တင်းကျပ်စွာ ပွေ့ဖက်ရှိုက်နမ်းလာသည့် မောင့်ရင်ခွင်မှာ





ကလေးတစ်ယောက်လို အားကိုးတကြီး တိုးဝင်ခိုနားမိသူက လုံမေပါ။

မောင့်ရဲ့ ပျော်ရွှင်မှု စိတ်ချမ်းသာမှုတိုင်းဟာ မေ့ရဲ့ ပျော်ရွှင် စိတ်ချမ်းသာမှုဆိုတာ မောင်သိရင် မေ ကျေနပ်ပါပြီ အချစ်ရယ်၊ မေ ကျေနပ်ပါပြီ။

* (၅) [illegible] *

www.burmeseclassic.com

www.burmeseclassic.com



[illegible]

## အခန်း (၉)

ဟင်း... ။

ဟား... ။

သက်ပြင်းအကြိမ်ကြိမ် ချနေမိသလို ရင်ထဲမှာ မွန်းကျပ်ရှုပ်ထွေးခြင်းအပေါင်းကို ခံစားနေရသူက စိုင်းရွက်ခမ်းရယ်ပါ။

တစ်နေရာတည်းမှာ တည်ငြိမ်စွာ ထိုင်နေလို့မရဘဲ တစ်ယောက်တည်း ဂနာမငြိမ်စွာ ဟိုဟိုဒီဒီ လမ်းလျှောက်လိုက်၊ ပြန်ထိုင်လိုက် ထလိုက်နှင့် တစ်ယောက်တည်း ဗျာများနေမိပါသည်။

ချောမောခန့်ညားသော သူ့ရုပ်သွင်မှာ လေးနက်တည်ကြည်သလောက် ရင်ထဲအသည်းထဲမှာတော့ စူးရှနက်ရှိုင်းလှသော ခံစားချက်အမျိုးမျိုးကြောင့် နေမထိ ထိုင်မသာ ဖြစ်နေသည်။

ဟား... ညီနဲ့ လုံမေရယ်... ။

ဘာကြောင့်များ အခုလို ဆုံးဖြတ်လိုက်ကြရတာလဲဗျာ။

ညီ့အနေနဲ့ ဒီလိုဆုံးဖြတ်လိုက်တာကို မှားတယ်လို့ ကိုကို မဆိုရက်ပေမဲ့ မှန်တယ်လို့လည်း မထောက်ခံချင်ပါဘူး ညီညီရယ်...။





ညီညီဖြစ်စေချင်သလို ကိုကိုက မဖြစ်စေချင်တာကို ညီညီလည်း သိမှာပါ။

ဒါပေမဲ့ ညီညီပြောသလို ကိုကိုတို့ ညီအစ်ကိုနှစ်ယောက်လုံးမှာ အမွေဆက်ခံရနိုင်တဲ့ ရင်သွေးရတနာကိုယ်စီ မရှိခဲ့ကြတာလည်း အမှန်ဆိုတော့ ညီညီရဲ့ စိတ်ဆန္ဒကို ကိုကို သဘောမတူချင်ပေမယ့်လည်း စိတ်ထိခိုက်ကြေကွဲနေတဲ့ ညီညီ့အဖြစ်ကို ကိုကို ဘယ်လိုလုပ်ကြည့်ရက်မှာလည်းဗျာ... ။

ညီရယ်... ။

ကိုကိုတို့ မှားသလား၊ မှန်သလား မသိတော့ပါဘူးဗျာ... ။

ဒါပေမဲ့ အားလုံးဟာ လွန်ခဲ့ပြီ။ လွန်ခဲ့ပြီ ညီရယ်။

ညီညီရဲ့ ဆန္ဒအတိုင်း ကိုကိုလည်း သဘောတူဆုံးဖြတ်ခဲ့ရပြီ မဟုတ်လား။

ကိုကို အတန်တန် တားမြစ်သတိပေးနေတဲ့ကြားက ညီရဲ့ ပြင်းထန်လှတဲ့ စိတ်ဆန္ဒကြောင့် နောက်ဆုံးတော့ အားလုံးဟာ ညီညီ့ရဲ့ သဘောအတိုင်းပဲ ဖြစ်စေခဲ့ရတာပဲလေ။

ဒါဟာ ညီညီ့ကို ကိုကို သိပ်ချစ်လို့ အခုလို ဆုံးဖြတ်ခဲ့ရတာပါ။

ညီနဲ့ လုံမေရယ်... ။

ဘယ်လိုအတိတ်ကံတွေကြောင့်များ ကိုကိုတို့အားလုံး အခုလို အဖြစ်တွေနဲ့ ကြုံနေရသလဲဆိုတာ ကိုကို မတွေးတတ်တော့ပါဘူးဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ညီညီတို့ ပျော်ရွှင်စိတ်ချမ်းသာမယ်ဆိုရင် ကိုကိုလည်း ကျေနပ်နေမှာပါ ညီရယ်။

ဟင်း… ။

စိုင်းရွှက်ခမ်းအနားမှာ စီးကရက်တိုတွေ ပျံ့ကျဲနေပါသည်။ ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း သူ့မျက်နှာနှစ်ဘက်ကို လက်ဖဝါးဖြင့် ကွယ်အုပ်ကာ အကြာကြီး ငြိမ်သက်နေမိသည်။

စိုင်းခမ်းညီကတော့ဖြင့် သူ့ဆုံးဖြတ်ချက်များအတိုင်း အကောင်အထည်ဖော်ခွင့်ရပြီမို့ ကျေနပ်ဝမ်းသာစွာ ပျော်ရွှင်ကြည်နူးနေသည့်အချိန်မှာ စိုင်းရွှက်ခမ်းကိုယ်တိုင်ကတော့ ညီဖြစ်သူ၏ စိတ်ဆန္ဒအတိုင်း လိုက်လျောသဘောတူညီခဲ့ပြီးမှ ရင်ထဲမှာ ဖော်ပြရခက်သော ခံစားချက်ဝေဒနာတစ်မျိုးနှင့်အတူ တစ်ယောက်တည်း ယောက်ယက်ခတ်နေမိခြင်း ဖြစ်ပါသည်။

စိုင်းခမ်းညီက သူနှင့်လုံမေတို့ သားသမီးရတနာ ရယူပိုင်ဆိုင်ရတော့မည့်အကြောင်း ပထမဦးဆုံး ညီညီကိုယ်တိုင် သူ့ကို အသိပေးပြောကြားတုန်းက သူ့ကိုယ်တိုင် ညီဖြစ်သူ၏ စိတ်ကူးကြံစည်မှုအပေါ်မှာ အံ့ဩတုန်လှုပ်ခဲ့ရပါသည်။

သူ့ကို အသိပေးတိုင်ပင်ရုံ သက်သက်ဟု ထင်မြင်ယူဆခဲ့သဖြင့် ပြင်းထန်သော ပြစ်တင်ဝေဖန်မှု မပြုခဲ့သည့်တိုင် နောင်တစ်ချိန်မှာ ပြဿနာရှုပ်ထွေးလာနိုင်စရာ ရှိကြောင်းလောက်ကိုသာ ကန့်ကွက်သည့်သဘောမျိုး ပြောဆိုတားမြစ်ခဲ့သည်။

သို့ပါသော်လည်း ညီညီက သူ့အစီအစဉ်ကို လုံးဝလက်မလျှော့





ခဲ့ပါ။ သူပြောဆိုအကြံပေးတာကို လက်ခံပါသည်၊ မငြင်းပါဟုဆိုသဖြင့် စိတ်သက်ရာရသွားကာ ညီညီတော့ဖြင့် လက်လျှော့သွားလောက်မှာပါဟု ထင်မြင်ယူဆခဲ့သော သူ့ထင်မြင်ချက်က သွက်သွက်ခါအောင်မှားယွင်းခဲ့ရပါသည်။

အကြောင်းက ညီညီ၏ ပြင်းပြသော စိတ်ဆန္ဒကို အကောင်အထည်ဖော်ဆောင်ခွင့် ရရှိရန်ကိစ္စမှာ သူကိုယ်တိုင် ဓာတ်ကောင်နေရာက ပါဝင်ပတ်သက်လာသောကြောင့် သူအံ့ဩတုန်လှုပ်ခဲ့ရသည်။

ညီ့အစီအစဉ်ကို လုံးဝမဖြစ်နိုင်ပါဟု ပြင်းထန်စွာ ကန့်ကွက်ခဲ့သည်။ ခါးခါးသီးသီး ငြင်းပယ်ခဲ့သည်။ ဘယ်လိုမှ မဖြစ်နိုင်ကြောင်း သူ့ရှင်းပြခဲ့သည်။

သူ့စကားကို ညီညီက အတိုက်အခံ မငြင်းပါ။ သူပြောသမျှကို လက်ခံနားထောင်ပေးခဲ့ပါသည်။

ပြီးမှ သူဖြစ်ချင်တာတွေ ဖြစ်သင့်တာတွေကို တစ်ခုချင်းရှင်းပြခဲ့သည်။ ညီပြောသလို သူ့မှာလည်း သားသမီးမထွန်းကားခဲ့ပါ။

ညီ့အတွက်လည်း ထွန်းကားလာနိုင်စရာ အကြောင်းက မရှိတော့သဖြင့် သူတို့ညီအစ်ကို ပိုင်ဆိုင်သမျှကို အမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မှ မရှိဘဲ လက်လွှတ်ဆုံးရှုံးခံဖို့ဆိုတာ လုံးဝအဖြစ်မခံနိုင်ပါ။

ဒီတော့ သူတို့ရင်သွေးစစ်စစ် တစ်ယောက်ကို မဖြစ်မနေရယူပိုင်ဆိုင်နိုင်မှ ဖြစ်ပေတော့မည်။ ထိုအခြေအနေကို လက်တွေ့အကောင်အထည်ဖော်ရန် ဆိုသည်မှာလည်း ညီညီ၏အစီအစဉ်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်နာဆောင်ရွက်ရန်မှ တပ်ပါ၊ တခြားနည်းလမ်းမရှိတာကိုလည်း သူငြင်း၍မဖြစ်ပါ။

ပြီးတော့ ညီပြောသလို ဒီအစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ရန် ကိစ္စမှာ သိမည့်သူကလည်း သူနှင့်ညီညီ နှစ်ဦးတည်းဖြစ်ပါသည်။

သူတို့နှစ်ဦးကသာ ဖွင့်မပြောမချင်း ကလေးအဖေ မည်သူမည်ဝါဆိုတာ မည်သူမှ သိကြမည်မဟုတ်ပါ။

တခြားသူတစ်ယောက်က ကလေး၏ဖခင်နေရာကို ရယူသွားမည်ဆိုလျှင် တစ်ချိန်ချိန်မှာ သတင်းပေါက်ကြားပြီး ရှုပ်ထွေးမှုပြဿနာတွေ ဖြစ်လာနိုင်စရာရှိသော်လည်း အခုကိစ္စမှာ ပြဿနာဖြစ်လာခဲ့သည့်တိုင်အောင် ကလေး၏ဖခင်မှာ စိုင်းရွှက်ခမ်းကိုယ်တိုင်မို့ သူတို့၏ သွေးစစ်စစ်ဖြစ်သည့်အတိုင်း တခြားရှုပ်ထွေးစရာ ပြဿနာမရှိပါ။

စိုင်းခမ်းညီကိုယ်တိုင်ကလည်း သား၏ဖခင်မှာ အစ်ကိုဖြစ်သူစိုင်းရွှက်ခမ်းကလွဲ၍ တခြားမည်သူမှ မဖြစ်စေရဟု ဆိုပါသည်။

ဆိုဆုံးဖြတ်ချက်အတိုင်း သူတို့ညီအစ်ကို အကောင်အထည်ဖော်ခဲ့သည့်ကိစ္စက အောင်မြင်ခဲ့ပါသည်။ အထူးကုဆရာဝန်ကြီးများ၏ အကူအညီကို ယူခဲ့ပြီးနောက် သူနှင့် လုံမေတို့၏ ရင်သွေးရတနာလေးက အခုဆိုလျှင် လုံမေ၏ ဝမ်းကြားတိုက်မှာ ကိန်းအောင်းသန္ဓေတည်လျက် ရှိလေပြီ။

မေရယ်... ။





ချာတိတ်ရယ်... ။

ချာတိတ်ရဲ့ကိုယ်မှာ လွယ်ပိုးထားရတဲ့ သားသားရဲ့ ဖခင်ဟာ ချာတိတ် သိပ်မုန်းတီးလှပါတယ်ဆိုတဲ့ ကိုကိုကိုယ်တိုင်ဆိုတာ သိခွင့်ရခဲ့မယ်ဆိုရင် သားရဲ့အနာဂတ်ဟာ မတွေးဝံ့စရာပါလားဗျာ။

ဟင်း... ။

အဖေ့ကို မုန်းတဲ့အမုန်းက သားဆီကိုများ ဆက်နေဦးမှာလားဆိုတာ တွေးမိတိုင်း ကိုကို့ရင်ထဲမှာ မချိအောင် ခံစားရပါတယ်လေ။

ဒါပေမဲ့ ဒီလိုအဖြစ်မျိုးဟာ ကိုကိုနဲ့ လုံမေအကြားမှာ ဘယ်တော့မှ ဖြစ်လာနိုင်စရာ မရှိဘူးဆိုတာ ကိုကို ယုံကြည်ပါတယ်ဗျာ။

သားရဲ့ဖေဖေ ဘယ်သူဆိုတာ သိတဲ့လူဟာ ကိုကိုနဲ့ညီညီအပြင် တတ်ကျွမ်းနားလည်ကြတဲ့ ဆရာဝန်ကြီးတွေပါ။

သူတို့ကတော့ သူတို့ရဲ့ ပညာဂုဏ်၊ သမားဂုဏ်နဲ့ စောင့်ထိန်းရမယ့် တာဝန်ဝတ္တရားတွေကြောင့် ဘယ်တော့မှ ထုတ်ဖော်ပြောမှာမဟုတ်သလို ညီနဲ့ကိုကိုကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်တော့မှ ထုတ်ဖော်ပြောကြမဲ့သူတွေ မဟုတ်ပါဘူးဗျာ။

ကိုကိုတစ်ယောက်တည်း အစိုးရိမ်လွန်နေတာ ဖြစ်မှာပါ။

ကိုကိုစိုးရိမ်သလိုလည်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါဘူးလေ... ။

တစ်ခုပဲ... တစ်ခုတည်းပါပဲ... ။

သားရဲ့ဖေဖေဟာ ကိုကိုကိုယ်တိုင် ဖြစ်နေရတဲ့အတွက်တော့ ကိုကို့ရင်တွေ သိပ်ခုန်နေမိသလို စိတ်တွေလည်း သိပ်လှုပ်ရှားနေမိ

www.burmeseclassic.com



တယ်ဗျာ… ။

အဲ့ဒါလေးတစ်ခုတော့ ကိုကို့ကို ခွင့်လွှတ်ပေးကြပါ ညီနဲ့ လုံမေရယ်… ။

ကိုကို့ကို ခွင့်လွှတ်နားလည်ပေးကြပါ။ ရင်ထဲက စကားတွေကို တစ်ယောက်တည်း ကျိတ်ပြီး ဆိုညည်းနေမိပါသည်။ သူနှင့်လုံမေတို့၏ ဖန်ပြွန်သန္ဓေသားက အောင်မြင်စွာ လုံမေ့ကိုယ်မှာ တွယ်ငြိလျက် ရှိနေခဲ့ပြီမို့ အမြတ်နိုးဆုံး ချစ်ရသူ၏ ရင်ထဲမှာ ခိုအောင်းမှီတွယ်နေသော သားနှင့်အမေအပေါ်မှာ သူ့ရင်ထဲက ခံစားချက်တွေ လှိုက်ဖြာတုန်ယင်နေမိသည်။

လုံမေနှင့် သူ့အကြောင်းကို ညီညီက သိထားသူ မဟုတ်တော့ ပို၍ဆိုးပါသည်။ ညီညီ့ဘက်က ရိုးသားဖြူစင်လေ သူ့ဘက်က ပို၍ ခံစားရလေ ဖြစ်ပါသည်။

ညီရယ်… ။

ကိုကို အတတ်နိုင်ဆုံး ကြိုးစားပြီး လုံမေ့အပေါ်မှာ ရိုးသားဖြူစင်ဖို့ အကြိမ်ကြိမ် အားထုတ်ခဲ့ပါတယ်။

ဒါပေမဲ့ ညီရယ်… ။

ကိုကို ဘယ်လိုမှ မေ့လို့မရနိုင်တာ ကိုကိုလည်း မတတ်နိုင်ခဲ့ဘူး ညီ… ။

အဲ့ဒီလို အခြေအနေကြားမှာ အခုလိုကိစ္စတွေ ဖြစ်လာခဲ့ပြန်တော့ ကိုကို့မှ မခံစားရရင် ဘယ်သူလာပြီး ခံစားတော့မှာလဲဗျာ… ။

သားနှင့် သားရဲ့မေမေ။





သူ့မျက်ဝန်းအစုံကို တင်းကျပ်စွာ ပိတ်ပစ်လိုက်သည်။

ညီနှင့်လုံမေတို့၏ သတင်းကို ကြားကြားချင်း ချယ်ရီတစ်ယောက် ဝမ်းသာလွန်း၍ မျက်ရည်ကျခဲ့သည်။

ပြီးတော့ မိန်းမသားပီပီ သူမလည်း လုံမေ့လို သားသမီးရတနာ ရယူလိုကြောင်း သူ့ကို ဖြေရာဆိုဆန္ဒပြုလာသည်။

သို့ပါသော်လည်း ကျန်းမာရေးအခြေအနေက သိသာစွာ ဆိုးရွားလာသော ချယ်ရီ့အခြေအနေက စိတ်ဆန္ဒရှိသလောက် ခန္ဓာကိုယ်က လိုက်ပါနိုင်ခြင်း မရှိတော့ပါ။

ဒီတော့လည်း ရသေ့စိတ်ဖြေသဘောမျိုး လုံမေရှိရာကို မကြာခဏ သွားလည်ရင်း မိခင်လောင်း လုံမေကိုသာ အရိပ်တကြည့်ကြည့် လုပ်နေတတ်သည်။

လုံမေကိုယ့်ဝန်က လေးလဟုဆိုသော်လည်း အပျိုဗိုက်မို့ သိပ်ပြီး သိသာစွာ ရုပ်ထွက်ခြင်းမရှိသေးပါသော်လည်း လုံမေ့ကို ဝယ်ပေးထားသည့် ဗိုက်ဖုံးအင်္ကျီရောင်စုံများကြောင့် တစ်နေ့တစ်မျိုး ဝတ်၍မကုန်နိုင်အောင် ဖြစ်နေပါသည်။

"ဟော့… မောင်က ဒီမှာရောက်နေတာကိုး"

"ဪ… ချယ်ရီ လာလေ"

ချယ်ရီ့အသံကြောင့် အတွေးစများ ပြတ်သွားသလို သူ့အပါးမှ နီးကပ်စွာ ထိုင်ချလိုက်သည့် ချယ်ရီလက်ကလေးကို ညင်သာစွာ ဆွဲယူဆုတ်ကိုင်လိုက်ပါသည်။

"နေလို့ကောင်းရဲ့လား ချယ်ရီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ မောင်ရယ်၊ နေရထိုင်ရတာ အရင်လိုတော့ ဘယ်ဟုတ်ပါ့မလဲ"

"မောသလား ချယ်ရီ၊ မောင် ဒေါက်တာကို ဖုန်းဆက်ခေါ်လိုက်မယ်လေ"

"နေပါစေမောင်၊ ချယ်ရီ နေလို့ရပါသေးတယ်၊ မောင့်အနားမှာ ချယ်ရီ အခုလို ဘယ်အချိန်ထိပဲ နေခွင့်ရမလဲ မသိဘူးနော်"

ချယ်ရီ့အသံလေးက အဆုံးသတ်မှာ တုန်ယင်တိုးဝင်သွားတာကို ကြားရတော့ စိုင်းရွက်ခမ်း ရင်နာရပြန်ပါသည်။

ချယ်ရီ့ကို ချစ်သူတစ်ယောက်လို မြတ်မြတ်နိုးနိုး လှိုက်လှဲစွာ မချစ်မိပေမဲ့ သူ့အပေါ်မှာ အစစအရာရာ အနစ်နာခံ ချစ်ခဲ့သူလေးမို့ သနားကြင်နာစိတ်နှင့်အတူ ရောဂါဝေဒနာခံစားနေရသူလေးအဖြစ် သူ့ရင်မှာ ထိခိုက်ကြေကွဲရပါသည်။

"စိတ်မကောင်းစရာတွေ ဘာလို့တွေးနေရတာလဲ ချယ်ရီရယ်၊ မောင့်အနားမှာ ချယ်ရီ ထာဝရအတူရှိနေနိုင်မှာပါ"

"မောင်ပြောသလိုပဲ ဖြစ်လိုက်ချင်ပါတယ်လေ၊ ဒါပေမဲ့ ချယ်ရီခံစားနေရတဲ့ ရောဂါဝေဒနာက ချယ်ရီ့ကို အဲ့ဒီအချိန်ထိ လိုက်လျောခွင့်ပြုနိုင်မှာမဟုတ်ပါဘူး"

"ချယ်ရီရယ်... "

"ဘာလို့ ဒီလိုစကားတွေ ပြောနေရတာလဲ၊ မမြင်ရတဲ့ အနာဂတ်ကို ကြိုတွေးပြီး ပူပင်သောက ရောက်နေမယ့်အစား လက်ရှိအခြေအနေကိုပဲ မောင်တို့အတွက် အကျိုးရှိရှိ အသုံးချတန်ဖိုး





ထားတာ အကောင်းဆုံးမဟုတ်ဘူးကွယ်"

ချယ်ရီ့ကိုယ်လေးကို ရင်ခွင်မှာ ညင်သာစွာ ထွေးယူပိုက်ထွေးရင်း မျက်ရည်ကြည်တွေ ပြည့်အိုင်နေသည့် မျက်ဝန်းအစုံ မှေးမှိတ်ငြိမ်သက်သွားအောင် အနမ်းများဖြင့် ဖွဖွရှိုက်နမ်းနှစ်သိမ့်မိပါသည်။

မျက်ဝန်းအမိုတ်မှာ ကြွေကျသွားသည့် မျက်ရည်စက်များကို လက်ချောင်းများဖြင့် ညင်သာစွာ ဖယ်ရှာပေးလိုက်သည်။

"ချယ်ရီ"

"မောင်"

"ဘာမှအားမငယ်နဲ့နော်၊ ချယ်ရီ့အနားမှာ မောင်တစ်ယောက်လုံး ရှိပါသေးတယ် အချစ်ရယ်၊ 'ဝမ်းနည်းစိတ်ထိခိုက်စရာတွေ ဘာတစ်ခုမှ မတွေးပါနဲ့ဗျာ"

"မောင်ရယ်... "

သူ့ရင်ခွင်ထဲကို တိုးဝ ်လာသည့် ချယ်ရီ့ကိုယ်လေးကို တင်းကျပ်စွာ ထွေးပိုက်ရင်း ချယ်ရီ့ဦးခေါင်းလေးကို ကလေးတစ်ယောက်လို ညင်သာစွာ ပွတ်သပ်ပေးနေမိသည်။

ချယ်ရီ့မိဘနှစ် ါးစလုံး နိုင်ငံခြားကို ထွက်ခွာသွားကြသည့် အချိန်မှာ ချယ်ရီက သူ့မျက်နှာတစ်ခုထဲဖြင့် သူနှင့်အတူ နေကျန်ရစ်ခဲ့သူ။

အခုလို မကျန်းမာချိန်မှာ မိဘတွေကို ပို၍တမ်းတနေမည် ထင်ပါသည်။ အထူးကုသမားတော်များနှင့် ဆေးကုသမှုခံယူနေပါသော်လည်း ချယ်ရီ့ရောဂါက ခွဲစိတ်ကုသရန် အခြေအနေကို ကျော်လွန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီမို့ သူမကို စိတ်ချမ်းသာအောင် အထူးဂရုစိုက်ထားရန်မှလွဲ၍ တခြားနည်းလမ်း မရှိတော့ပါ။

"မောင်"

"ဟင်... "

ချယ်ရီ့အသံက တိုးတိုးလေးဖြစ်သလို သူမမျက်ဝန်းအကြည့်လေးတွေကလည်း ရီဝေမှေးမှိန်နေပါသည်။

"ချယ်ရီလေ လုံမေ့ကို သိပ်အားကျတာပဲ မောင်ရယ်၊ မောင့်ကို သိပ်ချစ်လွန်းလို့ မောင့်အလိုဆန္ဒတွေအားလုံးကို လိုက်လျောဖြည့်ဆည်းပေးချင်ပေမဲ့ ချယ်ရီ့ရဲ့သိုလ်ကံက ပါမလာခဲ့ဘူးလေ"

"ချယ်ရီရယ်၊ မောင့်ကို ချစ်တယ်ဆိုရင် အဲ့ဒီအကြောင်းတွေ ချယ်ရီ မတွေးပါနဲ့ကွယ်"

"လာ... ချယ်ရီ့ကို မောင်ကိုယ်တိုင် ချော့သိပ်မယ်"

"မောင်ရယ်... "

စိုင်းရွက်ခမ်းက ချယ်ရီ့ကိုယ်လေးကို ကလေးတစ်ယောက်လို တသိမ့်သိမ့် ကြည်နူးနှစ်သိမ့် သွားပါသည်။

ဘာအတွက်ကြောင့်ပဲဖြစ်ဖြစ် စိုင်းရွက်ခမ်းဆီမှ အကြင်နာမေတ္တာများကို ရရှိခြင်းကိုပဲ ကျေနပ်နေသူဖြစ်ကြောင်း မောင့်ရင်ခွင်မှာ ကလေးတစ်ယောက်လို ခိုဝင်မှီခို လိုက်ပါရင်း တိတ်တခိုးလေး ပြောကြားနေမိပါတော့သည်။

* * *





## အခန်း (၁၀)

"ဟေး... ချစ်... ကြည့်စမ်း၊ မီးဖိုထဲဝင်ပြီး ဘာတွေလုပ်နေတာတုန်းဗျ"

"လာခဲ့... လာခဲ့... ချစ်ကို မောင် ဘာပြောထားလဲ၊ အိမ်မှုကိစ္စတွေ ဘာတစ်ခုမှ မလုပ်ရဘူးဆိုတာ နားမထောင်ဘူးပေါ့လေ ဟုတ်လား"

"အခုလဲ ဘာတစ် ... မလုပ်ပါဘူး မောင်ရဲ့၊ မေက အနားတနေ ပြောပြပေးရုံပါ"

အပြင်က ပြန်ရောက်ရောက်ချင်း ဇနီးသည်၏ ငွေလမင်းလို ဝင်းဝင်းစက်စက်မျက်နှာလေးကို အလျှင်ဦးဆုံး မမြင်မတွေ့ရ၍ လိုက်ရှာရင်း သူမအသံလေးကို မီးဖိုဆောင်ဘက်မှ ကြားလိုက်ရသဖြင့် စိုင်းခမ်းညီ အပြေးရောက်ရှိလာရခြင်း ဖြစ်ပါသည်။

ထို့နောက် ပန်းနုရောင် ဗိုက်ဖုံးအင်္ကျီဖားဖားကြီးနှင့် လှချင်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



လှနေသည့် ဇနီးသည်၏ လက်ကိုဆွဲကာ အပြင်သို့ခေါ်လာရင်း အခုလို အူတုန်အသည်းတုန် ဆိုနေခြင်း ဖြစ်ပါသည်။

"ဘာမှပြောပြပေးနေစရာမလိုဘူးဗျာ၊ သူတို့ဘာသာ သူတို့ အဆင်ပြေအောင် ချက်ပြုတ်ကြလိမ့်မယ်"

"စားချင်တာရှိရင် သူတို့ကို ပြောလိုက် ချစ်၊ ကိုယ်တိုင် မီးဖိုထဲကို လိုက်ဝင်နေစရာမလိုဘူးဗျာ"

"မတော်တဆ ချစ်နဲ့ သားသား တစ်ခုခုဖြစ်သွားမယ်ဆိုရင် မောင် ရူးမယ်ဗျာ၊ သိရဲ့လား"

"မောင်ရယ်"

လုံမေ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ ညင်သာစွာ ဖက်ထွေးရင်း သူဆိုလိုက်ခြင်း ဖြစ်ပါသည်။ အသက်မက ချစ်မြတ်နိုးရသော ဇနီးနှင့် ရှားရှားပါးပါး ရရှိထားသည့် သားအတွက် သူ့ရင်မှာ အမြဲစိုးရိမ်နေရသည့်အဖြစ်ကို သူပဲအသိဆုံး ဖြစ်ပါသည်။

"နောက်ဆို မောင်မကြိုက်တာ မေ ဘာတစ်ခုမှ မလုပ်တော့ပါဘူး မောင်ရယ်၊ မေ့ကိုယ်မေ သတိထားပြီး ဆင်ခြင်နေပါ့မယ်"

လုံမေ့က သူ့ရင်ခွင်ထဲက မျက်ဝန်းရွှဲရွှဲကြီးများဖြင့် သူ့မျက်နှာချောချောကို မော့မော့လေးကြည့်ရင်း ဆိုလိုက်ရာ လှပလွန်းသော မေ့ပါးပြင်လေးကို ဖွဖွရှိုက်နမ်းလိုက်ရင်း...

"မေရယ်၊ မောင် အခုလိုပြောရတာ မောင် သိပ်ချစ်တဲ့ မေနဲ့ သားအတွက်မို့ပါဗျာ"

"မေ နားလည်ပါတယ် မောင်ရယ်၊ မေတို့သားအမိကို





မောင် ဘယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ မေသိပါတယ်ရှင်"

"မေရယ်"

"ကဲ... ထ၊ မောင်လဲ အပြင်ကပြန်လာတာ ပင်ပန်းရောပေါ့ မေနဲ့အတူ ရေချိုးပြီး ထမင်းစားကြမယ်"

"ကောင်းပါပြီချစ်ရယ်"

"လာ... မေက မောင့်လက်ကိုတွဲ"

"ရပါတယ်မောင်ရဲ့"

စိုင်းခမ်းညီက သူ့လက်ကို တွဲခိုင်းနေသဖြင့် လုံမေ အပြုံးလေးဖြင့် ဆိုလိုက်ခြင်းဖြစ်သော်လည်း မောင့်စိတ်ချမ်းသာအောင် မောင့်လက်မောင်းကြီးကို သူမလက်ကလေးများဖြင့် တွဲခိုချိတ်ဆက်လိုက်ပါသည်။

"ဒီလိုမှပေါ့ အချစ်ရဲ့၊ ဆေးရော မှန်မှန်သောက်ရဲ့လားဟင်"

"သောက်ပါတယ် မောင်၊ လမ်းလဲမှန်မှန်လျှောက်ပါတယ်"

"ဒီလိုမှပေါ့ဗျာ၊ မောင့်မိန်းမက သိပ်လိမ္မာတာပဲ၊ အဟွန်း... ဟွန်း... ဟွန်း"

"အဟင်း... ဟင်း... ဟင်း"

ဇနီးမောင်နှံနှစ်ဦးအတူ ကြည်မွေ့စွာ ရယ်မောလိုက်သံလေးက ခြံဝန်းလေးအတွင်းဝယ် ညင်သာစွာ စီးမျောပျံ့လွင့်သွားသည်။

စိုင်းခမ်းညီ၏ဘဝက လုံမေနှင့်သား ဖြစ်သလို လုံမေ့ဘဝသည်လည်း မောင်နှင့်သားတို့သာ ဖြစ်သည့်အတိုင်း ဟိုတုန်းက



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကြေကွဲရမတတ် ခံစားခဲ့ရသော အဖြစ်အပျက်တို့ မေ့လျော့ပျောက်ဆုံးသွားရသလို လက်ရှိအခြေအနေမှာပဲ အကျေနပ်ကြီးကျေနပ်ပျော်ရွှင် ကြည်နူးနေခဲ့ကြပါသည်။

"မေ"

"ရှင်..."

"မေနဲ့တူတဲ့ သမီးလေးတစ်ယောက်၊ မောင်နဲ့တူတဲ့ သားလေးတစ်ယောက်၊ တစ်ခါတည်းမွေးရင် သိပ်ကောင်းမှာပဲနော်"

စိုင်းခမ်းညီက မေ့ဝမ်းဗိုက်စူစူပုံပုံလေးကို သူ့လက်ချောင်းများနှင့် ညင်သာဖွဖွတို့ထိရင်း သူဖြစ်ချင်သည့်ဆန္ဒကို တောင်းဆိုလိုက်ခြင်းဖြစ်သည့်အတွက် မောင်လောဘကြီးမှုကို လုံမေ အသံလွင်လွင်လေးဖြင့် ရယ်မောလိုက်မိပါသည်။

"ဖြစ်လာမှာပေါ့ မောင်ရယ်၊ ဒီသားတစ်ယောက်ကိုပဲ အရင်နိုင်အောင်ထိန်းဖို့ ကြိုးစားစမ်းပါဦးရှင့်"

"သားက ဘာဖြစ်လို့လဲ၊ မေနဲ့တူရင် လိမ္မာမှာပေါ့ဗျာ"

"အဟင်း၊ မောင်နဲ့တူရင်လဲ လိမ္မာမှာပဲမဟုတ်လား"

"လိမ္မာမှာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မောင့်လိုပဲ ဇွတ်တရွတ်လုပ်မှာတော့ စိုးရတယ်"

စိုင်းခမ်းညီစကားကြောင့် လုံမေ ချစ်လင်ကို မျက်စောင်းဖွဖွလှမ်းထိုးရင်း ပြုံးလိုက်သည်။

"မောင့်သားပဲလေ၊ မောင့်လိုပဲရှိမှာပေါ့၊ နေရာတကာ သူ့စိတ်ဆန္ဒချည်းပဲ"





"ဟွန်း... အဲဒါနဲ့ပဲ၊ လူကို ဇွတ်အတင်း သိမ်းပိုက်လိုက်တယ်ပေါ့လေ ဟုတ်လား"

လင်မယားနှစ်ယောက် အိပ်ရာထက်မှာ အတူထွေးဖက်အိပ်စက်ရင်း ဟိုးတုန်းက အကြောင်းလေးများကို ပြန်ပြောနေမိကြခြင်းဖြစ်သည်။

စိုင်းခမ်းညီက ချစ်ဇနီး၏ လှပသောမျက်နှာလေးအနှံ့ ခပ်ဖွဖွလျှောက်နမ်းနေရာမှ လုံမေလက်သီးဆုပ်ကလေးက သူ့ရင်ဘတ်ကြီးကို မနာကျင်အောင် ထုရိုက်လာသဖြင့် သူမလက်ကလေးကို ဖမ်းဆုတ်ကာ ဆွဲယူရှိုက်နမ်းလိုက်ရင်း...

"အဟွန်း... ဟွန်း... ဟွန်း"

"ချစ်ကို မောင်က သိပ်ချစ်နေတာကိုးဗျာ၊ ပြီးတော့ အခြေအနေကလဲ မောင့်ဘက်မှာ ရှိနေတာဆိုတော့ မောင် ဘယ်လိုလုပ် စိတ်ထိန်းနိုင်တော့မှာတုန်း"

"အဲဒီနေ့က ချစ်က သိပ်လှနေတာလဲ ထည့်ပြောဦးမှပေါ့"

"တော်ပါ၊ မောင့်ဘာသာ လူဆိုးလုပ်ပြီးမှ မေ့ကို ဆွဲမထည့်ပါနဲ့"

မျက်စောင်းလှလှကြီးတစ်ခု သူ့ထံ ဒိုင်းခနဲ ဝဲပျံရောက်ရှိလာခြင်းကြောင့် သူ မေ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ တင်းနေအောင် ဆွဲယူပွေ့ဖက်ပစ်လိုက်သည်။

"ဆွဲထည့်တာ မဟုတ်ဘူးဗျာ၊ အဖြစ်မှန်ကို ပြောပြနေတာ၊ ချစ်ပဲစဉ်းစားကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုစဉ်းစားရမှာလဲ"

"အဲဒီတုန်းကသာ ချစ်ကို သနားပြီး မောင်ပြန်သွားခဲ့ရင် ချစ်နဲ့မောင် အခုလို ဇနီးမောင်နှံ ဖြစ်လာနိုင်ပါဦးမလားဗျာ"

"အာ... မောင်မကောင်းဘူး သိလား"

မျက်နှာရဲရဲလေးဖြင့် မောင့်ရင်ခွင်ထဲကို တိုးဝင်လိုက်တော့ မောင်က ကြည်နူးစွာ ရယ်ပါသည်။

"အဟွန်း... ဟွန်း... ချစ်က အခုချိန်ထိ ရှက်နေတုန်းကိုဗျာ၊ မောင်ကောင်းလို့ ချစ်ရဲ့၊ အခုလိုနေရတာ မဟုတ်ဘူးလား မာမီကြီးရဲ့"

"ဟုတ်ပါသတဲ့ရှင်... ဟုတ်ပါသတဲ့၊ ကဲ... ကျေနပ်ပြီလား"

"ဟင့်အင်း... မကျေနပ်ဘူး"

"ဟင်.... ဘာဖြစ်လို့"

"ဒါဖြစ်လို့လေ"

"အို... "

စကားသံလေးက ပျောက်ဆုံးသွားအောင် မောင်က တုတ်နှောင်လိုက်ပါသည်။ လုံမေ မောင့်ကိုယ်ကြီးကို တင်းကျပ်စွာ ဖက်ထားမိပါသည်။

လုံမေ့ဘဝမှာ မောင်မှလွဲ၍ အားကိုးစရာမရှိပါ။ မောင့်ကို မေ သိပ်ချစ်ပါသည်။ မောင့်၏ဆန္ဒအတိုင်း သားကို ကိုယ်ဝန်ဆောင်ခဲ့ပြီးသည့် နောက်ပိုင်းအချိန်များမှစ၍ မောင့်ကို ဟိုးအရင်တုန်းကပုံစံအတိုင်း လန်းဆန်းတက်ကြွစွာ ပြန်လည်တွေ့မြင်ခွင့်ရခြင်းက လုံမေ့အတွက် ပျောက်ဆုံးသွားသော အဖိုးတန်ရတနာကို ပြန်လည်ရှာဖွေ





တွေ့ရှိခြင်းလည်း ဖြစ်ပါသည်။

"သိပ်ချစ်တယ် မေရယ်"

"မေလဲ မောင်နဲ့ထပ်တူပါပဲရှင်"

"မေရယ်"

"မောင့်ကို မေ သိပ်ချစ်တယ်"

"မောင်လဲ မေ့ကို ချစ်တယ်"

"သိပ်ချစ်တယ်ကွာ"

"မောင်... "

"မောင်ရယ်"

လိုက်လှဲနွှေးထွေးခြင်း၊ ကြည်နူးနှစ်သိမ့်ခြင်း၊ အကြင်နာအယုအရများကြားမှာ ခံစားကြေကွဲခဲ့ရသမျှ သောကဗျာပါဒတွေ ပျောက်ဆုံးလျက် အိမ်ကြီးတစ်အိမ်လုံးမှာ...

စိုင်းခမ်းညီနှင့် လုံမေတို့ ချစ်ခြင်းမေတ္တာများ ဝေစီနေသည့် စကားပြောသံလေးများ ရယ်မောသံလေးများသာ အချိန်ပြည့် စိုးမိုးနေရာယူထားခြင်းဖြင့် မြင်ရကြားရသူအပေါင်းကို စိတ်ချမ်းမြေ့မှု ဖြစ်ပေါ်စေပါသည်။

လုံမေ၏ ကိုယ်ဝန်ကြီးမှာလည်း တစ်နေ့တခြား ကြီးမား ပေါ်လွင်လာခဲ့သလို မောင့်ထံမှ အကြင်နာအယုအရများကလည်း ပို၍ သိပ်သည်းလာခဲ့ပါသည်။

လုံမေ့ကို သူ့မျက်စိရှေ့က အပျောက်မခံနိုင်အောင် ရှိနေတတ်ပြီး သူမ ပျောက်သွားသည်နှင့် သူမအမည်လေးကိုသာ ခေါ်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့်...

လုံမေ့မှာ သူမအပေါ် ချစ်ကြင်နာမြက်နိုးလှသည့် ခင်ပွန်းသည်၏ အချစ်များအတွက် ကျေနပ်ကြည်နူးစိတ်ဖြင့် ရင်ဖိုနွေးထွေးရသလို မောင့်ကို နှုတ်လိုသဖြင့် တစ်ခါတလေ တမင်ပုန်းနေတတ်ပြီး မောင် ပျာယာခတ်နေလျှင် တစ်ယောက်တည်း ကျိတ်ရယ်နေပြီးမှ မောင့်ရှေ့ကို ဘွားခနဲ သွားရောက်ကိုယ်ထင်ပြပြီး မသိသလိုလေး လုပ်နေလိုက်ခြင်းဖြင့် မောင့်ရင်ကအပူကို ငြိမ်းအေးသက်သာစေလိုက်ပါသည်။

"ကြည့်စမ်း... ချစ်က မောင့်ကို ပုန်းနေတာပေါ့လေ၊ ဟုတ်လား"

"အဟင်း... ဟင်း... မေက မောင့်ကို တမင်စချင်လို့ပေါ့ နော်၊ မောင် သိပ်စိတ်ပူသွားလားဟင်"

မောင့်ရင်ခွင်မှာ ခိုဝင်ရင်း သူမဆိုလိုက်တော့ နဖူးပြင်ဖွေးဝင်းလေးကို ငုံ့နမ်းရင်း မောင်က လုံမေ့မျက်နှာလေးကို ခပ်ပြုံးပြုံး စူးစိုက်ကြည့်နေပါသည်။

ပြီးမှ...,

"မေ့အတွက် မောင် ဘယ်လောက်စိတ်ပူသွားတယ်ဆိုတာ မေသိချင်လား"

"သိချင်တာပေါ့ မောင်ရဲ့"

"ကောင်းပြီ၊ သိရစေမယ်၊ ဒါပေမဲ့ အခုတော့မဟုတ်ဘူးနော်၊ နောက်မှ... "





"မောင်ကလဲ အခုပြောလိုက်တော့ ဘာဖြစ်မှာမို့လဲ"

"အခုပြောလို့ မရလို့ပေါ့ဗျာ၊ လာ... ခြံထဲမှာ လမ်းလျှောက်ကြမယ်"

မောင်က လုံမေ့လက်ကလေးကို ယုယစွာတွဲပြီး ခြံဝန်းကျယ်ကြီးထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေကြစဉ်မှာပင် ခြံထဲကို ကားတစ်စီးဝင်လာတာကို တွေ့လိုက်ရသည်။

"ဟော့... ဟိုမှာ ကိုကိုလာပြီ၊ လက်ထဲမှာလဲ အထုပ်တွေနဲ့၊ သူ့တူအတွက် ဝယ်လာပြန်ပြီထင်တယ်"

မောင့်စကားကြောင့် လုံမေ့မျက်နှာလေး သိသာစွာ တင်းမာသွားတာကို မောင် မမြင်တွေ့လိုက်ပါ။ အစ်ကိုဖြစ်သူလာ၍ လှိုက်လှဲပျော်ရွှင်နေသော မောင့်အသွင်သဏ္ဌာန်ကို ငေးကြည့်ရင်း လုံမေ သက်ပြင်းခိုးရှိုက်လိုက်ပါသည်။

"ကိုကိုတစ်ယောက်တည်းလားဗျာ"

သူတို့ရှိရာကို လျှောက်လာသည့် စိုင်းရွက်ခမ်းကို နှုတ်ဆက်လိုက်သည်။

"အေးကွ၊ မင်းအစ်မက လူလိုက်မလာနိုင်ပေမဲ့ သူ့တူအတွက်ဆိုပြီး သူကိုယ်တိုင်ထိုးထားတဲ့ ပစ္စည်းလေးတွေ ပေးလိုက်တာနဲ့ ယူလာခဲ့တယ်"

"ဘာပစ္စည်းတွေများလဲ ကိုကိုရ၊ ပြစမ်းပါဦး"

ညီဖြစ်သူက စိုင်းရွက်ခမ်း လှမ်းပေးသည့် ပစ္စည်းထုပ်ကို စိတ်ဝင်စားစွာ ဖြည်ဖောက်နေစဉ်မှာပင် သူ့အကြည့်များက ကိုယ်ဝန်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖားဖားနှင့် လမင်းကြီးတစင်းလို ဝင်းဝင်းပပ လှရက်နိုင်လွန်းသူ ရှိရာကို ရောက်လို့သွားရပါသည်။

"နေကောင်းတယ်နော် လုံမေ"

"ဟုတ်ကဲ့"

သူ့ကိုမကြည့်ဘဲ ခင်ပွန်းဖြစ်သူ၏ မျက်နှာကို ငေးနေသော လုံမေ့ကို သူ နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။ လုံမေက သူ့ကို မကြည့်သလို ကြည့်သလို ခပ်ရှန်းရှန်းလေး ကြည့်၍ တုံ့ပြန်နှုတ်ဆက်လိုက်ပါသော်လည်း သူမရင်ထဲက သူ့အပေါ်ထားရှိသည့် အမုန်းနှင့် နာကြည်းမှုကို သူ သိနေပါသည်။

"ဟာ... ကြည့်စမ်းပါဦးမေ၊ ဒီမှာ သားအတွက် မမချယ်ရီ ကိုယ်တိုင် ထိုးပေးထားတာတဲ့"

"အဟွန်း... ဟွန်း... ဟွန်း"

"ဟယ်... အင်္ကျီဘောင်းဘီလေးတွေပါလား"

"ဟော့ဒီမှာ ဦးထုပ်နဲ့ ခြေအိတ်ကအစ အစုံပါတယ်ခင်ဗျာ"

မောင်က သူမလက်ထဲကို သားအတွက် ဦးထုပ်နှင့် ခြေအိတ်ကလေးများကို လုံမေလက်ထဲ ထည့်ပေးရင်း သဘောကျမဆုံး ရှိနေပါသည်။

"ချစ်စရာလေးတွေ မောင်ရယ်၊ လှလဲသိပ်လှတာပဲ၊ မမချယ်ရီကို သိပ်ကျေးဇူးတင်ပါတယ်"

လက်ထဲက အင်္ကျီပေါက်စလေးများကို နှစ်သက်စွာကြည့်ရင်း လှိုက်လှဲစွာ ဆိုလိုက်မိသည်။





"မမချယ်ရီရော နေကောင်းရဲ့လား ကိုကို"

စိုင်းခမ်းညီက ဆိုလိုက်ခြင်းဖြစ်သည်။

"အင်း... ဒီလိုပါပဲ၊ အခြေအနေ သိပ်ဆိုးဆိုးရွားရွားကြီး မဟုတ်တော့ နေကောင်းတယ်လို့ပဲ ပြောရမှာပေါ့"

"သားသားအတွက် ဒါတွေလုပ်ပေးနေရတော့ မမချယ်ရီ သိပ်ပင်ပန်းနေရှာမလား မောင်ရယ်"

လုံမေ စိတ်မကောင်းစွာ ဆိုလိုက်မိသည်။

လှပ၍ ချမ်းသာကြွယ်ဝသော မမချယ်ရီဘဝက လိုချင်တာ ရနိုင်ပေမဲ့ ကျန်းမာရေးမပြည့်စုံရှာသလို သူမအလိုချင်အတောင့်တဆုံး သားသမီးရတနာကို မရရှိနိုင်သူ ဖြစ်သည်။

"ဟုတ်တယ် ကိုကို၊ မမရဲ့ ကျန်းမာရေးကို ထိခိုက်မယ့် အလုပ်မျိုး ဘာတစ်ခုမှ ပေးမလုပ်ခိုင်းပါနဲ့ဗျာ"

"ကိုကိုလဲ ဘယ်လုပ်ခိုင်းချင်ပါ့မလဲ ညီရယ်၊ သူကိုယ်တိုင်ကိုက သူ့တူအတွက် အားကြိုးမာန်တက် လုပ်နေတာ၊ ထမင်းမေ့ဟင်းမေ့ ရောဂါပါ မေ့ဖြစ်တာခင်ဗျာ"

"မကောတော့ဗျာ"

"ကဲ... ကိုကိုပြန်ဦးမယ်၊ လိုအပ်တာရှိရင် ကိုကို့ဆီကို ဖုန်းဆက်ပါ"

"ဟုတ်ကဲ့ကိုကို"

"ညကျရင် လုံမေ မမဆီကို ဖုန်းဆက်ပါဦးမယ်"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ညီတို့နှစ်ယောက်ကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ ဘာကြောင့်မှန်းမသိ။ သူ လုံမေ့အနားမှာ ကြာရှည်အတူရှိနေရန် မဝံ့ရဲအောင် ဖြစ်နေသည်။

သူ့စိတ်ကို သူ မလုံတာလည်း ဖြစ်နိုင်ပါသည်။ ပြီးတော့ ပြုံးပျော်ကြည်နူးနေသည့် ညီညီ့မျက်နှာလေးကို တွေ့မြင်ရတိုင်း သူ့ရင်မှာ ကျေနပ်ခြင်းနှင့်အတူ နာကြည်းခြင်းကိုပါ ခံစားနေရသည့် အဖြစ်။

ညီနဲ့ လုံမေရယ်... ။

ကိုကို့ရင်ထဲက အဖြစ်တွေကို မင်းတို့ သိနိုင်ကြမှာ မဟုတ်ပါဘူးဗျာ... ။

သိ၍လည်းမဖြစ်ပါ။

တချို့တချို့သော အမှန်တရားတိုင်းဟာ လူတွေရဲ့ အသည်းနှလုံးကို နာကြည်းကြေကွဲစေတတ်တာမျိုးပဲ မဟုတ်လား။

သူ သက်ပြင်းရှိုက်လိုက်သည်။

ရင်ထဲက ဖြစ်ပေါ်နေသည့် စိတ်ဆန္ဒနှင့် ဆန့်ကျင်ဘက်အလုပ်တွေကို သူလုပ်ဆောင်နေရသည့်အတွက် သူ့ရင်ထဲက ခံစားနေရသည့် ပင်ပန်းဆင်းရဲမှုတွေကို သူသာ အသိဆုံးဖြစ်ပါသည်။

ဖြစ်နိုင်လျှင် သူ လုံမေ့အနားမှာ နေလိုပါသည်။ ပြီးတော့ သားနှင့် သားရဲ့မေမေကို တရှုံမလပ် စောင့်ကြည့်နေမည်။

သူ့အပေါ် ထားရှိသည့် သူမရင်ထဲက အမုန်းနှင့် နာကျည်းမှု





တွေကို သူ့ရင်ထဲက စစ်မှန်နွေးထွေးတဲ့ ချစ်ခြင်းမေတ္တာများဖြင့် ပြေပျောက်စေမည်။

အခုတော့ ထိုအရာများက သူနှင့် အဝေးဆုံးသော နေရာတစ်ခုမှာ ရောက်ရှိနေသလို သူ့အတွေး သူ့ရင်ထဲက စိတ်ဆန္ဒတွေဆိုတာလည်းကလည်း သူ့လိုလူတစ်ယောက်အနေနဲ့ မတွေးအပ်မကြံစည်အပ်သော အရာတွေ ဖြစ်နေပါပြီ။

ညီညီ့အတွက် သူ့အတွေးတွေက စည်းဘောင်ကျော်လွန်နေရုံမက လူယုတ်မာတစ်ယောက်လိုပင် လက်ညှိုးထိုးစွပ်စွဲချင်စရာပါ။

ညီရယ်... ။

ကိုကို့ကို ခွင့်မလွှတ်ပါနဲ့ကွာ... ။

နောက်ဆုံး သူ့ရင်ထဲက ခံစားချက်တွေကို အရက်တွေမူးအောင်သောက်ခြင်းဖြင့် ဖောက်ထွက်ခွင့်ပြုလိုက်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

လုံမေ စားပွဲပေါ်က နာရီလေးကို တစ်ချက်လှမ်းကြည့်လိုက်ရင်း မျက်နှာလေး တွန့်သွားပါသည်။

ကြည့်စမ်း... ။

ရှစ်နာရီတောင် ထိုးတော့မည်။

မောင်တစ်ယောက် အခုချိန်ထိ အိပ်ရာက မထသေး။ ဒါတော့ မောင် သိပ်လွန်နေပြီ။ စောစောက တစ်ခေါက်ဝင်ကြည့်ခဲ့ပြီးပြီ။

မောင့်ပုံစံလေးက မလှုပ်မရှက် နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲမို့ မနိုးရက်သဖြင့် မနက်စာကို မောင့်စိတ်ကြိုက် ပြင်ဆင်နေမိသည်။

အခုချိန်ထိ မောင် မနိုးသေးဘူးဆိုတော့ လုံမေ ရင်ပူလာရသည် ပေါ့။ မောင်တစ်ယောက် အခုလို တစ်ခါမှ အိပ်ရာထနောက်မကျဘူး ပါ။

မောင် နေမျှားမကောင်းလို့လား ဆိုသည့် အတွေးနှင့် မေ့ရင်





မှာ စိုးရိမ်စိတ်ကလေးဖြင့် မောင်ရှိရာကို ခပ်သွက်သွက်လေး လျှောက်သွားလိုက်သည်။

ပြီးတော့ မောင့်နဖူးပြင်လေးကို ခပ်ဖွဖွလေး စမ်းသပ်ကြည့် မိသည်။

ကိုယ်လည်းမပူပါဘူး။

မလှုပ်မယှက် ငြိမ်သက်နေသော မောင့်ပုံစံကို စေ့စေ့စူးစူးလေး ငေးစိုက်ကြည့်ရင်း လုံမေ့စိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်လာသည်။

"မောင်"

"မောင်"

မောင့်အမည်ကို လုံမေ တိုးတိုးလေး ခေါ်ကြည့်သည်။ မောင့်ထံမှ တုံ့ပြန်ထူးသံမကြားရသလို လူကလည်း လှုပ်ရှားခြင်းမရှိသဖြင့် လုံမေ ရင်တွေ တဒိတ်ဒိတ် ဖြစ်လာသည်။

"မောင်"

"မောင်"

လုံမေ မောင့်ကိုယ်ကြီးကို လှုပ်နှိုးသည်။ မောင့်မျက်နှာလေးကို လှုပ်ယမ်းသည်။ မောင့်ထံမှ မည်သည့်တုံ့ပြန်မှုမှ မရသောအခါ လုံမေ အရူးမလေးလို ဖြစ်သွားသည်။

"အမယ်လေး လာကြ... "

"ဟိတ်... ရှူး"

"ဟင်... "

"မောင်... မောင်... ဘာမှမဖြစ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



လုံမေ့ထံမှ အလန့်တကြား အော်သံလေးမဆုံးခင် မောင်က လုံမေ့ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်လာသဖြင့် လုံမေ့မှာ မောင့်ကိုယ်လေးကို တုန်ယင်လှုပ်ရှားစွာ တုံ့ပြန်ဖက်ရင်း အံ့သြရင်ခုန် လျက် ဝမ်းသာအားရလေး ပြန်မေးလိုက်ခြင်း ဖြစ်ပါသည်။

"အဟွန်း... ဟွန်း... မောင်က ဘာဖြစ်ရမှာလဲ မေရဲ့"

"မောင် ဘာမှမဖြစ်ပါဘူး"

"အို... မဟုတ်ဘူး၊ စောစောတုန်းက မောင် တစ်ခုခုဖြစ် သွားတယ်၊ ဟုတ်တယ်မဟုတ်လားဟင်"

"အဟွန်း... ဟွန်း... ဟွန်း"

"မောင်က ဘာရယ်တာလဲ၊ မောင့်အတွက် မေ ဘယ်လောက် တောင် ပူပင်သောကရောက်သွားရတယ်ဆိုတာ မောင် သိရဲ့လားဟင်" လုံမေ့အသံတွေ တုန်ယင်နေသလို မျက်ရည်တွေ ပြည့်လာသည်။

"မောင်သာ တစ်ခုခုဖြစ်သွားရင်..."

"ဟိတ်... မငိုနဲ့လေ၊ အခု မောင်မှ ဘာမှမဖြစ်ဘဲ မငိုပါ နဲ့ အချစ်ရယ်၊ မေရော ဗိုက်ထဲက သားသားရောပင် ပင်ပန်းနေပါ့မယ်"

ဇနီးချောကို ရင်ခွင်မှာ ထွေးပွေ့ရင်း အနမ်းများဖြင့် ချော့နေမိ သည်။ တကယ်တော့ သူ မေ့ကို ကျည်စယ်လို၍ အခုလို ဟန်ဆောင် လိုက်ခြင်း ဖြစ်သော်လည်း မေကတော့ သူ တစ်ခုခုဖြစ်သွားသည် အထင်နှင့် တုန်လှုပ်ချောက်ချားသွားရရှာသည် မဟုတ်လား။

"မေရယ်၊ မောင့်ကို သိပ်ချစ်တာပဲလားဟင်"

"မေးနေစရာ လိုသေးလား မောင်ရယ်၊ မောင်မရှိရင် မေလဲ





အသက်ဆက်မရှင်ချင်တော့ဘူး၊ သိလား"

"မောင့်အသက်ရယ်"

သူ မေ့ကိုယ်လေးကို ရင်ခွင်ထဲ နစ်နေအောင် ထွေးပွေ့ထား လိုက်မိသည်။ မေ့အချစ်ကို သူ ယုံကြည်ပါသည်။ သူ့မဘဝမှာ သူသာ အားကိုးတွယ်တာစရာ၊ မြတ်နိုးအားထားရာ ဖြစ်သည်မဟုတ် ပါလား။

သူ မေ့ပါးပြင်ပေါ်က မျက်ရည်စလေးများကို ညင်သာစွာ ဖယ်ရှားပေးလိုက်ပါသည်။

"မောင်"

"ဗျာ"

မေက သူ့မျက်နှာကို ခပ်မော့မော့လေး ကြည့်ရင်း ခေါ်လိုက် ခြင်းဖြစ်သည်။

"စောစောက မောင် ဘာဖြစ်တာလဲဟင်"

"အဟွန်း... ဟွန်း"

"မောင်ပြောရင် မေ စိတ်မဆိုးရဘူးနော်"

ဇနီးချော၏ ပါးပြင်လေးကို ဖွဖွငုံ့နမ်းရင်း အပြုံးဖြင့် သူ ဆို လိုက်သည်။

"စိတ်မဆိုးပါဘူး မောင်ရယ်၊ မေက ဘာကိုစိတ်ဆိုးရမှာလဲ"

"အဟွန်း... မေ့အတွက် မောင် ဘယ်လောက်စိတ်ပူသွား တယ်ဆိုတာ မေပဲသိချင်တယ်ဆို"

"အဲ့ဒါနဲ့ အခုကိစ္စက ဘာဆိုင်လို့လဲ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်စွာ လုံမေ ဆိုလိုက်တော့ မောင်က လုံမေ့ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ရင်း ရယ်ပါသည်။

"သိပ်ဆိုင်တာပေါ့ ချစ်ရဲ့၊ စောစောက မောင့်အတွက် မေ ဘယ်လောက်စိတ်ပူသွားလဲ"

"မေ့အတွက်ဆို မောင်လဲ မေ့လိုပဲ ခံစားရတာပေါ့ ချစ်ရဲ့"

"မောင်ရယ်၊ မေသိပါပြီကွယ်"

"နားလဲလည်ပါပြီ၊ ဒါပေမဲ့ မောင့်ရဲ့ဥပမာပေးပုံကြီးက မေ ရင်ထိတ်လိုက်တာ၊ မေ ကြောက်လိုက်တာ မောင်ရယ်"

မောင့်ရင်ခွင်မှာ မျက်မှိတ်ရင်း တုန်ယင်လှိုက်မောသောရင်ဖြင့် သူမ ဆိုလိုက်သည်။

"ဘာမှ ကြောက်စရာမရှိပါဘူး မေရဲ့၊ အချစ်ရဲ့အနားမှာ မောင့်တစ်သက်လုံး ထာဝရအတူရှိနေမှာပါ"

"မောင် သိပ်ဆိုးတယ် သိလား၊ နောက်ကို ဘယ်တော့မှ မေ့ကို အခုလိုမျိုး ထပ်မစမ်းပါနဲ့နော်၊ မေ ရင်တုန်လွန်းပါ"

"ကောင်းပါပြီ အချစ်ရယ်၊ မောင် မေ့ကိုစတာ နည်းနည်း လွန်သွားတယ်၊ ဗိုက်ထဲက သားသားလေးလဲ ဖေဖေကြီးကြောင့် သိပ်လန့်သွားပြီထင်တယ်နော်"

မောင်က လုံမေ့ဗိုက်ကို လက်ဖြင့် ဖွဖွထိကိုင်ရင်း ဆိုလိုက်ခြင်းဖြစ်သည်။

"အဲ့ဒါ မောင့်ကြောင့်လေ"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ဟော့ဒီက သားသားကိုရော





သားရဲ့ မေမေကိုရော မောင်က ကျေနပ်တဲ့အထိ တောင်းပန်ပါတယ်ဗျာ"

"ကဲ… ကျေနပ်ပြီလား"

"အခုမှတော့ ကျေနပ်ရမှာပေါ့၊ ကဲ… ထပါတော့၊ အောက်မှာ မောင့်အတွက် မေကိုယ်တိုင် မနက်စာ ပြင်ထားတာ သိရဲ့လား"

မေ့ကိုယ်လေးကို ညင်သာစွာ တွဲယူထူမရင်း အတူယှဉ်လျှောက်လာရမှ မေ့စကားကြောင့် မောင်က သူမကို မကျေနပ်သလိုလေး ငုံ့ကြည့်ရင်း…

"ကြည့်စမ်း… မောင်ပြောထားတဲ့ကြားက မေကိုယ်တိုင် အလုပ်တွေ ဝင်လုပ်ထားပြန်ပြီပေါ့လေ ဟုတ်လား"

"မေ မလုပ်ပါဘူး မောင်ရဲ့၊ ကောင်မလေးတွေပဲ ခိုင်းတာပါ"

"တကယ်လား"

"တကယ်ပါဆို၊ မောင်ကလဲ သွားပါ၊ ရေချိုးခန်းထဲဝင်ပါတော့"

မောင့်ကို ရေချိုးခန်းထဲ တွန်းလွှတ်ပြီး လုံမေတစ်ယောက်တည်း အခန်းအပြင်မှာ ကျန်ရစ်ခဲ့သည့်အခါမှတော့ မောင့်လုပ်ရပ်အတွက် သူမရင်ကလေးကို ဖိလိုက်ပါသည်။

မောင်ရယ်… ။

စနောက်စရာ ရှားလို့ကွယ်။

မေ့ရင်ထဲ ဘယ်လောက် တုန်လှုပ်ချောက်ချားသွားရတယ်ဆိုတာ မောင် သိမှသိပါလေစနော်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာ မေ့ဘဝမှာ မရှိတော့လျှင်ဆိုသည့် အတွေးမျိုး သူမ တစ်ခါမှ စဉ်းစားတွေးတောမကြည့်ခဲ့မိဖူးသည်မှာ သေချာပါသည်။

အခုတော့ မောင့်ကြောင့် ထိုအတွေးမျိုး လုံမေ့အတွက် မတွေးဝံ့စရာတစ်ခုလို မရှိမရှိရှိလာရပါပြီ။

ထို့ကြောင့် မောင့်ကို ယခင်ကထက် နှစ်ဆတိုး၍ ပိုဂရုစိုက် ကြင်နာမိသည်။ ပြုစုယုယမိသည်။ မောင့်မျက်နှာလေးကို အရိပ် တကြည့်ကြည့်နှင့် အချိန်ပြည့် မောင့်အနားမှာ အတူရှိနေနိုင်ဖို့ ကြိုးစားနေမိသလို...

မောင်ကိုယ်တိုင်ကလည်း သူမအနားမှာ တစ်ဖဝါးမခွာ ရှိနေခဲ့ ပါသည်။ တစ်နေ့တစ်နေ့ သူမတို့ဇနီးမောင်နှံ၏ ချစ်ကြင်နာ ယုယ သံများသည်သာ လွှမ်းမိုးနေတတ်သလို ကြည်နူးသာယာစရာ အကောင်းဆုံးအချိန်များ ဖြစ်ခဲ့ပါသည်။

"မေ"

"ရှင်"

ညနေခင်းမှာ သူမနှင့်အတူ လမ်းလျှောက်နေရာမှ မောင်က ခေါ်လိုက်ခြင်းဖြစ်သဖြင့် လုံမေ လှမ်းလက်စ ခြေလှမ်းလေးများကို ရပ်တန့်ကာ မောင့်မျက်နှာချောချောကို မော့မော့လေး ကြည့်လိုက် ပါသည်။

"မေ့ကို ဘာပြောမလို့လဲ မောင်"

"အဟွန်း... ပြောမှာမဟုတ်ဘူးဗျာ၊ ခွင့်တောင်းချင်တာပါ"





မောင်က မေ့လက်ကလေးကို သူ့လက်ဖဝါးနွေးနွေးထဲမှာ ညင်သာစွာ ဆုပ်ထွေးရင်း ဆိုလိုက်ခြင်းသည်။

"ဘာတွေများ ခွင့်တောင်းမလို့လဲရှင်၊ မောင့်စကားက ထူးဆန်း လိုက်တာ"

ခင်ပွန်းသည်၏ မျက်နှာကိုကြည့်ရင်း အံ့ဩလိုလေး သူမ ဆိုလိုက်သည်။

"ဘာမှမထူးဆန်းပါဘူးဗျာ၊ မောင့်ကို အလုပ်ကိစ္စနဲ့ ခရီး ခဏသွားခွင့်ပြုပေးစေချင်လို့ပါ"

"ဟင်... ခရီးသွားဦးမယ်၊ ဟုတ်လား မောင်"

မောင့်လက်ကို ဆုပ်ကိုင်ရင်း လုံမေ အလန့်တကြားလေး ဆိုလိုက်ခြင်း ဖြစ်သည်။ ဖြစ်နိုင်လျှင် မောင့်ကို သူမအနားက ဘယ်ကိုမှ မသွားစေချင်ပါ။

"ခဏလေးပါ အချစ်ရဲ့၊ ဘာမှမကြာဘူး၊ တစ်ရက်တည်းပါ၊ ဒုံလန်ရွာက ဦးကြာမုံကို မေ သိတယ်မဟုတ်လား"

လုံမေ ခေါင်းလေးညိတ်ပြလိုက်ရပေမဲ့ ရင်ထဲမှာ လေးလံ နေပါသည်။

"သူ တော်တော်ဖြစ်နေတယ်လို့ သူ့ရွာက လူကြုံတစ်ယောက် လာပြောလို့ မောင် ခဏလိုက်သွားချင်လို့ပါဗျာ"

"ချစ် ခွင့်ပြုမယ်မဟုတ်လားဟင်"

မောင့်အသံက တက်ကြွနေသလို မောင့်ပုံစံကလည်း ထက် ထက်သန်သန် ရှိလှပါသည်။ လုံမေ့မျက်နှာလေးကို ငုံ့မိုးစူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပုံကိုက မျှော်လင့်ခြင်းများစွာဖြင့် လင်းလက်လျက်ရှိရာ မောင့်ဆန္ဒကို တားမြစ်ဖို့ရာ ခက်ခဲသလို ဖြစ်သွားမိသည်။

"မေ့ရင်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ မောင် သိပါတယ်ဗျာ၊ ဖြစ်နိုင်ရင် မောင်လဲ မေ့အနားက ဘယ်ကိုမှမသွားချင်တဲ့သူပါ..."

"အခုကိစ္စက ဦးကြာမုံအတွက်ဆိုတော့ မောင့်ကို သူ့သိပ်အားကိုးတာ မောင်ပဲသိတယ်"

"မောင်ရယ်"

မေ ဘာမှမပြောနိုင်တော့ပါ။

မောင့်ပုံစံက သူမတားမြစ်နေသည့်တိုင် မရအရ ခွင့်တောင်းပြီး သွားမည့်အနေအထားဆိုတာ မောင့်ကို ကြည့်ရုံနှင့် သူမနားလည်သဘောပေါက်ခဲ့ရသည် မဟုတ်လား။

"မေ့အနေနဲ့ကတော့ ဖြစ်နိုင်ရင် မောင့်ကို မေ့အနားက ဘယ်ကိုမှ မသွားစေချင်ဘူးပေါ့ မောင်ရယ်..."

"ဒါပေမဲ့ မောင်က သိပ်ပြီး စိတ်ဆန္ဒရှိနေတာကို မြင်ရတော့ မောင့်ကို မေ မတားရက်တော့ပါဘူးကွယ်"

"မေ ခွင့်ပြုပါတယ်"

"မေရယ်၊ မောင် အမြန်ဆုံးပြန်ခဲ့မှာပါဗျာ၊ မေတစ်ယောက်တည်း ထားခဲ့ရတာကိုလဲ မောင် လုံးဝစိတ်မချပါဘူး"

"မောင်မသွားခင် ကိုကိုတို့လင်မယားကို မေ့အနားမှာ စိတ်မချရအောင် ထားခဲ့မယ်နော်"

"အို... မဟုတ်တာ၊ မောင်ကလဲ မမက နေသိပ်ကောင်းတာမှ မဟုတ်ဘဲ၊ သူ့ဘာသာနေပါစေကွယ်"





"အိမ်မှာ ကောင်မလေးတွေရှိတာပဲ၊ မေ့အတွက် စိတ်ချစမ်းပါနော်"

စိုင်းရွက်ခမ်းကို မျက်နှာချင်းမဆိုင်လို၍ မေ ပြတ်သားစွာ ငြင်းပယ်လိုက်ခြင်းဆိုတာ မောင်က သိမည်မဟုတ်ပါ။

"ဖြစ်ပါ့မလား မေရယ်၊ မေတစ်ယောက်တည်း မောင် စိတ်မချဘူး"

"ဖြစ်ပါတယ်ဆို၊ မောင်ကလဲ ဒီလောက်တောင်ဖြစ်နေရင် မောင်ပဲ မေ့အနားမှာ နေတော့လေ"

မေ့စကားကြောင့် မောင်က သူမကိုယ်လေးကို ထွေးပွေ့ရင်း နဖူးချင်းတိုက်ကာ...

"ဖြစ်နိုင်ရင် ဟောဒီသားအမိအနားက ဘယ်ကိုမှ မသွားချင်တဲ့ မောင်ပါဗျာ၊ အခုဟာက မဖြစ်မနေ သွားရမယ့်ခရီးမို့ပါ"

"တစ်ညအိပ်လဲ မနေတော့ပါဘူး၊ အဆင်ပြေတာနဲ့ ချစ်ဆီကို ချက်ချင်းပြန်ခဲ့ပါတော့မယ်ဗျာ"

"မောင့်သဘောပါတဲ့ရှင်၊ လမ်းခရီးမှာ ကားကို အထူးဂရုစိုက်ပြီး မောင်းဖို့ မမေ့ပါနဲ့နော်"

"စိတ်ချပါ ချစ်ရဲ့"

"မေကိုယ်တိုင် မောင်နဲ့အတူ လိုက်ချင်တာ၊ လိုက်လို့မရလို့ သိလား"

"သိပါတယ်ဗျာ၊ သိပါတယ်၊ ကဲ... အပေါ်တက်ကြရအောင်၊



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ အေးလာပြီဗျာ"

မောင့်လက်မောင်းကို မှီတွယ်ပြီး မောင်နှင့်အတူ လိုက်ခဲ့သော်လည်း လုံမေ့စိတ်တွေကတော့ မောင့်အတွက်နဲ့ အခုသွားရမည့် ခရီးလမ်းကို နည်းနည်းလေးမှ စိတ်မချနိုင်ဘဲ ရင်တစ်ခုလုံး မွန်းကျပ်လေးလံလျှက် ရှိပါသည်။

ထိုနေ့က မနက်စောစော မောင် ခရီးထွက်မည်မို့ အိပ်ရာစောဝင်ခဲ့ကြသော်လည်း မောင် နှစ်ခြိုက်စွာ အိပ်ပျော်သွားသည့်အချိန်အထိ သူမ အိပ်၍မပျော်ခဲ့ပါ။

ထို့ကြောင့် မောင့်မျက်နှာချော့ချော့ကိုသာ တစိမ့်စိမ့်ငေးမောစူးစိုက်ကြည့်နေမိပါသည်။ မောင်ကတော့ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်စွာ အိပ်ပျော်လျှက်ရှိပါသည်။

ဟင်း... ။

သူမ သက်ပြင်းကျိတ်ရှိုက်လိုက်မိသည်။ ဘာကြောင့်မှန်းမသိ။

သူမစိတ်ထဲမှာ မောင့်မျက်နှာကို စေ့စေ့ကြည့်ရင်း တစ်မျိုးလေးခံစားနေရသည်မဟုတ်ပါလား။

* * *





# အခန်း (၁၂)

နှင်းမှုန်ထဲသို့ တဖြည်းဖြည်း တိုးဝင်ပျောက်ကွယ်သွားသည့် မောင့်ကားလေးကို ငေးမောစူးစိုက်ကြည့်ရင်း လုံမေ့ရင်ထဲမှာ လေးသွားပါသည်။

သို့ပါသော်လည်း ထိုစိတ် ထိုအတွေးများကို ချက်ချင်းဖယ်ရှားပစ်လိုက်ကာ သိုးမွေးချည်ခင်လေးကို ကောက်ကိုင်လိုက်ပါသည်။

မမချယ်ရီကိုယ်တိုင် သင်ကြားပြသပေးထားသဖြင့် သားအတွက် ခြေအိတ်ကလေးတစ်စုံကို စိတ်ပါလက်ပါ ထိုးနေမိသဖြင့် စောစောကခံစားချက်များကို မေ့သွားကာ အလုပ်ထဲမှာ အာရုံစူးနစ်သွားပါသည်။

"တီ... "

အချိန်တွေ ဘယ်လောက်ကြာသွားသည် မသိလိုက်ပါ။ ကားဟွန်းသံကြားမှ လုံမေ အိမ်ပြင်ကို ဖျတ်ခနဲလှမ်းကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ဟင်… "

ဦးစိုင်းရွက်ခမ်းပါလား….။

ကားပေါ်မှာ ခန့်ညားစွာ ဆင်းလာသည့် လူတစ်ယောက်ကြောင့် လုံမေ့ မျက်နှာလှလှလေး တင်းမာခက်ထန်သွားကာ ချက်ချင်း အကြည့်လွဲဖြစ်လိုက်ပါသည်။

ထုံးစံအတိုင်း လက်ထဲမှာလည်း အထုပ်တစ်ထုပ်နှင့်မို့ လုံမေ့ရင်ထဲမှာ အတော့်ကို မကျေမနပ်ဖြစ်ရပါသည်။

မောင့်ရှေ့မှာမို့ စိတ်ထဲက ဘယ်လောက်ပဲ သတ်ပစ်ချင်လောက် အောင် မုန်းမုန်း လုံမေ့ဘက်က ဟန်ဆောင်ပြောဆိုနေခဲ့ရသည့် အကြိမ်တွေလည်း မနည်းတော့ပါ။

အခုချိန်မှာတော့ သူမအနားမှာ မောင်လည်း မရှိသလို မမချယ်ရီလည်း မရှိသဖြင့် စိတ်ထဲက ရှိသည့်အတိုင်း တင်းမာသော မျက်နှာထားဖြင့် အရေးမလုပ်ဘဲ နေလိုက်ပါသည်။

"လုံမေတစ်ယောက်တည်းလား"

"မြင်တဲ့အတိုင်းပဲ"

ကျွတ်ဆတ်မာကျောစွာ တုံ့ပြန်လိုက်သည်။ လုံမေ့မျက်နှာ လှလှလေးကို သူ ငေးခနဲ စူးစိုက်ကြည့်လိုက်သည်။

ညီညီ့ရှေ့မှာ မကောင်းတတ်လွန်း၍ သူ့ကို ဟန်ဆောင် ပြောဆိုဆက်ဆံတတ်သော်လည်း သူမအနားမှာ မည်သူမှ မရှိတော့ သည့်အခါမှာတော့ လုံမေ့ပုံစံလေးက အခုလိုပဲ သူ့အပေါ်မှာ ရန်သူ





တစ်ယောက်လို ပြောဆိုဆက်ဆံတတ်တာကို သူသိပါသည်။

"ညီညီရော"

"ခရီးထွက်သွားတယ်"

"ဟင်… "

စိုင်းရွက်ခမ်း အံ့သြသွားသည်။

ကိုယ်ဝန်ကြီး တဖားဖားနှင့် ဇနီးသည်ကိုပစ်ပြီး သွားရ အောင် သူ့မှာ ဘယ်လိုအကြောင်းတွေ ရှိနေလို့လဲ။

အခုချိန်မှာ လုံမေတို့သားအမိကို ဒီအတိုင်းထား တစ်ယောက် တည်း ပစ်ထားတာမျိုး မလုပ်သင့်ဟု သူ ထင်ပါသည်။

မတော်တဆ တစ်ခုခုဖြစ်လျှင် သားကိုရော သားရဲ့အမေကိုပါ ထိခိုက်နိုင်သည့် အခြေအနေမဟုတ်လား။ ဒါကို ဆရာဝန်ဖြစ်သည့် ညီညီလည်း သိပေလိမ့်မည်။

ထိုအထဲကမှ ဘာလို့ အခုလို တစ်ယောက်တည်း ထားသွား ရသလဲဆိုတာ မစဉ်းစားတတ်အောင် ဖြစ်သွားရသလို သူမအတွက် လည်း စိုးရိမ်သွားရပါသည်။

"ညီညီက ဘယ်ကိုခရီးထွက်သွားတာလဲ လုံမေ"

"ဖိုလန်ရွာကို"

"အာ… ကိုယ့်တို့ကိုလဲ ဘာတစ်ခုမှ ပြောဆိုမသွားပါလား"

ခုံတစ်လုံးမှာ ဝင်ထိုင်ရင်း သူ ညီညီလုပ်သွားပုံကို မချင့်မရဲ ညည်းတွားလိုက်မိသည်။

"မလိုအပ်လို့ မပြောတာနေမှာပေါ့ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မလိုအပ်ရမှာလဲ၊ အခုလိုအချိန်မှာ လုံမေ့ကို တစ်ယောက်တည်းထားခဲ့ဖို့ မသင့်ဘူးဆိုတာ ညီသိသင့်တယ်"

စိုးရိမ်ပူပင်စိတ်နှင့် သူဆိုလိုက်တော့ လုံမေက သူ့ကို ဆတ်ခနဲ မော့ကြည့်သည်။ သူမအကြည့်က အမုန်းဖြင့် စိမ်းလဲ့နေ၏။

"ရှင် မောင့်ကို ဘာတစ်ခုမှ ဝေဖန်နေစရာမလိုပါဘူး ဦးစိုင်းရွှထ်ခမ်း၊ ကျွန်မယောကျာ်း ဘာပဲလုပ်လုပ် ကျွန်မကျေနပ်ရင် ပြီးတာပဲ မဟုတ်လား"

တင်းမာပြတ်သားစွာ သူမ ဆိုလိုက်တော့ သူ လုံမေ့မျက်နှာလေးကို အစ္စေ့ စူးစိုက်ကြည့်လိုက်သည်။

"မင်းတို့သားအမိအတွက် စိုးရိမ်လို့ ပြောနေတာကွ"

"အဟင်း... ဟင်း... ကျေးဇူးတင်ပါတယ်၊ ရှင့်... ရှင့်မှာ ကြင်နာတတ်တဲ့ စိတ်ကလေး ရှိသေးတယ်ဆိုလို့ပါ"

လှောင်ပြောင်သရော်လိုက်သော လုံမေ့စကားများကို သူ မနာကျင်နိုင်ပါ။ မိခင်လောင်းတစ်ယောက်၏ အသရေဖြင့် ဝင်းဝင်းပပ လှရက်နိုင်လွန်းသူကိုသာ စူးစိုက်ကြည့်ရင်း ရင်ထဲမှာ တင်းကျပ်လာပါသည်။

"ဒီမှာ၊ မောင့်ရှေ့မှာ မောင် စိတ်ဆင်းရဲမှာစိုးလို့ ရှင့်ကို ပြောဆိုဆက်ဆံနေရတာ ကျွန်မရင်ထဲမှာ ဘယ်လောက်ခံစားရမလဲ ဆိုတာ ရှင်သိမှာပါ... "

"အခု ကျွန်မနားမှာ မောင်လဲမရှိဘူး၊ ရှင့်ကိုလဲ ဟန်ဆောင်





ပြောဆိုဆက်ဆံနေစရာ မရှိဘူး၊ ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်ဘူး၊ အခုပြန်ပါ"

"ညီညီ ဘယ်တော့ပြန်လာမှာလဲ"

သူမစကားကို သူ ဂရုမစိုက်သလို သူသိချင်တာကို မေးလိုက်ပါသည်။

"ဘယ်အချိန်ပြန်လာလာ ရှင့်အပူမဟုတ်ပါဘူး"

"ကိုယ်မေးရင် ကောင်းကောင်းဖြေပါ"

"ဩော်... ဩော်... ကောင်းကောင်းမဖြေရင် ရှင်က လူကို ဘာများလုပ်ချင်သေးလို့လဲဟင်"

ဒေါသလေးများဖြင့် လုံမေ့အသံက တုန်ယင်တင်းမာနေသလို သူမကို အမိန့်လာပေးနေသော လူကြီးကိုကြည့်ပြီး ရင်ထဲမှာ အမုန်းနှင့် ခါးသီးခြင်းက ပို၍တိုးလာရပြန်ပါသည်။

လုံမေနှင့်သူ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် စူးစိုက်ကြည့်မိကြသည်။

ကြင်နာမြတ်နိုးခြင်းများစွာဖြင့် နူးညံ့ဝေရီသော အကြည့်များနှင့် အမုန်းနှင့် နာကြည်းခြင်းများကြောင့် စိမ်းလက်နေသော ဆန့်ကျင်ဘက်အကြည့်များက အဓိပ္ပာယ်ချင်း ကွာခြားလှသလို ခံစားချက်ခြင်းကလည်း ကွဲပြားခြားနားလှပါသည်။

"လုံမေ"

သူမအမည်ကို ခေါ်လိုက်မှ တုံ့ပြန်မထူးသည့်အပြင် သူမမျက်နှာလေးကို တခြားဘက်သို့ ဖျတ်ခနဲ လွှဲသွားလိုက်ပုံလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိုင်းရွက်ခမ်း နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားရပါသည်။

"ညီညီ ဘယ်အချိန်ပြန်လာမှာလဲ"

"မသိဘူး"

ဒုတိယအကြိမ် ထပ်မေးပါသော်လည်း သူမက ကောင်းစွာမဖြေ

သဖြင့် သူ ရင်မောသွားသည်။

"ညီညီပြန်လာမဲ့အချိန်ကို လုံမေ တကယ်မသိဘူးပေါ့

ဟုတ်လား"

လုံမေ့ထံမှ ဘာသံမှ ထွက်မလာ။

"ကောင်းပြီလေ၊ ညီညီပြန်လာတဲ့ အချိန်အထိ ကိုယ် ဒီမှာ

စောင့်နေမယ်"

"ဟင်... "

ထင်မှတ်မထားသည့် စကားကြောင့် လုံမေ့မျက်နှာလေး

ကွတ်ခနဲ ပျက်သွားသည်။

သူ့မျက်နှာကို မမြင်မတွေ့လိုသူ့မှန်း သိရက်နှင့် သူက

လုံမေနှင့် မောင်ပြန်လာမယ့်အချိန်အထိ အတူစောင့်နေမယ်ဆိုတာ

ဘာသဘောလဲ။

လုံမေ့ထံမှ အမုန်းနှင့် ဒေါသကို ဖုံးခြွေယူနေတာလွဲ၍ တခြား

ဘာမှမဖြစ်နိုင်တော့ပါ။

"ဒီမှာ၊ ရှင် ကျွန်မကို ဘာအရွဲ့တိုက် စကားပြောနေတာလဲ

ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်ဘူးလို့ ပြောထားတယ်မဟုတ်လား..."

"ရှင် ကျွန်မရှေ့က အခုချက်ချင်း ထွက်သွားပါ"





"သွားစေချင်ရင်လဲ ကိုယ့်ကို လုံမေက စကားကောင်းကောင်း

ပြောမှပေါ့ဗျာ"

နှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်ရင်း စိုင်းရွက်ခမ်းအပေါ်

ဒေါသလေးများ ဖြစ်ပြီးရင်းဖြစ်လျက် အခံရခက်နေမိသူက လုံမေရယ်

ပါ။

"ညနေကျရင် မောင် ပြန်လာမှာ၊ ရှင် စောင့်ပေးစရာ မလို

ဘူး"

ဆောင့်ဆောင့်အောင့်အောင့်လေး ဆိုလိုက်သည်။ လုံမေ့

မျက်နှာလှလှလေးကို စူးစိုက်ကြည့်ရင်း သူ ပြုံးလိုက်သည်။

"အစကတည်းက အဲ့ဒီလိုဖြေလိုက်ရင် ပြီးရော၊ ဟော့ဒီမှာ

သားသားအတွက် ကစားစရာအရုပ်တွေ ကိုယ်ဝယ်လာတာ"

"ရှင်ဝယ်လာတဲ့ပစ္စည်း ဘာတစ်ခုမှ ကျွန်မ လက်မခံနိုင်ဘူး၊

အခုပြန်ယူသွားပါ"

စားပွဲပေါ်က အထုပ်ကြီးကို သူ့ဘက်တွန်းပို့ရင်း လုံမေ

ခပ်ပြတ်ပြတ် ပြောပစ်လိုက်သည်။

"ကိုယ်ပေးတာ လုံမေ့ကိုမှ မဟုတ်ဘဲ၊ သားသားအတွက်

ဝါလို့ ပြောပြီးပြီလေ"

"ကျွန်မသားကို သားသားလို့လဲ မခေါ်ပါနဲ့"

"သြော်... မေရယ်"

ကိုယ့်အပေါ်မှာ အဲ့ဒီလောက်တောင် ခါးခါးသီးသီး မုန်းတီး

နေပြီလားကွယ်။



*

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြန်တော့မယ်နော်"

လုံမေက သူ့ကို မကြည့်သလို အင်းအဲလည်း မလှုပ်ပါ။ သူ လုံမေ့ မျက်နှာလှလှလေးကို တစ်ချက်စိုက်ကြည့်ပြီး နေရာမှ ချာခနဲ လှည့်ထွက်ခဲ့လိုက်ပါသည်။

မိခင်လောင်းဖြစ်သော သူမကို အနုထက်ပို၍ ဒေါသမဖြစ်စေ ချင်၊ မမုန်းတီးစေချင်တော့ပါ။ သူ့ကြောင့် သူမ စိတ်ထိခိုက်မှာကို သူ မလိုချင်ပါ။

ကားကို တရိပ်ရိပ်မောင်းနေမိသလို သူ့အတွေးတွေကလည်း ဟိုဒီပျံ့လွင့်နေပါသည်။

ကျွန်မသားကို သားသားလို့လည်း မခေါ်ပါနဲ့။

မေရယ်... ။

မေ့အသံလေးကို ပြန်လည်ကြားယောင်ရင်း စိုင်းရွက်ခမ်း ရင်တွေ မချိအောင် နာကျင်ရပြန်သည်။ လုံမေက သူမရဲ့သားကို သူ့နှုတ်ဖျားက သားသားလို့ ခေါ်တာကိုပင် မခံမရပ်နိုင်သလို ခံစားနာကျင်ပြနေတော့ သူမှမခံစားရရင် ဘယ်သူများ ခံစားကြေကွဲရပါဦးမည်နည်း။

ဟား... ။

လုံမေရယ်... ။

သားရဲ့ဖေဖေဟာ ကိုကိုယ်တိုင်ပါပဲဆိုရင် သားကို မေ သိပ်ပြီး မုန်းတီးနာကြည်းနေဦးမှာလားကွယ်... ။

ကိုယ့်အပေါ်မှာ ထားရှိတဲ့ ချာတိတ်ရဲ့ အမုန်းတွေဟာ အပြစ်





မဲ့တဲ့သားအပေါ်မှာတော့ ဘာအတွက်နဲ့မှ ကူးစက်နာကျင်စေတာမျိုး မဖြစ်လာပါစေနဲ့လို့...

ကိုယ် ဆုတောင်းနေပါတယ်ဗျာ။ ကိုယ် ဆုတောင်းနေပါတယ်။

ကားကို ခြံဝန်းအတွင်းသို့ ချိုးကွေ့ဝင်လိုက်သည်နှင့် အိမ်ရှေ့ တည့်တည့်မှာ စုဝေးနေသည့် လူတစ်စုကြောင့် သူ မျက်ခုံးတွန့်သွား သည်။

"ဟော့... ဟိုမှာ... လာပြီ... လာပြီ"

"အမယ်လေး မောင်စိုင်းလာပြီ ညီမလေး"

"ညီမလေး"

သူ ကားထိုးရပ်လိုက်သည်နှင့် တစ်ယောက်တစ်ပေါက်သံ တွေ ဆူညံသွားသလို ချယ်ရီ၏ အစ်မဖြစ်သူက အော်ဟစ်ငိုယိုလိုက် ခြင်းကြောင့် သူ့ရင်ထဲမှ ထိတ်ခနဲဖြစ်သွားသည်။

"ချယ်ရီ ဘာဖြစ်လို့လဲ မမဇော်"

"စိတ်ခိုင်ခိုင်ထားပါ ကိုရွက်ခမ်း၊ ဇောဇောကပဲ ချယ်ရီ ဟတ်အတက်(ခ်)ဖြစ်ပြီး ဆုံးသွားတယ်"

"ဗျာ..."

အံ့သြမယုံကြည်နိုင်လွန်းစွာ မမဇော်အမျိုးသား ကိုသက်အောင် ကို သူ ပြန်ကြည့်လိုက်မိသည်။

"ချယ်ရီ ဆုံးသွားပြီဟုတ်လား"

"ဟုတ်ပါတယ်ကွယ်၊ ဟုတ်ပါတယ်၊ ညီမလေးရဲ့ ကုသိုလ်ကံ ကိုက ဆိုးလွန်းပါတယ် မောင်စိုင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချယ်ရီ"

ချယ်ရီ့အမည်ကို ခေါ်ရင်း သူ့အိမ်ထဲကို တအားပြေးဝင်ခဲ့သည်။

"ချယ်ရီ"

"ဟင်… "

သူ ချယ်ရီ့ခုတင်ဘေးမှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်ပြီး ချယ်ရီ့မျက်နှာလေးကို စေ့စေ့ ရှုစိုက်ကြည့်လိုက်သည်။

ချယ်ရီ့ပုံစံလေးက နှစ်ခြိုက်စွာ အိပ်ပျော်နေသည်နှင့် ဘာမှမခြားပါ။

"ချယ်ရီ… ချယ်ရီရယ်… "

သူ ချယ်ရီ့လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ မနက်ကပင် သူနှင့်အတူ ပြုံးရွှင်ရယ်မောနေခဲ့သော ဖနီးသည် ချယ်ရီ။

အခုတော့ ရတ်တရက်ကြီး သူနှင့် ထာဝရ ခွဲခွာသွားခဲ့လေပြီ။ သူ မယုံကြည်နိုင်အောင် ဖြစ်ရပါသည်။ ချယ်ရီတစ်ယောက် သူ့ကို အခုလိုပုံစံမျိုးဖြင့် ရတ်တရက်ကြီး ခွဲခွာသွားလိမ့်မည်ဟု သူ မထင်ခဲ့ပါ။

ထို့ကြောင့်လည်း ချယ်ရီ့ကို စိတ်ချလက်ချထားကာ သူ သွားလိုရာကို သွားခဲ့ခြင်း ဖြစ်ပါသည်။ ချယ်ရီကိုယ်တိုင်ကလည်း သူမကိုယ်တိုင် လိုက်ပါနိုင်ခြင်း မရှိသည်မှလွဲ၍ လုံမေ့အခြေအနေကို အမြဲ ဖုန်းဆက်မေးတတ်သလို သူ့ကို မကြာခဏ သွားရောက်ကြည့်ရှု





အားပေးရန် တိုက်တွန်းတတ်သူ ဖြစ်ပါသည်။

အခုတော့ ချယ်ရီတစ်ယောက် အကြွေစောခဲ့ရပါပြီ။ မမစော ရှိုက်သံနှောရှ၍ ငိုယိုရှင်းပြနေသမျှကို သူ ငူငူငေးငေးကြီး နားထောင်ရင်း ချယ်ရီ ဘာကြောင့် အခုလို ရတ်တရက်ကြီး ဟတ်တတ်(ခ်) ရကာ ဆုံးသွားရသလဲဆိုတာ သူ နားလည်လာခဲ့ရပါသည်။

အကြောင်းက ချယ်ရီ့ဒယ်ဒီ ဦးအိုက်မုန်းတစ်ယောက် နိုင်ငံခြားမှာ လေယာဉ်ပျက်ကျပြီး ကွယ်လွန်အနိစ္စရောက်သွားသည့် သတင်းကို ချယ်ရီကိုယ်တိုင် ကြားနာခွင့်ရလိုက်ခြင်းက သူမဘဝကို သေမင်းလက်သို့ ဖခင်ဖြစ်သူနှင့်အတူ အပ်နှင်းလိုက်ရခြင်း ဖြစ်ပါတော့သည်။

ချယ်ရီရယ်… ။

သူ ချယ်ရီ့အပေါ်မှာ ခေါင်းငိုက်စိုက်ကျသွားပါသည်။ ယောက်ျမဖြစ်သူ၏ ဈာပနကိစ္စကို ဘာတစ်ခုမှ လိုက်ပါဆောင်ရွက်နိုင်ခြင်း မရှိသလို သမီးဖြစ်သူ ညီမဖြစ်သူ ဈာပနကိုလည်း နိုင်ငံခြားရောက်နေသူ မိသားစုကလည်း ချယ်ရီ့အတွက် ဖုန်းဆက်ရုံသာ တတ်နိုင်ကြပါသည်။

မြန်မာပြည်မှာ ချယ်ရီနှင့်အတူ ကျန်ရစ်ခဲ့သည့် အစ်မအကြီးဆုံး မိသားစုနှင့် ဆွေမျိုးစုံကပဲ ချယ်ရီ၏ နောက်ဆုံးခရီးကို အတူလိုက်ပါပို့ ဆောင်နိုင်ကြပါသည်။

ညီညီကတော့ အစ်ကိုဖြစ်သူ့အပေါ်မှ တစ်ဖဝါးမှမခွာသလို ခေါင်နှင့် အတူရှိနေသည့် လုံမေမှာလည်း ဦးစိုင်းရွှက်ခမ်းနှင့် မမ



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီတို့၏ အဖြစ်အပျက်များကို အစအဆုံး မြင်တွေ့ခွင့်ရသဖြင့် စိတ်နှလုံး မချမ်းမြေ့နိုင်အောင် ဖြစ်ခဲ့ရပါသည်။

အထူးသဖြင့် သူမအပေါ်မှာ ညီမလေးအရင်းအချာလို ချစ်ခင်ကြင်နာသော မမချယ်ရီ၏ နောက်ဆုံးခရီးမှာ ဝမ်းနည်းကြေကွဲစွာ အားပါးတရ ရှိုက်ငိုခဲ့မိပါသည်။

"မေရယ်... သိပ်ပင်ပန်းနေပြီဗျာ"

"မမကို မေ သိပ်သနားရလွန်းပါ မောင်ရယ်"

"မေရယ်"

မောင့်ရင်ခွင်မှာ လုံမေ ခိုဝင်ငြိမ်သက်နေမိသည်။ မမချယ်ရီ အတွက် ရက်လည်ဆွမ်းကျွေးပြီးသည့် နောက်ပိုင်းမှာ မောင်က သူ့အစ်ကိုဖြစ်သူကို တစ်ယောက်တည်း မထားချင်ပါဟု အဆိုပြုလာပါသည်။

ဦးစိုင်းရွက်ခမ်းကို လုံမေ့အနေနှင့် နာကြည်းမုန်းတီးစိတ်ဖြင့် ကြည့်မရသည့်တိုင် မောင့်ဆန္ဒကိုတော့ သူမ တားမြစ်၍ မသင့်တော်ပါ။

"မေ"

"ရှင်... "

"ကိုကို့ကို မောင်တို့နဲ့ အတူနေဖို့ ခေါ်ထားကြရအောင်နော် မေ သဘောတူရဲ့လားဟင်"

"မောင့်သဘောက မေ့ရဲ့သဘောပါကွယ်၊ မောင် ကြိုက်သလို စီစဉ်ပါ"





"လိမ္မာလိုက်တဲ့ မောင့်သက်ရယ်"

"မောင်လေ မမချယ်ရီမရှိဘဲ တစ်ယောက်တည်း အထီးကျန်နေတဲ့ ကိုကို့အဖြစ်ကို မကြည့်ရက်လွန်းလို့ပါဗျာ"

"ဒီမှာ မောင်တို့နဲ့ အတူနေရတော့ တစ်ယောက်တည်း ငေးငိုင်နေရတာထက်စာရင် တော်သေးတာပေါ့ အချစ်ရယ်"

မောင်က သူ့အစ်ကိုအဖြစ်ကို ကိုယ်ချင်းစာနာစိတ်ဖြင့် အတော်လေး ထိခိုက်ခံစားနေမှန်း လုံမေ သိပါသည်။ ဦးစိုင်းရွက်ခမ်းနေရာမှာ တခြားသူတစ်ယောက် ဖြစ်နေခဲ့မည်ဆိုလျှင်လည်း ထိုသူကို မောင့်ရဲ့ အစ်ကိုတစ်ယောက်အနေနှင့်ရော ဇနီးသည်ကွယ်လွန်သွား၍ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသော လူတစ်ယောက်အဖြစ် ကိုယ်ချင်းစာနာစိတ်ဖြင့် သနားကြေကွဲမိမှာ ဖြစ်ပေမဲ့ ဦးစိုင်းရွက်ခမ်းဆိုတာက သူမ အမုန်းဆုံးလူသားတစ်ယောက် ဖြစ်နေခဲ့သည့်အဖြစ်။

"မောင် ပြောကြည့်ဦးလေ၊ မောင့်ကိုကိုက မေတို့နဲ့ အတူတူ နေချင်ပါ့မလား"

"နေချင်လာအောင် ပြောမှာပေါ့ ချစ်ရဲ့၊ မောင် ခရီးထွက်တဲ့ အခါ မေ့အနားမှာ ကိုကိုရှိနေတော့ မေ့အတွက်လဲ အဖော်ရ၊ မောင့်အတွက်လဲ စိတ်ချရတာပေါ့"

"ဟင်... မောင်က ခရီးထွက်ဦးမယ်၊ ဟုတ်လား"

မောင့်မျက်နှာချောချောကို ကြည့်ရင်း သူမ အံလန့်တကြားလေး ဆိုလိုက်သည်။

"ဪ... သဘောအဖြစ် ပြောတာပါဗျာ၊ စိတ်ချပါ၊



www.burmeseclassic.com

www.burmeseclassic.com



မေ့အနားက မောင် ဘယ်ကိုမှ မသွားပါဘူး"

"မောင်ရယ်"

ရင်ခုန်ထိတ်လန့်သွားသော စိတ်ကလေးက အခုမှ ပြန်လည် ငြိမ်သက်သွားရကာ မောင့်ရင်ခွင်မှာ ကလေးတစ်ယောက်လို ခိုဝင်လိုက်မိသည်။

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် သူမအနားက မောင့်ကို တစ်ပဝါးမခွာ အတူရှိနေစေချင်သည်မှာ သူမရင်ထဲက အပြင်းထန်ဆုံး စိတ်ဆန္ဒဆိုတာ မောင် သိစေချင်ပါသည်ကွယ်။

* * *



# အခန်း (၁၃)

"မဖြစ်ပါဘူးကွာ"

သူ ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

"ဘာလို့ မဖြစ်ရမှာလဲ ကိုကိုရဲ့ ညီတို့မိသားစုနဲ့ ကိုကို အတူရှိနေတော့ ညီ့အတွက်ရော မေ့အတွက်ရော အားရှိတာပေါ့"

"အထူးသဖြင့် မေ့အတွက်ပဲ၊ ညီ့ကိစ္စရှိလို့ သွားစရာရှိတဲ့အခါ မေ့အနားမှာ ကိုကိုရှိနေတော့ မေလဲ အားရှိသလို ညီလဲ စိတ်ချတယ်"

ညီဖြစ်သူက ဖွတ်တိုးပြောဆိုနေသည့် စကားများကို နားထောင်ရင်း စိုင်းရွှက်ခမ်း မျက်ခုံးထူကြီးတွေ တွန့်လာသည်။

"ညီက ဘယ်တွေများ သွားဦးမလို့လဲကွာ၊ အခုချိန်မှာ မင်း အနေနဲ့ လုံမေ့အနားမှာပဲ အတူရှိနေသင့်တယ်"

"ညီ နားလည်ပါတယ် ကိုကို၊ မေ့အနားမှာ ညီလဲ ရှိနေမှာပါ၊ ကိုကိုတစ်ယောက်တည်း မမချယ်ရီမရှိဘဲ အခုလို အထီးကျန်



www.burmeseclassic.com

www.burmeseclassic.com



နေနေတာထက် နှိုင်းစာရင် ညီပြောသလို ညီတို့မိသားစုနဲ့ အတူတူ လိုက်နေတာ အကောင်းဆုံးပါဗျာ”

“ညီတို့နဲ့ အတူနေမယ်မဟုတ်လား ကိုကို”

“ညီ့ကိုချစ်ရင် အတူလိုက်နေပါဗျာ”

ဟင်း... ။

သူ သက်ပြင်းရှိုက်လိုက်သည်။ ညီညီကတော့ သူဖြစ်ချင်တာကို မရအရ ဇွတ်တိုးပြောနေလေပြီ။ ဆုံးဖြတ်ရခက်သူက စိုင်းရွက်ခမ်းရယ်ပါ။

ညီဖြစ်သူ၏ စိတ်ဆန္ဒကို လိုက်လျောလိုက်ချင်ပေမဲ့ ညီနှင့် အတူရှိနေသူက သူတို့ကြည့်မရအောင် နာကြည်းခါးသီးမှုတွေနဲ့ မုန်းတီးနေသူ... ။

ပြီးတော့ ကိုယ်ဝန်ကြီး တဖားဖားနှင့် သားလောင်းမိခင်။ သူ့ကြောင့် စိတ်ထိခိုက်မှာ စိတ်ဆင်းရဲမှာမျိုး အခုချိန်မှာ ဘာတစ်ခုမှ အဖြစ်မခံနိုင်သည့် အနေအထားပါ။

“ကိုကို့အတွက် ဘာတစ်ခုမှ စိတ်မပူပါနဲ့ ညီရယ်၊ ကိုကို နေတတ်ပါတယ်”

“ပြီးတော့ ကိုကို့အနားမှာ ချယ်ရီရှိမနေပေမဲ့ သူ့အရိပ်အငွေ့ လေးတွေ ရှိနေတဲ့ နေရာမှာပဲ ကိုကို နေပါရစေ”

“ကိုကိုရယ်... ”

စိုင်းခမ်းညီ အစ်ကိုဖြစ်သူ၏ မျက်နှာချောချောကို စိတ်မကောင်းသလို ငေးကြည့်လိုက်သည်။ ကိုကို့အသွင်က တည်ငြိမ်ခန့်ညားလျက်





သူနှင့် မျက်ဝန်းခြင်း အဆုံမှာ သူ့ကို အနူးညွတ်အညင်သာဆုံး ပြုံးပြရင်း သူ့ပခုံးကို ဖွဖွလှမ်းပုတ်ပါသည်။

“ညီ့စေတနာကို ကိုကို နားလည်ပါတယ်ကွာ၊ ညီ ကိုနဲ့အတူ လိုက်မနေနိုင်ပေမဲ့ ညီ့အိမ်ကို ကိုကို အမြဲလာနိုင်အောင် ကြိုးစားမှာပါ”

“တကယ်လား ကိုကို”

“တကယ်ပေါ့ကွ”

သူ့စကားကြောင့် ကျေနပ်သွားသည့် ညီဖြစ်သူကို ကြည့်ပြီး သူ ပြုံးလိုက်သည်။

“ဒါဆို ကိုကို ညီ့ဆီကို နေ့တိုင်း လာဖြစ်သွားအောင် ညီတို့ အိမ်မှာပဲ မနက်စာ၊ ညစာ အတူစားရမယ်ဗျာ”

“ကိုကို့ကြောင့် ညီတို့မိသားစု ဒုက္ခများပါတယ် ညီရာ၊ လာစေချင်ရင် ဒီအတိုင်းပဲ လာပါ့မယ်”

လုံမေ့မျက်နှာလေးကို မြင်ယောင်လျက် သူ ဆိုလိုက်ခြင်း ဖြစ်ပါသည်။

“ဒုက္ခမများမှဲ့ဘူး ကိုကိုရ၊ အိမ်မှာ ဒေါ်နန်းစာ တစ်ယောက်လုံး ရှိနေတာပဲ၊ သူ့ကို ညီ ပြောပြထားလိုက်မှာပေါ့ဗျာ”

“ဒါမှပဲ ညီတို့မိသားစု အတူ မျက်နှာချင်းဆိုင် ဆုံကြရမှာပေါ့၊ မဟုတ်ဘူးလား”

“ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ”

သူ လိုက်လျောလက်ခံစွာ ခေါင်းညိတ်လိုက်ပါသည်။ ဇွတ်



www.burmeseclassic.com

www.burmeseclassic.com



အတင်း ငြင်းဆန်နေ၍ ဖြစ်သောအနေအထားမျိုးလည်း မဟုတ်သဖြင့် ညီတောင်းဆိုနေသည့် အနေအထားကို သူ ထိုထက်ပို၍ ငြင်းရန် မသင့်တော့ပါ။

ညီဖြစ်သူ ပြန်သွားမှ ခုံတစ်လုံးပေါ် ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း လက်ဖဝါးနှစ်ဖက်ပေါ် မျက်နှာကို မှောက်အိပ်ကာ အကြာကြီး ငြိမ်သက်တိတ်ဆိတ်နေမိသည်။

သူ့ရင်ထဲမှာတော့ ဖော်ပြရန် ခက်ခဲလှသော စိတ်ခံစားချက်ပေါင်းစုံဖြင့် မွန်းကျပ်ဆို့နင့်လျက် ရှိသည်။

ညီအစ်ကိုနှစ်ယောက် စကားတွေ ရွှန်းရွှန်းဝေနေကြချိန်မှာ လုံမေကတော့ မည်သည့်စကားမှ မဆိုမိဘဲ ထမင်းကိုသာ ငုံ့စားနေမိပါသည်။

မောင့်အစီအစဉ်ဖြင့် ဦးစိုင်းရွှက်ခမ်းတစ်ယောက် သူမတို့အိမ်မှာ မနက်စာ၊ ညစာ လာစား၍ စားနေသလို တစ်ခါတလေ မနက်စာနှင့် ပြီးသွားတတ်ပြီး ညဘက်မလာနိုင်သည့်အခါမျိုး ရှိတတ်သလို မနက်ပိုင်း မလာနိုင်၍ ညဘက်ကျမှ မိသားစု အတူထမင်းစားဆုံစားတာမျိုးလည်း ကြုံရတတ်ပါသည်။

ထိုကဲ့သို့ သူ့ကိုကို မလာနိုင်သည့်အချိန်များတွင် မောင်က ဖုန်းတဂွမ်ဂွမ် ဆက်တတ်သလို အစ်ကိုဖြစ်သူကို ကရုဏာနှင့် ပြစ်တင်စကားဆိုတတ်ပြန်ပါသေးသည်။

မောင်က သူ့အစ်ကိုကို ဘယ်လောက်ချစ်သလဲ၊ ဂရုစိုက်အလေးထားသလဲဆိုတာ ထိုအခါမှ သူမ မျက်မြင်ကိုယ်တွေ့ ပို၍





သိခွင့်ရခဲ့သလို ဦးစိုင်းရွှက်ခမ်း ကိုယ်တိုင်ကလည်း သူ့ညီဖြစ်သူအပေါ်မှာ မည်မျှချစ်သလဲဆိုတာကို သူမ ပို၍သိခွင့်ရခဲ့ပါသည်။

မမချယ်ရီ မရှိတော့သဖြင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့သော အစ်ကိုဖြစ်သူကို မောင့်ခမျာ သနားကရုဏာသက်၍ မဆုံးနိုင်အောင် ဖြစ်နေသော်လည်း လုံမေကတော့ သူ့ကို နည်းနည်းမှ မသနားမိပါ။

မောင့်ရှေ့မှာ ဟန်မပျက် ပြောဆိုဆက်ဆံနေရသော်လည်း မောင်ကွယ်ရာမှာတော့ စိတ်ထဲရှိသည့်အတိုင်း ပြတ်သားစွာ ပြောဆိုတုံ့ပြန်နေသမျှကို မောင်က သိသူမဟုတ်ပါ။

"တူ… တူ… တူ"

ညစာထမင်း အတူစားနေ၍ ဖုန်းသံမြည်လာခြင်း ဖြစ်ပါသည်။

"နေ… နေ… ဒေါ်နန်းစာ၊ ကျွန်တော်ပဲ ကိုင်လိုက်မယ်"

မောင်က ထမင်းစားလက်စကို ထားခဲ့ပြီး ဖုန်းသွားကိုင်သဖြင့် ဒေါ်နန်းစာလည်း အထဲကို ပြန်ဝင်သွားပါသည်။

ဖုန်းပြောနေသည့် မောင့်နောက်ကျောပြင်ကို လှမ်းကြည့်မိသော်လည်း စကားပြောသံမှာ တိုးလွန်းသဖြင့် ဘာတွေပြောနေမှန်း သည်းကွဲစွာ မကြားရပါ။

အခုတလော မောင့်ကို ဖုန်းတစ်လုံးနှင့် မကြာခဏ အလုပ်ရှုပ်နေတာကိုတော့ လုံမေ သတိထားမိပါသည်။ ဘာတွေအလုပ်ရှုပ်နေသည်ဟူ၍တော့ မသိပါ။

ဇွန်းနှင့်ခက်ရင်းကို ထမင်းပန်းကန်ပေါ် ချလိုက်ပြီး စားလက်စကို ရပ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"တော်ပြီလား"

"မြင်တဲ့အတိုင်းပဲ"

ထမင်းဟင်း အရာမယွန်းသည့် အဖြစ်ကိုကြည့်ပြီး အံ့သြသလို မေးလိုက်သည့် စိုင်းရွက်ခမ်းစကားကို ဘုတောဖြေလိုက်ပြီး ထိုင်ရာမှ လုံမေ ထလိုက်ပါသည်။

"နေမကောင်းဘူးလားဟင်၊ ဘာဖြစ်လို့လဲ၊ ကိုယ့်ကြောင့်လား"

အနားမှာ မောင်မရှိသဖြင့် ဦးစိုင်းရွက်ခမ်းထံမှ တိုးတိတ်စွာ အမေးစကား ထွက်လာခြင်းကို သူမ အလျှင်ဂရုမစိုက်ဘဲ နေရာမှ ထွက်ခဲ့လိုက်ပါသည်။

ဟား... ။

လုံမေရယ်... ။

ပန်းနုသွေးရောင် ကိုယ်ဝန်ဆောင်အင်္ကျီဖြင့် ဝင်းဝင်းစက်စက် လှနေသူက သူ့ကို တစ်ချက်လှည့်ကြည့်ဖော်မရသော်လည်း သူကတော့ ထမင်းဟင်း လုံးဝမစားနိုင်သော သူမအတွက် အထူးစိုးရိမ်စိတ် ပူနေမိပါသည်။

ညီဖြစ်သူကို လှမ်းကြည့်လိုက်တော့ ဖုန်းပြောနေဆဲ ဖြစ်ပြီး သူနှင့်လုံမေတို့အဖြစ်ကို သိဟန်မတူပါချေ။

သူ စားလက်စဇွန်းကို ချထားလိုက်ပါသည်။ ညီဖြစ်သူ ဇွတ်အတင်း တောင်းဆိုခြင်းကြောင့် မဖြစ်မနေ သူမရှိရာကို ရောက်လာရခြင်း ဖြစ်သော်လည်း သူ့မျက်နှာကို မြင်တွေ့လျှင် ခံစားရမည့်





သူမခံစားချက်ကို သူ စာနာနားလည်ပေးနိုင်ပါသည်။

အခုပဲ သူမ အပြုအမူ အပြောအဆိုလေးကိုကြည့်၍ သူ ဆုံးဖြတ်ချက် ချလိုက်ပါသည်။ ညီ ဘယ်လောက်ပဲ ခေါ်ခေါ် သူမရှေ့မှောက်သို့ သူ ရောက်အောင်မလာတော့ပါ။

"ဟင်... ကိုကိုတစ်ယောက်တည်းလား၊ မရော့"

ဖုန်းပြောပြီး ပြန်လာသည့်စိုင်းခမ်းညီတစ်ယောက် ထမင်းစားပွဲမှာ တစ်ယောက်တည်း ထိုင်နေသည့် အစ်ကိုဖြစ်သူကို ကြည့်ပြီး ဇနီးသည်ကို မတွေ့၍ မေးလိုက်ခြင်းဖြစ်သည်။

"လုံမေ နေမကောင်းဘူးထင်တယ် ညီ၊ ထမင်းပန်းကန် အရာမယွင်းဘဲ ဒီအတိုင်းထားပြီး ထွက်သွားတာဆိုတော့ သွားမေးလိုက်ပါဦး"

"ခဏလေးနော် ကိုကို"

"ကိုကို့အတွက် ဘာမှမပူပါနဲ့ဗျာ၊ လုံမေ့ကိုသာ ဂရုစိုက်လိုက်ပါ"

"သွား... သွား"

အစ်ကိုဖြစ်သူထံမှ ခွင့်ပြုချက်ရသည်နှင့် စိုင်းခမ်းညီ ဇနီးသည် ရှိရာသို့ အပြေးလေး ရောက်ရှိသွားပါသည်။

"မေ... "

"ဘာဖြစ်လို့လဲဟင်၊ နေမကောင်းဘူးလား ချစ်ရယ်"

သူ့ကို ကျောပေးပြီးရပ်လျက် ပြတင်းပေါက်မှတစ်ဆင့် ခြံထဲကို ငေးနေသည့် လုံမေ့ကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စွာ သူ မေးလိုက်ခြင်း ဖြစ်သည်။

"မေ ဘာမှမဖြစ်ပါဘူး မောင်ရယ်၊ ရင်ထဲမှာပြည့်ပြီး ထမင်းစားချင်စိတ်မရှိလို့ပါ"

"ဟုတ်ရဲ့လား ချစ်ရယ်၊ မောင်ဖြင့် စိုးရိမ်လိုက်ရတာဗျာ"

လုံမေ့ မျက်နှာလှလှလေးကို သူငုံ့ကြည့်ရင်း ဆိုလိုခြင်းဖြစ်သည်။

"တကယ်ပါ မောင်၊ မေ ဘာမှမဖြစ်ပါဘူး၊ ဟော့… ဟော့ မောင် ဒီမှာ စမ်းကြည့်ပါဦး၊ မောင့်သားလေး အထဲက လှုပ်နေတယ် သိလား"

သူ့လက်ကိုဆွဲပြီး လုံမေက သူမဗိုက်ကလေးကို စမ်း၍ ထိတွေ့စေခြင်းကြောင့် အထဲက သားသား၏ လှုပ်ရှားမှုကို ကြက်သီးနွေးဖွယ် သူ စမ်းသပ်ခံစားမိပါသည်။

"ဟုတ်ပါရဲ့ ချစ်ရယ်၊ သားကိုကြည့်ရတာ အထဲမှာ မနေချင်တော့ဘူးထင်တယ်နော် မေမေကြီး"

"သိဘူးလေ၊ မောင့်သားကို မေးကြည့်ပေါ့"

"ဟေး… သားသား ဖေဖေကြီးပြောတာ ဟုတ်တယ်မဟုတ်လားကွ၊ ဟင်… "

လုံမေ့ဗိုက်ကြီး ခပ်ဖွဖွထိကိုင်ရင်း သူ ဆိုလိုက်တော့ လုံမေက သူ့ကိုကြည့်ကာ သဘောကျစွာ ရယ်နေပါသည်။

"ဟုတ်တယ်တဲ့ အမေကြီးရေ… "

"သားရေ ခဏလေး သည်းခံလိုက်ပါဦးကွာ၊ မကြာခင်





သားသားကိုယ်တိုင် ဟော့ဒီက ဖေဖေ၊ မေမေနဲ့ အတူရှိနေရတော့မှာပါဗျာ"

"ဟုတ်တယ်နော် အမေကြီး"

"ဟုတ်ပါသတဲ့ရှင်၊ ဟုတ်ပါသတဲ့၊ မောင် သိပ်အဖြစ်သည်းနေပုံနဲ့ မောင့်သားတော့ မလွယ်ဘူး၊ သိလား"

လှပစွာ ပျံ့ဝဲရောက်ရှိလာသည့် မျက်စောင်းကို ကျေနပ်စွာခံယူရင်း ကြည်နူးရွှင်ပျစွာ သူ ရယ်မောလိုက်ပါသည်။

"အဟွန်း… ဟွန်း… သည်းရတာပေါ့ဗျာ၊ သားက မောင့်ဘဝအတွက် အားပဲမဟုတ်လား၊ သားရှိတဲ့အတွက် မောင့်ရင်မှာ ဘယ်လောက် ကြည်နူးချမ်းမြေ့ရသလဲဆိုတာ မောင်ပဲသိတယ်"

"မေလဲ သိပါတယ်နော်"

"ဟုတ်ပါတယ်ဗျာ၊ ဟော့ဒီက သားနဲ့မယားကြောင့် မောင့်ဘဝမှာ ပြည့်စုံရပါပြီ အချစ်ရယ်"

"မေ့ဘဝမှာလဲ မောင်နဲ့သားရှိလို့ ပြည့်စုံနေရတဲ့သူပါ မောင်ရယ်"

"ချစ်ရယ်"

မေ့ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ပြီး နဖူးဝင်းဝင်းလေးကို ရှိုက်နမ်းလိုက်ပါသည်။

တစ်ဦးရင်ခွင်ကို တစ်ဦး မြတ်နိုးစွာ ခိုဝင်မိကြသည်။ အခုဆိုလျှင် လုံမေ့ကိုယ်ဝန်ကြီးက တဖြည်းဖြည်း ရင့်မာလာခဲ့ပြီမို့ မကြာခင်မှာပင် မွေးဖွားတော့မည့်အခြေသို့ ရောက်ရှိလာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် မောင်တစ်ယောက် လုံမေ့ကို ပျာနေအောင် ဂရုစိုက်နေသလို စိုင်းရွှေ[illegible]မ်းကိုယ်တိုင်ကလည်း သူမ မမြင်မတွေ့နိုင်သည့် နေရာတစ်ခုမှနေ၍ သူမအခြေအနေကို အရိပ်တကြည့်ကြည့် ရှိနေသည့်အဖြစ်ကိုတော့ လုံမေ မရိပ်မိပါချေ။

အချိန်လေးတွေ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ရပြီ ဖြစ်သလို လုံမေ့ကိုယ်ဝန်ကြီးကလည်း ပေါက်ကွဲတော့မည့် ချိန်ကိုက်ဗုံးသာ ရှိနေပါသည်။

"မေရေ"

"ရှင်... မောင်"

"ဒီဆေးလေး သောက်လိုက်ပါဦး အချစ်ရယ်၊ ပြီးရင် မောင်နဲ့အတူ ခြံထဲမှာ လမ်းလျှောက်ကြမယ်နော် ချစ်"

"ဟုတ်ကဲ့ပါ မောင်"

မောင်ညွှန်ကြားချက်အတိုင်း ဆေးသောက်ခြင်း၊ လမ်းလျှောက်ခြင်းများအပြင် သားဖွားနှင့် မီးယပ်အထူးကုသမားတော်ကြီးများ၏ ကြပ်မက်ကုသမှုအောက်မှာ မောင်က မေ့ကို အရိပ်ကလေးသဖွယ် အထူးဂရုစိုက် ကြင်နာနေပါသည်။

ကိုယ်ဝန်ကြီးကြောင့် ကိုယ်လက်မအီမသာ ဖြစ်နေရရှာသော လုံမေ့ကို သူကိုယ်တိုင် ဆေးလူးနှိပ်နယ်ပေးပြီး ညအိပ်ရာဝင်ချိန်မှာလည်း သူမကို ကလေးတစ်ယောက်နှယ် သူ့ရင်ခွင်မှာ ထွေးသိပ်ကာ ပုံပြင်ပြောပြတာမျိုး၊ ကိုယ်တိုင်သီချင်းဆိုသိပ်တာမျိုးလည်း လုပ်တတ်ပါသေးသည်။





လုံမေ့ဗိုက်ထဲက ကလေးမှာ သားဖြစ်ကြောင်း ကြိုတင်သိခွင့် ရထားခဲ့ကြပြီးပြီမို့ သားရူးရူးနေသော မောင့်အတွက် ဘုရားကပေးသော လက်ဆောင်ဟူ၍ပင် ဆိုရမည်ထင်ပါသည်။

အခုရက်ပိုင်းအတွင်း လုံမေ နေရထိုင်ရ ဒ်တစ်မျိုးဖြစ်နေသဖြင့် သားသားကို မွေးတော့မည်ဟု ယုံကြည်နေပါသည်။

ဆရာဝန်ကြီးပေးထားသော ရက်ထက် ပို၍စောနေသလို ရှိသောကြောင့် သူမ ရင်ခုန်စိတ်လှုပ်ရှားနေမိသည်။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ထိုရက်အတွင်းမှာပင် မောင်တစ်ယောက် ကောက်ခါငင်ခါ အဖျားဝင်လာပါသည်။

တစ်ရက်နှစ်ရက်အတွင်း အဖျားရောဂါ သက်သာသွားမည်ဟု ထင်သော်လည်း သူမတို့ထင်သလို ဖြစ်မလာဘဲ မောင့်အဖျားက ကြာရှည်နေပါသည်။

"နေသာရဲ့လား မောင်ရယ်၊ မေ ဘာလုပ်ပေးရဦးမလဲဟင်"

အိပ်ရာထက်မှာ မှိန်းဖျော့စွာ ငြိမ်သက်နေသော မောင့်လက်တစ်ဖက်ကို ခပ်ဖွဖွဲ ဆုပ်ကိုင်ရင်း လုံမေ မေးလိုက်ခြင်း ဖြစ်ပါသည်။

လုံမေ့အသံကြောင့် မောင့်မျက်လုံးအစုံက ဖြည်းဖြည်းချင်း ပွင့်လာပြီး သူမလက်ကလေးကို တင်းကျပ်စွာ ပြန်လည်ဆုပ်ကိုင်လိုက်သည်။

"မောင့်အတွက် မေ ဘာမှမစိုးရိမ်ပါနဲ့ဗျာ၊ အခုချိန်မှာ မေ့ကျန်းမာရေးကိုသာ ဂရုစိုက်စမ်းပါ"

"မေ့ကျန်းမာရေးကိုလဲ ဂရုစိုက်ပါတယ် မောင်ရယ်၊ မေရော

www.burmeseclassic.com



သားသားပါ နေကောင်းပါတယ်၊ မောင့်အတွက်ပဲ မေ စိတ်မချ နိုင်တာပါရှင်”

“မောင့်ကိုကြည့်ရတာ မေ လုံးဝအားမရဘူး၊ အထူးကုဆရာဝန်ကြီးတစ်ယောက်နဲ့ဆက်ကို သွားပြကြရအောင်လား မောင်ရယ် နော်… ”

မောင့်ကို ချော့မော့စကားဆိုမိသည်။

မောင်က လူတစ်မျိုးမို့ သူမှန်သည်ဟုထင်လျှင် အလျှော့ပေးတတ်သူမျိုးမဟုတ်သဖြင့် အခုလည်း သူ့ကိုယ်သူ ဆေးပြန်ကုသလျက်ရှိရာ သက်သာလာဖြင့် မရှိသောကြောင့် မေက အခုလို တိုက်တွန်းပြောဆိုနေခြင်း ဖြစ်သည်။

“မောင် ဘာမှမဖြစ်ပါဘူး မေရဲ့၊ တစ်ရက်နှစ်ရက်ဆိုရင် ကောင်းသွားမှာပါ၊ မောင့်ကိုယ်မောင် သိပါတယ်ဗျာ”

“စိတ်ချနော် ချစ်”

“မောင်ရယ်”

မေ့စကားကို မောင် တစ်ခုမှ နားဝင်ခြင်း မရှိသောကြောင့် သူမ စိတ်ညစ်သွားမိပါသည်။ အရေးထဲမှ ဦးစိုင်းရွက်ခမ်းကလည်း သူမတို့အနားမှာ မရှိ ဖြစ်နေပါသည်။

အလုပ်ကိစ္စဖြင့် ခရီးထွက်သွားသည်မှာ တစ်ပတ်ခန့် ရှိနေပြီဖြစ်ရာ ရုတ်တရက် မောင်နေထိုင်မကောင်း ဖြစ်လာသည့်ကိစ္စကို ဦးစိုင်းရွက်ခမ်းကိုယ်တိုင်ပင် သိခွင့်မရသေးဘဲ ရှိနေပါသည်။

ဘာပဲပြောပြော အခုချိန်မှာတော့ သူမအနေနှင့် မောင့်ကို





အထူးကုဆရာဝန်ကြီးများနှင့် ပြသစေချင်သလို သူမတို့အနားမှာ ဦးစိုင်းရွက်ခမ်း ရှိနေခြင်းဖြင့် မောင် အခုလို ခေါင်းမာစွာ တင်းခံနေမည်မဟုတ်ဟု ယုံကြည်နေမိသည့်အတွက် စိတ်ထဲက ဦးစိုင်းရွက်ခမ်း အမြန်ဆုံး ပြန်လာပါစေဟု ကျိတ်ပြီး ဆုတောင်းနေမိပါသည်။

“အမယ်လေး”

ရုတ်တရက် ဗိုက်ထဲက ထိုးနာလာသဖြင့် လုံမေ အလန့်တကြားလေး အော်လိုက်ရာ မောင့်ခမျာ အိပ်ရာပေါ်က ဝုန်းခနဲ ခုန်ထမိလျက်သား ဖြစ်သွားရှာပါသည်။

“ဘာဖြစ်လို့လဲ မေ၊ ဗိုက်နာလို့လား”

“ဟုတ်တယ်မောင်၊ မေ ဗိုက်နာလာလို့”

“အား… ”

“ဟင်… ”

“အမယ်လေး မောင်ရေ၊ မေ့ကို… မေ့ကို ဆေးရုံအမြန်ပို့ပေးပါ မောင်ရယ်”

“အား… ကျွတ်… ကျွတ်”

လုံမေ သူမဗိုက်ကြီးကို ထိကိုင်ပြီး အော်ဟစ်နေချိန်မှာ ခိုင်းခမ်းညီတစ်ယောက်တည်း ပျာယာခတ်နေပါသည်။

“ခဏလေး… ခဏလေးနော် ချစ်၊ မောင် အခုပဲ မေ့ကို ဆေးရုံပို့ပေးပါမယ်”

“ဒေါ်ခမ်းအေး မေ့အတွက် အသင့်လုပ်ထားတဲ့ ပစ္စည်းတွေ ကားပေါ်တင်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ဟုတ်ကဲ့"

"လာ... လာ၊ မောင့်လက်ကို တွဲမေ၊ ဖြည်းဖြည်းနော် ဖြည်းဖြည်း"

"အား... နာလိုက်တာ မောင်ရယ်"

"အမယ်လေး"

"ဟင်... "

"ညီနဲ့ လုံမေ"

"ဟာ... ကိုကိုရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ မေ ဗိုက်နာနေလို့ ကိုကို"

အိမ်ထဲကို လှမ်းဝင်လိုက်သည်နှင့် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် စိုင်းရွက်ခမ်း အံ့သြနေစဉ်မှာပင် ညီဖြစ်သူစကားကြောင့် သူ့ရင်တွေ တဒိတ်ဒိတ် ဆောင့်ခုန်သွားရပါသည်။

"ဒါဆို ဆေးရုံကို အမြန်သွားမှ ဖြစ်မှာပေါ့၊ လုံမေ လမ်းလျှောက်လို့ ဖြစ်သေးရဲ့လား"

စိုင်းရွက်ခမ်း မေးလိုက်ခြင်းဖြစ်သည်။

"ကိုကိုပဲ ပွေ့ချီပြီး ကားပေါ်တင်လိုက်ပါဗျာ၊ ညီတော့ နေမကောင်းဖြစ်နေလို့ မေ့ကို မပွေ့နိုင်တော့ဘူး"

"ညီ နေမကောင်းဖြစ်တယ် ဟုတ်လား"

စိုင်းရွက်ခမ်း အံ့သြစွာဆိုရင်း ညီဖြစ်သူ၏ မျက်နှာကို





အခုမှ စေ့စေ့ကြည့်မိသည်။

"ညီ့အဖျားက ဘာမှမဖြစ်လောက်ပါဘူး၊ မေ့ကိုသာ ဆေးရုံ အချိန်မီ ပို့ကြရအောင်ပါ၊ မေ့ကိုခေါ်ပါ ကိုကို"

"လာ... မေ"

"အို... ရှင် မေ့အသားကို မထိပါနဲ့၊ အား... အမယ်လေး"

စိုင်းရွက်ခမ်း သူမကို ထိကိုင်မည်ပြုသည်နှင့် လုံမေ့ထံမှ တင်းမာပြတ်သားစွာ ငြင်းဆိုလိုက်ခြင်းကြောင့် စိုင်းရွက်ခမ်း မျက်နှာ ပျက်သွားချိန်မှာပင် တွန့်တွန့်လူး နာကျင်စွာ အော်ဟစ်လိုက်သံလေး နှင့် ဖြူဖျော့သွားသည့် ဇနီးမျက်နှာလှလှလေးကို ကြည့်၍ အသည်းနှလုံး မီးလောင်သလို ဖြစ်သွားရသူက စိုင်းခမ်းညီဖြစ်သည်။

"မေ့ကို ပွေ့ပါ ကိုကို၊ မြန်မြန်လုပ်ပါ"

"အို... မထိနဲ့ဆို"

"အား... အား"

"မေ... မေရယ်"

"အို... "

လျှပ်တစ်ပြတ်အတွင်းမှာပင် စိုင်းရွက်ခမ်းက သူမကိုယ်လေးကို ပွေ့ယူချီမသွားလိုက်ပြီမို့ လုံမေ့ရင်ထဲမှာ ဒေါသလေးများ ဆူဝေရသလို နာကျင်လာသော ဝေဒနာကြောင့် ဘာတစ်ခွန်းမှ အလိုမဆိုနိုင်ဘဲ ကားနောက်ခန်းထဲရှိ မောင့်ရင်ခွင်ထဲမှာ ဇောချွေးပြန်လျက် ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

စိုင်းရွက်ခမ်း မောင့်သည့်ကားက လေးညို့မှ ပစ်လိုက်သော မြှားလို လေထုကိုခွဲ၍ အရှိန်ဖြင့် ပြေးလျှက်ရှိသည်။

"အား... အမယ်လေး၊ မရောက်သေးဘူးလား မောင်ရယ်"

"ရောက်ပြီမေ၊ ရောက်ပြီ"

လုံမေ့ထံမှ နာကျင်စွာ အော်ဟစ်ညည်းညူ လိုက်သံလေးက စိုင်းရွက်ခမ်းတို့ ၊ ညီအစ်ကိုနှစ်ယောက်စလုံး၏ အသည်းနှလုံးကို အခံရခက်အောင် တုန်လှုပ်ချောက်ချားစေသည့်အဖြစ်ကိုတော့ သူမ မသိပါ။

ညီညီ့ဆန္ဒအတိုင်း လုံမေ့ကိုယ်လေးကို ပွေ့ယူချီမပြီး ဆေးရုံထဲကို အပြေးဝင်ရောက်ခဲ့ရသည့် စိုင်းရွက်ခမ်းကိုယ်တိုင်ကလည်း သူမအတွက် စိုးရိမ်ရခြင်းကတော့ ညီညီ့ထက် မသာခဲ့လျှင်တောင် လျော့မည်မထင်ပါ။

လုံမေ မွေးခန်းထဲ ရောက်သွားသည့်အချိန်အထိ စိုင်းခမ်းညီ တစ်ယောက် ထိုင်ရမလို ထရမလို ပျာယာခတ် ကျန်ရစ်သည့်အချိန်မှာ သူကတော့ ရင်ထဲက လှုပ်ရှားမှုများကို မပေါ်လွင်စေရန် ကြိုးစားထိန်းချုပ်ရင်း စီးကရက်ကိုသာ မဲပြီး ရှိုက်ဖွာနေခဲ့ပါသည်။

သေချာသတိထားကြည့်မိမည်ဆိုလျှင် စီးကရက်ရှိုက်ဖွာနေသော သူ့လက်များ၏ တုန်ယင်မှု စိတ်လှုပ်ရှားသော မျက်နှာကို





မြင်တွေ့ကြမည် ဖြစ်သော်လည်း ညီညီကိုယ်တိုင်က သူ့အပူနှင့်သူမို့ စိုင်းရွက်ခမ်း ဣန္ဒြေပျက်နေသည့်အဖြစ်ကို မည်သူမှ မရိပ်မိလိုက်ကြပါ။

လုံမေရယ်... ။

အစစအရာရာ အဆင်ပြေပါစေ၊ ချောမွေ့ပါစေလို့ ကိုယ် ဆုတောင်းနေပါတယ်ဗျာ... ။

ဆုတောင်းနေပါတယ်... ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဒေါ်လုံမေ့အမျိုးသား ဘယ်သူလဲ"

"ကျွန်တော်ပါ"

ခေါင်းငိုက်စိုက်ဖြင့် ထိုင်နေရာမှ ဆရာမလေး၏ အသံကြောင့် စိုင်းရွက်ခမ်း ခေါင်းထောင်ကြည့်လိုက်တော့ ညီ့ကို ဆရာမလေးနှင့် အတူ တွေ့လိုက်ရသည်။

"ခွဲမွေးရမယ်၊ ဒီနေရာမှာ လက်မှတ်ထိုးပါ"

"ဗျာ... "

"ဟုတ်ကဲ့... ဟုတ်ကဲ့"

တုန်ယင်သော လက်များဖြင့် လက်မှတ်ရေးထိုးလိုက်သည် သို့အသွင်ဖြင့် စိတ်လှုပ်ရှားနေမှုကို မဖုန်းကွယ်နိုင်ရှာပါ။

သူကိုယ်တိုင်ရော ညီနှင့်ထပ်တူဆိုရင် ယုံကြည်ပါမလား ဆရာမလေး အထဲကိုပြန်ဝင်သွားသည်နှင့် သူရှိရာသို့ ညီ အပြေးရောက်





လာသည်။

"ကိုကို"

"စိတ်မပူပါနဲ့ ညီရယ်၊ အားလုံး အဆင်ပြေချောမွေ့သွားမှာပါ၊ အခုချိန်မှာ လုံမေ့အတွက် ကိုကိုတို့ လုပ်ပေးနိုင်တာ တစ်ခုတည်း ရှိတယ်"

"အဲဒါက သူ့အတွက် ဘုရားမှာ ကိုကို့ကို ဆုတောင်းပေးဖို့ ပဲလေ"

ညီက သူ့ကို အားကိုးတကြီး ေးကြည့်နေပါသည်။ အရေး ရယ် အကြောင်းရယ် ရှိလို့မှ ပြေးလွှားကြည့်စရာ ညီအစ်ကိုနှစ်ယောက် တည်း ရှိကြသည့်ဘဝ။

ဖနီးဖြစ်သူ မမချယ်ရီ ကွယ်လွန်သွားပြီးသည့်နောက်ပိုင်း ကိုကိုက သူ့ထင်မြင်ယူဆသလို အထီးကျန်ဆန်စွာ ဘဝကို ငြီးငွေ့ ခြောက်သွေ့စွာ ကုန်ဆုံးဖြတ်သန်းသွားမည့် သူမျိုးမဟုတ်ဘဲ ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းသူမှန်း သိခဲ့ရသည်။

သူ့ဘဝကို အချိန်ပြည့် လုပ်ငန်းထဲမှာ နစ်မြှုပ်လိုက်ခြင်းဖြင့် စိတ်မအား လူမအား အနားမပေးခဲ့သူ။

အများရှေ့မှာ ကိုကို့ရင်ထဲ အသည်းထဲက ခံစားချက်အစစ်အမှန် ဆိုတာ မြင်ရခက်လှပါသည်။ လူခြေတိတ်ချိန် တစ်ယောက်တည်း ရှိသည့်အချိန်များမှာတော့ ကိုကို့ရင်ထဲက ခံစားချက်တွေကို ဖွင့်အံ မည် ထင်ပါသည်။

ဖြစ်သင့်ဖြစ်ထိုက်တာ လုပ်သင့်လုပ်ထိုက်တာကို ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ရဲသော ကိုကို့ကို အားကျကျေနပ်မိခြင်းနှင့်အတူ လုံး အတွက် ပျာယာခတ်နေသော စိတ်ကို ကိုကို တည်ငြိမ်သောအသွင် ကို ကြည့်၍ အနည်းငယ် ငြိမ်းအေးစေလိုက်ပါသည်။

"ညီ နေမကောင်းဖြစ်တာ ဘယ်နှစ်ရက်ရှိပြီလဲ"

"ကိုကိုသွားတဲ့နေ့က စတာပဲလေ"

"ဆရာဝန်မပြဘူးလား ညီ၊ ညီ့ပုံစံ ကြည့်ရတာ ကိုကို အားမရလိုက်တာ"

ဖြူဖျော့ဖျော့သွယ်လျသွားသော ညီဖြစ်သူကိုကြည့်ပြီး သူ စကားဆိုလိုက်သည်။

"အဟွန်း... ဟွန်း ကိုကိုလဲ မေနဲ့ အတူတူပဲ၊ ညီက ဆရာဝန်ပါ ကိုကိုရ၊ ကိုယ့်ကိုယ်ကို သိပါတယ်"

"ဆရာဝန်လဲ သွေးသားနဲ့ပဲ ညီရယ်၊ ဘယ်ကိစ္စမှ မပေါ့တာ ကောင်းတယ်၊ ညီ တော်တော်ကျသွားတယ်"

"ဟော့... ဟိုမှာ ဆရာမ ထွက်လာပြီ ကိုကို၊ ဘာပြောမလို့ လဲ မသိဘူး"

ညီအစ်ကိုနှစ်ယောက် ဆရာမလေးရှိရာကို ခြေလှမ်းကျဲများ နှင့် ရောက်သွားသည်။

"လူနာက သွေးလိုနေတယ်ရှင့်၊ ရှင်တို့ထဲမှာ အိုသွေးရှိလား"

"ကျွန်တော့်သွေးက အိုသွေးပါ ဆရာမ"

စိုးရွက်ခမ်း၏အသံကြောင့် ညီညီက သူ့ကို ကျေးဇူးတင်သော အကြည့်များဖြင့် ဖျတ်ခနဲ လှည့်ကြည့်သည်။





"ဒါဆို ပိုအဆင်ပြေသွားတာပေါ့၊ ရှင် ကျွန်မနဲ့ လိုက်ခဲ့ပါ"

"ကိုကို"

"စိတ်အေးအေးထားညီ၊ ကိုကိုတို့မိသားစုကို ဘုရားက စောင့်ရှောက်မှာပါ"

"ကိုကိုရယ်"

ဆရာမလေးနှင့်အတူ လိုက်ပါသွားသော ကိုကို့နောက်ကျော ပြင်ကို ကြည့်ရင်း ဦးရာခုံတစ်လုံးမှာ ရင်မောစွာ ထိုင်ချလိုက်ပါသည်။

သူ့အတွက် ကိုကိုက အစစအရာရာ သူ့အလိုဆန္ဒမှန်သမျှကို ဖန်တီးဖြည့်စွမ်းပေးခဲ့သူ...

သူ့ကို ကိုကို သိပ်ချစ်တာ သူသိလို၊ သူကိုယ်တိုင်ကလည်း ကိုကို့ကို သိပ်ချစ်ပါသည်။

ကိုကိုရယ်... ။

ညီ့ရင်ထဲမှာ ကိုကို့ကို ထာဝရလေးစားချစ်ခင်စိတ်နဲ့ ကျေးဇူး တင်နေမှာပါဗျာ။ အချိန်လေးတွေ ရွှေ့ရွှေ့ ကုန်ဆုံးသွားသည်။

ခွဲစိတ်ခန်းတံခါး ပွင့်လာသည်။

"သားရောမိခင်ပါ အားလုံး စိတ်ချရပါပြီဗျာ၊ သွားတွေ့လို့ ရပါပြီ"

"သိုင်း;ခ်ယူး ဒေါက်တာ"

ဆရာဝန်ကြီးက သူတို့ညီအစ်ကိုနှင့် ခင်မင်ရင်းနှီးပြီးသား ဖြစ်သဖြင့် စိုင်းခမ်းညီပခုံးကို ညင်သာစွာပုတ်ပြီး အပြုံးနှင့် နှုတ်ဆက် ထွက်ခွာသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ... မေရယ်"

ဆေးအရှိန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော လုံမေ့မျက်နှာလှလှလေးကို တစိမ့်စိမ့် စူးစိုက်ကြည့်ကာ လှိုက်လှဲသောရင်ဖြင့် သူ တဖွဖွနေ၍လိုက်ခြင်း ဖြစ်ပါသည်။

သူ၏ အလိုဆန္ဒကို လိုက်လျောဖြည့်ဆည်းပေးသော ဇနီးချောလေး၏ ရင်ထဲက ချစ်ခြင်းမေတ္တာများကြောင့် သူ့ရင်မှာ တသိမ့်သိမ့် လှိုက်ဖြာပီတိဖြစ်နေပါသည်။

သားကို သူ သေသေချာချာ ကြည့်ခဲ့ပြီးပါပြီ။ မွေးစမှာပင် သားသားက မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်နှင့် ပါးမြိုင်းမွေးရေးရေးလေးများဖြင့် လူချောလူလှတစ်ယောက်မှန်း သိသာထင်ရှားလှပါသည်။

အဖေ၏ ခန့်ညားချောမွေ့မှုနှင့် မိခင်ဖြစ်သူတို့၏ အချောအလှမျိုးကိုသားက ရယူပိုင်ဆိုင်ထားခြင်းဖြင့် သားရတနာလေး ဖြစ်ခွင့်ရရှိခဲ့ပါသည်။

သားရယ်... ။

ဖေဖေ သားကို ဖေဖေ သိပ်ချစ်ပါတယ်ဗျာ။ သားနဲ့ သားရဲ့ မေမေဟာ ဖေဖေ့ဘဝရဲ့ အနာဂတ် အလင်းရောင်ပါ။

သားတို့သားအမိနဲ့ ဖေဖေ ဘယ်တော့မှ မခွဲပါရစေနဲ့... ။

ထာဝရအတူနေပါရစေဗျာ... ။

အနီရောင်သွေးစက်လေးများက လုံမေ့ခန္ဓာကိုယ်ထဲကို တစ်စက်ချင်း စီးဆင်းဝင်ရောက်နေပါသည်။

"ညီ"





"ဟော့... ကိုကို ဒီမှာ သားကိုကြည့်ပါဦးဗျာ။ သားကလေး ငယ်ငယ်လေးနဲ့ တကယ့်လူကြီးတစ်ယောက်လို ချောမောခန့်ညားလွန်းလို့ပါ"

"ကြည့်ပါဦး ကိုကို"

လှိုက်လှဲမြူးကြွနေသည့်အသံ... ။

သား၏ဖခင်တစ်ယောက်အဖြစ် မေတ္တာစိတ်များ ထုံးမွှန်းနေသည့် နူးညံ့သိမ်မွေ့သည့် အကြည့်အပြုံးများဖြင့် ပီတိလွှမ်းခြုံနေသည့် ညီဖြစ်သူကို တစ်ချက်လှမ်းကြည့်ရင်း သူ ပြုံးလိုက်သည်။

ညီ ဘယ်လောက်စိတ်လှုပ်ရှားရသလဲ။ ဘယ်လောက်ပျော်ရွှင်ကြည်နူးနေသလဲဆိုတာကိုကြည့်ပြီး သူ့ရင်ထဲမှာလည်း အပျော်တွေ ကူးစက်လာရပါသည်။

သူ နှစ်ခြိုက်စွာ အိပ်ပျော်နေသော သား၏မေမေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး/သားကို ငုံ့ကြည့်လိုက်ပါသည်။

ညီညီပြောသလိုပင် သားက အရွယ်နှင့်မလိုက်အောင် သိပ်ပြီး ချောမောလွန်းသဖြင့် သူ ကျေနပ်စွာ ပြုံးလိုက်ပါသည်။

"အေးကွ၊ ညီညီသားက လူချောပဲ၊ သမက်ဖမ်းချင်တဲ့ သူတွေ ဝိုင်းဝိုင်းလည်နေဦးမှာ၊ မြင်ယောင်မိပါသေးရဲ့ဗျာ"

"အဟွန်း... ဟွန်း... ဟွန်း"

"ဒါကတော့ ညီညီသားပဲ ကိုကိုရ၊ ညီညီလိုပဲ ရှိမှာပေါ့ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားအမိနှစ်ယောက်စလုံး စိတ်ချရပြီလို့ ဆရာဝန်ကြီးက ပြောထားပြီဆိုတော့ ကိုကို အိမ်ခဏပြန်ဦးမယ် ညီ"

"ကိုကို ပြန်နှင့်လေ၊ ညီ မလိုက်သေးဘူး၊ သားတို့နားမှာပဲ နေရစ်ဦးမယ်"

"အိုကေ"

"လိုအပ်တာတွေ ကိုကို ပို့ခိုင်းလိုက်မယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ ကိုကို"

စိုင်းရွှက်ခမ်းကားလေး ဆေးရုံဝင်းထဲက မောင်းထွက်သွားတာကို ကြည့်ပြီး သက်ပြင်းချမိသူက စိုင်းခမ်းညီရယ်ပါ။

ခရီးသွားရာက ပြန်ရောက်ရောက်ချင်း ညီဖြစ်သူရှိရာကို အလာ လုံမေ့ကို ဆေးရုံပို့ရမည့်ကိစ္စမှာ ကိုကိုပါဝင်ကူညီသဖြင့် အဆင်ပြေသွားသလို လုံမေ့အတွက် လိုအပ်သောသွေးကို ကိုကိုကပဲ လှူဒါန်းသွားခဲ့သည်။

လုံမေနှင့် ကိုကို သွေးချင်းတူပေမဲ့ သူနှင့်ကျတော့ သွေး အမျိုးအစားချင်း မတူညီသဖြင့် ပေးလှူခွင့်မရခဲ့ပါ။

လုံမေ၏အသက်ကို သူ့သွေးဖြင့် ပေးဆက်၍ ကူညီခဲ့သလို သူ့အတွက်လည်း ကိုကိုကပဲ အလင်းရောင်ပေး၍ ရှင်သန်စေခဲ့သူ ဖြစ်သည်။

ကိုကို့ကျေးဇူးတွေက သူတို့မိသားစုအပေါ်မှာ ဆပ်၍မကုန်နိုင်အောင် များပြားလှပါသည်။

နှစ်ခြိုက်စွာ အိပ်ပျော်နေခဲ့ဖြစ်သော လုံမေတို့သားအမိနှစ်





ယောက်၏ မျက်နှာကို သူ တလှည့်စီ ငေးကြည့်နေမိသည်။

အထူးသဖြင့် သား၏မျက်နှာလေးကို တစိမ့်စိမ့် ကြည့်မဝနိုင်ပါ။ သူကိုယ်တိုင် ဤသို့ခံစားနေရပါလျှင် သား၏ဖခင်အရင်းအချာဖြစ်သော ကိုကို့ရင်ထဲမှာ သား၏မျက်နှာလေးကိုကြည့်ပြီး မည်သို့မည်ပုံ ခံစားရှာမည်နည်း။

ကိုကိုရယ်... ။

ကိုကို့အပေါ်မှာ ညီ မတရားသလိုများ ဖြစ်နေပြီလား... ။

သား၏မျက်နှာလေးကို တစိမ့်စိမ့် စူးစိုက်ကြည့်ရင်း သူ့ရင်ထဲအသည်းထဲက လှိုက်လှဲစွာ ထွက်ပေါ်လာသော မေးခွန်းဖြစ်ပါသည်။

နီရဲနုထွေးသော သား၏ပါးပြင်နုနုကို အညင်သာဆုံး ထိကပ်ရှိုက်နမ်းရင်း သူ သက်ပြင်းရှိုက်လိုက်မိသည်။

"မောင်... "

"ဟင်... ချစ်... နိုးပြီနော်၊ သားရဲ့မေမေကို အရင်ဦးဆုံး ဂုဏ်ပြုပါရစေဦးဗျာ"

လုံမေ နဖူးပြင်ဝင်းဝင်းလေးကို ညင်သာစွာ ငုံ့မွှေးရှိုက်နမ်းရင်း သူ ဆိုလိုက်သည်။

"မောင့်အတွက် သိပ်ချောသိပ်လှတဲ့ သားလေးမွေးပေးတဲ့ မေ့ကို သိပ်ပြီး ကျေးဇူးတင်ပါတယ် အချစ်ရယ်"

"မောင် ဝမ်းသာပျော်ရွှင်နေတာကို မြင်ရနဲ့တင် မေ ခံစားခဲ့ရတဲ့ ဝေဒနာတွေအားလုံး ပြေပျောက်သွားရပါပြီ မောင်"

"မောင့်အချစ်ဆုံးရယ်... "



www.burmeseclassic.com

www.burmeseclassic.com



မေ့လက်ကလေးကို တင်းကျပ်စွာ ဆုပ်ညှစ်လျက် ရှိုက်နမ်းလိုက်သည်။

"ကြည့်စမ်း၊ မောင် ကိုယ်တွေပူနေတုန်းပဲကွယ်၊ အိမ်ပြန်ပြီး အနားယူလိုက်ပါလား မောင်"

"မောင် သိပ်ပန်းနေပြီ"

ခုတင်ထက်မှ လူမမာက သူ့အတွက် ပြန်ပြီး စိုးရိမ်နေသဖြင့် သူ ကြည်နူးချစ်မြတ်နိုးစွာ ပြုံးရယ်လိုက်ပါသည်။

"အံ့ဟွန်း... ဟွန်း ချစ်လောက် မောင်က မပင်ပန်းပါဘူးဗျာ၊ မောင့်အတွက် သားသားကို အသက်နဲ့ရင်းပြီး မွေးထုတ်ပေးခဲ့တဲ့ ချစ်ကသာ တကယ်ပင်ပန်းတာပါ"

"ဒါလဲဒါပေါ့ မောင်ရယ်၊ မောင်ကမှ ကျန်းမာရေးကောင်းတာမှ မဟုတ်ဘဲ၊ သားနဲ့ မေ့အတွက် စိတ်ချရပြီဆိုရင် မောင် အိမ်ကို ပြန်အနားယူပါနော်"

"မေရယ်၊ ဘာဖြစ်လို့ မောင့်အတွက် ဒီလောက် စိတ်ပူနေရတာလဲ၊ မေ့အတွက်ပဲ မေ စိတ်ပူစမ်းပါဗျာ"

"ဒီမှာ မေ့ကိုယ်မှာ သွင်းထားတဲ့သွေးတွေကို မြင်ရဲ့လား အဲဒါ ဘယ်သူ့သွေးတွေလို့ မေထင်လဲ"

လုံမေက သူမကိုယ်ပေါ်ရှိ သွေးပိုက်ကိုကြည့်ပြီး တစ်ချက် ပြုံးလိုက်သည်။

"အဟင်း... မောင့်သွေးပဲမဟုတ်လား"

"မဟုတ်ဘူးခင်ဗျာ၊ ကိုကို့သွေး"





"ဟင်..."

"မေ သိပ်အံ့သြသွားပြီ မဟုတ်လား"

ကျေနပ်ဂုဏ်ယူသော အပြုံးဖြင့် ဆိုလာသည့် မောင့်ကို လုံမေ ခေါင်းညိတ်ပြရင်း ဦးစိုင်းရွက်ခမ်း၏ သွေးဖြင့် အသက်ရှင်သန်ခွင့်ရသည့် သူမအဖြစ်အတွက် စိတ်မှာ အကြီးမားဆုံး အနှောင့်အယှက်တစ်ခု ဖြစ်သွားရပါသည်။

"မောင့်သွေးအမျိုးအစားနဲ့ မေရဲ့သွေးက မတူဘူးလေ၊ ကိုကိုနဲ့ မေကမှ သွေးတူတာဆိုတော့ မောင်က မေ့အတွက် ပေးချင်ပေမဲ့ မပေးနိုင်ဘူးပေါ့ဗျာ"

"မောင်တို့မိသားစုအပေါ်မှာ ကိုကို့ကျေးဇူးတွေ အများကြီး ရှိတယ် သိလား"

"မေလဲ မောင့်ကိုကို့ကို ကျေးဇူးတင်ပါတယ် မောင်ရယ်"

"ဒါနဲ့ မေ့သားကို မေ ကြည့်ပါရစေဦးကွယ်"

"ဩော်... ဟုတ်သားပဲ၊ သားကို မောင် မေ့ဆီ ယူခဲ့မယ်နော်"

သူမ ခေါင်းညိတ်ပြလိုက်သည်နှင့် မောင်က သားရှိနေသည့် ပုခက်ရှိရာကို လျှောက်သွားပါသည်။ တကယ်တော့ ဦးစိုင်းရွက်ခမ်းနှင့် ပတ်သက်ပြီး သူမ ဘာတစ်ခုမှ ဆက်ပြီး နားမထောင်လိုတော့၍ စကားဖြတ်လိုက်ခြင်း ဖြစ်ကြောင်းကို မောင် ရိပ်မိမည်မဟုတ်ပါ။

နာကျည်းမုန်းတီးရလွန်းသော သူ၏သွေးနှင့် မောင် အသက်ဆက်ရှင်ရဦးတော့မှာပါလားဆိုသည့် အတွေးက လုံမေ့အသည်းပြင်



www.burmeseclassic.com

www.burmeseclassic.com



ကို ထိခိုက်နာကျင်သွားစေပါသည်။

"ဒီမှာ ကြည့်ပါဦး မေ၊ သားက မေနဲ့တူလို့ သိပ်ချော သိပ်လှတာပဲဗျာ"

မောင်က သားကို မချိတတ်ချိတတ်နှင့် ပွေ့ယူလာပြီး သူမ မျက်နှာရှေ့ကို မြင်သာအောင် ပြပေးပါသည်။ မောင်ပြောသလို သားက မွေးကင်းစကလေးပေါက်စလေးနှင့် မတူအောင် ချောမောတာကို တွေ့မြင်ရခြင်းကြောင့် လုံမေ့ရင်မှာ တစ်ခါမှ မခံစားဖူးသော ခံစားချက်တစ်မျိုးကြောင့် သားမျက်နှာကို စေ့စေ့ ငေးကြည့်ရင်း ရင်ထဲမှာ တုန်ယင်လှိုက်ဆို့လာပါသည်။

"သား... သားရယ်၊ မေက သားရဲ့အမေ ဖြစ်သွားပြီနော် မောင်"

သား၏မျက်နှာလေးကို ဖွဖွရှိုက်နမ်းရင်း သူမ ဆိုလိုက်မိသည်။

"ဒါပေါ့ဗျာ၊ မေက သားရဲ့မေမေ၊ မောင်က သားရဲ့ ဖေဖေ၊ မောင်တို့မိသားစုဘဝလေး ဘယ်လောက်များ ပျော်ရွှင်ကျေနပ်စရာ ကောင်းလိုက်သလဲ"

"ဟုတ်တယ်နော် မေ့ဘဝမှာ သားသာရှိနေရင် အားလုံးပြည့်စုံပါပြီ"

"ဟေး... အဲ့ဒါက ဘာစကားလဲ၊ သားရှိနေရင် ပြည့်စုံပြီဆိုတော့ ဟော့ဒီက သားရဲ့ဖေဖေကို ဘယ်မှာသွားထားမလို့တုန်းဗျာ"

ကဲကဲဆတ်ဆတ် ဆိုလိုက်သော မောင့်စကားကြောင့် သူမ ပြုံးလိုက်သည်။





"အဟင်း... ဟင်း... မေ စကားပြော လောသွားလို့ပါနော်၊ မေ့ဘဝမှာ ဟော့ဒီက သားရဲ့ဖေဖေရယ်၊ သားရယ်ရှိရင် အားလုံးပြည့်စုံပါပြီလို့"

"ကဲ... ကျေနပ်ပြီလား"

"ကျေနပ်ပါပြီတဲ့ဗျာ၊ အဟွန်း... ဟွန်း"

ကြည်နူးချမ်းမြေ့မှုကိုယ်စီဖြင့် သားမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း လှိုက်လှဲသော ပီတိကိုယ်စီဖြင့် သူတို့မျက်နှာလေးတွေ ပြုံးနေမိကြသည်။

အခုတော့လည်း ဘဝဆိုတာ ပျော်ရွှင်ကြည်နူးခြင်းဟု တွေးရင်း လှပသော အနာဂတ်ခရီးကို ကြိုတင်မှန်းဆလျက် ကိုယ်စီရင်မှာ ငြိမ်းအေးချမ်းမြမဆုံးအောင် ရှိနေပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"သားလေးရေ၊ ဟော့... သားသား"

"မေ ဒီမှာ ကြည့်ပါဦး၊ သားက မောင့်ကို ကြည့်နေတယ်ဗျာ သိလား"

စိုင်းခမ်းညီစကားကြောင့် လုံမေ ပြုံးလိုက်သည်။

"ဒီအရွယ်လေးနဲ့ သားက မောင့်ကို မြင်ပါ့မလား မောင်ရဲ့"

"မြင်လို့ ကြည့်နေတာပေါ့ မေရဲ့၊ သားကို မေပဲ သေချာကြည့်စမ်းပါဦးဗျာ"

"ဟော့... သားသားရေ၊ ဟော့... မြင်လား၊ သားက မောင့်ကို ကြည့်နေတယ် တွေ့လား"

"ဟုတ်ပါသတဲ့ရှင်၊ ဟုတ်ပါသတဲ့"

မောင်နှင့်အပြိုင် မငြင်းလိုသဖြင့် မောင့်အလိုကျသူမ ခေါင်း





ညိတ်လိုက်မှ မောင်က ကျေနပ်သွားတာမို့ အဖြစ်သည်းလှသော မောင့်ကိုကြည့်ပြီး ကြည်နူးပီတိဖြင့် မျက်စောင်းရွယ်လိုက်မိပါသည်။

"ဟော့... ကိုကိုလာပြီ၊ ဒီမှာကြည့်ပါဦး၊ ကိုကို့တူက ညီ့ကို သေချာကြည့်တတ်နေပြီဗျာ့၊ သိလား"

"ဟုတ်လား"

စိုင်းရွက်ခမ်းအသံက တအံ့တသြနိုင်လှသလို မောင့်ပုံစံက လှုပ်လှုပ်ရှားရှားမို့ လုံမေကတော့ သူတို့ညီအစ်ကိုနှစ်ယောက်အလယ်က သားကိုသာ လှမ်းကြည့်နေလိုက်ပါသည်။

"ရော့... ကိုကို၊ ကိုကို့တူကြီးကို ချီပြီး သေချာကြည့်စမ်းပါဦးဗျာ၊ သူ့ပုံစံက ညီတို့ပြောတာကို နားလည်နေသလိုပဲနော်"

"ဖြည်းဖြည်းကွ၊ ဖြည်းဖြည်း၊ သားက သိပ်ငယ်သေးတော့ ကိုကို မချီတတ်သေးဘူး"

"ချီတတ်အောင် ချီပေါ့ကိုကိုရ၊ ညီလဲ ကိုကို့လိုပဲ ကလေးပေါက်စလေးတွေ ချီမှမချီဖူးပဲ၊ ဒီလိုပဲဖြစ်အောင် ချီရပွေ့ရတာပေါ့"

"အေးပါကွာ၊ အေးပါ"

အနီးထုပ်ဖြူဖြူထဲက သားကို မထိရဲမကိုင်ရဲသလို ပွေ့ယူချီမကို သား၏မျက်နှာကို မျက်တောင်မခတ်စတမ်း ငုံ့ကြည့်နေသော ကိုကို့မျက်နှာက နူးညံ့သိမ်မွေ့နေရုံမျှမက နှုတ်ခမ်းအစုံကလည်း ပီတိအပြုံးဖြင့် လှိုက်လှဲစွာ ပြုံးလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ကိုကို၊ သားက သူ့ဦးကြီးကို ကြည့်နေတယ် တွေ့လား"

"အေးကွ"

ညီဖြစ်သူ၏အဆိုကို အစ်ကိုဖြစ်သူက လိုက်လှဲစွာ ထောက်ခံနေတာကို နားထောင်ပြီး သူတို့မမြင်အောင် လုံမေ့နှုတ်ခမ်းလေးကို မဲ့လိုက်ပါသည်။

ဖြစ်နိုင်လျှင် သားကို ဦးစိုင်းရွက်ခမ်း ထိကိုင်ချီပွေ့တာကို လုံမေ သဘောမကျနိုင်ပါ။ သူ့လက်ထဲကနေ သူမသားကို ဆွဲယူချီပွေ့ထားလိုက်ချင်ပါသည်။

ခက်သည်မှာ သူက သား၏ ဦးကြီးဖြစ်နေရုံမျှမက လုံမေ့ကို သူ့ခန္ဓာကိုယ်ထဲကသွေးကို ပေးထုတ်ကယ်တင်ထားသည့် သူမ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်၍ နေခြင်းကြောင့် သူမရင်ထဲ စိတ်ဆန္ဒများကို ဖော်ထုတ်ခွင့် မသာတော့ပါချေ။

ဘာပဲပြောပြော သူက လုံမေ့အတွက် အသက်သခင်ကျေးဇူးရှင်မို့ သက်ပြင်းရှိုက် အကြည့်လွှဲရုံသာ တတ်နိုင်ပါသည်။

"အဲ့... အဲ့... "

"ဟော့... သားသား ဗိုက်ဆာပြီထင်တယ်ညီ၊ သူ့အမေကို ပေးလိုက်ပါလား"

စိုင်းရွက်ခမ်းလက်ထဲမှာ ကလေးက ထငိုသဖြင့် ဘာလုပ်ရမှန်း





မသိဘဲ သားသားကို ညီဖြစ်သူလက်ထဲ ပြန်ထည့်ပေးဖို့ ကြိုးစားတော့ ညီက မယူပါ။

"ရော့... ညီ၊ သားကိုယူပါဦး"

"အဟွန်း... ဟွန်း... ကိုကိုကလဲဗျာ၊ ညီ့ကိုပေးမယ့်အစား သားကို မေ့လက်ထဲထည့်လိုက်မှာပေါ့ဗျာ"

"ဟိုလက် ဒီလက်ကူးနေရင် သားသား ကိုယ်လက်တွေ နာနေပါဦးမယ်"

ဖခင်တစ်ယောက်၏ မေတ္တာဖြင့် သား နာကျင်မှာကို စိုးရိမ်နေရှာသော ညီဖြစ်သူစကားကြောင့် စိုင်းရွက်ခမ်းမှာ သားကို ချီပွေ့လျက် လုံမေ့ကို တစ်ချက်လှမ်းကြည့်လိုက်မိပါသည်။

သူတို့ရှိရာကို လှမ်းကြည့်နေသည့် လုံမေမျက်ဝန်းလေးများမှာ ပကတိကြည်လင်တောက်ပလျက် ချစ်ခြင်းမုန်းခြင်းတို့ အလျှင်းမရှိသလို နူးညံ့သိမ်မွေ့သော မျက်နှာလှလှလေးကလည်း တည်ငြိမ်အေးချမ်းနေသောကြောင့် သူ့ရင်မှာ သက်သာရာ ရသွားပါသည်။

"သားသားကို မေ့ဆီ ခေါ်ခဲ့ပါ ကိုကို"

တည်ငြိမ်သောအသံလေးဖြင့် မောင့်ရှေ့မှာ သူမ ဆိုလိုက်ပါသည်။

မေ့လက်ထဲကို သားသား ရောက်လာပါသည်။ သားကိုယ်လေးကို သူမ တင်းကျပ်စွာ ချီပွေ့ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မေ့အတွက် သွေးရှူပေးတဲ့ ကိုကို့ကို မေ ကျေးဇူးတင်ပါတယ်ရှင်"

"ဟုတ်တယ်ကိုကို၊ ကိုကို့ကျေးဇူးတွေကတော့ ညီတို့မိသားစုအပေါ်မှာ ဆပ်မကုန်အောင် များနေပါပြီဗျာ"

"ဒီလိုမပြောပါနဲ့ ညီရယ်၊ ကိုကိုတို့က မိသားစုတွေပဲ၊ ဖြစ်နိုင်ရင် ကိုကို့အနေနဲ့ ညီနဲ့ လုံမေ့အပေါ်မှာ ဒီထက်မက လုပ်ပေးချင်နေတဲ့သူပါ"

"ညီတို့မိသားစုလေး ကျန်းမာပျော်ရွှင်နေတာဟာ ကိုကိုကိုယ်တိုင် ကျန်းမာပျော်ရွှင်နေရတာနဲ့ အတူတူပါဗျာ"

"ညီညီတို့စိတ်ထဲမှာလဲ ဘာမှမထားပါနဲ့၊ ကိုကို့စိတ်ထဲမှာလဲ ဘာမှမရှိပါဘူး"

"ကိုကိုရယ်၊ ကိုကို ဘယ်လိုပဲပြောပြော ညီကတော့ ကိုကို့ကျေးဇူးကို ဘယ်တော့မှ မေ့လို့ရမှာမဟုတ်ပါဘူးဗျာ"

ညီအစ်ကိုနှစ်ယောက် ကိုယ့်အစီပွာယ်နှင့်ကိုယ် ပြောဆိုနေကြသည့် စကားများ၏ လေးနက်မှုကို သူတို့ချင်းသာ သိနေကြသော်လည်း လုံမေကတော့ သူတို့အချင်းချင်း ဘာကိုဆိုလိုနေကြောင်း လုံး၀ မရိပ်မိရှာပါ။

သူတို့ညီအစ်ကိုနှစ်ယောက်ရှေ့မှာ သားသားကို ချိုချိုမတိုက်ရဲသဖြင့် မျက်နှာနီနီဖြင့် အနေရခက်လျက် နောက်ဆံး နှုတ်မှ





ဖော်ထုတ်လိုက်ရပါသည်။

"မောင်"

"ဗျာ... "

"ဒီမှာ မေ သားကို ချိုတိုက်မလို့၊ အပြင်ကို ထွက်ပေးပါ"

"ဟောဗျာ... "

"အဟွန်း... ဟွန်း... ဟွန်း"

"လာ... ကိုကို၊ ကြားတဲ့အတိုင်းပဲ ကိုကို့ညီမက ညီတို့ကို အပြတ်နှင်နေပြီဆိုတော့ လစ်ကြစို့"

လုံမေရယ်... ။

ကိုကို့လက်ကိုဆွဲပြီး အပြုံးဖြင့် သူမအခန်းထဲက ညီအစ်ကိုနှစ်ယောက် အတူထွက်ခဲ့ကြသော်လည်း သား၏အမေဖြစ်သည့်တိုင် အရှက်အကြောက် ကြီးနေဆဲဖြစ်သည့် လုံမေ့အသွင်လှလှလေးကို မျက်ဝန်းထဲက မထွက်နိုင်အောင် ရှိနေမိပါတော့သည်။

ဆေးရုံမှာ တစ်ပတ်တိတိနေပြီးမှ လုံမေတို့သားအမိ ဆေးရုံမှ ဆင်းခဲ့ကြခြင်းဖြစ်ရာ ရက်ပိုင်းမျှသာရှိသေးသော သားကို လက်ကမချချင်လောက်အောင် ချီမ၀၊ ချစ်မ၀ဖြစ်လျက် သည်းသည်းလှုပ်နေခြင်းဖြစ်ပါသည်။

"ကိုကို"

"ဟင်... "

—



www.burmeseclassic.com

www.burmeseclassic.com



"နေကောင်းသွားပြီနော်"

"အေးကွ၊ အာဂန္တုအဖျားပါ၊ နှစ်ရက်သုံးရက် ကောင်းကောင်း အနားယူလိုက်တော့ ပျောက်သွားတာပါပဲ"

ညှော်ခန်းမှာ ညီအစ်ကိုနှစ်ယောက် အတူထိုင်ရင်း ပြောနေကြခြင်း ဖြစ်ပါသည်။ ခရီးရောက်မဆိုက် ပင်ပန်းနေသည့်ကြားမှ လုံမေ့အတွက် သွေးလှူလိုက်ရသည့် အရှိန်ဖြင့်ပေါင်းကာ နောက်ရက် အဖျားဝင်ကာ အိပ်ရာထဲ လဲသွားသဖြင့် လုံမေတို့သားအမိကို သေချာသွားမကြည့်နိုင်ခဲ့ပါ။

အဖျားရောဂါ ကူးစက်မည်စိုးသောကြောင့် ဖုန်းနှင့်သာ သတင်းမေးပြီး လုံးဝအဖျားပျောက်မှ ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

"ကိုကို့ကိုသာ မေးနေတယ်၊ ညီရော နေကောင်းသွားပြီလား"

"ကောင်းပါတယ် ကိုကိုရ၊ ရင်ဘတ်ထဲက တစ်ချက်တစ်ချက် ထိုးအောင့်တာ တစ်ခုပဲ ဆိုးတယ်ဗျာ"

ညီဖြစ်သူစကားကြောင့် စိုင်းရွက်ခမ်း မျက်ခုံးတွန့်သွားသည်။ မျက်ဝန်းထဲမှာလည်း ချယ်ရီ့ကို ဖွတ်ခနဲ ပြေးမြင်ယောင်လိုက်မိသည်။ ဒီလိုစကားမျိုးကို ချယ်ရီ မကြာခဏ ညည်းညူတတ်တာကို သူ မမေ့ပါ။

ညီဖြစ်သူစကားကြောင့် သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

"အဲ့ဒီလိုဖြစ်တာ ကြာပြီလား ညီ"





"အင်း... ဘယ်လိုပြောရမှန်းတောင် မသိပါဘူး၊ ဟိုတုန်းကတော့ တစ်ခါ နှစ်ခါလား ဖြစ်ဖူးတယ်ထင်တယ်၊ အခုလောက်အော့ မပြင်းထန်ဘူး"

"ဆရာဝန်မပြဘူးလား ညီ၊ ရောဂါဝေဒနာဆိုတာ ပေါ့ဆနေလို့ မရဘူးဆိုတာ ညီလဲ ဆရာဝန်ပဲ သိမှာပါ"

သူ စိုးရိမ်စွာ ပြောလိုက်သည်။

"သိပါတယ် ကိုကိုရ၊ ညီ့အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ညီ့ကိုယ် ညီ သိပါတယ်"

ပေါ့ဆစွာ ပြောလာသည့် ညီ့စကားကို သူ လက်မခံချင်ပါ။

"ဘာပဲဖြစ်ဖြစ် ကိုကိုတော့ ညီ့ကို အထူးကုဆရာဝန်ကြီးတွေနဲ့ စစ်ဆေးကြည့်စေချင်တာပဲ"

"စိတ်ချပါ၊ အဲ့ဒါတော့ ညီ လုပ်မှာပါ၊ အသက်ငယ်ငယ်နဲ့ ညီလဲ မသေချင်သေးပါဘူးဗျာ"

"ညီကလဲကွာ၊ မပြောကောင်းမဆိုကောင်းတွေ လျှောက်မပြောစမ်းပါနဲ့"

အယူသည်းတတ်သူ မဟုတ်သော်လည်း ညီ့စကားကို သူ လက်မခံနိုင်အောင် ခါးသီးနေမိသည့် အဖြစ်ကို ညီက သဘောကျစွာ ရယ်ပါသည်။

"ကိုကိုကတော့ဗျာ၊ သိပ်အသည်းနုတာပဲ၊ ညီက သဘောပြော



www.burmeseclassic.com

www.burmeseclassic.com



တာ ပါဗျာ၊ အခုချိန်မှာ သေမင်းက ဖွတ်အတင်းဆွဲခေါ်မယ်ဆိုရင် တောင်မှ ညီက ညီချစ်တဲ့ မယားနဲ့သားနဲ့ အတူတူနေပါရစေဦးလို့ ဒူးထောက်အသနားခံမဲ့ သူပါဗျာ"

"ညီရာ မပြောပါနဲ့ဆိုမှ မင်းက ပိုဆိုးလာပါရောလားကွာ"

"အဟွန်း... ဟွန်း... ဟွန်း"

"ဆောရီးပါဗျာ၊ နောက် ကိုကိုမကြိုက်တာ ညီမပြောတော့ ပါဘူး"

ညီ့စကားကြောင့် သူ သက်ပြင်းကျိတ်ရှိုက်လိုက်သည်။

"ကိုကိုတို့ မနက်ဖြန်ပဲ အထူးကုဆရာဝန်ကြီးနဲ့ စစ်ဆေး ကြည့်ကြမလား ညီ"

"ဘယ်သူ့ကိုလဲ ကိုကို"

"ညီ့ကိုလေ"

"အဟွန်း... ဟွန်း... ကိုကိုကလဲဗျာ၊ ညီ့ကို ကလေးကျနေ တာပဲ"

"ကိုကို့အတွက်တော့ ညီက ကလေးပဲလေ၊ ပြေးကြည့်မှ ကိုကိုတို့မှာ ဒီညီအစ်ကိုပဲ ရှိတာမဟုတ်လား"

"ညီ့အတွက် ကိုကိုစိုးရိမ်တာ အပြစ်လို့ မဆိုစမ်းပါနဲ့ကွာ"

ညီဖြစ်သူအတွက် သူ အမှန်တကယ် ပူပင်စိုးရိမ်စိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။





"အပြစ်လို့ဆိုတာ မဟုတ်ပါဘူး ကိုကို၊ ညီ့အတွက် ကိုကို စိတ်ပူနေမှာစိုးလို့ ပြောတာပါ"

"အခုတော့ ကိုကို စိတ်ချမ်းသာအောင် ညီ အထူးကုဆရာဝန် ကြီးတွေနဲ့ ဆေးစစ်ပါဦးမယ်၊ ဒီရက်ပိုင်းတော့ မဟုတ်သေးဘူးနော်"

"တစ်ပတ်ဆယ်ရက်အတွင်း စစ်ပါမယ်လို့ ညီ ကတိပေးပါ တယ်၊ ကိုကို ကျေနပ်ပြီမဟုတ်လား"

"ကိုကို့သဘောကတော့ ညီ အခုလို အချိန်ဆွဲနေတာ မကြိုက် လှပေမဲ့ ညီ့သဘောပါ"

ကိုယ်တိုင်က ဆရာဝန်ဖြစ်နေသည့် ညီ့ကို သူကပဲ အလျှော့ ပေးလိုက်ပါသည်။

"လာ... ကိုကို၊ ညီတို့ သားကို သွားကြည့်... အား... ကို... ကို"

"ဟင်... ညီ... ညီ ဘာဖြစ်တာလဲ"

"ဟာ...

ထိုင်ရာမှ ရုတ်တရက်အထ၊ ညီတစ်ယောက် သူ့ရင်အထဲ ကိုလက်နှင့် ဖိလျက် ပြင်းထန်သော ဝေဒနာတစ်ရပ်ကို ခံစားလျက် ရပ်နေရာမှ အရုပ်ကြိုးပြတ် လဲကျသွားရာ သူ ညီ့ကိုယ်ကို အမြန် ပြေးယူထိန်းပွေ့လိုက်သည်။

"ညီ... ညီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

စိုင်းခမ်းညီက သူ့လက်ပေါ်မှာ ပျော့ခွေသတိလစ်လျက်ရှိ

သူ ဘယ်လိုမှ ခေါ်ပါသော်လည်း မထူးနိုင်တော့ပါ။

အဖြစ်အပျက်များက လျင်မြန်လှသဖြင့် သူတို့၏အဖြစ်

မည်သူမှ မသိလိုက်ကြပါ။ သူ့ညီကိုယ်ကို လျင်မြန်စွာ ပွေ့ယူပြီး

ကားပေါ်တင်လိုက်ပါသည်။

အခုအခြေအနေကို လုံမေသိအောင် အမှန်အတိုင်း ဖွင့်ပြော

မဖြစ်သဖြင့် အိမ်ဖော် ဒေါ်နိုင်းကို တိုးတိုးတိတ်တိတ် အသံပေးကာ

လုံမေမေးလျှင် သူတို့ညီအစ်ကို အပြင်ခဏ သွားသည်ဟု ပြောဆိုရန်

မှာကြားပြီး ကားကို နေရာမှ တအားမောင်းထွက်ခဲ့ပါသည်။

ရင်ထဲမှာတော့ အချစ်ဆုံးညီငယ်အတွက် အသည်းနှလုံး

တွေ ဖြောင်းဆန်အောင် စိုးရိမ်စိတ်က အထွတ်အထိပ်သို့ ရောက်ရှိ

နေပါသည်။

သူ စိုးရိမ်သည့် အခြေအနေကြားက ဖြစ်လာသည့် အနေအထား

မို့ သူ အံကြိတ်လိုက်သည်။ သွေးနှသားနှ လုံမေသာ ဒီအဖြစ်ကို

သိသွားလို့ကတော့ သူ့အတွက် မတွေးဝံ့စရာပါလား။

"ဂျွိ..."

ကားကို ဆေးရုံရှေ့မှာ ထိုးရပ်ပြီး ညီကိုယ်ကို ပွေ့ယူချီပြီး

ဆေးရုံထဲ အပြေးဝင်ခဲ့သည်။ တခဏအတွင်းမှာပင် ဆေးရုံဝန်ထမ်း





တွေအားလုံး အလုပ်ရှုပ်သွားကြသည်။

ညီ့တစ်ကိုယ်လုံး ဆေးထိုးပိုက်များဖြင့် ရှုပ်ထွေးသွားသည်။

ဆရာဝန်ကြီးကိုယ်တိုင် ညီ့အပါးမှာ တစ်ဖဝါးမခွာ အတူရှိနေသော်

လည်း အခြေအနေက သူ ဆုတောင်းသလို ဖြစ်မလာတော့ပါ။

"ဝမ်းနည်းပါတယ် ကိုစိုင်းရွှက်ခမ်း၊ လူနာဆုံးသွားပါပြီ"

"ဗျာ..."

ဆရာဝန်ကြီး၏ စကားသံက သူ့နားထဲမှာ မိုးကြိုးပစ်ချလိုက်

သလို တုန်လှုပ်ချောက်ချားသွားစေပါသည်။

"ညီညီ"

သူ ညီ့အနားသို့ အပြေးရောက်သွားကာ အိပ်ပျော်နေသော

ကလေးတစ်ယောက်ပမာ အပြစ်ကင်းစင်သော ညီ့မျက်နှာလေးကို

စေ့စေ့စူးစူး ငုံ့မိုးစိုက်ကြည့်နေမိသည်။

စောစောလေးကတင် သားနှင့်အဖေ ပြုံးရွှင်ကြည်နူးနေသည့်

မိသားစုမြင်ကွင်းလှလှလေးနှင့်အတူ သူ့ကို ရယ်မောစကားဆိုနေသည့်

ညီငယ်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် သူ ချစ်မြတ်နိုး

သော ဇနီးသားနှင့် အစ်ကိုဖြစ်သူကို ထာဝရနှုတ်ဆက်ခြင်းဖြင့်

ခွဲခွာသွားခဲ့လေပြီ။

ညီရယ်... ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို ဘယ်လိုဖြေရမှာလဲကွာ၊ ညီ ဘာမှမဖြစ်ပါဘူး။ ညီ အတွက် စိတ်မပူပါနဲ့ဆိုတဲ့ ညီလေး... ။

အခုလိုအဖြစ်မျိုးနဲ့ ကိုကိုတို့ကို အသည်းကြွေအောင် ပြုရက်ခဲ့တာလား ညီရယ်၊

ညီချစ်တဲ့ မြတ်နိုးတဲ့ ညီ့ရဲ့လုံမေ့ကို ကိုကို ဘယ်လိုပြောရမှာပါလိမ့်။

ညီ... ညီရယ်... ။

ကိုကို့အသည်းနှလုံးတွေ တစ်စစီ ပဲ့ကြွေကုန်ပါပြီကွာ... ။

ဘယ်လိုအကြိုးကြောင့်များ ကံကြမ္မာက ကိုကိုတို့ မိသားစုအပေါ်မှာ ဒီလောက်တောင် ရက်စက်ရတာလဲ ညီရယ်... ။

ညီညီမရှိတော့ဘူးဆိုတာ ကိုကို မယုံပါရစေနဲ့၊ ကိုကို မယုံပါရစေနဲ့ ညီရယ်... ။

ညီ့ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ရင်း ပါးပြင်ပေါ်သို့ အဆက်မပြတ် စီးကျလာသော မျက်ရည်ပူများကို သူ မတားဆီးမိပါ။

ကိုကို ဘာလုပ်ရမလဲ... ။

ကိုကို ဘာဆက်လုပ်သင့်သလဲ ညီရယ်... ။

လုံမေနှင့် သား၏မျက်နှာလေးများကို ပြေးမြင်မိသည့်ခဏ စိုင်းရွက်ခမ်း အသည်းပြင်ကို ဓားနှင့် အမွှန်းခံရသလို အခံရခက်အောင် နာကျင်သွားသည်။





"ကျွန်တော်လဲ စိတ်မကောင်းပါဘူး ကိုစိုင်းရွက်ခမ်း၊ ရုတ်တရက် ဟတ်အတက်(ခ်) ဖြစ်သွားတာပါ"

"ဗျာ..."

"ညီဆုံးတာ နှလုံးရောဂါကြောင့်လား"

ဆရာဝန်ကြီးက ခေါင်းညိတ်ပြလိုက်သည့်ခဏ သူ့ဦးခေါင်းထဲမှာ မိုက်ခနဲ ပြာဝေသွားသည်။

"သူ့မှာ ဒီလိုဆိုးရွားတဲ့ အခြေအနေဖြစ်နေတာကို လူနာကိုယ်တိုင် သိထားပုံ မရဘူးဗျာ"

"ဒါကြောင့် သူ့ဘက်က ဘာတစ်ခုမှ ကြိုတင်ကာကွယ်မှု မလုပ်နိုင်ခဲ့တာပေါ့"

ဆရာဝန်ကြီးစကားအဆုံးမှာ သူ့မျက်ဝန်းအစုံကို မှိတ်ချလိုက်ပါသည်။ နားထဲမှာ ဆရာဝန်ကြီး ဆက်၍ပြောနေသည့် စကားတွေကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ပူလောင်ပြင်းပြသည့် ခံစားချက်ဝေဒနာများစွာအောက်မှာ မည်သည့်စကားမှ မဆိုနိုင်လောက်အောင် အားအင်ကုန်ခန်းသွားပါသည်။

သို့ပါသော်လည်း သူ ဒီအတိုင်း ငြိမ်သက်နေရုံနှင့် မပြီးနိုင်သည့်အတွက် လိုအပ်သမျှ စီစဉ်ညွှန်ကြားရင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်နေပါသည်။

ညီရယ်... ။



www.burmeseclassic.com

www.burmeseclassic.com



လုံမေတို့သားအမိကို ကိုကို ဘယ်လိုရင်ဆိုင်ရမှာလဲကွယ်။

အိမ်အပြန်လမ်းက စိုင်းရွက်ခမ်း အသည်းနှလုံးကို အရှင်လတ်လတ် မီးတင်ရှို့နေသကဲ့သို့ ရှိပါသည်။

သားနှင့် သား၏မိခင် လုံမေ့ကို သူ ရင်မဆိုင်ချင်၊ ရင်မဆိုင်ရက်နိုင်ပါ။ ဆေးရုံက ဆင်းလာတာ ရက်ပိုင်းမျှသာ ရှိသေးသည့် လုံမေ့ကို ညီ့သတင်းဆိုးကို ပြောပြ၍ ဘယ်လိုမှ ဖြစ်နိုင်မည်မထင်ပါ။

သူ ပြောပြလိုက်၍ သွေးနုသားနုနှင့် လုံမေ တစ်ခုခုဖြစ်သွားခဲ့မည်ဆိုလျှင် သူ ဘယ်လိုမှ ဖြေသိမ့်၍ ရတော့မည်မဟုတ်တာ သေချာပါသည်။

လုံမေနဲ့သားရယ်... ။

မင်းတို့သားအမိကို ကိုကို ဘယ်လိုရင်ဆိုင်ရမလဲဗျာ။ ဖွင့်ပြောလိုက်၍ လုံမေ တစ်ခုခုဖြ မှာကို စိုးရိမ်နေမိသလို ဖွင့်မပြောဘဲ ဒီအတိုင်း ဖုံးကွယ်ထားရပြန်လျှင်လည်း ညီညီ့ရုပ်နကို လုံမေကိုယ်တိုင်မြင်တွေ့လိုက်ပါပို့ဆောင်ခွင့် မရလိုက်ဘဲ ဖြစ်ချေတော့မည်။

ထိုအခါ သူ့အပေါ်မှာ သူမထားရှိခဲ့သည့် အမုန်းနှင့် နာကြည်းမှုက အတားအဆီးမရှိ ထပ်ဆင့်၍ လောင်ကျွမ်းပေါက်ကွဲ ရှာပေလိမ့်မည်။

လုံမေရယ်... ။

ကိုကို ဘယ်လိုဆုံးဖြတ်ရမလည်းကွယ်...။ လုံမေ့ကို တစ်ခုခု





အဖြစ်မခံနိုင်သလို သူ့အပေါ်ကို ထပ်ဆင့်ကျရောက်လာမည့် အမုန်းနှင့် နာကြည်းခြင်းများကို သူ အလိုမရှိပါ။

သို့ပါသော်လည်း ထိုနှစ်ခုထဲက သူ တစ်ခုကိုတော့ ပြတ်သားစွာ ရွေးချယ်ဆုံးဖြတ်ရပေတော့မည်။

ညီရဲ့ နောက်ဆုံးခရီးကို လုံမေမသိအောင် ဖုံးအုပ်ထားခြင်းက ညီ့အပေါ်မှာ လုံမေ့အပေါ်မှာရော ရက်စက်လွန်းရာ ရောက်နေမလား။

ဝေခွဲရခက်ခဲလွန်းသော အတွေးများဖြင့် ခြံဝန်းထဲသို့ ကားကို ချိုးကွေ့ဝင်လာသည့်အထိ တိကျခိုင်မာသော ဆုံးဖြတ်ချက် မချရသေးဘဲ ရှိနေပါသည်။

ကားကို အိမ်ရှေ့တည့်တည့်မှာ ထိုးရပ်လိုက်သည်နှင့် ဒေါ်နိုင်းက သူ့ရှိရာသို့ အပြေးအလွှား ရောက်လာပါသည်။

"မောင်ရွက်ခမ်း စောစောကလေးတင်ပဲ လုံမေ သတိလစ်သွားလို့ ဒေါ်နိုင်း ဆရာဝန်ခေါ်ထားတယ်"

"ဗျာ"

"ဘယ်လိုဖြစ်တာလဲဗျာ၊ အခုရော မေ သတိရပြီလား"

တစ်ပူပေါ် နှစ်ပူဆင့်ဆိုသည်မှာ စိုင်းရွက်ခမ်းကိုများ ရည်ရွယ်ပြောသလား မသိပါ။ ခြေလှမ်းကျဲကြီးများဖြင့် လုံမေ့အခန်းရှိရာသို့ သူ လျှောက်ခဲ့သည်။

ခုတင်ထက်တွင် ဖြူဆွတ်မှိန်ဖျော့စွာ ငြိမ်သက်လဲလျောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



သည့် လုံမေ့ကို လှမ်းမြင်လိုက်ရသဖြင့် သူ့ခြေလှမ်းများ ရပ်တန့်သွားစဉ်မှာပင် ဆေးပစ္စည်းများကို သိမ်းဆည်းနေရာမှ ဒေါက်တာသိသိခိုင်က သူ့ကို ဖျတ်ခနဲလှည့်ကြည့်လာပါသည်။

"ဒေါက်တာ"

"ရှူး… "

"ကျွန်မတို့ အပြင်မှာပဲ စကားပြောကြရအောင်လား၊ သူ ကောင်းကောင်းအနားယူပါစေ"

တိုးတိတ်ညင်သာသော စကားသံနှင့် လှုပ်ရှားမှုများဖြင့် ဒေါက်တာ အခန်းပြင်သို့ ထွက်လာသဖြင့် သူလည်း လုံမေ့အခန်းထဲကို မဝင်တော့ပါ။

"လုံမေ့အခြေအနေ သိပါရစေ ဒေါက်တာ"

"နှလုံးကို လေရိုက်ပြီး ရော့ရသွားတာပါ၊ သိပ်အားနည်းနေတဲ့ အချိန်လဲဖြစ်ပြန်၊ သွေးနုသားနုဆိုတော့ ပြင်းထန်တဲ့ လှုပ်ရှားမှုမျိုး၊ စိတ်လှုပ်ရှားစရာအခြေအနေတွေ သူ့ရှေ့မှာ ဘာတစ်ခုမှ မဖြစ်တာ အကောင်းဆုံးပါ"

"အခု လုံမေ့အခြေအနေက"

"စိတ်ချရပါပြီ၊ ဒါပေမဲ့ စောစောက ကျွန်မပြောသလိုမျိုး အခုလို အခြေအနေမှာ အထူးဂရုစိုက်ရပါလိမ့်မယ်"





"ဟုတ်ကဲ့"

ညီရယ်… ။

သူ ခေါင်းငုံက်စိုက်ကျသွားပါသည်။

"ကျွန်မကို ခွင့်ပြုပါဦးရှင်"

"ဟုတ်ကဲ့ ဒေါက်တာ"

သူကိုယ်တိုင် ဆေးအိတ်ဆွဲပြီး ဒေါက်တာကို ကားနားအထိ လိုက်ပို့ပေးလိုက်ပါသည်။

"ဒါနဲ့ ညီညီရော မမြင်ပါလားရှင်"

"ညီညီ"

"ဟုတ်တယ်လေ၊ ညီညီ့ကို မေးတာပါ၊ သူရော နေကောင်းသွားပြီလား"

ဒေါက်တာသိသိခိုင့်မျက်နှာကို သူ စိတ်ထိခိုက်စွာ လှမ်းကြည့်လိုက်သည်။

"ညီ ဆုံးသွားပြီ ဒေါက်တာ"

"ရှင်… "

ဖြစ်ပျက်ပုံအလုံးစုံကို သူ ဒေါက်တာသိသိခိုင် နားလည်အောင် ရှင်းပြလိုက်သည်။

"ဖြစ်မှဖြစ်ရလေရှင်၊ ကျွန်မ စိတ်မကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုအခြေအနေမှာ ညီအကြောင်းကို လုံမေသိအောင် ဘယ်လိုလုပ် ပြောပြနိုင်တော့မှာလဲ ဒေါက်တာရယ်"

"အို… ဒီကိစ္စကို သူသိလို့ မဖြစ်ဘူးရှင်၊ လုံးဝမပြောပါနဲ့နော်၊ စိတ်ချလောက်တဲ့ အချိန်အတိုင်းအတာတစ်ခုအထိ စောင့်နေပြီးမှ ညီညီကိစ္စကို သူ့ သိပါစေရှင်"

"အခုမှတော့ ဒီလိုပဲ ဆုံးဖြတ်ရတော့မှာပေါ့ဗျာ"

"ကျွန်မလဲ အတတ်နိုင်ဆုံး ကူညီအားပေးနေမှာပါ ကိုစိုင်းရွက်ခမ်းရယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ကျွန်မကို ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီဗျာ"

ဒေါက်တာကားလေး မြင်ကွင်းမှ ပျောက်ကွယ်သွားချိန်အထိ နေရာမှာ ငူငူကြီး သူ ရပ်နေမိသည်။

လုံမေနဲ့ ညီညီရယ်… ။

ကိုကို့ကို ခွင့်လွှတ်ကြပါတော့ဗျာ… ။

အခြေအနေအရ ကိုကို ဒီလိုဆုံးဖြတ်လိုက်ရတာကို နားလည်ကျေနပ်ကြလိမ့်မယ်လို့ ကိုကို ယုံကြည်နေပါရစေ။

ယုံကြည်နေပါရစေ ညီရယ်… ။





ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်များ ကြွေဆင်းသွားသည်။ နာကျင်ကြေကွဲလှပသော နှလုံးသားဒဏ်ရာက ကူကယ်ရာမဲ့ လောင်ကျွမ်းတောက်လောင်နေဆဲ… ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ရှင်... "

"မောင် ရတ်တရက်ကြီး ခရီးထွက်သွားတယ်၊ ဟုတ်လား ဦးစိုင်းရွက်ခမ်း"

သားယော်ကို ရင်ခွင်မှာ တင်းကျပ်စွာ ပိုက်ထွေးရင်း လုံမေ အံ့ဩမယုံကြည်နိုင်စွာ မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဟုတ်တယ် လုံမေ၊ တောင်ပေါ်ရွာမှာ ရောဂါဆန်းတစ်မျိုး ဖြစ်နေတာ အကူအညီတောင်းကြလို့ ညီညီလဲ ဟိုကို ရတ်တရက် လိုက်သွားရတာပါ"

"အို... "

"ဘယ်လောက်ပဲ အရေးကြီးကြီး ကျွန်မကိုတော့ သူကိုယ်တိုင် ပြောဆိုအသိပေးပြီးမှ သွားသင့်တာပေါ့၊ အခုတော့ မောင်လုပ်သွားပုံ





က မဟုတ်သေးပါဘူး"

လုံမေ့အသံလေးက မကျေမနပ် ရန်တွေ့သံလေးဖြစ်သလို မျက်နှာလှလှလေး ထက်မှာလည်း စိတ်ရှုပ်ထွေးခြင်းများကိုလည်း မြင်တွေ့နေရပါသည်။

သူပြောသည့် စကားတွေကို သူမ အမှန်တကယ်ထင်နေသဖြင့် သူ ကျိတ်ပြီး သက်ပြင်းရှိုက်လိုက်ပါသည်။

ညီရယ်... ။

တကယ်ဆို ကိုကိုတို့ ညီအစ်ကိုအနေနဲ့ ဒီလိုအဖြစ်မျိုး မကြုံသင့်၊ မကြုံထိုက်မှန်း သိမေ့ ကံစီမံရာကို ခံကြရတဲ့ ကိုကို တို့အတွက် ဘာကိုမှ ဆောဒက တက်ခွင့်မရနိုင်ဘူးဆိုတာ ကိုကို သိပါတယ်ဗျာ။

ညီညီ့ဗျာပနက တိတ်ဆိတ်စွာ ပြီးဆုံးခဲ့ပါပြီ။ ဒါကို အခုချိန် ထိ လုံမေ မသိသေးပါ။ ထို့ကြောင့် သူမခင်ပွန်းသည်ကို မတွေ့ရသဖြင့် အခုလို မေးမြန်းနေခြင်း ဖြစ်ပါသည်။

သူကလည်း ကြိုတင်ကြံစည်စိတ်ကူးထားသည့်အတိုင်း လုံမေ ယုံကြည်နိုင်လောက်စရာ အနေအထားမျိုး တမင်ရွေးချယ်၍ ပြောနေရ ခြင်းဖြစ်သော်လည်း ရင်ထဲမှာတော့ ညီညီနှင့် လုံမေတို့ သားအမိ အတွက် နာကျင်မဆုံး ရှိနေပါသည်။

"သူလဲ လုံမေတို့ကို အသိပေးချင်မှာပါ၊ ရတ်တရက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်သွားလိုက်ရလို့သာ ပြောခွင့်မသာနိုင်တာပါလေ”

စိုင်းရွက်ခမ်းက သူ့စကားကို သူ့အမိပွာယ်နှင့်သူ ပြောရင်း နှလုံးသားတွေ ဆို့နင်နာကျင်လာသည့် အဖြစ်ကို သူမက သိမည်မဟုတ်ပါ။

ခုတင်ထက်မှာ တွေတွေဝေဝေလေး ငြိမ်သက်နေရင်း ဘာကြောင့် မောင် ဒီလိုလုပ်သွားပါလိမ့်ဟု တွေးမရအောင် ဖြစ်နေရှာပါသည်။

မောင် သိပ်ချစ်တဲ့ သားနဲ့မယားကိုတောင် ခရီးထွက်မည့်အကြောင်း ပြောဆိုအသိမပေးနိုင်အောင် မောင့်အလုပ်က ဘယ်လောက်များ ကြီးကျယ်ခမ်းနားနေလို့လဲကွယ်။

ဒါပေမဲ့ ကြင်နာသနားတတ်သော မောင့်စိတ်ဓာတ်ကို သိရှိနားလည်ထားသူမို့ မောင့်အနေနှင့် သူ ဆေးကုသပေးသည့် တောင်ပေါ်ရွာရှိ လူနာများအပေါ်မှာ ထားရှိသည့် မေတ္တာစေတနာကိုတော့ လုံမေ သိထားပါသည်။

ထို့ကြောင့် သူမတို့သားအမိကို နှုတ်ဆက်အသိပေးဖော် မရသော မောင့်ကို ရုတ်တရက် စိတ်ဆိုးမိပါသော်လည်း သူမတို့သားအမိကို မောင် ဘယ်ရွေ့ဘယ်မျှ ချစ်ခင်မြတ်နိုးကြောင်းကို တစိမ့်စိမ့် တွေးမိလာချိန်မှာတော့ မောင့်ကို စာနာခွင့်လွှတ်နိုင်လာပါသည်။

“မောင် ဘယ်တော့ပြန်လာမယ်လို့ ဦးစိုင်းရွက်ခမ်းကို ပြော





သွားလဲဟင်”

“တစ်လ၊ နှစ်လလောက်ကြာမယ်လို့ ပြောသွားပါတယ်”

“ဟင်... နှစ်လကြီးတောင် ဟုတ်လား”

“ဒါက လမ်းခရီးအပေါ်မှာလဲ မူတည်တတ်တာမျိုးလဲ ရှိတာပဲ မဟုတ်လား၊ ဟိုက ကျန်းမာရေးအခြေအနေ ကောင်းရင် ကောင်းသလို လမ်းခရီးအနေအထား အဆင်ပြေရင် ပြေသလို အနှေးနဲ့အမြန် ညီက ပြန်လာမှာပါ... ”

“လုံမေတို့ သားအမိကို ညီ ဘယ်လောက်ချစ်တယ် မြတ်နိုးတယ်ဆိုတာ ကိုယ်လဲ သိနေတာပဲ၊ အခုကိစ္စက မလွှဲသာလွန်းလို့ လိုက်သွားရတဲ့ ခရီးဆိုတာ လုံမေလဲ နားလည်မှာပါ”

မောင်လုပ်ပုံတွေ တစ်ခုမှမဟုတ်သော်လည်း လုံမေ ငြိမ်နေလိုက်ပါသည်။ အခုမှတော့ သွားသည့်လူကလည်း သွားပြီမို့ နောက်ပိုင်းကနေ ဆူဆူပူပူလည်း လုပ်မနေချင်တော့ပါ။

ထို့ကြောင့် ရေငုံနှုတ်ပိတ်နေရန် ဆုံးဖြတ်လိုက်ပါသည်။ မောင်ပြန်လာမှပဲ ရန်တွေ့စိတ်ကောက်ပါတော့မည်ဟု တေးမှတ်ထားလိုက်ပါသည်။

ဦးစိုင်းရွက်ခမ်း ပြောသည့် ရွာအမည်ကို လုံမေ တစ်ခါမှ မကြားဖူးသဖြင့် ဘယ်ဆီနေမှန်းလည်း မသိပါ။

သူမကိုယ်တိုင် မောင်နှင့် သွားရောက်ခဲ့ဖူးသော လမ်းခရီးကောင်



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းလှသည်မို့ ထိုထက် ပို၍ဝေးသော နေရာဆိုလျှင် ဆိုဖွယ်ရာမရှိ

လမ်းခရီးမှာ မောင်တစ်ယောက် အဆင်ပြေပါစေဟု ကျိတ်ပြီ ဆုတောင်းရုံမှတပါး သားကိုပိုက်ပြီး မောင့်ကို မျှော်ရန်သာ ရှိ တော့သည်။

မောင်ရယ် . . . ။

ဘာလို့များ မေနဲ့သားက နှုတ်ဆက်မသွားရတာလဲ။ သား မျက်နှာလေးကို ငုံ့ကြည့်ရင်း လုံမေ့ရင်ထဲက ညည်းညူလိုက်ခြင် ဖြစ်သည်။

ဦးစိုင်းရွှက်ခမ်းကတော့ မောင် ခရီးထွက်သွားသည် ဆိုကတည် က သူ့အိမ်ကို မပြန်တော့ဘဲ လုံမေတို့အိမ်မှာပဲ နေထိုင်ပါသည်

သားနှင့် လုံမေတို့အတွက် အရေးအကြောင်း ကိစ္စကြီးငယ် ရှိလျှင် သူ အသင့်ရှိနေမှ ဖြစ်မည်ဆိုသော အကြောင်းပြချက်ကြော သူ့ကို လုံမေ အိမ်မှာ လက်ခံမထားချင်သော်လည်း သူ့အကြောင်း ချက်နှင့်သူ ဟုတ်နေသဖြင့် လုံမေ ဘာတစ်ခွန်းမှ မဆိုတော့ပါ

ပြီးတော့ လုံမေက သူနာပြုဆရာမလေး၏ အကူအညီဖြင့် သူမအခန်းထဲမှာသာ သားနှင့် အတူနေထိုင်လျက်ရှိပြီး အပြင် လုံးဝမထွက်ခြင်းကြောင့် ပြင်ပကိစ္စများအားလုံး ဦးစိုင်းရွှက်ခမ်းက မောင့်ကိုယ်စား စီစဉ်ဆောင်ရွက်နေဟန် တူပါသည်။

လုံမေကလည်း သူနှင့် စကားမပြောချင်သဖြင့် သားနှင့်





အတူနေလိုက်ပါသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူ၍ စိုင်းရွှက်ခမ်းကလည်း ညီဖြစ်သူအတွက် လုပ်စရာရှိသည်များကို သူမမသိအောင် တိုးတိုးကျိတ် ကျိတ် လုပ်ဆောင်ခွင့်ရခဲ့ပါသည်။

ရက်မှလသို့ ရှည်ကြာလာသောအချိန်လေးများ ပြောင်းလွဲ လာသည်။ သားကို တပွေ့ပွေ့နှင့် ချစ်လင်ပြန်အလာကို စောင့်မျှော် နေသော လုံမေ့ပုံစံက စိတ်လက်မကြည်လင်သလို မျက်ခုံးလေးလည်း တွန့်နေရပါသည်။

နှစ်လဆိုသည့် ရက်ကြီးကို လုံမေ သည်းခံကြိတ်မှိတ်ပြီး မောင့်ထံမှ ဆက်သွယ်မှု တစ်စုံတစ်ရာကို မျှော်လင့်စောင့်စားခဲ့ သော်လည်း သူမ မျှော်လင့်သလို မောင့်ထံမှ ဆက်သွယ်မှု တစ်စုံတစ်ရာ မရရှိခဲ့ပါ။

ဦးစိုင်းရွှက်ခမ်းကို မောင့်အကြောင်း မေးပြန်တော့လည်း ဘာကိုမှ ဟုတ်တိပတ်တိ မဖြေနိုင်။ လမ်းခရီးမကောင်းလို့ဘဲ မလာနိုင်သလိုလို၊ အဆက်အသွယ်ပဲ မရသလိုလိုနှင့် လုံမေ့ရင်မှာ မောင့်အတွက် စိတ်တွေ လေးလံရှုပ်ထွေးကာ တစ်နေ့မှ စိတ်လက် မကြည်သာဘဲ ရှိနေပါသည်။

အခုလည်း နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် သား၏မျက်နှာကို စူးစိုက်ကြည့်ရင်း လုံမေ့ရင်မှာ မေးခွန်းများစွာ ဖြစ်ပေါ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်စိတ်ကို လုံမေ ကောင်းစွာနားလည်ပါသည်။ မည်မျှပင် ဝေးလံခက်ခဲသည့် နေရာမျိုးပဲဖြစ်ပါစေ။ မောင့်အနေနှင့် လုံမေတို့ သားအမိကို ဤမျှအချိန်တွေ ကြာရှည်စွာ ရက်စက်စိမ်းကားစွာ ခွဲနေနိုင်မည်သူမျိုး မဟုတ်ပါ။

ဒါဆို မောင် ဘယ်ကိုရောက်နေပြီလဲ၊ တိကျရေရာခြင်းမရှိသော ဦးစိုင်းရွက်ခမ်း၏ အဖြေများနှင့် မောင့်အကြောင်း မေးလိုက်တိုင်း သိသာစွာ မျက်နှာပျက်သွားတတ်သည့် ဦးစိုင်းရွက်ခမ်း၏ အပြုအမူများကို စေ့စေ့တွေးတောရင်း မြင်ယောင်လာချိန်မှာတော့ လုံမေ့ရင်ထဲမှာ မသင်္ကာစိတ်တွေ ပိုတိုးလာခဲ့ရပါသည်။

ထို့နောက် လုံမေ သူမအခန်းထဲမှ ထွက်ကာ ဦးစိုင်းရွက်ခမ်းကို အပြေးအလွှား လိုက်ပြီး ရှာဖွေကြည့်မိသည်။

ဟော့... တွေ့ပါပြီ။

အပေါ်ထပ်လေသာဆောင်မှာ တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်နေသည့် ဦးစိုင်းရွက်ခမ်းက မိုးကောင်းကင်ကြီးကို ငေးကြည့်နေပါသည်။

အခုချိန်မှာ သူ ဘာတွေ တွေးတောစိတ်ကူးယဉ်နေသည် မသိသော်လည်း မောင့်အတွက် စိုးရိမ်စိတ်ဖြင့် အသည်းနှလုံးတွေ ပူလောင်လျက်ရှိသော လုံမေကတော့ သူ့အနားကို ရောက်ရှိသွားပါသည်။





"ဦးစိုင်းရွက်ခမ်း"

"ဟင်..."

"လုံမေ"

ရုတ်တရက်ကြီး သူ့အနားကို လုံမေ ရောက်ရှိလာသဖြင့် အံ့သြသွားသော သူ့မျက်နှာကို သူမ မြင်လိုက်ရပါသည်။

"အိပ်မပျော်ဘူးထင်တယ်၊ ဟုတ်လား"

"ထိုင်လေ"

စိုင်းရွက်ခမ်း သူ့နားကခုံကို လုံမေ့ဘက်သို့ တိုးရွှေ့ပေးလိုက်သည်။ လုံမေက မထိုင်ပါ။ သူ့မျက်နှာကို အကဲခတ်သလို စေ့စေ့စူးစူးကြည့်နေပါသည်။

"ရှင် ကျွန်မကို အမှန်အတိုင်းပြောပါ ဦးစိုင်းရွက်ခမ်း၊ မောင် ဘယ်မှာလဲ"

"ဟင်..."

လုံမေ့ထံမှ ထင်မှတ်မထားသည့် မေးခွန်းကြောင့် စိုင်းရွက်ခမ်း မျက်နှာ ထိန်းမရအောင် ပျက်သွားသည်။ သို့ပါသော်လည်း ချက်ချင်း ဟန်ဆောင်ဖုံးကွယ်လိုက်ကာ...

"ဘာတွေမေးနေတာလဲဗျာ၊ ညီညီ တောင်ပေါ်ရွာကိုသွားတာ လုံမေလဲ သိတာပဲ"

"အဲ့ဒါ ရှင်ညာတာ"

"ဟင်..."

"မောင် အခု ဘယ်မှာလဲဆိုတာ မှန်မှန်ပြောပါ၊ မောင်နဲ့ ပတ်သက်ပြီး ကျွန်မအိပ်မက်တွေကလဲ တစ်ခုမှ မကောင်းဘူး..."



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မောင်က သူသိပ်ချစ်တဲ့ ဇနီးနဲ့သားကို နှုတ်ဆက်အသိမပေးဘဲ ဘယ်လိုခရီးမျိုးမှ ထွက်သွားမဲ့လူမျိုး မဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်"

"လုံမေ"

"ရှင်... ကျွန်မကို ဘာတစ်ခုမှ ဖုန်းကွယ်ဖို့ မကြိုးစားပါနဲ့၊ ဦးစိုင်းရွက်ခမ်း အခု မောင် ဘယ်မှာရှိတယ်ဆိုတာပဲ ကျွန်မ သိချင်တယ်"

"ပြောပါ"

သူ သက်ပြင်းရှိုက်လိုက်သည်။

တစ်နေ့ ဒီလိုအခြေအနေမျိုးနှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည်ဆိုတာကို သူ နားလည်ထားပြီးသား ဖြစ်ပါသည်။

အခုတော့ ထိုနေ့ကို ရောက်ရှိလာခဲ့ပေပြီ။

လရောင်အောက်မှာ အဖြူရောင်ညဝတ်စုံဖြင့် လှပနေသော လုံမေ့မျက်နှာလှလှလေးကို သူ စိုက်ကြည့်လိုက်သည်။ လုံမေကလည်း သူ့ကို တုံ့ပြန်ကြည့်နေတာမို့ အကြည့်နှစ်ခု လမ်းမှာ ဆုံစည်းပေါင်းစပ်သွားကြသည်။

နူးညံ့သိမ်မွေ့၍ ကြင်နာခြင်းများစွာ ထုံမွှမ်းထားသည့် သူ့အကြည့်များထဲမှာ သနားခြင်း ကရုဏာနှင့်အတူ မြတ်နိုးချစ်ခင်ခြင်းတို့ ပေါင်းစုံလျက် ရီဝေဆွတ်ပျံ့နေသလို သူမအကြည့်လေးများက





တော့ စိတ်ရှုပ်ထွေး ညစ်ညျူးခြင်း သူ့အပေါ် မသက်သာခြင်းများကို မြင်တွေ့နေရပါသည်။

"ကိုယ် ဘယ်လိုပြောရမလဲ လုံမေရယ်"

ဦးစိုင်းရွက်ခမ်း စကားကြောင့် လုံမေ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ သူမထင်ထားသလိုမျိုး မောင် တစ်ခုခုများ ဖြစ်လို့လားဆိုသည့်အတွေးဖြင့် အသည်းနှလုံးတွေ တဆတ်ဆတ်တုန်ယင်လာသည်။

"မောင် ဘယ်မှာလဲ ဦးစိုင်းရွက်ခမ်း၊ မောင် တစ်ခုခုများဖြစ်လို့လားဟင်"

လုံမေ့အသံက လှိုက်လှဲတုန်ယင်နေသလို စိုင်းရွက်ခမ်းမျက်နှာပေါ်က အပြောင်းအလွဲကိုလဲ မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်နေပါသည်။

သူ လုံမေ့မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

"ညီညီ မရှိတော့ဘူး လုံမေ"

"မရှိတော့ဘူးဆိုတော့ မောင်က ဘယ်ကိုသွားတာလဲလို့ လုံမေ မေးဦးမှာမဟုတ်လား"

လုံမေ မဖြေပါ။

သူပြောသည့် စကားမှန်နေသဖြင့် သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း ငြိမ်သက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီညီ အခုထွက်သွားတဲ့ ခရီးက ကိုယ်တို့ရှိရာကို ဘယ်တော့မှ ပြန်မလာနိုင်တဲ့ခရီးပဲ လုံမေ"

"ညီညီ ဆုံးသွားပြီ"

"ဘာ..."

"ဟုတ်တယ်၊ ညီညီ ဆုံးသွားပြီ"

"ဟင်..."

"ရှင်... ရှင်... အဓိပ္ပာယ်မရှိတဲ့ စကားတွေ ကျွန်မကို မပြောပါနဲ့၊ မောင်က ဘာဖြစ်လို့ သေရမှာလဲ"

စိုင်းရွက်ခမ်းက ညီညီ ရုတ်တရက် ကွယ်လွန်သွားပုံကို ရှင်းပြလိုက်သည်။

"ကျွန်မ မယုံဘူး... မယုံဘူး"

"ရှင် လိမ်တာ၊ ညာနေတာ၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ် သိလား"

အရူးမလေးတစ်ယောက်လို အော်ဟစ်ပေါက်ကွဲလိုက်သည့် လုံမေ့အသွင်သဏ္ဍာန်လေးကို ငေးငေးငူငူကြီး စူးစိုက်ကြည့်လျက် စိုင်းရွက်ခမ်း အံကျိတ်နေလိုက်ပါသည်။

သူမကို ချော့မော့နှစ်သိမ့်မှု ပေးနိုင်မည့်စကား သူ့တွင် ရှိမနေခဲ့ပါ။ ညီညီ ကွယ်လွန်အနိစ္စရောက်ခဲ့ရခြင်းအပေါ်မှာ လုံမေ လက်မခံနိုင်သလို သူကိုယ်တိုင်လည်း လက်မခံချင်ခဲ့ပါ။





သို့ပါသော်လည်း ကံတရား၏ အစီအမံအတိုင်း ဖြစ်ခဲ့ရပြီးပြီမို့ သေဆုံးသူအတွက် စိတ်ထိခိုက် ကြေကွဲရသလို လက်ရှိကျန်ရစ်သူများအတွက်လည်း အကောင်းဆုံး ဖြစ်အောင် ကြိုးစားဖန်တီးရန်မှတစ်ပါး တခြားမရှိနိုင်ပါ။

"မောင်... မောင်ရယ်"

လုံမေသည် သားငယ်ကို ရင်ခွင်မှာ တင်းကျပ်စွာ ပွေ့ပိုက်ရင်း မျက်ရည်ပေါက်ပေါက် ကျကာ ကြေကွဲထိခိုက်ရခြင်းများစွာဖြင့် ကိုယ်လေး တသိမ့်သိမ့်တုန်ခါသည့်အထိ ရှိုက်ငင်ငိုကြွေးနေမိသည်။

မောင်မရှိတော့ဘူးဆိုသည့် စကားကို လုံမေ လက်မခံချင်သော်လည်း အခုတော့ ယုံကြည်လက်ခံလိုက်ရပါပြီ။ ခိုင်မာသော သက်သေအထောက်အထားများနှင့်တကွ မောင် နားခိုမှေးစက်ရာ အုတ်ဂူလေး ရှိရာကို လုံမေကိုယ်တိုင် သွားရောက်ဦးခိုက်ပြီးသောအခါ သူမ ဘဝကြီးတစ်ခုလုံး အရှင်လတ်လတ် ပြောင်းလဲသွားသလို ခံစားလိုက်ရပါသည်။

အခန်းတံခါးကို စေ့ပိတ်ပြီး သားနှင့်လုံမေ နှစ်ယောက်တည်း တိတ်ဆိတ်ငြိမ်သက်နေရုံမက လုံမေက မည်သူ့ကိုမှ စကားမပြောသလို အစားအသောက်ကိုလည်း တို့ထိရုံမျှသာ စားသောက်ပါသည်။

လုံမေ့အသွင်လေးက တစ်ပတ်အတွင်း ယူပစ်သလို ပြောင်းလဲသွားကာ နေထိပန်းနှယ် ညှိုးလျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံမေ့အသွင်လေးကို ကြည့်ကာ အားမလိုအားမရ စိတ်ထိခိုက်နေရသူက စိုင်းရွက်ခမ်း ဖြစ်သည်။

သူ့ကိုလည်း အတွေ့မခံ။

တွေ့ပြန်တော့လည်း သူမတစ်ယောက်တည်း နေပါရစေ၊ မနှောင့်ယှက်ပါနဲ့ဟု ဆိုပြန်လာခြင်းကြောင့် သူမသဘော သူမစိတ်ဆန္ဒအတိုင်း ထားလာခဲ့ရာမှ အခုတော့ အမေကိုရော သားကိုပါ စိုးရိမ်ရသည့် အနေအထားကို ရောက်ရှိလာခဲ့သည့်အဖြစ်။

ဟား... ။

လုံမေနဲ့ သားရယ်... ။

ဒီပုံအတိုင်း ဆက်လွှတ်ထားလို့ ဘယ်လိုမှ မဖြစ်တော့ပါဘူးဗျာ။

သူ ညည်းတွားလိုက်မိပါသည်။

ညီဖြစ်သူအတွက် ခံစားကြေကွဲနေရသော သူမကို လွတ်လပ်စွာ ပေါက်ကွဲခံစားရန် မည်သည့်အနှောင့်အယှက်မှ မပေးမိအောင် သူ့ဘက်က ကြိုးစားပြီး နေခဲ့ပြီးပါပြီ။

အခုလို ထမင်းမစား၊ ဟင်းမစား အခြေအနေမျိုးအထိ ဖြစ်လာတာကိုတော့ သူမသဘောအတိုင်း ပစ်ထားပြီး လက်ပိုက်ကြည့်နေ၍ မရတော့ပါ။

ထို့ကြောင့် လုံမေတို့သားအမိနှင့် အမြန်ဆုံးတွေ့ဆုံမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရပါသည်။

* * *





# အခန်း (၁၇)

ကောင်းကင်မှာ ရွှန်းရွှန်းမြမြသာနေသော လမင်းကြီးကို တိမ်မည်းညိုတစ်အုပ်ကို လျှင်မြန်စွာ ဖုံးအုပ်သွားသဖြင့် ရွှန်းမြသောလရောင် ကွယ်ပျောက်သွားကာ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုက လွှမ်းမိုးသွားသည်။

မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း လုံမေ့ရင်ထဲမှာ မွန်းကျပ်ဆို့နင့်စွာ လှိုက်ဟာကြေကွဲလာသည်။

ကြည်လင်နေသော လမင်းကို တိမ်မည်းညိုတို့ ဖုံးအုပ်သွားသလို လုံမေတို့ သားအမိဘဝသည်လည်း အားကိုးမြတ်နိုးတွယ်တာစရာ သား၏ ဒယ်ဒီမရှိတော့ပြီမို့ ကံဆိုးမိုးမှောင် ကျခဲ့ရပြီဟု ဆိုရပါမည်။

လုံမေ ဘာဆက်လုပ်ရမည်နည်း။ မောင်မရှိဘဲ ဒီအိမ်ကြီးမှာ ဆက်လက်နားခိုရှင်သန်ဖို့ဆိုတာ သူမအတွက် ဘယ်လိုမှ မဖြစ်နိုင်မှန်း သူမ နားလည်သဘောပေါက်ခဲ့သည်မှာ ကြာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမ အသည်းအနှလုံးက နာကြည်းမုန်းတီးရသူနှင့် မောင်မရှိဘဲ တစ်မိုးအောက်တည်း နှစ်ယောက်အတူနေ၍ မဖြစ်သလို ငယ်ရွယ်နုပျိုသော လုံမေလို မုဆိုးမလေး ကလေးတစ်ယောက်၏ မိခင်နှင့် ဇနီးသည်မရှိတော့သည့် မုဆိုးဖိုအရွယ်ကောင်း လူလတ်ပိုင်းနှစ်ယောက် အတူနေထိုင်ရန် ပတ်ဝန်းကျင်အမြင်မှာ ဘယ်လိုမှ မသင့်တော်နိုင်သလို လုံမေကိုယ်တိုင်ကလည်း မောင်မရှိတော့သော ဒီအိမ်ကြီးမှာ တစ်စက္ကန့်မှပင် နေလိုစိတ်မရှိတော့၍ အဝေးဆုံးတစ်နေရာကို သားကိုရင်ဝယ်ပိုက်ပြီး ထွက်သွားရန် ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်ပါသည်။

မောင်ရယ်... ။

မေ့ကို ခွင့်လွှတ်ပါ အချစ်ရယ်... ။

မေလေ မောင်ရှိနေတဲ့ ပတ်ဝန်းကျင်က တစ်ဖဝါးမခွာ အမြဲအတူရှိနေချင်ပေမဲ့ အကြောင်းကြောင်းတွေကြောင့် မောင်နဲ့ ဝေးရာကို ထွက်သွားရမဲ့သူပါကွယ်။

မောင့်ကို မေ နှုတ်ဆက်ခဲ့ပါတယ် မောင်ရယ်... ။

လုံမေတို့သားအမိ ဒီနေ့မနက်ပဲ ရန်ကုန်ကို ပြန်တော့မယ်ကွယ်။

မျက်ဝန်းအစုံကို မှိတ်အချလိုက်မှာ ပါးပြင်မို့မို့ပေါ်ကို မျက်ရည်စတွေ ပိုးပိုးပေါက်ပေါက် စီးကျလာသည်။

မောင်နှင့်လုံမေ ထာဝရဝေးကွာကြရပြီဆိုသည့် အသိနှင့်အတူ လုံမေ့ရင်တွေ အဆမတန် နာကျင်သွားသည်။

သိန်းမင်းစာပေ



အားကိုးမှီခိုစရာ မရှိတော့သည့် ဘဝမှာ လုံမေကိုယ်တိုင်သာလျှင် မိမိကိုယ်ကို အားကိုးရာဖြစ်သည့်အတိုင်း ကျောင်းဆရာမအလုပ်ကို ပြန်လုပ်ရင်း သားနှင့် သူမဘဝကို ရပ်တည်ရှင်သန်ရန် ဆုံးဖြတ်ပြီး ဖြစ်သည်။

သားရယ်... ။

မေမေတို့သားအမိအဖြစ်က သိပ်ပြီး ကံဆိုးလွန်းပါတယ် ကလေးရယ်... ။

လုံမေ ရှိုက်ငိုသံလေးက တိတ်ဆိတ်သည့် ပတ်ဝန်းကျင်မှာ ပျံ့လွင့်စီးမျောနေသည်။ တသိမ့်သိမ့်ရှိုက်ငိုနေသော လုံမေ့အသွင်သဏ္ဌာန်လှလှလေးကို ကြည့်ပြီး အသည်းနှလုံးတွေ နာကျင်စွာခံစားနေမိသူက နိုင်းရွက်ခမ်း ဖြစ်သည်။

လုံမေက သူရောက်နေတာကို မသိ။ သူမခံစားချက်နှင့် သူမကြေကြေကွဲကွဲလေး ရှိုက်ငိုခံစားလျက်ရှိသလို အဖြူရောင်ညဝတ်စုံဖြင့် လှချင်တိုင်း လှနေသော အလှနတ်သမီးလေး၏ ငိုရှိုက်သံတိုင်းက သူ့နှလုံးသားကို မီးနှယ်လောင်မြိုက်စေပါကြောင်းကိုတော့ဖြင့် သူမက သိရှာမည်မဟုတ်ပါ။

လုံမေ့ရင်ထဲက တိတ်တခိုး ဆုံးဖြတ်ချက်တွေနှင့် သူမတို့သားအမိ သူနှင့်ဝေးရာကို ထွက်သွားကြတော့မည့်အကြောင်းကို သူမသိပါသော်လည်း သူ့ရင်ထဲမှာလည်း တိကျခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု ချထားနှင့်ပြီး ဖြစ်နေပါသည်။

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ သူမ သိမည်မဟုတ်ပါ။ သို့အောင်လည်း သူ့ဘက်က ဖွင့်မပြောနိုင်သေးပါ။ ငိုရှိုက်သံလေးက သူထင်နေသလို တိုးတိတ်သွားခြင်း မရှိပါ။

ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေတာကိုကြည့်ရင်း သူ ဘယ်လိုမှ ငြိမ်သက်၍ နေလို့မရတော့သည့်အဆုံး သူမနားကို ခြေလှမ်းကျဲကြီးများဖြင့် ရောက်လို့သွားရပါတော့သည်။

"လုံမေ"

"ဟင်... ရှင်... "

ကိုယ့်ခံစားချက်နှင့်ကိုယ် ကြေကွဲနာကျင်စွာ ရှိုက်ငိုနေရာမှ သူမနား နီးကပ်စွာ ရောက်ရှိလာသည့် လူရိပ်နှင့်အတူ သူမ၏ အမည်ကို ခေါ်လိုက်သံကြောင့် ငိုရှိုက်သံလေး ရပ်တန့်သွားရကာ သူမအနားမှာ နီးကပ်စွာ အတူရှိနေသူကို မျက်ရည်စက်များ ပေလူးစိုရွှဲနေသော မျက်နှာလေးနှင့် မော့အကြည့် သူမမျက်နှာလှလှလေးကို ငုံ့ကြည့်နေသော စိုင်းရွက်ခမ်း၏ မျက်နှာချောချောကို အနီးကပ် မြင်တွေ့လိုက်ရခြင်းကြောင့် အံ့သြထိတ်လန့်သွားရခြင်းနှင့် အတူ ရင်ထဲမှာ ဒေါသလေးများ လှိုင်းထန်လာရပါသည်။

"အပြင်မှာ သိပ်အေးတယ်၊ လုံမေ့ကျန်းမာရေးကို ထိခိုက်နေပါဦးမယ်"

"အို... ကျွန်မဘာသာ ဘာဖြစ်ဖြစ် ရှင်အပူမပါပါဘူး ကျွန်မတစ်ယောက်တည်း နေပါရစေ"





သူ့မျက်နှာကို မြင်သည်နှင့် တည်တင်းအေးစက်သွားသော သူမ မျက်နှာပေါ်က အပြောင်းအလဲကိုကြည့်ပြီး သူ ရင်မောသွားသည်။

ဒါကလည်း သူမနဲ့တွေ့တိုင်း သူ့ရင်ထဲမှာ အမြဲဖြစ်ပေါ်ခံစားနေရသော ခံစားချက်တစ်ခုလို ဖြစ်နေပါပြီ။

ရင်ထဲက ခံစားချက်ဝေဒနာတွေကို ပွင့်လင်းလွတ်လပ်စွာ ဖော်ထုတ်ပေါက်ကွဲခွင့်ရသေးသ၍ လုံမေနှင့်သူကြားမှာ ထိုခံစားချက်က တအုံနွေးနွေး ရှိနေဦးမည်ဆိုတာ သူ သိပါသည်။

မျက်ရည်တို့ စွန်းပေနေသော မျက်နှာလှလှလေးကို သူ ငေးငေးကြီး စူးစိုက်ကြည့်နေမိသည်။

သူ့ရင်ထဲက စေတနာမေတ္တာတွေကို သူမ ဘယ်တော့မှ အသိအမှတ်ပြု လက်ခံပေးမှာ မဟုတ်တာကို သူသိပါသည်။

ဒါတွေကို သိလျက်နှင့် သူကလည်း သူမကို လျစ်လျူရှုမထားနိုင်ပါ။

"လုံမေ အပြင်မှာ ရပ်နေတာ ဘယ်လောက်ကြာပြီလဲ၊ အိမ်ထဲဝင်ပါတော့ကွာ"

"ဘာရှင့်"

"ရှင် ဘာကိစ္စ ကျွန်မကို လိုက်ကြည့်နေတာလဲ၊ ကျွန်မဘာသာ ဘယ်လိုနေနေ ရှင်နဲ့ ဘာဆိုင်လို့ ကျွန်မကို အမိန့်တွေလိုက်ပေးနေတာလဲ"

ဒေါသလေးနှင့် လုံမေ သူ့ကို မော့ကြည့် ရန်စွာလိုက်ပါသေး။



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ပြီး သူ သက်ပြင်းရှိုက်လိုက်ပါသည်။

"ကိုယ်က လုံမေ့ကို အမိန့်ပေးနေတာ မဟုတ်ပါဘူးဗျာ၊ တောင်းပန်နေတာပါ"

"အခုချိန်မှာ လုံမေတို့သားအမိကို ဘာအတွက်နဲ့မှ အထိခိုက်မခံနိုင်လို့ပါ"

"ဘယ်သူကရော ထိခိုက်အောင် လုပ်နေလို့လဲ"

သူ လုံမေ့မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။ ဒေါသဖြစ်ရန်လိုနေသော မျက်ဝန်းအကြည့်လေးများနှင့် နူးညံ့ရွှန်းစိုနေသော မျက်ဝန်းအကြည့်တို့ ပေါင်းဆုံမိသည့်အခါ သူမက အလျှင်ဦးစွာ မျက်နှာလွှဲသွားသည်။

"လုံမေ"

"ကျေးဇူးပြုပြီး ကျွန်မတစ်ယောက်တည်း နေပါရစေ"

"လုံမေ အခန်းကိုမပြန်မချင်း ကိုယ်လဲ ဒီမှာပဲ လုံမေနဲ့အတူရှိနေရလိမ့်မယ်"

"ဘာ… "

"ရှင်… ရှင်… ကျွန်မကို ရှင့်အိမ်မှာနေရတယ်ဆိုပြီး အနိုင်ယူ ဗိုလ်ကျတာပေါ့လေ ဟုတ်လား"

မခံချင်စိတ်ဒေါသဖြင့် ဆွေ့ဆွေ့ခုန်သွားသည့် လုံမေ့အသွင်သဏ္ဌာန်လေးကြောင့် သူ့စကား၏ အဓိပ္ပာယ်ကို သူမ တစ်လွဲနားလည်လိုက်ပြီဟု သိလိုက်သည်။





"လုံးဝမှားတာ မဟုတ်ဘူး၊ ကိုယ်ဆိုလိုတာ အဲ့ဒီအဓိပ္ပာယ်မဟုတ်ဘူး၊ လုံမေ အပြင်မှာရပ်နေတာ ဘယ်လောက်ကြာပြီလဲ"

"အဲ့ဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ညီမရှိတော့ပေမဲ့ သားနဲ့လုံမေဟာ ကိုယ့်ညီမနဲ့ ကိုယ့်တူလေးပဲ၊ ဒီထက်သက်ဆိုင်တာ ဘာရှိဦးမှာလဲ"

လုံမေ့နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။ သူမကို ဒီလိုအပြောမျိုးတွေနဲ့ ချုပ်ကိုင်ပြီး သူမဘဝရဲ့ လွတ်လပ်ခွင့်တွေကို ဆုံးရှုံးစွန့်လွှတ်လိုက်ရတော့မှာလား။

ဟင့်အင်း… ။

သူမမုန်းသော လူတစ်ယောက်ရဲ့ အမိန့်အာဏာအောက်မှာ သူမ လွတ်လပ်မှုတွေကို အဆုံးရှုံးမခံနိုင်သလို ရင်ထဲကမပါဘဲ အပေါ်ယံရွှေမှုကြဲ အရောင်ဆောင်စကားတွေကိုလည်း သူမ ကြားလိုမမြင်မတွေ့ချင်ပါ။

"ကိုယ်ပြောနေတာ သားနဲ့ လုံမေတို့အတွက်ဆိုတာ နားလည်လိုက်စမ်းပါဗျာ"

လုံမေ သူ့မျက်နှာကို ဆတ်ခနဲ လှည့်ကြည့်ပြီး ခပ်လှောင်လှောင်ပြုံးလိုက်သည်။

"ရှင်က ကရုဏာရှင်၊ မေတ္တာရှင်ကြီးပေါ့လေ"

"အဟင်း… တခြားသူတွေသာ ရှင်ရဲ့ ဟန်ဆောင်လိမ်ညာမှုတွေအပေါ်မှာ အထင်ကြီးကြ၊ ယုံကြည်ကြမယ်၊ ကျွန်မကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက် ဘယ်တော့မှ ယုံလိမ့်မယ်မထင်ပါနဲ့”

“လုံမေရယ်”

ပြောပြီး နေရာမှ ချာခနဲ လှည့်ထွက်သွားသော အရိပ်ကလေးကိုကြည့်ပြီး သူ့ရင်တွေ အဆမတန် နာကျင်သွားသည်။

ရှိပါစေတော့လေ... ။

အခုချိန်မှာ သူ့ရင်ထဲက စိတ်ဆန္ဒအစစ်အမှန်တွေကို ထုတ်ဖော်ခွင့်မှမသာဘဲ။ သူမ စိတ်ချမ်းသာသလို ပြောပါစေ။

သူတစ်ယောက်တည်း အပြောကျယ်လှသော မိုးကောင်းကင်ကြီးကို ငေးမောကြည့်နေမိသည်။ သူ့မျက်ဝန်းထဲမှာ သူနှင့် လုံမေတို့ စတင်တွေ့ဆုံကြပုံများ ကြည်နူးပျော်ရွှင်ခဲ့ကြရသည့် အချိန်များနှင့် ချစ်သူနှစ်ဦးကို ပြောင်းလွဲပစ်လိုက်သော ကံကြမ္မာ၏ ဆန်းကြယ်ပုံများစွာကို တရေးရေး မြင်ယောင်နေမိသည်။

ညီညီရယ်... ။

ကိုကိုတို့သုံးယောက်မှာ ဘယ်ကိုကံအကြောင်းတရားတွေ အတူရှိခဲ့သလဲဆိုတာ ကိုကိုလဲ မပြောတတ်တော့ပါဘူးဗျာ။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ ကံတရား၏ အစီအစဉ်အတိုင်း တွေ့ဆုံကြုံကွဲခဲ့ကြရသည့်အဖြစ်... ။

ဟား... ။

ရင်ထဲက မျိုသိပ်ချုပ်တည်းထားရသော စိတ်ဆန္ဒများစွာကြောင့် သူ့ရင်ထဲမှာ ဝေဒနာတွေ မချိမဆံ့ ခံစားနေရတာကို သူပဲ သိပါ





သည်။

ညဉ့်နက်မှ သူ အိပ်ရာဝင်ခဲ့သည်။ တစ်မိုးအောက်တည်းမှာ နှစ်ယောက်အတူရှိနေပေမယ့် ရင်ထဲက ကိုယ်စီခံစားချက်တွေက ဆန့်ကျင်ဘက်အတွေးများသာ ဖြစ်ကြောင်း နှစ်ဦးစလုံး မရိပ်မိကြသေးပါ။

ရက်ကလေးတွေ ကုန်လွန်ရှည်ကြာလာခဲ့သလို သားသား ဖိုးလပြည့်သည်လည်း ပြုံးတတ်ရယ်တတ်သော ခြောက်လသားအရွယ် ရောက်လာခဲ့ပါပြီ။

အမေဖြစ်သူကို မှတ်မိနေပြီ ဖြစ်သလို သားက သူ့ဦးကြီးဖြစ်သူ၏ အသည်းကျော်ဟု ဆိုရပါမည်။

အလုပ်သွား အလုပ်ပြန်ချိန်မှလွဲ၍ သားကို သူ့လက်က မချနိုင်အောင် အမြဲချီပိုးပိုက်ထွေးနေတတ်တာကို ကြည့်ပြီး လုံမေ့ရင်မှာ ခံစားမှုပေါင်းစုံ ဆူဝေလိုက်ဖြာလျက် ကျိတ်၍ မျက်ရည်ကျခဲ့ရသည့် နေ့ရက်တွေကလည်း မရေမတွက်နိုင်တော့ပါ။

အရွယ်ရှိ၍ နုပျိုလှပသော သူမနှင့် ချောမောခန့်ညားသော ဦးစိုင်းရွက်ခမ်းတို့ တစ်အိမ်တည်း အတူရှိနေကြခြင်းကြောင့် ပတ်ဝန်းကျင် အမြင်မှာ ဘယ်လိုမှ မသင့်သည်များကိုလည်း သူမ အကြိမ်ကြိမ် စဉ်းစားခဲ့ပြီးပါပြီ။ ထို့ကြောင့် ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချလိုက်သည်။

သူငယ်ချင်းတွေ၏အကူအညီဖြင့် သူမအတွက် ကျောင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com



မအလုပ်ကို ပြန်ရခဲ့ပြီမို့ သူမပိုင်ပစ္စည်းအားလုံးကို ထုတ်ပိုးသိမ်းဆည်းလိုက်ပြီးနောက် သူမတို့သားအမိ ထိုအိမ်ကြီးမှ ထွက်သွားတော့မည့်အကြောင်း စိုင်းရွက်ခမ်းကို အသိပေးလိုက်ပါသည်။

"ဘာ… မင်းတို့သားအမိ ဒီအိမ်က ထွက်သွားတော့မယ် ဟုတ်လား"

"ဟုတ်ပါတယ်"

"ဟင်… "

လုံးဝမျှော်လင့်မထားသည့် စကားကြောင့် စိုင်းရွက်ခမ်းကိုယ်ကြီး တွန့်ခနဲဖြစ်သွားသည်။ ပြီးတော့ သူ့မျက်စိရှေ့တည့်တည့်မှာ ရှိနေသည့် လုံမေ့မျက်နှာလှလှလေးကို စူးစူးရဲရဲ စိုက်ကြည့်ပစ်လိုက်သည်။

"ခင်ဗျားက ဒီအိမ်ကထွက်သွားတော့မယ်ဆိုတော့ ဘာသဘောလဲ၊ ခင်ဗျားမှာ အားကိုးစရာ အသစ်တွေ့နေပြီဆိုတဲ့ သဘောလား"

"ရှင် ထင်ချင်သလို ထင်နိုင်တယ်"

"ဘာကွ"

"မင်း ကျုပ်ကို ဘာပြောလိုက်တယ်၊ ငြိမ်းချမ်းလုံခြုံမှု အပြည့်ရှိတဲ့ အရိပ်ကနေ ထွက်သွားရအောင် မင်းမှာ ဘယ်လိုပြဿနာ အခက်အခဲတွေ ရှိနေလို့လဲ ပြောစမ်းပါဦး"

ဘယ်တုန်းကမှ တင်းမာခက်ထန်စွာ မပြောဘူး။ သူက အခုတော့ ခင်ဗျားတွေ ကျုပ်တွေနှင့် ခါးခါးသီးသီးဖြစ်နေတာကို





ကြည့်ပြီး နှုတ်ခမ်းတွန့်သည်ဆိုရုံ ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"ပြဿနာအခက်အခဲတွေ အများကြီးရှိတာ ရှင် မသိဘူးလား"

"ဘာ… ဘယ်လို"

"ရှင်နဲ့အတူ ကျွန်မ ဒီအိမ်ကြီးမှာ အတူဆက်မနေနိုင်ဘူး"

"ဒီအိမ်ဟာ မင်းပိုင်တဲ့အိမ်ပဲ၊ ကျုပ်မလာရင် ပြီးရောဟုတ်လား"

"မပြီးဘူး"

"ဟင်… "

"ကျွန်မ ရန်ကုန်ကိုပြန်မယ်၊ မောင်မရှိဘဲနဲ့လဲ ဒီအိမ်ကြီးမှာ ကျွန်မတစ်ယောက်တည်း ဆက်မနေချင်တော့ဘူး"

ပြောရင်း လုံမေ့အသံတွေက တုန်ယင်လာသဖြင့် စကားကို ရပ်ပစ်လိုက်သည်။ မောင့်ကို သ ဂိရစိတ်များက သူမရင်ကို ပြင်းထန်စွာ နှိပ်စက်နေကြသည့်အဖြစ်ကို မည်သူများ စာနာနားလည်နိုင်ကြပါမည်နည်း။

စိုင်းရွက်ခမ်း ဝဲမေ၏ တည်တင်းလှပသော မျက်နှာလေးကို စူးစိုက်ကြည့်ရင်း သူ့ရင်ထဲက ခံစားချက်တွေ ပွင့်ထွက်ပေါက်ကွဲချင်နေပါသည်။

"ရန်ကုန်ကိုပြန်ပြီး မင်းက ဘာလုပ်မလို့လဲ၊ မင်းကိုယ်မင်း အပျိုလေးလို့ ထင်နေလို့လား၊ မင်းမှာ သားရှိတယ်၊ သားသား ဒုက္ခရောက်မယ့်အလုပ်ဆို ဘာတစ်ခုမှ ကျုပ် ခွင့်မပြုနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရန်ကုန်ကို မသွားရဘူး၊ သားနဲ့ ဒီမှာပဲ နေရမယ်"

"ဟင် ... "

"ရှင်က ကျွန်မကို အမိန့်ပေးချုပ်ချယ်နေရအောင် ရှင်ကိုယ့်ရှင် ဘာများထင်နေလို့လဲ"

"ရှင် ဘာပြောပြော ကျွန်မ ဂရုမစိုက်ဘူး၊ ကျွန်မအလုပ် ကျွန်မ ဆက်လုပ်ရမှာပဲ၊ ကျွန်မတို့သားအမိ ရန်ကုန်ကိုသွားမယ်"

ဒေါသဖြင့် ဆွေ့ဆွေ့ခုန်နေသော လုံမေ့မျက်နှာလေးကို စိုက်ကြည့်ရင်း စိုင်းရွက်ခမ်း နှုတ်ခမ်းအစုံ တင်တင်းစေ့သွားသည်။

"သတ္တိရှိရင် သွားကြည့်လေ၊ မင်းသွားတဲ့နောက်ကို ကျုပ် လိုက်ခဲ့ရမှာပဲ"

"အို ... "

စိုင်းရွက်ခမ်းထံမှ စကားတစ်မျိုးကြီးကြောင့် လုံမေ့ရင်မှာ အခံရခက်စွာ အောင့်မျက်သွားရပါသည်။

"ရှင် စကားပြောတာ သင်ခြင်ပါ၊ ကျွန်မတို့သားအမိသွားတဲ့နောက်ကို ရှင် လိုက်ရအောင် ရှင်နဲ့ ကျွန်မတို့ သားအမိ ဘာဆိုင်လို့လဲ"

"ဘာဆိုင်လဲဆိုတာ အဲဒီအချိန်ကျရင် သိရမှာပေါ့၊ အကောင်းဆုံးကတော့ သားနဲ့မေ ဒီမှာပဲနေပါ၊ ကိုယ့်ဘဝမှာ တစ်ဦးတည်းသော ဆွေမျိုးဖြစ်တဲ့ ညီညီလဲ မရှိတော့ဘူး၊ ဒီကြားထဲကမှ လုံမေတို့သားအမိက ကိုယ့်ကို ထားရစ်ခဲ့ဦးမယ်ဆိုရင် ကိုယ် ဘယ်လိုနေခဲ့ရမှာလဲ"





"ဘယ်လို ခံစားကျန်ရစ်ခဲ့မယ်ဆိုတာ မေ မစဉ်းစားမိဘူးလား"

နူးညံ့ညင်သာသော စိုင်းရွက်ခမ်းအသံက ရင်ထဲက ခံစားချက်များကြောင့် လှိုက်လှဲတုန်ယင်နေသလို သူ့မျက်နှာချောချောမှာလည်း ခံစားချက်အမျိုးမျိုး ဖြစ်ပေါ်လျက်ရှိပါသည်။

"ကိုယ် တောင်းပန်ပါတယ် မေရယ်၊ ကိုယ့်ကို သနားပါ၊ လုံမေတို့သားအမိ ကိုယ့်အနားက မသွားပါနဲ့"

"ကျွန်မ ဆုံးဖြတ်ပြီးသွားပြီ၊ ကျွန်မကို နားလည်ပေးပါ ဦးစိုင်းရွက်ခမ်း"

"မေရယ်"

သူ့အပေါ်မှ ချာခနဲ ကျောခိုင်းထွက်ခွာသွားပြီ ဖြစ်သော လုံမေ့ကျောပြင်ကို ကြည့်ရင်း သူ့ရင်ထဲမှာ ခံစားချက်ပေါင်းစုံ ဖြစ်ထွန်းလျက်ရှိပါသည်။

လုံမေ ဆုံးဖြတ်ပြီးပြီဆိုတော့ သူမ ဆုံးဖြတ်ချက်ကို မပြင်တော့ဘူးပေါ့။

မေနဲ့သားရယ် ... ။

ကိုယ့်ကို ရူးအောင် မနှိပ်စက်ချင်ပါနဲ့ကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဟင်း... ဒုက္ခပဲ၊ သားကလဲ အရေးထဲကျမှ နေမကောင်းဖြစ်နေတယ်"

"သား နေမကောင်းဘဲ ခရီးထွက်လို့ မဖြစ်ဘူး"

သား၏ နဖူးလေးပါးလေးကို သူမမျက်နှာလေးနှင့် ထိကပ်ရှိုက်နမ်း အဖျားငွေ့ဖြင့် ပူနွေးနေသော သားကို ရင်ခွင်မှာ တင်းကျပ်စွာ ယုယပိုက်ထွေးရင်း သူမစိတ်ထဲက ညည်းညူလိုက်ခြင်းဖြစ်ပါသည်။

"အင်း... အဲ... အဲ"

"အို... ကျွတ်... ကျွတ် တိတ်ပါသားလေးရယ်၊ တိတ်နော်"

သဲ့သဲ့ရှိုက်ငိုရာမှ သား၏အသံလေးက ပို၍ကျယ်လောင်လာကာ ရှုးရှုးဝါးဝါး ရှိုက်ငိုလာခြင်းကြောင့် လုံမေ့မှာ သားကို ရင်ခွင်မှာ ချော့မော့ချိုးရင်း မျက်နှာလှလှလေးမှာ စိုးရိမ်ခြင်းဖြင့် ပျက်ယွင်းစပြုလာပါသည်။

ခရီးထွက်ဖို့ အားလုံးထုပ်ပိုးပြင်ဆင်ထားပြီးမှ သားက ရုတ်တရက်ကြီး ကောက်ခါငင်ကာ ဖျားနာလာသည်။ လုံမေ သားကိုကြည့်ပြီး ဘာလုပ်ရမှန်းမသိ။





ဦးစိုင်းရွက်ခမ်းကိုလည်း လုံမေနှင့် စကားများထားခြင်းကြောင့် သားအတွက် အကူအညီမတောင်းချင်။ ကိုယ့်ဘာသာ ဆရာဝန်ခေါ်ရန် ဆုံးဖြတ်လိုက်သည်။

"သားရယ်"

သားကိုပွေ့ပြီး အခန်းထဲက ထွက်မည်အပြု...

"ကျွို... "

"သား ဘာဖြစ်လဲ လုံမေ"

"ဦးစိုင်းရွက်ခမ်း"

လုံမေ့အခန်းတံခါးကို ပိုင်စိုးပိုင်နင်း ဖွင့်ဝင်လာသော ဦးစိုင်းရွက်ခမ်း၏ မျက်နှာမှာ စိုးရိမ်ပူပန်မှုတွေ ကြည့်နေသလို လုံမေကိုယ်တိုင်ကလည်း သားအတွက် စိတ်ပူနေချိန်မို့ သူ့ကို ခါတိုင်းလို ရန်မစွာနိုင်တော့ပါ။

"သား နေမကောင်းလို့ ဦးစိုင်းရွက်ခမ်း"

"ဟင်... "

ဦးစိုင်းရွက်ခမ်းက သား၏ကိုယ်လေးကို ညင်သာစွာ စမ်းသပ်ကိုင်တွယ်ကြည့်သည်။ သားက တအိအိဂျီကျငိုယိုနေဆဲ။

"ကြည့်စမ်း၊ သား ကိုယ်တွေပူလို့ပါလား၊ နေဦး ဆရာဝန်ဆီကိုယ် ဖုန်းဆက်လိုက်မယ်"

စိုင်းရွက်ခမ်းက သူ့အသိဆရာဝန်ထံ ချက်ချင်း ဖုန်းခေါ်ပေမဲ့ မရ။တစ်ဖက်က ဖုန်းကိုင်မည့်သူ ရှိဟန်မတူ။ ဖုန်းခွက်ကို ပစ်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အားကိုးတကြီး ကြည့်နေသော လုံမေရှိရာကို ခြေလှမ်းကျဲကြီးများဖြင့် သူလျှောက်လာပြီးနောက် . . . ။

"ဖုန်းကိုင်မယ့်သူ မရှိဘူး လုံမေ၊ ကိုယ်တို့ တခြားဆရာဝန် သွားပြမှဖြစ်မယ်၊ လာ . . . "

"ဟုတ်ကဲ့"

သား၏ဓာဖြင့် လုံမေ သူ့နောက်က အပြေးလိုက်ပါလာခဲ့သည်။ စိုင်းရွက်ခမ်း ကားလေးက လေးညို့မှ ပစ်လိုက်သော မြားနှယ် လေထုကိုခွင်း၍ လျင်မြန်စွာ ပြေးထွက်သွားသည်။

အထူးကုဆရာဝန်ကြီးက သားကို သေချာစစ်ဆေးပါသည်။

"ဘာရောဂါမှ မရှိပါဘူး၊ ရိုးရိုးဖျားတာပါ၊ ဒါကလဲ မကြာခင် ပျောက်သွားမှာပါဗျာ၊ စိတ်မပူကြပါနဲ့"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီခင်ဗျာ"

ဆရာဝန်ကြီးကို နှုတ်ဆက်ပြီး သူတို့ကို ပြန်ခဲ့ကြသည့် လမ်းတစ်လျှောက် သားက နှစ်ခြိုက်စွာ အိပ်ပျော်နေသလို နှစ်ယောက်စလုံးလည်း မည်သည့်စကားမှ မဆိုမိကြပါ။

အထူးသဖြင့် စိုင်းရွက်ခမ်း၏ အတွေးအာရုံများက နက်ရှိုင်းလေးနက်လျက် တစ်စုံတစ်ခုသော အကြောင်းအရာကို စူးစူးစိုက်စိုက် စဉ်းစားနေခြင်း ဖြစ်ပါသည်။ သား၏ငိုသံကြောင့် သားနှင့် လုံမေ





အခန်းကို သူရောက်သွားသည့် အချိန်မှာ ခရီးထွက်ရန် အသင့်ပြင်ဆင်ထုပ်ပိုးထားသည့် ခရီးဆောင်အဝတ်သေတ္တာ အသုံးအဆောင်ပစ္စည်းများကို သူတွေ့ခဲ့ရသည် မဟုတ်ပါလား။

လုံမေက သူ့ကိုပြောခဲ့သည့်အတိုင်း သူမဆုံးဖြတ်ချက်ကို လက်တွေ့ အကောင်အထည်ဖော်နေပါရောလား။

သူမတို့သားအမိ သူ့မျက်စိရှေ့က ထွက်ခွာသွားမည့်ကိစ္စကို သူ ဒီအတိုင်း လက်ပိုက်ကြည့်နေမည်ဟု ထင်နေသလားမသိပါ။

ဟိုတုန်းက သူ့ဘက်က အနေအထားတစ်မျိုးနှင့် ဆိုးရွားသည့် အခြေအနေကြောင့် သူမကို လက်လွှတ်ဆုံးရှုံးခဲ့ရပေမဲ့ သူ့အသည်းနှလုံးတွေကတော့ အချိန်တိုင်း စက္ကန့်တိုင်းမှာ သူမကိုသာ တမ်းတသတိရနေမိသည့် အဖြစ်ကို သူသာလျှင် အသိဆုံးဖြစ်သည်။

အခုတော့ ကံကြမ္မာက သူ့ကို မျက်နှာသာပေးလာခဲ့ပြီဟု ဆိုရမည်လား မပြောတတ်တော့ပါ။ အခြေအနေက သူ့အတွက် တမင်ဖန်တီးပေးသလို ရှိနေခဲ့တာကို သူမမေ့ပါ။

တစ်ဦးတည်းသော သွေးသားရင်းချာ ညီညီမရှိတော့သည့်နောက်ပိုင်း လုံမေတို့သားအမိကို သူ့မျက်စိရှေ့က အပျောက်မခံနိုင်လောက်အောင် ဖြစ်ခဲ့ရသည်။

သူ့ဘဝနှင့် ထပ်တူထား၍ ချစ်မြတ်နိုးခဲ့ရသော လုံမေနှင့် သူ၏ ရင်သွေးစင်စစ်ဖြစ်သော သားကို သူ့ဘာအတွက်နှင့် အဆုံးရှုံးခံရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျွီး… "

ကားလေးကို အိမ်ရှေ့တည့်တည့်မှာ ညင်သာစွာ ထိုးရပ်လိုက်သည်။ ကားတံခါးကို ဖွင့်ပေးလိုက်သည်နှင့် လုံမေက သားကို ပွေ့ပြီး ကားပေါ်က ဆင်းလိုက်သည်။

"လုံမေ"

"ရှင်… "

သူမအမည်ကို ခေါ်သံကြောင့် အယောင်ယောင်အမှားမှားလေး ထူးရင်း သူ့ကို ဖျတ်ခနဲမော့ကြည့်လာသည့် မျက်ဝန်းပြာကြီးများနှင့် ဆုံစည်းမိသည်။

"သားကို သိပ်ပြီးရင် ကိုယ် လုံမနဲ့ စကားပြောချင်တယ်"

"ကျွန်မမှာ ပြောစရာစကားမရှိဘူး"

"ကိုယ်ပြောတာကိုပဲ နားထောင်ပေါ့"

"ရှင်ပြောမယ့်စကားကို နောက်မှပြောလို့ မရဘူးလား၊ အခု ကျွန်မ သားအတွက်ပဲ စိတ်ပူနေတယ်"

မျက်ခုံးလေးကို တွန့်ကွေးရင်း အလိုမကျသလိုလေး ဆိုလာသူကိုကြည့်ရင်း သူ့ဘက်က အလျှော့ပေး၍ မဖြစ်ကြောင်း သိလိုက်ပါသည်။

"ကိုယ်ကလဲ သားအတွက် စိတ်ပူနေတာပါပဲ၊ ဒါကြောင့် လုံမေနဲ့ ဒီနေ့ စကားပြောဖို့ ဆုံးဖြတ်လိုက်ရတာပဲ"

"ကောင်းပြီလေ၊ ကျွန်မ ဘယ်လိုမှ ငြင်းလို့မရမှတော့





နားထောင်ရမှာပေါ့"

"မေရယ်… "

"အပေါ်ထပ် ဧည့်ခန်းမှာပဲ ကိုယ် စောင့်နေမယ်"

သူ့စကားကို စိတ်မဝင်စားသလို ကျောခိုင်းထွက်ခွာသွားသည့် သား၏ မေမေကို ငေးမော့စူးစိုက်ကြည့်ရင်း သူ သက်ပြင်းရှိုက်လိုက်သည်။

တစ်သားမွေး တစ်သွေးလှဆိုသည်မှာ လုံမေကိုများ ရည်ညွှန်းဖွဲ့ဆိုထားလေသလား မသိပါ။ ရွှေအဆင်းလို ဝင်းဝါစိုမွတ်နေသည့် အသားအရေနှင့် ကျစ်လျစ်ဖွံ့ဖြိုးသော ခန္ဓာကိုယ်အလှကောက်ကြောင်းက မြင်ရသူကို ရင်တုန်လှုပ်ရှားစေသလို လှပလွန်းသော မျက်နှာလေးကလည်း ထာဝရတမ်းတနေသူ၏ အသည်းပြင်မှ စောင့်စည်းထိန်းချုပ်နိုင်စွမ်းကို ဖြိုခွဲနေသရောင်မို့ သူ့တွင်ရှိသော ခံနိုင်ရည်အားလုံး ကုန်ဆုံးပျောက်ကွယ်လုနီးပါး ရှိနေသည့်အဖြစ်။

စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာရင်း သူ့ရင်ထဲက လှုပ်ရှားမှုများကို အတတ်နိုင်ဆုံး ချုပ်တည်းနေမိပါသည်။

တိကျခိုင်မာသော ဆုံးဖြတ်ချက်များနှင့် လုံမေတို့သားအမိကို သူ့အနားက ထွက်ခွာမသွားနိုင်အောင် သူ ကြိုးစားမည်။

"ဦးစိုင်းရွက်ခမ်း"

"ဩော်… ချာတိတ်… လာလေ"

"ကျွန်မကို ချာတိတ်လို့ မခေါ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သိသာစွာ တင်းမာခက်ထန်သွားသည့် မျက်နှာလေးကို စိုက်ကြည့်ရင်း သူပြုံးလိုက်သည်။

"ဘာဖြစ်လို့ မခေါ်စေချင်တာလဲ"

သူ့အမေးကြောင့် လုံ့မေကိုယ်လေး ဆတ်ခနဲ တုန်ယင်သွားသလို သူ့မျက်နှာချောချောကို အမုန်းဖြင့် စိမ်းလက်သော မျက်ဝန်းများဖြင့် နာကြည်းခက်ထန်စွာ ရူးစိုက်မော့ကြည့်လာတာကို မြင်လိုက်ရသည်။

ချာတိတ်ဆိုသည့် အခေါ်အဝေါ်လေးတစ်ခုကြောင့် သူတို့နှစ်ယောက်၏ ပျောက်ဖျက်၍ မရနိုင်သော အတိတ်ကို ပြန်ပြောင်းသတိရသွားစေသည့်အတွက် သူမ သူ့ကို ဒေါသဖြစ်နေသလား။

"ရှင်… ရှင် ဘာအဓိပ္ပာယ်နဲ့ ကျွန်မကို ဒီစကားတွေ ပြောနေတာလဲဟင်"

"ဟိုတုန်းက ရှင်းပြခွင့်မရတဲ့ အကြောင်းတွေကို ချာတိတ်သိအောင် ပြောပြချင်လို့ပါ"

"ဘာ… "

"ချာတိတ်နဲ့ ကွဲကွာခဲ့ရတဲ့ နေ့ကစပြီး ဒီနေ့အချိန်ထိ ချာတိတ်ကို ကိုယ် တစ်နေ့မှ မမေ့ခဲ့ဘူး"

"အို… "

ရွှန်းလဲ့ဝေရီသော မျက်ဝန်းအကြည့်တစ်မျိုး စကားတစ်မျိုးနှင့် ထူးထူးခြားခြား ပြောင်းလွဲနေသော စိုင်းရွက်ခမ်းထံမှ အပြုအမူ





အပြောအဆိုများကြောင့် လုံ့မေ့ရင်မှာ အခံရက်ခက် ဒေါသထွက်လျက် ရှက်စိတ်မွန်တုန်ယင်လာရပါသည်။

အခုချိန်ရောက်မှ ဒီစကားတွေပြောနေတာ သူမရှက်ပေမဲ့ လုံ့မေ သိပ်ရှက်နေမိပါသည်။

"ရှင်… ကျွန်မကို ပြောမှဖြစ်မယ်ဆိုတာ ဒီစကားတွေဆိုရင် ရှင် ဆက်မပြောပါနဲ့၊ ကျွန်မ နားမထောင်နိုင်ဘူး"

"ကျွန်မ သွားမယ်"

"နေဦး၊ ကိုယ်ပြောမယ့်စကားတွေကို ဆုံးအောင်နားထောင်ပါဦးလို့ ကိုယ်တောင်းပန်ပါရစေ၊ ပြောနေတဲ့ကြားထဲက လုံ့မေ ထွက်သွားမယ်ဆိုရင် ကိုယ့်အဆိုးမဆိုပါနဲ့"

"ဟင်… "

ကျောခိုင်းထွက်ခွာရန် ပြင်နေသည့် လုံ့မေ့ခြေလှမ်းလေးများက စိုင်းရွက်ခမ်းထံမှ ခြိမ်းခြောက်စကားသံကြောင့် တုံ့နေးရပ်တန့်သွားကာ ဒေါသမျက်ဝန်းလေးများဖြင့် သူ့ကို တုံ့ပြန်ကြည့်လိုက်မိသည်။

"ရှင်က ကျွန်မကို ခြိမ်းခြောက်နေတာပေါ့လေ ဟုတ်လား၊ ခြောက်တိုင်း ကြောက်တတ်တဲ့ လူစားထဲမှာ ကျွန်မ မပါဘူးရှင့် နားလည်လား"

"ကိုယ့်စိတ်နဲ့ကိုယ့်ကို ကျွန်မ လုပ်ချင်ရာကိုပဲ လုပ်မယ် သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"လုံမေ"

နေရာမှ ချာခနဲလှည့်ထွက်ဖို့ ကြိုးစားလိုက်သည်နှင့် စိုင်းရွက်ခမ်းက သူမရှေ့သို့ ခြေလှမ်းကျဲကြီးများဖြင့် ပြေးလွှားရောက်ရှိလာကာ သူမရှေ့တည့်တည့်မှ ပိတ်ရပ်လိုက်သဖြင့် လုံမေမှာ သူမဆန္ဒရှိသည့်အတိုင်း ဘယ်လိုမှ ရှေ့ဆက်တိုးခွင့်မသာအောင် ဖြစ်သွားရပါသည်။

"ရှင်... ရှင် ဒါ ဘာလုပ်တာလဲ၊ ကျွန်မရှေ့က အခုဖယ်ပါ"

"ကိုယ် တောင်းပန်ပါတယ် မေရယ်၊ ကိုယ်ပြောမယ့်စကားကို ဆုံးအောင်နားထောင်ပါဦး"

"အိုး... အဓိပ္ပာယ်မရှိ အရှက်မရှိတဲ့ စကားတွေကို ကျွန်မက ဘာကိစ္စ နားထောင်ရမှာလဲရှင့်၊ သွားလေသူတွေရဲ့ မျက်နှာကို မှမထောက်၊ ရှင်မို့ ပြောထွက်ရက်တယ်..."

"ရှင် နည်းနည်းမှမရှက်ဘူးလားဟင်"

"ကိုယ်က ဘာကိုရှက်ရမှာလဲ၊ အခုပြောနေတဲ့ စကားတွေက ကိုယ့်ရင်ထဲက အမှန်တရားတွေပဲ၊ ကိုယ့်စကားကြောင့်လဲ အခုချိန်မှာ ဘယ်သူ့ကိုမှ မထိခိုက်နိုင်ပါဘူး"

"အခုချိန်မှာ တကယ်ထိခိုက်ခံစားနေရတာက ကိုယ်ပဲ"

"ဘာရှင့်..."

"ကိုယ် မေနဲ့သားကို ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူး၊ ကိုယ့်ဘဝမှာ သားနဲ့မေ ရှိမှဖြစ်မယ်"

"ဟင်..."





"ရှင်... ရှင်... ကဲဟယ်"

လုံမေ ဘယ်လိုမှ ချုပ်တည်းမထားနိုင်တော့သဖြင့် စိုင်းရွက်ခမ်းစကားအဆုံးမှာ ရှက်မွန်ပြာဝေစွာ ဒေါသလေးများဖြင့် သူမလက်ကလေးတစ်ဖက် လေထဲကို မြှောက်တက်သွားလိုက်ရပါပြီ။

သို့ပါသော်လည်း သူမလက်ကလေးက ဦးတည်ရာသို့ မရောက်လိုက်ပါ။ စိုင်းရွက်ခမ်းက လုံမေ့လက်ကလေးကို တင်းကျပ်ဆုပ်ကိုင်ထားလိုက်သည် မဟုတ်ပါလား။

"ရှင်... မြှောက်နေတာ မရဘူးလား"

"ကိုယ်ပြောမဲ့စကားကို ဆုံးအောင်နားထောင်ပါမယ်လို့ ကတိပေးရင် လွှတ်ပေးမယ်"

"ကြည့်စမ်း... ရှင်က ကျွန်မကို အနိုင်ကျင့်တာပေါ့လေ ဟုတ်လား၊ ဒီလောက်တောင် ဖြစ်လှတာ"

"ကဲဟယ်၊... ကဲ... ကဲ"

"ဘုတ်"

"ဗုန်း"

"ဗုန်း"

လုံမေ့မှာ ဒေါသဖြစ်ရလွန်းသောကြောင့် ဘာတစ်ခုမှ မစဉ်းစားနိုင်တော့ဘဲ သူမကို ခြိမ်းခြောက်အကျပ်ကိုင်နေသော စိုင်းရွက်ခမ်းကိုယ်ကြီးကို လွှတ်နေသည့် လက်ကလေးတစ်ဖက်ဖြင့် ပေါက်ခွဲခံပြင်းစွာ ထုရိုက်လိုက်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိုင်းရွက်ခမ်းက လုံမေ ထုရိုက်နေသမျှကို လုံးဝမရှောင်ရှားပါ။ ဒေါသဖြင့် နီရဲလှပလွန်းသော မျက်နှာလှလှလေးကို မြတ်နိုးချစ်မဝနိုင်စွာ ငုံ့မိုးရှုးစိုက်ကြည့်ရင်း သူ ဘယ်လိုမှချုပ်တည်းမထားနိုင်တော့သည့်အဆုံး သူမကိုယ်လုံးအိအိလေးကို သူ့ရင်ခွင်ထဲမှာ နစ်နေအောင် ဆွဲယူပွေ့ဖက်လိုက်မိပါတော့သည်။

"မေ... မေရယ်"

လုံမေမှာ သူ့ထံမှ စကားများကို မကြားတစ်ချက် ကြားတစ်ချက်နှင့် ရှက်ခြင်း ခံပြင်းဒေါသများ လှိုက်ဆူဖြာဝေကာ သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားလေ လှုပ်မရအောင် တုပ်နှောင်ခံရလေ ဖြစ်လျက် ရှိခြင်းကြောင့် သူမတစ်ကိုယ်လုံး သူ့ရင်ခွင်မှာ ဖြစ်ချင်တိုင်း ဖြစ်နေပါသည်။

"မေ့ကို တို့ လက်ထပ်ပါရစေ၊ လက်ထပ်ခွင့်ပြုပါ အချစ်ရယ်"

"အို... "

"ရှင်... ရှင် ဘာစကားတွေပြောနေတာလဲ ကျွန်မကို အခုလွှတ်"

"မလွှတ်ဘူး"

"ဟင်... "

"ကိုယ်ရှင်းပြတဲ့စကားတွေကို အခုပဲ မေ နားထောင်ပေးရမယ်၊ တကယ်တော့ ကိုယ့်ရင်ထဲမှာ မေပဲရှိတယ်၊ တခြား ဘယ်သူမှမရှိဘူးဆိုတာကို သစ္စာဆိုရဲတယ်၊ မေ့ကိုပဲ ကို ချစ်တယ်"





"ဪဟော့... အဲဒါကြောင့် မမချယ်ရီကို ရှင်က လက်ထပ်ခဲ့တာပါလေ ဟုတ်လား။ လိမ်ညာတယ်ဆိုတာ ယုတ်တိရှိအောင်လိမ်ရ ညာရတယ်ရှင့် သိရဲ့လား"

"ကမ္ဘာပေါ်မှာ ကျွန်မ အမုန်းဆုံးယောကျ်ားက ရှင်ပဲ သိလား"

"ရှင့်ကို ကျွန်မ မုန်းတယ်"

"မုန်းတယ် သိရဲ့လား"

"ချာတိတ်ရယ်"

ခါးခါးသီး အော်ဟစ်လိုက်သည့် လုံမေ့အသံလေးက အဖျားခတ်တုန်ယင်သွားကာ ပါးပြင်မို့မို့ပေါ် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်စီးကျလာတာကို မြင်လိုက်ရသဖြင့် စိုင်းရွက်ခမ်း အသည်းနှလုံးတွေ ဆတ်ဆတ်ခါ နာကျင်သွားရပါသည်။

"အချစ်ရယ်၊ အားလုံးဟာ ကိုယ့်အပြစ်တွေပါ၊ ကိုယ့်အပြစ်တွေချည်းပါပဲ အသက်ရယ်၊ ကိုယ် ချယ်ရီ့ကို ဘာကြောင့်လက်ထပ်ခဲ့ရသလဲဆိုတာ အချစ်သိရဲ့လားဟင်"

စိုင်းရွက်ခမ်းက သူနှင့်ချယ်ရီတို့၏ အဖြစ်အပျက်များကို လုံမေ့ကို ရင်နာစွာ ရင်ဖွင့်ပြောပြနေစဉ်မှာ လုံမေ့မျက်နှာလှလှလေးမှာတော့ ခံစားချက်ပေါင်းစုံဖြင့် အရောင်အမျိုးမျိုး ပြောင်းနေပါသည်။

"ချယ်ရီက ကိုယ့်ကို တစ်ဖတ်သတ်မေတ္တာရှိနေတဲ့ သူတင်ယောက်ဆိုတော့ အဲဒီအချိန်မှာ ကိုယ့်ကို ပိုင်ဆိုင်ခွင့်ရဖို့ သူ့ဘက်ကအမှားအမှန်ကို မခွဲခြားနိုင်ခဲ့ဘူးလေ၊ သွားလေသူရဲ့ ဂုဏ်သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



အတွက်ကို ဒီထက် ပိုမပြောပါရစေနဲ့ အချစ်ရယ်... "

"ကိုယ် ဘာကြောင့် ချယ်ရီ့ကို လက်ထပ်ခဲ့ရသလဲဆိုတာ မေ နားလည်ပေးဖို့ပဲ အရေးကြီးပါတယ်၊ ကိုယ့်ချစ်သူ ဘယ်သူဆိုတာ ချယ်ရီမသိပေမဲ့ ကိုယ် သူ့ကိုမချစ်ဘဲ ကိုယ့်ချစ်သူကိုပဲ အချိန်တိုင်း တမ်းတသတိရနေခဲ့တယ်ဆိုတာ ချယ်ရီ သိပါတယ်...."

"ပြောနေတဲ့ကြားက ဖွတ်တိုးပြီး စိတ်ထင်ရာ လုပ်မယ်ဆိုရင်တော့ မေ့ကို မရရတဲ့နည်းနဲ့ လက်ထပ်ရလိမ့်မယ်"

"အိုး... "

"ရှင်... ရှင်... လူမိုက်လူရမ်းကား"

"ရှင့်ကို မုန်းတယ်သိလား၊ မုန်းတယ်"

သူ့ရင်ဘတ်ကြီးကို တအားဆောင့်တွန်းပြီး နေရာမှ ချာခနဲ လှည့်ပြေးထွက်ခဲ့သည်။ ရင်ထဲမှာတော့ မုန်တိုင်းထန်လျက် မှုံနောက်ရီဝေလျက်ရှိသည်။

အခန်းတံခါးကို သော့ပိတ်ပြီး နစ်ခြိုက်စွာ အိပ်ပျော်နေသော ...ားရှိရာသို့ ဖြည်းဖြည်းခြင်း လျှောက်ခဲ့သည်။

သားရယ်... ။

မေမေ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်လဲကွယ်။

"ဒေါက်... ဒေါက်"

"ချာတိတ်"

"...င်... "





အခန်းအပြင်မှ တံခါးခေါက်သံနှင့်အတူ သူ့အသံ ခပ်အုပ်အုပ်ကြောင့် လုံမေ့ကိုယ်လေး တွန့်ခနဲ ဖြစ်သွားကာ အခန်းတံခါးရှိရာသို့ အလန့်တကြားလေး လှမ်းကြည့်လိုက်သည်။

"ကိုယ် အခုလို ဖွတ်တိုးပြောနေတာ မေတို့သားအမိကို သိပ်ချစ်ရလွန်းလို့ မြတ်နိုးလွန်းလို့ဆိုတာ ယုံပါဗျာ"

သူ့စကားသံကို နားထောင်ပြီး လုံမေ နှုတ်ခမ်းလေးကို မဲ့လိုက်မိသည်။

သိပ်ချစ်လွန်းလို့ ဆိုပါလား... ။

"မေတို့သားအမိကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံပါရစေနဲ့၊ ကိုယ့်ကို လက်ထပ်ဖို့ သုံးရက်တိတိ စဉ်းစားပါ၊ ကိုယ် အိမ်မပြန်ဘူး၊ ဒီမှာနေပြီး ချာတိတ်အဖြေကို စောင့်နေမယ်"

"အို... "

လုံမေ့ကို တိတိကျကျကြီး ခြိမ်းခြောက်အနိုင်ယူ ဗိုလ်ကျနေပါရောလား။ လုံမေ အခန်းတံခါးနား အပြေးရောက်သွားသည်။

"ရှင့်ကို ဒီတစ်သက် ဘယ်တော့မှ လက်မထပ်ဘူး၊ မျှော်လင့်မနေနဲ့ သိလား"

"ကိုယ်ကတော့ မေ့ကို လက်ထပ်ရမှာပဲ၊ အခုပြောနေတဲ့ စကားတွေက တရားမဝင်ပါဘူး၊ ချာတိတ်ပြောချင်တဲ့ စကားတွေကို နောက်သုံးရက်နေမှ ပြော၊ ဟုတ်လား"

လုံမေ နှုတ်ခမ်းလေးကို သွားချွန်ချွန်လေးများဖြင့် ဖိကိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အကြိတ်မျက်ရည်ဝဲလာသည်။ အခုချိန်မှာ လုံမေ သူ့ကို ဘာပဲပြောပြော နားကျင်မည့်သူ မဟုတ်တော့တာကို သူမ သိပါသည်။

ပြီးတော့ ဒီအိမ်ကြီးက သူမသိအောင် အခုမှ ထွက်ပြေးဖို့ ဆိုတာ ပို၍မဖြစ်နိုင်တော့ပါ။

သူက လုံမေ့အကြံအစည်တွေကို ကြိုသိနေသလို သူ့အိမ် သူမပြန်ဘဲ လုံမေတို့သားအမိ ဘယ်ကိုမှ ထွက်သွားခွင့်မရှိအောင် အတွတ်ရှိနေတော့မည့်အဖြစ်။

ခုတင်ပေါ် ပြစ်လှဲပြီး လုံမေ အသံမထွက်ဘဲ ကျိတ်၍ ရှိုက်ငို လိုက်မိသည်။

မျက်ဝန်းထဲမှာ မမချယ်ရီနှင့် မောင့်ကို မြင်ယောင်ကာ သွားလေသူ ညီနှင့် မိန်းမတို့၏ မျက်နှာကို မထောက်ညှာဘဲ သူဖြစ်ချင်ရာတွေကို ဖွတ်တိုးပြောနေသည့် စိုင်းရွက်ခမ်း လုပ်နေပုံများကို ပြန်လည်ကြားယောင်ထင်မြင်ရင်း ရင်ထဲမှာ ရှက်ရွံ့ဒေါသများဖြင့် အမုန်းကြီးမုန်းနေမိပါတော့သည်။

မောင်နဲ့ မမချယ်ရီရယ်... ။

မေ ဘာလုပ်ရမလဲ။ ဘာလုပ်ရမှာလဲကွယ်... ။

* * *





# အခန်း (၁၉)

တစ်ရက်... နှစ်ရက်... ။

လုံမေ့ရင်မှာ လှိုင်းထန်ဖေါက်ကွဲချင်နေသော ဒေါသလေးများကို မျိုသိပ်ချုပ်တည်းနေရပါသည်။ နံနက်မိုးလင်းက မိုးချုပ် သူမတို့သားအမိ လှုပ်ရှားမှုမှန်သမျှကို ချစ်မြတ်နိုးသော မျက်ဝန်းလက်လက်များဖြင့် ရွှန်းလဲ့နူးညံ့စွာ မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်ငေးနေသူနှင့် မျက်နှာချင်းဆိုင် မဆုံလိုသောကြောင့် လုံမေနှင့်သားမှာ အခန်းထဲမထွက်ဘဲ နေလိုက်ပါသည်။

ထိုအခါ ရင်မောစွာ သက်ပြင်းကျိတ်ချနေရသူက စိုင်းရွက်ခမ်း ကိုယ်တိုင် ဖြစ်ပါသည်။ တင်းမာခက်ထန်သောအကြည့် ပြတ်သားရက်စက်သော အပြောအဆို အပြုအမူလေးများနှင့် သား၏မေမေကြောင့် သူ့မှာ စိတ်မောလူမော ဖြစ်နေရပါသည်။

သုံးရက်ဆိုသည့် အချိန်ကို သုံးနှစ်လောက်ကြာသလို ခံစားရင်း သူမကို ပြောရမည့်စကားများကိုလည်း ကြိုတင်စဉ်းစားစီစဉ်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံမေ့စိတ်ကို သူသိပါသည်။ နားလည်းလည်ပါသည်။ သူ့ကို လက်ထပ်ဖို့ကိစ္စကို သူမအနေဖြင့် စဉ်းစားလက်ခံပေးမည့်သူမျိုး မဟုတ်တာကို သူသိနေပါသည်။

သူမ ငြင်းပယ်ခဲ့လျှင် သူ ဘာလုပ်ရမည်နည်း။ သူမထံမှ အမုန်းကို လက်မခံချင်လျှင် သူမတို့သားအမိကို ထာဝရလက်လွှတ် အဆုံးရှုံးခံရုံမှတပါး တခြားမရှိတော့ပြီ။

ထိုကဲ့သို့ အဖြစ်မျိုးလည်း သူ အဖြစ်မခံနိုင်ပါ။ တွေးမိစဉ်းစား မိရုံနှင့်ပင် အသည်းနှလုံးတွေ နာကျင်လှသည့်အဖြစ်။

မေ့ကို သိပ်ချစ်သလို သားကိုချစ်သည်။ မိသားစု အတူနေလို သည်။ ဒါ အမှန်တရားဖြစ်သည်။ လုံမေပြောသလို သွားလေသူတွေ ရဲ့ မျက်နှာကိုမထောက်ညာခြင်း မဟုတ်။

အဖြစ်သင့်ဆုံး အနေအထားကို သူ့ဘက်က တောင်းဆိုနေခြင်း ဆိုတာ သူမ နားမလည်။ လုံမေနှင့် သူ လက်ထပ်လိုက်ခြင်းကို တမလွန်က ညီရော ချယ်ရီပါ ကျေနပ်သဘောတူကြမှာ သေချာပါ သည်။

လှပငယ်ရွယ်လွန်းသော လုံမေနှင့်သားကို သူ့လက်တွင်းမှ တခြားသူ လုယူသွားသည့် အဖြစ်မျိုး သူ မတွေးဝံ့ပါ။

ဒီနေ့တော့ သုံးရက်ကျော်၍ လေးရက်တင်းတင်း ပြည့်ခဲ့ပါပြီ။ လုံးဝအတိုင်း လုံမေက သူ့ကို အတွေ့ မခံ။ သားနှင့် သူ့အခန်းထဲမှာ နေပြီး အစားအသောက်ကိုပင် သူမအခန်းထဲမှာ ယူစားပါသည်





အလျှင်ရက်တွေတုန်းက သူ့ကို လုံမေ အတွေ့မခံဘဲ ရှောင်ပုန်း နေခြင်းအပေါ် သူ စာနာနားလည်ပေးနိုင်ပါသည်။ အခုလိုအချိန်မှာ တော့ အခန်းတံခါးပိတ်၍ တိတ်ဆိတ်ငြိမ်သက်နေသော လုံမေ့အခန်း လေးကို ကြည့်ကာ သူ့ရင်တွေ လှုပ်ရှားနေမိသည်။

အပြင်မှာ ရာသီဥတုက အေးစိမ့်နေသည်။ အိမ်ထဲရှိ မီးလင်းဖို ဘေးတွင် ထိုင်ရင်း သူ သက်ပြင်းရှိုက်လိုက်သည်။

နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ သူ လုံမေ့အခန်း ရှေ့ကို ရောက်လာခဲ့ရသည်။ သူ အခန်းတံခါးကို ခေါက်မည်ပြုလိုက် စဉ်မှာပင် ခပ်ဟဟပွင့်နေသော အခန်းတံခါးမှတစ်ဆင့် သားကို ပုခက်ထဲ ထည့်သိပ်နေသည့် လုံမေ့အသွင်သဏ္ဍာန်လှလှလေးကို မြင်လိုက်ရသဖြင့် သူ ငေးကြည့်နေပြီးမှ အခန်းတံခါးကို ဆွဲဖွင့်လိုက် သည်။

"မေ... "

"အို... ရှင် ဘာလို့ ကျွန်မအခန်းထဲကို ဝင်လာရတာလဲ"

သားကို ပုခက်ထဲထည့်ပြီး ပြန်အလှည့် သူမ၏အမည်ကို နီးကပ်စွာ ခေါ်သံနှင့်အတူ သူမအပေါ်းမှာ မားမားကြီး ရပ်နေသည့် စိုင်းရွက်ခမ်းကို တွေ့မြင်လိုက်ရခြင်းကြောင့် လုံမေမှာ အံ့ဩထိတ်လန့် ရခြင်းနှင့်အတူ သူ့ထံမှ ရဲတင်းဝံ့စားလွန်းသော အပြုအမူကြောင့် မျက်နှာလှလှလေးမှာ ရဲရဲနီသွားရပါသည်။

"ကိုယ် လုံမေနဲ့ စကားပြောချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောချင်ရင် အပြင်မှာ ပြောလို့ရတယ်ရှင့်၊ ကျွန်မ အခန်းထဲအထိ ဝင်လာစရာမလိုပါဘူး"

"လိုအပ်လို့ပေါ့ဗျာ"

"ဘာပြောတယ်"

"ရှူး"

"သားသား အိပ်ပျော်နေတာ နိုးသွားပါဦးမယ်ဗျာ၊ လာပါ ကိုယ်တို့ချင်း ပြေလည်အောင် ဆွေးနွေးကြရအောင်ပါ"

သား၏နဖူးပြင်ကို ခပ်ဖွဖွ ငုံ့မိုးရှိုက်နမ်းပြီး လုံမေ့မျက်နှာ လှလှလေးကို စေ့စေ့ရှုစိုက်ကြည့်ကာ ဆိုရင်း လှည့်ထွက်သွားသူကို ကြည့်ပြီး လုံမေနှုတ်ခမ်းလေးကို သွားဖြင့် ဖိကိုက်လိုက်သည်။

"ကျွန်မမှာ ရှင်နဲ့ ပြောစရာ ဘာစကားမှမရှိဘူး"

လုံမေ ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ကိုယ့်မှာရှိတယ်"

"ရှိလဲ ရှင်နဲ့ ဒီအခန်းထဲမှာ မပြောနိုင်ဘူး၊ ရှင် အခု အခန်းထဲက ထွက်ပါ"

"ထွက်လို့မရဘူး"

"ဘာရှင့်"

"ကိုယ်ပြောမယ့်စကားက တခြားသူတွေ ကြားလို့မဖြစ်ဘူး မေနှင့် နှစ်ယောက်တည်း ပြောမှဖြစ်မယ့်စကား"

"ပြောပါဦး၊ ကိုယ့်ကို မေ ဘယ်တော့ လက်ထပ်မှာလဲ"





ကြည့်စမ်း... ။

မေးပုံက လုံမေဆိုတာ သူ့ပိုင်ပစ္စည်းတစ်ခုများ ထင်နေသလား မသိပါ။

"ဘယ်တော့မှ လက်မထပ်ဘူးရှင့်"

"အဲ့ဒါ မေ့အဖြေလား"

"ဟုတ်တယ်၊ ကျွန်မအသက်နဲ့ ခန္ဓာ မြဲနေသရွေ့ ဘယ်တော့မှ မပြောင်းလဲမယ့် အဖြေပဲ"

သူ လုံမေ့ကို စကားမဆိုဘဲ သူမမျက်နှာလှလှလေးကို မရယ်မပြုံး အကြာကြီး ရှုစိုက်ကြည့်နေသဖြင့် ရှန်းလှတောက်ပသော သူ့အကြည့်များကို ရင်မဆိုင်လိုစွာ မျက်နှာလွှဲလိုက်သည်။

"လုံမေ သားကို မချစ်ဘူးလား"

သူ့ထံမှ မဆီမဆိုင်မေးခွန်းကြောင့် လုံမေ သူ့မျက်နှာချောချော ကို အံ့ဩသလိုလေး ကြည့်လိုက်မိသည်။ သူကလည်း လုံမေ့မျက်နှာ လှလှလေးကို မျက်တောင်မခတ် ရှုစိုက်ကြည့်နေဆဲ။

"ရှင် ဒီစကားကို ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ"

"ကိုယ်မေးတာ အရင်ဖြေပါဦးလေ"

"ဘာဖြေစရာလိုလဲရှင့်၊ ကိုယ့်ရင်သွေး ကိုယ့်သားကို မချစ်တဲ့ မိခင်ရယ်လို့ ကမ္ဘာပေါ်မှာ ရှိသေးလို့လား၊ ကျွန်မသားကို ကျွန်မ သိပ်ချစ်တယ်၊ မြတ်နိုးတယ်၊ သားဟာ ကျွန်မဘဝပဲ၊ ကျွန်မအသက်ပဲ အဲ့ဒါ ဘာဖြစ်လဲ"

www.burmeseclassic.com



ခပ်စွာစွာလေး ရန်တွေ့လာသော လုံမေ့မျက်နှာလှလှလေးကို သူ စိုက်ကြည့်ရင်း စကားကို တစ်ခွန်းချင်းဆိုလိုက်သည်။

"ကိုယ်လဲ သားကို သိပ်ချစ်တယ်၊ မခွဲနိုင်ဘူး၊ သားဟာ ကိုယ့်ရဲ့ဘဝ၊ ကိုယ့်ရဲ့အသက်ပဲ"

"ရှင် ကျွန်မစကားတွေကို လိုက်မပြောပါနဲ့"

သူမပြောသည့် စကားတွေကို လိုက်ပြောရပါမည်လားဟု မခံမရပ်နိုင်သလိုလေး ဆိုလိုက်သူကို ကြည့်ပြီး သူ ချစ်မြတ်နိုးစွာ တစ်ချက်ပြုံးလိုက်သည်။

"မေ့စကားတွေကို လိုက်ပြောတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ ကိုယ့်စကားတွေက မိဘတစ်ယောက်ရဲ့ ခံစားချက်မို့ မေနဲ့ ထပ်တူ ဖြစ်နေရတာပါ"

စိုင်းရွက်ခမ်းက သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်ခြင်း ဖြစ်သည်။

"အပိုတွေပြောမနေပါနဲ့၊ သားက ရှင်နဲ့ ဘာဆိုင်လို့လဲ"

သူ့စကား၏ အဓိပ္ပာယ်ကို နားလည်ခြင်း လုံးဝမရှိသော လုံမေကတော့ သူမစကားကို လိုက်ပြောရပါမည်လားဟု စိုင်းရွက် ခမ်းကို ဒေါသဖြစ်နေမိသည်။

"လုံမေ ဘယ်လိုထင်လို့လဲ"

"ဘာကိုထင်ရမှာလဲ"

"သားကို ကျွန်မပိုင်တယ်၊ သားရဲ့အမေက ကျွန်မပဲ၊ သားရဲ့ အဖေဟာလဲ ကျွန်မပဲ၊ သားဟာ သူ့အဖေအရင်း ခေါက်ခေါက်ကလွဲ





ပြီး တခြားဘယ်သူကိုမှ ပထွေးမတော်စေရဘူး"

ခုရှုပ်မှနှောင်ရှင်း သူမ အပြတ်ပြောပြစ်လိုက်သည်။ သူ့ကိုယ် သူ သား၏ဦးကြီးဆိုပြီး လုံမေနှင့်သားကို သူ ပြုသမျှ နုရမည်ဟု ထင်နေသလား မပြောတတ်ပါ။

သူက သားရဲ့ဦးကြီးဆိုတာ မှန်ပေမဲ့ မောင့်နေရာ တခြား ဘယ်သူ့ကိုမှ အစားထိုးမည်မဟုတ်ကြောင်းနှင့် သားတွင် ဘယ်သော အခါမှ အဖေအသစ် ရရှိစေလိမ့်မည်မဟုတ်ကြောင်း ပြောပစ်လိုက်ခြင်း ဖြစ်သည်။

သားရဲ့အဖေဟာ မောင်ပဲ။

မောင်ကလွဲပြီး သားမှာ နောက်ထပ် အဖေအသစ် မရှိစေရပါ။ ဒါ သူမ၏ ဆုံးဖြတ်ချက်ဖြစ်သည်။

ဒါက လုံမေ့အတွေး လုံမေ့ခံစားချက်ဖြစ်ပေမဲ့ သား၏ ဖခင်အရင်းခေါက်ခေါက်ဖြစ်သော စိုင်းရွက်ခမ်းကိုယ်တိုင်မှာတော့ သားမေမေ၏ အပြောလေးကြောင့် ရင်တဖိုဖို အသည်းတုန်နွေးနွေး ဖြစ်နေရသည့် အဖြစ်ကို သူမ သိမည်မဟုတ်ပါ။

သား၏ ဖခင်အရင်းခေါက်ခေါက်ကလွဲပြီး သားအတွက် တခြား ဘယ်သူကိုမှ ပထွေးမတော်စေရဘူး ဆိုပါလား။

သူမ ဆိုလိုသည့်အဓိပ္ပာယ်က သား၏ဖခင်ဖြစ်သော ညီညီကလွဲ ပြီး သားမှာ ပထွေးမရှိစေရဟု ဆိုသော်လည်း ညီညီဆိုတာ သားအား မရနိုင်သူတစ်ယောက်မို့ သား၏ဖခင်စစ်စစ်က သူကိုယ်တိုင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



လေတော့။ သူမစကားအဆုံးမှာ သူ့ရင်တွေ တသိမ့်သိမ့် လှုပ်ရှားရလွန်းသည့်အဖြစ်။

"ဒါ မေ့ရဲ့ ဆုံးဖြတ်ချက်ပေါ့ ဟုတ်လား၊ သားအတွက် မေ အဲဒီအတိုင်း ဆုံးဖြတ်ထားပြီလား"

"ဟုတ်တယ်၊ အဲဒါ ကျွန်မရဲ့ ဆုံးဖြတ်ချက်ပဲ၊ သားအတွက် ကျွန်မပဲ အဖေ၊ ကျွန်မပဲ အမေလုပ်မယ်"

"မဖြစ်နိုင်ဘူး"

"ဘာရှင့်"

"သားအတွက် အမေဆိုတာ ဟုတ်တယ်၊ သားရဲ့အဖေဆိုတာ မေ မဖြစ်နိုင်ဘူးလို့ ပြောတာ"

"သားမှာ အဖေရှိတယ်"

"ဘာ... "

"အဖေအသစ်ကို ပြောတာမဟုတ်ဘူးနော်၊ သားရဲ့အဖေအရင်းခေါက်ခေါက်ရှိတာကို ပြောတာ၊ အဲဒီ အဖေအရင်းခေါက်ခေါက်ဆိုတာ ညီညီ့ကို ပြောတာလဲ မဟုတ်ဘူး"

"ဟင်... "

စိုင်းရွက်ခမ်းစကားကြောင့် လှုံမေ့တစ်ကိုယ်လုံး ဆတ်ခနဲတုန်လှုပ်သွားကာ မျက်နှာလှလှလေး အေးစက်ဖြူဖျော့သွားသည်။

"ရှင်... ရှင် ဒီစကားကို ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"

"အဓိပ္ပာယ်ကတော့ ရှင်းရှင်းလေးပါ၊ သားရဲ့အဖေက ကိုယ်ကို





တိုင်ဖြစ်နေလို့ပဲ"

"ရှင်... "

လှုံမေ့နားထဲမှာ စိုင်းရွက်ခမ်း၏ စကားက အင်အားပြင်းထန်လှသော ဗုံးတစ်လုံးပေါက်ကွဲသွားသလို ထင်လိုက်ရသည်။

"ရှင်က ရှင်က သားရဲ့အဖေ ဟုတ်လား"

အံ့သြတုန်လှုပ်လျက် ရှိသော လှုံမေ့အမူအရာလေးကိုကြည့်ပြီး သူ ခေါင်းညိတ်ပြလိုက်သည်။

"ကိုယ်ဟာ သားရဲ့အဖေအရင်း ဖြစ်နေလို့ မေ သိပ်အံ့သြသွားလားဟင်၊ သေချာတွေးကြည့်ရင် ဒီအဖြေဟာ မေ့အတွက် အံ့သြစရာမဟုတ်ပါဘူးဗျာ... "

"ကိုယ်တို့ဟာ သိပ်ချစ်ကြတဲ့ ညီအစ်ကိုဆိုတာ မေသိမှာပါ၊ ဒါကြောင့် ညီ့ဆန္ဒကို အခုလို ဖြည့်ဆည်း... "

"အို... တော်ပါတော့၊ ရှင့်အကြံညာဏ်တွေကို မောင်က မသိလို့ အခုလို... အခုလို"

လှုံမေ စကားမဆက်နိုင်တော့ပါ။ ရှက်လန့်ချောက်ချားခြင်းများစွာဖြင့် နေရာမှ နှုံးညွတ်ခွေကျသွားပါသည်။

"မေ... မေ"

သူ မေ့ကိုယ်လေးကို ရင်ခွင်မှာ တင်းကျပ်စွာ ပွေ့ယူရင်း မေ့အမည်လေးကို ခေါ်နေမိပါသည်။

"မေ"



www.burmeseclassic.com

www.burmeseclassic.com



"မကြားချင်ပါဘူး... မကြားချင်ဘူး၊ ရှင့်ကို ကျွန်မ မုန်းတယ် သိပ်မုန်းတယ်၊ သိလား"

"မေရယ်..."

ပါးပြင်ပေါ် မျက်ရည်ပေါက်ကြီးများ အဆက်မပြတ် စီးကျလာလျက် ခံစားချက်ပေါင်းစုံဖြင့် သူမ ရင်ဖွင့်ပေါက်ကွဲမိရပါပြီ။

သားရယ်... ။

သားရဲ့အဖေဟာ မေမေ့အသည်းနှလုံးကို နာကျည်းကြေကွဲအောင် ရက်စက်ခဲ့သူဆိုတာ သားသိရဲ့လားကွယ်။

"မေ"

"ရှင် ကျွန်မအသားကို မထိပါနဲ့၊ ကျွန်မ ရှင့်ကို သိပ်မုန်းတယ်လို့ ဘယ်နှစ်ခါပြောရမလဲ"

လုံမေ့အသံက နာကြည်းကြေကွဲစွာ တုန်ယင်နေ၏။ သူ့မျက်ရည်စတို့ ရွဲစိုနေသော မျက်နှာလှလှလေးကို စူးစိုက်ကြည့်ရင်း အသည်းနှလုံးတွေ အဆမတန် နာကျင်လာသည်။

"မေ ကိုယ့်ကို အဲဒီလောက်တောင် ခါးခါးသီးသီး မုန်းတီးနာကြည်းနေခဲ့ပြီလား..."

"ကိုယ့်ကို ခွင့်မလွှတ်နိုင်တော့ဘူးပေါ့၊ ဟုတ်လားဟင်"

ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုနေသော လုံမေ့ထံမှ မည်သည့်တုံ့ပြန်သံမှ ထွက်မလာပါ။ သူ ရင်နာစွာ ပြုံးလိုက်သည်။

သူဟာ ဘာ့ကြောင့်များ အချစ်ရေးမှာ ဒီလောက်ကံဆိုးခဲ့ရတာလဲ။





"ကိုယ် နားလည်ပါပြီ မေရယ်၊ မေ့ဆန္ဒမရှိဘဲ ကိုယ် ဘာတစ်ခုမှ ဇွတ်တိုးပြီး မဖန်တီးချင်တော့ပါဘူး၊ အားလုံး မေ့သဘောအတိုင်း ဖြစ်ရပါစေ့မယ်"

လှိုက်လှဲတုန်ယင်သောအသံဖြင့် သူ ဆိုလိုက်သည်။ သူမထံမှ ဘာသံမှ ထွက်မလာပါ။ ငိုရှိုက်သံတို့သာ ကြီးစိုးနေဆဲ။

"မငိုနဲ့တော့ မေရယ်၊ ကိုယ့်အတွက် မေ နာကြည်းကြေကွဲခဲ့ရတဲ့ နေ့ရက်တွေ သိပ်များခဲ့ပါပြီ..."

"သားဟာ ကိုယ့်ရဲ့သားဆိုပေမဲ့ ကိုယ် သိပ်ပြီး လိုလားတောင်းတတဲ့ မိသားစုဘဝလေးကို တည်ဆောက်ဖို့ ကိုယ် အရှုံးပေးလိုက်ပါပြီဗျာ"

သူ ရင်နာစွာ ဆိုလိုက်ပါသည်။

"မေ့စိတ်ကြိုက်သာ ဆုံးဖြတ်ပါ၊ မေပျော်တယ် စိတ်ချမ်းသာမယ်ဆိုရင် ကိုယ်က အမြဲ ကျေနပ်နေမယ့်သူပါ"

"မေ ကြေကွဲနေတာကို ကိုယ် မကြည့်ရက်ဘူး၊ ကိုယ် မကြားရက်တော့ဘူး မေရယ်"

"ကိုယ် သွားမယ်မေ၊ မေတို့သားအမိရှိရာကို ကိုယ် ဘယ်တော့မှ ပြန်မလာတော့ဘူး၊ မေ မမြင်ချင်မတွေ့ချင်တဲ့ မျက်နှာကိုလဲ နောက်ထပ် ဘယ်တော့မှ မတွေ့စေရပါဘူး"

မျက်ရည်ဝဲသော မျက်ဝန်းများဖြင့် သူ မေ့မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအကြိမ် စူးစိုက်ကြည့်လိုက်သည်။ လုံမေက သူ့ကိုမကြည့်။

ခုတင်ပေါင်ကိုမှီကာ ကိုယ်လေးသိမ့်သိမ့်တုန်သည်အထိ ရှိုက်ငိုဆဲ။ ဟိုတုန်းကတော့ သူမကို ညှို့လိုပင် ဖွတ်တရွတ် အချစ်များဖြင့် ဖွတ်တိုးသိမ်းပိုက်ကာ သူ့အပေါ်မှာ နာကျည်းကြေကွဲလမျှကို ဘဝတစ်သက်လုံး သူမ စိတ်ကျေနပ်လာသည့်အထိ တောင်းပန်မြတ်နိုးနေတော့မည်ဟု စိတ်ကူးထားခဲ့သည်။

အခုတော့ ထိုစိတ်ကူးက လုံမေ၏ အမုန်းနှင့် နာကြည်းမှုအောက်မှာ လွင့်ပြယ်ခဲ့ရပါပြီ။ သူ့ကြောင့် လုံမေ့အသည်းနှလုံးကို ထပ်ပြီး မနာကျင်စေလိုတော့ပါ။

သူကပဲ အားလုံးကို အရှုံးနှင့် စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ရပါပြီ။ လုံမေနှင့် သားတို့ ပျော်သလို နေရစ်ကြပါစေတော့လေ။

သူ့အလိုချင် အတောင်းတဆုံး ချစ်သူနှင့်အတူ မိသားစုဘဝဆိုတာလေးက အခုတော့ စိတ်ကူးယဉ်အိပ်မက်လို့ ဆိုရတော့မည်။

"ကိုယ် သွားတော့မယ် လုံမေ၊ တစ်ခုပဲ ကိုယ်မှာခဲ့ပါရစေ၊ လုံမေတို့သားအမိ ဒီမှာပဲ တစ်သက်လုံးနေပါ။ တခြား ဘယ်ကိုမှ မသွားပါနဲ့တော့ကွယ်"

"ကိုယ်သွားမယ်"

ပါးလုပ်သော ခြေသံက သူမအပါးမှ လေးကန်တုံ့နှေးစွာ တစ်လှမ်းချင်း ကျောခိုင်းထွက်ခွာသွားခဲ့သည်။ ခံစားချက်ပေါင်းစုံ





ပေါက်ကွဲနေသည့် ရင်မှာ အမှားအမှန် ဘာကိုမှ မဆုံးဖြတ်နိုင်အောင် ထုံဆေနေပါသည်။

အပြင်မှာ မြူနှင်းတို့ တဖွဲဖွဲ ကျနေသည့်အတွက် ဘာကိုမှ သည်းကွဲစွာ မမြင်ရပါ။ အေးစက်သော ညအမှောင်ထုအောက်ကို ထွက်ခွာသွားမည့်သူက သူ့မျက်နှာကို နောက်ထပ် ဘယ်တော့မှ တွေ့မြင်ခွင့်မရအောင် အဝေးဆုံးအရပ်ကို ထွက်ခွာသွားမည်ဟု ဆိုပါသည်။

သူ ဘယ်ကိုသွားမှာလဲ... ။

မောင့်လိုပဲ သူမရှိရာအရပ်ကို ဘယ်သောအခါမှ ပြန်မလာနိုင်တော့သလို ထာဝရဝေးကွာသွားရတော့မည့် အဖြစ်ကို ရည်ရွယ်ပါသလား။

ဖခင်အရင်းခေါက်ခေါက်တစ်ယောက်လုံး သက်ရှိထင်ရှားရှိနေပါလျက် သားကို ဖတဆိုးသားလေးအဖြစ် ကြီးပြင်းရှင်သန်စေရမည်လား။

ဝေခွဲဆုံး ဖြတ်ရခက်ခဲလွန်းသော စိတ်ခံစားချက်များဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော သား၏မျက်နှာလေးကို မျက်ရည်ဝေသော မျက်ဝန်းအစုံဖြင့် တွေတွေကြီး စူးစိုက်ကြည့်ငေးနေမိသည်။

ကျောခိုင်းသွားနေသော သဏ္ဌာန်က သူမနှင့် တဖြည်းဖြည်းဝေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေရယ် သားရဲ့ဖေဖေကို မရက်စက်ပါနဲ့လို့ သားက ပြောနေမည်လား... ။

ဖေဖေမရှိရင် သားနဲ့မေမေ ဘယ်သူ့ကို အားကိုးရမှာလဲလို့ မေးလာခဲ့ရင် သူမ ဘယ်လိုဖြေရမလည်း။

သားရယ်... ။

မေမေ အရှုံးပေးလိုက်ပါပြီကွယ်... ။

မေမေ အရှုံးပေးလိုက်ပါပြီ... ။

ကျောခိုင်းသွားနေသည့် သား၏ ဖေဖေရှိရာကို သူမ တစ်ချက် လှမ်းကြည့်လိုက်သည်။

သူဟာ သားရဲ့ဖေဖေတဲ့လား။ ပြီးတော့ သူမကို သိပ်ချစ်သလို သားကို သိပ်ချစ်ပါသည်ဟု ဆိုလေသူ... ။

သူမကရော သားရဲ့ဖေဖေကို တကယ်ပဲ မုန်းတီးနိုင်ခဲ့လို့လား။

ဟင့်အင်း... သူမဟာ မုန်းတီးနာကြည်းမှုတွေကြားက သူ့ကို တစ်နေ့မှ မေ့လို့မရခဲ့တဲ့ သူဆိုရင် ဒါဟာ အချစ်ဆိုတာများလား။

တရွေ့ရွေ့ ကျောခိုင်းသွားနေသူ၏ နောက်ကျောပြင်ကို ကြည့်ငေးရင်း သူမရင်မှာ လှိုက်ဆို့နင့်ဟာလျက်။ တစိမ့်စိမ့် နာကျင်ကြေကွဲနေမိတာ ဘာကြောင့်လဲ။

စိုင်းရှက်ခမ်း အသင့်ရပ်ထားသည့် ကားပေါ်ကိုတက်ရန် ကားတံခါးကို ဖွင့်လိုက်သည်။





ကားပေါ်မတက်ခင် နောက်ဆုံးအနေနှင့် သူမတို့ သားအမိရှိရာကို လှမ်းမျှော်ကြည့်ရန် နောက်ကိုလှည့်လိုက်သည်။

"ဟင်... "

အဖြူရောင် နွဲ့နှောင်းလုပလွန်းသည့် သဏ္ဌာန်လေးတစ်ခုကြောင့် သူ့ရင်တွေ တဒိတ်ဒိတ် လှိုက်ခုန်သွားသည်။

"မေ... "

သူ့ရင်ထဲက ချစ်ရသူ၏ အမည်က ပဲ့တင်ထပ်ရိုက်သွားသည်။

မေ သူ့ကိုကြည့်နေပါလား။ မီးရောင်အောက်မှာ တလက်လက် တောက်ပနေသော မျက်ရည်စက်များက သူ့ရင်ကို အပြင်းထန်ဆုံး တုန်လှုပ်သွားစေခဲ့သည်။

"မေ... မေရယ်"

သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းပင် မသိလိုက်တော့ပါ။ သူ သတိရချိန်မှာတော့ လုံမေ့ကိုယ်လေးက သူ့ရင်ခွင်ထဲမှာ လုံးခြုံ ထွေးစွာ အတင်းကျပ်ဆုံး ရောက်ရှိနေခဲ့ပါသည်။

ပြီးတော့ သူ့ကိုယ်ကြီးကို အားကိုးတကြီး ဖက်တွယ်ထားသည့် လက်ချောင်းများ... ။

"မေ အချစ်ဆုံးရယ်၊ ကိုယ့်ကို... ကိုယ့်ကို မေ မမုန်းတော့ဘူး ပေါ့နော်၊ ကိုယ် ဝမ်းသာလိုက်တာ အချစ်ရယ်"

သူ့အသံက လှိုက်လှဲတုန်ယင်နေသလို မေ့ကိုယ်လေးက...



www.burmeseclassic.com

www.burmeseclassic.com



သူ့ ရင်ခွင်ထဲက ပျောက်ကွယ်သွားမှာ စိုးသည့်အလား အတင်းကျပ်ဆုံး ဖက်တွယ်ထားမိပါသည်။

"အခုချိန်ကစပြီး ကိုယ်တို့မိသားစုလေး ယာဝရမခွဲဘဲ တစ်သက်လုံး အတူနေကြမယ်နော် အချစ်"

လုံမေ့ထံမှ ဘာသံမှ ထွက်မလာသဖြင့် သူမမျက်နှာလှလှလေးကို သူ့ရင်ခွင်ထဲမှ လက်ချောင်းများဖြင့် ဆွဲယူပင့်မော့၍ မျက်နှာချင်းဆိုင်စေလိုက်ပါသည်။

"မေရယ်၊ ကိုယ့်မျက်နှာကို မော့ကြည့်ပါဦး အသက်ရယ်"

"ဟင့်အင်း..."

"အို..."

သူမ ခေါင်းခါငြင်းဆန်ပေမဲ့မရ။ လုပသည့် သူမမျက်နှာလေးထက်သို့ ပူးကပ်အုပ်မိုးကျလာသည့် မျက်နှာချောချောတို့ ပေါင်းစပ်ဆုံစည်းသွားကြသည်။

လှိုက်လှဲနွေးထွေးသော ချစ်အနမ်းတွေနှင့်အတူ ပူနွေးစိုစွပ်သော မျက်ရည်မြစ်ကလေးများ ပေါင်းဆုံစီးဆင်းသွားကြသည်။

"မေရယ်၊ သိပ်ချစ်တယ်ကွယ်"

"လက်ထပ်ကြမယ်နော် အချစ်"

"ကိုယ်မေးတာကို ဖြေပါဦးကွယ်"

မျက်တောင်ကော့ကြီးများကို ရှိုက်နမ်းရင်း သူ ဆိုလိုက်တော့





လုပသော မျက်ဝန်းအစုံကို ဖြည်းညင်းစွာ ပွင့်လာကြသည့်အတွက် မချင့်မရဲစိတ်နှင့် သူမကိုယ်လေးကို ပိုတိုး၍ ဖျစ်ညစ်ပွေ့ဖက်လိုက်သည်။

"ကိုယ့်ကို သားရဲ့ဖေဖေအဖြစ် လက်ခံလိုက်ပြီလားဟင်"

တိုးတိုးတိတ်ညင်သာစွာ သူ မေးလိုက်သည်။

"အခုအခြေအနေရောက်မှတော့ လက်မခံချင်လို့ရော ရဦးမှာလား"

"အဟွန်း...အဲဒါတော့ ဟုတ်တယ်၊ မေတို့သားအမိ လက်မခံလဲ ကိုယ်က ဇွတ်နေရတော့မှာပဲ"

"တော်ပါ"

"တော်ပါပြီဗျာ၊ အပြင်မှာ ကြည့်လိုက်စမ်းပါဦး မေ၊ ဘာတွေတွေ့လဲ"

"မြူနှင်းတွေ ဝေနေတယ်မှုလ"

"အဲဒါ ဘာဖြစ်လဲ"

"ကိုယ်လဲ ချစ်တဲ့ချာတိတ်အပေါ်မှာ ချစ်နှင်းဝေပါရစေဗျာ"

"အို..."

ပျပျသာနေသော လမင်းက တိမ်မည်းညိုအုပ်ထဲ အငြေးဝင်ရောက်သွားသည်။ အဆုံးအစမရှိသော အချစ်ပင်လယ်ပြင်ကြီး၏ မဟော စတမ်း ကူးခတ်လွန့်လူးမျောပါသွားသော ချစ်သူနှစ်ဦး၏ အချစ်သူ ပုံကို ငုံကြည့်နေသော ကြယ်ကလေးတွေက မျက်စနှိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တဖျပ်ဖျပ် မျက်တောင်လေးများ ခတ်သွားရရှာပါသည်။

နွေးထွေးလှိုက်လှဲသော ချစ်အနမ်းတွေ ဝေနေသည့် အချစ်နယ်မြေထဲမှာတော့ နှင်းဝေနေသည့် အေးစက်စက်ပတ်ဝန်းကျင်ကိုပင် သတိမမူနိုင်အောင်ပင် ကြင်နာယုယအနမ်းဖြင့် ချစ်တေးသီဖွဲ့မဆုံးအောင် ရှိနေကြပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာများဖြင့်

မြပုလဲသွယ်။

K

www.burmeseclassic.com